# နိုင်ငံရေး၊
# နိုင်ငံ့အရေး နှင့်
# သန်း ၅၀ ကို အနိုင်ပေးပါ

**The Voice Weekly**

ဆောင်းပါးများ



အောင်ထွန်း



# စာရေးသူ၏ ကိုယ်ရေးအကျဉ်း



| | | |
|---|---|---|
| အမည်ရင်း | - | နေဝင်းမောင် |
| ကလောင်အမည် | - | ခေါင်ထွန်း၊ ကျော်ဇွာ၊ အခြားကလောင် အမည်များစွာနှင့် စာရေးသည်။ |
| မွေးသက္ကရာဇ် | - | ၁၉၆၂ ခုနှစ် |
| ပညာအရည်အချင်း | - | ၁၉၈၈ ခုနှစ်တွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ M.B.,B.S ဘွဲ့ရရှိ၍ ၂၀၀၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုYALE တက္ကသိုလ်WorldFellowsProgram တွင်နိုင်ငံရေးသိပ္ပံဘာသာအထူးပြုဖြင့် Fellowship ရရှိ။ |
| အလုပ်အကိုင် | - | 1. Founder/ Chief Executive/ Policy Director/ Writer<br>Living Color Media & The Voice Weekly<br>2. Founder/Secretary General<br>Myanmar Egress<br>3. Program Director/ Faculty/ Training Expert<br>Myanmar Egress Capacity Development Center<br>4. Founder/ Board of Governors<br>Network Activities Group (Myanmar) |

စာမူခွင့်ပြုချက်
၃၀၀၀၅၇၀၅၁၀
မျက်နှာဖုံးခွင့်ပြုချက်
၃၀၀၀၅၇၀၈၁၀
ပုံနှိပ်ခြင်း
ပထမအကြိမ် ၂၀၁၀- ဇွန်
အုပ်ရေ
၅၀၀
အဖုံးဖလင်
Star
အတွင်းဖလင်
Perfect
မျက်နှာဖုံးဒီဇိုင်း
[illegible]
[illegible]

တန်ဖိုး
၂၅၀၀ ကျပ်
အဖုံးနှင့်အတွင်းပုံနှိပ်သူ
ဒေါ်ဝင်းကြာဆွေ
နှင်းသင်းဦးပုံနှိပ်တိုက်
စုစောမျဉ်းရွှင်နှင်း မရမ်းကုန်းမြို့နယ် ရန်ကုန်။
ထုတ်ဝေသူ
ရနံ့စာပေအသေ
အမှတ် ၁၊ သုမင်္ဂလာလမ်း ရွှေပြည်ကွက်၊
တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့။

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)

၃၀၀-၉
ဆောင်းလွင်
နိုင်ငံရေး နိုင်ငံ့အရေးနှင့် သန်း ဘုရားကိုးဆိုင်ရာ The Voice Weekly
ဆောင်းပါးများ / ဆောင်းလွင် ။ - ရန်ကုန် ၊
ရနံ့စာပေအသေ ၂၀၁၀။
၁၇၅ - စာ ၊ အရွယ် - ၂၁ စင်တီ အနံ - ၁၃ စင်တီ။
(၁)နိုင်ငံရေး နိုင်ငံ့အရေးနှင့် သန်း ဘုရားကိုးဆိုင်ရာ The Voice Weekly ဆောင်းပါးများ



# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| ၁။ | စာရေးသူ၏အမှာ | - |
| ၂။ | နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ ရယူခံစားခွင့်နှင့် အခြေခံဥပဒေသစ် | ၁ |
| ၃။ | အမျိုးသားညီလာခံနှင့် အခြေခံဥပဒေ | ၃ |
| ၄။ | နိုင်ငံရေး | ၅ |
| ၅။ | အစိုးရ၏သဘောထားကြီးမှု အထူးပင်ကြိုဆို | ၇ |
| ၆။ | ပြည်သူ့ရေးရာမူဝါဒနှင့် အခြေခံပြည်သူ့ရေးရာဝန်ဆောင်မှု | ၈ |
| ၇။ | ဒီမိုကရေစီစနစ်ဆီသို့ နီးကပ်လာပြီ | ၁၀ |
| ၈။ | တတိယမြောက်အသွင်ကူးပြောင်းရေး | ၁၁ |
| ၉။ | နိုင်ငံတော်တည်ဆောက်ရေးသည် အမျှော်တမ်းအလုပ်မဟုတ် | ၁၃ |
| ၁၀။ | အသွင်သဏ္ဌာန်နှင့်အနှစ်သာရ | ၁၅ |
| ၁၁။ | ရွေးကောက်ပွဲများနှင့် ကိုယ်စားပြုစနစ်(၂)မျိုး | ၁၆ |
| ၁၂။ | အကြောင်းအကျိုး | ၁၇ |
| ၁၃။ | အနီတီစုဆောင်းပါးများကိုကြိုဆို | ၁၈ |
| ၁၄။ | အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလမ်းစ | ၁၉ |
| ၁၅။ | ဘာသာပြန်မလွဲရန်အရေးကြီး | ၂၀ |
| ၁၆။ | Burma မှ မြန်မာသို့ | ၂၂ |
| ၁၇။ | အခြေခံဥပဒေမူကြမ်းနှင့် ပြည်သူတို့၏အခန်းကဏ္ဍ | ၂၄ |
| ၁၈။ | အခြေခံဥပဒေသစ်နှင့် ကျွန်ုပ်တို့၏တာဝန် | ၂၆ |
| ၁၉။ | နိုင်ငံရေးပြင်ကွင်းသစ် | ၂၈ |
| ၂၀။ | အလေ့အထကောင်းတစ်ရပ် | ၂၉ |
| ၂၁။ | ဒီမိုကရေစီ | ၃၀ |
| ၂၂။ | ပြည်သူ့ရေးရာဝန်ဆောင်မှုကောင်းများထွက်ပေါ်ရေး | ၃၂ |
| ၂၃။ | From 'STATE' to 'STATENESS' | ၃၃ |
| ၂၄။ | ရွေးကောက်ပွဲများဆီသို့ | ၃၅ |
| ၂၅။ | လာရင်းကိစ္စ | ၃၇ |
| ၂၆။ | သည်းခံခြင်းကြောင့်နိုင်ငံရေး | ၃၈ |

၂၇။ တစ် ... စ်နှင့် ပြည်ထောင်စုစနစ် ၄၀
၂၈။ ဓနု ... နိုင်ငံတို့၏တာဝန် ၄၂
၂၉။ T ... ဆောက်ရေး ၄၄
၃၀။ Politic ... re ၄၆
၃၁။ အသွင်ကူး ... ကာလနှင့် နိုင်ငံပြင်ပရောက်မြန်မာများ၏အခန်းကဏ္ဍ ၄၈
၃၂။ အလုပ်ဖြစ်သည့်ဆက်ဆံရေး ၅၀
၃၃။ အသွင်ကူးပြောင်းရေး ၅၁
၃၄။ Political Process ၅၂
၃၅။ Law and Order ဆိုရာတွင် ၅၃
၃၆။ နိုင်ငံတော်၊ ရွေးကောက်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်း ၅၄
၃၇။ နိုင်ငံရေး ၅၆
၃၈။ နိုင်ငံ(Nation)နှင့်နိုင်ငံတော်(State)
နိုင်ငံတော်(State)နှင့် အစိုးရ(Government) ၅၇
၃၉။ ပန်းတိုင်နှင့်တွန်းအား ၅၉
၄၀။ ကုန်လုပ်ငန်းအားရုများ ရယူသုံးစွဲခွင့် ၆၀
၄၁။ နိုင်ငံတည်ဆောက်ရေး ၆၂
၄၂။ ဝံ ၆၄
၄၃။ တစ်ယောက်တည်းစီး တစ်ဝနီးတည်းသွား ၆၆
၄၄။ စောတနာမှန်လျှင် ကံမြစ်ဝ ၆၇
၄၅။ ပင်ပေါင်ဒီပလိုမေစီမှ ကာလပ်တန်ဒီပလိုမေစီသို့ ၆၉
၄၆။ မှန်ပြန်စောကော်ပည့်အိမ်၊ စနစ်နှင့်လူများ ၇၀
၄၇။ ရွှန်းကိုစ္စ ပြေလည်ပြီ၊ ဆင်ဖိုးရေးကြီးသေး ၇၁
၄၈။ ပီရာမှိုင်အာသင်း၊ ပျူ့ာအာသင် ၇၂
၄၉။ နိုင်ငံရေးဘောဂဗေဒ ၇၃
၅၀။ အစိုးရဝန်ထမ်းမှ ပြည်သူ့ဝန်ထမ်းသို့ ၇၄
၅၁။ ဒီမိုကရေစီဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်တစ်ခု ၇၆
၅၂။ 'သရေ'သာလျှင် ၇၈
၅၃။ Street Smart နှင့် Book Smart ပေါင်းစပ်ခြင်း
(သက်စောက်ရှည်နှင့် Check and Balance) ၇၉
၅၄။ Street Smart နှင့် Book Smart ပေါင်းစပ်ခြင်း ၈၁




၅၅။ Street Smart နှင့် Book Smart ဆွေးနွေးခန်း ၈၉

၅၆။ Street Smart နှင့် Book Smart ဆွေးနွေးခန်း ၉၃

၅၇။ Street Smart နှင့် Book Smart ဆွေးနွေးခန်း [illegible]

၅၈။ Street Smart နှင့် Book Smart ဆွေးနွေးခန်း [illegible]

၅၉။ Street Smart နှင့် Book Smart ဆွေးနွေးခန်း ၁၀၀

၆၀။ Street Smart နှင့် Book Smart ဆွေးနွေးခန်း ၁၀၄

၆၁။ Street Smart နှင့် Book Smart ဆွေးနွေးခန်း ၁၀၇

၆၂။ Street Smart နှင့် Book Smart ဆွေးနွေးခန်း
(နိုင်ငံရေးနှင့်နိုင်ငံ့အရေး) ၁၁၄

၆၃။ အနာဂတ်ကို မှန်းဆ ပုံဖော်ခြင်း ၁၁၈

၆၄။ ခရီးရှည်ကြီးဖြစ်ပါသည် ၁၂၀

၆၅။ သမိုင်းသည်အမြဲအမည်မဟုတ် ၁၂၃

၆၆။ အမျိုးသားစည်းလုံးညီညွတ်ရေးမှ နိုင်ငံတည်ဆောက်ရေးသို့ ၁၂၇

၆၇။ ဈေးကွက်စီးပွားရေးနှင့်နိုင်ငံတော်အခန်းကဏ္ဍ ၁၂၉

၆၈။ ရေစုံမြစ် ၁၃၂

၆၉။ အခြေခံဥပဒေသစ်နှင့်ပတ်သက်၍ ၁၃၅

၇၀။ လူ့အဖွဲ့အစည်းက ဖြည့်ဆည်းရမည့်အရာတစ်ခု ၁၃၈

၇၁။ အသွင်ကူးပြောင်းရေးစနစ်၏နောက်ခံမှ ၁၄၁

၇၂။ စာဖတ်သူများသို့ ၁၄၄

၇၃။ ရည်မှန်းဥပဒေဆိုင်ရာ အခြေခံအဆောက်အဦ ၁၅၀

၇၄။ Adaptor အရေးကြီးသည် ၁၅၃

၇၅။ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့်နိုင်ငံရေး ၁၅၇

၇၆။ စနစ်ဟောင်း စနစ်သစ် ၁၆၁

၇၇။ ပုဂ္ဂလိကပိုင်ဆိုင်မှုဆိုင်ရာရှုမြင်ချက် ၁၆၃

၇၈။ မဟောင်းမီက ပေးနိုင်သူ ၁၆၆

၇၉။ မြို့ပြချဲ့ထွင်တိုးတက်မှုများနှင့် ရထိုက်သည့်ဂုဏ် ၁၆၉

၈၀။ အသွင်ကူးပြောင်းရေးနှင့် တိုင်းရင်းသားလူမျိုးများအရေး ၁၇၂

၈၁။ ရန်ကုန်မြို့နေနိုင်ငံရေးပါတီသစ်များ ကျော်ရွာမှ သောင်းစမ်းဖြောင့်ချက်
သူတည်ချိန်ဆရ သို့မဟုတ် ၁၇၅

၈၂။ စာဖတ်သူများသို့ ၁၇၈

၈၃။ [illegible]တဲ့ ဈေးကွက်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်း ၁၈၄

၈၄။ [illegible]Disagree ၁၉၀

၈၅။ [illegible]YS[illegible]နှင့် PROCESS ၁၉၄

၈၆။ နိုင်ငံရေး[illegible]ရေး ၁၉၇

၈၇။ ဘာသာပြန်ဆရာနှင့် ဝေဖန်ရေးဆရာ ၂၀၀

၈၈။ ၂၀၁၁ ဒေသန္တရအုပ်ချုပ်ရေး ၂၀၄

၈၉။ တရုတ်နိုင်ငံသင်ခန်းစာ ၂၀၈

၉၀။ အမျိုးသားအကျိုးစီးပွား ၂၁၂

၉၁။ စိတ်တိုင်းကျ ငွေဖင်ပေးပါ၊ မန္တလေးမြို့ရှည်မှ နိုင်ငံတည်ဆောက်ရေးသို့ ၂၁၆

၉၂။ သန်း ၅၀ ကို အနိုင်ပေးပါ ၂၂၀

၉၃။ အပြုသဘောဆောင်ဖြစ်ဖြစ်သော အပေါင်းလက္ခဏာရလဒ်ကိုရနိုင်သည် ၂၂၆

၉၄။ နိုင်ငံတကာအဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများ လေ့လာချက် ၂၃၀

၉၅။ Civic Education ခေါ် နိုင်ငံကြီးသားများအတွက်ပညာရေး ၂၃၄

၉၆။ တစ်ယောက်တည်းခေါက်သီးကစားခြင်း ၂၃၈

၉၇။ အသွင်ကူးပြောင်းရေး ၂၄၁

၉၈။ ငြိမ်းချမ်းရေး ၂၄၆

၉၉။ လွှတ်တော်များပေါ်မှ နိုင်ငံရေး ၂၅၀

၁၀၀။ Game Theory ကပေးသောသင်ခန်းစာ ၂၅၅

၁၀၁။ ပန်းတိုင်ကိုလှမ်းမြင်နေရပြီဖြစ်သောစိုးကြွင်း ၂၆၀

၁၀၂။ အနှာဝင် Check and Balance ၂၆၃

၁၀၃။ **Street Smart** နှင့် အယ်ဒီတာရွေးချယ်ခန်း ၂၆၅

၁၀၄။ ရေမီးကြောင်းနှစ်ကြောင်း ၂၆၈

၁၀၅။ ကွင်းထဲက ၂၅ယောက်အရေးကြီးသည် ၂၇၁

၁၀၆။ **Anti Pro** ကိစ္စ ၂၇၃

၁၀၇။ အုတ်မြစ်များတည်ဆောက်ရန် သွင်းအားစုများလိုအပ်ချက် ၂၇၈

၁၀၈။ **Feel Good or Make Good** ၂၈၁

၁၀၉။ ကွင်းထဲက ၂၅ယောက်နှင့်ဝက်သက်ရှို ၂၈၃

၁၁၀။ ကိုယ်လုပ်တာကိုယ်ယူသွားကြား ၂၈၄



# စာရေးသူ၏အမှာစာ

မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ပြောင်းလဲမည့် နိုင်ငံရေးပုံသဏ္ဌာန်သစ်အတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ၂၀၀၉ နှစ်ဆန်းပိုင်းမှစ၍ 'နိုင်ငံရေး' ဟုပြောရမည့်အကြောင်းအရာများကို တရားဝင်ထုတ်ဝေနေကြသည့် မီဒီယာများပေါ်တွင် ရေးသားဖော်ပြခွင့်ပြုခဲ့ပါသည်။ မည်မျှဖော်ပြခွင့်ရသည်၊ မည်သည့်အတိုင်းအတာထိ ဖော်ပြခွင့်ရသည်ဆိုသောအချက်ကို စာဖတ်သူများ ရိပ်စားမိကြမည်ဖြစ်၍ မဖော်ပြတော့ပါ။ (၂၀၀၆၊ ၂၀၀၇ ရက်စွဲပါ ခေါင်းကြီးများကို ဖတ်ကြည့်လျှင် စကားလုံးတစ်လုံးပြောကြားနိုင်ရေးအတွက် ခေါင်းကြီးတစ်ခုလုံး သိုင်းဝိုင်းထားခဲ့ရသည်ကို သတိပြုမိပါလိမ့်မည်။)

ထိုသို့နိုင်ငံရေးအယူအဆများ ရေးသားဖော်ပြခွင့်ရရှိလာခြင်းသည် နိုင်ငံရေးကို အထူးအာရုံကျသူ စာရေးဆရာများ၊ ပညာရှင်များအတွက် ပြည်သူလူထုနှင့် အစိုးရကို ဆက်သွယ်ပြောဆိုရန် အခွင့်အလမ်းတစ်ရပ်ဖြစ်ရာ ထိုအခွင့်အလမ်းကိုဆုပ်ကိုင်ရန် ကြိုးစားသူအနည်းငယ်ပေါ်ထွက်လာခဲ့ပြီး စာရေးသူလည်းတစ်ဦးအပါအဝင်ဖြစ်ခဲ့ပါသည်။

စာရေးသူ၏ နိုင်ငံရေးဆောင်းပါးများသည် ဖြစ်နိုင်ခြေနည်းသော အကောင်းဆုံးရလဒ်များအကြောင်းမဟုတ်ဘဲ Best Alternative ခေါ် ဖြစ်နိုင်ခြေများအကြောင်းဖြစ်သည်ကို စာဖတ်သူများ ရိပ်စားမိပါလိမ့်မည်။ Best Alternative များအကြောင်းရေးသားခြင်းသည် အကောင်းဆုံးရလဒ်များကို လက်မခံပါဆိုသည့်သဘောမဟုတ်ဘဲ ဖြစ်နိုင်ခြေနည်းသောကြောင့် မဟာဗျူဟာ စိတ်ဝင်စားမှုမရှိသည့်သဘောသာ ဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ Best Alternative များသက်သက်ကို ရေးသားခဲ့ခြင်းကြောင့် ပြစ်တင်ဝေဖန်မှုများစွာကိုလည်း စာရေးသူခံခဲ့ရပါသည်။

စာရေးသူ၏ မိတ်ဆွေတစ်ဦးက အဘယ်သို့သောစိတ်ဓာတ်နှင့် ညီမျှမှုချွန်းခံ၍ ရေးနေသနည်းဟုမေးခဲ့သည်။ လက်မခံနိုင်သောသူများက တမ်းတောင်းခဲ့ရသော ကြိုက်ဝိုက်ပြောဆိုနေခြင်းသာဖြစ်ပြီး ကိုယ်ကျိုးစီးပွားရှိနေသောကြောင့်ဟု စွပ်စွဲကြပါသည်။ အမှန်အား

ဖြင့် အ... ...တစ်ခုကို နှစ်ဖက်စလုံးမှ လက်ခံနိုင်အောင် ရေးဖို့ဆိုသည်မှာ များစွာ ခက်ခဲပါ... ...ညမ်းများစွာတို့တွင် နှစ်ဖက်စလုံး၏ အမုန်းကိုသာရရှိလေ့ရှိပါသည်။ ...လိုသည်မှာ လူကြိုက်မများသောစာများကို တစ်နည်းအားဖြင့် ဖြစ်နိုင်ခြေ Best ... ...များအကြောင်း နှစ်ခြိုက်စွာ စိုက်လိုက်မတ်တတ်ရေးသားခဲ့ခြင်းနှင့် ပတ်သက်၍ ...သူ၏ခံယူချက်၊ ရပ်တည်ချက်ဖြစ်ပါသည်။ စာရေးသူအနေဖြင့် ဤစာများကို ဆက်လက်ရေးသားနေခြင်းမှာ ပီတိစားရသောကြောင့်ဖြစ်ပါသည်ဟု အတိုဆုံး ပြောလျှင်ရပါသည်။

ခက်ခဲနက်နဲသော ပြဿနာဖြစ်ခြင်း၊ နှစ်ပေါင်း ၂၀ ခန့် မဖြေရှင်းနိုင်သော ပြဿနာ ဖြစ်ခြင်း၊ ပြည်သူလူထုသန်းငါးဆယ်နှင့်ပတ်သက်နေခြင်းတို့ကြောင့် ယခုကိစ္စသည် များစွာ Challenging ဖြစ်ပြီး ဖြစ်နိုင်ခြေရှိသော အဖြေတစ်ခုကိုရတိုင်း ကြီးစွာသော ပီတိကိုခံစားရ လေ့ရှိပါသည်။ စေတနာကြောင့်ဖြစ်သော ပီတိသည် စေတနာမှန်သည်နှင့်အမျှ၊ ရည်ရွယ် ချက်ကြီးမားသည်နှင့်အမျှ၊ ရလဒ်ထွက်ခဲ့လျှင် ခံစားရမည့်သူများပြားသည်နှင့်အမျှ ပီတိ မှာလည်း ကြီးမားလွန်းလှပါသည်။ ပို၍ထူးဆန်းသည်မှာ ရရှိလာသောအဖြေ သို့မဟုတ် Idea တစ်ခုကို လက်တွေ့အကောင်အထည်ဖော်ခြင်း၊ မဖော်ခြင်း၊ လူအများလက်ခံခြင်း၊ မခံခြင်းနှင့် လုံးဝကင်းလွတ်၍ စေတနာနှင့်ညီမျှသောပီတိကို ခံစားရရှိသည့်ကိစ္စဖြစ်သည်။

ဤကိစ္စသည် ဝိပဿနာ၊ ဘာဝနာသဘောနှင့် များစွာဆင်တူပါသည်။ ဘာဝနာကိစ္စတွင် 'သိခြင်း' ကိစ္စသည် အမှန်တကယ်သိခြင်းဖြစ်၍ တကယ်သိခဲ့လျှင် ဆရာဖြစ်သူ၏ အသိ အမှတ်ပြုခြင်း၊ မပြုခြင်း၊ ဘေးလူ အသိအမှတ်ပြုခြင်း၊ မပြုခြင်း၊ လူအများ အသိအမှတ်ပြု ခြင်း၊ မပြုခြင်းများသည် လုံးဝအရေးမကြီးပေ။ တစ်စုံတစ်ခု (ဥပမာ–ဖြစ်ခြင်း၊ ပျက်ခြင်း) ကို ဘာဝနာဉာဏ်ဖြင့်သိခြင်းသည် အမှန်တကယ်ကိစ္စသက်သက်ဖြစ်ရာ အခြားထောက်ခံ ချက်မလိုသကဲ့သို့ တစ်စုံတစ်ဦးက ဆုတံဆိပ်၊ ဘွဲ့တံဆိပ်ပေးသလိုပေး၍မရပေ။ ပီတိကိစ္စ သည်လည်း အလားတူပင်ဖြစ်သည်။ ပီတိစားရခြင်းသည် အမှန်အကန်ကိစ္စဖြစ်၍ ရလျှင် ရကြောင်းထင်ရှားပြီး မရလျှင် မရကြောင်း ထင်ရှားပါသည်။ ပြင်ပထောက်ခံချက်မလိုအပ်ပေ။

ထိုပီတိကိုဖြစ်စေခဲ့သောစာများကို စာဖတ်သူများ ဖတ်ရပါတော့မည်။ စာရေးသူ၏ ခန့်မှန်းချက်အရ၊ အယူအဆအရ၊ မှားကောင်းမှားနိုင်သည့်တိုင် ခံစားရရှိနေသော ပီတိများ ကြောင့် စေတနာ ရာနှုန်းပြည့်မှန်ကန်ကြောင်း များစွာသေချာပါသည်ဟု ပြောကြားလိုပါ သည်။

**အောင်ထွန်း**



# နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ ရယူခံစားခွင့်နှင့် အခြေခံဥပဒေသစ်

၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့ကကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် တာဝန်ရှိသူများက နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်ရမည့် 'နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ' ဆိုင်ရာအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍လည်းကောင်း၊ 'တပ်မတော်' ဆိုင်ရာအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍လည်းကောင်း ညီလာခံကိုယ်စားလှယ်များကို ဖတ်ကြားတင်ပြသွားသည်ကို တွေ့ရပါသည်။

အခန်း (၁၅) ခန်း ပါရှိမည့် အခြေခံဥပဒေသစ်၏ အခန်း (၈)မှာ 'နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ' အခန်းဖြစ်ပြီး နိုင်ငံသားအားလုံးနှင့်အထူးသက်ဆိုင်သည့်အခန်းဖြစ်ပါသည်။ အဆိုပြုရှင်းလင်းတင်ပြချက်အမှတ် (၁၀)နှင့် (၃၄)တို့တွင် ၁၉၄၇ အခြေခံဥပဒေ၊ ၁၉၇၄ အခြေခံဥပဒေများနည်းတူ နိုင်ငံသားများ၏အခြေခံအကျဆုံးရပိုင်ခွင့်များကိုပြဋ္ဌာန်းပေးထားပြီး ထူးခြားချက်အဖြစ်စာပိုဒ်အမှတ်(၃၅)တွင် အခြေခံဥပဒေပါပြဋ္ဌာန်းချက်များ ရယူပိုင်ခွင့်နှင့် ပတ်သက်၍ ပြဋ္ဌာန်းချက်တစ်ခုပါရှိလာသည်ကို တွေ့မြင်ရပေသည်။

ရှင်းလင်းတင်ပြချက်အမှတ်(၁၀)နှင့်(၃၄)တို့တွင် အောက်ပါအတိုင်းပါရှိသည်ကို တွေ့ရသည်။

၁၀။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး တရားဥပဒေစိုးမိုးရေး ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်း

ထားသ[illegible]များနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲ[illegible]ခွင့်ရှိသည်။

(က) အ[illegible]ယူဆကြည့်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊

(ခ) လက်နက်မပါ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊

(ဂ) အသင်းအဖွဲ့နှင့် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊

(ဃ) တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ၊ မိမိချစ်ခင်မြတ်နိုးသည့်စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်၊

၃၄။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်သောကိစ္စ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ် အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး မည်သူ့ကိုမျှစီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ (၂၄)နာရီထက်ပို၍ ချုပ်နှောင်ခြင်းမပြုရ။

ထူးခြားချက်အဖြစ် စာပိုဒ် (၃၅)တွင် အောက်ပါအတိုင်း ဖော်ပြပါရှိသည်ကို တွေ့ရသည်။

၃၅။ ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးတစ်ရပ်ရပ်ကို ရယူလိုပါလျှင် သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထား ရယူပိုင်ခွင့်ရှိစေရမည်။

အခြေခံဥပဒေ၌ ပေးအပ်ထားသော အခွင့်အရေးတစ်ရပ်ရပ်ကို မရရှိသော နိုင်ငံသားများအနေဖြင့် ဥပဒေပါအခွင့်အရေးများ ရယူနိုင်ခွင့်ရှိစေသည်လည်း အရေးကြီးပေရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စွမ်းဆောင်ရည်ထက်မြက်သည်နှင့်အမျှ နိုင်ငံသားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်လိမ့်မည်ဟု အထူးပင် ယုံကြည်ပါကြောင်း ဖော်ပြလိုက်ရပါသည်။

(၁၁-၁-၂၀၀၆)



# အမျိုးသားညီလာခံနှင့် အခြေခံဥပဒေ

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ကို ရေးဆွဲပြဋ္ဌာန်းမည့် အမျိုးသားညီလာခံကို လာမည့်အောက်တိုဘာလ ၁၀ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာထားခဲ့သည်ကို တွေ့ရပါသည်။ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၏မိန့်ခွန်းတစ်ခုကို သတင်းစာတွင် ဖော်ပြချက်အရ ၇၅ ရာခိုင်နှုန်း ရေးဆွဲပြီးစီး၍ ၂၅ ရာခိုင်နှုန်း ကျန်ရှိသည်ဟု သိရပါသည်။

သတင်းစာများတွင် ဖော်ပြခဲ့သောအဆောက်အအုံများအရ အခြေခံဥပဒေသစ်တွင် အခန်းပေါင်း ၁၅ ခန်း ပါရှိမည်ဖြစ်ပါသည်။ ၎င်းတို့မှာ (၁) နိုင်ငံတော်အခြေခံမူများ၊ (၂) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ (၃) နိုင်ငံတော်အကြီးအကဲ၊ (၄) ဥပဒေပြုရေး၊ (၅) အုပ်ချုပ်ရေး၊ (၆) တရားစီရင်ရေး၊ (၇) တပ်မတော်၊ (၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ (၉) ရွေးကောက်တင်မြှောက်ခြင်း၊ (၁၀) နိုင်ငံရေးပါတီများ၊ (၁၁) အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ၊ (၁၂) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း၊ (၁၃) နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်၊ (၁၄) ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များနှင့် (၁၅) အထွေထွေပြဋ္ဌာန်းချက်များတို့ ဖြစ်ပါသည်။

သတင်းထုတ်ပြန်ချက်များအရ အထက်တွင်ဖော်ပြခဲ့သော အခန်းကြီး ၁၅ ခန်း

အနက် [illegible] အထိ ပြီးစီးပြီဖြစ်ရာ နောက်ထပ် အခန်း (၄)ခန်း ရေးဆွဲရန် ကျန်ရှိနေပ [illegible] ၂။ မည်သို့ပင်ဖြစ်စေ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံ [illegible] အဓိကအရေးကြီးသော ပဋိညာဉ်ဖြစ်ပြီး အခြေခံဥပဒေမရှိခြင်းသည် စည်းမျဉ်းမ [illegible] ကစားပွဲ A game without the Rule of the Gameနှင့် ဆင်တူသည်ဟု ဆိုရမည်ဖြစ်သည်။

အခြေခံဥပဒေသစ်နှင့်ပတ်သက်သည့်အရေးကိစ္စများကိုကြည့်လျှင် နိုင်ငံတည်ဆောက်ရေးနှင့်ပတ်သက်၍ နယ်ပယ်မျိုးစုံမှ အရေးကိစ္စမျိုးစုံပါဝင်ရာ ထိုအခြေခံဥပဒေနှင့်အနာဂတ်အလားအလာများကို စဉ်းစားရာတွင် အမြူ အမည်းခွဲခြားရန်ထက် များစွာမြှင့်စဉ်းစားရန်လိုအပ်ပြီး ချင့်ချိန်နိုင်စွမ်းကြီးရန်လည်း လိုအပ်ပါသည်။ နောက်ထပ်ရေးဆွဲရန်ကျန်ရှိသော အခန်းကြီးများတွင် အခန်း(၁၂)သည် များစွာအရေးပါသောအခန်းဖြစ်ပြီး ဤအခြေခံဥပဒေ၏ အသက်ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံတွင် အထူးအရေးကြီးသော ပဋိညာဉ်တစ်ရပ်ကို တဖြည်းဖြည်းနီးစပ်လာခဲ့ပြီဖြစ်ရာ အနာဂတ်တွင် ပိုမိုစိတ်ဝင်စားဖွယ်ကောင်းသော တိုးတက်မှုများကို မြင်တွေ့ရမည်ဟု အထူးပင်မျှော်လင့်ပါသည်။

(၂၀-၉-၂၀၀၆)

# နိုင်ငံရေး

ယနေ့မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် အရပ်ဘက်အုပ်ချုပ်ရေးယန္တရားတည်ဆောက်ရေးတို့အတွက် အုပ်ချုပ်ရေးယန္တရားဘက်မှ တောင်အားထုတ်လာသော အရိပ်အယောင်များ မြင်တွေ့နေရပြီဖြစ်ပါသည်။ လမ်းပြမြေပုံ၏ အဆင့်(၇)အဆင့်အနက် ဒုတိယအဆင့်မှာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့် ပြင်ဆင်ခြင်းဖြစ်ရာ အုပ်ချုပ်ရေးယန္တရား၏ ဆောင်ရွက်မှုများကိုကြည့်လျှင် လမ်းပြမြေပုံ၏ ပထမအဆင့်မှ ဒုတိယအဆင့်သို့ ကူးပြောင်းရန် ပြင်ဆင်နေသောခြေလှမ်းများ စတင်တွေ့မြင်နေရပြီ ဖြစ်ပါသည်။ လွန်ခဲ့သောရက်ပိုင်းများက ပြုလုပ်သွားခဲ့သော နိုင်ငံရေးသင်တန်းနှင့်အချို့ ကျင်းပြုလုပ်သော အခမ်းအနားများကို Form သက်သက်ကြည့်မည်ဆိုလျှင် ပြောင်းလဲမှုများကို သိသာစွာ တွေ့မြင်နိုင်ပေသည်။

နိုင်ငံတည်ဆောက်ရေးနှင့်ပတ်သက်၍ အရေးကြီးလှသော ယနေ့အခါသမယတွင် နိုင်ငံသားအများစု၏ 'နိုင်ငံရေး' အပေါ် အဓိပ္ပာယ်ကောက်ယူပုံ နားလည်ပုံ၊ တာဝန်ယူပုံတို့သည် များစွာအရေးကြီးသည်ဟု ဆိုချင်ပါသည်။ အဓိကအရေးကြီးသည်မှာ



နိုင်ငံသာ ... "နိုင်ငံရေး" ဟူသည် အစိုးရက သို့မဟုတ် လူတစ်စုကသာ လုပ်ဆော ... ရာအဖြစ် လွဲမှားစွာ မကောက်ယူမိစေရေးပင်ဖြစ်ပါသည်။ 'နိုင်ငံရေး' ဆို သ ... နိုင်ငံတည်ဆောက်ရေးအလို့ငှာ ကွဲပြားခြားနားသောအမြင်၊ သဘောထား ... းက အမျိုးသား အကျိုးစီးပွားအလို့ငှာ ဖြစ်နိုင်ခြေရှိသည်များကို ပူးပေါင်းဆောင်ရွက်ကြခြင်းပင် ဖြစ်ပါသည်။

'Politics means clash of values, interest and visions but its an art of possible not the art of ideal.'

နိုင်ငံရေးဆိုသည်မှာ ကွဲပြားသောတန်ဖိုးများ၊ အကျိုးစီးပွားများ၊ ရည်မှန်းချက်များကြောင့် ဖြစ်ပေါ်လာခြင်းမှန်သော်လည်း ထိုကိစ္စများကို ဖြေရှင်းရန်အလို့ငှာ အတိုက်အခံလုပ်ရမည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ နိုင်ငံတည်ဆောက်ရေးသည် အတိုက်အခံလုပ်ငန်းစဉ်မဟုတ်ပေ။

The art of possible ဆိုသည်မှာ ဖြစ်နိုင်ခြေများကို အကောင်အထည် ဖော်ခြင်း အနုပညာကို ရည်ညွှန်းသည်ဖြစ်ရာ နိုင်ငံရေးမှာ အန္တရာယ်များသည်၊ ဝင်မပါသင့် ဆိုသော အယူအဆများမှာလည်း ဤရှုထောင့်မှကြည့်လျှင် မမှန်သည့်အပြင် တာဝန်မဲ့ရာရောက်ပေသည်။ 'ဖြစ်နိုင်ခြေ' ဟုဆိုခြင်းကပင် ပါဝင်ပတ်သက်နေသူ Stakeholder အားလုံးက လက်ခံနိုင်သော အခြေဖြစ်ရာ ထိုဖြစ်နိုင်ခြေများအတွက် တိုက်ပွဲဝင်စရာမလိုပါ။ ဖြစ်နိုင်ခြေဟု သုံးနှုန်းခြင်းကပင် အပြုသဘောဆောင်သောကြောင့် အန္တရာယ်များသည်ဟု ယူဆရန် အကြောင်းမရှိပေ။

အဓိကထိုးမောင်းထိုးပြလိုသောအချက်မှာ နိုင်ငံရေးသည် မိမိနှင့်မတူညီ သူများကို ဆန့်ကျင်ရသည့်လုပ်ငန်းစဉ်မဟုတ်ဘဲ မတူညီသောရပ်တည်ချက်များ၊ သဘောထားများအကြားမှာ နိုင်ငံတည်ဆောက်ရေးအတွက် ဖြစ်နိုင်ခြေတစ်ခုတစ်ရာကို ရှာဖွေရေးသာဖြစ်သည်ဟူသောအချက်ပင်ဖြစ်ပါသည်။ နိုင်ငံရေးအမျိုးမျိုး၏ အန္တိမရည်မှန်းချက်သည် နိုင်ငံတည်ဆောက်ရေးသာဖြစ်ပေရာ ဖြစ်နိုင်ခြေတစ်ခုတစ်ရာကို မရှာဖွေနိုင်လျှင် နိုင်ငံတည်ဆောက်ရေးသည် ဖြစ်နိုင်စရာမရှိချေ။

များစွာအရေးကြီးသောအချက်မှာ နိုင်ငံရေးသည် နိုင်ငံတည်ဆောက်ရေးဖြစ်ရာ နိုင်ငံသားအားလုံး၏အရေးကိစ္စသာဖြစ်ပြီး အဓိပ္ပာယ်ကောက်ယူမှု မှန်ကန်စွာဖြင့် နိုင်ငံသားအားလုံးတက်ကြွစွာ ပါဝင်ဆင်နွှဲကြပါမည့်အကြောင်း ဖြစ်ပါသည်။

(၁၇-၂-၂၀၀၇)

# အစိုးရ၏သဘောထားကြီးမှု အထူးပင်ကြို

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့က ရန်ကုန်မြို့တော်တွင် ဆန္ဒပြလှုပ်ရှားမှုများကို အရေးမယူဘဲ သဘောထားကြီးစွာ ပြန်လွှတ်ပေးခဲ့ကြောင်း စာဖတ်သူများ သိရှိပြီးဖြစ်ပါလိမ့်မည်။

အဆိုပါဆန္ဒပြမှုများကို အစဉ်အလာလုပ်နည်းလုပ်ထုံးများအရ စဉ်းစားလျှင် ယခုကဲ့သို့ သက်ညှာစွာ ပြန်လွှတ်ပေးရန် မမျှော်လင့်နိုင်ကြောင်း အားလုံးအသိဖြစ်ရာ အစိုးရ၏ ယခုလုပ်ဆောင်ချက်မှာ ၂၀၀၇ ခုနှစ်အတွင်း မင်္ဂလာအရှိဆုံးသတင်းစကားပင်ဖြစ်ပါသည်။ ယခုဖြစ်ရပ်မှ ဖော်ပြနေသော အဓိကအချက်မှာ အစိုးရက ပြည်သူများကို ရင်ဝယ်သားကဲ့သို့ သဘောထားသည်ဟူသောအချက်ဖြစ်ရာ ပြည်သူလူထု မျှော်လင့်လျက်ရှိသော အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် များစွာ အပြုသဘောဆောင်သော လုပ်ရပ်လည်း ဖြစ်ပါသည်။

ပြည်သူများအား ရင်ဝယ်သားကဲ့သို့ သက်ညှာစွာ သဘောထားကြီးစွာ ပြုမူဆက်ဆံခြင်းသည် အစိုးရကောင်းတို့၏ လုပ်ရပ်ဖြစ်ရာ ယခုလုပ်ရပ်အပြုအမူနှင့် သဘောထားတို့ကို ပြည်သူများ၏ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း အထူးဖော်ပြလိုပါသည်။ နိုင်ငံသားများကို ယခုကဲ့သို့ ရင်ဝင်သားသဖွယ် သဘောထားခြင်းဟူသော အပြုအမြင်သဘောထားသည် မြန်မာနိုင်ငံကို အဘက်ဘက်မှ ပြန်လည်တည်ဆောက်၍ ကမ္ဘာနှင့်ရင်ပေါင်တန်းရေး ဦးတည်ချက်၏ ပထမဆုံးအချက်ဖြစ်သော 'အစိုးရနှင့်ပြည်သူ ကြည်ဖြူစွာ လက်တွဲကာ အမျိုးသားစည်းလုံးညီညွတ်မှု တည်ဆောက်ရေး' အတွက် အထူးကောင်းမွန်သော ခြေလှမ်းတစ်ရပ်ဖြစ်သောကြောင့် များစွာကြိုဆိုလိုက်ပါကြောင်း ဖော်ပြလိုက်ပါသည်။

အနာဂတ်တွင်လည်း မြန်မာနိုင်ငံတည်ဆောက်ရေးနှင့်ပတ်သက်၍ ကွဲပြားခြားနားသောသဘောထားရှိနေကြသည့် နိုင်ငံသားများကို ရင်ဝယ်သားကဲ့သို့သဘောထား၍ အတူတကွလက်တွဲကာ မြန်မာနိုင်ငံ၏ ရွှေရောင်အနာဂတ်များကို တည်ဆောက်ကြပါမည့်အကြောင်း ဤနေရာမှ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

(၁-၃-၂၀၀၇)



## ပြည်သူ့ရေးရာမူဝါဒနှင့် အခြေခံပြည်သူ့ရေးရာဝန်ဆောင်မှု

ပြည်သူ့ရေးရာမူဝါဒနှင့်ပတ်သက်၍ အကောင်းဆုံးပြည်သူ့ရေးရာမူဝါဒ ဆိုသည်မှာ ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာဖြစ်ပေါ်လိုလားလျက်ရှိသော သဘောထားများနှင့်ပတ်သက်၍ အကောင်းဆုံးဖြည့်ဆည်းပေးနိုင်မည့်အစိုးရ သို့မဟုတ် အုပ်ချုပ်ရေးယန္တရား၏အဆုံးအဖြတ်နှင့် တုံ့ပြန်မှုများကို ဆိုလိုသည်ဟု ပညာရပ်ဆိုင်ရာအမိပ္ပာယ်ဖွင့်ဆိုချက်က ဆိုသည်။

'Good Public Policy : Goverment decision and actions that address public problems consistant with widdy shared values and ideas.'

ပြည်သူ့ရေးရာမူဝါဒကောင်းများထွက်ပေါ်ရန် သို့မဟုတ် အနိမ့်ဆုံး အခြေခံပြည်သူ့ရေးရာဝန်ဆောင်မှုများကို အကောင်းဆုံးဖြည့်ဆည်းပေးနိုင်ရန် လိုအပ်ချက်တွင် အဓိကကျသောအချက်မှာ ပညာရပ်ဆိုင်ရာ သဘောတရားများမဟုတ်ဘဲ၊ ပညာရပ်ဆိုင်ရာမဟုတ်သည့် အကြောင်းအရာများက အဓိကကျသည်ဟု ပညာရှင်များက ဖွင့်ဆိုထားသည်။

**အဓိကကျသော အချက်များမှာ**

(၁) အဆိုပါ ပြည်သူ့ရေးရာမူဝါဒများကို မည်သူများက အ[illegible]ပေးနေသနည်း။

**Who frame and who decides?**

(၂) ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို မည်သည့်စနစ်နှင့် သတ်မှတ်ပြဋ္ဌာန်းနေသနည်း။

**Institutional setting.**

(၃) မည်သူများက မည်မျှစိတ်ဝင်စားမှုရှိသနည်း။

**Who is interested and how much matters?**

မြန်မာနိုင်ငံတွင် မကြာမီ အခြေခံဥပဒေသစ်တစ်ခု အတည်ပြုပြဋ္ဌာန်းပြီးသွားသောအခါ၌ အမှတ်စဉ် (၂) ဖြစ်သော Institutional Setting သစ်တစ်ခုကို ရရှိကြမည်ဖြစ်ရာ အင်္ဂါသုံးပါးလုံး စုံလင်သွားမည်ဆိုသောသဘောပင် ဖြစ်ပါသည်။

အဓိကကျသောအချက်မှာ အခြေခံပြည်သူ့ရေးရာဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးနိုင်မည့် ပြည်သူ့ရေးရာမူဝါဒများ အမြန်ဆုံးထွက်ပေါ်လာရေးပင် ဖြစ်ပါသည်။ အခြေခံပြည်သူ့ရေးရာဝန်ဆောင်မှုဆိုသည်မှာ နိုင်ငံတည်ဆောက်ရေးအတွက်လည်းကောင်း၊ လူတစ်ဦးချင်းစီ၏ဘဝနှင့်ပတ်သက်၍လည်းကောင်း များစွာအခြေခံကျသော ပြည်သူ့ရေးရာဝန်ဆောင်မှုများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ယာဉ်ယန္တရားများ၊ စွမ်းအင်လိုအပ်ချက်၊ ဆက်သွယ်ရေးဆိုင်ရာ အခြေခံစီးပွားရေးအဆောက်အဦဖြစ်သည့် တယ်လီဖုန်း၊ ဘဏ္ဍာရေးအရင်းအမြစ်ဖြစ်သည့် ဘဏ်လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ တရားဝင်လုပ်ကိုင်ခွင့် စသည်များကို ဆိုလိုပါသည်။

မည်သို့ပင်ဖြစ်စေ မကြာမီ မြန်မာပြည်သူများအတွက် Institutional Setting သစ်တစ်ခုရရှိမည်ဖြစ်ရာ ပါဝင်ပတ်သက်သူများ၏ စေတနာမှန်ကန် ကောင်းမွန်သည်နှင့်အမျှ ရလဒ်ကောင်းများကိုလည်း မြင်တွေ့ရမည်ဟု မျှော်လင့်ပါသည်။

(၃-၃-၂၀၀၇)



# ဒီမိုကရေစီစနစ်ဆီသို့ နီးကပ်လာပြီ

မကြာမီကျင်းပတော့မည့် အမျိုးသားညီလာခံသည် နောက်ဆုံးကျင်းပသည့် အမျိုးသားညီလာခံဖြစ်ပြီး အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများအနက် ပြင်ဆင်ဖြည့်စွက်နုတ်ပယ်စရာရှိသည်များကို ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က ပြောကြားခဲ့ရာ ၂၀၀၄ ခုနှစ်မှ စတင်ခဲ့သော ဒီမိုကရေစီလမ်းပြမြေပုံသည် ဒုတိယအဆင့်သို့ ကူးပြောင်းတော့မည်ဖြစ်ကြောင်း များစွာထင်ရှားလာပါသည်။

ဒီမိုကရေစီလမ်းပြမြေပုံ၏ ဒုတိယအဆင့်သည် ဒီမိုကရေစီစနစ်သို့ကူးပြောင်းရန် လိုအပ်သောပြင်ဆင်မှုများ အဆင့်ဆင့်ပြုလုပ်ရမည့်အဆင့် ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရန် အဆင့်ဆင့် အကောင်အထည်ဖော်ရမည့်လုပ်ငန်းစဉ်များစွာရှိနေပြီး ထိုအဆင့်ဆင့်တွင် မည်သို့သောလုပ်ငန်းစဉ်များ ပါဝင်မည်ဆိုသည့်အချက်များမှာ များစွာစိတ်ဝင်စားစရာကောင်းပါသည်။

အဆိုပါအဆင့်သည် နိုင်ငံတည်ဆောက်ရေးကို စိတ်ဝင်စားသော ပြည်သူများကို ပါဝင်လာနိုင်စေရန် အဆင့်ဆင့်လမ်းဖွင့်ပေးမည့်အဆင့်ဖြစ်သည်ဟု နားလည်ရပေရာ ပြည်သူလူထုအနေဖြင့် <u>ဘေးမှရပ်ကြည့်ရသည့်သဘောမှ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်ရေးအတွက် တစ်တပ်တစ်အား ပါဝင်နိုင်ကြတော့မည့်သဘော</u> ဖြစ်သည်ဟု ယုံကြည်ပါသည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်တစ်ရပ် ပေါ်ပေါက်လာရန် နောက်တစ်ဆင့် ပိုမိုနီးကပ်လာနေခြင်းဖြစ်ပြီး ယခုထက် ပိုမိုကောင်းမွန်သော အခြေအနေကောင်းများကို မကြာမီ တွေ့ကြုံရတော့မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း အထူးဖော်ပြလိုပါသည်။

(၆-၆-၂၀၀၇)



# တတိယမြောက်အသွင်ကူးပြောင်းရေး

မြန်မာနိုင်ငံသည် ၁၉၈၈ ခုနှစ်မှစ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အချိုးအကွေ့တစ်ခုကို ဖြတ်သန်းလာခဲ့ရကြောင်း နိုင်ငံသားအားလုံးအသိဖြစ်ပါသည်။ တစ်နည်းအားဖြင့်ပြောရလျှင် မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အသွင်ကူးပြောင်းရေးကာလတစ်ခုကို ဖြတ်သန်းနေခြင်းဖြစ်ပါသည်။

၁၉၈၈ ခုနှစ်မှစ၍ ယနေ့အထိ နှစ်ပေါင်း ၂၀ နီးပါးကြာမြင့်ခဲ့ပြီဖြစ်သော အသွင်ကူးပြောင်းရေးကာလကို သေချာစွာလေ့လာကြည့်လျှင် အပိုင်းနှစ်ပိုင်း မြင်တွေ့နိုင်ပါသည်။ ပထမပိုင်းဖြစ်သည့် ၁၉၈၈ မှ ၁၉၉၈ အပိုင်းကို စီးပွားရေးအသွင်ကူးပြောင်းရေးကာလအဖြစ်လည်းကောင်း၊ ၁၉၉၈ မှ ယနေ့အထိ ကာလကို လူမှုရေးအသွင်ကူးပြောင်းရေးကာလအဖြစ်လည်းကောင်း ခွဲခြမ်းစိတ်ဖြာနိုင်ပါသည်။

ပထမပိုင်းဖြစ်သည့် ၁၉၈၈ မှ ၁၉၉၈ အတွင်း စီးပွားရေးနယ်ပယ်တွင် အခွင့်အလမ်းသစ်များစွာ ပေါ်ပေါက်ပြီး နိုင်ငံသားအားလုံး စီးပွားရေးလုပ်ငန်းမျိုးစုံ စမ်းသပ်လုပ်ကိုင်နိုင်ခဲ့ကြသည့်ကာလ ဖြစ်ပါသည်။ နိုင်ငံတကာကုမ္ပဏီကြီးများအပါအဝင် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူ အများအပြား ဝင်ရောက်လာခဲ့ကြသည့်ကာလလည်း ဖြစ်ပါသည်။

ဒုတိယအပိုင်းဖြစ်သည့် ၁၉၉၈ မှ ယနေ့ကာလသည် မြန်မာနိုင်ငံတွင် အသင်းအဖွဲ့ပေါင်းများစွာ ပေါ်ပေါက်ခဲ့သောကာလဖြစ်ပါသည်။ ပြည်သူချင်းစာနာသော

ထားမှု ... တကာ NGO များစွာ ဝင်ရောက်လုပ်ကိုင်ခွင့် ရရှိခဲ့သောကာလ လည်း ... ည်။ အထူးသဖြင့် စီးပွားရေးနယ်ပယ်နှင့် ပညာရပ်နယ်ပယ်များတွင် အကျိ ... မှီငှာမဟုတ်သည့် အသင်းအဖွဲ့များစွာ ပေါ်ပေါက်ခဲ့သောကာလ လည်း ဖြစ်ပ ...

မကြာမီရောက်ရှိလာတော့မည့် တတိယအပိုင်းသည် နိုင်ငံရေးအသွင်ကူးပြောင်းရေးကာလတစ်ခု ဖြစ်မည်ဆိုသည်ကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ မကြာသေးခင်က ပြောကြားခဲ့သော မိန့်ခွန်းတစ်ခုအရသိရပါသည်။ အမျိုးသားညီလာခံ မကြာမီပြီးစီးတော့မည်ဖြစ်ပြီး ဒီမိုကရေစီ လမ်းပြမြေပုံ ဒုတိယအဆင့်ကို စတင်လျှောက်လှမ်းခြင်းသည် နိုင်ငံရေးအသွင်ကူးပြောင်းမှုကာလတစ်ခုကို စတင်ခြင်းအဖြစ် မှတ်ယူရမည်ဖြစ်ပါသည်။ ဒီမိုကရေစီလမ်းပြမြေပုံ၏ ဒုတိယအဆင့်မှာလည်း စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေးအတွက် လိုအပ်သော လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဖော်ဆောင်ခြင်းပင်ဖြစ်ရာ ဤအသွင်ကူးပြောင်းရေးကာလ၌ ပြည်သူလူထုအနေဖြင့် နိုင်ငံရေးဆိုင်ရာ ပြောင်းလဲမှုများနှင့်အတူ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခွင့်ရရှိတော့မည်ဖြစ်ရာ ဒီမိုကရေစီနှင့် ထိုက်တန်သော ပြည်သူများအဖြစ် မိမိတို့ကိုယ်မိမိတို့ အသင့်ပြင်ဆင်ထားစေလိုပါသည်။

(၂-၇-၂၀၀၇)



## နိုင်ငံတော် တည်ဆောက်ရေးသည် အပျော်တမ်းအလုပ် မဟုတ်

မြန်မာနိုင်ငံတွင် မကြာမီအခြေခံဥပဒေသစ်တစ်ရပ်ပေါ်ပေါက်လာတော့မည်ဖြစ် ရာ ထိုအခြေခံဥပဒေသစ်နှင့်အညီ ရွေးချယ်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်အများစု ပါဝင်သည့်ပြည်ထောင်စုလွှတ်တော်(ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ပေါင်း)သည်လည်း ပေါ်ပေါက်လာတော့မည်ဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်၏ အဓိကတာဝန်များမှာ ဥပဒေများပြင်ဆင်ပြဋ္ဌာန်းခြင်း၊ အုပ်ချုပ်ရေးအာဏာကျင့်သုံးသည့် အဖွဲ့အစည်းများကို Check and Balance ပြုလုပ်ခြင်းများဖြစ်သည်။ အတည်ပြုထားသော အခြေခံမူများအရ အသစ်ပေါ်ထွန်းလာမည့် အခြေခံဥပဒေသစ်တွင် အချုပ်အခြာအာဏာသုံးရပ်ဖြစ်သည့် ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ပိုင်းခြားကျင့်သုံးထားပုံမှာ ပါလီမန်စနစ်ထက် ပိုမိုပြင်းသည်ဖြစ်ရာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များ၏ အရည်အချင်းမြင့်မားသည်နှင့်အမျှ ရလဒ်ကောင်းများမြင်တွေ့ရမှာယ်ရှိပါသည်။

ဥပဒေပြုအာဏာကို ကျင့်သုံးသောလွှတ်တော်ရှိ ကိုယ်စားလှယ်များ၏ အရည်အချင်းအရေးကြီးပုံနှင့်ပတ်သက်၍ ဂျပန်နိုင်ငံဒိုင်းယက်လွှတ်တော်အမတ်များ၏ အခြေအနေကို ပညာရှင်တစ်ဦးက အောက်ပါအတိုင်း ဝေဖန်ထောက်ပြဖူးသည်ကို ပြန်လည်ကိုးကား၍ ဖော်ပြလိုပါသည်။

"Most of the MPs are amateurs elected not for their policy expertise, technical competence, or political acumen but for their popularity in their

distric[illegible], much of their time is taken up in constituency business, party a[illegible], particularly in the case of LDP MPs, in factional maneuvering, [illegible]nd dealing."

ဆိုလို[illegible] ဒိုင်းယက်လွှတ်တော်အမတ်အများစုသည် နိုင်ငံတည်ဆောက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ နားလည်တတ်ကျွမ်းခြင်းမရှိဘဲ ကျော်ကြားမှု၊ လူသိများထင်ရှားမှုတို့ကြောင့် အရွေးချယ်ခံလာကြရခြင်းဖြစ်ရာ အုပ်စုတိုက်ပွဲများနှင့်သာ အချိန်ကုန်နေကြသည်ဟု ဝေဖန်ထားခြင်းဖြစ်ပါသည်။ Amateur ဟူသော စကားလုံးမှာ အပျော်တမ်းဆန်သည်ဟု ထောက်ပြထားခြင်းဖြစ်ပါသည်။

The Voice Weekly အနေဖြင့် ဤနေရာမှ ထောက်ပြလိုသည်မှာ နိုင်ငံတည်ဆောက်ရေးသည် ကျော်ကြားမှု၊ နိုင်ငံနှင့် လူမျိုးအပေါ် စေတနာထားခြင်း သက်သက်နှင့် မလုံလောက်ဘဲ နိုင်ငံတည်ဆောက်ရေးဆိုင်ရာအရေးအရာများကို ပညာရှင်အဆင့်မဟုတ်သည့်တိုင် နားလည်အဓိပ္ပာယ်ကောက်ယူနိုင်သူများဖြစ်ရန်လည်း လိုအပ်သည်ဆိုသောအချက်ဖြစ်ပါသည်။

(၃-၈-၂၀၀၇)



# အသွင်သဏ္ဍာန်နှင့် အနှစ်သာရ

အသွင်သဏ္ဍာန်(Form)နှင့် အနှစ်သာရ(Context)တို့အနက် ဘယ်သင်းက အရေးကြီးသနည်းဆိုလျှင် နှစ်ခုစလုံးအရေးကြီးပါသည်ဟု ပြောရမည်ဖြစ်ပါသည်။ သို့သော် တစ်ခုကိုသာရွေးပါဟုဆိုလျှင် အနှစ်သာရကို ရွေးရလိမ့်မည်ဟုထင်ပါသည်။

မြန်မာနိုင်ငံတွင် မကြာမီပေါ်ပေါက်တော့မည့် အခြေခံဥပဒေနှင့် ပတ်သက်သော အခြေအနေအရပ်ရပ်ကိုကြည့်လျှင် အဆိုပါအခြေခံဥပဒေရေးဆွဲသော လုပ်ငန်းစဉ်များသည် အသွင်သဏ္ဍာန်ကိစ္စဖြစ်ပြီး အဆိုပါအခြေခံဥပဒေတွင်ပါဝင်မည့် ဒီမိုကရေစီအုတ်မြစ်နှင့် စံများသည် အနှစ်သာရကိစ္စဖြစ်သည်ဟု ဆိုနိုင်ပါသည်။

နိုင်ငံတော်သမ္မတကို ပြည်သူလူထုက ရွေးချယ်တင်မြှောက်သူကိုယ်စားလှယ် ၇၅ရာနိုင်နှုန်းပါဝင်သော လွှတ်တော်နှစ်ရပ်ပေါင်း (ပြည်ထောင်စုလွှတ်တော်)မှ ရွေးချယ်တင်မြှောက်ခြင်း၊ နိုင်ငံတော်သမ္မတသက်တမ်းကို ငါးနှစ်သက်တမ်းနှစ်ကြိမ်သာနန်းသာခွင့်ပြုထားခြင်း၊ လွှတ်တော်နှစ်ရပ်ထားရှိ၍ လူနည်းစုဖြစ်သူ တိုင်းရင်းသားများ၏အခွင့်အရေးကို ကာကွယ်ပေးထားခြင်း၊ အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုအာဏာနှင့် တရားစီရင်ရေးအာဏာသုံးရပ်ကို ပိုင်းခြားကျင့်သုံးထားခြင်း၊ အုပ်ချုပ်ရေးအာဏာကျင့်သုံးသည့်အပိုင်းကို စိစစ်ရမည့်လွှတ်တော်ရေးရာကော်မတီများထားရှိခြင်း စသည့် ဒီမိုကရေစီစံများသည် အသစ်ပေါ်ထွန်းလာမည့်အခြေခံဥပဒေ၏ အနှစ်သာရပိုင်းဖြစ်သည်။

ဆိုလိုသည်မှာ မိမိတို့လက်လှမ်းမမီသော အသွင်သဏ္ဍာန်ကိစ္စများဖြင့်အချိန်ကုန်မည့်အစား အနှစ်သာရပိုင်းဖြစ်သည့် ဥပဒေပြုအာဏာကျင့်သုံးသည့်လွှတ်တော်နှစ်ရပ်၏ အစည်းအဝေးများ တစ်နှစ်ပတ်လုံးကျင်းပ၍ လိုအပ်သောဥပဒေများပြဋ္ဌာန်းနိုင်ရေး၊ အခြေခံဥပဒေက ခွင့်ပြုထားသော လွှတ်တော်နှစ်ရပ်၏ ရေးရာကော်မတီများက အုပ်ချုပ်ရေးအာဏာကျင့်သုံးသည့် အဖွဲ့အစည်းကို စိစစ်သည့်လုပ်ငန်းများ ထိရောက်မှုရှိရေးတို့ကို ပိုင်းဝန်းကြိုးစားကြရေးသည်သာ လက်တွေ့ကျသော နိုင်ငံတည်ဆောက်ရေးဖြစ်သည်ဆိုသောအချက် ဖြစ်ပါသည်။

(၁၄-၇-၂၀၀၇)



# ကောက်ပွဲများနှင့် ကိုယ်စားပြုစနစ် (၂)မျိုး

မြန်မာနိုင်ငံတွင် အစဉ်အဆက်ကျင်းပခဲ့သောရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့သော ရွေးကောက်ပွဲနည်းစနစ်ကို ပညာရပ်ဆိုင်ရာအားဖြင့် First Past the Post (FPTP) ဟု ခေါ်ပါသည်။ တစ်နည်းအားဖြင့် Single Member District စနစ်ဟုလည်း ခေါ်ပါသည်။

ဆိုလိုသည်မှာ A နှင့် B တို့ ယှဉ်ပြိုင်ရာတွင် A က (၅၁) မဲရပြီး B က (၄၉) မဲရခဲ့လျှင်လည်း A ကပင် သိမ်းကျုံးအနိုင်ရသည့်သဘောဖြစ်သည်။ နောက်မဲဆန္ဒနယ်တစ်ခုတွင်လည်း အလားတူ A1 နှင့် B1 တို့ယှဉ်ပြိုင်ရာ A1 က (၅၁) မဲရပြီး B1 က (၄၉) မဲရလျှင် A1 ကပင် အနိုင်ရပြန်သည့်သဘောဖြစ်သည်။ First Past the Post ဆိုသည်မှာ တစ်မဲအသာဖြင့်နိုင်လျှင်လည်း အနိုင်ရသည့်သဘောဖြစ်ပြီး မြင်းပွဲဝေါဟာရကို ယူသုံးထားသည့်သဘော ဖြစ်ပါသည်။ ဤစနစ်သည် အဓိက ပါတီကြီးနှစ်ခုနှင့် တတိယပါတီငယ်တစ်ခုပုံသဏ္ဍာန်ကို ဖြစ်ပေါ်စေတတ်သည်ဟု ပညာရပ်ဆိုင်ရာကျွမ်းများကဆိုသည်။

အထက်ပါဥပမာ A များနှင့် B များ ယှဉ်ပြိုင်မှုကို ကမ္ဘာပေါ်တွင် အသုံးပြုသော နောက်တစ်နည်းဖြစ်သည့် Propotional Representation(PR) စနစ်ကို အသုံးပြုလျှင် လွှတ်တော်ပေါ်၌ အချိုးကျနေရာရကြမည်ဖြစ်ရာ A အုပ်စုက ၅၁ ရာနိုင်နှုန်း၊ B အုပ်စုက ၄၉ ရာနိုင်နှုန်းကိုယ်စားပြုခွင့် ရရှိမည့်သဘောဖြစ်သည်။ ဤစနစ်သည် ပါတီစုံပါဝင်နိုင်သည့်အနေအထား ပြတ်ပြတ်သားသားရှိသည်ဟုဆိုပါသည်။ ဤစနစ်သည် ညွန့်ပေါင်းအစိုးရများကို ဖြစ်ပေါ်စေတတ်သည်ဟုဆိုသော်လည်း မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့လျှင် အုပ်ချုပ်ရေးအာဏာနှင့် ဥပဒေပြုအာဏာကို သီးခြားခွဲထုတ်ထားသောကြောင့် ပြဿနာမရှိနိုင်ဟု ဆိုနိုင်ပါသည်။ ဤစနစ်တွင် အဓိကကျသောအချက်မှာ မဲပေးပုံစနစ်ကို ပြည်သူလူထု ယဉ်ပါးမှုရှိရေးပင်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံတွင် အခြေခံဥပဒေသစ်အတည်ပြုပြီးသည့်အခါ ရွေးကောက်ပွဲများကို တွေ့မြင်ရတော့မည်ဖြစ်ရာ ကိုယ်စားပြုမှုစနစ်နှစ်မျိုးကို ပညာရပ်ဆိုင်ရာ ရှုထောင့်မှ နှိုင်းယှဉ်ဖော်ပြခြင်းဖြစ်ပါသည်။

(၁၃-၈-၂၀၀၇)



# အကြောင်း အကျိုး

မြန်မာနိုင်ငံတွင် ၂၀၀၃ ခုနှစ်မှစ၍ အချက်(၇)ချက်ပါ ဒီမိုကရေစီလမ်းပြမြေပုံ ပေါ်ပေါက်လာခဲ့ပြီး အဆင့်(၁)ဖြစ်သည့် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပ ခဲ့ရာတွင် ယခုအခါ အမျိုးသားညီလာခံအောင်မြင်စွာပြီးစီး၍ လွန်ခဲ့သော ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူ ကြမ်းရေးဆွဲရေး ကော်မရှင်ကို ဖွဲ့စည်းခဲ့သည်ကို တွေ့ရပါသည်။

အဆိုပါအချက် (၇) ချက်ပါ လမ်းပြမြေပုံပေါ်ထွန်းလာခဲ့ခြင်း၏ အခြေခံအ ကြောင်း တရားများကိုလေ့လာကြည့်လျှင် မြင်သာထင်သာသော အကြောင်းတရားများကို အခြေခံ၍ အဆိုပါအကျိုးတရားဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်ကို သတိမူနိုင်ပါသည်။ အဆိုပါ အကျိုးတရားမှာ ၁၉၈၈ နောက်ပိုင်း ဆယ်နှစ်ကျော်ကာလအတွင်း ထူးခြားသောပြောင်းလဲ တိုးတက်မှုအနည်းငယ်အနက် တစ်ခုဖြစ်သည်ဟု မှတ်တမ်းတင်နိုင်ပါသည်။

အလားတူပင် မကြာသေးမီက နှစ်ပေါင်း ၂၀ အတွင်း ထူးခြားမှုကို မှတ်တမ်း တင်ရမည့် တွေ့ဆုံဆွေးနွေးရေးဆိုင်ရာ ကမ်းလှမ်းမှုတစ်ခုကိုလည်း မြင်တွေ့ခဲ့ရပါ သည်။ ဒေါ်အောင်ဆန်းစုကြည်က ၎င်းတို့အပေါ် လုပ်ဆောင်နေသော ပိတ်ဆို့လေးရပ် ရုပ်သိမ်းပါက ၎င်းကိုယ်တိုင်တိုက်ရိုက်တွေ့ဆုံစကားပြောမည်ဖြစ်ကြောင်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ကမ်းလှမ်းခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ တွေ့ဆုံစကားပြောရေး ဖြစ်ပေါ် လာခဲ့ခြင်း လေ့လာကြည့်လျှင်လည်း မြင်သာထင်သာသော အကြောင်းတရားများကို အခြေခံ၍ အဆိုပါအကျိုးတရား ဖြစ်ထွန်းလာခဲ့ခြင်းဖြစ်သည်ကို သတိမူနိုင်ပါသည်။

အမှန်အားဖြင့် ကျွန်ုပ်တို့၏ဘဝတွင် အကြောင်းအကျိုးကင်းသော ဖြစ်ရပ်ဟူ၍ မရှိသလောက်ပင်ဖြစ်ပြီး အကြောင်းအကျိုးများကို မြင်နိုင်ခြင်းရှိမရှိ မှာမူ လူသားတို့ ၏အသိဉာဏ်နှင့် သက်ဆိုင်သည်ဟု ပြောရမည်ဖြစ်ပေသည်။ အဓိက မီးမောင်းထိုး ပြလိုသည်မှာ အကြောင်းအကျိုးများကို ခွဲခြားသိမြင်နိုင်ပါလျှင် သင်ခန်းစာများ ကိုလည်း ဖော်ထုတ်ရယူနိုင်လိမ့်မည်ဆိုသော အချက်ပင်ဖြစ်ပါသည်။

(၁၉-၁၀-၂၀၀၇)

# အန်တီစုဆောင်းပါးများကိုကြိုဆို

စိုးရ... ကြေညာချက်အမှတ် ၁/၂၀၀၇ ဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံရန် ဗိုလ်...ချုပ်မှူးကြီးသန်းရွှေက ကမ်းလှမ်းခဲ့သောဖြစ်ရပ်သည် နှစ်ပေါင်း(၂၀)နီးပါးကြာမြင့်ခဲ့ပြီဖြစ်သော မြန်မာနိုင်ငံရေးအခက် အခဲများပြေလည်သွားနိုင်တော့မည့်လမ်းစဖြစ်ပြီး နိုင်ငံပိုင်သတင်းစာများက ဒေါ်အောင်ဆန်းစုကြည်အား အန်တီစုဟုခေါ်၍ 'မြန်မာ့သမိုင်းမှာအရေးပါတဲ့ အပြောင်းအလဲဖြစ်ပေါ်ဖို့ အခွင့်အရေးတစ်ရပ်အဖြစ်ရှုမြင့်သင့်ပါပြီ'ဟု ရေးသားဖော်ပြခဲ့သည်ကို တွေ့ရပါသည်။

မှန်ပါသည်။ မြန်မာနိုင်ငံတွင်အမျိုးသားစည်းလုံးညီညွတ်မှုကို မတည်ဆောက်နိုင်ဘဲ အုပ်စုတိုက်ပွဲများနှင့် နှစ်ပေါင်း(၂၀)နီးပါး ကုန်လွန်သွားခဲ့ရသော နိုင်ငံရေးအခြေအနေအရပ်ရပ်ကို နိုင်ငံပိုင်သတင်းစာများကပင် ပွင့်ပွင့်လင်းလင်းဝေဖန်ထောက်ပြလာသောကြောင့် ပြဿနာ၏အရင်းအမြစ်ကိုသိကြလျှင် ပြဿနာကို ဖြေရှင်းနိုင်တော့မည်ဟု The Voice Weekly က ယုံကြည်မျှော်လင့်လျက်ရှိပါသည်။ ၂၀-၁၀-၂၀၀၇ နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ယနေ့မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေအရပ်ရပ်နှင့်ပတ်သက်၍ 'နိုင်ငံနဲ့လူမျိုးအကျိုးစီးပွားကို ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတဲ့ ဒီကနေ့နိုင်ငံရေးအခြေအနေ' ဟူ၍ ရေးသားဖော်ပြလာခဲ့သည်ကို တွေ့ရပါသည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေအရပ်ရပ်ကို ယခင်က ပွင့်ပွင့်လင်းလင်းသုံးသပ်ဖော်ပြရန် အခြေအနေမပေးခဲ့သော အနေအထားမှ ယခုအခါ နိုင်ငံပိုင်သတင်းစာများမှနေ၍ အပြုသဘောဆောင်သင့်သည်များကို ဆောင်၍ ဝေဖန်သင့်သည်များကို ဝေဖန်ကာ ပွင့်လင်းသင့်သည်များကို ပွင့်လင်းလာခဲ့သောကြောင့် အဆိုပါ ပါရာဂိုင်းအသစ်နှင့်တကွ 'မျှော်လင့်လျက်ပါအန်တီစု' ဆောင်းပါးများကို ကြိုဆိုလိုက်ပါသည်။

ဤခေါင်းကြီး၏ နိဂုံးအဖြစ် အဆိုပါနိုင်ငံပိုင်သတင်းစာများ၏ ရေးသားဖော်ပြချက်တစ်ခုကို ကိုးကား၍ ဖော်ပြလိုပါသည်။

"ကျွန်တော်တို့ပြည်သူတွေကတော့ ရှေ့မတိုးနောက်မဆုတ် အခြေအနေက လွတ်မြောက်ပြီး အောင်အောင်မြင်မြင်ရှေ့ခရီးဆက်နိုင်မည့်အချိန်ကို အမှန်တကယ် မျှော်လင့်နေတာပါ။"

(၂၂-၁၀-၂၀၀၇)

# အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလ

ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟို အလုပ်အမှုဆောင်ကော်မတီဝင်များ တွေ့ဆုံဆွေးနွေးပွဲတစ်ပုံနှင့်အတူ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီမှတစ်ဆင့် ထုတ်ပြန်ခဲ့သော ထုတ်ပြန်ကြေညာချက်ကို ပုဂ္ဂလိကဂျာနယ်အချို့တွင် တွေ့မြင်ခဲ့ရသောကြောင့် များစွာအံ့အားသင့်မိကြောင်းနှင့် ထိုသို့ဖော်ပြခွင့်ပြုခဲ့ခြင်းကို အထူးပင်အသိအမှတ်ပြု ကြိုဆိုလိုက်ပါကြောင်း ဖော်ပြလိုပါသည်။

အမှန်အားဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ တတိယကမ္ဘာနိုင်ငံအများစုနှင့်မတူညီဘဲ အလားအလာများစွာရှိသောနိုင်ငံဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ တတိယကမ္ဘာ့နိုင်ငံအများစုမှာ နိုင်ငံတကာမှအကူအညီများမရရှိဘဲ မရှင်သန်နိုင်သောသဘောရှိပြီး ဖွံ့ဖြိုးတိုးတက်ရန်လည်း မျှော်လင့်ချက်အလွန်နည်းသော နိုင်ငံများဖြစ်ပါသည်။ မြန်မာနိုင်ငံသည် သယံဇာတများအပါအဝင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းနိုင်သော လူသားရင်းမြစ်များလည်းတည်ရှိနေသောနိုင်ငံဖြစ်ရာ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်သည်နှင့်အမျှ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အမြန်ဆုံးတည်ဆောက်နိုင်မည့် အလားအလာကောင်းများ တည်ရှိနေသောနိုင်ငံဖြစ်ပါသည်။

ထပ်မံ၍ပြောရပါလျှင် မြန်မာနိုင်ငံသည် ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေခဲ့ရခြင်းမှာ နိုင်ငံ၏သယံဇာတများ၊ လူသားအရင်းအမြစ်များနှင့် အခြားအလားအလာကောင်းများကို စနစ်တကျ အသုံးချရန် အခြေအနေမပေးဘဲ အချင်းချင်းမညီညွတ်မှုများနှင့် အချိန်ကုန်ခဲ့ကြခြင်းကြောင့်ဖြစ်ပါသည်။ ယနေ့မြင်တွေ့လာရသော သက်ဆိုင်သူအားလုံး၏ အမျိုးသားစည်းလုံးညီညွတ်ရေးဆိုင်ရာ အားထုတ်မှုအရပ်ရပ်သည် အထက်ပါမညီညွတ်မှုများကို အမြန်ဆုံးရပ်တန့်၍ နိုင်ငံကောင်းကျိုးကို အတူတကွ ဝိုင်းဝန်းပူးပေါင်းလုပ်ဆောင်ကြပါမည်ဟု အချက်ပြနေကြသည်ကို The Voice Weekly က မျှော်လင့်ယုံကြည်ပါသည်။

နိဂုံးချုပ်အနေဖြင့် "တစ်မျိုးသားလုံးအကျိုးစီးပွားအတွက် တွေ့ဆုံဆွေးနွေးခြင်းလုပ်ငန်းစဉ်အောင်မြင်သည်အထိ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် ကျွန်မဘက်က အသင့်ရှိနေပါတယ်"ဆိုသော ဒေါ်အောင်ဆန်းစုကြည်၏ ထုတ်ပြန်ကြေညာချက်ကို အထူးပင်လိုက်လှဲစွာကျေးဇူးတင် အသိအမှတ်ပြုလိုက်ပါကြောင်း ဖော်ပြလိုက်ပါသည်။

(၁၄-၁၁-၂၀၀၇)



# ဘာသာပြန်မလွဲရန် အရေးကြီး

မကြာသေးခင်က ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက ထုတ်ပြန်ခဲ့သော နိုင်ငံတော်အကြီးအကဲဖြစ်သူ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကာမ်းလှမ်းချက်ကြောင့် ပေါ်ထွန်းလာခဲ့သော အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလမ်းစနှင့် ရောင်နီသည် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပြန်ခဲ့ရသည့် ဒေါ်အောင်ဆန်းစုကြည်၏ ထုတ်ပြန်ချက်ကို အမျိုးမျိုးကောက်ယူဘာသာပြန်ခဲ့ကြသောကြောင့် ပြန်လည်ပျောက်ကွယ်သွားမည်ကို စိုးရိမ်သောကြောင့် ယခုခေါင်းကြီးကို ရေးသားဖော်ပြရခြင်းဖြစ်ပါသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီမှတစ်ဆင့် နိုဝင်ဘာလ ၈ ရက်နေ့က စင်ကာပူနိုင်ငံတွင် ထုတ်ပြန်ခဲ့သော ဒေါ်အောင်ဆန်းစုကြည်၏ အင်္ဂလိပ်ဘာသာဖြင့် ကြေညာချက်အပိုဒ်(၄) စာကြောင်းရေ (၄)တွင် အောက်ပါအတိုင်းဖော်ပြပါရှိပါသည်။

"it is my duty to give constant and serious considerations to the interests and opinions of as broad a range of political organizations and forces as possible, in particular those of our ethnic nationality races."

ထိုစာပိုဒ်ကို အဓိပ္ပာယ်အတိအကျဘာသာပြန်ဆိုရပါလျှင် "မြန်မာနိုင်ငံ၏ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ ဒီမိုကရေစီနည်းကျ ညီညွတ်စွာပူးပေါင်းဆောင်ရွက်ရေးအလို့ငှာလည်းကောင်း ကျယ်ပြန့်သောနိုင်ငံရေးပါတီနှင့် အဖွဲ့အစည်းများအားလုံး အထူးသဖြင့် တိုင်းရင်းသားလူမျိုးအသီးသီး၏ အကျိုးစီးပွားနှင့်သဘောထားများထင်ဟပ်ပါဝင်ခွင့်ရရှိရေးကိုလည်း ကျွန်မ၏တာဝန်သဖွယ်

တစ်သမတ်တည်းအလေးအနက်ခံယူထားပါကြောင်း။

'နိုင်ငံရေးအဖွဲ့အစည်းအားလုံးနှင့် တိုင်းရင်းသားလူမျိုးအသီးသ[illegible]ကျိုးစီးပွားနှင့် သဘောထားများနှင့်ပတ်သက်၍ ၎င်း၏တာဝန်ဖြစ်သည်[illegible]'ဟု ဘာသာပြန်လျှင် အဓိပ္ပာယ်တစ်မျိုးရမည်ဖြစ်ပြီး 'နိုင်ငံရေးအဖွဲ့[illegible]အားလုံး[illegible]နှင့် တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ အကျိုးစီးပွားနှင့် သဘောထားများ ထင်ဟပ်ခွင့်ရရှိရေးကိုလည်း ၎င်း၏တာဝန်သဖွယ်ခံယူသည်' ဟု ဘာသာပြန်လျှင် အဓိပ္ပာယ်တစ်မျိုးရမည်ဖြစ်သည်။

ပထမစာပိုဒ်ကိုကြည့်လျှင် တိုင်းရင်းသားများနှင့် နိုင်ငံရေးပါတီများကို ကိုယ်စားပြုရန် တာဝန်သဖွယ်ခံယူသည်ဟု အဓိပ္ပာယ်ရမည်ဖြစ်ပြီး ဒုတိယစာပိုဒ်ကိုကြည့်လျှင် ၎င်းတို့၏ အကျိုးစီးပွားနှင့်သဘောထားများပါဝင်ရေးကို ၎င်း၏တာဝန်သဖွယ်ခံယူသည်ဟု အဓိပ္ပာယ်ရပါသည်။

အဓိကဆိုလိုချင်သည်မှာ အင်္ဂလိပ်ဘာသာစာကြောင်းတစ်ကြောင်းကို ဘာသာပြန်ကောက်ယူမှု လွဲမှားခြင်းကြောင့်ဖြစ်ပေါ်ရန်ရှိသည့် ကောင်းကျိုး အရပ်ရပ် လမ်းလွဲမသွားစေရေးဖြစ်ပါသည်။

(၂၁-၁၁-၂၀၀၇)

## BURMA မှ မြန်မာသို့

လွန်ခဲ့သောလက စင်ကာပူနိုင်ငံတွင် ပြုလုပ်ခဲ့သော ASEAN-US SYMPOSIUM ၌ အမေရိကန်တို့က မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဘာလုပ်သင့်ပါသနည်း ဟု မေးမြန်းသောအခါ မြန်မာပညာရှင်တစ်ဦးက ပြန်ဖြေခဲ့သော အဖြေစကားတစ်ခွန်း မှာ စိတ်ဝင်စားစရာကောင်း၍ ဤနေရာမှ ပြန်လည်ဖော်ပြလိုပါသည်။ အဆိုပါပညာ ရှင်က အမေရိကန်တို့အနေဖြင့် ဆူပါပါဝါဖြစ်သည့် အားလျော်စွာ များများစားစား လုပ်နိုင်လိမ့်မည်ဟု မထင်ကြောင်း၊ တစ်ခုသာအကြံပေးလိုကြောင်း၊ 'မြန်မာနိုင်ငံကို BURMA ဟုမခေါ်ဘဲ မြန်မာဟုပြောင်းခေါ်ရန်ဖြစ်ကြောင်း' ပြောခဲ့ခြင်းဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလမ်းစ ပေါ်ထွန်းလာခဲ့ပြီဖြစ်ရာ ထိုအမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်တွင် gesture ခေါ် ကိုယ်အမူအရာ၊ နှုတ်အမူအရာများသည် Sense of genuineness ခေါ် နှစ်ဖက်ပြေလည်ရေးနှင့်ပတ်သက်၍ ခံယူချက်လေးနက်မှုကို ဖော်ပြနေသော ကြောင့် ယခုကဲ့သို့ ပြောရခြင်းဖြစ်ပါသည်။

Negotiation Theory ခေါ် ညှိနှိုင်းမှုဆိုင်ရာ သီအိုရီများတွင် နှစ်ဖက်ပြေလည်မှု အလားအလာကို တိုင်းတာသောစံများ၌ ယခုကဲ့သို့သော တရားဝင် gesture ခေါ် တရားဝင်အခေါ်အဝေါ်အသုံးအနှုန်းများ၊ မှတ်ချက်များ၊ အမှတ်တမဲ့ gesture ခေါ် အမှတ်တမဲ့ပြောဆိုသော အခေါ်အဝေါ်အသုံးအနှုန်းများ၊ မှတ်ချက်များကိုလည်း ထားမှ

ကြည့်၍ အကဲဖြတ်ကြလေ့ရှိပါသည်။ ဤ gesture ခေါ် ကိုယ်နှုတ်[illegible] မှုမမှန် လျှင်၊ ရှေ့နောက်မညီညွတ်လျှင် (Lacking consistency)နှစ်ဖက်ပြေ[illegible] အခက် အခဲရှိသောကြောင့်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြေလည်လိုသူ[illegible]စ်ဖက် ပြေလည်မှုရရှိနိုင်မည့် ကိုယ်အမူအရာ၊ နှုတ်အမူအရာများကို က[illegible]သည်[illegible]ရာ gesture မှုမမှန်လျှင် ပြေလည်လိုခြင်းမရှိဟု အဓိပ္ပာယ်ကောက်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအစိုးရဘက်မှ နိုင်ငံပိုင်သတင်းစာများတွင် ဒေါ်အောင်ဆန်းစုကြည် ဟု နာမည်အပြည့်အစုံဖော်ပြခြင်း၊ အာဘော်ဆောင်းပါးများတွင် အန်တီစုဟုခေါ်ဝေါ် သုံးနှုန်းခြင်းများသည် အပေါင်းလက္ခဏာဆောင်သော gesture ဟု မှတ်တမ်းတင်ရ မည်ဖြစ်ပါသည်။ အလားတူပင် ဒေါ်အောင်ဆန်းစုကြည်ဘက်မှလည်း မြန်မာနိုင်ငံနှင့် ပတ်သက်၍ ခေါ်ဝေါ်သုံးနှုန်းရာတွင် Burma အစား Myanmar ဟု ခေါ်ဝေါ်သုံး နှုန်း၍ မိမိဘက်မှ gesture ကို ပြသရန်တာဝန်ရှိသည်ဟု တိုက်တွန်းလိုပါသည်။

ပွင့်ပွင့်လင်းလင်းပြောရလျှင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် အမှတ်တမဲ့ Burma ဟု ခေါ်ဝေါ်သုံးနှုန်းမိခြင်းကြောင့် ဖြစ်ပေါ်ရန်ရှိသည့် အလားအလာများ ပျောက်ကွယ်သွားမည်ကို စိုးရိမ်မိ၍ ယခုခေါင်းကြီးမှ မီးမောင်းထိုး ဖော်ပြလိုက်ရ ခြင်းဖြစ်ပါသည်။ Reciprocity ခေါ် အပြန်အလှန်ဆက်ဆံရေးဆိုသည်မှာ မိမိဘက်က တစ်ဖက်သတ်စတင်မှသာ ဖြစ်နိုင်သည်ကို အလေးအနက်ထားသင့်ပါကြောင်း။

(၂၈-၁၁-၂၀၀၇)



# အခြေခံဥပဒေမူကြမ်းနှင့် ပြည်သူတို့၏ အခန်းကဏ္ဍ

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်မူကြမ်းရေးဆွဲရေးလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများက ရေးသားဖော်ပြခဲ့သောကြောင့် လမ်းညွှန်မြေပုံ၏အဆင့်သုံးသို့ရောက်ရှိနေပြီဖြစ်ပြီး မကြာမီအခြေခံဥပဒေမူကြမ်း ထွက်ပေါ်လာတော့မည်ဖြစ်ကြောင်းသိရပါသည်။

မှတ်မိသလောက်ပြောရလျှင် ၁၉၇၄ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းကို ပထမမူကြမ်း၊ ဒုတိယမူကြမ်း၊ တတိယမူကြမ်းအဖြစ် အကြိမ်ကြိမ်ပြင်ဆင်ရေးဆွဲပြီးနောက် အဆိုပါအခြေခံဥပဒေမူကြမ်းစာအုပ်များကို ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့်ချပြကာ ဆွေးနွေးစေခဲ့သောဖြစ်စဉ်တစ်ရပ်ရှိခဲ့သည်။ ဤသည်မှာပင်လျှင် အခြေခံဥပဒေသစ်ထွက်ပေါ်လာရေးအတွက် ပြည်သူလူထု ထိထိရောက်ရောက်ပါဝင်နိုင်သော တစ်ခုတည်းသောလုပ်ငန်းအဆင့်ဖြစ်ပါသည်။ ၁၉၇၄အခြေခံဥပဒေကို ရေးဆွဲခဲ့သည့်အချိန်က ကမ္ဘာကြီးသည် စစ်အေးတိုက်ပွဲ အတွင်းပိတ်မိနေခဲ့ပြီး ယခုကဲ့သို့ Globalization ဟုခေါ်ကြသည့် ဖြစ်စဉ်များလည်း မရှိခဲ့သေးသောကြောင့် ထိုစဉ်က ချပြခဲ့သော အခြေခံဥပဒေကို ပြည်သူလူထုအနေဖြင့် ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းနည်းခဲ့ကြသည်ဟု ဆိုနိုင်ပါသည်။

ယခုအခါအသစ်ဖြစ်ပေါ်လာသော အင်တာနက်အပါအဝင် **Globalization** ဖြစ်စဉ်ကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် နိုင်ငံတကာအကြားကူးသန်းမှုများ အထူးများပြားလာခြင်းကြောင့်လည်းကောင်း မြန်မာပြည်သူလူထုအနေဖြင့် ယခင်ကထက် ပိုမိုချွဲခြမ်းစိတ်ဖြာနိုင်စွမ်းမြင့်တက်လာပြီဟုဆိုနိုင်ပါသည်။ ထို့အပြင် အဆိုပါ

အခြေခံဥပဒေဆိုင်ရာဘာသာရပ်ကို ကမ္ဘာကျော်တက္ကသိုလ်ကြီးများ[illegible]ယူလာသော မြန်မာပညာရှင်များလည်း ပြည်သူလူထုအတွင်း ပေါ်ပေါက်[illegible]အသစ်ပေါ်ထွက်လာမည့် အခြေခံဥပဒေမူကြမ်းကို ပြည်သူလူထုအကြားများ[illegible]ကျယ်ပြန့်ပြန့်ဆွေးနွေးအေသည့်လုပ်ငန်းစဉ်သည် ၁၉၇၄ခုနှစ်ကထက် ပိုမိုစိ[illegible]းစရာကောင်းမည်ဟု ယူဆရပေသည်။

ကျွန်ုပ်တို့မီဒီယာများအနေဖြင့်လည်း ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ် မူကြမ်းထွက်ပေါ်လာသောအခါ နိုင်ငံ၏ရေရှည်အကျိုးစီးပွားအလို့ငှာတပ်မတော်အစိုးရ၏ လိုလားချက်ဖြစ်သော "အမျိုးသားနိုင်ငံရေးတွင် တပ်မတော်၏ဦးဆောင်မှု အခန်းကဏ္ဍနှင့်အခြေခံမူများ"ကို မထိပါးဘဲ အပြုသဘောဆောင်သည့် ဆွေးနွေးတင်ပြခွင့်များ ရရှိလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

(၈-၁၂-၂၀၀၇)

# အခြေခံဥပဒေသစ်နှင့် ကျွန်ုပ်တို့၏တာဝန်

မကြာမီရေးဆွဲပြီးစီးမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်မူကြမ်းကို ၂၀၀၈ ခုနှစ်၊ မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုတော့မည်ဖြစ်ကြောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) က လက်မှတ်ရေးထိုး၍ ထုတ်ပြန်ခဲ့သည်ကိုတွေ့ရပါသည်။

ပြည်သူလူထုအနေဖြင့် မိမိတို့ မဲဆန္ဒပေးရမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်မူကြမ်းကို အသေအချာလေ့လာခွဲခြမ်းစိတ်ဖြာ၍ ဘက်လိုက်မှုကင်းကင်းဖြင့် စနစ်တကျသုံးသပ်ရန် တာဝန်ရှိသည်ဟု The Voice Weekly က တိုက်တွန်းလိုပါသည်။

အခြေခံဥပဒေမူကြမ်းကို ထုတ်ပြန်မကြေညာရသေးသော်လည်း အဆိုပါအခြေခံဥပဒေရေးဆွဲရန် ကိုးကားရမည့်မူကြမ်းနီးပါး ပြည့်စုံသော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများစာအုပ်ကို ပြန်ကြားရေးဝန်ကြီးဌာနက ပုံနှိပ်ထုတ်ဝေကာ ရောင်းချလျက်ရှိပါသည်။

အဓိကပြောလိုသည်မှာ အသေးစိတ်ခွဲခြမ်းစိတ်ဖြာ၍ အကြောင်းအကျိုးဖြင့် မဝေဖန်ဘဲ အကြမ်းဖားဝေဖန်မှုများသည် ရနိုင်ချေရှိသည့် အခွင့်အရေးများကို အဟန့်အတားဖြစ်စေနိုင်သည်ဆိုသော အချက်ဖြစ်ပါသည်။ အရေးကြီးသည်မှာ မည်သည့်အချက်များသည် အခြေခံဥပဒေများ၏ ထုံးတမ်းစဉ်လာများနှင့် ညီညွတ်သည်၊ မည်သည့်အချက်များသည် လက်တွေ့ကျ၍ လက်ခံရမည်၊ မည်သည့်အချက်များသည်

Good Governance ဖြစ်ပေါ်ရေးကို အထောက်အကူပြုသည်၊ မ[illegible]ချက်က အဘယ်ကြောင့်မပြု စသည်ဖြင့် ခွဲခြမ်းစိတ်ဖြာနိုင်ရေးဖြစ်ပါသည်။

အထူးသဖြင့် အချုပ်အခြာအာဏာသုံးရပ်ကို ပိုင်းခြားကျင့်သုံး[illegible]ကြောင့် လောလောဆယ် တစ်ပေါင်းတည်းကျင့်သုံးခြင်းနှင့် မတူညီသော[illegible]သိမ်းပုံ [illegible]ပြောင်းလဲမှု (Structural Change)ဖြစ်ရာ ဆက်လက်၍ Institutional Change ဖြစ်ခြင်းမှာ ပေါ်ထွန်းလာမည့် လွှတ်တော်နှစ်ရပ်နှင့် ပြည်သူများအပေါ် မူတည်ပါသည်။

ယခုအခြေခံဥပဒေသည် နိုင်ငံနှင့် နိုင်ငံသားတို့၏ အနာဂတ်ဘဝအတွက် အရေးကြီးသည်ဖြစ်ရာ တစ်ခုလုံးသဘောကို ဆင်ခြင်နိုင်ရန်လိုအပ်သကဲ့သို့ တစ်ခုချင်းသဘောလည်း တစ်ဆီထုတ်နုတ်ကြည့်ရှုစေခန်းကြပါမည့်အကြောင်း ဖြစ်ပါသည်။

(၁၁-၂-၂၀၀၈)

# နိုင်ငံရေးမြင်ကွင်းသစ်

[illegible]စည[illegible]ပုံအခြေခံဥပဒေသစ်ကို အတည်ပြုရန်အသင့်ရှိနေပြီဖြစ်၍ ရှေ့လာမည့်လများ[illegible] ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်အရ ရွေးကောက်တင်မြှောက်မည့် ရွေးကောက်ပွဲများကို မကြာမီမြင်တွေ့ကြရတော့မည်ဖြစ်ပါသည်။ အဆိုပါ နိုင်ငံရေးဖြစ်စဉ်များသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း မွေးဖွားလာကြသော မျိုးဆက်သစ်လူငယ်များအတွက် အသစ်အဆန်းများဖြစ်သည်ဟုဆိုလျှင် မှားမည်မဟုတ်ပေ။

အဆိုပါနိုင်ငံရေးအခြေအနေသစ်များနှင့်ပတ်သက်၍ Supply Side နှင့် Demand Side ဟူ၍ နှစ်မျိုးနှစ်စားရှိသည့်အနက် Supply Side မှ ခွင့်ပြုမည့် အခြေအနေသစ်မှာ နိုင်ငံတကာနှင့်မတူ တစ်မူထူးခြားသော 'စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်' ဖြစ်သော်လည်း တစ်ဖက် Demand Side တွင်ရှိနေမည့် အရာများမှာ နိုင်ငံတကာနည်းတူ နိုင်ငံရေးပါတီများ၊ အုပ်စုများ၊ အုပ်စုကွဲများ၊ ပါတီနိုင်ငံရေးနှင့် နိုင်ငံရေး၏ တရားကိုယ်သဘောဖြစ်သည့် Dirty Politics စသည်တို့ဖြစ်သောကြောင့် ၎င်းကိစ္စရပ်များကိုမူ နိုင်ငံတကာနည်းတူ စိတ်လှုပ်ရှားဖွယ်မြင်တွေ့ကြရမည်ဖြစ်သည်။

စနစ်အမျိုးမျိုးနှင့်ပတ်သက်၍ပြောကြလျှင် သီအိုရီသဘောအရ ဦးတည်၍ အကျိုးပြုရမည့် Beneficiary ခေါ် အကျိုးခံစားခွင့်ရှိသူများမှာ ပြည်သူလူထုသာလျှင်ဖြစ်ရာ ပြည်သူလူထု၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ပြည်သူလူထု၏ အမှန်တကယ်အကျိုးကျေးဇူးခံစားရရှိရေးကို လက်တွေ့ဆောင်ကြဉ်းနိုင်ခြင်းရှိ၊ မရှိ ပေတံဖြင့် ချိန်ခြမ်းစိတ်ဖြာနိုင်ရေးသည် လာမည့်ကာလများတွင် မည်သို့သော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများရှေ့တန်းသို့ရောက်ရှိလာမည်ဆိုသောအချက်ကို ပြဋ္ဌာန်းသွားတော့မည် ဖြစ်သည်။ အထူးသဖြင့် မည်မျှကိုယ်ကျိုးကင်းစွာစည်းလုံးညီညွတ်မှုရှိသည်ဆိုသော အချက်က အနာဂတ်တွင် မည်သည့်အတိုင်းအတာအထိ ပြည်သူလူထု၏ လိုအင်ဆန္ဒများ ပြည့်ဝစေသည် ဆိုသောအချက်ကို ပြဋ္ဌာန်းသွားလိမ့်မည်ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်ဟုခေါ်သည့် အမျိုးသား လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်နှစ်ရပ်တွင် မြန်မာနိုင်ငံ၌နှစ်ပေါင်းများစွာ ပျောက်ကွယ်နေခဲ့သော 'အတိုက်အခံပါတီ' ဆိုသော ပါတီများကို အခြေခံဥပဒေသစ်အရ တရားဝင် မြင်တွေ့ရတော့မည်ဖြစ်ရာ များစွာစိတ်လှုပ်ရှားဖွယ်ဖြစ်ကြောင်း ဖော်ပြလိုပါသည်။

(၁၁–၈–၂၀၀၈)



# အလေ့အထကောင်းတစ်ခု

၂၀၀၈၊ စက်တင်ဘာ ၂၆၊ သောကြာနေ့က အမေရိကန်သမ္မတလောင်းနှစ်ဦး၏ ပထမဆုံး Presidential Debate ခေါ် စကားအချေအတင်ပြောဆိုပွဲကို ကျင်းပခဲ့ရာ ကမ္ဘာလုံးက ကြည့်ရှုခွင့်ရခဲ့သည်။ ထုံးစံအရ သမ္မတလောင်းနှစ်ဦးက နှစ်ကြိမ်၊ ဒုတိယသမ္မတလောင်းနှစ်ဦးက နှစ်ကြိမ် ထိုသို့ပြောဆိုကြခြင်းဖြစ်ရာ ၎င်းတို့ကိုအသေအချာ အသေးစိတ်မသိသေးသူ ပြည်သူများအနေဖြင့် မည်သူမည်သို့ရှိသည်ဆိုသော အချက်များကို အကဲခတ်ခွင့်ရကြခြင်းဖြစ်ပေသည်။

ပထမဆုံးသမ္မတလောင်းနှစ်ဦး စကားအချေအတင်ပြောဆိုခြင်းကို နာမည်ကျော်သတင်းစာဆရာတစ်ဦးက Facilitator အဖြစ်ဆောင်ရွက်၍ မေးခွန်းများမေးပေးခြင်း၊ အချိန်ထိန်းခြင်း စသည်များကို ကျွမ်းကျင်စွာဆောင်ရွက်သွားခဲ့သည်ကို စိတ်လှုပ်ရှားဖွယ် မြင်တွေ့ခဲ့ရပါသည်။

မြန်မာနိုင်ငံတွင်လည်း ၂၀၁၀ ခုနှစ်တွင် သမ္မတလောင်းသုံးဦးကို အခြေခံဥပဒေနှင့်အညီ Electoral College ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်က မဲပေး၍ ရွေးချယ်တော့မည်ဖြစ်သည်။ သမိုင်းတွင်ထူးခြားသည့် အဆိုပါသမ္မတရွေးချယ်ပွဲတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တပ်မတော် စသည့် အစုအဖွဲ့များကတင်သွင်းသော သမ္မတလောင်းသုံးဦးသည် မည်သို့သောပုဂ္ဂိုလ်များဖြစ်သည်၊ မည်သို့သော Personality ရှိသည်၊ မည်သို့သောစိတ်ထားသဘောထားရှိသည် စသည်များကို သိရှိနိုင်ရန် ယခုကဲ့သို့ စကားအချေအတင်သဘောမဟုတ်သည့်တိုင် ရုပ်မြင်သံကြားမှ ပြည်သူကို မိန့်ခွန်းပြောစေပြီးမှ သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ (ပြည်ထောင်စုလွှတ်တော်) က မဲခွဲဆုံးဖြတ်စေခဲ့လျှင် ပိုမို၍အဓိပ္ပာယ်ရှိသော အသွင်သဏ္ဌာန် ဖြစ်ပေါ်လာမည်ဟု မျှော်လင့်မိခြင်းဖြစ်ပါသည်။

ဤအလေ့အထမှာ ပြည်သူနှင့်နိုင်ငံတော်သမ္မတလောင်းများအကြား မမြင်ရသော သံယောဇဉ်နှောင်ကြိုးတစ်ခုကိုလည်း ဖြစ်စေရာ ပြည်သူအများကလည်း လိုလားနှစ်မြို့လိမ့်မည်ဟု ယုံကြည်ထားပါကြောင်း ဖော်ပြလိုက်ရပါသည်။

(၂၇-၉-၂၀၀၈)



# ဒီမိုကရေစီ

လွန်ခဲ့သောရက်ပိုင်းက အမေရိကန်ပြည်ထောင်စုတွင် ဖြစ်ပေါ်ခဲ့သော Credit Crisis ကိုကာယ်တင်ရန် အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀၀ ရှိသည့် ငွေကြေးသုံးစွဲခွင့်ကို သမ္မတဘွတ်ရှ်၏ ရီပတ်ဘလီကန်အစိုးရကိုယ်စား အမေရိကန်ဘဏ္ဍာရေးဝန်ကြီးက တင်ပြခဲ့ရာ အောက်လွှတ်တော် ရီပတ်ဘလီကန်များကပင် ကန့်ကွက်ခဲ့သောကြောင့် ပြင်ဆင်ရေးသားပြီး ဒုတိယအကြိမ် ပြန်လည်တင်သွင်းမဲခွဲရာ ဥပဒေအဖြစ်အတည်ဖြစ်သွားခဲ့သည်။

အထက်ပါအဖြစ်အပျက်သည် ဒီမိုကရေစီဆိုသောစနစ်၏ အနှစ်သာရကို များစွာထင်ဟပ်နေသောကြောင့် ဤနေရာမှယပ်မံ၍ မီးမောင်းထိုးပြလိုခြင်းဖြစ်ပါသည်။ အထက်ပါအဖြစ်အပျက်က ညွှန်ပြနေသော အချက်များမှာ–

(၁) သမ္မတဘွတ်ရှ်နှင့် ၎င်း၏ ရီပတ်ဘလီကန်အစိုးရသည် နိုင်ငံပိုင်ငွေ ဒေါ်လာဘီလီယံ ၇၀၀ ကို ၎င်းတို့ဆန္ဒအရ သုံးစွဲခွင့်မရှိသောကြောင့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန် အဆိုတင်သွင်းရသည်။

(၂) အဆိုပါ ဒေါ်လာဘီလီယံ ၇၀၀ သုံးစွဲခွင့်ကို လွှတ်တော်နှစ်ရပ်က ဥပဒေအဖြစ်ခွင့်ပြုပေးရသည်။ လွှတ်တော်နှစ်ရပ်မှ ဥပဒေအဖြစ်ပြဋ္ဌာန်းမပေးလျှင် သုံးစွဲခွင့်မရှိ။

(၃) ရီပတ်ဘလီကန်အစိုးရက တင်သွင်းသော ဥပဒေကြမ်းကို အောက်လွှတ်တော်ရီပတ်ဘလီကန်များက ကန့်ကွက်သောကြောင့် ပထမအကြိမ် အဆိုတင်သွင်းမှု ဥပဒေအဖြစ် အထမမြောက်သည်ကို ကြည့်လျှင် ပါတီ၏အရေးနှင့် နိုင်ငံ၏အရေး မည်သည့်အရာကို ဦးစားပေးကြသည်ဆိုသောအချက်ကို မြင်နိုင်သည်။

၂၀၁၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းမည့်အခြေခံဥပဒေသစ်အရ ပေါ် [illegible] အုပ်ချုပ်ရေးပုံသဏ္ဌာန်အသစ်သည် အထက်ပါအခြေအနေမျိုးကို မြန်မာနိုင်ငံ [illegible] သုံးရန် အမျိုးလာခြင်းဖြစ်ပါသည်။ မည်မျှပီပြင်သနည်းဆိုသောအချက် [illegible] Law Maker ခေါ် ကိုယ်စားလှယ်များ မည်မျှအရည်အချင်းရှိကြသနည်း၊ မည်သို့ [illegible] နည်းနှင့် လွှတ်တော်ပေါ်သို့ ရောက်ရှိလာသနည်း၊ Congressional Law ခေါ် လွှတ်တော်လုပ်ထုံးလုပ်နည်းဥပဒေ မည်သို့ရှိသနည်း စသည်တို့အပေါ်တွင် မူတည်ပါလိမ့်မည်။

သို့သော် များစွာသေချာသည်မှာ ၂၀၁၀ ပြည့်နှစ်မှစ၍ အုပ်ချုပ်ရေးယန္တရား၏ ဆောင်ရွက်ချက်အသီးသီးသည် '× × × ဥပဒေ၊ ပုဒ်မ × × ×၊ ပုဒ်မခွဲ × × × တွင်ဖော်ပြထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍' ဆိုသော စာတိုင် မဖြစ်မနေထည့်သွင်း၍ ကျင့်သုံးရတော့မည်ဆိုသောအချက်ဖြစ်သည်။ ထိုသို့ ဥပဒေအရအပ်နှင်းထားသောလုပ်ပိုင်ခွင့် ဟုတ် မဟုတ်စောင့်ကြည့်ရန် လွှတ်တော်နှစ်ရပ်တွင် ကော်မတီများရှိပါလိမ့်မည်။ ဥပဒေမရှိသောကြောင့်၊ ဥပဒေခေတ်မမီသောကြောင့် 'မူ'အစား'လူ'က ဆုံးဖြတ်ရပါသည်ဟု ရေးရာကော်မတီများကတွေ့ရှိလျှင် လွှတ်တော်နှစ်ရပ်က ဥပဒေအဖြစ်ပြုပေးရပါလိမ့်မည်။ ခေတ်မမီလျှင် ခေတ်မီအောင် Amendment ပြုလုပ်ရပါလိမ့်မည်။

ဤသည်ပင်လျှင် Check and Balance ဟု ခေါ်သည့် Political Process ဖြစ်ပေတော့သည်။

အထက်ပါအဖြစ်အပျက်သည် ဒီမိုကရေစီဆိုသောနေစ်၏ အနှစ်သာရကို များစွာ ထင်ဟပ်နေသောကြောင့် ဤနေရာမှ ထပ်မံ၍ မီးမောင်းထိုးပြလိုခြင်း ဖြစ်ပါသည်။

(၂၀-၁၀-၂၀၀၈)

# သူ့ရေးရာဝန်ဆောင်မှုကောင်းများ ထွက်ပေါ်ရေး

ပြည်သူ့ရေးရာမူဝါဒများ၊ ပြည်သူ့ရေးရာဝန်ဆောင်မှုများနှင့် ပတ်သက်၍ ပြောရလျှင် ယနေ့ကမ္ဘာပေါ်တွင် စံပြုလောက်သောနိုင်ငံမှာ စင်ကာပူနိုင်ငံဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုကဲ့သို့ နိုင်ငံကြီးများနှင့် နှိုင်းယှဉ်လျှင်မူ စင်ကာပူနိုင်ငံမှ ထောက်ပံ့သော Scope ခေါ် နယ်ပယ်များမှာ ကျယ်ပြန့်လွန်းသောကြောင့် စင်ကာပူသည် Scope ရော Strength ပါ အရည်အသွေးရှိသောနိုင်ငံအဖြစ် အသိအမှတ်ပြုရမည်ဖြစ်ပေသည်။

အမှန်အားဖြင့် စင်ကာပူနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်၊ ပါတီစုံလွှတ်တော်စနစ် စသည်များကို လက်ခံကျင့်သုံးသောနိုင်ငံမဟုတ်ပါ။ ပြည်သူ့ရေးရာမူဝါဒ၊ ပြည်သူ့ရေးရာဝန်ဆောင်မှုများနှင့်ပတ်သက်၍ပြောရလျှင် အဆုံးအဖြတ်ပေးသူမှာ အစိုးရဖြစ်ပြီး အဆုံးအဖြတ်မပြုရသေးမီအဆင့်အားလုံးသည် ပြည်သူလူထုအားလုံးနှင့်လည်း သက်ဆိုင်သောအဆင့် ဖြစ်ပါသည်။ ဤကိစ္စမှာ ပြည်သူ့ရေးရာမူဝါဒများနှင့် ပတ်သက်၍ Universal ဟု ပြောရမည့်သဘောတရားဖြစ်သော်လည်း နိုင်ငံများစွာတို့သည် ဤသဘောတရားကို လက်တွေ့နယ်ပယ်တွင် လက်မခံနိုင်ကြသောကြောင့် ပြည်သူ့ရေးရာမူဝါဒကောင်းများ၊ ပြည်သူ့ရေးရာဝန်ဆောင်မှုကောင်းများ ထွက်ပေါ်နိုင်ခြင်းမရှိသည်ကို တွေ့ရသည်။

အမှန်အားဖြင့် ပြည်သူ့ရေးရာမူဝါဒကောင်းများရှိနေသောနိုင်ငံများတွင် အစိုးရများသည် အဆိုပါ Idea များကို ပြည်သူလူထု သို့မဟုတ် ပညာရှင်များ၊ ဉာဏ်ကြီးရှင်အဖွဲ့များထံမှ ဦးနှောက်ဖောက်စားထားကြခြင်းသာဖြစ်လေသည်။

မြန်မာနိုင်ငံတွင် ဤသို့သော ပြည်သူ့ရေးရာမူဝါဒများ၊ ပြည်သူ့ရေးရာဝန်ဆောင်မှုများသည် အစိုးရနှင့်သာသက်ဆိုင်သောကိစ္စဟု ခံယူထားသူအများစု ရှိနေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၀ မှစ၍ ပါတီစုံပါဝင်သော နိုင်ငံရေးစနစ်ကို အခြေခံဥပဒေသစ်က ခွင့်ပြုထားရာ စနစ်သစ်နှင့် လူကောင်းများမည်သို့တွဲဖက်သည်ဆိုသော အချက်များကို ထောက်ပြပြောဆိုရန်ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုသောအချက်များကို ပြန်လှန်းလိမ့်မည်ဖြစ်ပေသည်။

(၁၆-၁၂-၂၀၀၀)



# From 'STATE' to 'STATENESS'

စင်စစ်အားဖြင့် နိုင်ငံတော်တည်ဆောက်ရေးဆိုသည်မှာ ပုဂ္ဂလိကများတစ်ဦးချင်းကို ၎င်းတို့၏ အထွေထွေအလို့ငှာ မက်လုံးများပေး၍ အလုပ်လုပ်စေပြီး အဆုံးတွင် ၎င်းတို့တစ်ဦးချင်းလည်း ပန်းတိုင်ရောက်၊ ၎င်းတို့၏လူ့အဖွဲ့အစည်းလည်း ပန်းတိုင်ရောက် ဆိုသောသဘောတရားပင် ဖြစ်ပါသည်။

အထွေထွေအလို့ငှာပေးသော မက်လုံးများဆိုသည်ကို နိုင်ငံရေးဘောဂဗေဒနယ်ပယ်တွင် (Property Rights)ပုဂ္ဂလိက ပစ္စည်းပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းခွင့်၊ အမြတ်အစွန်းထုတ်ယူခွင့်များကို ဆိုလိုပါသည်။ တစ်ဖက်တွင်လည်း ပုဂ္ဂလိက တစ်ဦးချင်းက ၎င်းတို့၏ တစ်ဦးချင်းကိုယ်ကျိုးစီးပွားကို အလွန်အကျွံ အကောင်အထည်ဖော်မှုများမပြုလုပ်နိုင်စေရန် 'ကစားပွဲစည်းမျဉ်း'များ (Institutions) ပြဋ္ဌာန်းရန်လိုအပ်သည့်အတွက် 'အစိုးရ' ဆိုသူများ ပေါ်ပေါက်လာခဲ့သည်။ Institutions များ၊ Stakeholders များနှင့် အစိုးရဆိုသူတို့ကိုပေါင်း၍ 'STATE' ခေါ် နိုင်ငံတော်ဆိုသောအသုံးအနှုန်းကို နိုင်ငံရေးသိပ္ပံတွင် သုံးနှုန်းသော်လည်း များသောအားဖြင့် အစိုးရများက ၎င်းတို့ကိုယ်၎င်းတို့ STATE ဟုထင်မှတ်သုံးစွဲလာခဲ့သည်ကိုလည်းတွေ့ရသည်။ နောက်ပိုင်းတွင် နာမည်ကျော် ပါမောက္ခ ဖရန့်စစ်ဖူကူယားမားအပါအဝင် နိုင်ငံရေးသိပ္ပံပညာရှင်များက Institutions များ၏ အရည်အသွေးကိုမြှင့်တင်ပြီး ကစားပွဲစည်းမျဉ်းများနှင့် ကြီးကြပ်နိုင်စွမ်းရှိသောအစိုးရများကိုပေါင်း၍ STATENESS ဟု ပိုမိုထင်ရှားစေရန် သုံးနှုန်းလာခဲ့သည်ကို တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ 'နိုင်ငံတော်' ဆိုသူများသည် ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်မှုကို အကာအကွယ်ပေးရန် (Property Rights) ကစားပွဲစည်းမျဉ်းများသတ်မှတ်ပြဋ္ဌာန်းကြီးကြပ်ပေးရန် (Institutionalization)၊ ဝင်ငွေခွဲဝေမှု မညီမျှ ခွဲဝေမှုမျှတစေရန် (Redistribution)၊ (Income Distribution) ပြည်သူ့ရေးရာဝန်ဆောင်မှုများ ထောက်ပံ့ပေးနိုင်ရန် (Public Goods) လိုအပ်ချက်အရ ပေါ်ပေါက်လာရသည်။

နိုင် [illegible] ၊်ပြခဲ့သည့် နိုင်ငံတည်ဆောက်ရေးဆိုသောအချက်ကို 'STATE' ဟုခေါ် [illegible] ဆောက်ကိုပါ ထည့်သွင်းရှင်းလင်းရမည်ဆိုလျှင် နိုင်ငံတော်က လူတစ်ဦးချင်း [illegible] ၊ အကျိုးအမြတ်ဆိုင်ရာ မက်လုံးများ ပေး၍ လူတိုင်းကို အလု[illegible]လုပ်စေပြ [illegible] ဦးချင်းလည်း ပန်းတိုင်ရောက်၊ နိုင်ငံတော်လည်း ပန်းတိုင် ရောက် ရိုင်း၀န်းတည်ဆောက်ရေးကို ဆိုလိုပေသည်။ သို့သော်လည်း လက်တွေ့တည်ဆောက်ရေးတွင် ရှ ဘိုင်းက အလုပ်ကြိုးစားကြခြင်း မရှိသကဲ့သို့ နိုင်ငံတော်ကလည်း လူတိုင်းကို ပါ၀င်အလုပ်လုပ်ခွင့်ပေးကြသည်မဟုတ်ပါ (Economic Rent)။ တစ်ခါတစ်ရံ လူတိုင်းကို အလုပ်လုပ်ခွင့်ပေးချင်သည့်တိုင် ကုန်လုပ်စွမ်းအားစုများ အသင့်မရှိသည့်အခါ အကန့်အသတ်ဖြင့် မည်သူ့ကိုခွင့်ပြုမည်ဆိုသောကိစ္စကို ဆုံးဖြတ်ရန် လိုအပ်လာခဲ့သည် (Rent Seeking)။

နိုင်ငံတည်ဆောက်ရေးသည် အချိန်ကာလတစ်ခုကြာလာသောအခါ နိုင်ငံတော်၊ အစိုးရ၊ အလုပ်လုပ်သူများ၊ အလုပ်မလုပ်သူများ၊ လုပ်စရာမရှိသူများ၊ လုပ်စရာတစ်ခုခု မကျွမ်းကျင်သူများ အမျိုးမျိုးရှိလာသောကြောင့် အုပ်စိုးသူ လူတန်းစား၊ လူလတ်တန်းစားနှင့် အခြေခံလူတန်းစားဟူ၍ အပိုင်း (၃) ပိုင်းကွဲပြားလာခဲ့သည်။ Marxist သီအိုရီများအရ လူတန်းစားများ အပေါ်သို့ဆန့်တက်သည့်သဘောရှိရာ နိုင်ငံတည်ဆောက်ရေးတွင် လူလတ်တန်းစားများအပေါ် တက်ခွင့်အလို့ငှာ ရွေးကောက်ပွဲများ ကျင်းပပေးရသည်။ ပြေလည်သည်များရှိသကဲ့သို့ မပြေလည်မှုများလည်း ရှိခဲ့ပေသည် (Class Struggle)။

မည်သို့ပင်ဖြစ်စေ နယ်နိမိတ်တစ်ခု၊ လူဦးရေတစ်ခု၊ အစိုးရတစ်ခုတို့ရှိလျှင် STATE ခေါ် နိုင်ငံတော်တစ်ခုဖြစ်နိုင်သော်လည်း ဝိုမိုပီပြင်သည့်အဆင့်သို့ တက်လှမ်းရေး STATENESS ဆိုသည်မှာ အထက်တွင်ဖော်ပြခဲ့သော အရာအားလုံးကို စည်းမျဉ်းပြည့်ဆည်းပေးနိုင်သနည်းဆိုသောအချက်ပေါ်တွင် များစွာမူတည်ပါသည်။ တစ်ဖက်တွင် လည်း နိုင်ငံတော်များက STATENESS အလို့ငှာ ကုန်ကျသော စရိတ်စကအားလုံးကို စားသုံးသူအားလုံးက မျှတကျခံကြရသည်ဆိုသောသဘောကိုလည်း မမေ့အပ်ပေ (Transaction Cost)။

(၂၆-၁-၂၀၀၉)



## ရွေးကောက်ပွဲများဆီသို့

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်မွှေတာဂမ်ဘာရီကို ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေများပြဋ္ဌာန်းရန် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဖေဖော်ဝါရီလ ၃ ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့ရာ အဆိုပါဥပဒေများကို မကြာမီမြင်တွေ့ကြရဖွယ်ရှိပါသည်။

ပါတီထူထောင်ခွင့်၊ စည်းရုံးခွင့်နှင့် ရွေးချယ်ခံပိုင်ခွင့်များ ကျယ်ကျယ်ပြန့်ပြန့်ရရှိကြမည်ဟုပြောကြားခဲ့ရာ မကြာမီပုဂ္ဂလိက သတင်းဂျာနယ်များတွင် အဆိုပါသတင်းများ ဝေဝေဆာဆာတွေ့မြင်ရဖွယ်ရှိပါသည်။ နိုင်ငံရေးပါတီများ၏ ပြန်ကြားရေးဆိုင်ရာလုပ်ငန်းသဘောသဘာဝမှာ လက်ရှိဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို မည်သို့မည်ပုံပြုပြင်၍ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားရခြင်းဖြစ်ရာ ထိုသို့ရှင်းလင်းပြောကြားရန် လက်ရှိအခြေအနေက ကျယ်ကျယ်ပြန့်ပြန့်ခွင့်မပြုခဲ့လျှင် လူပုဂ္ဂိုလ်ကိုအခွဲပြု၍ မဲပေးသော ရွေးကောက်ပွဲတစ်ခုအဖြစ်ရောက်ရှိသွားစေတတ်ပါသည်။ အတိတ်ကို ပြန်ကြည့်လျှင် အထောက်အထားများ အလွယ်တကူတွေ့မြင်နိုင်ပါသေးသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ပြောကြားချက်အရ ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့် နိုင်ငံရေးပါတီဆိုင်ရာဥပဒေတို့ သီးခြားစီခွဲခြားထုတ်ပြန်ဖွယ်ရာရှိသည်ဟု ခန့်မှန်းနိုင်ပြီဖြစ်ရာ နောက်ထပ်ထုတ်ပြန်ရန်ရှိသည့် ပြည်သူ့လွှတ်တော်ဥပဒေနှင့်

ပေါင်းဂ… ၊ငံး ဥပဒေသုံးခုထုတ်ပြန်ရန်ရှိနေသည်ဟု ဆိုရမည်ဖြစ်ပေသည်။ သို့သေ… လွှတ်တော်ဥပဒေမှာ သမ္မတလောင်း များရွေးချယ်ခြင်း၊ လွှတ်တော် ဥက္က…များရွေး…်ခြင်း၊ လွှတ်တော်တွင်း ကော်မတီများဖွဲ့စည်းပုံ မဲပေးသည့်စနစ်၊ လွှတ်တော်ကိုယ်စားလှယ်များ၏ လစာရိက္ခာစံစားခွင့်စသည်များဖြစ်ရာ လတ်တလော ထုတ်ပြန်ရန်မလိုအပ်သေးပါ။

နိုင်ငံရေးပါတီများဆိုင်ရာ ဥပဒေမှာ လတ်တလောတွင် လူစိတ်ဝင်စားမှုအရှိဆုံးဖြစ်ပြီး ရာချီသောပါတီများဖြစ်ပေါ်မလာစေရန် မည်သို့ဆောင်ရွက်သင့်သည်၊ ဆောင်ရွက်ဖွယ်ရှိသည်ဆိုသည်များကို ဆွေးနွေးပြောကြားနေကြ သည်များရှိပါသည်။ သို့သော်လည်း မြန်မာနိုင်ငံတွင် ကျင့်သုံးနေကျ မဲဆန္ဒနယ်တစ်နယ်လျှင် တစ်ဦးရွေးချယ်သည့် First Post the Post စနစ်မှာ အဆုံးတွင် ပါတီကြီးနှစ်ခုနှင့် ပါတီငယ်တစ်ခုကိုသာ ကျန်ရစ်စေသောစနစ်ဖြစ်သည်ဟု နိုင်ငံရေးသိပ္ပံသီအိုရီများက ဖွင့်ဆိုထားသည်ဖြစ်ရာ အဆုံးတွင် သူ့သဘောသူဆောင်သွားမည်သာဖြစ်၍ တစ်စုံတစ်ရာ ကန့်သတ်ရန်လည်း လိုအပ်လှသည်မဟုတ်ဟု ဆိုနိုင်ပေသည်။

တစ်ဖက်တွင်လည်း မြန်မာလူလတ်တန်းစားများမှာ ခြေကုန်လက်ပန်းကျထားသောအနေအထားဖြစ်ရာ အားကောင်းမောင်းသန်နိုင်ငံရေးပါတီများ မြင်တွေ့နိုင်ရန် အကန့်အသတ်ရှိသည်ဟုဆိုနိုင်ပါသည်။

မည်သို့ပင်ဖြစ်စေ ရှေ့လာမည့်လများတွင် အရောင်အသွေးအမျိုးမျိုးသော နိုင်ငံရေးပါတီများ မြင်တွေ့ဖွယ်ရှိနေရာ လူပုဂ္ဂိုလ်ကိုအခွဲပြု၍ ပေးသောစနစ်ဖြစ်၊ မဖြစ်ဆိုသောအချက်မှာ စိတ်ဝင်စားစရာအကောင်းဆုံး အကြောင်းအရာဖြစ်ပေသည်။

(၉-၂-၂၀၀၉)



# လာရင်းကိစ္စ

လူ့ဘဝဆိုသည်မှာ ဖြစ်ချင်တာတစ်ခုအတွက် မလုပ်ချင်တာ တော်တော်များများကိုလုပ်ရင်း စောင့်ရသည့်မျိုးပင်ဖြစ်တော့သည်ဟု ပညာရှင်တစ်ဦးက ရေးသားခဲ့ဖူးပါသည်။ ဤနေရာတွင် ဖြစ်ချင်တာတစ်ခုအတွက်ဆိုသော လာရင်းကိစ္စနှင့် အခြားအခြားသော မလုပ်ချင်တာများကို ခွဲမြင်နိုင်ရန် အထူးအရေးကြီးကြောင်း ထောက်ပြလိုပါသည်။

လူတို့သည် ဖြစ်ချင်တာတစ်ခုအတွက်ဆိုသော 'လာရင်းကိစ္စ'ကို လမ်းခရီးတွင် မေ့သွားတတ်သောကြောင့် ဖြစ်ပါသည်။ နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အခြေခံအကြောင်းရင်းမှာ Good Governance ဖြစ်ပါသည်။ ရွေးကောက်ပွဲများဆိုသည်မှာ မည်သူသည်နိုင်ငံအတွက် Good Governance ကို ဆောင်ကြဉ်းနိုင်မည်နည်းဟု ရွေးချယ်ကြခြင်းဖြစ်သည်။ ပြည်သူများက မဲထည့်ကြခြင်းသည် Good Governance ကို ရည်ရွယ်၍ မဲထည့်ကြခြင်းဖြစ်သည်။

သို့သော်လည်း ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဆွေးနွေးလာသောအခါများတွင် ဟိုဘက်ဒီဘက် သူ့ဘက်ငါ့ဘက်ဆိုသည်များကို Us Them ခွဲကြရင်း 'လာရင်းကိစ္စ' ဖြစ်သည့် Governance အကြောင်းကို စဉ်းစားပြောဆိုဆွေးနွေးရန် မေ့သွားကြသည်ကိုတွေ့ရသည်။ သူ့ဘက် ငါ့ဘက်ကိစ္စများက အရေးကြီးသွားပြီး Good Governance အကြောင်းကို မေ့သွားတတ်ကြသည်ကို တွေ့ရသည်။ ကြာလာသောအခါ Good Governance အကြောင်းကို တွေးပင်မတွေးမိတော့ဘဲ ကိုယ်နိုင်ရေး သူနိုင်ရေး ကိစ္စများ ပို၍အရေးကြီးလာသည်ကို တွေ့ရသည်။

'လာရင်းကိစ္စ' ကို အုပ်စုကိစ္စ Us Them ကိစ္စနှင့် ခွဲခြားစဉ်းစားနိုင်ခြင်း ပြုနိုင်မှသာလျှင် မြန်မာနိုင်ငံတွင် တည်ဆောက်ရန်ရှိသည့် နိုင်ငံတော်သစ် ဆိုသည်မှာ ထူးခြားမှုရှိလိမ့်မည်ဟု ဆိုချင်ပါသည်။

(၂၅-၂-၂၀၀၉)



# သည်းခြေကြိုက်နိုင်ငံရေး

**Perhaps the earliest use of rational-choice theory to study the political process is Anthony Downs's Economic Theory of Democracy. In this influential book, Downs assumes that voters and political parties act as rational decision-makers who seek to maximize attainment of their preferences. Parties formulated whatever policies would win them most votes, and voters sought to maximize the portion of their preferences that could be realized through government action. In attempting to win elections, political parties moved toward the center of the ideological spectrum to appeal to the greatest number of voters and maximize their voting support. Thus, rather than providing voters with "meaningful alternatives," parties will become as much alike as possible, thereby providing an "echo rather than a choice."**

အထက်တွင် ဖော်ပြထားသောစာသားမှာ စီးပွားရေးပညာရပ်နယ်ပယ်တွင် အသုံးပြုသော Rational Choice သီအိုရီကို နိုင်ငံရေးသိပ္ပံနယ်ပယ်တွင် ထုတ်နုတ်သုံးစွဲထားသော ရှင်းလင်းချက်တစ်ခုဖြစ်ပါသည်။ Rational Choice သီအိုရီ၏ အခြေခံသဘောတရားမှာ လူတိုင်းသည် မိမိရောင်းဈေးကို အမြင့်ဆုံးရချင်သည်၊ အမြင့်ဆုံးရလျှင် ရောင်းကိုရောင်းသည်၊ ဝယ်ဈေးကို အနိမ့်ဆုံးဖြစ်လိုသည်၊ အနိမ့်ဆုံးရောက်လျှင် ဝယ်ကို ဝယ်သည်ဟူသော လူသား၏ စိတ်သဘာဝကို အခြေခံထားသည့် မိုက်ခရိုစီးပွားရေးသီအိုရီတစ်ရပ်ဖြစ်ပေသည်။ ဆိုလိုသည်မှာ လူတိုင်း၏ Rational Decision သည်

သီး၏ အစွာကိုအခြေခံ၍ အကောင်းဆုံးရရှိမှုကို ဆုံးဖြတ်သည်သ[illegible]ဘာပင် ဖြစ်ပါသည်။

အထူးသဖြင့် နိုင်ငံရေးသိပ္ပံပညာရှင် Anthony Downs က နိုင်[illegible]များ သည် လူကြိုက်များမှုနှင့် မဲအများဆုံးရရှိရေးအလို့ငှာ Rational [illegible]sion ပြု[illegible]ပီ ရာတွင် ပြည်သူလူထုအတွက် Meaningful Alternatives ခေါ် အဓိပ္ပာယ်ရှိသော ရွေးချယ်စဉ်းစားစရာများကို ထုတ်ဖော်ရမည့်အစား ECHO ခေါ် ပြည်သူလူထု၏ သည်း ခြေကြိုက်ခံစားချက်များကို ကြွေးကြော်မှုသက်သက် ဖြစ်သွားတတ်သည်ဟု ရှင်းလင်း ထားခြင်း ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင်လည်း မကြာမီတွင် နိုင်ငံရေးပါတီများနှင့် ၎င်းတို့၏ မူဝါဒများ၊ ကြွေးကြော်သံများ ပေါ်ထွက်လာတော့မည်ဖြစ်ရာ သည်းခြေကြိုက်စကားလုံးများ သက်သက်သာပါပြီး အသစ်အဆန်းမဟုတ်သည့် ဖမ်းစားမှုများ ဖြစ်ထွန်းခဲ့လျှင် လူကြိုက်များသည်ထက် ဘာမျှမပိုသည့် နိုင်ငံရေးသာဖြစ်ဖွယ်ရှိပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးသည် Us Them ခွဲခြားမှုများနှင့် သည်းခြေကြိုက် နိုင်ငံရေးများကိုကျော်လွန်၍ ရွေးချယ်စရာအယူအဆအမျိုးမျိုး ဖြစ်ထွန်းပေါ်ပေါက်သည့် အဆင့်ထိ တရွေ့ရွေ့ချီတက်ရမည့် ခရီးရှည်ကြီးတစ်ခုဖြစ်ပါကြောင်းနှင့် ကျွန်ုပ်တို့ တစ်ဦးချင်း၏ ရွှမ်းဆောင်ရေးမြှင့်တင်ရေးကို ဝိုင်းဝန်းလုပ်ဆောင်ကြရမည့် အချိန် အခါလည်းဖြစ်ကြောင်း သတိပေးလိုရင်းဖြစ်ပါသည်။

(၂-၃-၂၀၀၉)



## တစ်ပြည်ထောင်စနစ်နှင့် ပြည်ထောင်စုစနစ်

၂၀၀၈ ခုနှစ်အတွင်းက အတည်ပြုထားပြီး မကြာမီ ၂၀၁၀တွင် ပြဋ္ဌာန်းမည့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်အရ မြန်မာနိုင်ငံ၏အမည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖြစ်ပါသည်။ ဤအမည်သည် သမ္မတစနစ်ကို ကျင့်သုံးသည့် ပြည်ထောင်စုနိုင်ငံတော်ဖြစ်သည်ဟု ရည်ညွှန်းခြင်းဖြစ်ပါသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအသီးသီး၏ အဓိက ကွဲပြားခြားနားချက်နှစ်ခုသာရှိပြီး ယင်းတို့မှာ တစ်ပြည်ထောင်စနစ်နှင့် ပြည်ထောင်စုစနစ်များဖြစ်ပါသည်။

အဓိကအားဖြင့် ပြည်ထောင်စုစနစ်ကို ကျင့်သုံးသောနိုင်ငံများသည် လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ဘာသာစကားအရ ကွဲပြားခြားနားသော မျိုးနွယ်များ ပေါင်းစည်းနေထိုင်ကြသော နိုင်ငံများဖြစ်သည်ကို တွေ့ရပါသည်။ တစ်ပြည်ထောင်စနစ်ကို ထိုသို့ ကွဲပြားခြားနားမှုမရှိသော၊ မထင်ရှားသောနိုင်ငံများက ကျင့်သုံးကြသည်ကို တွေ့ရပါသည်။ တစ်ပြည်ထောင်စနစ်ကို အထက်တွင်ဖော်ပြခဲ့သကဲ့သို့ လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ဘာသာစကားအရ ကွဲပြားခြားနားမှုမရှိသော သို့မဟုတ် ကွဲပြားခြားနားမှု မထင်ရှားသောနိုင်ငံများက ကျင့်သုံးကြသည်ဖြစ်ရာ အချုပ်အခြာအာဏာသုံးရပ်ဖြစ်သည့် အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုအာဏာနှင့် တရားစီရင်ရေး အာဏာများကို ကွဲပြားခြားနားသောမျိုးနွယ်များ နေထိုင်ရာဒေသများသို့ ပိုင်းခြားလွှဲပြောင်းပေးရန် လိုအပ်ချက်မရှိပေ။

ပြည်ထောင်စုစနစ်ကို ကျင့်သုံးသောနိုင်ငံများတွင် ကွဲပြားခြားနားသော မျိုးနွယ်

များနေထိုင်ရာ ဒေသကြီးများ၊ ပြည်နယ်များသို့ အချုပ်အခြာ အာ[illegible]၏ မည်သည့်အပိုင်းများကို ပိုင်းခြားလွှဲပြောင်းပေးအပ်သည်ဆိုသော အချက်[illegible]ခံဥပဒေတွင် ထည့်သွင်းရေးသားဖော်ပြ၍ အတိအလင်းလွှဲပြောင်းပေးအပ်[illegible]သော[illegible]ရား ဖြစ်မနေပါ ရှိရသည်။ အတိအကျပြောရလျှင် အချုပ်အခြာအာဏာသုံးရပ်သာ[illegible]က ထိုဒေသများက ရရှိနိုင်ခွင့်ရှိသောဝင်ငွေကိုလည်း အခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းပေးရသည်။ မည်မျှအတိုင်းအဆအထိ လွှဲပြောင်းပေးအပ်သည်ဆိုသော စံသတ်မှတ်ချက်မရှိရာ နှစ်ဖက်အပေးအယူမျှရေးသည် အဓိကကျသည်ဟု ဆိုရမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် မကြာသေးခင်က အတည်ပြုထားပြီး မကြာမီပြဋ္ဌာန်းမည့် အခြေခံဥပဒေသစ်ကိုကြည့်လျှင် ပြည်နယ်များ၊ တိုင်းဒေသကြီးများက ပြုခွင့်ရှိသော ဥပဒေစာရင်း အတိအကျပြဋ္ဌာန်းထားပြီး ထိုဥပဒေပြုစာရင်းပါ အုပ်ချုပ်ရေးအာဏာကို ပြည်နယ်နှင့်တိုင်း ဒေသကြီးများသို့ လွှဲပြောင်းပေးအပ်ကြောင်း ပြဋ္ဌာန်းပါရှိသည်ကို တွေ့ရမည်ဖြစ်သည်။ အခြေခံ ဥပဒေက လွှဲအပ်သောအတိုင်းအဆကျော်လွန်ခြင်းရှိမရှိကို စောင့်ကြည့်ရန်ပြည်ထောင်စုနိုင်ငံအားလုံးတွင် အခြေခံဥပဒေတရားရုံး တာဝန်ထမ်းဆောင်သူပြဋ္ဌာန်းထားရှိရသည့်အားလျော်စွာ ယခုအခြေခံဥပဒေတွင်လည်း ပါရှိသည်ကို တွေ့ရသည်။ တရားစီရင်ရေးအာဏာလွှဲပြောင်းမှုများ သီးခြားစာရင်းဖြင့် ဖော်ပြသကဲ့သို့ပြည်နယ်များ၊ တိုင်းဒေသကြီးများက ကောက်ခံခွင့်ရှိမည့်ဝင်ငွေစာရင်းကိုလည်း ဖော်ပြထားသည်ကိုတွေ့နိုင်ပါသည်။

တစ်ပြည်ထောင်စနစ်နိုင်ငံများ(ဥပမာ–ထိုင်း)တွင် ပြည်နယ်များသို့ အချုပ်အခြာအာဏာသုံးရပ်ကိုလည်းကောင်း၊ ဝင်ငွေကိုလည်းကောင်း အခြေခံဥပဒေတွင် ပြဋ္ဌာန်းလွှဲပြောင်းပေးစရာမလိုသည့်အတွက် ထိုသို့လွှဲပြောင်းပေးခြင်းလည်း မရှိသည်ကိုတွေ့နိုင်ပါသည်။

(၁၆–၃–၂၀၀၉)

# စနစ်သစ်နှင့် ကျွန်ုပ်တို့၏တာဝန်

မြန်မာနိုင်ငံ၏ ၂၀၁၀ အလွန် နိုင်ငံရေးမြင်ကွင်းသစ်ကို မှန်းဆကြည့်လျှင် မြင်သာနေသည်များရှိပါသည်။ ထိုသို့မြင်သာသည်ဟု ပြောရခြင်းမှာ အကြောင်းရှိပါသည်။ အဘယ်ကြောင့်ဆိုသော် အနာဂတ်တွင်ဖြစ်ပေါ်မည့် အခြေအနေအရပ်ရပ်သည် Evolution သဘော ဖြစ်သောကြောင့် ဖြစ်ပါသည်။

များစွာသော ရှာသည်မှာ ပြည်သူ့ရေးရာဝန်ဆောင်မှုအရပ်ရပ်ကို ထောက်ပံ့ကြမည့် ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားသည် မြို့နယ်အဆင့်အထိ ယခင်အတိုင်း လူဟောင်းများသာဖြစ်သည်ဆိုသောအချက် ဖြစ်သည်။ ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရား၏ သဘောသဘာဝသည် မည်သည့်အစိုးရတက်သည်ဖြစ်စေ မပြောင်းမလဲတည်ရှိသောအရာဖြစ်ပြီး ယေဘုယျအားဖြင့် ၎င်း၏အခြေခံသဘောတရားသည် Innovation ခေါ် ထိုးထွင်းတီထွင်မှုများကို ခွင့်မပြုသည့်သဘောရှိပါသည်။ ထိုသို့ Innovation ကို ခွင့်မပြုသည့် သဘောသဘာဝရှိနေသောကြောင့် နိုင်ငံတကာတွင်လည်း ဗျူရိုကရေစီယန္တရား၏ သဘာဝမှာ နှေးကွေးသည့်သဘောရှိပါသည်။ ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရား၏ စွမ်းဆောင်ရေးကို မြှင့်တင်နိုင်မည့်နည်းလမ်း (Public Sector Reform) သုံးခုရှိပြီး ၎င်းတို့မှာ (၁) သတင်းအချက် အလက်နည်းပညာ (ဥပမာ– e-D form)၊ (၂) အုပ်ချုပ်ရေးအာဏာကျင့်သုံးသည့် အစိုးရ၏စွမ်းဆောင်ရည်၊ (၃) အုပ်ချုပ်ရေးအာဏာကျင့်သုံးသည့်အစိုးရအဖွဲ့ကို ဗဟိုဦးစီးစနစ်မှ ဥပဒေ၊ နည်းဥပဒေများအရ ဒီမိုကရေစီအုပ်ချုပ်ရေး ပုံသဏ္ဌာန်သို့ ပြောင်းရွှေ့မည့် ဥပဒေပြု အာဏာကျင့်သုံးသည့်

လွှတ်တော်နှစ်ရပ်၏ စွမ်းဆောင်ရည် စသည်တို့ဖြစ်သည်။

လူဟောင်းများဖြင့်ဖွဲ့စည်းထားသည့် ဗျူရိုကရေစီအုပ်ချု... ...ရားနှင့် တော်သက်၍ ပြောရသည်မှာ အကြောင်းရှိပါသည်။ မည်သည့်အစိုး... ...လာသည်ဖြစ်စေ ပြည်သူ့ရေးရာဝန်ဆောင်မှုများကို ထောက်ပံ့မည့်... ...ဖွဲ့အစည်းမှာ ဗျူရိုကရေစီယန္တရား ဖြစ်နေသောကြောင့်ဖြစ်ပါသည်။

နောင်တွင် ပေါ်ပေါက်လာမည့် အုပ်ချုပ်ရေးအာဏာကျင့်သုံးသည့် အစိုးရအဖွဲ့သည် လူဟောင်းများဖြင့် ဖွဲ့စည်းသည်ဖြစ်စေ၊ လူသစ်အချို့ ပါဝင်သည်ဖြစ်စေ အချုပ်အခြာအာဏာသုံးရပ်ကို တစ်ပေါင်းတည်းကျင့်သုံးခွင့်မရှိတော့သဲ့ အခြေခံဥပဒေက ညွှန်းသည့် ဗဟိုဦးစီးမဟုတ်သော အုပ်ချုပ်ရေးစနစ်သစ်ကို အကောင်အထည်ဖော်ရမည်ဖြစ်ရာ ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရား၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရန် အစီအစဉ်များရှိနေရန် လိုအပ်ပါသည်။ ဗဟိုဦးစီးစနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးပုံသဏ္ဍာန်သို့ ကူးပြောင်းရာတွင် ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရား၏ လုပ်ပိုင်ခွင့်အလိုက် လိုအပ်သောဥပဒေ၊ နည်းဥပဒေများကို လွှတ်တော်နှစ်ရပ်မှ ပြဋ္ဌာန်းပေးရန်လိုအပ်ပါသည်။ ယနေ့ဖြစ်ထွန်းနေသည့် သတင်းနည်းပညာ ဖွံ့ဖြိုးမှုများသည် ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားနှင့် ပြည်သူလူထုအကြားဖြစ်လေ့ရှိသည့် ပွတ်တိုက်မှုများကို လျှော့ချပေးနိုင်ပါလိမ့်မည်။

ယန္တရားအဟောင်းဖြစ်သည်၊ လူဟောင်းများဖြစ်သည်၊ **Mindset** အဟောင်းဖြစ်သည်၊ **Evolution** သာဖြစ်သည်၊ **Incremental** သာဖြစ်နိုင်သည်ဆိုသည့်အချက်များကို သဘောပေါက်လျှင် ကျွန်ုပ်တို့ မည်မျှကြိုးစားရမည်ကို မြင်သာပါလိမ့်မည်။

(၂၅-၃-၂၀၀၉)



# TRUST တည်ဆောက်ရေး

၂၀၀၉ ခုနှစ် မတ်လ ၂၇ ရက်က ကျင်းပသော တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြွက်ကြားသည့်မိန့်ခွန်းတွင် ထူးခြားချက်သုံးချက် မြင်တွေ့ရပါသည်။

ပထမထူးခြားချက်မှာ ယခုမိန့်ခွန်းသည် ၁၉၉၂ ခုနှစ်မှ ယနေ့တိုင် နိုင်ငံအကြီးအကဲအဖြစ် ပြောကြားခဲ့သည့်မိန့်ခွန်းများအနက် အတိုဆုံးမိန့်ခွန်းတစ်ခု ဖြစ်နေခြင်းဖြစ်သည်။


ဒုတိယထူးခြားချက်မှာ အသစ်ပေါ်ထွန်းလာမည့် နိုင်ငံရေးပါတီများသို့ တပ်မတော်၏ မေတ္တာရပ်ခံချက်ဖြစ်သည်။ "နိုင်ငံရေးပါတီများကို ကွဲပြားခြားနားမှုများအကြားမှာ စည်းလုံးညီညွတ်ကြဖို့သင့်ကြောင်း အလျဉ်းသင့်လို့ မေတ္တာရပ်ခံလိုပါတယ်"ဟု ပြောကြားခဲ့သောအချက်သည် ဒီမိုကရေစီစနစ်၏ အခြေခံသဘောဖြစ်သည့် Agree to disagree ကို ရည်ညွှန်းခဲ့ခြင်းဖြစ်ပါသည်။ စစ်တို့၏သဘောတွင် ရန်သူနှင့်မိတ်ဆွေနှစ်မျိုးသာရှိရာ မတူညီသူအားလုံး ရန်သူဖြစ်ပြီး ရန်သူမှန်လျှင် ချေမှုန်းရမည်ဆိုသော သဘောရှိပါသည်။ ဒီမိုကရေစီ၏သဘောမှာ ကွဲပြားခြားနားမှုများအကြား စည်းလုံးညီညွတ်ခြင်းဖြစ်ရာ ယခုမိန့်ခွန်းတွင် ဒီမိုကရေစီ၏သဘောကို မေတ္တာရပ်ခံခဲ့ခြင်းဖြစ်ပါသည်။

တတိယထူးခြားချက်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို လိုက်နာကျင့်သုံးသည့် ရင့်ကျက်သောနိုင်ငံရေးကျင့်သုံးသူမှန်သမျှကို အစိုးရက စောင့်ရှောက်သွားမည်ဆိုသောအချက်ဖြစ်သည်။ နိုင်ငံရေးဆိုသည်မှာ ထောင်တန်းကျနိုင်သော အလုပ်ဖြစ်

သည်ဟု ခံယူထားကြသော လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် ... ဘုန်းကြီး၏ စကားတစ်ခွန်းသည် အားဆေးတစ်ခွက်၊ အာမခံချက်တစ်ခုဖြစ်ပါ... ဒီမိုကရေစီ အုပ်ချုပ်ရေးယန္တရားရှိ နိုင်ငံရေးအဖွဲ့အစည်းများနှင့် ပတ်သက်... ...ကြည့် ရသူများအနေဖြင့်လည်း အရပ်ဘက်လူ့အဖွဲ့အစည်းမှ နိုင်ငံရေး... ပါဝင်ပတ်သက် သူများ၏ အကြောက်တရားကို ယခုမိန့်ခွန်းအား လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူကာ ကူညီ၍ ဖြေဖျောက်ပေးကြပါမည့်အကြောင်း မေတ္တာရပ်ခံလိုပါသည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံအကြီးအကဲဖြစ်သူ၏ တပ်မတော်နေ့မိန့်ခွန်းပါလုပ်ငန်းလမ်းညွှန်များကို အာဏာပိုင်အဖွဲ့အစည်းအသီးသီးက လိုက်နာဆောင်ရွက်ခြင်းသည် မြန်မာလူ့အဖွဲ့အစည်းအတွင်း ပျောက်ဆုံးနေသော TRUST ကို ပြန်လည်တည်ဆောက်၍ ဒီမိုကရေစီစနစ်ဆီသို့ လက်တွေ့ပို့ဆောင်ပေးသည့် လမ်းစတစ်ခုဖြစ်ပါလိမ့်မည်။

(၂၉-၃-၂၀၀၉)



# Political Space

မြန်မာနိုင်ငံတွင် တစ်စစပြောင်းလဲဖြစ်ပေါ်လာနေသော နိုင်ငံရေးအခြေအနေ အရပ်ရပ်၏ အပိုင်းအစအချို့ဖြစ်သော နိုင်ငံရေးနှင့်သက်ဆိုင်သည့် သတင်းနှင့် ဆောင်းပါးများကို ယခုအခါ ပုဂ္ဂလိကများကထုတ်ဝေသည့် The Voice Weekly အပါအဝင် သတင်းစာစောင်များတွင် စတင်မြင်တွေ့နေရပြီဖြစ်ပါသည်။ ဤသည်မှာ နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း သိသာထင်ရှားသော ပြောင်းလဲတိုးတက်မှုတစ်ခု ဖြစ်ပါသည်။

မီဒီယာအချို့တွင် ယခုကဲ့သို့ နိုင်ငံရေးနှင့်သက်ဆိုင်သောသတင်းများ၊ ဆောင်းပါးများပါရှိလာခဲ့ခြင်းနှင့်ပတ်သက်၍ သတင်းစာဆရာအချို့က ကျင့်ဝတ်မရှိသော အင်တာနက် Website များပေါ်တွင် ဘက်လိုက်သောသတင်းမီဒီယာများအဖြစ် ပုံဖော်၍ ပုဂ္ဂိုလ်ရေးများထည့်သွင်းကာ အမည်ဝှက်များဖြင့် တိုက်ခိုက်ရေးသားလာခဲ့သည်ကိုလည်းတွေ့မြင်လာရပါသည်။ အမှန်အားဖြင့် မီဒီယာအချို့ပေါ်တွင်ပါရှိလာသော နိုင်ငံရေးနှင့်ပတ်သက်သည့် ဆောင်းပါးများသည် တဖြည်းဖြည်းတိုးတက်ပေးအပ်လာနေသော Political Space ကိုဖော်ပြနေခြင်းဖြစ်ကြောင်း အဆိုပါ ဆောင်းပါးအချို့၏ အနှစ်သာရကို နားလည်နိုင်လျှင် သိမြင်နိုင်ပါသည်။

အမှန်အားဖြင့် နိုင်ငံရေးနှင့်ပတ်သက်သောဆောင်းပါးများရေးသား တင်ပြခဲ့ပြီး ဖော်ပြခွင့်မရခဲ့ဟုဆိုလျှင် လက်ရှိဖြစ်ပေါ်လာနေသော Political Space ၏ အတိုင်းအဆကို ရိပ်စားသိရှိနိုင်စွမ်းမရှိခြင်း သို့မဟုတ် ထိုအတိုင်းအဆကို လက်တွေ့ကျကျ လက်ခံရန်အသင့်မဖြစ်ခြင်း တစ်ခုခုသာလျှင်ဖြစ်ရမည်ဟု ကျွန်းသေပြောနိုင်ပါသည်။



သတင်းစာဆရာကြီးများဖြစ်သည့် ဗိုးသောကြာ၊ မောင်ဝံသ၊ မောင်... များ၏ ဆောင်းပါးများသည် ဘက်လိုက်ရေးသားထားသော ဆောင်းပါးများ...ကြောင်း များစွာ ထင်ရှားပါသည်။

The Voice Weekly အနေဖြင့် ပုဂ္ဂိုလ်ရေးအာဃာတဖြင့် တိုက်ခိုက်မှုများကို ...ည်သည့်အခါကမျှ ဖြေရှင်းရန်စိတ်ကူးမရှိခဲ့သော်လည်း မိမိတို့ကို လေးစားနှစ်မြို့က် ...သဘောကျ အားပေးနေသူစာဖတ်သူများသို့ လေးစားစွာပြောကြားလိုသော သတင်း ...စကားတစ်ခုကို ဤနေရာတွင်ဖော်ပြလိုပါသည်။ ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဝန်ဆောင်မှု ...ယ်ဝယ်များတွင် အရည်အသွေးအားဖြင့် ယှဉ်ပြိုင်ရန် မကြိုးစားဘဲ ပုံမှန်မဟုတ်သည့် ...နည်းလမ်းများဖြင့် အသာစီးရယူခြင်း၊ အမြတ်အစွန်းဖော်ဆောင်ခြင်းများသည် ...ကော်ရိုစီးပွားရေးသီအိုရီများအရ Rent Seeking သဘောဆောင်ရာ The Voice Weekly သည် ဤ Rent Seeking သဘောကို အစဉ်ဆန့်ကျင်ခဲ့သူဖြစ်၍ မည်သည့် အခါကမျှ မကျင့်သုံးခဲ့ပါကြောင်း ဖော်ပြလိုပါသည်။ The Voice Weekly သည် အခြား သောစာနယ်ဇင်းများမရရှိနိုင်သည့် အခွင့်အရေးမျိုးကို ရယူသုံးစွဲ၍ အကျိုးအမြတ် ဖြစ်ထွန်းရန်မည်သည့်အခါကမျှမစဉ်းစားခဲ့ပါကြောင်း စာဖတ်သူများသို့ သစ္စာစကား ပြောကြားလိုက်ပါသည်။

(၂၁-၄-၂၀၀၉)

## အသွင်ကူးပြောင်းရေးနှင့်
## နိုင်ငံပြင်ပရောက်မြန်မာများ၏အခန်းကဏ္ဍ

မြန်မာနိုင်ငံတွင် မကြာမီဖြစ်ပေါ်ဖွယ်ရှိသည့် အသွင်ကူးပြောင်းရေးပုံသဏ္ဌာန် မည်သို့မည်ပုံအသက်ဝင်မည်ဆိုသည်ကို မသိရသေးသည့်တိုင် ၁၉၆၂ ခုနှစ်မှစ၍ ကျင့်သုံးလာခဲ့သော Check and Balance မရှိသည့် အုပ်ချုပ်ရေးစနစ်မှ စနစ်သစ်သို့ ကူးပြောင်းတော့မည်ဖြစ်ရာ အသွင်ကူးပြောင်းရေးကာလဟု သုံးနှုန်းရတော့မည် ဖြစ်ပေသည်။ အမတ်နေရာပေါင်း ၆၆၄ နေရာရှိသည့် လွှတ်တော်နှစ်ရပ်တွင် ရွေးချယ်တင်မြှောက်ခံ ၄၉၈ ဦးပါဝင်မည်ဖြစ်ရာ ပညာရှိအမတ် ဆယ်ဂဏန်းပါလျှင် ပြည်သူလူထု၏အခြေခံလိုအပ်ချက်များကို အနည်းဆုံးအကြောင်းအကျိုးဖြင့် တရားဝင်အသံပြုနိုင်မည်ဖြစ်ပြီး ၁၆၆ ဦးရှိခဲ့လျှင် လွှတ်တော်အစည်းအဝေး တစ်နှစ်ပတ်လုံးကျင်းပရန် ဆော်ဩခေါ်ယူနိုင်မည်ဖြစ်သည်။

၁၉၉၀ ရွေးကောက်ပွဲကာလမှာကဲ့သို့ လူ့အဖွဲ့အစည်းအတွင်း နိုင်ငံရေးအရ တက်ကြွမှုအရှိန်အဟုန်မရှိတော့ခြင်း၊ လူထုဆက်သွယ်ရေးယန္တရားပေါ်မှ တစ်နိုင်ငံလုံးကို ဆော်ဩရန် မီဒီယံများအသုံးပြုရန်မဖြစ်နိုင်ခြင်း၊ လူလတ်တန်းစားအလွှာမပီပြင်တော့ခြင်းတို့ကြောင့် ဆန့်ကျင်ရေးသက်သက်ထက်ပိုသည့် အရည်အချင်းရှိသော အမတ် ၄၉၈ ဦးရရှိရေးဆိုသည်မှာ အချိန်တိုအတွင်း ဖြစ်နိုင်ခြေမရှိတော့ပါ။ ဤအခြေအနေတွင် ရွေးကောက်ပွဲများကို တာဝန်ခံကြီးကြပ်ကျင်းပပေးရမည့် တပ်မတော်အစိုးရအနေဖြင့် နိုင်ငံ့အကျိုးအလို့ငှာ၊ အသွင်ကူးပြောင်းရေးပီပြင်မှုအလို့ငှာ လုပ်ဆောင်နိုင်သည်များ ရှိနေသေးသည်ကို ဤနေရာမှ အကြံပြုလိုခြင်းဖြစ်ပါသည်။

တပ်မတော်အနေဖြင့် အခြေခံဥပဒေသစ်ကိုပြဋ္ဌာန်း၍ ... အသွင်ကူးပြောင်းရေးကို စတင်ဆောင်ရွက်ခြင်းသည် ၁၉၈၈ ခုနှစ်တွင် ... ခဲ့သော ပြည်သူလူထု၏ဆန္ဒကို မိမိတို့ဖြည့်စွမ်းပေးနိုင်သလောက် ဖြည့်စွမ်း... ဖြစ်ပါသည်။ မြန်မာနိုင်ငံပြင်ပသို့ အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိသွား... ခေတ်ပြောင်းခေတ်ပြောင်းကို တွန်းအားပေးနေသော မြန်မာလူမျိုးများသည်လည်း အမိနိုင်ငံ၏ ရင်သွေးများသာဖြစ်သည့်အားလျော်စွာ ယနေ့အခြေခံဥပဒေသစ်ဖြင့် တပ်မတော်မှ ဖြည့်စွမ်းပေးသလောက်ကို ကျေနပ်လက်ခံလျှင် ၎င်းတို့၏အင်အားကို ယခုအသွင်ကူးပြောင်းရေးကာလတွင် ကြိုဆိုသင့်ပါသည်။ အထူးသဖြင့် မျိုးဆက်သစ် နိုင်ငံရေးသမား ရှားပါးနေသည့် ယနေ့အခြေအနေတွင် ၎င်းတို့ မြန်မာနိုင်ငံပြင်ပတွင် နေထိုင်ခဲ့သည့်ကာလကို အစိုးရခွင့်ပြုချက်ဖြင့် နေထိုင်သည့်ကာလအဖြစ်သတ်မှတ်၍ အသွင်ကူးပြောင်းရေးနိုင်ငံရေးတွင် ပါဝင်ခွင့်ပြုရန် ဤနေရာမှ တိုက်တွန်းလိုခြင်းဖြစ်ပါသည်။ ဤကိစ္စသည် အသစ်ပေါ်ထွန်းလာမည့် ရွေးချယ်တင်မြှောက်ခံတပ်မတော် အစိုးရ၏ ဂုဏ်သရေကိုလည်း ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံပြင်ပတွင်ရှိနေသောနိုင်ငံရေးတွင် ထက်သန်သည့်မြန်မာများတွင်လည်း အသွင်ကူးပြောင်းရေးကို အမိဗွာယ်ကောက်ယူပုံနှစ်မျိုးနှစ်စားရှိသည်ကို တွေ့နိုင်ပါသည်။ အများစုမှာ အသွင်ကူးပြောင်းရေးသည် မူလစာကြောင်းကို ပုဒ်မချ၍ နောက်တစ်ကြောင်းအသစ်ထပ်ရေးခြင်းအဖြစ် ကောက်ယူထားကြပါသည်။ သို့သော် အသွင်ကူးပြောင်းရေးသည် မူလစာကြောင်းကို ပုဒ်ထီးချ၍ ဆက်ရေးသောဖြစ်စဉ်အဖြစ် လက်ခံသူမြန်မာများလည်း များစွာရှိနေနိုင်ပါသည်။ မြန်မာနိုင်ငံပြင်ပတွင် ပန်းတိုင်ရောက်နေပြီးဖြစ်သူများအနေဖြင့် ပုဒ်မချမှသာ ပြန်လာရန်စဉ်းစားမည်ဖြစ်သော်လည်း အများစုမှာ ယခုကဲ့သို့ကာမ်းလှမ်းမှုကို ဝမ်းမြောက်ဝမ်းသာကြိုဆိုကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ တပ်မတော်အနေဖြင့် ဤသို့သောသဘောထားကြီးမှုကို ပြသခဲ့ပါလျှင် မြန်မာနိုင်ငံသမိုင်းတွင် မှတ်တိုင်ကြီးတစ်ခုစိုက်ထူခြင်း ဖြစ်ပါလိမ့်မည်ဟု တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

(၂၆-၄-၂၀၀၉)

# အလုပ်ဖြစ်သည့်ဆက်ဆံရေး

မြန်မာနိုင်ငံသည် အသစ်ပြဋ္ဌာန်းခဲ့သည့် အခြေခံဥပဒေသစ်အရ နိုင်ငံရေးစနစ်သစ်တစ်ခုဆီသို့ ပြောင်းရွှေ့မည်ဖြစ်ရာ ယနေ့ကာလသည် အသွင်ကူးပြောင်းရေးကာလဖြစ်သည်ဟုယူဆနိုင်ပါသည်။ လူ့အဖွဲ့အစည်းဆိုသည်မှာ သဘောထားရပ်တည်ချက်အမျိုးမျိုးသော လူသားများနှင့် ဖွဲ့စည်းထားသည်ဖြစ်ရာ အခြေအနေအသစ်တိုင်းတွင် အပေးအယူမှုရေးဆိုသည်မှာ ရှောင်လွှဲနိုင်သော အရာမဟုတ်ပေ။

**Negotiation** သီအိုရီများတွင် အပေးအယူပြေလည်မှုအလို့ငှာ လုပ် ဆောင်ရမည့်အပိုင်းနှစ်ပိုင်းရှိသည့်အနက် ပထမတစ်ပိုင်းဖြစ်သည့် 'Substantive' ဟုခေါ်သော 'အဓိက' ကိစ္စရပ်များမှာ အမှန်တကယ်ပင် ညှိနိုင်းရန်လိုအပ်သော်လည်း ဒုတိယအပိုင်းဖြစ်သည့် 'Relationship' ဟုခေါ်သော ဆက်ဆံရေးဆိုင်ရာများမှာ နှစ်ဖက်ညှိနှိုင်းရန်မလိုဘဲ အပြန်အလှန်အလွယ်တကူ ဖောဖောသီသီပေးအပ်ထောက်ပံ့နိုင်သော ကိစ္စရပ်များဖြစ်ပါသည်။

ယခုတလောလူကြိုက်များသည့် မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ဆက်ဆံရေး၊ မြန်မာနိုင်ငံ၏ အမျိုးသားစည်းလုံး ညီညွတ်ရေး၊ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေး စသည့်လုပ်ငန်းစဉ်များတွင် နှစ်ဖက်ညှိနှိုင်းရန်မလိုသည့် Gesture ခေါ် စိတ်ကောင်းနှစ်လုံးကောင်းလိုလားမှု၊ သဘောထားကြီးမှုတို့ကို ပြသနိုင်သောနည်းလမ်းများရှိနေပါသေးသည်။ ဤကိစ္စသည် မူရင်းကိစ္စရပ်များနှင့် မသက်ဆိုင်သော်လည်း မူရင်းကိစ္စရပ်များကို ပြေလည်သွားစေနိုင်သော ကိစ္စရပ်များဖြစ်ရာ ဤနည်းလမ်းများကို သဘောပေါက်သည့်ဘက်မှ စတင်ပြသခြင်းဖြင့် ကာလတာရှည်နေခဲ့သည့်ပြဿနာအချို့ကို ပြေလည်စေရန် ဆောင်ကြဉ်းသင့်ပါကြောင်း တိုက်တွန်းနှိုးဆော် အပ်ပါသည်။

(၃၀-၅-၂၀၀၉)



# အသွင်ကူးပြောင်းရေး

ယခုအခါ မြန်မာနိုင်ငံတွင် အသစ်ပေါ်ထွန်းလာမည့် နိုင်ငံရေးစနစ်နှင့် ပတ်သက်၍ ကိုးကားလျှာညီထွေရှိမည့် ပြုပြင်ပြောင်းလဲမှုများကို နယ်ပယ်အသီးသီးတွင် အောင်တွေ့မြင်နေရသည်မှာ အထူးပင် စိတ်လှုပ်ရှားဖွယ်ကောင်းပါသည်။ သတင်းအကြပြန်ရေးယန္တရားလည်းပတ်မှုတွင်လည်း အသွင်ကူးပြောင်းမှုများကို စတင်ပြုလုပ်နေရသောကြောင့် ဖြစ်ပေါ်နေသော အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် အတော်များများကို ပြည်သူအများ လက်လှမ်းမီ သိရှိနိုင်ခြင်းမရှိသေးသည်ကို တွေ့ရပေသည်။

ယနေ့ပြင်ဆင်ပြုလုပ်နေသော အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် စိတ်ဝင်စားစရာ အကောင်းဆုံးအရေးကိစ္စနှစ်ခုမှာ လာမည့်ရွေးကောက်ပွဲတွင် နိုင်လျှကြီးသွယ် ကြားနေဆောင်ရွက်ပေးရမည့် တပ်မတော်နှင့် တည်ဆဲအာဏာရအစိုးရတို့၏ အသွင်ကူးပြောင်းမှုနှင့် လက်နက်ကိုင်တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၏ အသွင်ကူးပြောင်းမှုတို့ ဖြစ်ပါသည်။ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ရန် အခြေခံဥပဒေအရ တာဝန်ရှိသော တပ်မတော်သည် အထက်ပါအရေးကိစ္စနှစ်ခုလုံးတွင် အဓိကတာဝန်ရှိသူဖြစ်နေသည်ကို တွေ့ရမည်ဖြစ်ပေသည်။

အခြေခံနောက်ပိုင်းတွင် တပ်မတော်သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့်ခွဲခြားသည့် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တစ်ရပ်ပြုလုပ်ခဲ့ရသည်ကိုမှတ်မိကြပါလိမ့်ဦးမည်။

နိုင်ငံရေးအဖွဲ့အစည်းများအကြား သဘောထားကွဲလွဲမှုသည် ဒီမိုကရေစီသဘောအရ ပြဿနာမရှိသော်လည်း သဘောထားမတူသော လက်နက်ကိုင်တပ်ဖွဲ့များ တည်ရှိနေခြင်းသည် ပြည်ထောင်စုကြီးတစ်ခုလုံး၏ ရေ့အလားအလာအတွက် သင့်တော်သောကြောင့် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး၏ အန္တိမရည်မှန်းချက်ဖြစ်သော ပြည်ထောင်စုနှင့်တိုင်းရင်းသားများ၏အသက် အိုးအိမ်ကို စောင့်ရှောက်ရန် တစ်ခုတစ်စည်းတည်း ရှိနေသင့်ပါသည်။

မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်အားလုံး ချောချောမွေ့မွေ့ ငြိမ်ငြိမ်းခြင်းဖြစ်ပေါ်လာရေးဆိုရာတွင် အထက်ပါ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ ရှင်းရှင်းလင်းလင်းမြင်သာထင်သာ ဖြစ်ပေါ်လာရေးသည် လွန်စွာအရေးကြီးပါသည်။ မြန်မာနိုင်ငံသား အားလုံးအနေဖြင့် ရှေ့က သွားနှင့်သော အာဆီယံနိုင်ငံအားလုံးကို အမီလိုက်နိုင်ရေးအရေးကြီးသည်ဟု ခံယူနိုင်ပါလျှင် မဖြေရှင်းနိုင်စရာ ပြဿနာမရှိဟု ယူဆပါသည်။

(၉-၅-၂၀၀၉)

# Political Process

Political Process ဆိုသည်မှာ နိုင်ငံတည်ဆောက်ရေး၊ ပြည်သူ့ရေးရာမူဝါဒ၊ စီးပွားရေးမူဝါဒ စသည့်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာဆုံးဖြတ်ချက်များကို လူ့အဖွဲ့အစည်း ပါဝင်မှုဖြင့် Procedure ခေါ် ရေးသားပြဋ္ဌာန်းထားသောမူတစ်ခု၊ စနစ်တစ်ခုအသုံးပြုကာ အဆင့်ဆင့်ဆုံးဖြတ်ခြင်းကို ဆိုလိုပါသည်။

အတိုချုံး၍ပြောရလျှင် 'လူ' ဆုံးဖြတ်သောစနစ်မှ 'မူ' ဆုံးဖြတ်သောစနစ်ကို ကူးပြောင်းလိုက်သောကြောင့် ဆုံးဖြတ်ချက်တစ်ခုအတွက် လုပ်ငန်းစဉ် အဆင့်ဆင့် ပေါ်ထွန်းဖြတ်သန်းဆုံးဖြတ် လုပ်ကိုင်ခြင်းပုံသဏ္ဌာန်ကို ရောက်ရှိသွားသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ရှင်းရှင်းလင်းလင်းပြောရလျှင် Political Process ဟု ဆိုရုံမျှနှင့် ဒီမိုကရေစီကို ရည်ညွှန်းသည်ဟု မဆိုလိုပါ။ အဆင့်ဆင့်ဆုံးဖြတ်သည့်ပုံသဏ္ဌာန်၊ Check and Balance ပုံသဏ္ဌာန် ပီပြင်ခဲ့လျှင် Democratic Political Process ဟု သုံးနှုန်းပါသည်။ များစွာသေချာသည်မှာ Political Process ဟုဆိုခဲ့လျှင် Process မရှိသည့်လူက ကြိုက်သလို ဆုံးဖြတ်သော ဗဟိုဦးစီးပုံသဏ္ဌာန်မဟုတ်တော့ဆိုသော အချက်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် Political Process တစ်ခုစတင်တော့မည်ဆိုသော အချက်ကို လွန်ခဲ့သောအပတ်က The Voice Weekly တွင် ရေးသားဖော်ပြခဲ့ခြင်းကြောင့် ဝေဖန်မှုများစွာရရှိခဲ့ပါသည်။ အခြေခံ Civic Education ဟုပြောရမည့် Political Process ၏ Definition ခေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို နားလည်ကြပြီးဖြစ်သည်ဟု ယူဆ၍ ဖွင့်ဆိုချက်မပါဘဲ ရေးသားဖော်ပြလိုက်မိသောကြောင့် နားလည်မှုလွဲမှားခြင်းများကို သင်ခန်းစာအဖြစ် The Voice Weekly က ကောက်ယူပါသည်။

များစွာသေချာသည်မှာ မြန်မာနိုင်ငံတွင် လူ့အဖွဲ့အစည်း၏ အလွှာတိုင်းတွင် Civic Education ခေါ် 'လူ့အဖွဲ့အစည်းတွင်ရှိသင့်သည့် နိုင်ငံရေးဆိုင်ရာအသိတရား' နှင့်ပတ်သက်၍ Capacity Building ကို ယခုထက်ပိုမို လုပ်ဆောင်ရန်လိုအပ်ချက် ရှိနေသည်ဆိုသောအချက်ဖြစ်ပါသည်။

(၂၀-၅-၂၀၀၉)



# Law and Order ဆိုရာတွင်

နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး စသည်များမှာ State ခေါ် နိုင်ငံတော်များက ပထမဦးစားပေးအဖြစ် ဆောင်ကြဉ်းရသော Public Goods များတွင် အရေးအကြီးဆုံး အကြောင်းအရာဖြစ်ပါသည်။

Public Goods များတွင် အထက်တွင်ဖော်ပြခဲ့သည့် Law and Order ကိစ္စမှာ အရေးအကြီးဆုံးဖြစ်၍ နိုင်ငံတကာအစိုးရအသီးသီးက ပထမဦးစားပေးအဖြစ်တည် ဆောက်ရသောကိစ္စလည်းဖြစ်ပေသည်။ အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံများတွင် Law and Order ကို မတည်ဆောက်နိုင်ခြင်းကြောင့် နိုင်ငံတည်ဆောက်ရေးမှာ ဖြစ်နိုင်ခြေနည်း နေသည်ကို တွေ့ရပေသည်။

သို့ရာတွင် Law and Order ကို နိုင်ငံအသီးသီးက ကြိုးပမ်းကြရာတွင် နည်း လမ်းအမျိုးမျိုးကို သုံးစွဲကြသည်ကိုတွေ့ရပါသည်။ အီရတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော အခြေအနေများကိုကြည့်လျှင် အမေရိကန်တို့သည် Law and Order ကို စစ်ရေး နည်းလမ်းဖြင့် ဆောင်ကြဉ်းရန်ကြိုးစားနေသည်ကို တွေ့နိုင်ပါသည်။

အမှန်အားဖြင့် ရေရှည်သဘောကိုဆောင်ပြီး အကောင်းဆုံးလည်းဖြစ်သော နည်းလမ်းမှာ နိုင်ငံသားများကို နိုင်ငံတည်ဆောက်ရေးတွင် စနစ်တကျပါဝင်နိုင်မည့် စွမ်းဆောင်ရည်များ တည်ဆောက်ပေးပြီး အဆိုပါအရပ်ဘက်လူ့အဖွဲ့အစည်းကို နိုင်ငံ တည်ဆောက်ရေးတွင် ပါဝင်ခွင့်ပေးသည့် နည်းလမ်းပင်ဖြစ်သည်။ နိုင်ငံသားများ၏ စွမ်းဆောင်ရည်ကိုမြှင့်တင် ပေးခြင်းမပြုနိုင်လျှင် အဖြူအမည်းနှစ်မျိုးသာသိသည့် နိုင်ငံသားများမွေးထုတ်ပေးသည့် သဘောဖြစ်သွားပြီး အစွန်းရောက်သည့်အပြုအမူ များကို လုံ့ဆော်လှုပ်ကိုင်သူများဖြစ်သွားတတ်ပါသည်။ ဤကိစ္စကို စစ်ရေးနည်းဖြင့် ဖြေရှင်းလျှင် အီရတ်၊ အာဖဂန်နစ္စတန်တို့ကဲ့သို့ မဆုံးနိုင်သောပြဿနာများနှင့် ကြုံတွေ့ ရနိုင်ပါသည်။

တစ်နည်းအားဖြင့်ပြောရလျှင် လုံခြုံရေးကို လုံခြုံရေးတင်းကျပ်သည့် နည်းလမ်း ဖြင့် ဆောင်ကြဉ်းခြင်းသည် ရေတိုအတွက် သင့်တော်သော်လည်း ရေရှည်အတွက် စရိတ်ကြီးလွန်းသည်ကို ပြောလိုခြင်းဖြစ်ပါသည်။ (Transaction Cost)

(၂၉-၅-၂၀၀၉)



# နိုင်ငံတော်၊ ဈေးကွက်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်း

မြန်မာနိုင်ငံတွင် အသစ်ဖြစ်ပေါ်လာဖွယ်ရှိသည့် နိုင်ငံရေးအခင်းအကျင်းသစ်ကြောင့် ထိုနိုင်ငံရေးအခင်းအကျင်းအတွက် စာတ်ကောင်များမွေးဖွားရာ အရပ်ဘက်လူ့အဖွဲ့အစည်းအကြောင်း လူပြောများလာခဲ့သည်ကို တွေ့ရသည်။ နိုင်ငံတစ်ခု၏ ဖွဲ့စည်းတည်ဆောက်ပုံကိုပြောကြလျှင် နိုင်ငံတော် (State)၊ ဈေးကွက် (Market) နှင့် အရပ်ဘက် လူ့အဖွဲ့အစည်း (Civil Society) ဟူ၍ အပိုင်းသုံးပိုင်းခွဲ၍ ပြောကြပါသည်။ အဆိုပါအပိုင်းသုံးပိုင်း အနက် နိုင်ငံရေးနှင့် ပတ်သက်၍ပြောရလျှင် အရပ်ဘက်လူ့အဖွဲ့အစည်းသည် အဓိကကျသည်ဟု ဆိုနိုင်ပေသည်။

နိုင်ငံတော်၊ ဈေးကွက်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းတို့၏ အချိတ်အဆက်မှာလည်း စိတ်ဝင်စားဖွယ်ကောင်းပါသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းဆိုသည်မှာ ဈေးကွက်ဟုခေါ်သော Market ကို မှုတည်၍ ဖြစ်ပေါ်ရခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် Market ခေါ် ဈေးကွက်မရှိလျှင် လူလတ်တန်းစားလည်းမရှိသောကြောင့် အရပ်ဘက် လူ့အဖွဲ့အစည်းဆိုသည်မှာ ရှင် သန်ကြီးထွားစရာလည်းမရှိပေ။ ၁၉၆၂ မှ ၁၉၈၈ အခြေအနေသည် နိုင်ငံတော် (State) မှ ဈေးကွက်ကိုခွင့်မပြုသောကြောင့် အရပ်ဘက်လူ့အဖွဲ့အစည်း ဆိုသည်မှာလည်း မရှိတော့သည်ကို တွေ့နိုင်ပေသည်။

အမှန်အားဖြင့် မြန်မာနိုင်ငံ၏ အရပ်ဘက်လူ့အဖွဲ့အစည်းသည် ၁၉၄၈၊ ၁၉၆၂၊ ၁၉၈၈ တို့တွင် အချိုး အကွေ့ကြီးသုံးခုကို ဖြတ်သန်းခဲ့ပြီး ယခုအခါ စတုတ္ထ အချိုးအကွေ့ကိုရောက်ရှိနေခြင်းဖြစ်သည်။ ၁၉၄၈ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိချိန်တွင်

ကိုသို့နိုနယ်ချဲ့ကိုအမှီပြု၍ တည်ရှိနေခဲ့သော ဈေးကွက်၊ ထိုဈေးကွ[illegible]တည်၍ ဖြစ်ပေါ်လာသော အရပ်ဘက် လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး ပြောင်း[illegible]သည်ကို တွေ့ခဲ့ကြရပါသည်။ ၁၉၄၈ နောက်ပိုင်း အသစ်ဖြစ်ပေါ်လာသော အ[illegible]ဘက်[illegible]အဖွဲ့အစည်းသည် ဈေးကွက်၏ Market ကြီး တစ်ခုလုံးကို ဖျက်သိမ်းလိုက်ချိန် ၁၉၆၂ ခုတွင် ပျောက်ကွယ်သွားခဲ့သည်ကို တွေ့နိုင်ပေသည်။

၁၉၈၈ ခုနှစ်တွင် ဈေးကွက် (Market) ကို ပြန်လည်တည်ရှိခွင့်ပြုလိုက်သောကြောင့် ထိုဈေးကွက်ကိုမှတည်၍ ဖြစ်ပေါ်လာသော အရပ်ဘက်လူ့အဖွဲ့အစည်းတစ်ခု ခေါင်းပြူထွက်လာသည်ကို တွေ့ခဲ့ကြရပါသည်။ ပီပီပြင်ပြင်မဟုတ်၍ အရပ်ဘက်လူ့အဖွဲ့အစည်း ဟုတ်၊ မဟုတ် အငြင်းပွားမှုများပင်ရှိခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ ယနေ့ကာလတွင် အရပ်ဘက်လူ့အဖွဲ့အစည်းသည် ရှိသမျှစွမ်းအားဖြင့် နိုင်ငံရေး သရုပ်ဆောင်များ မွေးထုတ်ပေးရမည့်ကာလသို့ ရောက်ရှိနေပေသည်။ ဈေးကွက်၏အင်အားကြီးလှသည်မဟုတ်၍ အရပ်ဘက်လူ့အဖွဲ့အစည်း၏ စွမ်းပကားသည်လည်း တောင့်တင်းလှသည် မဟုတ်သည့်တိုင် အဆင့်တစ်ခုကို ကူးပြောင်းရ တော့မည်ဖြစ်သည်။ ဆိုလိုသည်မှာ ယခုတစ်ချိန်တွင် ဈေးကွက်က တွန်းသောကြောင့် အရပ်ဘက်လူ့ အဖွဲ့အစည်း ရွေ့ခြင်းမဟုတ်ဘဲ နိုင်ငံရေးအခြေအနေက ဆွဲခေါ်သောကြောင့် အရပ်ဘက်လူ့အဖွဲ့အစည်းရှိသမျှအားဖြင့် ပြန်းသရတော့မည့်အခြေအနေဖြစ်နေသည်ကို ပြောလိုခြင်းဖြစ်ပါသည်။

(၁၅-၆-၂၀၀၉)

# နိုင်ငံရေး

ယခုအခါ မြန်မာနိုင်ငံအတွင်း တရားဝင်ထုတ်ဝေနေကြသော မီဒီယာများ အပေါ်တွင် နိုင်ငံရေးနှင့်ပတ်သက်သော အယူအဆများ၊ ဆောင်းပါးများ ဖော်ပြခွင့်ရရှိလာသည်ကို ထူးခြားမှုအဖြစ်တွေ့မြင်နိုင်ပါသည်။ လမ်းညွှန်မြေပုံ၊ အခြေခံဥပဒေနှင့် ၂၀၁၀ရွေးကောက်ပွဲများကို ပေးထားချက်အဖြစ် လက်ခံဖော်ပြသည့် နိုင်ငံရေးဆိုင်ရာရေးသားဖော်ပြမှုအားလုံးလိုလိုကို ခွင့်ပြုထားသည်ကို အထင်အရှားတွေ့မြင်နိုင်ပါသည်။ ဤသည်ကို Political Space ဟု ယူဆရမည်ဖြစ်ပါသည်။

များစွာသော မြန်မာတို့သည် ဤပြောင်းလဲမှုများကို အပြုသဘောဆောင်သည့် ပြောင်းလဲမှုများအဖြစ် လက်ခံရန် ကနဦးတွင်များစွာခက်ခဲခဲ့သည်ကို တွေ့နိုင်ပါသည်။ တစ်ဖက်တွင်လည်း ယခုကဲ့သို့ ဖြစ်ထွန်းပေါ်ပေါက်လာနေသည့် Political Spaceသည် တစ်နိုင်ငံလုံးသို့ ပျံ့နှံ့ရောက်ရှိသွားခြင်းမရှိသေးရာ တရားဝင်ထုတ်ဝေခွင့်ရသည့် မီဒီယာများပေါ်တွင် ရေးသားဖော်ပြထားသည့်ကိစ္စရပ်များကိုပင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးရန် အခြေအနေမပေးသေးဟု ယူဆထားသူများလည်းရှိနေသေးသည်ကိုတွေ့ရပေသည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့အနေဖြင့် ယနေ့မြန်မာနိုင်ငံအခြေအနေသည် ၁၉၇၄၊ ၁၉၉၀ အခြေအနေများနှင့် ထပ်တူမပြုအပ်ဟုယူဆပါသည်။ နှိုင်းယှဉ်လိုက နှိုင်းယှဉ်ကြည့်နိုင်သော်လည်း၊ နှိုင်းယှဉ်လိုက်သော်လည်း ထပ်တူကောက်ယူခြင်းမှာမူ လက်တွေ့မကျဟု ယူဆပါသည်။ Negotiation သီအိုရီများတွင် ဖော်ပြသည့် Foot in the door ဆိုသည်မှာ ခြေတစ်လှမ်းလှမ်းပြီးဖြစ်၍ တစ်ကိုယ်လုံးဝင်လာရန် အသင့်ဖြစ်သွားပြီဆိုသောသဘောကို ရည်ညွှန်းပါသည်။ စာဖတ်သူများအပါအဝင် ကျွန်ုပ်တို့အားလုံး၏တာဝန်မှာ လက်ရှိဖြစ်ပေါ်လာသောတိုးတက်မှုဟု ယူဆဖွယ်ရာရှိသည့် ကိစ္စရပ်များကို အခြားကိစ္စရပ်များနှင့် ဝင်ရောက်လာရေးကိစ္စကိုဖြစ်ပေါ်လာစေရန် ကြိုးပမ်းကြရမည့် အချိန်အခါဖြစ်ပေသည်။

(၁၅-၆-၂၀၀၉)



# နိုင်ငံ(Nation) နှင့် နိုင်ငံတော်(State)
# နိုင်ငံတော်(State)နှင့် အစိုးရ(Government)

နိုင်ငံရေးနှင့်ပတ်သက်၍ ရေးသားဆော်ပြမှုအမျိုးမျိုးတွင် အမြဲလိုရောထွေးဆော်ပြလေ့ရှိသောစကားလုံးသုံးလုံးရှိပါသည်။ ၎င်းတို့မှာ နိုင်ငံနှင့် နိုင်ငံတော်၊ နိုင်ငံတော်နှင့် အစိုးရသည်တို့ဖြစ်ပါသည်။

ယေဘုယျအားဖြင့် နိုင်ငံ (Nation) ဆိုသည်မှာ ဖြစ်တည်မှုသဘော ဖြစ်ပြီး နိုင်ငံတော်(State)ဟုဆိုလျှင် တာဝန် သို့မဟုတ် Accountability ပါဝင်လာပြီဟု ဆိုနိုင်ပါသည်။ Nation ခေါ် နိုင်ငံသည် Hardware ဖြစ်ခဲ့လျှင် State ဆိုသော နိုင်ငံတော်သည် Software ဖြစ်သည်ဟုပြောရမည် ထင်ပါသည်။

ပို၍ရှင်းလင်းအောင်ပြောရလျှင် Nation ခေါ် နိုင်ငံဆိုသည်မှာ အမျိုးသားရေး မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားစည်းလုံးညီညွတ်ရေး တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးတို့အတွက် အရေးကြီးပြီး State ခေါ်နိုင်ငံတော်မှာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ထိုဥပဒေများအရ ဖွဲ့စည်းထူထောင်ထားသောအဖွဲ့အစည်းများ၊ တာဝန်ပေးထားသော လူပုဂ္ဂိုလ်များ၊ နိုင်ငံသားများပါဝင်သည့် နိုင်ငံတည်ဆောက်ရေးအတွက် အရေးကြီးသည်ဟုဆိုရမည်ဖြစ်ပေသည်။ (Collective Institutions)

အစိုးရဆိုသည်မှာ State ဟုခေါ်သော နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုသာဖြစ်ပြီး State ခေါ် နိုင်ငံတော်များက ထမ်းဆောင်ရမည့် တာဝန်ကို ထမ်းဆောင်ပေးသည့် Functioning Unit တစ်ခုသာဖြစ်ပေသည်။ Nation သည် Hardware State သည် Software ဖြစ်ခဲ့လျှင် Government သည် Operator ဖြစ်ပါလိမ့်မည်။

သို့တိုင်အောင်အစိုးရခေါ် Government တိုင်းသည် State ခေါ် နိုင်ငံတော်များက ထမ်းဆောင်မည့်တာဝန်ကို သိရှိထမ်းဆောင်ပေးကြမည်မဟုတ်ပါ။ သို့သော် အဆိုပါတာဝန်များကိုထမ်းဆောင်လျက်ရှိပြီး ပြည်သူလူထုနှင့် တစ်သားတည်းရှိသည်ဟု

ဖော်ပြလ[illegible]တွင် အစိုးရများက ၎င်းတို့ကိုယ်၎င်းတို့ နိုင်ငံတော်ဟု ခေါ်ဝေါ်
သုံးနှုန်း[illegible]တွေ့ရသည်။

နိ[illegible]နှင့် အစိုးရဆိုသောအသုံးအနှုန်းများတွင် အဓိကကျသော ကွဲပြားခြား
နား[illegible]ငါးခုရှိ[illegible]ဟု ဆိုနိုင်ပါသည်။

(၁) နိုင်ငံတော်ဆိုသည်မှာ အစိုးရသက်သက်သာမက ပြည်သူလူထု သို့မဟုတ် နိုင်ငံသားများပါ ပါဝင်သော ကြောင့် ပို၍ကျယ်ပြန့်သောသဘောကို ဆောင်သည်ဟု ဆိုရမည်ဖြစ်သည်။

(၂) နိုင်ငံတော်သည် နိုင်ငံတည်သရွေ့တည်ရှိမည်ဖြစ်သောကြောင့် ခိုင်မြဲသော သဘောကိုဆောင်ပြီး အစိုးရဆိုသည်မှာ ယာယီသဘောသာဖြစ်သည်ကို တွေ့ရမည် ဖြစ်သည်။

(၃) အစိုးရဆိုသည်မှာ နိုင်ငံတော်များက ၎င်း၏တာဝန်ကို ထမ်းဆောင်သော Means ခေါ် နည်းလမ်းတစ်ရပ်သာဖြစ်သည်ဟုဆိုနိုင်သည်။

(၄) နိုင်ငံတော်ဆိုသည်မှာ လူပုဂ္ဂိုလ်သဘောမပါသကဲ့သို့ လူပုဂ္ဂိုလ်များနှင့် မပတ်သက်သော်လည်း အစိုးရဆိုသည်မှာ လူပုဂ္ဂိုလ်အရောင် အသွေးများ ပါရှိတတ် သည်။ တစ်နည်းအားဖြင့် State ခေါ် နိုင်ငံတော်သည် Neutral သဘောကို ဆောင် သော်လည်း Government သည် Neutral မဟုတ်ဟုဆိုလိုပေသည်။

(၅) နိုင်ငံတော်ဆိုသည်မှာ အနည်းဆုံး သီအိုရီသဘောအရ လူ့အဖွဲ့အစည်း၏ ကောင်းကျိုးကို အမြဲရည်ရွယ်သောသဘောရှိသော်လည်း အစိုးရများသည် ပါတီ၊ အုပ်စုအဖွဲ့များပါရှိတတ်သည်ကိုတွေ့နိုင်သည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံတွင် ယနေ့ယခုလိုအပ်ချက်မှာ နိုင်ငံတည် ဆောက်ရေးပင်ဖြစ်သည်ဟုဆိုလျှင် အားလုံးလက်ခံကြမည်ဟု ယူဆပါသည်။ အင်္ဂလိပ် ဘာသာတွင် Nation Building နှင့် State Building ဟု နှစ်မျိုးရှိသော်လည်း မြန်မာဘာသာဖြင့် တစ်မျိုးသာရှိသည်ကိုတွေ့ရသည်။ အမျိုးသား စည်းလုံးညီညွတ် ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စသည်များကို တည်ဆောက်ခြင်းသည် Nation Building ဖြစ်ပြီး ပီပြင်သော နိုင်ငံတော် (Stateness)အဖြစ် တည်ဆောက် ခြင်းသည် State Building ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံတည်ဆောက်ရေး လိုအပ်ချက်သည် Nation Building ရော State Building ပါ နှစ်မျိုးလုံးဖြစ်သည်ဟု ပြောချင်ပါသည်။

(၂၁-၆-၂၀၀၉)



# ပန်းတိုင်နှင့် တွန်းအား

ယခုအခါ မြန်မာနိုင်ငံသည် အသွင်ကူးပြောင်းရေးကာလတစ်ခု ရောက်ရှိနေပြီ ဖြစ်သော်လည်း စိတ်ဝင်စားပြောဆိုဆွေးနွေးမှု သိသာထင်ရှားစွာ ဖြစ်ပေါ်လာခြင်း မရှိသေးသည်ကို တွေ့ရပါသည်။ သို့သော်လည်း ရွေးကောက်ပွဲနှင့် နီးလာသောကာလ များတွင်မှ သိသိသာသာ တိုးပွားလာမည်မှာ သေချာပါသည်။ ယခင်ရွေးကောက်ပွဲတွင် နက်ရှိုင်းစွာပါဝင်ပတ်သက်ခဲ့သူတစ်ဦးက မြန်မာတို့၏ Political Excitement သည် ရွေးကောက်ပွဲကာလ (၇)ရက်သာရှိပါသည်ဟုဆိုသည်။ ဟုတ်လောက်ပါသည်။


မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးဆိုသည်မှာ ပုဒ်မချ၍အသစ်ရေးသော စာ ကြောင်းဖြစ်ရမည် သို့မဟုတ် ပုဒ်ထီးချ၍ ဆက်ရေးသောစာကြောင်းသာဖြစ်သင့်သည် ဆိုသည်ဖြင့် ဝေဖန်မှုအမျိုးမျိုးရှိသော်လည်း မူလက Check and Balance မရှိသော စနစ်မှ Check and Balance ခွင့်ပြုသည့်စနစ်သို့ ကူးပြောင်းရန်ပြင်ဆင်ထား သည်ဆိုသောအချက်မှာ သေချာပါသည်။

Check and Balance ဆိုသည်မှာ လွှတ်တော်ပေါ်တွင် အုပ်ချုပ်ရေးမာဏာ ကျင့်သုံးသော အစိုးရကို ဥပဒေဖြင့်ကန့်သတ်မည့် လွှတ်တော်ပေါ်ရှိ 'အလုပ်'များကို ဆိုလိုသည်ဖြစ်ရာ ကိုယ်စားလှယ်များ လွှတ်တော်ပေါ်သို့ ရောက်ရှိလာရုံမျှနှင့် ပြီးပြည့်စုံနိုင်သည်မဟုတ်ပါ။ အလုပ်တာဝန်ကိုသိ၍ ထမ်းလည်းထမ်းဆောင်သော ကိုယ်စားလှယ်များ လွှတ်တော်ပေါ်တွင် လိုအပ်ပါသေးသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်သည် နှစ်ပေါင်း ၂၀ ကျော် ကျောက်ချထားရာမှ ယခု ကျောက်ကြိုး ဆွဲနုတ်လိုက်ပြီဖြစ်ရာ မည်သို့သော ပန်းတိုင်သို့ ရောက်ရှိသည်ဆိုသော အချက်မှာ Stakeholder အသီးသီးက မည်သည့်လားရာသို့တွန်း၍ မည်သည့် Stakeholder များ၏ တွန်းအားက ပေါ်လွင်သည်ဆိုသောအချက်က ပြဋ္ဌာန်းပါ လိမ့်မည်။

တစ်နည်းအားဖြင့်ပြောရလျှင် ကျောက်ကြိုးကိုတင်လိုက်ပြီဖြစ်သော သင်္ဘော ကြီးအား မည်သည့် ပန်းတိုင်သို့ရောက်အောင် ပို့ဆောင်သည်ဆိုသော အချက်မှာ မည်သည့် Stakeholder များက မည်မျှ ညီညီညွတ်ညွတ်ဖြင့် မည်သည့်ဘက်သို့ တွန်းသည်ဆိုသော အချက်ပေါ်တွင် မူတည်ပါသည်။

(၂-၅-၂၀၀၉)



# ကုန်လုပ်စွမ်းအားစုများ ရယူသုံးစွဲခွင့်

မြန်မာနိုင်ငံရှိ ၅၇ သန်းသောပြည်သူများ၏ အရေးနှင့်ပတ်သက်၍ အောက်ထစ်ဆုံးလိုအပ်ချက်ကိုပြောရလျှင် နိုင်ငံသားအားလုံး မည်သို့သော နိုင်ငံရေးခံယူချက်ရှိသူဖြစ်စေ ကံ၊ ဉာဏ်၊ ဝီရိယရှိသလောက် အလုပ်လုပ်ခွင့်ရပြီး အသိမလိုပွဲစားမလို ရှင်သန်ခွင့်ရရှိရေးပင်ဖြစ်သည်ဟု ဆိုရပါလိမ့်မည်။

ပို၍ရှင်းအောင်ပြောရလျှင် နိုင်ငံသားအားလုံး ကံ၊ ဉာဏ်၊ ဝီရိယရှိသလောက် အလုပ်လုပ်ခွင့်ရ၍ အသိမလို ပွဲစားမလို ရှင်သန်နိုင်ရေးသည် Means of Production ခေါ် ကုန်လုပ်စွမ်းအားစုများ ရယူသုံးစွဲခွင့်ကို မည်သူက မည်သို့မည်ပုံ ထိန်းချုပ်ထားသနည်းဆိုသောအချက်ပေါ်တွင် မူတည်နေခြင်းဖြစ်ပေသည်။ ပုဂ္ဂလိကကဏ္ဍရှိနေသည့်တိုင် ကုန်လုပ်စွမ်းအားစုများ ရယူသုံးစွဲခွင့်မလွယ်ကူလျှင် ဆူပါမားကတ်တစ်ခုဖွင့်လှစ်ခွင့်ပြုပြီး ဈေးခင်းစရာပစ္စည်းအားလုံး တင်သွင်းခွင့်မပြုသည့်သဘောမျိုး ဖြစ်သွားတတ်ပေသည်။

မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ နိုင်ငံတကာတွင် ပြောဆိုဆွေးနွေးမှု အရပ်ရပ်ကိုကြည့်လျှင် အကောင်းဆုံးရလဒ်များအကြောင်းကိုသာ ခေါင်းပေး၍ ပြောကြားနေကြပြီး နိုင်ငံသား ၅၇ သန်း၏ ရှင်သန်မှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်သည့် သဘောကို မတွေ့ရသလောက်ဖြစ်ပါသည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံသား ၅၇ သန်းနှင့်ပတ်သက်၍ မိမိတို့ကိုယ်တိုင် အားထုတ်ကြရမည်ဆိုသော သဘောဖြစ်ပါသည်။

ကုန်လုပ်စွမ်းအားစုများ ရယူသုံးစွဲခွင့်နှင့်ပတ်သက်၍ အလွယ်ပြောရလျှင် နည်းနှာနှစ်ခုရှိပါသည်။ ပထမနည်းနာမှာ ယနေ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် အသုံးပြု

နေသော နည်းနာဖြစ်သည်။ ကုန်လုပ်စွမ်းအားစုများ ရယူသုံးစွဲခွင့် [illegible] က်သော Policy Process, Political Process တွင် အရပ်ဘက်လူ့အဖွဲ့အစ [illegible] ပါဝင်ခွင့် check and balance ပြုလုပ်ခွင့်မပေးဘဲ State ခေါ် နိုင်ငံတော်က [illegible] တသိ ထောက်ပံ့ပေးသည့်နည်းနာဖြစ်သည်။ လိုအပ်သောသတင်းအချ [illegible] အလ [illegible] နှင့် Feedback ကို စတုတ္ထမဏ္ဍိုင်ထံမှ ရယူသည်ကို တွေ့ရသည်။

နောက်တစ်နည်းမှာ ကုန်လုပ်စွမ်းအားစုများ ရယူသုံးစွဲခွင့်နှင့်ပတ် သက်သော Policy Process, Political Process တွင် အရပ်ဘက်လူ့အဖွဲ့အစည်းကို ပါဝင်ခွင့်ပြုပြီး ၎င်းတို့၏ check and balance ဖြင့် တဖြည်းဖြည်း ပိုမိုကောင်းမွန် အောင် ပြင်ဆင်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၀၁၀ နောက်ပိုင်းတွင် ဒုတိယနည်းလမ်းကို ကျင့်သုံးရန် ပြင်ဆင်လျက်ရှိသည်ကို တွေ့ရပြီးမည်မျှဖြစ်နိုင်ခြေရှိမည်ဆိုသော အတိုင်းအဆသည် ရွေးကောက်ပွဲရလဒ်၊ လွှတ်တော်ကိုယ်စားလှယ်များ၏အရည်အချင်း၊ ဗျူရိုကရေစီ အုပ်ချုပ်ရေးယန္တရား၏ ပူးပေါင်းဆောင်ရွက်မှုများပေါ်တွင် မူတည်မည်ဖြစ်ပေသည်။

(၉-၇-၂၀၀၉)

# နိုင်ငံတည်ဆောက်ရေး

နိုင်ငံတည်ဆောက်ရေးအကြောင်းကိုပြောရလျှင် အောက်ထစ်ဆုံးလိုအပ်ချက်သည် Good Govemance ခေါ် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ပါသည်။ ပြည်သူလူထုကို လူသားတစ်ဦးပီသစွာ နေထိုင်နိုင်သောအဆင့်သို့ ပို့ဆောင်ပေးမည်ဟုဆိုလျှင် လိုအပ်ချက်များသည် စားဝတ်နေရေးထက် ပိုသည်ဟု နားလည်ရပါမည်။ ထိုသို့ လူသားပီသစွာ နေထိုင်နိုင်ရေးတွင် နိုင်ငံသားအားလုံး အလုပ်လုပ်ကြရန်လိုအပ်ပြီး နိုင်ငံတော်များ၏ တာဝန်မှာ ထိုနိုင်ငံသားများလုပ်သာကိုင်သာသောအခြေအနေများကို နည်းအမျိုးမျိုးဖြင့် ဖန်တီးပေးရေးပင်ဖြစ်သည်။

ထိုသို့ နိုင်ငံသားများလုပ်သာကိုင်သာအောင် နိုင်ငံတော် (State) များဘက်မှ ဖန်တီးပေးရေးဆိုသည်ကို တစ်နည်းအားဖြင့် Enabaling Business Environment ဟု ခေါ်ကြလေ့ရှိပါသည်။ တစ်နည်းအားဖြင့် စီးပွားရေးရေစီးမြေခံကောင်းများ ဖန်တီးပေးရေးဟု ဘာသာပြန်ရမည်ထင်ပါသည်။ တစ်နည်းအားဖြင့်ပြောရလျှင် ကုန်လုပ်စွမ်းအားစုများ၏ မူလပိုင်ရှင်ဟု ပြောရမည့် နိုင်ငံတော်ကိုယ်စား ၎င်း၏ Operator ဖြစ်သူအစိုးရက အဆိုပါကုန်လုပ်စွမ်းအားစုများ အလွယ်တကူ ရယူသုံးစွဲခွင့်ကို ဆောင်ကြဉ်းပေးရခြင်းဖြစ်သည်။

တစ်သားတည်းဖြစ်လာသော ယနေ့ကမ္ဘာကြီးတွင် လွတ်လပ်စွာ ကုန်သွယ်ခွင့်ဆိုင်ရာ သဘောတူညီချက်များကိုလည်း အစိုးရများက လက်မှတ်ရေးထိုးလာကြရာ (ဥပမာ-အာဆီယံ AFTA) စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်းရှည်ကို နိုင်ငံတော်ကိုယ်စား ဆောင်ကြဉ်းပေးရမည့်အစိုးရများသည် နိုင်ငံတွင်းအခြေအနေများ သက်သက်

ပေါ်မှုတည်ဆဲဖြစ်တဲ့ဆောင်ကြဉ်းရန်သာမက ဒေသဆိုင်ရာ၊ [illegible]ဆိုင်ရာ အခြေအနေများတွင် မိမိနိုင်ငံနှင့် နိုင်ငံသားများ၏ ယှဉ်ပြိုင်နိုင်စွမ်းရည်[illegible]ဆောင်ကြဉ်းပေးရန် လိုအပ်ချက်ရှိလာခဲ့သည်ကို တွေ့ရသည်။ ဥပမာအာ[illegible]နိုင်[illegible]တွင် သယ်ယူပို့ဆောင်ရေးစရိတ်စကများ၊ ဆက်သွယ်ရေးစရိတ်စကများ ဒေသတွင်း နိုင်ငံများနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ဆောင်ကြဉ်းပေးမှသာလျှင် ယနေ့ဖြစ်ပေါ်လာနေသော Free Trade သဘောတူညီချက်များအရ 'ရောင်းသူ' နေရာသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ သို့မဟုတ်ပါက နိုင်ငံ၏ယှဉ်ပြိုင်နိုင်စွမ်းရည်ကျဆင်းသွားပြီး 'အရောင်းခံရသူ' နိုင်ငံဖြစ်သွားတတ်ပေသည်။

အထက်ပါစီးပွားရေးရေခံမြေခံများ တည်ဆောက်ရေးလိုအပ်ချက်သည် နိုင်ငံတော်တည်ဆောက်ရေး၏ အခြေခံဖြစ်ပါသည်။ Good Governance မရှိဘဲ ဤရေခံမြေခံများတည်ဆောက်ရန်မဖြစ်နိုင်ပါ။ တစ်ဖက်တွင်လည်း Good Governance ဆိုသည်မှာ State ခေါ် နိုင်ငံတော်၏ တာဝန်သက်သက်မဟုတ်ဘဲ State ခေါ် နိုင်ငံတော်၊ Market ခေါ် ဈေးကွက်၊ Civil Society ခေါ် အရပ်ဘက်လူ့အဖွဲ့အစည်းတို့၏ သုံးဦးသုံးဖလှယ်ပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့်သာ ရနိုင်သော အကျိုးတရားတစ်ခုဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ၂၀၁၁ မှစ၍ မြင်တွေ့ရမည့် နိုင်ငံရေးအခြေအနေသစ်ကို ခန့်မှန်းရလျှင် အောက်ထစ်ဆုံး 'စနစ်ပြောင်း၊ အုပ်ချုပ်သူမပြောင်း' ပုံသဏ္ဌာန်ဖြစ်ရာ စနစ်ပြောင်းသွားခြင်းကြောင့် နိုင်ငံတော်ဈေးကွက်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းတို့၏ ပါဝင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဖြစ်နိုင်ခြေရှိသွားပြီဟု ဆိုနိုင်ပါသည်။

(၉-၇-၂၀၀၉)

## ၆

မြည်းတစ်ကောင်နှင့် သားအဖ အနည်းရှိ ပုံပြင်ကို အရွယ်ရောက်သူတိုင်း ကြားဖူး ကြလိမ့်မည်ဟု ထင်ပါသည်။ အဆိုပါမြည်းကို ဆွဲသွားသင့်ကြောင်း သို့မဟုတ် ထမ်းသွားသင့်ကြောင်း သို့မဟုတ် စီးသွားသင့်ကြောင်း အမျိုးမျိုးအဆိုပြုသူများနှင့် အဖဖြစ်သူ သို့မဟုတ် သားဖြစ်သူတို့၏ ရှုထောင့်များကိုကြည့်လျှင် ကွဲပြားခြားနားမှု တစ်ခုကို မြင်ရမည်ဖြစ်သည်။

များစွာသေချာသောအချက်မှာ ဘေးကပြောသူသက်သက်နေရာတွင်ရှိ သူများ၌ မည်သည့်တာဝန်ယူမှုမျှ မလိုအပ်သောကြောင့် တာဝန်မဲ့ပြောဆို၍ ရသည်ဆိုသော သဘောကို တွေ့နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တိုင်တွန်းခြင်း၊ ဆွဲခြင်း ပြုသူမဟုတ်သောကြောင့် ဖြစ်နိုင်ခြေရှိခြင်း၊ မရှိခြင်း၊ လက်တွေ့ကျခြင်း၊ မကျခြင်း၊ ရွေ့ခြင်း မရွေ့ခြင်းများနှင့် ပတ်သက်၍လည်း တာဝန်မရှိသောကြောင့်ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ အရေးကိစ္စနှင့်ပတ်သက်၍ ပြောဆိုဝေဖန်မှုအမျိုးမျိုးတွင် လည်း ကျောက်ကြီးဆွဲနတ်လိုက်ပြီဖြစ်သော သဘောကြီးကို တွန်းနေသူများနှင့် ဘေးပြော ထိုင်ပြောနေသူများ၏ ရှုထောင့်နှစ်မျိုးမတူချေ။ လက်တွေ့ဝင်တွန်းမည့်သူမဟုတ်လျှင် မိမိ၏အယူအဆကို So What ဟု မေးခွန်းထုတ်ကြည့်ရန်လည်းမလိုပေ။ လက်တွေ့ တွန်းသူများတွင် ဖြစ်နိုင်ခြေရှိ၊ မရှိ၊ ရွေ့နိုင်ခြေရှိ၊ မရှိ စသည်များ လိုအပ်သော်လည်း ဘေးပြောပြောသူများတွင် တွန်းသူမဟုတ်သည့်အားလျော်စွာ Accountability မလိုအပ်ပေ။

အထူးသဖြင့် မြန်မာနိုင်ငံပြင်ပမှနေ၍ ပြောဆိုဝေဖန်မှုအမျိုးမျိုးတွင် စံနှုန်းများ မြင့်မားလွန်းသည်ကို တွေ့ရသည်။ ဒီမိုကရေစီရေးကို မီဒီယာအမျိုးမျိုးမှ အသံအကျယ်

ဆုံးပြောနိုင်သူများမှာ မြန်မာနိုင်ငံပြင်ပတွင်ရှိနေသူများသာဖြစ်ရာ ၎င [illegible] နှုန်းများ မြင့်မားသည်မှာ မဆန်းချေ။ မြန်မာပြည်သူလူထု အများစုကြီး၏ အ [illegible] နမှန်ကို ပြည်သူ့အပြောကောင်းသူက ရှင်းပြပါစေ ကိုယ်ချင်းစာနာ ရှုမြင်နိုင်ေ [illegible] အခြေအနေသို့ ရောက်ရှိရန်မဖြစ်နိုင်ပေ။ ကျေးရွာအတွင်းရှိပြည်သူအများစုမှာ ဝယ်လိုအား မရှိတော့သောကြောင့် ကာ၊ ညာ၊ ဝီရိယရှိရုံသက်သက်ဖြင့် မရှင်သန်နိုင်တော့သော အနေအထားသို့ ရောက်ရှိနေပါသည်။ အချိန်ကာလကြာမြင့်စွာခွဲခွာနေရသူများ ဆိုလျှင် လက်ရှိပကတိအခြေအနေကို လုံးလုံးမမှန်းဆနိုင်တော့သောအခြေသို့ ရောက်ရှိနေသည်ကို တွေ့ရသည်။ ထိုအခါမျိုးတွင် အကောင်းဆုံးခန့်မှန်းများ အလွယ် တကူ ပြောထွက်သွားသည်မှာ မဆန်းချေ။

ဒုတိယအကြောင်းတစ်ခုမှာ အဆိုပါကာယကံရှင်တစ်ဦးချင်းအနေဖြင့် တိုင်းတာကြည့်လေ့ရှိသော ခန့်မှန်းဖြစ်သည်။ ၎င်းတို့ မြန်မာနိုင်ငံသို့ပြန်သွားခွင့် ရှိသော အခြေအနေမျိုးမဟုတ်လျှင် လက်မခံနိုင်သော၊ တိုးတက်မှုမဟုတ်သော အခြေအနေ အဖြစ် သတ်မှတ်လေ့ရှိသည်ကိုတွေ့ရသည်။ အင်တာနက်နှင့် အသံလွှင့်မီဒီယာ မျိုးစုံတွင် ရနိုင်ခြေရှိသော အမြင်အမျိုးမျိုးသည် နိုင်ငံပြင်ပမှသာ အများစုဖြစ်သော ကြောင့် ထိုမြင့်မားသောနှုန်းစံများကို အောက်ထစ်ဆုံး လိုအပ်ချက်အဖြစ် အလို အလျောက်ယူဆသွားသော ပြည်တွင်းမှ အမြင်ရှုထောင့်များလည်းရှိပေသည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအတွင်း နေထိုင်သော ပြည်သူများသည် မကြာမီ လက်တွေ့နိုင်ငံရေးထဲသို့ ရောက်ရှိသွားကြတော့မည်ဖြစ်ပေသည်။ ထိုတို့ပြန်မှုကိုမူ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လက်တွေ့အရှိတရားအဖြစ် ကျွန်ုပ်တို့ လက်ခံရပါလိမ့်မည်။

(၂၇-၇-၂၀၀၉)



# တစ်လှေတည်းစီး တစ်ခရီးတည်းသွား

ပုဂ္ဂိုလ် [illegible]' နှင့် ပုဂ္ဂိုလ် B လုပ်ဖော်ကိုင်ဖက်နှစ်ဦးတို့ မသင့်မတင့်ဖြစ်ကြ၍ နှစ်ဦးစလုံးနှင့် ရင်းနှီးကျွမ်းဝင်ပြီး နှစ်ဦးစလုံးအပေါ်တွင် အမှန်တကယ် မေတ္တာထားနိုင်သူတစ်ဦးအနေဖြင့် အကြံပေးရမည်ဆိုလျှင် မည်သို့သော ဖြစ်နိုင်ခြေများရှိနေသည်ကို စာဖတ်သူများ စဉ်းစားကြည့်ဖူးပါသလား။ ဖြစ်လေ့ဖြစ်ထရှိသည်မှာ နှစ်ဦးစလုံးက 'သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ' ဟု ခံယူထားကြလျက် တစ်ဖက်က 'ကောင်း' ကြောင်း အထောက်အထားကို စောင့်ဆိုင်းနေကြသည်ဟုဆိုသည့် အခြေအနေမျိုးဖြစ်ပေသည်။ များစွာသေချာသည်မှာ ထိုအခြေအနေမျိုးသည် မည်သို့သောရလဒ်ကိုမျှ မရရှိနိုင် ဆိုသောအချက်ဖြစ်သည်။

သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါဟု ပြောနေသူနှစ်ဦးကို နှစ်ဖက်စလုံးအား မေတ္တာထားနိုင်သူ ရှုထောင့်မှ အကြံပြုမည်ဟုဆိုလျှင် The Status quo ခေါ် လက်ရှိအခြေအနေအတိုင်း ဆက်လက်ထားရှိရေးကိုမူကား မည်သူမျှရွေးချယ်မည်မထင်ပါ။ The Status quo ကို ဆက်လက်ထားရှိရန်မသင့်ဟုဆိုလျှင် ဖြစ်နိုင်ခြေရှိသော တစ်ဖက်ကိုအားပြု၍ တွန်းရမည်ဟု စဉ်းစားကြည့်နိုင်ပါသည်။

လူသားတို့၏ဘဝတွင် အလွန်တရာအရေးကြီးသော အကြောင်းအရာကြီးသုံးခုရှိပြီး ၎င်းတို့မှာ Pride ခေါ် 'မာန'၊ Greed ခေါ် 'လောဘ' နှင့် Fear ခေါ် 'အကြောက်တရား' တို့ဖြစ်သည်။ အမြဲတစေ ဖြစ်လေ့ဖြစ်ထရှိသည်မှာ အထက်ပါဥပမာ A နှင့် B ကဲ့သို့ ဘက်နှစ်ဖက်တွင်ရှိနေသည့် Pride, Greed နှင့် Fear တို့အပေါ် သဘောထား၊ အတိုင်းအဆတို့ မတူနိုင်ကြခြင်းဖြစ်သည်။ တစ်နည်းအား ဖြင့်ပြောရလျှင် အဆိုပါအကြောင်းအရာသုံးမျိုးနှင့် ပတ်သက်၍ ပို၍ပေါ့ပေါ့ပါးပါး ရှိသူက စရမည်ဖြစ်ရာ နှစ်ဖက်စလုံးအပေါ် မေတ္တာထားနိုင်သူက တွန်းမည်ဆိုလျှင် လည်း ပို၍ပေါ့ပေါ့ပါးပါးရှိသူကို အားပြု၍ တွန်းရမည်သာဖြစ်ပေသည်။

တွန်းခံရသူ ကာယကံရှင်များ၏ ဆွေမျိုးသားချင်းများ ရှုထောင့်မှ ကြည့်မည်ဟုဆိုလျှင် ကြားကဝင်၍ တိုက်တွန်းနေသူသည် မတရားပေ။ အဘယ့်ကြောင့်ဆိုသော် တစ်ဖက်သတ်ပြောနေသောကြောင့် ဖြစ်ပေသည်။ အဆင်ပြေသွားခဲ့လျှင်ကား အားလုံးက ကျေးဇူးတင်ကြပါလိမ့်မည်။ စာဖတ်သူများအား ကြားလူနေရာမှဝင်၍ မည်သို့ဖြစ်သင့်သည်ကို စဉ်းစားကြည့်နိုင်ပါရန် တိုက်တွန်းကြည့်ချင်မိပါသည်။

(၃-၈-၂၀၀၉)



# စေတနာမှန်လျှင် ကံဖြစ်စေ

မြန်မာနိုင်ငံ၏ နိုင်ငံရေးသည် ချစ်ခြင်း၊ မုန်းခြင်းများ အလွန်အမင်း ဖြစ်ပေါ်စေသည့်အခြေအနေများရှိခဲ့သောကြောင့် လက်ရှိအခြေအနေကို ယထာဘူတကျကျ ကြည့်မြင်နိုင်ရန် ခဲယဉ်းသွားခဲ့ရုံမက ထိုသို့ရှုမြင်ထောက်ပြသူများကိုပါ Us Them ခွဲခြား၍ ရန်သူမဟာဆက်ဆံခံရသည်အထိ ဆူးပေါက်ထားသူများကို တွေ့ရပေသည်။ ဆရာကြီး ဗွေ့ဥဒေါင်း၏အဓိပ္ပာယ်ကို ယူသုံးရလျှင် ဆူးပေါက်ထားသူများသည် အမျိုးသား ညီးလုံးညီညွတ်ရေးအတွက် မျှော်လင့်ချက်မရှိတော့သူများပင်ဖြစ်ပေသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ထုတ်ဝေထုတ်ဝေနေကြသော မီဒီယာအချို့တွင် နိုင်ငံရေးနှင့်ပတ်သက်သော ရေးသားဖော်ပြမှုအချို့ကို စာဖတ်သူများလည်း သတိပြုမိကြလိမ့်မည်ဟု ထင်ပါသည်။ စာဖတ်သူအချို့က ထိုသို့ဖော်ပြမှုများသည် တစ်စုံတစ်ရာနားလည်မှုဖြင့် ဖော်ပြခွင့်ရသည်ဟု စွပ်စွဲခဲ့ကြသည်ကိုလည်း တွေ့ရသည်။ မီဒီယာများပေါ်တွင် ဖော်ပြခွင့်ရရှိလာသော စာမူများကိုကြည့်လျှင် မည်သည့်စည်းကမ်းဘောင်အတွင်း ဖော်ပြခွင့်ရသည်ဆိုသောအချက်မှာ ရှင်းပါသည်။

နားလည်သဘောပေါက်ပြောရလျှင် နိုင်ငံရေးနှင့်ပတ်သက်သော ရေးသားဖော်ပြမှုများကို လမ်းညွှန်ချမှတ်ပုံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ရွေးကောက်ပွဲများအား အနည်းဆုံးမှ အားဖြင့် လက်ခံလျှင် သို့မဟုတ် ထိုမူဘောင် အတွင်းမှရေးသားလျှင် ဖော်ပြခွင့်ပြုခြင်းဖြစ်သည်ဟုဆိုနိုင်ပါသည်။ တစ်နည်းအားဖြင့် ပြောရလျှင် အနာဂတ်ကိုအပြုသဘော ရေးသားဖော်ပြခြင်းကို ခွင့်ပြုခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

[illegible] နှံ့ခြင်းများကြောင့် ဆူးပေါက်ထားသူများရှိနေသော အခြေအနေတွင် အနာဂ[illegible] သက်ကို လက်ရှိအခြေအနေနှင့် မနှိုင်းယှဉ်ဘဲ ယထာဘူတကျကျမြင်ရေး သား[illegible] ဆင်သလောက်မလွယ်ပါ။ အမှန်အားဖြင့် 'အကောင်း'၊ 'အဆိုး' ဆိုသည် များမှာ နှိုင်းယှဉ်ချက်များသာဖြစ်ရာ 'အကောင်း' ဆိုသည်များမှာလည်း ပိုကောင်းသော အခြေအနေတစ်ခုနှင့် နှိုင်းယှဉ်လျှင် 'အကောင်း' ဟု ယူဆ၍မရတော့ပါ။ ထို့ကြောင့် အနာဂတ်ကို ယထာဘူတကျကျမြင်၍ ခန့်မှန်းရေးသားခြင်းများသည် ယခုလက်ရှိနှင့် နှိုင်းယှဉ်ဖော်ပြနိုင်ခြင်းမပြုလျှင် အများလက်ခံအောင်ရေးသားဖော်ပြရန်ကိစ္စမှာ များစွာခက်ခဲပါသည်။

လူထုဆက်သွယ်ရေးယန္တရားပေါ်မှ လက်ရှိအခြေအနေ၏ အားနည်းချက်များကို ဖော်ပြ၍ အနာဂတ်ကို ပိုမိုကောင်းမွန်ကြောင်း ထောက်ပြခြင်းသည် စီးပွားရေးလုပ်ငန်းများ အရင်းတစ်ခုစိုက်၍ အနာဂတ်တွင် အမြတ်ရှာသည့် သဘောပင်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများတွင် အရင်းမစိုက်ဘဲ အမြတ်ရယူလိုခြင်းကို Rent Seeking ဟု သုံးနှုန်းသကဲ့သို့ လက်ရှိနှင့် မနှိုင်းယှဉ်ဘဲ အနာဂတ်ကိုပြောခြင်းသည် PR Rent Seeking ဟု အထင်လွဲခံရနိုင်သည်ဖြစ်ရာ အနာဂတ်သက်သက်ကို ရေးသား ဖော်ပြရခြင်းသည် မီဒီယာ၏အသက်ဖြစ်သော ဩဇာနှင့်ရင်း၍ စွန့်စားရသည့်သဘော မကြာခဏသက်ရောက်သွားလေ့ရှိသည်။ ထို့ကြောင့် မီဒီယာအများစုသည် Contemporary Politics ခေါ် ခေတ်ပြိုင်နိုင်ငံရေးကို ရှောင်ရှားကြသည်ကို တွေ့နိုင်ပါသည်။

တိတိကျကျပြောရလျှင် 'ကံ'ကံ၏အကျိုးကိုယုံကြည်သူ ဗုဒ္ဓဘာသာဝင်များဖြစ်ကြ၍သာလျှင် The Voice Weekly သည် ခေတ်နှာမှန်လျှင် ကံဖြစ်လိမ့်မည်ဟု တာဝန်ယူယုံကြည်လျက် ပေးလာသောအခြေအနေတွင် ဖြစ်သင့်ရာများကို ကြိုးစားရေးသားဖော်ပြခြင်း သာဖြစ်ကြောင်း စာဖတ်သူများသို့ အသိပေးအပ်ပါသည်။

(၂၃-၇-၂၀၀၉)



## ပင်ပေါင်ဒီပလိုမေစီမှ ကလင်တန်ဒီပလိုမေစီသို့

အမေရိကန်သမ္မတဟောင်းဘီလ်ကလင်တန် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်၍ ခေါင်းဆောင်ကြီး ကင်ဂျုံအီနှင့်တွေ့ဆုံခဲ့သောဖြစ်ရပ်သည် ယခုလအတွင်း အထူးခြားဆုံးမှတ်တိုင်တစ်ခု ဖြစ်ခဲ့ပါသည်။

အမှန်အားဖြင့် ယနေ့ရရှိထားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အကြားဆက်ဆံရေးသည် ၁၉၇၁ ခုနှစ်က 'ပင်ပေါင်ဒီပလိုမေစီ'ဟု သမိုင်းတွင်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီး ဟင်နရီကစ်ဆင်းဂျားၤ၏ စီစဉ်မှုဖြစ်သော တရုတ်–အမေရိကန် စားပွဲတင် တင်းနစ်ချစ်ကြည်ရေး အားကစားပြိုင်ပွဲရလဒ်ဖြစ်ပါသည်။ အဆိုပါစားပွဲတင်တင်းနစ်ပြိုင်ပွဲ၏အကျိုးဆက်အဖြစ် ၁၉၇၂ ဖေဖော်ဝါရီလတွင် အမေရိကန်သမ္မတနစ်ဆင် တရုတ်ပြည်ခရီးစဉ်ပေါ်ထွန်းလာခဲ့ပြီး ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သည် မဟာဗျူဟာစီးပွားဖက်များဖြစ်လာနေသည်ကို တွေ့ရပေသည်။

လွန်ခဲ့သောရက်ပိုင်းက အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်ခဲ့သော ခရီးစဉ်သည်လည်း ထူးခြားသောခရီးစဉ်တစ်ခုဖြစ်ခဲ့ပါသည်။ အဆိုပါခရီးစဉ် မည်မျှရလဒ်ကောင်းများထွက်ပေါ် (Productive) ခဲ့ကြောင်း စာဖတ်သူများ သိရှိပြီးဖြစ်ပါလိမ့်မည်။

အဆိုပါဒီပလိုမေစီအမျိုးမျိုးတို့ကိုကြည့်လျှင် ဘက်နှစ်ဖက်စလုံး၏ အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းမှုများကို မြင်တွေ့ရပါလိမ့်မည်။ အဆိုပါ ပင်ပေါင်ဒီပလိုမေစီနှင့် ကလင်တန်ဒီပလိုမေစီများကို မြန်မာနိုင်ငံအတွက်လည်း အလားတူ ဝိုင်းဝန်းစဉ်းစားပေးနိုင်ကြပါလျှင် မြန်မာနိုင်ငံနှင့် မဟာအင်အားကြီးနိုင်ငံများ၏ဆက်ဆံရေးများ ပိုမိုတိုးတက်ကောင်းမွန်၍ နှစ်ဖက်အမျိုးသားအကျိုးစီးပွားများလည်း ဖြစ်ထွန်းနိုင်သည့် အလားအလာများလည်းရှိနေပါကြောင်း အထူးဖော်ပြအပ်ပါသည်။

(၁၀–၈–၂၀၀၉)



# မုန့်ဖြင့် ဆောက်မည့်အိမ်၊ စနစ်နှင့်လူများ

နယူးယောက်မြို့တော်တွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေးလိုလားသူ ဆိုသူများ အီရတ်နိုင်ငံတွင် သမ္မတဘွတ်ရှ်ကိုဆန္ဒပြခဲ့သူတစ်ဦးကို အတုယူ၍ အလားတူ လုပ်ဆောင်ခဲ့ကြခြင်းသည် ကမ္ဘာ့အလယ်တွင် မြန်မာတို့သည် အီရတ်တို့ကဲ့သို့ပင် လူကြီးလူကောင်းမဆန်သော၊ မယဉ်ကျေးသော၊ Civilize မဖြစ်သော လူမျိုးအဖြစ် သက်သေထူခဲ့ခြင်းဖြစ်ရာ မြန်မာတစ်ဦးအနေဖြင့် များစွာအရှက်ရမိပါသည်။

'မုန့်ဖြင့်ဆောက်လုပ်ထားသော အိမ်တွင်နေထိုင်လိုသောလူသည် သူတစ်ပါး၏ မုန့်ကို ခဲဖြင့်မပေါက်ရ' ဆိုသော တရုတ်ပညာရှိတစ်ဦး၏စကားကို ကိုးကားရ မည်ဆိုပါက ထိုအပြုအမူမျိုးသည် မြန်မာတို့အနေဖြင့် ဒီမိုကရက်တစ်လူ့အဖွဲ့အစည်း ဖြစ်နိုင်မခြေရှိ၊ မရှိ သက်သေထူနေခြင်းလည်းဖြစ်ပေသည်။

Us Them ခွဲခြားမှုတွင် ပိတ်မိနေသော မြန်မာနိုင်ငံသားအများအပြားရှိနေကြောင်း သိရှိနေသူတစ်ဦးအနေဖြင့် The Voice Weekly သည် အဆိုပါ အပြုအမူမျိုးကို Us Them ရှုထောင့်မှနေ၍ အသိမဲ့ ထောက်ခံအားပေးမိသော မြန်မာများရှိနေမည်ကို များစွာစိုးရိမ်မိသောကြောင့် ယခုဆောင်းပါးကို ရေးသားလိုက်ရပါသည်။

ကျွန်ုပ်တို့အားလုံးသည် စနစ်တစ်ခု၏ သားကောင်များဖြစ်ခဲ့ကြပြီး ထိုစနစ်ကို ယခုအခါ ပြင်ဆင်ရန် အခွင့်သာနေချိန်ဖြစ်ရာစနစ်နှင့် စနစ်အတွင်းကျရာကဏ္ဍမှ ဝင်ရောက်သရုပ်ဆောင်ကပြနေသူများကို ခွဲခြားနိုင်ရေးသည်များစွာ အရေးကြီးပါကြောင်း မော်ပြလိုက်ရပါသည်။

(၇-၁၀-၂၀၀၉)



# ချွန်းကိုစွပြေလည်ပြီး ဆင်ပိုးရှေးကြီးဆဲ

နှစ်ပေါင်းများစွာ အစိုးရကသာ ချုပ်ကိုင်တင်သွင်းရောင်းဝယ်ဖောက်ကားခဲ့သည့် လောင်စာဆီကို ယခုအခါပြည်သူလူထုသို့ လုပ်ကိုင်ခွင့်ပြုလိုက်သောကြောင့် တရားဝင် လုပ်ကိုင်နိုင်သော စီးပွားရေးအခွင့်အလမ်းများစွာ ပွင့်လင်းသွားခဲ့ပြီး အလုပ်အကိုင်အခွင့် အလမ်းသစ်များစွာလည်း ပြန်လည်ပေါ်ပေါက်လာတော့မည်ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ဒီဇယ်ဆီတင်သွင်းနေသောလုပ်ငန်းများ၊ ဖြန့်ဖြူးရောင်းချနေသော လုပ်ငန်းများတည်ရှိနေခဲ့သော်လည်း ၎င်းတို့သည် တရားဝင်ရပ်တည်နေကြသည်မဟုတ် ပါ။ တရားဝင်တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမဟုတ်သောကြောင့် အစိုးရအနေဖြင့် အဆိုပါလုပ်ငန်းများထံမှ အခွန်အရပ်ရပ်ကောက်ခံရရှိနေသည်မဟုတ်ပါ။ နှစ်ဂစ်အပြီး ပုဂ္ဂလိကကဏ္ဍ၏ ဒီဇယ်တင်သွင်းခွင့်ကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက တင်သွင်းခွင့်ပြုခဲ့သော်လည်း သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းခွင့်ပြုခြင်း မဟုတ်ခဲ့၍ အကောက်ခွန်အပါအဝင် အခွန်အရပ်ရပ်ရရှိခြင်း မရှိသကဲ့သို့ အရည်အသွေး ကိုကြီးကြပ်ခွင့်လည်းမရှိခဲ့သည်ကို တွေ့ရသည်။ ထိုသို့တင်သွင်းရောင်းချခြင်းကို ခွင့်ပြုရာတွင် တရားဝင်သယ်ယူ ရောင်းဝယ်ဖောက်ကားခြင်းကိုပါ ခွင့်ပြုခြင်းမဟုတ်ခဲ့၍ 'တရားဝင်မှောင်ခို' လုပ်ငန်းသာသာလုပ်ကိုင်ခဲ့ရခြင်းဖြစ်ပါသည်။ ယခုအခါတင်သွင်းခွင့်၊ သယ်ယူပို့ဆောင်ရောင်းဝယ်ဖောက်ကားခွင့်များကို မြန်မာနိုင်ငံတစ်ဝန်းတွင် ခွင့်ပြု လိုက်ခြင်းဖြစ်၍ မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးနယ်ပယ်တွင် လောင်စာဆီကိစ္စသည် များစွာရေရာသော တရားဝင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သွားပြီး လူတိုင်းဥပဒေ ဘောင်အတွင်းမှ ပါဝင်ဆောင်ရွက်နိုင်သောအနေအထားသို့ ရောက်ရှိသွားသည်ကို တွေ့ရပေသည်။ သယ်ယူပို့ဆောင်ရေးနယ်ပယ်တွင် မလိုအပ်သော ဈေးနှုန်းကြီး မြင့်မှုအဝဝသည် ဈေးကွက်အတွင်းယှဉ်ပြိုင်ရောင်းဝယ်သူများ မရှိတော့သည့်အခါတွင် ဖြစ်ရခြင်းဖြစ်ရာ ယခုအခါသယ်ယူပို့ဆောင်ရေးနယ်ပယ်တွင် ခေါ်နေသည့် 'ဆင်ပိုး'နှင့် 'ချွန်းဖိုး' နှစ်ခုအနက် ဆင်ဖိုးမပြေလည်သေးသော်လည်း ချွန်းဖိုးကိစ္စ များစွာရေရာသွား ခြင်းဖြစ်၍ ကျေးဇူးတင်ရှိပါကြောင်းနှင့် ဆင်ဖိုးကိစ္စကိုလည်း အမြန်ဆုံး ဆောင်ရွက် ပေးသင့်ပါကြောင်း အကြံပြုလိုက်ရပါသည်။ ပြည်သူ့ရေးရာများကိုနယ်ပယ်တွင် ခွင့်ပြု ချက်ပေးခြင်းသည် အစိုးရတွင် ငွေကုန်ကြေးကျမရှိသည်ကို သတိချပ်သင့်ပါသည်။

(၁၉-၁၀-၂၀၁၁)

# ပါရာဒိုင်းအသစ်၊ ပုစ္ဆာအသစ်

ယနေ့မြန်မာနိုင်ငံ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတည်ဆောက်ရေး ကိစ္စများကို စနစ်တကျ ခွဲခြမ်းစိတ်ဖြာကြည့်လျှင် ပြဿနာ၏ ဗဟိုချက် တစ်နည်းအားဖြင့် ပါရာဒိုင်းသည် တဖြည်းဖြည်း ပြောင်းရွှေ့သွားသည်ကို တွေ့ရပေသည်။

ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ယနေ့အချိန်တွင် ဗဟိုပြု၍ စဉ်းစားရမည့် အရာသည် ရွေးကောက်ပွဲဖြစ်နေသည်ကို တွေ့ရပါလိမ့်မည်။ ရလဒ်များအလိုက် လက်တွေ့ အကောင်အထည်ဖော်ကြမည့် ၂၀၁၀ နောက်ပိုင်း ငါးနှစ်၏ အလှည့်အပြောင်းကို Player တို့က ဆုံးဖြတ် မည်ဖြစ်သည်။ တစ်ဖန် Player များကို ရွေးကောက်ပွဲက အဆုံးအဖြတ်ပေးမည်ဖြစ်ရာ လောလောဆယ် ပါရာဒိုင်းဗဟိုချက်သည် ရွေးကောက်ပွဲဖြစ်နေသည်ကိုလည်း တွေ့ရပါ လိမ့်မည်။

ပါရာဒိုင်းဗဟိုချက် ပြောင်းလဲသွားသောကြောင့် အမေရိကန်တို့ကိုယ်တိုင်က Creditable Election ဆိုသောစကားလုံးကိုပြောင်း၍ ပြောဆိုလာခဲ့သည်ကို တွေ့ရ မည်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ရွေးကောက်ပွဲ၏ ရေ့ပိုင်းကိစ္စရပ်များကို ဗဟိုပြု၍ ဆက်ပြောရန် လက်တွေ့မကျတော့သည့်သဘောကို ထင်ဟပ်နေခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံတည်ဆောက်ရေးကို ဆောနိုင်သမျှ အစောဆုံး စတင်နိုင်ရန် အတွက်ဆိုလျှင် ပြောင်းရွှေ့နေသော ပါရာဒိုင်းများကို သဘောပေါက်မှသာလျှင် ဖြစ်နိုင်ပါ လိမ့်မည်။ ပြောင်းနေသောပါရာဒိုင်းကို နည်းလမ်းဟောင်းဖြင့် ချဉ်းကပ်မြဲချဉ်းကပ် နေခဲ့လျှင် နိုင်ငံတည်ဆောက်ရေးကိစ္စ တစ်ဝဲလည်လည်ရှိနေဦးမည်ဖြစ်ရာ ဤကိစ္စသည် နိုင်ငံသား သန်း ၅၀ ၏ ကံကြမ္မာနှင့် သက်ဆိုင်နေသည်ကို သတိချပ်သင့်ပါကြောင်း။

(၂-၁-၂၀၁၀)

# နိုင်ငံရေးဘောဂဗေဒ

ခေတ်စနစ်ဟုပြောကြလျှင် ယေဘုယျအားဖြင့် သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံရေးကို ပြောချင်မြင်ယောင်လေ့ရှိကြသော်လည်း အမှန်အားဖြင့် ခေတ်စနစ်ဆိုသည်မှာ ထိုနေ့၊ ထိုအချိန်၊ ထိုနိုင်ငံတွင်ရှိနေသော နိုင်ငံရေးဘောဂဗေဒပင်ဖြစ်ပေသည်။

ယေဘုယျအားဖြင့် သက်ဆိုင်ရာနိုင်ငံတစ်ခု၏ စီးပွားရေးဘဝကို နိုင်ငံရေးစနစ်က ပုံလောင်းခြင်းဖြစ်သည်ဟု အများစုက နားလည်ထားကြပါသည်။ Marxist သီအိုရီများကမူ ထိုသို့ပုံလောင်းနိုင်ရန် နိုင်ငံရေးစနစ်ကို ပုံဖော်ခြင်းဖြစ်သည်ဟု ဆိုသည်။ မည်သို့ပင်ဖြစ်စေ သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံရေးစနစ်သည် စီးပွားရေးဘဝကို ပုံဖော်သည်မှာ သေချာပါသည်။

သို့သော် တစ်ဖက်တွင်လည်း နိုင်ငံရေးစနစ်က ပုံဖောက်လိုက်သော စီးပွားရေးစနစ်သို့မဟုတ် စီးပွားရေးဘဝက နိုင်ငံရေးစနစ်အပေါ်တွင် ပြန်လည်၍ သက်ရောက်ပုံဖော်မှုများလည်း အသေအချာရှိပါသည်။ ဤသည်မှာ ရူပဗေဒသဘောအရ သက်ရောက်မှုနှင့် ဒဏ် ပြန်သက်ရောက်မှုတို့ပင် ဖြစ်ပေသည်။ ဤသို့ စီးပွားရေးဘဝကို နိုင်ငံရေးစနစ်ကို ပြန်လည်ပုံဖော်သောကြောင့် နိုင်ငံရေးစနစ်များကလည်း အလားတူလိုက်ပါပြောင်းလဲပေးကြရသည်ကို တွေ့ရသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေး (GDP) သည် ဘီလီယံဒေါ်လာ ၆၅၀ ခန့်ရှိနေသောကြောင့် ထိုင်းနိုင်ငံတွင် အာဏာသိမ်းသည့်ကိစ္စကို မည်သူကမှ စိတ်မပူကြပါ။ ထိုင်းတပ်မတော်က အာဏာသိမ်းခြင်းသည် ရွေးကောက်ပွဲကျင်းပပေးရန်ဖြစ်သည်ဟု အားလုံးက သဘောပေါက်ကြသောကြောင့်ဖြစ်သည်။ တရုတ်နိုင်ငံတွင်လည်း အလားတူဖြစ်သည်။ ယေဘုယျအားဖြင့် တရုတ်နိုင်ငံ၏ နိုင်ငံရေးစနစ်သည် စီးပွားရေးကြောင့် ဘာမျှမပြောင်းဟု ထင်စရာရှိသော်လည်း လျှင်မြန်စွာဖွံ့ဖြိုးနေသော စီးပွားရေးစနစ်ကို Responsive ဖြစ်စေသည် (အချိန်နှင့်တစ်ပြေးညီတုံ့ပြန်နိုင်မည့်) လုပ်ပိုင်ခွင့်များ ပြည်နယ်အစိုးရများထံ ပေးအပ်ထားသည်ကို တွေ့နိုင်ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ခေါင်းဆောင်မှုဟုပြောကြလျှင် လူတစ်ဦးတစ်ယောက်တည်းအပေါ် မှတည်နေခြင်းမဟုတ်တော့ဘဲ Collective Leadership ဖြစ်အောင် ပြင်ဆင်ထားပြီးဖြစ်သည်ကို တွေ့နိုင်ပါသည်။

မြန်မာနိုင်ငံတွင် ၁၉၆၂ ခုနှစ်၌ တစ်ကြိမ်၊ ၁၉၈၈ ခုနှစ်၌ တစ်ကြိမ် နိုင်ငံရေးဘောဂဗေဒအသစ်များဖြစ်ပေါ်ခဲ့ရပါသည်။ မကြာမီဖြစ်ပေါ်မည့် ရွေးကောက်ပွဲနှင့်အတူ နောက်ထပ် နိုင်ငံရေးဘောဂဗေဒအသစ်တစ်ခု ထပ်မံပေါ်ထွန်းလာဦးမည်ဖြစ်သည်။ မည်သို့သော နိုင်ငံရေးဘောဂဗေဒ ဖြစ်ထွန်းလာနိုင်သည်ဟု ခန့်မှန်းချက်များ ဆက်လက်ရှင်သန်ပါလိမ့်မည်။ နိုင်ငံရေးဘောဂဗေဒအသစ်သည် လူ[illegible]အတွက်လည်း [illegible] ပေးလိမ့်မည်။

(၂၂-၁၀-၂၀၀၉)

# အစိုးရဝန်ထမ်းမှ ပြည်သူ့ဝန်ထမ်းသို့

ယနေ့မြန်မာနိုင်ငံသည် ခေတ်ပြောင်း၊ စနစ်ပြောင်းကာလတစ်ခုတွင် ရောက်ရှိနေချိန်ဖြစ်ရာ ပြောင်းလဲဖြစ်ပေါ်ရမည့် အသွင်ကူးပြောင်းရေးပုံသဏ္ဌာန်အမျိုးမျိုးကိုလည်း မြင်တွေ့ရန်ရှိနေပါသည်။ အဆိုပါအပြောင်းအလဲများတွင် နိုင်ငံ့ဝန်ထမ်းများနှင့် ပတ်သက်သည့် အပြောင်းအလဲနှစ်မျိုးရှိပါသည်။

ပထမအပြောင်းအလဲမှာ ယူနီဖောင်းဝတ်နိုင်ငံ့ဝန်ထမ်းဖြစ်သည့် တပ်မတော်နှင့် ပတ်သက်ပါသည်။ တပ်မတော်သည် အခြေခံဥပဒေ အလျောက်ပါဝင်ရမည့် ၂၅ရာခိုင်နှုန်းနှင့် ပတ်သက်လျှင် နိုင်ငံရေးအင်အားစု တစ်ခုဖြစ်သော်လည်း တစ်ဖက်တွင် ခေတ်ပြောင်း၊ စနစ်ပြောင်း၏ ဒိုင်လူကြီးအဖြစ် သမိုင်းမှတ်တမ်းတင်ခံရမည့် Institution အဖြစ်လည်း ပြောင်းလဲတာဝန်ထမ်းဆောင်ရဦးမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ပါတီနိုင်ငံရေးကင်းသော တပ်မတော်အဖြစ်ပီပြင်အောင် ထမ်းဆောင်ရမည့် တာဝန်ကြီးတစ်ရပ်ရှိနေပါသည်။

ဒုတိယအပြောင်းအလဲမှာ အစိုးရဝန်ထမ်းများ ပြည်သူ့ဝန်ထမ်းအဖြစ်ပေါ်ထွန်းလာမည့် စနစ်သစ်နှင့်အတူ ပြောင်းလဲတာဝန်ထမ်းဆောင်ရေးဖြစ်သည်။ အစိုးရဝန်ထမ်းနှင့် ပြည်သူ့ဝန်ထမ်းသဘောသဘာဝအားဖြင့် တူသလိုရှိသော်လည်းမတူပါ။ ယခင်ခေတ်ဟောင်းက ICS အိန္ဒိယပြည်သူ့ဝန်ထမ်းများသည် ၎င်းတို့ကိုယ်၎င်းတို့ အစိုးရဝန်ထမ်းအဖြစ်သာ ခံယူ၍ ပြည်သူလူထု၏ အခွန်တော်ဖြင့်ထောက်ပံ့သောလစာရိက္ခာကိုစားသည့် ပြည်သူ့ဝန်ထမ်းများအဖြစ်ခံယူခြင်းမရှိပါ။ နိုင်ငံ့ဝန်ထမ်းများသည် အစိုးရအပေးသောတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရန်လိုအပ်ချက်ရှိသော လခစားများအဖြစ်မှ ပြည်သူလူထု၏ ဝန်ကိုထမ်းရသူများအဖြစ် ပီပြင်စွာကူးပြောင်းရေးသည် ယနေ့ခေတ်ပြောင်း၊ စနစ်ပြောင်းတွင် အရေးကြီးသောလိုအပ်ချက်တစ်ခု ဖြစ်ပါသည်။ ပြည်သူ့ရေးရာမူဝါဒ နယ်ပယ်တွင် ဤကိစ္စကို Public Sector Reform ဟုခေါ်ပါသည်။

ပြည်သူ့ဝန်ထမ်းဟုပြောကြလျှင် ယနေ့ကမ္ဘာပေါ်တွင် စင်ကာပူ [illegible] ရှေ့လောက်သောနိုင်ငံတစ်ခုဖြစ်ပေသည်။ ကွန်ပျူတာသုံးဝေါဟာရနှင့် ပြောရလျှင် [illegible] ဝန်ထမ်းများနှင့်ဖွဲ့စည်းထားသော ဗျူရိုကရေစီသည် Operating System ([illegible]) ဟုခေါ်သော Windows XP, VISTA ကဲ့သို့ စနစ်တစ်ခုဖြစ်ပေသည်။ OS ကောင်းအောင်လုပ်ထားလျှင် G-Talk, SKYPE, MOZILLA စသော Application ပေါင်းစုံလာရောက် အလုပ်လုပ်၍ရပါသည်။ စင်ကာပူတွင်ဖြစ်ပေါ်နေသမျှတိုးတက်မှုသည် အကောင်းဆုံး OS ပေါ်တွင်လာ၍ အလုပ်လုပ်နေသော Application များဖြစ်ပေသည်။ မြန်မာတို့ စင်ကာပူတွင် ကျောင်းသွားတက်ရခြင်းသည် ပညာရေးဆိုင်ရာ Application ပေါင်းစုံရှင်သန်သော ကြောင့် သွားရောက်သုံးစွဲရခြင်း ဖြစ်ပေသည်။

၂၀၁၀ ရွေးကောက်ပွဲအပြီး ပထမငါးနှစ်သည် မြန်မာနိုင်ငံတွင် Application ပေါင်းစုံ လာရောက်တက်ရောက်အလုပ်လုပ်နိုင်သော OS တစ်ခု မဖြစ်မနေထူထောင်ရမည့်ကာလ ဖြစ်ပါသည်။ မည်သို့သော OS ကို မည်သည့်ပုံသဏ္ဌာန်ဖြင့် ထူထောင်ကြမည်ဆိုသည်မှာ မည်သို့သောပညာရှင် မည်မျှရှိနေသနည်းဆိုသောအချက်ပေါ်တွင် မူတည်ပါသည်။

(၂၆-၁၀-၂၀၀၉)



## ဒီမိုကရေစီဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်တစ်ခု

မြန်မာနိုင်ငံတွင် အခြေခံဥပဒေသစ်တစ်ရပ်ကိုပြဋ္ဌာန်း၍ အရပ်ဘက်လူ့အဖွဲ့ အစည်းကို အနည်းဆုံးဥပဒေပြုလုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်ပြုဖွယ်ရှိနေရာ မြန်မာနိုင်ငံ၏ နိုင်ငံရေးသည် များစွာစိတ်ဝင်စားဖွယ်ကောင်းသောအနေအထားသို့ ရောက်ရှိနေပေ သည်။

ပြည်သူလူထုကြီး၏ အကျိုးစီးပွားအလို့ငှာပြောရမည်ဆိုလျှင် နိုင်ငံရေးပါတီကြီးများ အင်အားကောင်းကောင်းဖြင့် လွှတ်တော်တွင်းသို့ရောက်ရှိ၍ Political Process ခေါ် အဆင့်လိုက်တာဝန်ခွဲဝေဆုံးဖြတ်သည့်စနစ်ကို မြင်တွေ့ရရေးသည် အဓိကကျပါသည်။ တစ်နည်းအားဖြင့်ပြောရလျှင် ဒီမိုကရေစီနည်းဖြင့် ရွေးချယ်ထားသော်လည်း တစ်ပါတီ စနစ်အသွင် ပါတီတစ်ခုတည်းက ကြီးစိုးထားသောလွှတ်တော်တစ်ခု၏ သဘောတရား သို့ သက်ရောက်သွားပြီး Check and Balance မရှိသော အသွင်ဆောင်မသွားစေ ရေးသည် နိုင်ငံသားအားလုံးတွင် တာဝန်ရှိပါသည်။

အထက်တွင်ပြောခဲ့သော Check and Balance Political Process ပေါ်ထွန်းလာ ရေးသည် တစ်နည်းအားဖြင့် နိုင်ငံတည်ဆောက်ရေး (State Building) ဖြစ်ပါသည်။ အဆိုပါ နိုင်ငံတည်ဆောက်ရေးပီပြင်စေရေးတွင် နိုင်ငံရေးပါတီအသစ်များ အင်နှင့်အားနှင့် ပေါ်ပေါက်၍ အတိုက်အခံသဘောမဟုတ်သည့် ရင့်ကျက်သောနိုင်ငံရေးကို ဖော်ဆောင် သူများ ပေါ်ပေါက်ရေးသည် ပြောရလျှင် နိုင်ငံ့စီးပွားရေး သို့မဟုတ် လူလတ်တန်းစား

အနေအထားနှင့် တိုက်ရိုက်အချိုးကျပေသည်။

မြန်မာနိုင်ငံ၏ လူလတ်တန်းစားအနေအထားသည် အဆိုပါလိုအပ်ချ ... ည့်ဆည်း ပေးနိုင်မည့်အခြေအနေမရှိသောကြောင့် ရွေးကောက်ပွဲဥပဒေများ ... ထွက်ပေါ် လာသောအခါ နိုင်ငံရေးပါတီများအတွက် အဓိကကျသော အခက်အခဲသည် ငွေရေးကြေးရေး ဖြစ်လာပါလိမ့်မည်။

ဤနေရာတွင် The Voice Weekly အနေဖြင့် အဆိုပြုလိုသည်မှာ နိုင်ငံတည်ဆောက် ရေးအလို့ငှာ ရင့်ကျက်သောနိုင်ငံရေးပါတီများ ပေါ်ပေါက်ရေးနှင့် Political Process ကို စတင်နိုင်ရေးတို့အတွက် 'ငွေရေးကြေးရေး'ကိစ္စ ပြေလည်သွားစေနိုင်မည့်နည်းလမ်း တစ်ခု ဖြစ်ပါသည်။

ပါတီနိုင်ငံရေးများနှင့်မပတ်သက်ဘဲ အန္တရာယ်ကင်းသည့်နည်းလမ်းဖြင့် နိုင်ငံ တည်ဆောက်ရေးတွင် ပါဝင်လိုသောနိုင်ငံသားများအနေဖြင့် 'ဒီမိုကရေစီဖွံ့ဖြိုးရေးရန်ပုံငွေ' တစ်ခုကို ထူထောင်ကာ ဒိုင်လူကြီးဖြစ်သည့် တပ်မတော်ထံအပ်နှံ၍ ပါတီဝင်အင်အား များသည့် ပါတီကြီးအနည်းငယ်ကို အင်အားအလိုက် အချိုးကျထောက်ပံ့ပေးသည့် နည်းလမ်းကို The Voice Weekly က အဆိုပြုလိုခြင်းဖြစ်ပါသည်။

နိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အန္တရာယ်ကင်းသည့် နည်းလမ်း များရှိခဲ့လျှင် ပါဝင်ကူညီချင်သူများစွာရှိကြောင်း ကျွန်ုပ်တို့ကြားသိနေရသည်ဖြစ်ရာ ဒိုင်လူကြီး တပ်မတော်က ကြီးကြပ်စီမံခွဲဝေပေးမည့် ရန်ပုံငွေတစ်ရပ်ပေါ်ပေါက်ခဲ့ပါလျှင် နိုင်ငံရေးပါတီလိုအပ်ချက်နှင့် ရန်ပုံငွေလိုအပ်ချက် နှစ်ခုစလုံးပြည့်ဝသွားနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

(၄-၁၁-၂၀၀၉)

# ‘သရေ’ သာလျှင်

The Voice Weekly တွင် ဖော်ပြခဲ့သော ခေါင်းကြီးဆောင်းပါးစသည်များနှင့်ပတ်သက်၍ ဖြစ်ပေါ်သော ဆွေးနွေးငြင်းခုံမှုအရှုအရသည် သက်ဆိုင်ရာစာဖတ်သူများက ၎င်းတို့ရပ်တည်နေသော ‘ဘက်’ ကို ထိခိုက်စေ၍ အခြားတစ် ‘ဘက်’ ကို အသာစီးရရှိစေသည် ဟူသော ရှုပ်ခွဲချက်များဖြစ်ပေါ်လေ့ရှိသည်ကို တွေ့ရပါသည်။

ဤနေရာတွင် The Voice Weekly ၏ ရပ်တည်ချက်ကိုထပ်မံရှင်းလင်းရန် လိုအပ်မည်ဟု ယူဆသောကြောင့် ယခုခေါင်းကြီးပိုင်းမှနေ၍ ရှင်းလင်းရေးသားလိုက်ခြင်းဖြစ်ပါသည်။

လောက၌ သူတစ်ပါးတို့အပေါ် အနိုင်ရလိုခြင်း၊ အသာစီးရလိုခြင်းများသည် အနိုင်ရရှိသည့်အခါတွင် ကျေနပ်ဖွယ်ရာဖြစ်သော်လည်း အရှုံးနှင့် ကြုံတွေ့ရချိန်တွင်၏မူ အလွန်ခါးသီးတတ်သည့်သဘောကို စာဖတ်သူများ သိရှိပြီးဖြစ်ပါလိမ့်မည်။ ထိုသို့ ခါးသီးသော အရှုံးနှင့် လုံးဝ မကြုံတွေ့လိုလျှင် လုံးဝမနိုင်ချင်မှသာ ဖြစ်နိုင်ခြေရှိပါသည်။

တစ်နည်းအားဖြင့် အနိုင်ရလိုသေးသရွေ့ အနိုင်ရနိုင်သကဲ့သို့ လောကသဘာဝအရ အရှုံးလည်းကြုံနိုင်ပေသေးသည်။ The Voice Weekly သည် ထိုသဘောသဘာဝများကို အခြေခံကျကျသဘောပေါက်သောကြောင့် မည်သည့်အခါကမျှ မည်သူ့အပေါ်တွင်မှ အသာစီးရရှိရေး၊ အနိုင်ရရှိရေး မလုပ်ဆောင်ခဲ့သည့်အပြင် မည်သည့်ဘက်၏ အသာစီးကိုမျှ လိုလားဆောင်ကြဉ်းခဲ့ခြင်း မပြုခဲ့ပါကြောင်း ရိုးဖြောင့်စွာ သစ္စာပြုတိုင်တည်နိုင်ပါသည်။

The Voice Weekly က လိုလားသည်မှာ သရေသဘောထားသာလျှင် ဖြစ်သည့်အတွက် မိမိတို့ရပ်တည်နေသည့်ဘက် အနိုင်ရရှိရေး မျှော်လင့်ထားသူများ ဆန္ဒပြည့်နိုင်မည်မဟုတ်ကြောင်း ဝမ်းနည်းစွာသတိပေးလိုပါသည်။ နိုင်ငံတည်ဆောက်ရေးဆိုသည်မှာ နိုင်ငံတည်ဆောက်ရေးသက်သက်ကို လုပ်မည်ဟုဆိုလိုက်သည်နှင့် အရှုံး၊ အနိုင်ကိစ္စ ပါဝရာမလိုဟု ကျွန်ုပ်တို့ ယူဆပါသည်။ တစ်ဦးကိုတစ်ဦး အပြန်အလှန်ထားရှိသော Trust ဖြင့်သာ တည်ဆောက်အပ်သည့်အရာဟူ၍သာ မမှိတ်မသုန်ယုံကြည်ထားပါသည်။ ဤအချက်ကို သဘောမပေါက်နိုင်သေးသရွေ့ နိုင်ငံတည်ဆောက်ရေးသည် ချက်စီလည်နေဦးမည်သာ ဖြစ်ပါသည်။

State (နိုင်ငံတော်) နှင့် Government (အစိုးရ) ခွဲခြားသိမြင်သူများအတွက် ပြောရလျှင် ကျွန်ုပ်တို့သည် State ဟုခေါ်သော ‘နိုင်ငံတော်’ တည်ဆောက်ရေးအကြောင်း ပြောဆိုနေခြင်းသာဖြစ်ပြီး Government ဆိုသည်မှာ Government of the day သာလျှင် ဖြစ်သည်ဆိုသောသဘော ဖြစ်ပါသည်။ State နှင့် Government ကို ခွဲခြားသိမြင်နိုင်ခဲ့ပါ State Building နှင့် ပတ်သက်၍ ရေးသားပြောဆိုမှုများသည် Government Building မဟုတ်ကြောင်း သဘောပေါက်လိမ့်မည်ဟု အထူးယုံကြည်မိပါကြောင်း။

(၉-၁၁-၂၀၀၉)

# သက်တော်ရှည်နှင့် Check and Balance

## Street Smart နှင့် Book Smart ဆွေးနွေးခန်း

**SS :** **တလောက The Voice Weekly မှာ Check and Balance ဆိုတဲ့ ခေါင်းကြီးတစ်ပုဒ် ဖတ်လိုက်ရတယ်။ ကြိုက်တယ်ဗျာ။ Check and Balance အရေးကြီးပုံကို ကွက်ကွက်ကွင်းကွင်း ပြောနိုင်တယ်။**

**BS :** ဒါအရေးကြီးတယ်ဗျ။ Rule of the game ပေါ့နော်။ တစ်နည်းအားဖြင့် ပြောရရင် ကားတစ်စီးမှာပါတဲ့ ဘရိတ်နဲ့လည်းတူတယ်။

**SS :** **ဆိုပါဦးဗျ။ ဘယ်လိုကြောင့် ဘရိတ်နဲ့သွားတူရတာလဲ။**

**BS :** ရပ်သင့်တဲ့အချိန်မှာ ရပ်ဖို့လို့ ပြောကြပါနို့ရဲ့ဗျာ။ ဘရိတ်မပါတဲ့ ကား ဟာ လမ်းမှန်နေရင် ကိစ္စမရှိဘူး။ လမ်းမှားသွားရင် ဘယ်လိုရပ်မလဲ။

**SS :** **ဟုတ်ပြီဟုတ်ပြီ။ အပြန်အလှန် ထိန်းကျောင်းမှုဟာ ဘရိတ်ပဲပေါ့။**

**BS :** ဟုတ်တယ်လေ။ အပြန်အလှန် ထိန်းကျောင်းမှုဆိုတာကို ဥပဒေတို့၊ နည်းဥပဒေတို့နဲ့ အကောင်အထည်ဖော်ကြတာ ဒီကနေ့ ခေတ်သစ် အုပ်ချုပ်ရေး နည်းနာပေါ့။ ပုဂ္ဂလိကလုပ်ငန်းတွေမှာလည်း အနည်းဆုံး Terms of Reference ခေါ် တာဝန်ခွဲဝေမှုနဲ့ တာဝန်ခံမှုတော့ရှိရမယ်။

**SS :** **အခြေခံဥပဒေဟာလည်း Check and Balance ပေါ့။**

**BS :** မှန်လိုက်လေဗျာ။ နိုင်ငံတစ်ခုမှာ အကြီးဆုံး Check and Balance ပေါ့ ဗျာ။ ပြည်သူနဲ့အစိုးရရဲ့ ပဋိညာဉ်လို့ ပြောရမှာပေါ့။

**SS :** **သက်ဦးဆံပိုင်စနစ်မှာတော့ Check and Balance မရှိဘူးပေါ့နော်။**

**BS :** စနစ်ကျတဲ့ Check and Balance တော့ မရှိဘူး။ ဒါပေမဲ့ Check and Balance မရှိဘူးလို့တော့ ပြောလို့မရဘူးဗျ။ သူတို့မှာ စနစ်တစ်မျိုးတော့ ရှိရမယ်။ အထူးသဖြင့် အောင်မြင်တဲ့ဘုရင်တွေမှာပေါ့။

**SS :** **ဘယ်လိုအထောက်အထားနဲ့ ပြောသလဲဗျ။**

**BS :** ခင်ဗျားတို့ ကြားဖူးမှာပေါ့။ ဘိုးတော်ဘုရားလက်ထက်က အမတ်ကြီး ဦးပေါ်ဦးဆိုတာ။

SS : ...ယ်လေဗျာ။ ဦးပေါ်ဦးနဲ့ Check and Balance ဘာဆိုင်လို့လဲ။

BS : ...ါဦးဟာ သက်တော်ရှည် အမတ်ကြီးဗျ။ သက်တော်ရှည်ဆိုတာ ...မင်းတို့ကို ဝေဖန်ခွင့်ရှိတယ်။ အသက်ချမ်းသာရာပေးထားတယ်လို့ ဆိုလိုတယ်။ သက်ဦးဆံပိုင်စနစ်မှာ သူဟာ ဘရိတ်ပေါ့။

SS : နားလည်ပြီ၊ နားလည်ပြီ။ သက်တော်ရှည်စနစ်အရ သက်ဦးဆံပိုင်စနစ်မှာ Chec'k and Balance ပေါ့။

BS : ဟုတ်တော့ဟုတ်တယ်။ ဒါပေမဲ့ စနစ်တော့မကျဘူးပေါ့။ သူ့စနစ်က လူပေါ်မှာ မူတည်နေတယ်။ သက်တော်ရှည်ကောင်းရင် Check and Balance စနစ်ကောင်းတယ်။ သက်တော်ရှည်ညံ့ရင် Check and Balance မရှိသလို ဖြစ်သွားတာပေါ့။

SS : ဟုတ်တယ်နော်။ ဒါကြောင့်လည်း သမိုင်းမှာ ဘုရင်တိုင်း မအောင်မြင်ခဲ့တာပေါ့။

BS : ဟုတ်တယ်၊ ဒါကြောင့် စနစ်ကျနတဲ့ အုပ်ချုပ်ရေးစနစ်တွေမှာ လူကို မူမတည်ဘဲ ရေးသားပြဋ္ဌာန်းထားတဲ့ဥပဒေတွေနဲ့ အပြန်အလှန် ထိန်းကျောင်းတဲ့ စနစ်ကို ကျင့်သုံးကြတာပေါ့။ ဒါပေမဲ့ သက်တော်ရှည်ရှိတာက မရှိတာနဲ့ စာရင်တော့ ပိုကောင်းပါတယ်။

SS : မှန်တာပေါ့၊ အနည်းဆုံး လွှတ်သိရှင်ကြား မဟုတ်တဲ့ပုံစံနဲ့ ဝေဖန်ခွင့် ပေးထားတာမျိုးပေါ့။

BS : အဲဒါ အနှစ်သာရဗျ။ ဘုရင်စနစ်မှာ လူသိရှင်ကြားဝေဖန်တာကို ခွင့်ပြုခဲ့တာမျိုး သမိုင်းမှာ မရှိဘူး။ ဒီတော့ သက်တော်ရှည်တွေကပဲ ညီလာခံထဲမှာ ဝေဖန်ထောက်ပြတာမျိုး လုပ်ကြလေ့ရှိတယ်။ ဒါတောင် အကြောင်းမသင့်ရင် မဲဇာပို့ခံရနိုင်တယ်။

SS : အေးဗျ။ သက်တော်ရှည်ဟာ Check and Balance အပြင် ရွှေနားတော်သွင်းသီချင်းလည်း ရေးတတ်ဖို့ လိုလိမ့်မယ်ဆိုတဲ့ သဘောပေါ့။

BS : အခုခေတ်တော့ ဒါတွေမလိုတော့ပါဘူးဗျာ။ သတင်းစာတွေဟာလည်း Check and Balance လုပ်ပေးနိုင်တယ်။ နိုင်ငံတွင်းမှာ မရှိတာတွေကို နိုင်ငံပြင်ပမှာ နိုင်ငံတကာ အဖွဲ့အစည်းတွေကလုပ်တယ်။ Globalization ဆိုတာရဲ့ အနှစ်သာရပေါ့။

**The Voice Weekly Vol 3-No.11**



# Street Smart နှင့် Book Smart ဆွေးနွေးခန်း

**SS :** ဆေးချ၊ အချုပ်အခြာအာဏာသုံးရပ်ကို ခွဲဝေကျင့်သုံးပုံ တွေနဲ့ ပတ်သက်ပြီး ပြီးခဲ့တဲ့ အပတ်က ခင်ဗျားပြောတာ တော်တော်စိတ်ဝင်စားဖို့ကောင်းတယ်ဗျား။ အဲဒီတလောကပဲ ပါကစ္စတန်မှာ သမ္မတမုရှာရက်ဖ် ရာထူးကဖယ်ရှားလိုက်တဲ့ တရားသူကြီးချုပ်ကို ပါကစ္စတန်တရားရုံးချုပ်က ပြန်ခန့်လိုက်တာလည်း တွေ့ရောဘာသဘောတရားလဲဆိုတာ ကျုပ်တစ်ချက်တည်း သိလိုက်တယ်။

**BS :** မှတ်ပါ့ဗျား။ အဲဒီဥပမာဟာ အာဏာသုံးရပ်ကို ခွဲဝေကျင့်သုံးထားတဲ့အတွက် ပေါ်ပေါက်လာတဲ့ Judiciary Independence ကို ညွှန်ပြ နေတာပေါ့။ တကယ်ဆိုရင် အခုလောလောဆယ်အခြေခံမူတွေက ညွှန်ပြနေတဲ့ အချုပ်အခြာအာဏာများ ခွဲဝေကျင့်သုံးပုံဟာ တော်တော်လေးစိတ်ဝင်စားဖို့ကောင်းတယ်။ ၁၉၄၇ အခြေခံဥပဒေမှာ ခွဲဝေကျင့်သုံးထားပုံနဲ့ သိသိသာသာကွာခြားသွားပြီ။

**SS :** ဘယ်လိုကြောင့် ဒီလိုပြောနိုင်တာလဲ။

**BS :** ကမ္ဘာပေါ်မှာ ယေဘုယျအားဖြင့် နိုင်ငံရေးစနစ်ပုံစံ Model (၂) ခုရှိတယ်ဗျ။ အမေရိကန် Model နဲ့ ဗြိတိသျှ Model ပေါ့။ ဗြိတိသျှစနစ်မှာ အုပ်ချုပ်ရေးအာဏာနဲ့ ဥပဒေပြုအာဏာတွေက ရောထွေးနေတယ်။ အုပ်ချုပ်ရေးအာဏာကျင့်သုံးတဲ့ အစိုးရအဖွဲ့ဝင်တွေနဲ့ သူတို့ရဲ့အကြီးအကဲဝန်ကြီးချုပ်တို့က ပါလီမန်အမတ် MP တွေဖြစ်နေတဲ့



အတွက် [illegible]ကပဲ လွှတ်တော်ပေါ်မှာကြီးစိုးထားတယ်။ ၁၉၄၇ အခြေခံဥပဒေအရ ဖွဲ့စည်း[illegible] လွှတ်တော်နှစ်ရပ်နဲ့ အစိုးရအဖွဲ့ရဲ့ပုံသဏ္ဌာန်ဟာ ဗြိတိသျှပုံစံနဲ့ အတော်ကြီးကိုတူနေ[illegible]ယ်။ ဒီတော့ ဥပဒေပြုတာနဲ့ အုပ်ချုပ်ရေးအာဏာနှစ်ရပ် ရောထွေးနေတယ်လို့ပြောနိုင်တာပေါ့။

**SS : အခု အခြေခံမူတွေမှာကျတော့ ဘယ်လိုရှိသလဲ။**

**BS :** သမ္မတအပါအဝင် အုပ်ချုပ်ရေးအာဏာကိုကျင့်သုံးတဲ့ အစိုးရအဖွဲ့ရဲ့အဖွဲ့ဝင်တွေဟာ အခုအခြေခံမူတွေအရ ရွေးချယ်တင်မြှောက်ခံပုဂ္ဂိုလ်တွေမဟုတ်ဘူး။ ရွေးချယ်တင်မြှောက်ခံရသူ ဖြစ်ခဲ့ရင်လည်း ထွက်ရမယ်လို့ ဖော်ပြထားတယ်။ နိုင်ငံတော်သမ္မတဟာ ပြည်ထောင်စုလွှတ်တော်ရဲ့ အဖွဲ့ဝင်မဟုတ်ဘူး။ ဒီပုံသဏ္ဌာန်ဟာ အမေရိကန် Model နဲ့ တော်တော်ကလေးဆင်တယ်။ အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုအာဏာနဲ့ တရားစီရင်ရေးအာဏာတွေကို သီးသီးသာသာပိုင်းခြားထားတဲ့သဘောပေါ့။ ပညာရပ်ဆိုင်ရာရှုထောင့်ကပြောရရင် ဒီအာဏာသုံးရပ်ကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနိုင်တာ အကောင်းဆုံးပဲလို့ ဆိုတယ်။

**SS : ခင်ဗျားဆိုလိုတာ အခုအခြေခံဥပဒေဟာ ၁၉၄၇ ခုနှစ်က အခြေခံဥပဒေနဲ့ မတူတော့ဘူးလို့ဆိုလိုတာလား။ ပိုကောင်းသွားပြီလို့ ဆိုလိုသလား။**

**BS :** အခြေခံအားဖြင့် မတူတော့ဘူးဗျ။ အဲဒီလိုအစိုးရနဲ့ ပြည်ထောင်စုလွှတ်တော် သီးခြား စီရှိနေခြင်းရဲ့ ရလဒ်တွေကိုလည်း မကြာခင် မြင်ရပါလိမ့်မယ်။ အပြန်အလှန် check and balance လုပ်ကြတဲ့သဘောတရားတွေပေါ့။ ဘယ်လောက်အထိ ရလဒ်ကောင်းတွေ ခန့်တိုးနိုင်တယ်ဆိုတာကတော့ အရင်တစ်ခါ ကျွန်တော်ပြောသလို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အရည်အချင်း၊ တာဝန်သိမှု စတာတွေပေါ်မူတည်လိမ့်မယ်ဗျ။

**SS : ဒီလိုပြောလိုက်တာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တွေကို အထင်သေးတဲ့သဘော ဖြစ်မနေဘူးလားဗျ။**

**BS :** အဲဒီလိုမရည်ရွယ်ပါဘူးဗျာ။ တကယ်ပါ။ ဖြစ်တတ်တဲ့သဘောကိုသာ ပြောတာပါ။ ဂျပန်လိုဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံမှာတောင် ဒိုင်းယတ်လွှတ်တော်အမတ်အများစုက အရည်အချင်းမရှိတဲ့အတွက် check and balance စနစ်မပီပြင်ဘူးလို့ အခြေခံဥပဒေပညာရှင်တစ်ဦးက ဝေဖန်ဖူးတယ်ဗျ။ အတိအကျပြောရရင် ဒီလိုဗျ။ "Most of the MPs are amateurs elected not for their policy expertise, technical compe-

tence, or political acumen but for their popularity in their dis… Morever, much of their time is taken up in constituency business; pa… ffairs and particularly in the case of LDP MPs, in factional maneuver… wheeling and dealing." လို့ ရေးထားတယ်။ အရည် အချင်းမရှိတဲ့အတွက် အရေးမရ အဖတ်မရ အုပ်စုတိုက်ပွဲကိစ္စတွေနဲ့ အချိန်ကုန်နေကြတယ်လို့ ဝေဖန်ထားတာပေါ့။

**SS : သူတို့အမှန်တကယ်ထမ်းဆောင်ရမယ့်တာဝန်တွေက ခင်ဗျားဟိုတစ်နေ့က ပြောခဲ့တဲ့ ဥပဒေပြုခြင်းအပြင်ဘာရှိသေးသလဲ။**

**BS :** အဲဒါကို ကျွန်တော်ပြောချင်တာပေါ့။ အဓိကအားဖြင့် သုံးခုရှိတယ်။ တကယ် စိတ်ဝင်စားဖို့လည်းကောင်းတယ်။ တကယ် အလုပ်လုပ်မယ်ဆိုရင် လွှတ်တော်တွေဟာ ဗိုက်ရက်မရှိ အလုပ်လုပ်ဖို့လိုတာပေါ့။ ကျွန်တော်ပြောချင်တဲ့ အဓိကအလုပ်သုံးခုက–

(၁) ဥပဒေပြုခြင်း၊ ဥပဒေပြုရန်အကြံပြုခြင်း၊ ဥပဒေကြမ်းများကို ဆွေးနွေးပေးနိုင်ခြင်း။

(၂) အုပ်ချုပ်ရေးအာဏာကျင့်သုံးမှုကို ရေးရာကော်မတီများ ဖွဲ့စည်းစောင့်ကြည့် စစ်ဆေးခြင်း။

(၃) ငွေကြေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးဆုံးဖြတ်ပေးခြင်း စတာတွေပါတယ်။ ဒီကနေ့ပြောချင်တာ နံပါတ် (၂)အချက်ဖြစ်တဲ့ ရေးရာကော်မတီတွေအကြောင်းပါ။

**SS : သတင်းစာမှာ ရေးရာကော်မတီတွေအကြောင်း တွေ့လိုက်တယ်ဗျ။**

**BS :** ဟုတ်တယ်လေ။ အမြဲတမ်းဖွဲ့စည်းမယ့်ရေးရာကော်မတီတွေနဲ့ လိုအပ်မှ ဖွဲ့စည်း မယ့် ရေးရာကော်မတီတွေဆိုပြီး သတင်းစာမှာ တွေ့လိုက်တယ်။ သူတို့က အလုပ်နှစ်ခု လုပ်ရတယ်။ သက်ဆိုင်ရာနယ်ပယ်ရဲ့ ဥပဒေကြမ်းတွေကို အသေးစိတ်ဆွေးနွေးတဲ့ အလုပ်နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကို Check and Balance လုပ်တဲ့အလုပ်ကို လုပ်တာ။ ဥပမာဆိုပါတော့ဗျာ။ နိုင်ငံတကာမှာ ဆီးနိတ်လွှတ်တော်ရဲ့ ထောက်လှမ်း ရေးကော်မတီဆိုတာမျိုးဟာ ထောက်လှမ်းရေးအလုပ်ကိုလုပ်တာမဟုတ်ဘူးဗျ။ ထောက် လှမ်းရေးအဖွဲ့အစည်းတွေကို Check and Balance လုပ်တာ။ လွှတ်တော်ကုန်သွယ် ရောင်းဝယ်ရေးကော်မတီဆိုတာ စီးပွားရေးနှင့် ကုန်သွယ်ရောင်းဝယ်ရေးဝန်ကြီးဌာနကို Check and Balance လုပ်တာ။ အုပ်ချုပ်ရေးအာဏာကျင့်သုံးတဲ့ပုဂ္ဂိုလ်တွေဟာ အဲဒီ ရေးရာကော်မတီတွေရဲ့ မေးခွန်းတွေကို ကော်မတီရှေ့မှာလာပြီး ဖြေရတယ်။ ဒီကိစ္စဟာ လွှတ်တော်ပေါ်က အတိုက်အခံအမတ်တွေအတွက် အရေးအကြီးဆုံးအလုပ် ဖြစ်တယ်လို့ အမြစ်ခံဥပဒေရေးရာ စာအုပ်တိုင်းက ဆော်ပြတယ်။

**SS : နိုင်[illegible]ကာမှာ ရေးရာကော်မတီအလုပ်တွေရော လွှတ်တော်အစည်းအဝေး တွေရော [illegible]ဖြိုးလုံးကို ဘယ်လိုလုပ်နေကြသလဲဗျ။ လွှတ်တော်အစည်းအဝေး မရှိတဲ့အချိန်မှာ ရေးရာကော်မတီအစည်းအဝေးကို ထိုင်ကြတာလား။**

**BS :** လွှတ်တော်အစည်းအဝေးကို ရံဖန်ရံခါသာ ကျင်းပရတယ်လို့ ခင်ဗျားတို့ ထင်နေတာ။ ဆိုရှယ်လစ်ခေတ်က ၁၉၇၄ အခြေခံဥပဒေနဲ့ တစ်ပါတီလွှတ်တော်ကိုကြည့်ပြီး ပြောနေတာဗျ။ တိုင်းပြည်မှာ ပြုစရာ ဥပဒေကအများကြီး။ အစိုးရအဖွဲ့ကလည်း နေ့စဉ် အလုပ်လုပ်နေတာဖြစ်လို့ လွှတ်တော်အစည်းအဝေးတွေ၊ ရေးရာကော်မတီအစည်းအဝေး တွေကို နေ့တိုင်း ထိုင်ရတယ်။ မနက်ပိုင်းမှာ ရေးရာကော်မတီအစည်းအဝေးတွေလုပ်ပြီး နေ့လယ်ပိုင်းမှာ လွှတ်တော်အစည်းအဝေးတွေကို လုပ်လေ့ရှိတယ်။ လွှတ်တော်ဆိုတာ ရံဖန်ရံခါသာ စည်းဝေးရတာ မဟုတ်ဘူးလေ။

**SS : မသိပါဘူးဗျာ။ လွှတ်တော်ဆိုတာ တစ်နှစ်မှာ လေး၊ ငါး ကြိမ်သာလုပ် တယ်လို့ အရင်မြင်ဖူးတဲ့ လွှတ်တော်ကိုကြည့်ပြီး ပြောမိတာပါ။**

**BS :** အဲဒီရေးရာကော်မတီအစည်းအဝေးတွေ အထူးသဖြင့် အုပ်ချုပ်ရေးယန္တရားကို Check and Balance လုပ်ဖို့ ဖွဲ့ထားတဲ့ရေးရာ ကော်မတီတွေက တန်ဖိုးရှိတာဗျ။ အခြေခံဥပဒေစာအုပ်တွေမှာ သူတို့ကို Shadow of The Government လို့ရေးတယ်။ အစိုးရအဖွဲ့ဝန်ကြီးဌာနတွေကို အရိပ်လိုလိုက်ပါပြီး Check and Balance တဲ့အတွက်ပေါ့။

**SS : ဂျပန်ဒိုင်းယက်လွှတ်တော်အမတ်တွေလို ဖြစ်မနေဖို့ သိပ်ကိုအရေးကြီး တယ်လို့ ပြောရမှာပေါ့။**

**BS :** ဒါကြောင့်ပြောတာပေါ့ဗျာ။ ဒီအခြေခံဥပဒေကြောင့် ရလဒ်ကောင်းတွေ ထွက်ပေါ် လာဖို့က လွှတ်တော်နှစ်ရပ်ရဲ့ ဥက္ကဋ္ဌတွေ၊ ရေးရာကော်မတီဥက္ကဋ္ဌတွေ ဘယ်လောက် ကျွမ်း ကျင်နှံ့စပ်ပြီး တာဝန်သိ သလဲဆိုတာ အရေးကြီးတယ်လို့။ အခုအခြေခံမူတွေမှာ ရေးထားတဲ့၊ ပေးထားတဲ့အနှစ်သာရတွေကို ဘယ်လိုကိုင်တွယ်အသုံးချနိုင်သလဲဆိုတာ အရေးကြီးဆုံးပဲဗျ။ ဒီ Issue တွေကို Technically နားလည်ရင် ရင်ခုန်စရာတွေ အများကြီးရှိပါတယ်ဗျာ။ ■

**The Voice Weekly Vol 3-No.34**



## Street Smart နှင့် Book Smart ဘွေးနွေးခန်း

**SS :** ကျုပ်တို့နိုင်ငံမှာ အခြေခံဥပဒေတစ်ခုပေါ်လာတော့မယ်နော်။ နီးလာပြီဆိုတော့ ကျုပ်လည်း လက်လှမ်းမီရာတွေလိုက်ပြီး လေ့လာနေတာ နားမလည်တာတစ်ခု သွားတွေ့လို့ဗျ။

**BS :** အခြေခံဥပဒေကို လူတွေစိတ်ဝင်စားတာကောင်းပါတယ်။ လက်ရှိပြဋ္ဌာန်းထားတဲ့ အခြေခံမှုတွေကိုကြည့်ရင် နိုင်ငံတည်ဆောက်ရေးအတွက် လုပ်နိုင်မယ့်လမ်းကြောင်းတွေရှိနေပါတယ်။ အဲဒီအခွင့်အလမ်းတွေကို ဘယ်လောက်သဘောပေါက်ပြီး ဘယ်လိုအသုံးချတယ်ဆိုတာက အရေးကြီးတာပါ။ ပြောစမ်းပါဦးဗျ။ ဘာမရှင်းတာ တစ်ခုခုတွေ့ထားလို့လဲ။

**SS :** ဒီလိုပါ။ အခြေခံမူ ၁၀၄ ချက်ထဲမှာ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ သုံးရပ်ကိုပိုင်းခြားကျင့်သုံးတယ်ဆိုတာပါတယ်ဗျ။ တရားစီရင်တာကတော့ ထားလိုက်ပါတော့။ ကျန်တဲ့နှစ်ခုက ဘယ်လိုသဘောနဲ့ ခွဲခြားတာလဲ။

**BS :** ဒီကိစ္စက အတော်လေးစိတ်ဝင်စားစရာကောင်းပါတယ်။ အဲဒီသဘောတရားကို နားလည်ရင် စောစောက ကျွန်တော်ပြောသလို လုပ်နိုင်မယ့်လမ်းကြောင်းတွေ အများကြီးတွေ့ရနိုင်ပါတယ်။

**SS :** **ျုပ်ရေးအာဏာနဲ့ ဥပဒေပြုအာဏာ ဘာကွာတာလဲဗျ။ ကျုပ်တို့ ့သူတွေအနေနဲ့ ဘာဝင်လုပ်နိုင်မလဲ။**

**BS :** ကျွန်တော် ဥပမာတစ်ခုနဲ့ ရှင်းပြပါရစေ။ အုပ်ချုပ်ရေးအာဏာဆိုတာက ပြည်သူ့ရေးရာဝန်ဆောင်မှုတွေကိုပေးတဲ့ အုပ်ချုပ်ရေးယန္တရားနဲ့ သူ့ကို ကြီးကြပ်တဲ့အစိုးရကို ပြောတာပေါ့။ ဥပဒေပြုအာဏာဆိုတာ အဲဒီအုပ်ချုပ်ရေးအာဏာကျင့်သုံးတဲ့ အစိုးရနဲ့ အုပ်ချုပ်ခံတွေလိုက်နာရမယ့် ဥပဒေတွေပြဋ္ဌာန်းပေးတဲ့လွှတ်တော်ပေါ့။ အခုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်မှာတော့ လွှတ်တော်နှစ်ရပ်ကိုပေါင်းပြီး ပြည်ထောင်စုလွှတ်တော်လို့ ခေါ်လိမ့်မယ်။

**SS :** **ပြည်ထောင်စုလွှတ်တော်က ကျုပ်တို့ပြည်သူတွေနဲ့ ပိုနီးစပ်တာပေါ့။**

**BS :** ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားတဲ့အတွက် ဒီလိုပြောရင်လည်း မမှားပါဘူး။

**SS :** **ပြည်ထောင်စုလွှတ်တော်က ကျုပ်တို့ကို ဘာတွေလုပ်ပေးနိုင်မလဲ။**

**BS :** ဒီလိုလေဗျာ။ ဥပမာအနေနဲ့ ပြည်သူ့ရေးရာဝန်ဆောင်မှုတစ်ခုခုနဲ့ ပြောမှ ရှင်းမယ်။ ဆိုပါတော့ ကားပါမစ်တို့၊ တယ်လီဖုန်းတို့လို ဟာမျိုးပေါ့။ ကုန်ပစ္စည်း 'A' ဆိုပါတော့။ အဲဒီကုန်ပစ္စည်း 'A' လို ပြည်သူ့ရေးရာဝန်ဆောင်မှုကို အုပ်ချုပ်ရေးအာဏာကျင့်သုံးတဲ့ အစိုးရက ထောက်ပံ့ပြီး မလုံလောက်ရင် သူကပဲ ခွဲတမ်းချပြီးပေတယ်ဆိုပါတော့။

**SS :** **ဟုတ်တယ်လေ။ ဒီတော့ ပြည်ထောင်စုလွှတ်တော်က ဘာလုပ်နိုင်မလဲ။**

**BS :** ဆိုပါတော့ ပစ္စည်း 'A' ကနည်းနေပြီး ရလိုတဲ့လူကများနေရင် ဘာဖြစ်မလဲ။

**SS :** **ပွစိ ပွစိဖြစ်ကုန်မှာပေါ့။**

**BS :** ဒီတော့ ကျုပ်တို့လို သတင်းစာတွေက အခွန်ထမ်းတဲ့ ပြည်သူတွေကို ဦးစားပေးပါလို့ရေးမယ်။ အခွန်ထမ်းပြည်သူအသင်းရှိတယ်ဆိုခဲ့ရင် နိုင်ငံကို သုံးနှစ်ဆက်တိုက် အခွန်ဆောင်ခဲ့သူစာရင်းတစ်ခု ပြုစုပြီး သူတို့ကို ဦးစားပေးပါလို့ ပြောမယ်။

**SS :** **ဒါကောင်းတာပေါ့ဗျ။**

**BS :** အခုလို ပိုကောင်းတဲ့မူဝါဒဆိုင်ရာ သွင်းအားစုတွေကို အသ[illegible]ဖွဲ့တွေ မီဒီယာတွေက ပေးတာမျိုးကို Policy Advocacy လို့ခေါ်တယ်[illegible]လိုလုပ်တဲ့ အတွက် ပိုပြီးကောင်းတဲ့ ပေါ်လစီတွေဆီကို ရောက်နိုင်တာ[illegible]ါ။

**SS : ဒါပေမဲ့ ခွဲတမ်းချပေးနိုင်တဲ့ အခွင့်အာဏာရှိတဲ့လူကတော့ဘယ်ကြိုက်မလဲ။**

**BS :** ဖြစ်နိုင်တာပေါ့။ အဲဒီလိုဖြစ်တဲ့အခါကျတော့ နောင်ကျလို့ရှိရင်ပြည်ထောင်စု လွှတ်တော်ကို ပြည်သူ့ကိုယ်စားလှယ်တွေကနေ တစ်ဆင့်ပြည်သူတွေ၊ မီဒီယာတွေ၊ အသင်းအဖွဲ့တွေက ပြောလို့ရသွားတော့မယ်။

**SS : ပြောရင် ပြည်ထောင်စုလွှတ်တော်က ဘာလုပ်ပေးနိုင်မလဲ။**

**BS :** သူကတော့ ဥပဒေပဲပြုပေးနိုင်မယ်။ အခုလိုကိစ္စမျိုးမှာ ပြည်သူ့ရေးရာဝန် ဆောင်မှုတွေကို ဘယ်သူ့ရသင့်တယ်ဆိုတာ မူ(Policy)တွေ ပြဋ္ဌာန်းအသိ ပေးပြီး ဆုံးဖြတ်ပါဆိုတဲ့ ဥပဒေမျိုးကို ပြဋ္ဌာန်းပေးနိုင်တာပေါ့။ ပြည်သူ့ ရေးရာဝန်ဆောင်မှုများ ထောက်ပံ့ရေးဆိုင်ရာ ဥပဒေလို့ခေါ်တဲ့ ဥပဒေမျိုး တစ်ခုခု ပြဋ္ဌာန်းနိုင်တာပေါ့။

**SS : ဒီလိုဆိုတော့လည်း ဟုတ်တုတ်တုတ်ပဲနော်။**

**BS :** ဒီလိုကိစ္စမျိုးကိုကြည့်ရင် အုပ်ချုပ်ရေးအာဏာနဲ့ ဥပဒေပြုအာဏာကို ပိုင်း ခြားထားတဲ့အတွက် အုပ်ချုပ်ရေးယန္တရားရဲ့ လုပ်ပိုင်ခွင့်ကို ဥပဒေပြုအာဏာ နဲ့ ဝင်ပြီး ကန့်သတ်တည့်မတ်လို့ရသွားတာပေါ့။

**SS : ကြောမီ ဒါမျိုးတွေဖြစ်နိုင်သွားတော့မှာပေါ့။**

**BS :** ပြည်ထောင်စုလွှတ်တော်ရဲ့ ၇၅ရာခိုင်နှုန်းဟာ ပြည်သူတွေက ရွေးကောက် တင်မြှောက်မယ့် ကိုယ်စားလှယ်တွေပဲလေ။ ဒီလူတွေ ဒါမျိုးလုပ်ဖို့ နားလည် နိုင်တဲ့အဆင့်ရှိသလား။ မရှိဘူးလား။ လွှတ်တော်အစည်းအဝေးတွေကို တစ်နှစ်ပတ်လုံး အားကြိုးမာန်တက် အစည်းအဝေးထိုင်ကြသလား၊ မထိုင် ကြဘူးလား ဆိုတာတွေတော့ ရှိတာပေါ့။ ပြည်သူလူထု အမှန်တကယ် အကျိုးရှိစေမယ့် ဥပဒေဖြစ်ပါတယ်လို့ ပြည်ထောင်စုလွှတ်တော်ကို နားဝင် အောင် ရှင်းပြနိုင်ရင် လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုကြမှာပါ။

**SS : စိတ်ဝင်စားစရာပဲနော်။ တကယ်ပါဗျာ။ ဒါမျိုးတွေဖြစ်နိုင်တော့မယ်**

ကျွန်တော် တကယ်မသိဘူး။

BS : ...လိုဖြစ်နိုင်၊ မဖြစ်နိုင်ကတော့ ကိုယ်စားလှယ်တွေရဲ့ အရည်အချင်းပေါ်မှာ ...တည်လိမ့်မယ်ဗျ။


SS : ဒီဓာရင်းမျိုးကို ခင်ဗျားတို့လိုလူတွေက မီဒီယာတွေကတစ်ဆင့် ရေးပြရမှာပေါ့။

BS : အဲဒါ ကျွန်တော်တို့လိုတာဝန်သိတဲ့ နိုင်ငံသားတွေရဲ့ တာဝန်ပဲဗျ။ အချိန်တန်ရင် ကျွန်တော်တို့ရေးမှာပါ။ နိုင်ငံတချို့မှာ ဒီလိုဥပဒေတွေကို တင်သွင်းတဲ့လူရဲ့နာမည်နဲ့တွဲပြီး နာမည်ပေးတယ်။ သမိုင်းမှတ်တမ်းလည်းဝင်မယ်ဆိုတော့ ကိုယ်စားလှယ်တွေက ကြိုးစားကြတာပေါ့။ ဥပမာ–ဦးကကြီး ပြည်သူ့ရေးရာဝန်ဆောင်မှု ထောက်ပံ့ရေးဥပဒေ ဆိုတာမျိုးပေါ့။

SS : ရင်ခုန်မိပါသေးဗျာ။ ■

The Voice Weekly Vol 4-No.28

# Street Smart နှင့် Book Smart ဆွေးနွေးခန်း



**BS :** ဒီမိုကရေစီလမ်းညွှန်မြေပုံအရ ရွေးကောက်ပွဲတွေကျင်းပမယ့် ၂၀၁၀ ကို နီးကပ်လာတာကြောင့် ခင်ဗျားတို့ စီးပွားရေးနယ်ပယ်မှာ နိုင်ငံရေးကို ရင်ခုန်တဲ့ လူတွေများလာတယ်နော်။ ခင်ဗျားရော ဘယ်လိုလဲ။

SS : ...လင်းလင်းဝန်ခံရရင် ဟုတ်တယ်လို့ ပြောရမယ်ထင်တယ်။

BS : ...ပွင့်လင်းလင်းပြောလို့ရပါတယ်ဗျ။ နိုင်ငံရေးကို ရင်ခုန်တယ်၊ ရွေး ကောက်ပွဲဝင်မယ်ဆိုတဲ့ကိစ္စဟာ ကောင်းတဲ့ကိစ္စပဲဗျ။ ပါတီနိုင်ငံရေး လုပ်တာပဲဖြစ်ဖြစ်၊ တစ်သီးပုဂ္ဂလအနေနဲ့ ရွေးကောက်ပွဲဝင်တာပဲဖြစ် ဖြစ် အာဏာကိုဖြတ်လမ်းနည်းနဲ့လိုချင်တာလို့ စွပ်စွဲတဲ့ခေတ်မဟုတ် တော့ပါဘူးဗျ။ အခြေခံဥပဒေအရ ခွင့်ပြုထားပြီး နိုင်ငံကိုတည် ဆောက်တဲ့ကိစ္စလည်းဖြစ်ပါတယ်။ ဒီတော့ ခင်ဗျားရွေးကောက်ပွဲဝင် တော့မယ်ဆိုတဲ့ သဘောပေါ့။

SS : စဉ်းစားတုန်းပဲရှိပါသေးတယ်။

BS : လုပ်ပါဗျာ။ အားပေးပါတယ်။ ကျွန်တော်တို့ပညာရှင်တွေ အနေနဲ့ တော့ ဒီလိုဖြစ်လာတာကို Political Conciousness အဖြစ်နဲ့ ယူဆ ပါတယ်။ ကြိုလည်း ကြိုဆိုပါတယ်။ ခင်ဗျားတို့ လူတွေအားလုံးကို ကူညီနိုင်ဖို့ ကျွန်တော်တို့အနေနဲ့ ကိုယ့်ကိုယ်ကိုယ် ပါတီနိုင်ငံရေး၊ ရွေးကောက်ပွဲ စတာတွေနဲ့ ကင်းရှင်းအောင်လုပ်ထားပါတယ်။

SS : ကျွန်တော်တော့ နားမလည်ဘူးဗျ။ ခင်ဗျားတို့ကိုလည်း ကျွန်တော်တို့လိုပဲ စဉ်းစားနေလိမ့်မယ်၊ ရွေးကောက်ပွဲဝင်လိမ့်မယ်လို့ထင်နေတာ။ မဝင်ဘူး ဆိုရင် ခင်ဗျားတို့ရဲ့ ရည်ရွယ်ချက်ကဘာလဲဗျ။

BS : ကျွန်တော်တို့ရဲ့ရည်ရွယ်ချက်ကို ပွင့်ပွင့်လင်းလင်းပြောရရင် ဒီနိုင်ငံ မှာ Political Process တစ်ခုဖြစ်ပေါ်လာဖို့ပါပဲ။ ဒီ Process ဆို တာဟာ Stakeholder အားလုံး ပိုင်းလုပ်မှဖြစ်မယ့်ကိစ္စ ဖြစ်တယ်လေ ဗျာ။ ကျွန်တော်တို့က နိုင်ငံရေးအဖွဲ့အစည်းတစ်ခုဖြစ်သွားရင် တခြား Stakeholder အားလုံးနဲ့ ထိတွေ့ဆက်ဆံဖို့ ခက်သွားမယ်လေဗျ။ အဲဒီ တော့ ကျွန်တော်တို့ထမ်းဆောင်မယ့်တာဝန်က နိုင်ငံ့အကျိုးလိုလား ပြီး ဒီ Process ထဲမှာပါမယ့် ဘယ်သူ့ကိုမဆို Capacity Building လုပ်ပေးချင်တာပါပဲလို့ ပြောရမယ်။

SS : မဆိုးဘူးဗျ။ အဲဒီလိုအဖွဲ့အစည်းလည်းရှိဖို့လိုတာပဲဗျ။ ကျွန်တော် နားလည်ပြီ။

BS : ဒီတော့ ခင်ဗျားက စီးပွားရေးရော၊ နိုင်ငံရေးရော တွဲလုပ်တော့မယ် ဆိုတဲ့သဘောပေါ့။ ဘယ်လိုလုပ်မယ် စဉ်းစားထားသလဲ။

SS : ဟာ ခင်ဗျားကလည်း တိမ်ပြန်ပြီ။ ခင်ဗျားလိုလူမျိုး [illegible] မေးခွန်းမျိုး မေးစရာလားဗျ။ ဒီခေတ်ကြီးမှာ အလုပ်နှစ်ခု တစ်ပြိုင်နက်လု [illegible] က အဆန်း လားဗျ။

**BS : ခင်ဗျားမေးခွန်းကို ကျွန်တော်တဖြည်းဖြည်းရှင်းသွားပါမယ်။ သေချာ အောင် မေးခွန်းတစ်ခုတော့ မေးပါရစေ။ ခင်ဗျားဆိုလိုတာက စီးပွား ရေးလည်း ဆက်လုပ်သွားမယ်ဆိုတဲ့ သဘော ခပေါ့။**

SS : လာပြန်ပြီဗျာ။ ခင်ဗျားဟာက လွယ်လွယ်လေးနဲ့ ခက်နေပြီ။ စီးပွားရေး လုပ်ချင်လို့ နိုင်ငံရေးလုပ်တာလေဗျာ။ ကျွန်တော့်ကို စီးပွားရေးအခွင့် အရေးလိုချင်လို့ နိုင်ငံရေးလုပ်တယ်လို့တော့မထင်နဲ့နော်။ ကျွန်တော်တို့ စီးပွားရေးနယ်ပယ်မှာ လိုအပ်ချက်တွေကို ကျွန်တော်တို့ကိုယ်စားပြောပေး မယ့်သူမရှိလို့ ကိုယ်တိုင်နိုင်ငံရေး ဝင်လုပ်ရတာဗျ။

**BS : စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့တွေရှိသားပဲဗျ။**

SS : ခင်ဗျားတို့ သိပါတယ်ဗျာ။ တချို့အသင်းအဖွဲ့တွေက သက်ဆိုင်ရာနယ် ပယ်ကို ကိုယ်စားပြုတာရှိပေမယ့် တချို့အသင်းတွေက သက်ဆိုင်ရာ နယ်ပယ်ကို ကိုယ်စားမပြုဘူးလေဗျာ။

**BS : ဟုတ်ပြီ။ ကျွန်တော် ဒီအဖြေကို လိုချင်တာဗျ။ ဆက်ပြီးမေးရမယ့် မေးခွန်းက ဥပဒေပြုတဲ့လွှတ်တော်တွေရဲ့ သဘောသဘာဝကို ခင်ဗျား ဘယ်လို နားလည်ထားသလဲ။ ခင်ဗျား ဒီနှစ်ခု ဘယ်လိုတွဲလုပ်မလဲ။**

SS : ခင်ဗျားမေးခွန်းက မရှင်းဘူးဗျ။

**BS : ဆိုလိုတာကဗျာ ပီပြင်တဲ့လွှတ်တော်အစည်းအဝေးတွေဆိုတာ နေ့စဉ် နီးပါး ကျင်းပကြတာဗျ။ ခင်ဗျားလွှတ်တော်အစည်းအဝေးတွေ နေ့ တိုင်းတက်နေရင် ဘယ်လိုစီးပွားရေးလုပ်မလဲ။ ဒီကြားထဲ လွှတ် တော်ရေးရာကော်မတီတစ်ရပ်ရပ်မှာ ပါသွားရင် ပိုပြီးအလုပ်များ မယ်နော်။ ထုံးစံအရဆိုရင် နေ့တစ်ပိုင်းလွှတ်တော် တက်ရမယ်။ နေ့တစ်ပိုင်း လွှတ်တော်ရေးရာကော်မတီ အစည်းအဝေးလည်းတက်ရ မယ်။ အဲဒါ ဘယ်လိုစဉ်းစားထားသလဲလို့ မေးနေတာ။**

SS : ဟာ ဒီကိစ္စ ကျွန်တော်မတွေးမိဘူး။ ခင်ဗျားမေးခွန်းကို ကျွန်တော်သဘော ပေါက်ပြီ။ ခင်ဗျားကို တုံ့လိုက်တာလို့မပြောမိတာ တောင်းပန်ပါတယ်ဗျာ။

တော်တို့ နားလည်ထားတာက လွှတ်တော်အစည်းအဝေးဆိုတာ တစ်၂၇ နှစ်ကြိမ် သုံးကြိမ်ပဲလုပ်တာလို့ထင်နေတာ။

**BS :** ခင်ဗျားပြောနေတာ ဆိုရှယ်လစ်ခေတ်က တစ်ပါတီလွှတ်တော်အကြောင်းဗျ။ အခုဟာက ပါတီစုံလွှတ်တော်လေဗျာ။ တကယ်အလုပ်လုပ်ရမယ်။ လွှတ်တော်အမတ်တွေဟာ အလုပ်တစ်ခုကို Seriously အလုပ်လုပ်ရမယ်။ လစာဂိုဏ်းလည်း ပေးလိမ့်မယ်။

**SS :** ဟာ ဒုက္ခပါပဲဗျာ။ ကျွန်တော် အဲဒါတွေ မတွေးမိဘူးဗျ။

**BS :** အဲဒါကြောင့် ခင်ဗျား ဘယ်လို စဉ်းစားထားသလဲလို့မေးတာ။

**SS :** အခုသဘောပေါက်နေပြီဗျ။ အဲဒီအလုပ်နှစ်ခု ဘယ်လိုလုပ်ရမလဲပြောပါဦးဗျ။

**BS :** အဓိကအချက်ကတော့ ခင်ဗျားရဲ့လုပ်ငန်းကို ဘယ်လို Delegate လုပ်မလဲ စဉ်းစားရတော့မယ်ဆိုတဲ့ သဘောပါပဲဗျာ။ ဆိုလိုတာက Management ရဲ့ အခြေခံသဘောဖြစ်တဲ့ Ownership နဲ့ Management ခွဲလိုက်ဖို့ကို ပြောချင်တာပါ။ ■

The Voice Weekly Vol 5-No.1

× × ×

❝ တချို့အသင်းအဖွဲ့တွေက
သက်ဆိုင်ရာနယ်ပယ်ကို ကိုယ်စားပြုတာရှိပေမယ့်
တချို့အသင်းတွေက သက်ဆိုင်ရာနယ်ပယ်ကို
ကိုယ်စားမပြုဘူးလေဗျာ။ ❞

## Street Smart နှင့် Book Smart ဆွေးနွေးခန်း

**BS :** ကိုယ့်လူ ခင်ဗျားတသီးပုဂ္ဂလအနေနဲ့ ရွေးကောက်ပွဲဝင်ဖို့စဉ်းစားနေတယ်လို့ တစ်နေ့ကပြောခဲ့တယ်နော်။ ခင်ဗျားတို့ စီးပွားရေးသမားတွေအနေနဲ့ ဒီလိုရွေးကောက်ပွဲဝင်တဲ့အတွက် ဘယ်လိုအကျိုးကျေးဇူးရှိမယ်ထင်လို့လဲ သိပါရစေ။

**SS :** ကျွန်တော်တစ်နေ့က ပြောခဲ့ပါတယ်ဗျာ။ ကျွန်တော်တို့ရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ကြုံတွေ့နေရတဲ့ သဘာဝမကျတဲ့ကိစ္စတွေ၊ အခက်အခဲတွေကို တင်ပြပေးမယ့်လူ မရှိလို့ ဒီလိုလုပ်ရပါတယ်လို့။

**BS :** ဒီတော့ လွှတ်တော်ပေါ်မှာ ဘာတွေလုပ်ခွင့်ရှိတယ်၊ ရှိမယ်ဆိုတာတွေရော ခင်ဗျားတို့သိသလား။

**SS :** ပွင့်ပွင့်လင်းလင်းပြောရရင်တော့ဗျာ အဲဒါတွေ ကျွန်တော်တို့ မသိပါဘူး။ ဘာလဲ၊ ခင်ဗျားပြောပြောနေတဲ့ Check and Balance ဆိုတာမျိုးတွေပေါ့။ ကြားဖူးနားဝရှိပြီး ဘာမှန်းသေသေချာချာ မသိပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ခံစားချက်တွေကို ပြောလို့ရမယ့်နေရာဖြစ်တယ်လို့တော့ သိထားတယ်။

**BS :** ခင်ဗျားတို့ရဲ့ ခံစားချက်တွေကို ထုတ်ဖော်လို့ရမယ့်နေရာ ဖြစ်တယ်ဆိုတာ မမှားပေမယ့် လုံးလုံးတော့မမှန်ဘူးပေါ့။ ခင်ဗျားလိုပဲ အားလုံးက ရင်ဖွင့်ချင်ကြရင် အချိန်ကို ဘယ်လိုစီမံခန့်ခွဲမလဲ။ ဒါကြောင့် သူ့မှာထမ်းဆောင်ရမယ့် တာဝန်ကြီးသုံးရပ်ကို အခြေခံအားဖြင့် ပြဋ္ဌာန်းထားရတာပေါ့။

**SS :** ...ဦးဗျာ။ အဲဒါတွေ ကျွန်တော်တို့ သိချင်ပါတယ်။

**BS :** ...င်ရုံနဲ့မရဘူးဗျ။ သိကိုသိရမယ်။

**SS :** ဆေးပါဗျာ၊ လုပ်ပါ။

**BS :** ပထမအဆင့်အနေနဲ့ လွှတ်တော်ဆိုတဲ့အရာဟာ တစ်နှစ်ပတ်လုံး အစည်းအဝေးထိုင်ရတဲ့ အလုပ်ဆိုတာကို အခြေခံအားဖြင့် သိထားရမယ်။ သူ့မှာ တာဝန်ကြီးသုံးရပ်ရှိတယ်။

ပထမတာဝန်ဟာတော့ ဥပဒေများပြဋ္ဌာန်းပေးခြင်း သို့မဟုတ် ပြင်ဆင်ပြဋ္ဌာန်းပေးခြင်း။

ဒုတိယတာဝန်ကတော့ ရသုံးမှန်းခြေငွေစာရင်း ဥပဒေပြဋ္ဌာန်းပေးခြင်း။

တတိယတာဝန်ကတော့ အုပ်ချုပ်ရေးယန္တရားဟာ ပြဋ္ဌာန်းထားတဲ့ ဥပဒေအရ အလုပ်လုပ်ခြင်း ဟုတ်၊ မဟုတ် စောင့်ကြည့်တဲ့ရေးရာ ကော်မတီများ ဖွဲ့စည်းခြင်းပေါ့။ ဒီကော်မတီများဟာလည်း နေ့စဉ် အစည်းအဝေးထိုင်ရတယ်။

**SS :** ပထမတာဝန်ကစပြီး နည်းနည်းရှင်းပြပါလားဗျာ။

**BS :** တတိယတာဝန်ကစပြီး ရှင်းမှပိုပြီးနားလည်လွယ်မှာဗျ။ တတိယတာဝန်က စပါရစေ။ အခြေခံဥပဒေရှိလာတဲ့အချိန်ကစပြီး အုပ်ချုပ်ရေးအာဏာကျင့်သုံးသူများဟာ သူ့ရဲ့လုပ်ကိုင်ဆောင်ရွက်မှု၊ ကိုင်တွယ်ဆုံးဖြတ်၊ အားလုံး ဘယ်ဥပဒေ၊ ဘယ်ပုဒ်မ ၊ ဘယ်ပုဒ်မခွဲအရ ဒီလိုလုပ်ရတယ်။ ဘယ်ပုဒ်မမှာ အပ်နှင်းထားတဲ့လုပ်ပိုင်ခွင့်အရ ဘယ်သူက ဆုံးဖြတ်တယ်ဆိုတာတွေ ထည့်ရေးရမယ်။ ဒီလိုဥပဒေနဲ့အညီ ဟုတ်၊ မဟုတ် ဆိုတာကို လွှတ်တော်နှစ်ရပ်မှာ ဖွဲ့စည်းထားတဲ့ရေးရာ ကော်မတီတွေက စောင့်ကြည့်တယ်။ မသေချာရင် ခေါ်မေးတယ်။ ဥပမာအားဖြင့် ဆီးနိတ် လွှတ်တော်ထောက်လှမ်းရေးကော်မတီ ဆိုတာမျိုးပေါ့။

**SS :** ဥပဒေနဲ့မညီတာတွေ့ရင်ရောဗျာ။

**BS :** ဥပဒေနဲ့မညီတာတွေ့ရင် ဥပဒေမရှိလို့လား။ ဥပဒေခေတ်မမီတော့တာလားဆိုတာ သုံးသပ်ရမယ်။ ဥပဒေရှိပါလျက်နဲ့ ဥပဒေနဲ့မညီတာဖြစ်ခဲ့ရင် နိုင်ငံတော်သမ္မတကို အကြောင်းကြားရလေ့ရှိတယ်။ ဥပဒေမရှိသေးတာဆိုရင်တော့ ဥပဒေပြုပေးရမယ်။ ခေတ်မမီတော့တာ ဆိုရင် ပြင်ဆင်ပေးရမယ်။ ဒါက ပထမတာဝန်ဖြစ်ပါတယ်။

**SS** : နားလည်ပြီဗျာ။ ဒါပေမဲ့ ဥပဒေနဲ့အညီ ဟုတ်၊ မဟုတ်ဆိုတာ ကျွန်တော်တို့ ကိုယ်စားလှယ်တွေက ဘယ်လိုသိနိုင်မလဲဗျ။

**BS** : အဲဒါခင်ဗျားတို့ ပြဿနာပဲလေဗျာ။ ကိုယ့်အိုးကိုယ်ဖြည့်ထားဖို့တော့ ခင်ဗျားတို့တာဝန်ပေါ့ဗျာ။ ပြည်သူ့ကိုယ်စားလှယ် လုပ်ပါ့မယ်ဆိုတဲ့ လူတွေဟာ တည်ဆဲဥပဒေ ဘာတွေရှိတယ်၊ ဘာတွေခေတ်မမီတော့ဘာလဲ စတာတွေ သိရမယ်။

**SS** : ဘယ်လိုလုပ်ပြီး အားလုံးသိနိုင်မလဲဗျ။

**BS** : ခင်ဗျားပြောတာလည်း တစ်ပိုင်းတစ်စတော့မှန်ပါတယ်။ ဒါကြောင့်လည်း အမေရိကန်လွှတ်တော်အမတ်တွေမှာ ရုံးအဖွဲ့တစ်ဖွဲ့စီထားပြီး ဒါတွေကိုလေ့လာကြရတာပေါ့။ ဒါပေမဲ့ဗျာ လွှတ်တော်ထဲမှာရှိတဲ့ ကိုယ်စားလှယ်တစ်ဦးချင်းမှာ သိတာတွေ နည်းနည်းစီရှိမယ်။ သိတဲ့အပိုင်းကိုတော့ သေသေချာချာသိမယ်၊ အားလုံးပေါင်းလိုက်ရင် အားလုံးကို သိတယ်ဆိုတဲ့ အဆင့်ကို ရောက်ဖို့လိုပါတယ်။ ဒါမှသာလျှင် အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးတဲ့အပိုင်းကို ဥပဒေပြုအပိုင်းက Check လုပ်လို့ရမှာပေါ့။

**SS** : ခင်ဗျားပြောသလိုဆိုရင် လွှတ်တော်အမတ်တွေဟာ Expert တွေ ဖြစ်ဖို့လိုနေတာပေါ့။ ကျွန်တော်တို့လိုလူတွေဖြစ်ဖို့ မထိုက်ဘူးလို့ ဆိုလိုတာပါလားဗျာ။

**BS** : အဲဒီအပိုင်းကို ကျွန်တော်မပြောလိုပါဘူး။ ဖြစ်ထိုက်တယ်၊ မဖြစ်ထိုက်ဘူးဆိုတာ ကိုယ်တိုင်ဆုံးဖြတ်ရမယ့်အပိုင်းပါ။ ကျွန်တော်ဆိုလိုတာက အဲဒီတာဝန်(၃)ရပ်ကို ထမ်းဆောင်နိုင်လောက်တဲ့ အခြေခံအသိဉာဏ်ဗဟုသုတ ရှိရမယ်လို့ ဆိုလိုတာပါ။ Expert ဖြစ်ဖို့ထိအောင်တော့ မလိုတာအမှန်ပါ။

**SS** : ကျွန်တော် နားလည်ပြီဗျ။ ကျွန်တော်တို့အတော်လေး လေ့လာရဦးမယ်။

**BS** : အဲဒါတော့ အမှန်ပဲဗျ။ ကျွန်တော့်မှာက လုပ်စရာ၊ ပြင်စရာတွေကများတော့ ခင်ဗျားတို့လိုလူတွေက တော်တော်လေးနဲ့ စပ်ဖို့လိုပါတယ်။ အခြေတကျဖြစ်နေတဲ့ လွှတ်တော်တွေမှာတော့ အသာလေးလိုင်းစီးသွားရုံပါပဲဗျာ။ ဒီမှာတော့ အဲဒီလိုလိုင်းစီးသွားရင် Check and Balance လို့ခေါ်တဲ့ ဒီမိုကရေစီရဲ့အနှစ်သာရ ပေါ်ပြင်ဘဲဖြစ်သွားနိုင်ပါတယ်။

■



## Street Smart နှင့် Book Smart ဆွေးနွေးခန်း

**SS :** **အရင်အပတ်က ခင်ဗျားရှင်းပြတဲ့ Check and balance ဆိုတာ တော်တော်လေးရှင်းတယ်ဗျ၊ ကြိုက်တယ်ဗျာ။ ဒါပေမဲ့ တရားစီရင်ရေးစနစ်နဲ့ ပတ်သက်လို့ မပြောခဲ့ဘူးနော်။**

**BS :** ဟုတ်တယ်ဗျ။ အဲဒါတမင် ချန်ထားခဲ့တာ။ တရားစီရင်ရေး အာဏာနဲ့ ပတ်သက်ရင် Check and balance လိုပဲ အရေးကြီးအချက် တစ်ချက်အပိုပါတယ်။ ဒါကြောင့် တရားစီရင်ရေးနဲ့ပတ်သက်တာကို တမင် မပြောဘဲထားခဲ့တာဗျ။ ဒီပုံလေးကို ကြည့်စမ်းပါဗျာ။ အမေရိကန်စနစ်ရဲ့ Check and balance process ကို အသေးစိတ်မြင်နိုင်တယ်ဗျ။ အုပ်ချုပ် ရေးအာဏာ ဥပဒေပြု အာဏာ၊ တရားစီရင်ရေး အာဏာ သုံးရပ် အပြန်အလှန် Check and balance လုပ်ပုံအားလုံးကို မြင်နိုင်တယ်။

**SS :** **အေးဗျ။ ဒါပေမဲ့ ခင်ဗျားပြောတဲ့အပိုတစ်ချက်ဆိုတာ ဘာကိုဆိုလိုတာလဲ။**

**BS :** အဲဒါကို Judiciary Independence လို့ခေါ်တယ်။ တရားစီရင်ရေး အာဏာအပေါ်မှာ အုပ်ချုပ်ရေးယန္တရားက စွက်ဖက်မှုကင်းရမယ်ဆိုတဲ့သဘောကို ဆိုလိုတာပါ။

**SS :** **ဒါဟုတ်တာပေါ့ဗျ။ အဲဒီလိုမဟုတ်ရင် အာဏာရပါတီနဲ့ သဘောထားကွဲလွဲတဲ့လူတွေ ဘယ်ချောင်မလဲ။**

**BS :** အမေရိကန်စနစ်ကို ဥပမာအနေနဲ့အရင်ပြောချင်တယ်ဗျ။ သူ့ဟာက

အဓောက်ကိုထူးခြားလို့။ အမေရိကားမှာ ပြည်ထောင်စုတ[illegible]ကြီးချုပ်နဲ့ တရားသူကြီးတွေကို နိုင်ငံတော်သမ္မတက အမည်စာရင်း တင်သွင်းရတယ်။ ဆီးနိတ်လွှတ်တော်က သဘောတူကြောင်း မဲပေးခဲ့ရင် ခန့်အပ် တယ်။ အဲဒီခန့်အပ်မှုဟာ တစ်သက်တာ ခန့်အပ်မှုဖြစ်တယ်။ ဆိုလိုတာက သမ္မတဖြစ်သူက ခန့်ပြီးရင် တရားသူကြီးတွေကို ဖြုတ်လို့မရတော့ဘူး။ ဒီအချက်ဟာ တရားသူကြီးတွေအနေနဲ့ ဘယ်သူ့မျက်နှာမှ မထောက်ထား ဘဲ ဆုံးဖြတ်နိုင်အောင် လုပ်ပေးထားတဲ့ Judiciary Independence ပေါ့။ လာမယ့် အခြေခံဥပဒေသစ်မှာလည်း ဒီသဘောတရားမျိုးပဲဗျ။


SS : တကယ်။

BS : ဟုတ်တယ်လေ။ နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ တရားသူကြီးတွေကို အမည်စာရင်းတင်သွင်းမယ်။ ပြည်ထောင်စုလွှတ် တော်က သဘောတူ၊ မတူမဲပေးပြီး ဆုံးဖြတ်တယ်။ သဘောတူလို့ ခန့် ပြီးရင် အသက် ၇၀ အထိ လုပ်လို့ရတယ်။ ဖြုတ်လို့မရတော့ဘူး။ လွှတ် တော်သက်တမ်းနေရင် ထွက်ပေးရတာမျိုး မရှိတော့ဘူး။ ထူးခြား ချက်အနေနဲ့ ဒီအခြေခံဥပဒေမှာ တရားသူကြီးအဖြစ် ပညာရှင်တွေကို ခန့် ရမယ်လို့တောင် ဖော်ပြထားတယ်။ ပြည်ထောင်စုလွှတ်တော်အနေနဲ့ သမ္မတ က တင်သွင်းတဲ့အမည်တွေကို အရည်အချင်းမရှိကြောင်း အထောက်အထား မပြနိုင်ရင် ကန့်ကွက်ခွင့်မရှိဘူးဆိုတာလေးတော့ ထူးခြားချက်အနေနဲ့ပါတယ်။ ဒါပေမဲ့ ကိုယ်စားလှယ်တွေနဲ့ သဘောမတူရင် Abstain ခေါ် ကြားနေမဲ ပေးလို့ရပါတယ်။

SS : Check and balance ကျတော့ ဘယ်လိုလုပ်ထားသလဲ။

BS : နိုင်ငံတော်သမ္မတက အမည်စာရင်းတင်သွင်းတဲ့ တရားသူကြီးကို လွှတ် တော်ကိုယ်စားလှယ်တွေက ထောက်ခံခွင့်၊ ကန့်ကွက်ခွင့်၊ ကြားနေခွင့် ပေးထားတာဟာ Check and balance ပေါ့ဗျာ။ ခန့်တဲ့အချိန်မှာထားတဲ့ Check and balance ပေါ့။ လက်တွေ့အလုပ်လုပ်တဲ့ အချိန်မှာ Check and balance လုပ်ဖို့ကျတော့ လွှတ်တော်နှစ်ရပ်မှာ တရားရေးကော် မတီတွေ ရှိပါလိမ့်မယ်။

SS : ဟုတ်ပြီဗျ။ အခုမှ တဖြည်းဖြည်းသဘောပေါက်လာတာ။ Check and balance မရှိရင် တရားသူကြီးတွေဟာ အမြင့်မှာ ညီနိုင်းထားတဲ့




အတိုင်း စီရင်ဆုံးဖြတ်တာမျိုးတွေ ဖြစ်ကုန်မှာပေါ့။

**BS :** ဒါပေါ့။ Check and balance မရှိလို့ ခင်ဗျားပြောသလို ဖြစ်ကုန်ရင် ရှေ့နေတွေလည်း ရှေ့နေပညာသင်စရာမလိုဘဲ အမှုပွဲစားတွေ ဖြစ်ကုန်မှာပေါ့။ အခြေခံဥပဒေအသစ်မှာ အဲဒါတွေအားလုံးထောင့်စေ့အောင် Check and balance လုပ်ထားတာ တွေ့ရပါတယ်။

**SS :** **ဟုတ်ပြီဗျ။ Check and balance ကြောင့် ပုဂ္ဂလိကများ ဖြစ်ကြတဲ့ အမှုတွေမှာ စီရင်ဆုံးဖြတ်တာတွေ မှန်သွားမယ်။ Judiciary Independence ကြောင့် အာဏာရပါတီအလိုကျ စီရင်ဆုံးဖြတ်တာတွေမဖြစ်တော့ဘူးပေါ့။**

**BS :** တရားသူကြီးတွေရဲ့ ခံယူချက်အပေါ်မှာပဲ မူတည်တော့မယ်လို့ ပြောရလိမ့်မယ်ဗျ။

**SS :** **ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ဗျာ။ ပညာရှင်တွေကို ခန့်ရမယ်လို့ ထည့်သွင်းထားတာလေးတော့ အတော်လေးကောင်းတယ်ဗျ။ ပြည်ထောင်စုဝန်ကြီးတွေနဲ့ပတ်သက်လို့ရော အဲဒီလို လုပ်မထားဘူးလား။**

**BS :** အဲဒီလိုတော့ မပါဘူးဗျ။ အမေရိကန်ပြည်ထောင်စုမှာလည်း ရေးသားပြဋ္ဌာန်းထားတာမရှိပေမယ့် သမ္မတက ပြည်ထောင်စုဝန်ကြီးများကို အဆိုပြုပြီး ဆီးနိတ်လွှတ်တော်မှာ အတည်ပြုပုံတွေကိုကြည့်ရင် အာဏာရ ပါတီဗဟိုကော်မတီဝင်တွေကြား ရာထူးခွဲဝေတာ မဟုတ်ဘဲ တက္ကသိုလ် တွေက ထိပ်သီးပညာရှင်တွေကို ခန့်ထားတာကို တွေ့ရပါလိမ့်မယ်။ ဒီကနေ့ နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ် (ကွန်ဒို)ဟာ စတင်းဖို့ဒ်တက္ကသိုလ်က လာခဲ့တာဗျ။ ခင်ဗျားတို့ သတိထားကြည့်ရင်သိလိမ့်မယ်။ ဘွတ်ရှ် အစိုးရကို သမ္မတဘွတ်ရှ်နဲ့ ရီပတ်ဘလီကန်အစိုးရလို့ သုံးနှုန်းသော်လည်းပဲ ရီပတ်ဘလီကန်ပါတီကို အာဏာရပါတီအဖြစ် ခေါ်ဝေါ်သုံးစွဲတာမျိုးကို မတွေ့ရသလောက်ပဲ။ အဲဒီတော့ဗျာ သမ္မတဘွတ်ရှ် သမ္မတဖြစ်လာခြင်းဟာ ရီပတ်ဘလီကန်ပါတီ အာဏာရပါတီဖြစ်သွားတယ်လို့ မရည်ညွှန်းဘူး။ ဘာဖြစ်လို့လဲဆိုတော့သမ္မတက အမည်စာရင်းတင်သွင်းတဲ့ အစိုးရအဖွဲ့ဆိုတာဟာ ရီပတ်ဘလီကန်ပါတီတွင်း ရာထူးခွဲဝေတဲ့ သဘောမဟုတ်လို့ပဲ။ စောစောကပြောခဲ့သလို ကွန်ဒီလို ထိပ်သီးပညာရှင်တွေကို ခေါ်သုံးနေတာခြင်းသာဖြစ်တယ်လေဗျာ။ ■

**The Voice Weekly Vol 5-No.2**



## Street Smart နှင့် Book Smart ဆွေးနွေးခန်း



**SS :** ၂၀၀၉ ခုနှစ်ထဲရောက်လာပြီနော်။

**BS :** ဘာလဲ။ ၂၀၁၀ ကို နီးလာပြီ၊ နိုင်ငံရေးလှုပ်ရှားမှုများ မြင်တွေ့ရတော့မယ် လို့ဆိုလိုတာလားဗျ။

**SS :** ဟုတ်တယ်လေ။ ဒီမိုကရေစီတို့၊ ရွေးကောက်ပွဲတို့ စတဲ့ စကားလုံးတွေဟာ ဟိုတုန်းက ပြောလို့ရတဲ့ စကားလုံးတွေမှ မဟုတ်တာ။ အခု ဒီစကားလုံးတွေ ကို မီဒီယာပေါ်မှာ တွေ့နေရပြီ။ ရှေ့လျှောက်ဘာတွေမြင်ရဦးမလဲဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။

**BS :** မှန်ပါတယ်။ တစ်နေ့က ဆရာမောင်စွမ်းစမ်းပြောတဲ့ ၁၉၉၀ ရွေးကောက် ပွဲနဲ့ပတ်သက်တဲ့ မှတ်ချက်မျိုးဆိုရင် ပြည်တွင်းကထုတ်ဝေတဲ့ မီဒီယာ တစ်ခုပေါ်မှာ တွေ့မြင်ရဖို့ မဖြစ်နိုင်ပါဘူး။ ဘာသာသာကနဲ့ ဖော်ပြခွင့်ပြု တာပဲ ဖြစ်ဖြစ် တိုးတက်ပြောင်းလဲမှုတွေဖြစ်တယ်လို့ ပြောချင်ပါတယ်။

**SS :** ဟုတ်တယ်ဗျ။ အဲဒါ ကျွန်တော်လည်းသတိထားမိတယ်။

**BS :** အဲဒီတော့ ရှေ့လာမယ့်လများမှာ ပိုပြီးထူးဆန်းတာတွေလည်း တွေ့ကောင်း တွေ့မြင်ရနိုင်တာပေါ့။

**SS :** ရွေးကောက်ပွဲဥပဒေဆိုလည်း ဒီနှစ်ထဲမှာတော့ ထုတ်ပြန်လိမ့်မယ်လို့ ထင်တယ်။

**BS :** ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ရွေးကောက်ပွဲက ၂၀၁၀ ဒီဇင်ဘာဆိုရင်တော့ ၂

နှစ်လောက်အချိန်ကျန်နေသေးတယ်ပြောရမှာပေါ့။ ကျွန်တော့်အနေနဲ့ တော့ ရွေးကောက်ပွဲဥပဒေထက် အဲဒီနောက်မှထွက်လာမယ့် ပြည်သူ့လွှတ်တော်ဥပဒေကို ပိုပြီးစိတ်ဝင်စားတယ်။

SS : ရွေးကောက်ပွဲကို သိပ်စိတ်မဝင်စားဘူးဆိုတဲ့ သဘောလားဗျ။

BS : ရွေးကောက်ပွဲလို့ပြောကြရင်တော့ ကျွန်တော့်စိတ်ဝင်စားမှုဟာ ၂၀၁၅ ရွေးကောက်ပွဲဗျ။ လာမယ့်ရွေးကောက်ပွဲမှာအသွင်ကူးပြောင်းရေး ချောချောမွေ့မွေ့ပုံပေါ်လာဖို့အတွက် ဖြစ်သင့်တဲ့ရလဒ်တစ်ခုရှိတယ်။ အဲဒါကို ဘယ်လိုအကောင်အထည်ဖော်ကြမလဲဆိုတာတော့ စိတ်ဝင်စားစရာကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့က လွှတ်တော်နှစ်ရပ် ဘယ်လိုပုံပေါ်လာမလဲဆိုတာကို ပြဋ္ဌာန်းမယ့် ပြည်သူ့လွှတ်တော်ဥပဒေကိုသာ ပိုပြီးအာရုံကျနေတယ်ဗျ။

SS : ဆိုစမ်းပါဦးဗျ။ ခင်ဗျားအတွေးကအဆန်းပဲ။ ရွေးကောက် ပွဲဥပဒေထက် ပြည်သူ့လွှတ်တော်ဥပဒေကို ပိုပြီးစိတ်ဝင်စားရအောင် ဒီနှစ်ခု ဘာတွေကွာလို့လဲ သိပါရစေဗျာ။

BS : ကျွန်တော်ထင်တယ်။ လူအတော်များများရဲ့ စိတ်ထဲမှာ ရောထွေးနေတာတွေ အများကြီးပဲဗျ။ (၁) အခြေခံဥပဒေနဲ့ရွေးကောက်ပွဲရလဒ်ကိုရောထွေးပြီးစဉ်းစားတယ်။ (၂) ရွေးကောက်ပွဲဥပဒေနဲ့ပြည် သူ့လွှတ်တော်ဥပဒေကိုတွဲလျက်စဉ်းစားတယ်။

SS : ရွေးကောက်ပွဲရလဒ်ဟာ ရွေးကောက်ပွဲဥပဒေနဲ့ ပိုဆိုင်တာ မဟုတ်ဘူးလားဗျ။ ခင်ဗျားဟာက ရှုပ်ကုန်ပြီ။

BS : ရွေးကောက်ပွဲရလဒ်ဟာ ရွေးကောက်ပွဲဥပဒေနဲ့ဆိုင်တယ်ဆိုတာ အတိုင်းအတာတစ်ခုအထိ မှန်ပေမယ့် အဲဒီရွေးကောက်ပွဲကို ကြီးကြပ်တဲ့ ရွေးကောက်ပွဲကော်မရှင်နဲ့ ပိုဆိုင်တာမဟုတ်ဘူးလားဗျ။ ရှင်းပါတယ်။

SS : နည်းနည်းတော့ရှင်းသွားပါပြီ။ ရွေးကောက်ပွဲဥပဒေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေ ဘာကွာလဲဆိုတာလေးလဲ လုပ်ပါဦး။

BS : ဒါကလည်း အရှင်းကြီးပဲဗျ။ ရွေးကောက်ပွဲဥပဒေဆိုတာက ရွေးကောက်ပွဲဝင်ဖို့ ပါတီထောင်တဲ့ကိစ္စတွေ၊ ရွေးကောက်ပွဲဝင်တဲ့ကိစ္စတွေ၊ ရွေးကောက်ပွဲစည်းမျဉ်းစည်းကမ်းတွေကို ဖော်ပြတဲ့ဥပဒေတွေကို ဆိုလိုတာပေါ့ဗျာ။

ပြည်သူ့လွှတ်တော်ဥပဒေဆိုတာက ဒီလွှတ်တော်နှစ်ရပ်ဟာ ဘယ်လောက် အသက်ဝင်မှာလဲ၊ အချိန်ပိုင်းသဘောတရားရှိတဲ့ လွှတ်တော်လား၊ အချိန်ပြည့်သဘောတရားရှိတဲ့ လွှတ်တော်လားဆိုတာတွေကို ထင်ဟပ်တဲ့ဥပဒေဖြစ်တယ်လေဗျ။ ဆိုတော့ ရွေးကောက်ပွဲဥပဒေက လွှတ်တော်မတိုင်မီကိစ္စ၊ ပြည်သူ့လွှတ်တော် ဥပဒေက လွှတ်တော်တွင်းကိစ္စပေါ့ဗျာ။

SS : ဟုတ်ပြီ။ ရွေးကောက်ပွဲဥပဒေက လွှတ်တော်မပေါ်မီကိစ္စဆိုတာကတော့ ရှင်းသွားပြီဗျ။ လွှတ်တော်နှစ်ရပ် ဘယ်လောက်အသက်ဝင်မှာလဲဆိုတာက အခြေခံဥပဒေမှာ ရေးထားပြီးသားမဟုတ်လားဗျ။ ခင်ဗျားပြောတဲ့ အချိန်ပိုင်းတို့၊ အချိန်ပြည့်တို့ဆိုတာက ဘာတွေလဲဗျ။

BS : ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက လွှတ်တော်နှစ်ရပ်ကို နိုင်ငံတကာက လွှတ်တော်များနည်းတူ တာဝန်ကြီး သုံးရပ်ထမ်းဆောင်တဲ့ ကိစ္စကို ဖော်ပြ၊ ခွင့်ပြုထားပါတယ်။

(၁) ဥပဒေများပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊

(၂) ရသုံးမှန်းခြေငွေစာရင်းကို အတည်ပြုခြင်း၊

(၃) အုပ်ချုပ်ရေးအာဏာကျင့်သုံးသည့် အစိုးရအဖွဲ့ကို ကော်မတီအသီးသီး ဖွဲ့စည်း၍ စောင့်ကြည့်ခြင်းဆိုတဲ့ Check and Balance နည်းစနစ်တွေကို ခွင့်ပြုထားပါတယ်။

SS : ဟုတ်ပြီ။ ဟုတ်ပြီ။ ဒါမှသာ အသက်ဝင်တဲ့ လွှတ်တော်ဖြစ်မှာပေါ့။

BS : အဓိကကျတဲ့အချက်ကတော့ အသွင်ကူးပြောင်းရေးမှာ Power Shift နဲ့ Structural Shift နှစ်မျိုးရှိတဲ့အနက် Structural Shift ကို ဦးစားပေးမယ်ဆိုရင် ဒီလွှတ်တော်နှစ်ရပ်ဘယ်လိုအသက်ဝင်သလဲဆိုတာ အသက်တမျှ အရေးပါတယ်လေဗျာ။ အခုပြောပြောနေတဲ့ 'Clean Government' ခေါ်တဲ့ သန့်ရှင်းသောအစိုးရဆိုတာဟာ သူ့ကို Check and Balance လုပ်မယ့် လွှတ်တော်နှစ်ရပ် အသက်ဝင်မှသာလျှင် ဖြစ်နိုင်ခြေရှိပါတယ်။

SS : တကယ်ပါဗျာ။ ခင်ဗျားပြောလိုက်တော့လည်း ဒီအကြောင်း အရာတွေဟာ အင်မတန်ရင်ခုန်ချင်စရာကောင်းတဲ့သဘော ဖြစ်လာတယ်နော်။ ကျေးဇူးတင်ပါတယ်ဗျာ။ ■

The Voice Weekly Vol 5-No.13

# Street Smart နှင့် Book Smart ဆွေးနွေးခန်း

**SS :** **ကိုယ့်လူ အနုတလော ပျောက်လှချေလားဗျ။**

**BS :** ပျောက်ဆို စာတမ်းကလေးတစ်ခုပြုစုနေလို့ပါ။

**SS :** **စာတမ်းဟုတ်လား။ သိခွင့်ရှိရင် သိပါရစေဗျာ။ ဘာစာတမ်းလဲလို့။**

**BS :** ဒီလိုပါ။ အခု အခြေခံဥပဒေသစ်အရ ပြည်နယ်အစိုးရများမှာ ဘာတွေလုပ်ခွင့်ရှိမလဲဆိုတာကို စာတမ်းပြုစုနေတာပါ။ နောင်မှာ သက်ဆိုင်ရာပြည်နယ်အစိုးရများက အသင့်သုံးနိုင်အောင်လို့ပေါ့။

**SS :** **စိတ်ဝင်စားစရာကောင်းလို့လား။ ဒါတွေက အခြေခံဥပဒေမှာ ရေးထားပြီးသားမဟုတ်ဘူးလားဗျ။ စပ်မိလို့ပြောရဦးမယ် ခင်ဗျားတို့ကိုကြည့်ရတာ အခြေခံဥပဒေကို တော်တော်လေးမျှော်လင့်ပုံပဲဗျ။**

**BS :** သေချာတာတစ်ခုကတော့ အခုအခြေခံဥပဒေဟာ Given Situation ဗျ။ ပုစ္ဆာဆိုတာကို ပေးထားချက်အတိုင်း တွက်ဖို့လိုတယ်လေဗျာ။ နောက်တစ်ခုက အခြေခံဥပဒေကို စနစ်တကျ သင်ကြားထားတဲ့ ပညာရှင်အနေနဲ့ ဝါးလုံးရှည်နဲ့သိမ်းပြီးပြောလို့မရဘူးဗျ။ ဒီတော့ ဘယ်နေရာက ကောင်း တယ်၊ ဘယ်နေရာက ဘာလိုတယ်လို့ ခွဲခြမ်းစိတ်ဖြာနိုင်ဖို့လိုပါတယ်။ ဒီအခြေခံဥပဒေ

ဘယ်လောက်အသက်ဝင်မယ်ဆိုတာဟာ စာရွက်ပေါ်မှာ ရေးထားတာထက် အုပ်ချုပ်ရေးအာဏာကျင့်သုံးတဲ့အစိုးရ ဥပဒေပြု အာဏာ ကျင့်သုံးတဲ့ လွှတ်တော်နှစ်ရပ်တို့အပေါ်မှာ အများကြီးမူတည်ပါတယ်။

**SS : ဒါနဲ့နေပါဦး အခြေခံဥပဒေနဲ့ဆိုင်တဲ့ပညာကို ဘယ်ကျောင်းမှာ သင်သလဲဗျ။**

BS : မြန်မာနိုင်ငံမှာ ငှ တက္ကသိုလ်တွေမှာသင်တယ်လို့ ကျွန်တော်တော့မကြားမိဘူးဗျ။ နိုင်ငံတကာတက္ကသိုလ်တွေမှာတော့ ဥပဒေပညာဌာနတွေက ဥပဒေရှုထောင့်က သင်ပြီး နိုင်ငံရေးသိပ္ပံဌာနတွေက နိုင်ငံရေးစနစ် ရှုထောင့်ကနေ သင်တယ်ဗျ။

**SS : ဥပဒေပညာရှင်အားလုံး အခြေခံဥပဒေကို နားလည်မယ်လို့ မဆိုနိုင်ဘူးပေါ့။**

BS : ဒါပေါ့ ဥပဒေပညာတတ်ရုံနဲ့ အခြေခံဥပဒေတတ်မယ်လို့ပြောလို့ မရဘူးဗျ။ ခင်ဗျား Lawer တွေသွားမေးကြည့်ပါလား။

**SS : ကောင်းပါပြီဗျာ။ စောစောကပြောနေတဲ့ ပြည်နယ်တွေရဲ့ကိစ္စဆီကို ဆက်ကြရအောင်။ ဘာကြောင့် ခင်ဗျားတို့က ဒါတွေကို စိတ်ဝင်စားတယ်ဆိုတာလေးလည်း သိပါရစေ။**

BS : ဒါကတော့ ရှင်းပါတယ်ဗျာ။ ခင်ဗျားတို့က စီးပွားရေးသမားကိုးဗျ။ ဒီတော့ ဈေးသွားနဲ့ ဈေးတွက်ကို ခိုးစားတာ အလေ့အထပဲလေဗျာ။ ဆိုပါတော့ ဂျပန်မှာ သိန်း ၂၀ လောက် ကျတဲ့ကားတစ်စီးကို ဒီမှာ သိန်း ၆၀၀ ပေး ဝယ်ရမယ်ဆိုရင် စီးပွားရေးသမားဖြစ်တဲ့ ခင်ဗျားတို့က လုံ့လဝီရိယ အပြည့်အညှိုပြီး သိန်း ၆၀၀ ပြည့်အောင်ရှာမယ်။ အဲဒီကားကိုဝယ်စီးမယ်လို့ ခဲ့ဦးစားလိမ့်မယ်။

**SS : ဟုတ်တယ်လေ။ ဒီနည်းအပြင် ဘာနည်းရှိသေးလို့လဲဗျ။**

BS : နည်းရှိသေးတယ်။ ဥပမာအားဖြင့်ပြောရရင် အခုလာမယ့် လွှတ်တော် နှစ်ရပ်မှာ အဲဒီလို ပြည်သူ့ရေးရာဝန်ဆောင်မှု သို့မဟုတ် ကုန်လုပ်စွမ်းအားစု တွေကို နိုင်ငံသားအားလုံး ဥပဒေနဲ့အညီ ရယူသုံးစွဲခွင့်ကို ပြဋ္ဌာန်းလို့ရတယ် လေဗျာ။ ကျွန်တော်တို့ ပညာရှင်တွေက ကျွန်တော်တို့ရဲ့ လုံ့လဝီရိယကို သိန်း ၆၀၀ ရအောင်ရှာတဲ့နေရာမှာ မသုံးဘဲ အဲဒီလိုကိစ္စကို ဥပဒေနဲ့အညီ လမ်းဖွင့်သွားပြီး

သိန်း ၃၀ နဲ့ဝယ်လို့ရအောင် နည်းလမ်းရှာပေးတဲ့နေရာမှာ သုံးတယ်။ ခင်ဗျားတို့က ၆၀၀ ရအောင်လုပ်တယ်၊ ကျွန်တော်တို့က ၃၀ ဖြစ်သွားအောင်လုပ်တယ်ပေါ့ဗျာ။

**SS :** **ဟုတ်ပါပြီ။ စောစောကကိစ္စ ဆက်ပါဦး။ ပြည်နယ်တွေကိစ္စ ဆက်ပါဦး။ ဒါတွေဟာ အခြေခံဥပဒေထဲမှာရေးထားတာမဟုတ်ဘူးလား။ ဘာဆန်းလို့လဲ။ ဘာတွေစိတ်ဝင်စားစရာရှိလို့လဲ။**

**BS :** ဘာတွေစိတ်ဝင်စားစရာရှိလို့လဲဆိုတာ ပြောရရင်တော့ နောက်ကျကျန်နေတဲ့ ပြည်နယ်တွေ အခြေခံဥပဒေသင်အရ ဘယ်လိုဖွံ့ဖြိုးလာနိုင်မလဲဆိုတာ ရှာဖွေကြည့်တဲ့သဘောပါ။ အခြေခံဥပဒေမှာရေးထားတယ်ဆိုပေမယ့် ဒါတွေ ကို လက်တွေ့လုပ်ဆောင်တဲ့အပိုင်းက တန်းသုံးနိုင်အောင် **Simplify** လုပ်ပေးဖို့လိုပါသေးတယ်။

**SS :** **ဟုတ်ပါပြီဗျာ။ ခင်ဗျားတို့ရှာကြည့်တော့ ဘာတွေလုပ်လို့ ရမယ်လို့ ထင်သလဲ။**

**BS :** လုပ်နိုင်တာတွေရှိပါတယ်။ သက်ဆိုင်ရာအစိုးရအဖွဲ့ ထက်မြက်ခဲ့ရင်ပေါ့။ ဥပမာအားဖြင့် ပြောရရင် ပြည်နယ်ရဲ့ လျှပ်စစ်ဓာတ်အားကိစ္စလိုဟာမျိုးတွေ ပြေလည်သွားလိမ့်မယ်။

**SS :** **ဟုတ်လား။ ဒါတော့ စိတ်ဝင်စားစရာပဲဗျ။**

**BS :** ဓာတ်မဟာလိုင်းထဲကိုမထည့်တဲ့ ပြည်နယ်အတွင်းထုတ်လုပ်တဲ့ဓာတ်အားကို ပြည်နယ်အစိုးရက စီမံခန့်ခွဲခွင့်ရှိတယ်ဗျ။ အိမ်နီးချင်းနိုင်ငံက ဝယ်ယူတာမျိုးလည်း လုပ်လို့ရပါလိမ့်မယ်။

**SS :** **နောက်ပြီးတော့ကောဗျ။**

**BS :** မြို့ရွာနဲ့အိုးအိမ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်နိုင်ပါလိမ့်မယ်။ မြို့ကွက်ချဲ့တာမျိုးတော့ လုပ်ခွင့်မရှိဘူး။ အခြေခံလူတန်းစားတွေရဲ့ Credit အလို့ငှာ Microfinance လိုဟာမျိုးလုပ်လို့ရပါလိမ့်မယ်။ စိုက်ပျိုးရေးလုပ်ငန်းများနဲ့ ပတ်သက်လို့ လိုအပ်တဲ့သွင်းအားစုတွေ ပေးသွင်းတာတွေ အားလုံးလုပ်နိုင်ပါလိမ့်မယ်။

**SS :** **ခရီးသွားလုပ်ငန်းနဲ့ပတ်သက်တဲ့ ဟိုတယ်တွေ၊ တည်းခိုရိပ်သာတွေကော။**

**BS :** ဒါတွေကို ပြည်ထောင်စုရဲ့ဥပဒေပြုစာရင်းမှာ ထည့်ထားတယ်ဗျ။ အခုက





ကတော့ဗျာ ပြည်နယ်ဥပဒေပြုစာရင်းမှာထည့်မထားရင် ဥပဒေပြုခွင့်မရှိသလို အုပ်ချုပ်ရေးအာဏာလည်းမရှိဘူး။ ပြည်နယ်အစိုးရရဲ့ အုပ်ချုပ်ရေးအာဏာဟာ ပြည်နယ်လွှတ်တော်က ဥပဒေပြုခွင့်ရှိတဲ့ စာရင်းအတိုင်း ဖြစ်ရမယ်လို့ ဆိုထားတာဗျ။ တည်းခိုခန်းလောက်ကို မရပေမယ့် Resort လို့ခေါ်တဲ့ အပန်းဖြေစခန်းဖြစ်သွားရင်တော့ ပြည်နယ်ရဲ့လုပ်ပိုင်ခွင့် ဖြစ်လိမ့်မယ်။

**SS :** **ဒီလိုဆိုရင် အင်းလေးကန်အတွင်းမှာ Resort အသစ်ထူထောင်တာမျိုးကို ပြည်နယ်အစိုးရခွင့်ပြုချက်ပေးနိုင်တော့မယ်ပေါ့။**

**BS :** ယေဘုယျပြောရင်တော့ဟုတ်ပါတယ်။ ဒါပေမဲ့ Resort ကို အပန်းဖြေစခန်းလို့ကောက်ယူမယ်၊ မယူဘူးဆိုတာကတော့ အခြေခံဥပဒေတရားရုံးလိုဟာမျိုးက ဆုံးဖြတ်ရမယ့်အပိုင်း ဖြစ်တယ်လေဗျာ။

**SS :** **စိတ်ဝင်စားစရာကောင်းသွားပဲဗျနော်။ ကပ်ကပ်သပ်သပ် စဉ်းစားရတာလေးတွေ။ ဒါနဲ့နေပါဦး။ အဲဒီပြည်နယ်အစိုးရတွေရဲ့ ဝန်ကြီးချုပ်အဖြစ် အခြေခံဥပဒေသစ်က ဘယ်လိုပြဋ္ဌာန်းထားသလဲဗျ။ ပြည်နယ်သားဖြစ်ရမယ်လို့ ကန့်သတ်ထားတာမျိုးရှိသလား။**

**BS :** ခင်ဗျားပြောသလို ကန့်သတ်တာတော့မရှိပါဘူး။ ဒါပေမဲ့ ပြည်နယ်ဝန်ကြီးချုပ်လောင်းကို နိုင်ငံတော်သမ္မတပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထဲမှ တစ်ဦးကိုရွေးချယ်အဆိုပြုပြီး ပြည်နယ်လွှတ်တော်ကအတည်ပြုပေးရမယ်လို့ဆိုတယ်။ Elected လား၊ Appointed လားဆိုတာတော့ မရေးထားတဲ့အတွက် နှစ်မျိုးစလုံးထဲက ဖြစ်နိုင်တယ်လို့ အဓိပ္ပာယ်ကောက်ယူရပါမယ်။ ■

**The Voice Weekly Vol 5-No.18**

# Street Smart နှင့် Book Smart ဆွေးနွေးခန်း



SS : ပြီးခဲ့တဲ့အပတ်က The Voice Weekly ထဲမှာ မျိုးဆက်သစ်နိုင်ငံရေး သမားရှားတယ်လို့ ရေးထားတဲ့ဆောင်းပါးဖတ်မိလား။ အဲဒါဘယ်လို သဘောရသလဲ။ အဲဒီကိစ္စ ဘယ်လိုလုပ်ကြမလဲ။ တကယ်ဆို ခင်ဗျား တို့လိုလူတွေ ရွေးကောက်ပွဲဝင်ရမှာဗျ။

BS : ဖတ်မိပါတယ်။ အဲဒါအမှန်ပဲဗျ။ ဒါပေမဲ့ အဲဒီမျိုးဆက်သစ် နိုင်ငံရေး သမားကိစ္စကို မပြောခင် ကျွန်တော့်ကိုရွေးကောက်ပွဲဝင်ခိုင်းတဲ့ကိစ္စကို

အရိုင်းရှင်းပါရစေ။ ရွေးကောက်ပွဲတွေနဲ့ပတ်သက်ပြီး ပြောရရင် ရင့်ကျက်တဲ့လူ့အဖွဲ့အစည်းရဲ့ ရွေးကောက်ပွဲတွေဟာ PERSONAL BASE ထက် ISSUE BASE ရွေးကောက်ပွဲဖြစ်တယ်ဆိုတာ ပြောချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဆီမှာက PERSONAL BASE သဘောဖြစ်ဖို့များတဲ့ အတွက် ဒီကိစ္စကို သိနားလည်တဲ့ ကျွန်တော်တို့လို လူတွေက ပညာပေးတဲ့ အလုပ်ကို လုပ်ကြရလိမ့်မယ်။ တစ်ဖက်က အဲဒီလိုလုပ်ပြီး တစ်ဖက်က ရွေးကောက်ပွဲ သွားဝင်ရင် ဒီလူ သူတို့ကောင်းကျိုးကိုယ်ကျိုးအတွက် ပြောနေတာပဲဆိုပြီး ဘယ်သူမှ နားထောင်မှာမဟုတ်တော့ဘူးဗျ။ ဒီတော့ ကျွန်တော်တို့အနေနဲ့ တစ်ခုခုကို ရွေးရတဲ့သဘောပါပဲ။

**SS : နားလည်ပြီ။ ဒါတော့ ကျွန်တော်လက်ခံပြီ၊ မျိုးဆက်သစ်ကိစ္စ ဘယ်လိုရှင်းကြမလဲဗျ။**

**BS :** လာမယ့်ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ခင်ဗျားတို့ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လက်ခံရမယ့်အကြောင်းအရာ သုံးခုရှိပါတယ်။ ဒီကိစ္စတွေကို လူကြိုက်များဖို့အရေးကြီးတဲ့မီဒီယာများ၊ လူထုခေါင်းဆောင်များက ပြောကြမှာမဟုတ်တဲ့အတွက် ကျွန်တော်ကပဲ ဒီနေရာက အမုန်းခံပြီး ပြောလိုက်ပါမယ်။

**SS : ခင်ဗျားကလည်း ပြောမယ့်ဥစ္စာမပြောဘဲ နိဒါန်းရှည်နေရပြန်ပြီ။**

**BS :** မဟုတ်ပါဘူးဗျ။ ဒီကိစ္စကို ကျွန်တော့်နေရာမှာ ခင်ဗျားဆိုရင် မပြောဘဲ နေနေမှာ။ အမုန်းခံနိုင်တဲ့ လူကပြောသည့်တိုင် လူအများစုကလည်း လက်ခံမှာမဟုတ်ဘူးဗျ။ ရွေးကောက်ပွဲပြီးသွားလို့ နဖူးတွေ့ဒူးတွေ့ ကြုံရတဲ့အချိန်ကျတော့မှ သဘောပေါက်ကြမှာ။ ဒါတောင် အဲဒီအချိန် ကျရင် ဟိုလူ သတိပေးခဲ့သားပဲဆိုတာကိုလည်း ပြောကြမှာမဟုတ်ဘူး။

**SS : အေးဗျာ ခင်ဗျားပြောတော့မှ ပိုပြီးသိချင်နေပြီ။ ဘယ်လိုအမှန်တရားတွေလဲ သိပါရစေဗျာ။**

**BS :** နံပါတ်(၁)ကတော့ စောစောက ခင်ဗျားပြောတဲ့မျိုးဆက်သစ် နိုင်ငံရေးသမားမရှိဘူးဆိုတဲ့ကိစ္စပါ။ အရေအတွက်သက်သက်ဆိုရင်တော့ အများကြီးရှိမှာပါ။ အရေအတွက်ရော၊ အရည်အချင်းရော နှစ်ခုစလုံးသဘော စဉ်းစားရင်တော့ မရှိဘူးလို့ ပြောရမယ်။

**SS : ဒါ ကျွန်တော်လက်ခံပါတယ်။**

**BS** : နံပါတ်(၂)ကတော့ ကျွန်တော်တို့ကာစ်တွေရဲ့ စီးပွားရေးအခြေအနေ၊ လူလတ်တန်းစားအခြေအနေက နိုင်ငံရေးပါတီများ ဖွဲ့စည်းထူထောင်ဖို့၊ တည်ထောင်သူများကို ထောက်ပံ့ဖို့ အဆင်သင့်မဖြစ်ဘူး။

**SS** : **ခင်ဗျားဆိုလိုတာ နိုင်ငံရေးပါတီတွေမပေါ်နိုင်ဘူးလို့ ဆိုလိုတာလား။ ကျွန်တော်တော့ ခင်ဗျားပြောသလို မယူဆဘူးဗျ။**

**BS** : အရေးအတွက်သက်သက်ကို မဆိုလိုဘူးနော်။ တစ်နိုင်ငံလုံးကို စည်းရုံးဆော်ဩနိုင်တဲ့ ပါတီမျိုးတွေပေါ်ပေါက်ဖို့ အခြေအနေမရှိဘူးလို့ ဆိုလို တာပါ။

**SS** : **ဒါတော့ ဖြစ်နိုင်ပါတယ်။ ဒီတော့ တပ်မပေါင်းစုရဲ့ကြပေါ့ဗျာ။**

**BS** : နောက်တစ်ခုရှိသေးတယ်ဗျ။ ဒီကိစ္စက ပိုအရေးကြီးတယ်ဗျ။ ဒါက လက်ရှိအစိုးရ စိတ်ပူနိုင်တဲ့ကိစ္စတွေနဲ့သက်ဆိုင်တယ်။ အသွင်ကူးပြောင်းရေး စနစ်တကျဖြစ်ပေါ်စေဖို့အတွက် တပ်မတော်အနေနဲ့ သူတို့စိတ်ပူတာတွေမဖြစ်ဘူးဆိုတာ စိတ်ချသေချာဖို့လိုတယ်ဗျ။ တစ်နည်းအားဖြင့် တပ်မတော်အနေနဲ့ သူတို့လက်နဲ့ရေးထားတာတွေကို ခြေနဲ့ဖျက်မယ်လို့ ထင်တဲ့လူတွေတက်လာနေတာကို မြင်လိုမှာမဟုတ်ဘူးဗျ။

**SS** : **ဒီတော့ ရွေးကောက်ပွဲကို အရှုံးပေးလိုက်ပါလို့ ခင်ဗျား ဆိုလိုချင်တာလား။**

**BS** : ဒီကိစ္စကို ရှုံးတယ်နိုင်တယ် စဉ်းစားရမယ့်ပွဲအဖြစ် မစဉ်းစားဘဲ တပ်မတော်နဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းအကြား Trust တည်ဆောက်တဲ့ပွဲလို့ စဉ်းစားရင် အဓိပ္ပာယ်တစ်မျိုးထွက်ပါတယ်။ အနည်းဆုံးတော့ဗျာ Artificial Trust တစ်ခုတော့ ဆောက်နိုင်ဖို့လိုပါတယ်။

**SS** : **ခင်ဗျားပြောသလို တစ်ဝက်အောက်သာဝင်ပြိုင် အရှုံးပေးပြီး Artificial Trust ဆောက်လိုက်ရင် ဘာကောင်းကျိုးရှာမှာရှိလို့လဲဗျ။**

**BS** : အနည်းဆုံးတော့ဗျာ တပ်မတော်အနေနဲ့ အဲဒီလိုသဘောထားကြီးသူကို သဘောထားကြီးကြီးနဲ့ တုံ့ပြန်မှာပေါ့ဗျာ။ ကျွန်တော်တို့အနေနဲ့ အားကောင်းတဲ့ Opposition ရမယ်။ စနစ်ကျနတဲ့ Check and Balance Political Process ကို စတင်နိုင်မယ်။ နိုင်ငံရေးအကျပ်အတည်းအားလုံး လည်းလွတ်မြောက်လာပြီး သားရွှေအိုးထမ်းလာတဲ့ကိန်း ဆိုက်နိုင်ပါ တယ်ဗျာ။

**SS** : **အဲဒီလိုဖြစ်လိမ့်မယ်လို့ ခင်ဗျားအာမခံနိုင်လို့လားဗျာ။**

**BS** : ခင်ဗျားကလည်းဗျာ သေချာမှလုပ်မယ်ဆိုရင် ဒီနေ့လေယာဉ်ပျံဆိုတာ မိုးပေါ်ပျံနေမှာ မဟုတ်ဘူးဗျ။

**SS** : **ဟုတ်ပါပြီဗျာ။ ခင်ဗျားပြောတာနားထောင်လို့ကောင်းပေမယ့် ရွေးကောက်ပွဲဆိုတာ ကျွန်တော်တို့အတွက် ဘာမှအဓိပ္ပာယ်မရှိတော့ဘူးဖြစ်သွားမှာပေါ့ဗျ။**

**BS** : ဒီလိုလည်းမဟုတ်ပါဘူးဗျာ။ နောက်ထပ်လွှတ်တော်ပေါ်မှာ အတိုက်အခံအနေနဲ့ တစ်နိုင်ငံလုံးကိုစည်းရုံးနိုင်တဲ့ပါတီကြီးတွေက တစ်လျှောက်လုံး Check and Balance လုပ်ဖို့တွေရှိပါသေးတယ်။

**SS** : **ဒါလောက်ပဲလားဗျာ။**

**BS** : အရေးကြီးတာတစ်ခုရှိပါသေးတယ်။ အဲဒါကတော့ ပြည်နယ်/တိုင်း ဒေသကြီး အစိုးရများနဲ့ပတ်သက်တယ်။ ဒီကိစ္စဟာ အရေးကြီးပါတယ်။

**SS** : **အေးဗျ။ ကျုပ်ကလည်း ပြည်နယ်တွေကိစ္စမေးတော့မလို့ဗျ။**

**BS** : ခင်ဗျားပြောတဲ့ The Voice Weekly မှာပါတဲ့ ခေါင်းကြီး ဖတ်ကြည့်ပြီးပြီလား။ အခုဖွဲ့စည်းပုံဟာ ပြည်ထောင်စုစနစ်ကို ကျင့်သုံးထားတာဖြစ်တဲ့အတွက် ပြည်နယ်နဲ့တိုင်းဒေသကြီးများဆီကို အခြေခံဥပဒေအရ လွှဲပြောင်းပေးတဲ့ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတွေရှိပါတယ်။ ဒါတွေကိုစနစ်တကျ အခွင့်အရေးတစ်ရပ်သဖွယ် အသုံးချနိုင်ဖို့ လိုပါတယ်။

**SS** : **ပြောပါဦးဗျ။ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေကို ဘာတွေ လုပ်ပိုင်ခွင့်ပေးထားသလဲ။**

**BS** : အဲဒါတွေကတော့ အချိန်တော်တော်ယူပြီးစာသင်သလိုသင်မှရမယ်။

**SS** : **အေးဗျ။ ကျွန်တော်ကြားတယ် ခင်ဗျားတို့ အခြေခံဥပဒေ သင်နေတယ်ဆိုတာ။ ဘာတွေသင်တာလဲဗျ။**

**BS** : အဓိကတော့ ရေးသားထားတဲ့အခြေခံဥပဒေတွေကို နားလည် အဓိပ္ပာယ်ကောက်ယူနိုင်အောင် သီအိုရီအခြေခံကို သင်တဲ့သဘောပါ။ အဲဒါလေးသိသွားရင် ဘယ်အခြေခံဥပဒေဖြစ်ဖြစ် ဖတ်ကြည့်လိုက်ရင် အလွယ်တကူနားလည်သွားနိုင်တာပေါ့။ အခုလောလောဆယ်ခင်ဗျားကို အတိုချုပ်ပြီးပြောရရင် အခြေခံဥပဒေအသစ်အရ ပြည်နယ်များနဲ့ တိုင်းဒေသကြီးအစိုးရ

တွေဟာ အငယ်စားနဲ့ အလတ်စားလုပ်ငန်းတွေ တိုးတက်ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းလိုင်စင်၊ လျှပ်စစ်ဓာတ်အား၊ မြို့ရွာ ဖွံ့ဖြိုးရေး၊ လုပ်ငန်းချေးငွေတွေ စတာတွေ အကောင်အထည်ဖော်နိုင်ပါလိမ့်မယ်။ အထူးသဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် လုပ်ပိုင်ခွင့်ရှိပါလိမ့်မယ်။

**SS : ဟုတ်ရဲ့လားဗျာ။ ဒီလိုဆိုရင် ပြည်နယ်များနဲ့ တိုင်းဒေသကြီး အစိုးရများကိစ္စ အရေးကြီးတာပေါ့။**

BS : ကျွန်တော်ပြောချင်တာက အခုမှစမှာဗျ။ ပြည်ထောင်စုအဆင့်မှာ တပ်မတော်ကို သူတို့စိုးရိမ်တာတွေမဖြစ်ပါဘူးဆိုတာ ယုံကြည်မှုရှိသွားအောင် လုပ်ပေးပြီး ပထမသက်တမ်းမှာ ပြည်နယ်နဲ့ တိုင်းဒေသကြီး အစိုးရအဆင့်ကစပြီး ပြင်သင့်တာတွေ ပြင်နိုင်အောင် ကြိုးစားကြတာ အကောင်းဆုံးအခြေဖြစ်တယ်လို့ ပြောချင်တာပါ။

**SS : ပြည်နယ်အစိုးရနဲ့ ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲတွေက ပိုပြီးအရေးကြီးတယ်လို့ ဆိုလိုချင်တာလားဗျ။**

BS : အစစ်ပေါ့။ ဒါပေမဲ့ ပြည်နယ်အစိုးရရွေးကောက်ပွဲဆိုတာတော့မရှိပါဘူး။ ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဆိုတာရှိတယ်။ တစ်မြို့နယ်ကို ကိုယ်စားလှယ် နှစ်ယောက်ရွေးချယ်တင်မြှောက်ပေးကြရမယ်။

**SS : ဒါဆို မြို့နယ်နည်းတဲ့ပြည်နယ်ကလေးတွေရဲ့ လွှတ်တော်တွေက သေးသေးလေးပေါ့။**

BS : ဟုတ်ပါတယ်။ အဲဒီလွှတ်တော်သေးသေးလေးတွေကို ဒေသခံတွေက ပါတီကြီးတွေကစေလွှတ်တဲ့ သူစိမ်းတွေ၊ မိုးကျရွှေကိုယ်တွေ အဝင်မခံဘဲ ဒေသအကျိုးကိုသယ်ပိုးမယ့် ဒေသခံ မြို့မိမြို့ဖတွေထဲက ဝင်ရောက် ယှဉ်ပြိုင် ရွေးချယ်တင်မြှောက်ကြဖို့ပြောချင်တာပါ။ အဲဒီလို လွှတ်တော်တွေမှာ မြို့နယ်အသီးသီးက ချစ်ခင်လေးစားတဲ့ဒေသခံခေါင်းဆောင်တွေ အမြဲ အနေဖြစ်သွားရင် ကိုယ့်ဒေသကို အခြေခံဥပဒေက ပေးထားတဲ့ လုပ်ပိုင်ခွင့် တွေ ကျင့်သုံးပြီး ဝိုင်းဝန်းတည်ဆောက်တဲ့အခါမှ ဖြစ်နိုင်မှာပါပြီ။

**SS : စိတ်ဝင်စားစရာကောင်းသွားပြီဗျ။ ဒါနဲ့ နောက်ဦးဆုံး ပြည်နယ်ဝန်ကြီးချုပ် က အရေးကြီးတယ်လေဗျာ။ သူနဲ့အစိုးရကို ရွေးကောက်ပွဲမရှိဘူး ဆိုရင် ဘယ်လိုရွေးချယ်မလဲဗျ။**

BS : ဒီနေရာမှာတော့ ပါလီမန်စနစ်ရဲ့သဘောတရားကို ကျင့်သုံးထားတယ်လို့ ပြောနိုင်ပါတယ်။ ပြည်နယ်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ကို တစ်မြို့နယ်ကို နှစ်ယောက် ရွေးချယ်တင်မြှောက်ထားတဲ့ ကိုယ်စားလှယ်တွေနဲ့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တာဝန်ပေးတဲ့ ကိုယ်စားလှယ်တွေပါဝင်တဲ့ လွှတ်တော်ထဲကတစ်ဦးကို သမ္မတက အဆိုပြုခန့်အပ်မယ်။ ပြည်နယ် လွှတ်တော်က အတည်ပြုပေးရမယ်။

SS : **ခင်ဗျားပြောသလိုဆိုရင် ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် နိုင်ငံတော်သမ္မတက အမည်စာရင်းတင်သွင်းခန့်အပ်မှာဖြစ်တဲ့အတွက် မြို့နယ်အသီးသီးက ချစ်ခင်လေးစားသူ ၁၀၀ ရာနိုင်နှုန်းပါတဲ့ လွှတ်တော်ဖြစ်ခဲ့ရင်တောင် ဒီထဲမှာ နိုင်ငံတော်သမ္မတက ချစ်ခင်လေးစားယုံကြည်မှုရှိတဲ့ ဒေသခံကိုယ်စားလှယ်တစ်ဦးရွေးချယ်တင်မြှောက်ခံရပြီး ပြည်နယ်/တိုင်း လွှတ်တော်ထဲရောက်နေဖို့ လိုဦးမှာပေါ့။**

BS : မှန်လိုက်လေဗျာ။ ခင်ဗျားနိုင်ငံရေးသမား လုပ်လို့ရပြီ။ ရွေးကောက်ပွဲ ဝင်ပါလားဗျား။

SS : **ဒါနဲ့စကားမစပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ တပ်မတော်နေ့ မိန့်ခွန်း ဖတ်ပြီးပြီလားဗျ။**

BS : ဖတ်ပြီးပြီဗျ။ ကျုပ်လည်းအဲဒါပြောမလို့ဗျ။ ရင့်ကျက်တဲ့နိုင်ငံရေး လုပ်သူများကို တပ်မတော်အနေနဲ့စောင့်ရှောက်သွားမယ်ဆိုတဲ့ စကားတစ်ခွန်းက ကျွန်တော်တို့လူ့အဖွဲ့အစည်းထဲက နိုင်ငံရေးနဲ့ ပတ်သက်မယ့်လူများ အတွက် အာမခံချက်တစ်ခုဖြစ်ပါတယ်။

SS : **ဟုတ်တယ်ဗျ။ ကျုပ်လည်းအဲဒါလေးသတိထားမိလို့ ခင်ဗျားဘယ်လို သဘောရသလဲလို့ မေးတော့မလို့။**

BS : ဟုတ်တယ်ဗျ။ ဒီစကားဟာ ကျုပ်တို့လို နိုင်ငံရေးနဲ့ပတ်သက်တဲ့လူတွေ အတွက် တော်တော်လေး စိတ်အေးသွားစေတယ်လို့ ပြောရမယ်။ အာဏာ ပိုင်အဖွဲ့အစည်းတွေအနေနဲ့ အဲဒီအတိုင်းလိုက်နာကျင့် သုံးကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

SS : **မရှင်းလို့တစ်ခုမေးပါရစေ။ ခင်ဗျားတို့ ပါတီ နိုင်ငံရေးမလုပ်ပါဘူး လို့ လူသိရှင်ကြားပြောထားတယ်မဟုတ်ဘူးလား။ အခု ဘယ်လို နိုင်ငံရေးနဲ့ ပတ်သက်သွားရပြန်တာလဲ။**

**BS :** ဒီလိုပါ။ ပါတီနိုင်ငံရေးလုပ်မယ်လို့ဆိုလိုတာမဟုတ်ပါဘူး။ ကျွန်တော်တို့က အမျိုးသားနိုင်ငံရေးကိုလုပ်တာလေဗျာ။ အရင်တုန်းကဆိုရင် ဒါလည်း အန္တရာယ်မကင်းတဲ့အလုပ်လို့သဘောထားပြီး လုပ်ကြရတာဗျ။ ကျွန်တော်တို့ တကယ်လုပ်တာက Capacity Building လုပ်တာပါ။ တိတိကျကျ ပြောရရင် နိုင်ငံတည်ဆောက်ရေးနဲ့ပတ်သက်တဲ့ ဘာသာရပ်တွေကို သိအောင် သဘောသင်နေတာဗျ။

**SS :** **သဘောပေါက်ပြီဗျ။ အဲဒါလည်းနိုင်ငံရေးလို့ပြောချင် ပြောလို့ ရနေတာကိုး။ အမျိုးသားနိုင်ငံရေး ဖြစ်နေသေးတာကိုး။**

**BS :** အရင်တုန်းကတော့ နိုင်ငံရေးသိပ္ပံ၊ လူမှုသိပ္ပံ၊ အခြေခံဥပဒေ စတဲ့ဘာသာရပ်တွေနဲ့ ဘွဲ့လွန်ပညာသင်ချင်တဲ့ကျောင်းသားတွေပဲ ကျွန်တော်တို့ရဲ့ သင်တန်းတွေကို လာတက်တယ်။ အခုကျတော့ ခေတ်ပြောင်းသွားနေတော့ နိုင်ငံရေးလုပ်ချင်တဲ့လူတွေလည်း လာတက်ချင်နေကြတာဗျ။

**SS :** **ကောင်းတာပေါ့ဗျ။ ဗိုလ်ချုပ်မှူးကြီးပြောတဲ့ ရင့်ကျက်တဲ့ နိုင်ငံရေး ကျယ်ပြန့်လာအောင် လုပ်ပေးတဲ့သဘောပေါ့။**

**BS :** ဒါပေမဲ့ ဒီမိန့်ခွန်းမတိုင်ခင်ကဆိုရင် ကျွန်တော်တို့က အဲဒီပါတီနိုင်ငံရေးနဲ့ ပတ်သက်မယ့်သူတွေကို လက်မခံခဲ့ဘူးဗျ။ အထင်လွဲမှာစိုးလို့။

**SS :** **ဒါကတော့ ခင်ဗျားတို့အကြောက်လွန်တာပါ။ အခုကျတော့ရော။**

**BS :** အခုချိန်မှာတော့ အဲဒီမိန့်ခွန်းဖတ်ပြီးတဲ့အခါ တော်တော်လေးအားရှိပါတယ်။ အစိုးရက စောင့်ရှောက်မယ်လို့ပြောထားတဲ့သူများကို ကျွန်တော် တို့က Capacity Building လုပ်ပေးတာပဲလေ။

**SS :** **ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားက ဘယ်လိုဘာသာပြန်မယ်လို့ထင်သလဲဗျ။**

**BS :** မြန်မာလိုပြောထားတဲ့မိန့်ခွန်းပဲဗျာ။ ပြောထားတဲ့အတိုင်းလိုက်နာလမ်းညွှန် အဖြစ် လိုက်နာကျင့်သုံးကြရုံပဲပေါ့ဗျာ။ ကျွန်ုပ်တို့ သတင်းစာတွေက ဒီကတိစကားကို အမြဲ Highlight လုပ်ပေးသွားရင်တော့ လိုက်မိမယ်ဗျ။

**SS :** **ဟုတ်တယ်ဗျို့။** ■

The Voice Weekly Vol 5-No.24

## နိုင်ငံရေးနှင့် နိုင်ငံအရေး

## Street Smart နှင့် အယ်ဒီတာဆွေးနွေးခန်း

**SS :** အယ်ဒီတာမင်းရေ ခင်ဗျားတို့ဂျာနယ် နိုင်ငံရေးဂျာနယ် တစ်စောင် အဖြစ် အောင်မြင်လာတာလေး ဝမ်းသာကြောင်း ပြောပါရစေဗျာ။ ဒါပေမဲ့ ခင်ဗျားတို့ဟာ လက်ရှိအာဏာရအစိုးရရဲ့ Sales Promoters များ ဖြစ်နေတယ်လို့ မထင်ဘူးလားဗျာ။

**ED :** စာဖတ်သူတချို့ကလည်း ဒီအတိုင်းမေးကြပါတယ်။ ဒီ Game မှာ Us နဲ့ Them နှစ်ဦးထဲရှိရင်တော့ ခင်ဗျားတို့ထင်တာ မှန်နိုင်တာပေါ့။ ခင်ဗျားတို့သဘောထားနဲ့မတိုက်ရင် Them ထဲ ထည့်ရတော့မှာကိုး။ ဒါပေမဲ့ နိုင်ငံရေးဆိုတာ အများကြီးကျယ်ပြန့်ပါတယ်ဗျာ။ Sales Promoters လို့ ပြောရအောင် အာဏာရအစိုးရကလည်း သူ့ရဲ့ရည်ရွယ်ချက်၊ လိုလားချက်၊ စီမံချက်တွေကို Promotion လုပ်နေတာမဟုတ်ပါဘူး။ ဒါတွေဟာ အာဏာရ ပါတီအပါအဝင် ရွေးကောက်ပွဲဝင်မယ့်ပါတီတွေက ဖုံးဖိထားရမယ့်အရာ တွေပဲဗျ။ အဲဒါသိချင်လို့ Watergate တောင်ဖြစ်ခဲ့ရတာလေဗျာ။ အခု လောလောဆယ်မှာ Promote လုပ်နေတာ အခြေခံဥပဒေပါ။ ကျွန်တော် တို့က အာဏာရပါတီရဲ့ရည်ရွယ်ချက်၊ လိုလားချက်၊ စီမံချက်တွေကို တခြား Player တွေ သိအောင် ပြောပြနေတာသာဖြစ်ပါတယ်။

**SS :** **ကျွန်တော်က ခင်ဗျားတို့ပြောပြောနေတဲ့ အဖြူအမည်းထဲက ထွက်နိုင်အောင် ကြိုးစားနေတဲ့လူတစ်ဦးလို့ ပြောချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ပြောတဲ့ထဲမှာ ပုဂ္ဂိုလ်ရေး မပါပါဘူး။ သိချင်လို့ မေးမိတာပါ။**

**ED :** ဒီလိုရှိတယ်ဗျ။ ဒီကနေ့ နိုင်ငံရေးအခြေအနေကို စိတ်ဝင်တစား စောင့်ကြည့်လာတဲ့သူများလာတာမှန်ပေမယ့် တော်တော်များများရဲ့ ရှုထောင့်က ရေတိုသဘောဆောင်တယ်။ သဘောကတော့ဗျာ ခင်ဗျား ကြည့်နေတဲ့ ရှုထောင့်က နိုင်ငံရေးလား၊ နိုင်ငံအရေးလားဆိုတာပဲဗျ။

**SS :** **နိုင်ငံရေးနဲ့ နိုင်ငံအရေး ဘာကွာလို့လဲဗျ။ နိုင်ငံအရေးကို လုပ်ရင် နိုင်ငံရေးဖြစ်သွားတာ မဟုတ်ဘူးလားဗျ။**

**ED :** မတူဘူးဗျ။ နိုင်ငံရေးရှုထောင့်ကကြည့်တဲ့အခါကျတော့ ကိုယ်လိုလားတဲ့ဘက်က ဘာတွေရတယ်၊ မလိုလားတဲ့ဘက်က ဘာတွေရတယ်ဆိုတာတွေ ပါလာတတ်တယ်။ နိုင်ငံအရေးရှုထောင့်ကကြည့်ရင် အဲဒါတွေမပါတော့တဲ့အတွက် ဘာတွေဖြစ်နိုင်ခြေရှိသွားပြီး (Possible) ဘာတွေဖြစ်နိုင်ခြေမရှိဘူးဆိုတာကိုပဲ ကြည့်ရတော့မယ်။ ဥပမာဆိုပါတော့ဗျာ။ နိုင်ငံရေးအရ တက်ကြွတဲ့တိုင်းရင်းသားတစ်ဦးကပြောမယ်။ ဒီအခြေခံဥပဒေအရ ကျွန်တော်တို့ခေါင်းဆောင် ဘယ်သူဘယ်ဝါ ပြည်နယ်ဝန်ကြီးချုပ်ဖြစ်ဖို့ကိစ္စက နိုင်ငံတော်သမ္မတအပေါ်မှာ လုံးလုံးမူတည်နေတယ်။ ပြည်နယ်လွှတ်တော်ပေါ်မှာ မဲအများဆုံးရရုံနဲ့ မဖြစ်နိုင်ဘူးလို့ပြောမယ်။ သူပြောတာ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့ကြည့်ရင် အခု Rule of the Game မှာ ဘာတွေဖြစ်နိုင်တယ်၊ ဘာတွေမဖြစ်နိုင်ဘူးဆိုတာ ကြည့်တာဖြစ်တဲ့ အတွက် မြင်ပုံတစ်မျိုးဖြစ်သွားတယ်။ အခု ဥပမာကိုကြည့်ရင် ပြည်နယ် ဝန်ကြီးချုပ်ကို ပြည်နယ်လွှတ်တော် စိတ်ကြိုက်မရနိုင်သော်လည်း သူ့ရဲ့ အုပ်ချုပ်မှုအာဏာကို ဥပဒေပြုအာဏာနဲ့ ကန့်သတ်လို့ရတယ်ဆိုတာ တွေ့နေတယ်။

**SS :** **ခင်ဗျားပြောတော့လည်း ဟုတ်သလိုလိုပဲဗျ။ ဒါပေမဲ့ ကျွန်တော်တို့ ပြည်သူအများစုက ဆန္ဒမပြည့်ပါဘူးလို့ ခင်ဗျားကို ပြောရင် ခင်ဗျား ဘာပြန်ပြောမလဲ။**

**ED :** ဟုတ်ပါတယ်။ ခင်ဗျားပြောတာ ကျွန်တော်နားလည်ပါတယ်။ ဆန္ဒပြည့် လိုက်ကြပါဗျာလို့ပြောဖို့လည်းအကြောင်းမရှိပါဘူး။ ဒါပေမဲ့ ရှုထောင့် ပြောင်းကြည့်လိုက်ပါလို့တော့ ပြောချင်ပါတယ်။ ကျွန်တော် နောက်တစ်မျိုး ပြောင်းပြီး ပြောကြည့်မယ်။ ကျွန်တော်တို့ Planning တွေ ဘာတွေလုပ်တဲ့ အခါ နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်ဆိုပြီး သုံးမျိုး Plan လုပ်တာမျိုးတော့ ကြားဖူးမှာပေါ့။ အခုကိစ္စမှာ ခင်ဗျားတို့ဆန္ဒ မပြည့်ဘူးဆိုတာဟာ နှစ်တို ရေတိုသဘောရှုထောင့်က ပြောတာလေဗျာ။ နောက်အနှစ် ၂၀ မှာ အခုရှိ နေတဲ့ Player တွေရှိနေတော့မှာ မဟုတ်ပါဘူး။ နောက် ငါးနှစ်ဆိုရင်ကို ၂၀၁၅ ရွေးကောက်ပွဲမှာ Player တွေ အများကြီးပြောင်းသွားမှာပါ။ နှစ် လတ်၊ နှစ်ရှည် သဘောနဲ့ကြည့်ရင် 'စနစ်'ဘယ်လိုရှိသလဲဆိုတာကိုပဲ မြင်ရတော့မယ်။ ဒီတော့ ကျွန်တော်တို့ရှုထောင့်က အခုစနစ်အသစ်ဟာ အကောင်းနဲ့ဘာကျသလဲ၊ နောက်တစ်ဆင့်တက်ရင် ဘာဆက်ဖြစ်နိုင်လဲ ဆိုတာပဲ စဉ်းစားတယ်။

**SS :** ခင်ဗျားပြောတာကို နားလည်သလိုလိုတော့ရှိတယ်ဗျ။ တစ်ခုသွား သတိရတယ်ဗျ။ ခင်ဗျားရေးခဲ့တဲ့အထဲက သိပ်ကြိုက်လို့ မှတ်မိနေတာ လေးပါ။ ချစ်ခြင်း၊ မုန်းခြင်းများ အလွန်အကျွံဖြစ်ပေါ်စေသောအခြေ အနေများရှိခဲ့သောကြောင့် ဆိုတာလေးပါ။ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်တို့မှာ အဲဒီအခံရှိနေတော့ ခင်ဗျားပြောတာ နားလည်တဲ့ တိုင် လက်မခံချင်မိဘူးဗျ။

**ED :** ဒဏ်ရာကိုယ်စီရှိကြတာ ကျွန်တော်သဘောပေါက်ပါတယ်။ နောက် ငါးနှစ်နေရင် ခင်ဗျား ဘယ်လိုမြင်လာမလဲဆိုတာလည်း မှန်းလို့ ရပါတယ်။ ဒါပေမဲ့ ကျွန်တော်စိတ်ပူတာလေးတစ်ခု ပြောပါရစေ။ ချစ်ခြင်း၊ မုန်းခြင်း များ အလွန်အမင်းဖြစ်ပေါ်စေတဲ့ အခြေအနေများရှိခဲ့သောကြောင့်ဆိုတာ ခင်ဗျားတို့ဘက်မှာသာ ရှိတာမဟုတ်ဘူးလေ။ တခြားတစ်ဖက်မှာလည်း ရှိနိုင်တာပဲ။ အဲဒီဘက်မှာ အဲဒါသိပ်များ သွားရင် 'စနစ်ပြောင်း၊ အုပ်ချုပ်သူ မပြောင်း' ဆိုတာတောင်မဖြစ်မှာ စိတ်ပူရတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်တို့ကတော့ စနစ်ကိုပဲ ကြည့်တယ်။ အဲဒီစနစ်ပြောင်းမသွားမှာကို စိုးရိမ်တယ်။ ခင်ဗျားတို့ စိတ်မပူဘူးလား။

**SS :** ကျွန်တော်တို့က ဘာမှပြောင်းမယ်လို့ မထင်ထားဘူးလေ။ တစ်သက်လုံး ဒီအတိုင်းနေခဲ့တယ်။ အခုလည်း ဒီအတိုင်းဆက် နေသွားရုံပေါ့ဗျာ။ ခင်ဗျားပြောနေတဲ့စနစ်ပြောင်းမှာဆိုတာကို မယုံဘူး။


**ED :** အောက်ထစ်ဆုံးတော့ဗျာ Political Opposition ဆိုတဲ့ တစ်ဖွဲ့လွှတ်တော်ပေါ်မှာ ပေါ်မှာပါ။ အင်္ဂလိပ်လိုပြောရရင် အခုကို သိပ်ကို FLUID ဖြစ်တဲ့ အထဲကို သွားနေတာ မြင်နေရတာပဲ။

**SS :** ကျွန်တော့်ခံစားချက်နဲ့ ကိုက်လို့လားတော့မသိဘူးဗျာ။ ဒီဥပမာတော့ သိပ်ကြိုက်တယ်။ ဒါမျိုးရေးခဲ့ပါလားဗျာ။ ဒါဆိုရင် ခင်ဗျားတို့ကို လူတွေ ဘယ်အထင်လွဲမလဲ။

**ED :** အခုဟာ ခင်ဗျားခံစားချက်နဲ့ ကိုက်သွားလို့ကိုးဗျ။ ဘယ် ပြည်သူတွေက ဘယ်လိုပြောမှ အထင်မလွဲနိုင်ဘူးဆိုတာ သိဖို့ရာ မလွယ်ဘူးလေဗျာ။ စာဖတ်သူအမျိုးမျိုးရဲ့ စိတ်အမျိုးမျိုးရှိမှာပေါ့ဗျ။ သေချာတာကတော့ ကျွန်တော်တို့အနေနဲ့ ပြည်သူလူထုအထင်လွဲတာကို လုံးဝမလိုချင်ပါဘူးဗျာ။ ■

The Voice Weekly Vol 5-No.38

# အနာဂတ်ကိုမှန်းဆပုံဖော်ခြင်း




၁။ အနာဂတ်ကိုပုံဖော်ကြည့်ခြင်းကို စီမံခန့်ခွဲမှုပညာနယ်ပယ်တွင် Scenario Building ဟု ခေါ်ပါသည်။ အနာဂတ်တွင် ဖြစ်လာနိုင်ခြေရှိသော သို့မဟုတ် ဖြစ် လာနိုင်သော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးပုံသဏ္ဌာန်ကို လက်ရှိအခြေအနေ အရပ်ရပ်အပေါ်မှုတည်၍ စဉ်းစားကြည့်ခြင်းမျိုးကို ဆိုလိုပါသည်။

၂။ ပုံ(က)သည် လက်ရှိဖြစ်ပေါ်နေသောအခြေအနေအရပ်ရပ်ကို ရှိရင်းစွဲ အတိုင်း ရှုမြင်ထားခြင်းဖြစ်သည်။ ဤအဆင့်တွင် စိတ်ကူးထားသောအခြေအနေ များမပါဝင်ဘဲ လက်ငင်းရှိနေသော ဖြစ်ရပ်များကိုအခြေခံ၍ ရေးဆွဲထားသော ကောက်ချက်ကို Trend ဟု ခေါ်သည်။

၃။ ပုံ(ခ)တွင် လက်ရှိ Trend များ ပြောင်းရွှေ့သွားခြင်းကို တွေ့နိုင်ပါသည်။ အသစ်ဖြစ်ပေါ်လာသော Driver ခေါ် ဖြစ်ရပ်တစ်ခုကြောင့် ရှိရင်းစွဲအမှတ်စဉ် (၂) တွင် ဖော်ပြထားသော Trend ပြောင်းရွှေ့သွားခြင်းကို မြင်နိုင်ပါသည်။

၄။ ပုံ(ဂ)၌ ပုံ(ခ)တွင် ဖော်ပြထားသော Trend ကြောင့် အသစ်ဖြစ်ပေါ်လာနိုင်ခြေရှိသော Scenario ကို စဉ်းစားထားခြင်းဖြစ်ပြီး ထိုအဆင့်မှာ စိတ်ကူးယဉ်သက်သက်ဖြစ်သည်။

၅။ ထပ်မံ၍ စဉ်းစားနိုင်သေးသည်မှာ နောက်ထပ်ဖြစ်နိုင်ခြေရှိသော Driver များနှင့် Trend အသစ်များ ဖြစ်ပါသည်။ ထိုမှတစ်ဆင့်တက်၍ Scenario များကိုလည်း ထပ်မံစဉ်းစားနိုင်ပါသေးသည်။

၆။ Driver များ၏ ဖြစ်နိုင်ခြေ အလေးအပေါ်ကိုလိုက်၍ ဖြစ်ပေါ်လာနိုင်သော Trend အသစ်များ၏အလားအလာ အနည်းအများကိုလည်း ချိန်ဆနိုင်ပါသည်။ ထို့အခါ Scenario များ၏ အလားအလာကိုလည်း ဖြစ်နိုင်ခြေအနည်းအများကိုလိုက်၍ အမှတ်စဉ်ထိုးကာ ချရေးထားနိုင်ပါသည်။

၇။ အခုကဲ့သို့ Scenario များ တည်ဆောက်ကြည့်ခြင်းသည် သက်ဆိုင်ရာ အကြောင်းအရာနှင့်ပတ်သက်၍ လိုက်လျောညီထွေရှိမည့် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ရာတွင် အသုံးဝင်ပါသည်။

၈။ ဥပမာ–

ပုံ(က)သည် မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးအနေအထားဖြစ်သည် ဆိုပါစို့။ လက်ရှိဈေးနှုန်းများ၊ GDP၊ ဘတ်ဂျက်လိုငွေ၊ ကုန်သွယ်မှုလိုငွေ စသည်များ တစ်ပေါင်းတည်းပါဝင်သည့် မက်ခရိုစီးပွားရေး Trend ဖြစ်ပါသည်။ ပုံ(ခ)သည် Driver တစ်ခုဖြစ်သော သဘာဝဓာတ်ငွေ့ဝင်ငွေဖြစ်သည် ဆိုပါစို့။ လွန်ခဲ့သော နှစ်တွင် သဘာဝဓာတ်ငွေ့ရောင်းရငွေအရပ်ရပ်ပေါင်း ၁၈ ဘီလီယံပေါ်လာခဲ့ရာ မက်ခရိုစီးပွားရေးပုံသဏ္ဌာန်လက်ရှိ Trend မှ ရွေ့သွားနိုင်သည်ကို တွေ့ရှုရပြီဖြစ်သည်။ ပုံ(ဂ)သည် သဘာဝဓာတ်ငွေ့များကို လက်ရှိအုပ်ချုပ်ရေးယန္တရား၏ အသုံးချနည်းဖြင့် သုံးစွဲသောအခါ ဖြစ်ပေါ်လာနိုင်သော Scenario သစ် ဖြစ်ပါလိမ့်မည်။

၉။ Scenario များကို ပုံဖော်ကြည့်နိုင်သူများသည် အနာဂတ်ကို မြော်မြင်နိုင်သူများဖြစ်သည်ဟု မဟာဗျူဟာ စီမံခန့်ခွဲမှုပညာရပ်က ဆိုထားသည်။ ■

The Voice Weekly Vol 3-No.1

# ခရီးရှည်ကြီးဖြစ်ပါသည်

လွန်ခဲ့သောလ စင်ကာပူတွင် ကျင်းပသော အာရှဒေသတွင်း မဟာဗျူဟာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုသို့ တက်ရောက်လာသော အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီးဟောင်း ရစ်ချတ်အာမစ်တေ့ချ်က ဧည့်သည်တော်အဖြစ် မိန့်ခွန်းပြောကြားရာတွင် **Challenges of the American Foreign Policy** ဟုသောခေါင်းစဉ်နှင့် အကြောင်းအရာကို ပြောသွားခဲ့ပါသည်။ တက်ရောက်သူ အားလုံးမှာ အာဆီယံနိုင်ငံများမှ မဟာဗျူဟာပညာရှင်များ၊ မဟာဗျူဟာအဖွဲ့ အစည်းများမှ တာဝန်ရှိသူများ ပါဝင်ပါသည်။

Challenges of the American Foreign Policy ကို ပြောရာတွင် လက်ထောက်နိုင်ငံခြားရေးဝန်ကြီးဟောင်းက အီရတ်နိုင်ငံအရေးကိစ္စကို ထိပ်ဆုံးကထား၍ ပြောပါသည်။ အနှစ်အားဖြင့် အီရတ်ကိစ္စကို ပွင့်ပွင့်လင်းလင်းဝန်ခံရန် ခက်ခဲသော ကြောင့် Failure ဟုမခေါ်ဘဲ Challenges ဟု သုံးနှုန်းသွားခဲ့ခြင်း ဖြစ်ပါသည်။ အီရတ်နိုင်ငံတွင် ဒီမိုကရေစီထူထောင်ရေးကိစ္စမအောင်မြင်ရခြင်းနှင့်ပတ်သက်၍ အဓိက အကြောင်းသုံးရပ်ကို Challenges အဖြစ် ၎င်းက ထုတ်နုတ်ပြောကြားသွားခြင်း ဖြစ်ပါသည်။

သူပြောသည်မှာ ရှင်းပါသည်။

(၁) အီရတ်နိုင်ငံသည် စည်းလုံးညီညွတ်သော လူ့အဖွဲ့အစည်းတစ်ခုမဟုတ် **(No Homogimity)**

(၂) ဒီမိုကရေစီဆန်သော အသင်းအဖွဲ့များနှင့် ဗျူရိုကရေစီမရှိ **(No Democratic Institutions, No Bureaucracy)**

(၃) ဒီမိုကရေစီသမိုင်းကြောင်းမရှိ
(No Democratic Memories)

အသက်ပါအခြေအနေသုံးရပ်ကြောင့် အီရတ်နိုင်ငံတွင် ၎င်းတို့၏ ကြိုးပမ်းမှု များ မအောင်မမြင်ဖြစ်ခဲ့ရကြောင်း ခွဲခြမ်းစိတ်ဖြာပြောကြားသွားခဲ့ခြင်းဖြစ်ပါသည်။

မိန့်ခွန်းပြောအပြီးတွင် ထုံးစံအတိုင်း မေးချင်သည်များမေးနိုင်ပါသည်။ မကျေ လည်သည်များ ဆွေးနွေးနိုင်ပါသည်ဟုဖွင့်ပေးပါသည်။ စာရေးသူအလှည့်တွင် စာရေးသူက မိမိသည် မြန်မာနိုင်ငံမှဖြစ်ကြောင်း မိတ်ဆက်ပြီး သူပြောခဲ့သော အချက်သုံးချက်ကို ပြန်လည်ကိုးကားလိုက်ပါသည်။

(၁) မြန်မာနိုင်ငံတွင် မြန်မာအပါအဝင် အဓိကတိုင်းရင်းသားမျိုးနွယ်ကြီး ရှစ်ခု ရှိပါသည်။ ပုံကြီးချဲ့၍ ပြောရလျှင် ၁၃၅ မျိုးထိရှိပါသည်။ ထို့ကြောင့် Homogimity မရှိပါ။

(၂) အလားတူပင် မြန်မာနိုင်ငံတွင် စွမ်းဆောင်ရည်ပြည့်ဝသော Institutions များနှင့် ဒီမိုကရေစီအုတ်မြစ်များလည်းမရှိသေးပါ။

(၃) ဒီမိုကရေစီသမိုင်းကြောင်းမှာ ၄၅ နှစ် ကြာမြင့်ခဲ့ပါပြီ (Very few Democratic Memories)

ထိုသို့ပြောရမည်ဆိုလျှင် မြန်မာနိုင်ငံတွင် မနက်ဖြန် ဒီမိုကရေစီမဖြစ်နိုင်ရာ မြန်မာနိုင်ငံနှင့်ပတ်သက်၍ မည်သို့သောအရာများကို အာရုံစိုက်အဓိကထားရမည်ဟု ထင်ပါသနည်းဟု မေးလိုက်ခြင်း ဖြစ်ပါသည်။

လက်ထောက်နိုင်ငံခြားရေးဝန်ကြီးဟောင်းက များစွာယေဘုယျသဘော ဆောင်သောအဖြေတစ်ခုကိုသာ ပေးခဲ့ပါသည်။ ဒီမိုကရေစီစနစ်ထူထောင်ခြင်းမှာ ခရီးရှည်ကြီးတစ်ခုဖြစ်ကြောင်း လက်ခံပါသည်ဟုတော့ ပြောသွားခဲ့သည်။

စာရေးသူမျှော်မှန်းမိသောအဖြေမှာ အမျိုးသားစည်းလုံးညီညွတ်ရေး ဒီမို ကရေစီ အခြေခံအုတ်မြစ်များကို တည်ဆောက်ရေး စသည်များဖြစ်ပါသည်။ အမှတ်စဉ် (၁) ဖြစ်သော Homogimtiy ကိစ္စမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အမျိုးသား စည်းလုံးညီညွတ်ရေးတို့ကို တည်ဆောက်မှသာ ရရှိနိုင်သောကိစ္စဖြစ်ပါသည်။ တိုင်း ရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးစသည်များမှာ သင်ကောင်းလျှင် ကျွန်ပ်မဆိုးပါဟု ပြောနေရုံသက်သက်ဖြင့် မပြီးပါ။ ဤကိစ္စသည် ကြက်ဥကအရင်လား ကြက်မကအရင်လား စဉ်းစားရမည့်ကိစ္စဟု စာရေးသူမထင်ပါ။

Institutions များနှင့် ဝတ်သက်၍လည်း အလားတူပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးနယ်ပယ်တွင် နှစ်ပေါင်း ၄၀ ကျော်အတွင်း စံရိုန်အဖြစ် အသင်းအဖွဲ့များစွာ ပေါ်ပေါက်လျက်ရှိပါသည်။ သို့သော် ထိုအသင်းအဖွဲ့များတွင် တာဝန်ယူနေသူ ပုဂ္ဂလိက ကဏ္ဍကို ကိုယ်စားပြုနေသူအများစုသည် ရှုထောင့်လည်းမမှန်၊ အရည်အသွေးလည်း စံချိန်မမီလှပေ။ ၎င်းတို့သည် Policy Advocacy ခေါ် မူဝါဒဆိုင်ရာ ချွင်းအားစုများလျှောက်လဲရန် တာဝန်ရှိသည်ဟု သိရှိသဘောပေါက်ရန်မဆိုထားဘိ Policy Advocacy ကိုပင် မကြားဖူးကြပါ။ ၎င်းတို့၏ရှုထောင့် (Perspective) သည်လည်း ပုဂ္ဂလိက ကဏ္ဍကို ကိုယ်စားပြုရမည့်အစား အုပ်ချုပ်ရေးယန္တရားကို ကိုယ်စားပြုသဖွယ်ဖြင့် ကိုယ်ကျိုးစီးပွားကို လုပ်ဆောင်နေကြခြင်းဖြစ်ရာ အုပ်ချုပ်ရေးယန္တရားကို အထောက်အကူပြုခြင်းထက် အလွဲသုံးစားလုပ်နေသူများဖြစ်သည်ကို တွေ့ရသည်။ အုပ်ချုပ်ရေးယန္တရား၏ မသန့်ရှင်းမှုများကို တိုင်ကြားရန် အခွင့်အလမ်းပေါ်လာသည့်တိုင် ဟိုမရောက်ဒီမရောက် အသင်းတာဝန်ရှိသူများအတွက် တိုင်ကြားရန် နည်းလမ်းအခြေအနေမပေးသေးသည်ကို တွေ့ရသည်။

အထက်တွင်ဖော်ပြခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီအုတ်မြစ်များတည်ဆောက်ရေး သို့မဟုတ် Institution များ၏ ရှုထောင့်နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးများတွင် လက်ရှိအနေအထားဦ့ပင် ပြည်သူလူထုအနေဖြင့် ပါဝင်ဆောင်ရွက်နိုင်သော နည်းလမ်းများရှိနေသည်ဟု စာရေးသူယုံကြည်ပါသည်။ အဆိုပါ Challenges များကို ဖြည့်ဆည်းပေးလိုက်လျှင် ဒီမိုကရေစီမှာ အလိုလိုဖူးပွင့်လာမည်သာဖြစ်သည်ဟု စာရေးသူ အသေအချာယုံကြည်ပါသည်။ (၁) နှင့် (၁) ပေါင်းလျှင် (၂) သာရမည်ဖြစ်ရာ ပေါင်းလဒ် (၄) ဖြစ်လိုပါလျှင် (၁)များကို (၂) ဖြစ်အောင် လုပ်ပေးရန် လိုအပ်ပါသည်။ (၁) များ (၂) ဖြစ်သွားလျှင် ပေါင်းလဒ် (၄) ဖြစ်မည်မှာ သံသယရှိစရာမလိုပါ။ မူစရာလည်း မလိုပါ။ အလိုလိုကိစ္စသာလျှင် ဖြစ်ပါသည်။ ပြောချင်သည်မှာ အထက်တွင် ကမ္ဘာကျော် သံတာမန်ကြီး ပြောခဲ့သော Challenges များအနက်မှ Democratic Memories မှလွဲ၍ ကျန်ကိစ္စများကို ဖြည့်တင်းနိုင်သည့်အတွက် ပေါင်းလဒ်များအကြောင်း ကို ပြောမနေဘဲ Challenges များကို ဝိုင်းဝန်းဖြေရှင်းလိုက်ကြရန် အဘယ်ကြောင့် တွန့်ဆုတ်နေကြပါသနည်းဟု စာဖတ်သူများကို မေးလိုခြင်းဖြစ်ပါသည်။ ■

**The Voice Weekly Vol 3-No.11**

# သမိုင်းသည် အဖြူအမည်းမဟုတ်



လွန်ခဲ့သောရက်အနည်းငယ်က မြန်မာနိုင်ငံ့အရေးနှင့် ပတ်သက်၍ ပါဝင်ပတ်သက်နေသော နာမည်ကျော်များအကြောင်း မိတ်ဆွေများနှင့် စကားစပ်မိရာ ၎င်းတို့တစ်ဦးစီအတွက် မှတ်ချက်အမျိုးမျိုး၊ အမြင်အမျိုးမျိုး၊ ဝေဖန်မှုအမျိုးမျိုးကို ကြားခဲ့ရသည်။ စာရေးသူကမူ ကျွန်ုပ်တို့အားလုံးသည် ကိုယ့်သမိုင်းကိုယ် ထွင်းထုနေကြခြင်းဖြစ်ကြောင်း၊ တစ်ချိန်ချိန်တွင် သမိုင်းဆရာများက သမိုင်းကို လေ့လာသုံးသပ် မှတ်တမ်းတင်ကြလိမ့်မည်ဖြစ်ကြောင်း၊ ထိုအခါ ဘယ်သူ ဘယ်စကား ပြောခဲ့၍ ဘယ်လောက်မှန်ခဲ့သည်၊ ဘယ်သူ ဘာအတွက် ဘာလုပ်ခဲ့သည် စသည်ဖြင့် နောင်လူတို့က ရှင်းရှင်းလင်းလင်း သိရှိသွားကြမည်သာဖြစ်ကြောင်း ကိုယ့်ဘက်က နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားအတွက် မျက်ခြည်မပြတ်ရေးသည်သာ အရေးကြီးကြောင်း ဆွေးနွေးမိသည်။

မိတ်ဆွေအားလုံး စာရေးသူ စကားအပြီးတွင် ငြိမ်သွားကြသည်။ တစ်ချိန်မှာ သမိုင်းက သက်သေထူလိမ့်မည်ဆိုသောစကားကို အားလုံးက လက်ခံလိုက်ကြပြီး ကိုယ်စီ သမိုင်းအတွေးထဲ ရောက်ရှိသွားကြပုံရပါသည်။ သို့သော် ခဏအကြာတွင် စာရေးသူ၏ မိတ်ဆွေပညာရှင်တစ်ဦးက စကားတစ်ခွန်းပြောလာခဲ့သည်။ မိတ်ဆွေက ထိုသို့ မှန်မှန်ကန်ကန် သုံးသပ်မှတ်တမ်းတင်ခံရရေးအတွက် ယနေ့ကပင် အရည်အချင်းရှိသော သမိုင်းဆရာများ မွေးထုတ်ပေးရေးကို ပြင်ဆင်ရန်လိုကြောင်း ထောက်ပြသည်။ မိတ်ဆွေချင်း စကားနိုင်ပြိုင်၍ ထိုမိတ်ဆွေက စကားကို အတော်ပင် ပြတ်ပြတ်သားသားပြောခဲ့သည်။ ခပ်ညံ့ညံ့သမိုင်းဆရာများက မှတ်တမ်းတင်ခြင်းခံရလျှင် အဓိပ္ပာယ်အမျိုးမျိုးထွက်နိုင်သည်ဆိုသော သဘောတရားကို ပြောခဲ့ခြင်း ဖြစ်သည်။

တစ်ခါတစ်ရံတွင် သမိုင်းဆရာက အရည်အချင်းရှိသည့်တိုင် ခေတ်ကာလ ရေစီးကြောင်းကို မလွန်ဆန်နိုင်ခဲ့သည်ဖြစ်ရပ်များကိုလည်း တွေ့နိုင်ပါသည်။ အထင်ရှားဆုံး ဥပမာမှာ မြန်မာနိုင်ငံ လွတ်လပ်ရေးဆုံးရှုံးမှုနှင့်ပတ်သက်၍ ဖြစ်ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးဆုံးရှုံးမှုနှင့်ပတ်သက်၍ သမိုင်းမှတ်တမ်းတင်ကြရာဝယ် သမိုင်းဆရာအားလုံးလိုလိုသည် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးအမြင် တစ်နည်းအားဖြင့် နိုင်ငံရေးအမြင်သက်သက်ဖြင့် မှတ်တမ်းတင်ခဲ့ကြရာ လွတ်လပ်ရေးနှင့် သက်ဦးဆံပိုင် ဘုရင်စနစ်၊ ဗျူရိုကရေစီ အုပ်ချုပ်ရေးယန္တရား၊ Institutional Infrastructure ခေါ် ဥပဒေ၊ နည်းဥပဒေ

များ၊ Formal Education ခေါ် ပုံမှန်ပညာရေးစနစ် စသည်တို့ကို အလဲအလှယ်ပြုခဲ့သည့် သဘောဖြစ်ခဲ့သည်ကို မည်သူမျှ မရေးသားခဲ့ကြပါ။ လွတ်လပ်ရေး ဆုံးရှုံးခဲ့ရသော်လည်း သက်ဦးဆံပိုင်ဘုရင်စနစ် ချုပ်ငြိမ်းသွားခဲ့ခြင်း၊ ဗျူရိုကရေစီနှင့် ဥပဒေ၊ နည်းဥပဒေများ ရရှိခဲ့ခြင်း၏ အားသာချက်များကို ယနေ့တိုင် စာရေးသူတို့ ခံစားနေရဆဲ ဖြစ်ပါသည်။ ကိုလိုနီနယ်ချဲ့ ဗြိတိသျှတို့က ၎င်းတို့၏ အုပ်ချုပ်ရေးယန္တရား လွယ်ကူအဆင်ပြေမှုအတွက်လည်းကောင်း၊ အုပ်စိုးသူ လူတန်းစား ကောင်းကျိုးအတွက်လည်းကောင်း အထက်ပါကောင်းမှုများကို ဖန်တီးခဲ့ခြင်းဖြစ်သည့်တိုင် အဆုံးတွင် စာရေးသူတို့ အကျိုးကျေးဇူးခံစားခဲ့ကြခြင်းဖြစ်ပါသည်။ လွတ်လပ်ရေးတိုက်ပွဲဝင် ခေါင်းဆောင်များကို ထိုခေတ်နိုင်ငံရေးသမားများ ပြောခဲ့သည့် ကျွန်ပညာရေးစနစ်က မွေးထုတ်ပေးခဲ့ခြင်းဖြစ်သည်ဆိုသောအချက်မှာ ထင်ရှားသောဥပမာပင် ဖြစ်ပါသည်။

၉၁ ဌာနအုပ်ချုပ်ရေး၊ ဒိုင်အာခီအုပ်ချုပ်ရေး စသည်များတွင် နိုင်ငံရေးနယ်ပယ်မှ အရပ်သားမြန်မာများ ပါဝင်ဆောင်ရွက်ခွင့်ရခဲ့သည့်အနေအထားများမှာ မြန်မာဘုရင်များ၏ သက်ဦးဆံပိုင်အုပ်ချုပ်ရေးစနစ်ထက်ပင် ပြည်သူလူထုနှင့် နိုင်ငံရေးပါတီများ ပါဝင်ပတ်သက်ခွင့်ပေးထားသည်ကို တွေ့မြင်နိုင်ပါသည်။ ဤအချက်များကိုလည်း သမိုင်းဆရာအများစုက ထောက်ပြပြောဆိုခဲ့ခြင်းမရှိသည်ကို တွေ့ရသည်။

နိုင်ငံတကာဆွေးနွေးပွဲတစ်ခုတွင် စာရေးသူ၏ အင်္ဂလိပ်စကားပြော လေယူလေသိမ်းကို အိမ်နီးချင်းနိုင်ငံမှ မိတ်ဆွေတစ်ဦးက ချီးကျူးမေးမြန်းရာ စာရေးသူက ပွင့်ပွင့်လင်းလင်းပင် British Legacy ခေါ် အင်္ဂလိပ်တို့၏ ကောင်းမွေတစ်ခုဖြစ်ကြောင်း ဝန်ခံခဲ့ဖူးပါသည်။ စာရေးသူပြောလိုသည်မှာ ယနေ့ Globalization ခေါ် တစ်သားတည်းဖြစ်လာနေသည့် ကမ္ဘာကြီးတွင် မိမိတို့အနေဖြင့် အခြေအနေည်းခဲ့ခြင်း ဆောင်ရွက်ထဲတွင် ဝိတ်မိမနေစေရေး အလွန်ပင်အရေးကြီးသည့်အကြောင်း ဖြစ်ပါသည်။

အနောက်ဘက်သည် Neo ကိုလိုနီ၊ ဘောင်ဘက်သည့် ခေါ်ခဲ့သည့် စသည့် အယူအဆများကို ယနေ့ ၂၁ ရာစုတွင် အပြီးသတ်သို့ထိုး၍ စာရေးသူတို့အားလုံးတွင် တာဝန်ရှိပါသည်။

စာရေးသူပြောလိုသည်မှာ ကိုလိုနီနယ်ချဲ့စနစ်ကို ... သိမြင်ခဲ့သင့်ပြီး ကောင်းကျိုးဆိုးကျိုးများကိုလည်း သိမြင်သုံးသပ်သင့်သည် ... ဖြစ်ပါသည်။ ကိုလိုနီနယ်ချဲ့စနစ်နှင့် ယင်း၏ အကျိုးဆက်များကို ... အကောင်း



အဆိုး မသုံးသပ်နိုင်ခဲ့လျှင် သမိုင်းမှ ရည်သည့်သင်ခန်းစာမျှ မယူနိုင်သည့်သဘော ဖြစ်ပါသည်။ သမိုင်းဘာသာသင်ကြားပေးခြင်း၏ အဓိကရည်ရွယ်ချက်မှာ အတိတ်က ဖြစ်ရပ်များကို ခွဲခြမ်းစိတ်ဖြာ၍ သင်ခန်းစာယူနိုင်ရန် ဖြစ်ပါသည်။ ကိုလိုနီနယ်ချဲ့ဖြစ်၍ ကောင်းတာဘာမျှမရှိဟု အဖြူအမည်းခွဲခြားသည့် သမိုင်းသဘောတရားကို အသုံးပြုလျှင် ယနေ့ စာရေးသူတို့ ဖွင့်ဟာနေသော နိုင်ငံတည်ဆောက်ရေးသမိုင်းကို နောင်လူတို့ကလည်း အဖြူအမည်း ခွဲခြားရန် ကြိုးစားပါလိမ့်မည်။ ယနေ့တပ်မတော်အစိုးရနှင့် တပ်မတော်အစိုးရက လုပ်ဆောင်နေသော နိုင်ငံရေးကို အဖြူအမည်းခွဲခြားနေသောကြောင့် မြန်မာနိုင်ငံတွင် အမျိုးသားစည်းလုံးညီညွတ်ရေး မရရှိနိုင်ခြင်း ဖြစ်သည်ကို အထူးပင် သတိပြုသင့်ပါကြောင်း ဤနေရာတွင် ဖော်ပြလိုပါသည်။ ■

**The Voice Weekly Vol 3-No.30 (May 7-07)**

**“ ထိုအခါ ဘယ်သူ ဘယ်စကားပြောခဲ့၍**
**ဘယ်လောက်မှန်ခဲ့သည်၊**
**ဘယ်သူ ဘာအတွက် ဘာလုပ်ခဲ့သည်**
**စသည်ဖြင့် နောင်လူတို့က ရှင်းရှင်းလင်းလင်း**
**သိရှိသွားကြမည်သာဖြစ်ကြောင်း**
**ကိုယ့်ဘက်က နိုင်ငံနှင့် လူမျိုး အကျိုးစီးပွားအတွက်**
**မျက်ခြည်မပြတ်ရေးသည်သာ**
**အရေးကြီးကြောင်း ”**

# အမျိုးသားစည်းလုံးညီညွတ်ရေးမှ နိုင်ငံတည်ဆောက်ရေးသို့

အမျိုးသားစည်းလုံးညီညွတ်ရေးဆိုသော စကားရပ်ကို ယခုအခါ များစွာ လူပြောများလာသောကြောင့် စာဖတ်သူများလည်း များစွာယဉ်ပါးနေကြပြီဟု ယူဆပါသည်။ အမျိုးသားစည်းလုံးညီညွတ်ရေးဆိုသော စကားရပ်နှင့် သဘောတရားကို အရေအတွက်သဘောထက် အရည်အချင်းသဘောတိုင် ကျင့်သုံးနိုင်သည်နှင့်အမျှ စည်းလုံးညီညွတ်သော လူ့ဘောင်တစ်ရပ် ပေါ်ပေါက်လာရေးမှာလည်း များစွာ လွယ်ကူသွားလိမ့်မည်ဟူသောအချက်ကို ဤနေရာမှ မီးမောင်းထိုးပြလိုခြင်း ဖြစ်ပါသည်။

ဤနေရာတွင် စည်းလုံးညီညွတ်သောလူ့ဘောင်တစ်ရပ်ကို မည်သို့အဓိပ္ပာယ်ဖွင့်ဆိုသနည်းဆိုသောအချက်မှာ လွန်စွာအရေးကြီးပါသည်။ အမျိုးသားစည်းလုံးညီညွတ်ရေးဆိုသည်မှာ တူညီသောအမျိုးသားရည်မှန်းချက်များအတွက် မတူညီသောနည်းလမ်းများ၊ သဘောထားများ၊ ရပ်တည်ချက်များ အတူပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီကြခြင်းသာဖြစ်သည်ဟု ပညာရပ်ဆိုင်ရာကျွမ်းများက အခြေခံအလာဖော်ပြလေ့ရှိပါသည်။

ဆိုလိုသည်မှာ အမျိုးသားရေးဆိုင်ရာ ရည်မှန်းချက်များတူညီရန်သာ မရေးကြီးပြီး နည်းလမ်းများ၊ သဘောထားများ၊ ရပ်တည်ချက်များအားလုံး တူညီသွားရန်အထိ မလိုအပ်ပါဆိုသောအချက်ပင် ဖြစ်ပါသည်။ သို့သော်အမျိုးသားစည်းလုံးညီညွတ်ရေးဟုဆိုသောကြောင့် မတူညီသောနည်းလမ်းများ၊ သဘောထားများ၊ ရပ်တည်ချက်များများကို အပြန်အလှန်လေးစား၍ တစ်ဦးအကျိုးကို တစ်ဦးကလိုလားသော သဘောထားရှိရန်မှာသား မဖြစ်မနေ လိုအပ်ပါသည်။

Stakeholder နှစ်ဦး၏ အပြန်အလှန်ဆက်ဆံရေးဆိုရာတွင် ရေတိုဆက်ဆံရေးနှင့် ရေရှည်ဆက်ဆံရေးနှစ်မျိုးရှိနိုင်ပါသည်။ ရေတိုဆက်ဆံရေးဆိုသည်မှာ ကားရောင်းသူနှင့် ဝယ်သူနှစ်ဦး၏ ဆက်ဆံရေးမျိုးဖြစ်ပြီး ကိစ္စပြီးသွားလျှင် ပြန်လှည့်ကြည့်ရာမလိုသော ဆက်ဆံရေးဖြစ်ပါသည်။ ရေရှည်ဆက်ဆံရေးဆိုသည်မှာ အိမ်ထောင်ဖက်များ၊ စီးပွား

ဖက်များ၏ တစ်ဦးအကျိုးကို တစ်ဦးကလိုလားသော အပြန်အလှန်ရေရှည်ဆက်ဆံရေး ဖြစ်ပါသည်။ နိုင်ငံတည်ဆောက်ရေးအတွက် Stakeholder အချင်းချင်းဆက်ဆံရေးမှာ ရေရှည်ဆက်ဆံရေးသာဖြစ်သင့်ပြီး တစ်ဦးအကျိုးကို တစ်ဦးကလိုလားသော စီးပွားဖက်၊ အိမ်ထောင်ဖက်ချင်းဆက်ဆံရေးမျိုးဖြစ်ရန် လိုအပ်၍ ယင်းကို အမျိုးသားစည်းလုံးညီညွတ်ရေးဟု သုံးနှုန်းခြင်းဖြစ်ပါသည်။

ထိုသို့သော အနှစ်သာရပြည့်ဝသည့် ရေရှည်ဆက်ဆံရေးမျိုးကို လိုလားပါလျှင် အတွေးအကြံ၊ အပြောအဆို၊ အပြုအမူအားလုံးဖြင့် အဆိုပါရေရှည်ဆက်ဆံရေးကို ဦးတည်ကြောင်း သက်သေပြရန်လိုအပ်ပြီး သို့မှသာ အမျိုးသားစည်းလုံးညီညွတ်ရေးကို အရေ အတွက်သသောမှ အရည်အချင်းသသော တည်ဆောက်သွားနိုင်မည်ဖြစ်ကြောင်း ဖော်ပြလိုပါသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ပြီဟုဆိုလျှင် အရေးတကြီး ဆက်လက်တည်ဆောက်ရမည့်ကိစ္စရပ်မှာ နိုင်ငံတည်ဆောက်ရေးကိစ္စဖြစ်ပါသည်။ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရချိန်တွင် မြန်မာတို့အနေဖြင့် နိုင်ငံကို အခက်အခဲမရှိ တည်ဆောက်ခဲ့ခြင်းမှာ ဒိုင်အာခီအုပ်ချုပ်ရေးခေတ်၊ ၉၁ ဌာနအုပ်ချုပ်ရေးခေတ်နှင့် တိုင်းပြုပြည်ပြုလွှတ်တော်များတွင် အတွေ့အကြုံများ ရရှိထားပြီးသော အရာရှိကြီးများ၊ နိုင်ငံရေးခေါင်းဆောင်များ ရှိနေသောကြောင့် ဖြစ်ပါသည်။ တိုင်းပြုပြည်ပြုလွှတ်တော်မှာ ဗြိတိသျှတို့က မြန်မာ့နိုင်ငံရေးခေါင်းဆောင်များအား ဥပဒေပြုလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုထားသော ယာယီပြည်ထောင်စုလွှတ်တော်ပင်ဖြစ်ပြီး လွတ်လပ်ရေးရပြီးနောက် ပေါ်ပေါက်လာသော အစိုးရအဖွဲ့ခေါင်းဆောင်အားလုံးလိုလိုမှာ တိုင်းပြုပြည်ပြုလွှတ်တော်မှ မြစ်ဖျားခံခဲ့သည်ဟုဆိုရမည်ဖြစ်ပါသည်။ နိုင်ငံတည်ဆောက်ရေးနှင့်ပတ်သက်၍ အဓိကလိုအပ်ချက်မှာ အရည်အသွေးရှိသော လူသား Management များဖြစ်ပါသည်။ အရည်အသွေးမရှိခဲ့သည့်တိုင် အရည်အသွေးကောင်းဆိုသော သဘောတရားကို အောက်ထစ်ဆုံးသဘော ပေါက်သူများဖြစ်ရန် လိုအပ်ပါသည်။ တစ်နည်းအားဖြင့် အရည်အသွေးကောင်းစံများကို ခန့်မှန်းနိုင်သူဖြစ်ရန် လိုအပ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း မကြာမီပေါ်ပေါက်လာမည့် အခြေခံဥပဒေသစ်နှင့်အတူ နိုင်ငံရေး ဟူသောနယ်ပယ်သစ်တစ်ရပ် ပေါ်ပေါက်လာတော့မည်ဖြစ်ပြီး စိတ်ဝင်စားသူများ ဝင်ရောက်ခြေစမ်းနိုင်တော့မည်ဖြစ်ရာ နိုင်ငံတည်ဆောက်ရေးကို မျက်ခြည်မပြတ်စေရေးအတွက် ယနေ့ကပင် ပြင်ဆင်ထားကြရမည်ဖြစ်ပေသည်။ ■

The Voice Weekly Vol 4-No.7

# ဈေးကွက်စီးပွားရေးနှင့် နိုင်ငံတော်၏ အခန်းကဏ္ဍ

ကမ္ဘာပေါ်တွင်ရှိသော နိုင်ငံအသီးသီးကို မည်သည့်အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ စီးပွားရေးအရ ခွဲခြမ်းစိတ်ဖြာကြည့်လျှင် အမျိုးအစား (၃) မျိုးသာရှိသည်ကို တွေ့ရမည်ဖြစ်သည်။

၎င်းတို့မှာ-

၁။ FREE MARKET ECONOMY

၂။ PLANNED ECONOMY

၃။ MIXED ECONOMY တို့ဖြစ်သည်။

အမှန်အားဖြင့် ပြောရလျှင် ရာနှုန်းပြည့် Free Market Economy ဆိုသည်မှာ မရှိသကဲ့သို့ ရာနှုန်းပြည့် Planned Economy ဆိုသည်မှာလည်း မရှိပါ။ ကုန်လုပ်စွမ်းအားစုများ၊ ကုန်ထုတ်စွမ်းအားစုများ အများစုကို နိုင်ငံတော်က ပိုင်ဆိုင်စီမံခန့်ခွဲခဲ့လျှင် Planned Economy ဟု ခေါ်ဝေါ်သုံးနှုန်းပြီး ကုန်လုပ်စွမ်းအားစုများ ကုန်ထုတ်စွမ်းအားစုများ အများစုကို ပုဂ္ဂလိကကဏ္ဍက ပိုင်ဆိုင်စီမံခန့်ခွဲလျှင် Free Market Economy ဟု ခေါ်ဝေါ်သုံးနှုန်းလေ့ရှိပါသည်။

ကုန်လုပ်စွမ်းအားစုများ၊ ကုန်ထုတ်စွမ်းအားစုများကို နိုင်ငံတော် အချို့နှင့် ပုဂ္ဂလိကအပိုင်းပါ ရောယှက်ပိုင်ဆိုင်တည်ရှိနေခဲ့လျှင် Mix Economy ဟု ခေါ်ဝေါ်သုံးနှုန်းသည်။

ထိုသို့ခေါ်ဝေါ်သုံးနှုန်း၍ ထိုသို့ပင် ပိုင်ဆိုင်စီမံခန့်ခွဲစေကာမူ စီးပွားရေးပညာရှင်အားလုံးလိုလိုက နိုင်ငံတော်က ဝင်ရောက်စွက်ဖက်မှုသည်ရှိသော အရေးအရာ

ကို လက်ခံထားကြပြီး ပါဝင်ဖွက်ဖက်သည့်အတိုင်းအတာနှင့်ပတ်သက်၍ သဘောထားကွဲလွဲငြင်းခုံနေကြခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ စီးပွားရေးပုံသဏ္ဍာန်မှာမူ တစ်မူထူးခြားသည်ဟု ပြောဆိုရနိုင်ပါသည်။ ကုန်လုပ်စွမ်းအားစု အများစုကို နိုင်ငံတော်မှ စီမံခန့်ခွဲထောက်ပံ့နေပြီး ကုန်ထုတ်စွမ်းအားစုအများစုကို ပုဂ္ဂလိက ကဏ္ဍမှ ပိုင်ဆိုင်စီမံခန့်ခွဲနေခြင်းကြောင့် ထူးခြားသည်ဟု ဆိုရခြင်းဖြစ်ပါသည်။

ယခုအခါ ရာနှုန်းပြည့်မဟုတ်သည့်တိုင် Planned ဟု ခေါ်ရမည့် စီးပွားရေးစနစ်သည် လက်တွေ့မကျသောကြောင့် နိုင်ငံအားလုံးလိုလိုက စွန့်လွှတ်ခဲ့ပြီ ဖြစ်ပါသည်။ သို့တိုင်အောင် နိုင်ငံတော်၏ အခန်းကဏ္ဍ အတော်များများက ဆက်လက်ကျန်ရှိနေသေးသည့်အတွက် ဖွံ့ဖြိုးဆဲ တတိယကမ္ဘာနိုင်ငံအတော်များများသည် ဤကိစ္စကို ပြုပြင်နေရဆဲဖြစ်ပါသည်။

ရာနှုန်းပြည့်မဟုတ်သည့်တိုင် Free Market ဟုခေါ်ရမည့် စီးပွားရေးစနစ်တွင် နိုင်ငံတော်၏ အခန်းကဏ္ဍနည်းသောကြောင့် စီမံကိန်းစီးပွားရေးစနစ်၏ ဆိုးကျိုးကို ခံစားခဲ့ရသူ အများစုက တမ်းတလေ့ရှိသည့် အမျိုးအစားဖြစ်ပါသည်။ သို့သော်လည်း Free Market စီးပွားရေးစနစ်တွင် နေထိုင်ရသူအများစုက ပုဂ္ဂလိက ကဏ္ဍက ချယ်လှယ်နေသော စီးပွားရေးစနစ်တွင် အရာရာငွေကြေးအဓိကဖြစ်နေသောကြောင့် ထင်သလိုမကောင်းပါဟု ရှင်းပြကြသည်။

Free Market စီးပွားရေးစနစ်တွင် နိုင်ငံတော်၏အခန်းကဏ္ဍနည်းသောကြောင့် ပြည်သူလူထုသည် ဈေးကွက်အတွင်း ရွေးချယ်စရာများကို လွတ်လပ်စွာရွေးချယ်ခွင့်ရှိသယောင်ထင်ရသော်လည်း ငွေမရှိသူများတွင် ရွေးချယ်ခွင့်ပျောက်ဆုံးနေကြောင်း၊ ဆင်းရဲချမ်းသာ ကွာဟချက်ကြီးလာပြီး ဆင်းရဲသူများတွင် ရွေးချယ်ခွင့်မရှိတော့ကြောင်း ထိုနိုင်ငံများမှ ကာယကံရှင်များ အသိဆုံးဖြစ်ပါသည်ဟု ပညာရှင်တစ်ဦးက ထောက်ပြသည်။

ထို့ကြောင့်စီးပွားရေးပညာရှင်အသီးသီးက ဆင်းရဲချမ်းသာကွာဟမှု ကျဉ်းမြောင်းရေး၊ ပြည်သူလူထု၏ ရွေးချယ်ပိုင်ခွင့်ကို တစ်နည်းနည်းဖြင့် ဖန်တီးပေးနိုင်ရေးတို့အတွက် ခေဥစ္စာခွဲဝေမှုကို နိုင်ငံတော် ကဝင်ရောက်စီမံခန့်ခွဲပေးရန် လိုအပ်သည်ဟု ထောက်ပြနေကြခြင်း ဖြစ်ပါသည်။

ဤနေရာတွင် နိုင်ငံတော်ဟု ပြောကြားသည့်အစိုးရများ၏ အစိတ်အပိုင်းက ခေဥစ္စာခွဲဝေမှုပုံသဏ္ဍာန်မျှတသွားစေရန် စီစဉ်ရာ၌ အောက်ပါနည်းနာသုံးခုကို စဉ်းစားရန်ရှိပေသည်။

၁။ မူဝါဒသက်သက်ဖြင့်ကိုင်တွယ်မည်။

၂။ မူဝါဒသက်သက်သာမက စီးပွားရေးအကွက်အကွင်းနေရာချထားမှု၊ ကုန်လုပ်စွမ်းအားစုဖော်ဆောင်ပုံမှုတို့ဖြင့် ဝင်ရောက်စွက်ဖက်မည်။

၃။ အထက်ပါနှစ်မျိုးစုံကို သင့်သလိုပေါင်းစပ်ကိုင်တွယ်သွားမည်ဖြစ်သည့် နည်းနာသုံးခုအနက် မည်သည့်နည်းနာဖြင့် ဝင်ရောက်စွက်ဖက်လိုသည်ကို သက်ဆိုင်ရာအစိုးရများက ဆုံးဖြတ်ရန်ဖြစ်ပြီး နည်းလမ်းအမှတ် (၃) ကို ယနေ့လူသုံးများသည်ကို တွေ့ရသည်။

တတိယနည်းလမ်းဆိုရာတွင်လည်း မည်သည့်နယ်ပယ်များကို အစိုးရအနေဖြင့် Regulatory Authority အဖြစ် ဒိုင်လူကြီးသက်သက် အဖြစ် ပါဝင်ဆောင်ရွက်မည်။ မည်သည့်နယ်ပယ်များကိုမူ ကိုယ်တိုင်ဝင်ရောက်စွက်ဖက်မည်ဆိုသော အချိုးအဆအမျိုးမျိုးရှိနိုင်ပေရာ သက်ဆိုင်ရာနိုင်ငံ၏ သယံဇာတ၊ အရင်းအမြစ်များ တည်ရှိပုံ၊ ဗျူရိုကရေ အုပ်ချုပ်ရေးယန္တရား၏ အရည်အသွေး ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၏ အသက်ဝင်မှုအတိုင်းအတာတို့ပေါ် မူတည်၍ ရလဒ်အမျိုးမျိုးဖြစ်ပေါ်စေနိုင်ပါသည်။

သို့သော်နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှာမူ နိုင်ငံပိုင်အနေဖြင့်မည်သို့မျှမအောင်မြင်နိုင်သောကြောင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရန် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့က တွန်းအားပေးနေခြင်းဖြစ်ပေသည်။ ဤနေရာတွင် ဖြူပတ်ရထားကဲ့သို့ ရထားပို့ဆောင်ရေးလုပ်ငန်းမျိုးကို နိုင်ငံအများစုတွင် နိုင်ငံပိုင် အဖြစ် လုပ်ကိုင်နေခြင်းသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုသဖွယ်လုပ်ကိုင် နေခြင်းမဟုတ်ဘဲ ပြည်သူ့ရေးရာဝန်ဆောင်မှုအဖြစ် အများပြည်သူ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုစရိုက်စကာ မဖြင့်တက်စေရန် လုပ်ကိုင်ခြင်းသာဖြစ်သည်ကို သိထားသင့်ပါသည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံတွင်လည်း၊ နိုင်ငံတော်ဟုဆိုရမည့် အစိုးရ၏ အစိတ်အပိုင်းက မည်သည့်အတိုင်းအတာအထိ မည်သည့်ပုံသဏ္ဍာန်ဖြင့် ဝင်ရောက်စွက်ဖက်မည်ဆိုသော အခြေခံမူတစ်ရပ် သတ်မှတ်ရန်လိုအပ်လျက်ရှိပါသည်။ ထိုအခြေခံမူသည် နောင်တွင် နိုင်ငံတော်အပိုင်းမှ ပါဝင်လုပ်ဆောင်မည့် အတိုင်းအတာနှင့် ပတ်သက်၍ လမ်းညွှန်မူဝါဒတစ်ခုဖြစ်ရပါမည်။ ပွင့်လင်းသော ဈေးကွက်စီးပွားရေးစနစ်ဆိုသည်မှာ စကားလုံးအားဖြင့် နားထောင်ကောင်းသော်လည်း ပိုမို၍ တိကျသောအခြေခံမူများဖြင့် ပိုမို၍ ရှင်းလင်းသော မူဝါဒများထွက်ပေါ်လာမှသာလျှင် လုပ်ငန်းလမ်းညွှန်သဖွယ် အသုံးတည့်မည်ဖြစ်ပေသည်။ ■

The Voice Weekly Vol 4 -No.14



# ရေခံမြေခံ

အခြေခံဥပဒေများတွင် ရေးသားပြဋ္ဌာန်းထားသော အကြောင်းအရာများသည် ထိုအခြေခံဥပဒေသက်ဝင်လှုပ်ရှားနိုင်မည့် ရေခံမြေခံနှင့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ တည်ရှိမနေလျှင် စက္ကူစာရွက်ထက် မပိုပါဟု နိုင်ငံတကာတအခြေခံဥပဒေဆိုင်ရာ ဂုရုအဖြစ်အသိအမှတ်ပြုခံထားရသူ ယေးလ်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံပါမောက္ခ ရောဘတ်ဒါလ်က ရေးသားခဲ့ဖူးပါသည်။ အဆိုပါမှတ်ချက်ကို ပါမောက္ခကြီးက အမေရိကန်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါဒီမိုကရေစီမဆန်သည့်အပိုင်းများကို ထုတ်နုတ်ဝေဖန်ထားသည့် **"How Democratic Is the American Constitution?"** စာအုပ်တွင် ရေးသားခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါစာအုပ်တွင် ပါမောက္ခကြီးက အမေရိကန်တရားလွှတ်တော်ချုပ်တွင် တသက်ပန်တရားသူကြီးများခန့်ထားသည့်စနစ် ဒီမိုကရေစီနည်းလမ်းမကျပုံ၊ ပြည်နယ်ငယ်လေးများကို အထက်လွှတ်တော်တွင် အညီအမျှကိုယ်စားပြုခွင့်ပေးထား၍ အမေရိကန်လူမျိုးအချင်းချင်း ပြည်နယ်ကိုလိုက်၍ မဲပြားတစ်ပြား၏ ထိရောက်မှုအတိုင်းအတာ (**Voting Power**) ကွာဟပုံများကို ဝေဖန်ထားပါသည်။

အမေရိကန်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် တစ်ခုလုံးသဘောအရ အားသာချက်များရှိသော်လည်း တစ်ခုချင်းဖြုတ်ကြည့်လျှင် ဒီမိုကရေစီမဆန်သော အပိုင်းများပါရှိနေသောကြောင့် ယနေ့ကမ္ဘာပေါ်တွင် ဒီမိုကရေစီစနစ်ကို ကူးပြောင်းကျင့်သုံးခဲ့သူမည်သည့်နိုင်ငံကမျှ မိတ္တူကူးယူခြင်းမခံခဲ့ရကြောင်း ပါမောက္ခကြီးက ရေးသားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် အသစ်ပေါ်ထွန်းလာမည့် အခြေခံဥပဒေသစ်ကိုကြည့်လျှင် အချို့

အခြေခံအားဖြင့်(၃)ရပ် ပိုင်းခြားကျင့်သုံးပုံနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ ရွေးချယ်ခန့်ထားသည့်စနစ်များသည် အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အားသာချက်များနှင့် ဆင်တူပါသည်။

အဓိကအချက်မှာ အချုပ်အခြာအာဏာ (၃) ရပ်ကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးထားသည့် ပုံသဏ္ဌာန်မှာ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကျင့်သုံးစဉ်က အသုံးပြုခဲ့သော ပါလီမန်စနစ်ထက် များစွာသာလွန်သည်ကို တွေ့ရပါသည်။ အဓိကအချက်မှာ အုပ်ချုပ်ရေးအာဏာကျင့်သုံးသည့် သက်ဆိုင်ရာဝန်ကြီးများသည် ဥပဒေပြုရေး man made constrain သည့်သွင်းသူ ပါလီမန်ပေါ်တွင် မဲအများဆုံးရသူပါတီ၏ ကိုယ်စားလှယ်များအဖြစ် လွှတ်တော်ထဲတွင် ရှိမနေခြင်းဖြစ်သည်။ ထိုသို့ သီးခြားစီဖြစ်နေသည့်ကိစ္စသည် Check and Balance စနစ်ကို အားမနာတမ်းလုပ်ဆောင်ရန် ပိုမိုအားဖြည့်ပေးရာရောက်သကဲ့သို့ တစ်ဖက်တွင်လည်း အစိုးရအဖွဲ့ကို သီးခြားလွတ်လပ်စွာ လုပ်ရှားခွင့်ပေးထားသည့်သဘောတိုင် ရောက်ရှိသွားတတ်သည်ကို သတိမူကြရမည်ဖြစ်သည်။ ဥပဒေပြုအဖွဲ့အစည်းသည် ပြည်သူလူထုအတွက် ရည်ရွယ်သည့် ဥပဒေများပြုပေးသကဲ့သို့ အစိုးရအဖွဲ့ကို ရည်ရွယ်၍လည်း ဥပဒေများပြုရပါသည်။

အဓိကပြောလိုသည်မှာ စနစ်မည်သို့ကောင်းစေကာမူ လူပုဂ္ဂိုလ်များ၏ အရည်အသွေးနှင့် အသိဉာဏ်တို့ကလည်း အရေးကြီးသောကဏ္ဍမှ ပါဝင်နေသည်ဆိုသောအချက်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် နှစ်ပေါင်း (၄၈) နှစ်အကြာတွင်မှ ဒီမိုကရေစီစနစ် ပြန်လည်ကျင့်သုံးရခြင်းဖြစ်ရာ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ အသက်ဝင်လာရေးသည် နိုင်ငံသားများနှင့် နိုင်ငံသားများ ရွေးချယ်တင်မြှောက်လိုက်သူ ကိုယ်စားလှယ်များပေါ် များစွာတည်နေကြောင်း ဖော်ပြလိုက်ရပါသည်။

■

The Voice Weekly Vol 4 -No.18

## အခြေခံဥပဒေသစ်နှင့် ပတ်သက်၍

မြန်မာနိုင်ငံတွင် အခြေခံဥပဒေသစ်တစ်ရပ်ကို ပြဋ္ဌာန်းရန်အလို့ငှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို လာမည့်မေလတွင် ကျင်းပမည်ဖြစ်ကြောင်း အစိုးရက ထုတ်ပြန်ကြေညာခဲ့ရာ ပြည်သူလူထုအနေဖြင့် မိမိတို့ဆန္ဒမဲပေးကြရမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ကို အစွဲအလမ်းကင်းကင်းဖြင့် စနစ်တကျခွဲခြမ်းစိတ်ဖြာ လေ့လာရန် လိုအပ်လာပါသည်။

အဆိုပါအခြေခံဥပဒေမူကြမ်းကို လောလောဆယ် မထုတ်ပြန်ရသေးသော်လည်း အမျိုးသားညီလာခံက ပြဋ္ဌာန်းပေးခဲ့သော အခြေခံမူ(၁၀၄)ချက်နှင့် အသေးစိတ်အခြေခံရမည့်မူများကို စာအုပ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေရောင်းချလျက်ရှိရာ ပြည်သူများ အနေဖြင့် ဝယ်ယူလေ့လာဖတ်ရှုသင့်ကြပါသည်။

ယခုဆောင်းပါးတွင် အဆိုပါပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေထားသော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများစာအုပ်မှ မရှင်းလင်းသောအချက်နှစ်ချက်ကို ပြည်သူလူထုကိုယ်စား The Voice Weekly က မေးမြန်းပေးရန်ရည်ရွယ်ပါသည်။ အခြေခံဥပဒေမူကြမ်းကို အစဉ်အလာနှင့်အညီ ပြည်သူအကြား မကြာမီချပြ ဆွေးနွေးကြမည်ဖြစ်သော်လည်း သက်ဆိုင်ရာပညာရှင်အချို့သာ ဖြေကြားနိုင်မည်ထင်၍ ဤနေရာမှ မေးမြန်းရခြင်းဖြစ်ပါသည်။

ပထမအချက်မှာ ပြည်ထောင်စုဝန်ကြီးများခန့်ထားရန်အလို့ငှာ နိုင်ငံတော်သမ္မတက အမည်စာရင်းတင်သွင်းသည့်လုပ်ငန်းစဉ်နှင့် ပတ်သက်ပါသည်။ ပြည်ထောင်စုဝန်ကြီးများအား နိုင်ငံတော်သမ္မတက အမည်စာရင်းတင်သွင်း၍ ပြည်ထောင်စုလွှတ်တော် (လွှတ်တော်

နှစ်ရုပ်ပေါင်း) က ဓါးခွဲဆုံးဖြတ်၍ အတည်ပြုရမည်ဖြစ်ရာ ထိုလုပ်ငန်းစဉ်နှင့် ပတ်သက်၍ အသေးစိတ်အခြေခံရမည့်မူများတွင် အောက်ပါအတိုင်း ဖော်ပြပါရှိပါသည်။

၂။ ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းနှင့် စပ်လျဉ်း၍–

(က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန်–

(၁) လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်၊

(၂) ကာကွယ်ရေး၊ လုံခြုံရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနများအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သည့် တပ်မတော်သား များ၏ အမည်စာရင်းကို ရယူရမည်၊

(၃) ကာကွယ်ရေး၊ လုံခြုံရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနများအပြင် အခြားဝန်ကြီးဌာနများတွင် တပ်မတော်သားများအား ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ ရရှိသည့် တပ်မတော်သားများ၏ အမည်စာရင်းတို့ကို စုစည်း၍ ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်၊

(ဂ) ပြည်ထောင်စုဝန်ကြီး၏ အရည်အချင်းများနှင့် မပြည့်စုံကြောင်းအထင်အရှား မပြနိုင်ပါက ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော် သမ္မတက အမည်စာရင်း တင်သွင်းသည့်ပုဂ္ဂိုလ်အား ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန်ငြင်းပယ်ခွင့်မရှိစေရ၊

(ဃ) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် မရရှိသည့်ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်၊

(င) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် ရရှိပြီးသည့်ပုဂ္ဂိုလ်များအား ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရမည်။ ထိုသို့ခန့်အပ်တာဝန်ပေးရာတွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု ဝန်ကြီးတစ်ဦးချင်းအလိုက် တာဝန်ယူရမည့်ဝန်ကြီးဌာန သို့မဟုတ် ဝန်ကြီးဌာနများကို

သတင်းပေးရမည်၊

(စ) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးသည့်အခါ တိုင်း ပြည်ထောင်စုလွှတ်တော်သို့ အကြောင်း ကြားရမည်၊

(ဆ) ပြည်ထောင်စုဝန်ကြီးများသည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။

အဓိကသိလိုသောအချက်မှာ အရည်အချင်းများနှင့် မပြည့်စုံသော၊ မသင့်လျော်သော ပြည်ထောင်စုဝန်ကြီးလောင်းတစ်ဦးအား မပြည့်စုံကြောင်း မည်သို့အထင်အရှားပြနိုင်မည် နည်းဆိုသောအချက် ဖြစ်ပါသည်။ နိုင်ငံတစ်ခုလုံး၏ဘဝနှင့်ချီ၍ အရေးကြီးသော အရေးပါ သည့်ဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ကြီးများသည် အရည်အချင်း ပြည့်ဝ ရန် အထူးပင်အရေးကြီးသော်လည်း အရည်အချင်းများနှင့်မပြည့်စုံကြောင်း အထင်အရှားပြရန် အခက်အခဲရှိနိုင်သောကြောင့် ယခုကဲ့သို့မေးမြန်းရခြင်းဖြစ်ပါသည်။ အမှန်အားဖြင့် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က သင့်လျော်၍ ရွေးချယ်ခဲ့သူ (၁၁၀+၅၆) ၁၆၆ ဦးနှင့် ပြည်သူလူထုက သင့်လျော်၍ ရွေးချယ်တင်မြှောက်ခဲ့သူ (၃၃၀+၁၆၈) ၄၉၈ ဦးတို့၏ အသိဉာဏ်သည် ထင်ရှား သောအထောက်အထားပင်ဖြစ်ရာ ၎င်းတို့၏ အဆုံးအဖြတ်ကို တာဝန်ရှိသူတို့အားလုံး လက်ခံ ကြရမည်ဟု ယူဆပါသည်။

ဒုတိယအချက်မှာ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များနှင့် ပတ်သက် ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသောအခြေခံမူများနှင့် အသေးစိတ်အခြေခံ ရမည့်မူများတွင် နိုင်ငံသားတို့၏ မူလအခွင့်အရေးနှင့် တာဝန်များကို နိုင်ငံတကာစံချိန်မီ ရှင်းရှင်းလင်းလင်းဖော်ပြထားသော်လည်း ထူးခြားသောစသိုဒ်တစ်ခုမှာ လိုင်းတား၍ဖော်ပြ ထားသည့်အတိုင်း တွေ့ရပါသည်။

၁၁။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာ အေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက် ခွင့်ရှိသည် ...

(က) မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ် လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးချီတက်ဆန္ဒပြသည့်ခွင့်

(ဂ) အသင်းအဖွဲ့နှင့် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊

(ဃ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်း

ကိုလည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှု မရှိစေဘဲ၊ မိမိရွေးချယ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်။

အဆိုပါစာပိုဒ်ကို အဓိပ္ပာယ်ကောက်ယူသောအခါ အမျိုးသားညီလာခံကြီးက ချမှတ်လိုက်၍ ပြည်သူလူထုတစ်ရပ်လုံးက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် အတည်ပြုခဲ့သော အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဒီမိုကရေစီမဟုတ်သည့် အုပ်ချုပ်ရေးနစ်က ပြဋ္ဌာန်းထားခဲ့သော ဒီမိုကရေစီအခွင့်အရေးများကို ကန့်သတ်ထားခြင်းက ပြဋ္ဌာန်းချက်များကို မလွှမ်းမိုးနိုင်သည့်သဘောမျိုးဖြစ်နေပါသည်။ ဥပဒေတို့တွင် အခြေခံဥပဒေက အဆင့်အမြင့်ဆုံး ဖြစ်ရာ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များသည် အခြားဥပဒေပြဋ္ဌာန်းချက်များနှင့် ကွဲလွဲလျှင် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုသာ အတည်ယူရမည့်သဘောရှိပါသည်။ နိုင်ငံတကာ ဥပဒေပြုလုပ်ငန်းစဉ်များတွင်လည်း အသစ်ပြဋ္ဌာန်းသည့်ဥပဒေတစ်ရပ်ရပ်သည် တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ကွဲလွဲမှုရှိပါက အသစ်ပြဋ္ဌာန်းသော ဥပဒေက လွှမ်းမိုးစေရမည်ဟူသောစာပိုဒ်တစ်ပိုဒ် ပါရှိလေ့ရှိသည်ကို တွေ့ရပါသည်။ ယခုကိစ္စကို ရေးဆွဲသူပညာရှင်များ မည်သို့သဘောဖြင့် အခြေခံဥပဒေကို တည်ဆဲခေတ်ဟောင်းဥပဒေများက လွှမ်းမိုးနိုင်ရ သည်ကို ပြည်သူလူထုကိုယ်စား မေးမြန်းခွင့်ပြုစေလိုပါသည်။ ■

**The Voice Weekly Vol 4 -No.18**

## လူ့အဖွဲ့အစည်းက ဖြည့်ဆည်းရမည့်အရာတစ်ခု

မြန်မာနိုင်ငံတွင် ယခုအခါစည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဟု အစိုးရကခေါ်ဝေါ်သုံးစွဲသော စနစ်တစ်ခုဆီသို့ ပြောင်းလဲကျင့်သုံးရန်ပြင်ဆင်လျက်ရှိသည်ကို တွေ့ရပါသည်။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဟု ခေါ်ဝေါ်သုံးနှုန်းခြင်းနှင့်ပတ်သက်၍ အစိုးရတွင် အကြောင်းတစ်ခုံတစ်ရာ ရှိလိမ့်မည်ဟုထင်ပါသည်။ တစ်နည်းအားဖြင့်ပြောရလျှင် မည်သည့်အတိုင်းအတာထိခွင့်ပြုမည်ဟု တည်ဆဲအစိုးရက အခြေခံဥပဒေမူကြမ်းဖြင့် ထုတ်ပြန်ပေးခဲ့သော အခြေအနေသစ်ကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဟု သုံးနှုန်းခြင်းဖြစ်ဖွယ်ရှိပါသည်။

ဒီမိုကရေစီဟုအများကခေါ်ကြသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှု ရေးပုံသဏ္ဌာန်နှင့်ပတ်သက်၍ အခြေခံဥပဒေဂုရုဟုသတ်မှတ်ခံရသည့် ကမ္ဘာကျော်ပါမောက္ခ Robert A Dahl က Essential Condition ဟုခေါ်သည့် မဖြစ်မနေလိုအပ်ချက် သုံးချက်၊ Favourable Conditions ဟုခေါ်သည့် ရှိလျှင်ကောင်းသည်ဆိုရမည့်အချက်

နစ်ချက်ကို ၎င်း၏ ကမ္ဘာကျော်စာအုပ်တစ်အုပ်တွင် ဖော်ပြခဲ့ဖူးပါသည်။

မဖြစ်မနေလိုအပ်ချက်ကြီးသုံးခုမှာ –

(၁) လက်နက်ကိုင်တပ်ဖွဲ့များနှင့် ဒီမိုကရက်တစ်အဖွဲ့အစည်းများအကြား အပြန်အလှန်ယုံကြည်မှုနှင့် အလေးထားမှု၊

(၂) ပြည်သူလူထုအကြား ဒီမိုကရေစီဟုခေါ်ကြသည့် သဘောသဘာဝများအပေါ် ယုံကြည်မှုနှင့် နိုင်ငံရေးဆိုင်ရာ လူမှုဆက်ဆံမှု (Democratic Beliefs and Political Culture)၊

(၃) ဒီမိုကရေစီစနစ်ကို အဟန့်အတားပြုသည့် ပြည်ပနိုင်ငံကြီးများ၏ ဩဇာသက်ရောက်မှုမရှိစေခြင်း (No strong foreign control hostile to democracy)

ရှိလျှင် ပိုကောင်းသည်ဟု ဆိုရမည့်အချက်နှစ်ချက်မှာ–

(၁) ခေတ်မီဈေးကွက်စီးပွားရေးစနစ်နှင့် လူမှုဝန်းကျင်၊

(၂) ယဉ်ကျေးမှုမတူညီသည့် လူမျိုးစုများအများအပြား ကွဲပြားတည်ရှိမနေခြင်း၊

အထက်ပါအချက်များကိုကြည့်လျှင် မြန်မာနိုင်ငံအနေဖြင့် ဖြစ်နိုင်ခြေရှိသော စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်တွင် မည်သည့်တန်ဖိုးများပါဝင်နိုင်မည်ကို ခန့်မှန်းနိုင်မည်ဖြစ်သကဲ့သို့ နောက်တစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် မည်မျှရင်းကျက်ရန်လိုအပ်သည်ကိုလည်း ခန့်မှန်းနိုင်ပါသည်။

အဓိကအချက်မှာ အထက်တွင်ဖော်ပြထားသည့်အချက် ငါးချက်အနက် ပြည်သူလူထုနှင့်တိုက်ရိုက်သက်ဆိုင်သည့် Democratic Beliefs and Political Culture နှင့်ပတ်သက်၍ ဤနေရာတွင် ဆွေးနွေးလိုခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ တွင် Democratic Memory ဟု ခေါ်ရမည့် နိုင်ငံရေးအလေ့အကျင့်မှာ ၁၉၆၂ ခုနှစ်နောက်ပိုင်းတွင် မရှိတော့သည်ဖြစ်ရာ ယနေ့အသက် ၅၅ နှစ်နှင့်အောက် နိုင်ငံသားအားလုံးသည် ထိုအလေ့အကျင့်များကို လုံးဝသိမီခဲ့ခြင်း မရှိဟုဆိုရမည်ဖြစ်သည်။ ထို့ကြောင့် Democratic Beliefs and Political Culture ဆိုသည်မှာလည်း မကြာခင်ပေါ်ထွန်းလာမည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်နှင့်အတူ မြေခမ်းရေမ်းပျိုးလေ့ကျင့်ယူကြရဦးမည့်သဘောရှိပါသည်။ ဤသို့ဖော်ပြခြင်းကို စနစ်တစ်ခုမှ တစ်ခုသို့ ချက်ချင်းကူးပြောင်းရန်ဖြစ်နိုင်သည်ဟု အိပ်မက်မက်နေသူများ လက်ခံနိုင်

ဖွယ်မရှိသော်လည်း အမှန်တရား၊ အရှိတရားကို လက်တွေ့မြင်ကြသည့်အခါ သဘော ပေါက်ကြလိမ့်မည်ဟုထင်ပါသည်။ ပညာကို စနစ်တကျဆည်းပူးလေ့လာထားသူ အားလုံး Democratic Beliefs and Political Culture မရှိဘဲ စနစ်တစ်ခုမှ တစ်ခုသို့ ကူးပြောင်းရန်မဖြစ်နိုင်သည်ကို သဘောပေါက်ကြပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိ Democratic Beliefs နှင့် Political Culture အနေအထားမှာ အထက်တွင်ဖော်ပြခဲ့ သော သဘောတရားမျိုးကို ဖွင့်ဟပြောကြားရန်ပင် လူ့အဖွဲ့အစည်းက လက်မခံသည့် သဘောမျိုးရှိနေသည်ကိုတွေ့ရပါသည်။ စနစ်တစ်ခုမှတစ်ခုသို့ ချက်ချင်း ကူးပြောင်း ရန်မဖြစ်နိုင် ဆိုသောစကားမျိုးကိုပင် အလွယ်တကူ ဘက်တစ်ဖက်မှ လူအဖြစ် ဘာသာပြန်လိုက်ကြသောလူ့အဖွဲ့အစည်းကို ဒီမိုကရေစီစနစ်၏ စံများလက်ခံကျင့်သုံး နိုင်ရန် မည်မျှအချိန်စောင့်ရမည် ပြောရန်ပင်ခက်ခဲပါသည်။ တစ်နည်းအားဖြင့်ပြော ရလျှင် မြန်မာတို့အနေဖြင့် မိမိတို့မျှော်မှန်းနေသော စနစ်ကိုရရှိရန်အတွက် ထိုစနစ်၏ အပြုအမူအကျင့်အကြံများကို စနစ်တကျလိုက်နာကျင့်သုံးခြင်းဖြင့် ထိုစနစ်နှင့် ထိုက်တန်သူများအဖြစ် မိမိကိုယ်ကိုယ်မိမိ ပျိုးထောင်ရေးသည်သာ ခေတ်ပြောင်း စနစ်ပြောင်း၏ အခြေခံဖြစ်လိမ့်မည်ဆိုသောအချက်ဖြစ်ပါသည်။

အထက်တွင် ဖော်ပြခဲ့သကဲ့သို့ စာရေးသူတို့၏ လူ့အဖွဲ့အစည်းသည် ဤ သဘောတရားများကို ရိုးသားစွာလက်တွေ့ကျကျဆွေးနွေးသုံးသပ်ပြောဆိုခြင်းကိုပင် တလွဲဘာသာပြန်၍ Us or Them ခွဲခြားနေဦးမည်ဆိုလျှင် မျှော်လင့်ချက်များ အိပ်မက်ထက်မပိုနိုင်သည်ကို သတိထားသင့်သည်ဆိုသောအချက်ဖြစ်ပါသည်။

ယနေ့မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့်ပတ်သက်၍ လူကြိုက်များသည့် စကားလုံးများကို မပြောသူများအား လူ့အဖွဲ့အစည်းက မည်သို့တုံ့ပြန်သည် ဆိုသောအချက်မှာ မြန်မာတို့၏ Democratic Beliefs and Political Culture ဖြစ် သည်ဆိုသောအချက်ကို နိုင်ငံသားအများစုသဘောပေါက်ကြလျှင် မျှော်မှန်းထားကြ သည့် ခေတ်မီ နိုင်ငံတော်သစ်မှာ အလှမ်းမဝေးပါဟုဆိုချင်ပါသည်။ ■

**The Voice Weekly Vol 4-No.28**

# အသွင်ကူးပြောင်းရေးစနစ်၏ နက်နဲမှု

နှစ်သစ်ကူးပြောင်းရန် အချိန်ကျရောက်လာသည်နှင့်အမျှ မြန်မာနိုင်ငံတွင် ပြင်ဆင်နေသည့် အခြေခံဥပဒေသစ်ကခွင့်ပြုမည့် အသွင်ကူးပြောင်းရေးကာလသည် တစစနီးကပ်လာပြီဖြစ်သည်ကို ခန့်မှန်းနိုင်ပါသည်။ အသွင် ကူးပြောင်းရေးဆိုသော စကားရပ်သည်ပင်လျှင် စနစ်တစ်ခုမှတစ်ခုသို့ ကူးပြောင်းရခြင်းဖြစ်ရာ ကမ္ဘာပေါ်တွင် ဖြစ်ပေါ်ခဲ့သော ဥပမာများအရ လွယ်ကူအဆင်ပြေသော လုပ်ငန်းစဉ်တစ်ရပ်လည်း မဟုတ်ပေ။ တစ်နည်းအားဖြင့် စနစ်ဟောင်းဖြင့် အသားကျနေသူများနှင့် စနစ်သစ်ကိုလိုလားသူများအကြား Pareto Optimum ခေါ် အချိုးကျမဟုတ်သည့် မျှခြေတစ်ခုရရှိရေးမှာ များစွာနက်နဲသိမ်မွေ့သည်ကို တွေ့နိုင်ပါသည်။

စနစ်သစ်ကိုလိုလားသူများအနေဖြင့် အသွင်ကူးပြောင်းရေးကာလ၏ နက်နဲသိမ်မွေ့မှုကိုသိလိုပါလျှင် မိမိတို့၏ ရှုထောင့်နှင့် လုံးလုံးမတူခြားနားသော စနစ်ဟောင်းကို အသားကျနေသူများ၏ ရှုထောင့်ကို ပြောင်းရွှေ့ကြည့်ရှုသင့်သည်ဟု ဤနေရာတွင် အဆိုပြုလိုပါသည်။ ဤသို့ပြောင်းရွှေ့ကြည့်ရှုလျှင် မည်သည့်အတိုင်းအတာအထိ ဖြစ်နိုင်ခြေရှိသည်ဆိုသောအချက်မှာလည်း ရှင်းလင်းစွာတွေ့မြင်နိုင်သည်သာဖြစ်ပေသည်။ အဓိကစွဲခြားရမည့် အကြောင်းကိစ္စ ရပ်ကြီးနှစ်ခုမှာ 'စနစ်' ဟုခေါ်ကြသည့် System နှင့် စနစ်ပေါ်အခြေပြုထားသည် အာဏာဟု ခေါ်ကြသည့် Power ဆိုသည့်ကိစ္စရပ်နှစ်ခုဖြစ်ပေသည်။

အသွင်ကူးပြောင်းရေး၏ အဓိကအနှစ်သာရမှာ 'စနစ်' ဖြစ်ပြီး 'အာဏာ'မှာ အဓိကအနှစ်သာရမဟုတ်ပေ။ အသွင်ကူးပြောင်းရေးဖြစ်စဉ်အတော်များများကို ကြည့်လျှင် နှစ်ခုစနစ်ဖြစ်နိုင်ခြေအလွန်နည်းသောကြောင့် System ကိစ္စနှင့် Power ကိစ္စနှစ်ခုအနက် မည်သည့်ကိစ္စကို အလေးထားမည်ဆိုသောအချက်ကိုလည်း လူထုက ဆုံးဖြတ်ရန် လိုအပ်ပါသည်။

စနစ်ဟောင်းမှစနစ်သစ်သို့ ကူးပြောင်းထူထောင်ပေးရန် Rule of the Game ကို ဆုံးဖြတ်ပေးရသူများဘက်မှကြည့်လျှင် နှစ်ခုစလုံး တစ်ပြိုင်နက်ပြောင်းလဲပေးရန်

ခက်ခဲသည်ဖြစ်ရာ စနစ်ပြောင်းသည့်ကိစ္စ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ဖြစ်ပေါ်ခဲ့လျှင် အသွင် ကူးပြောင်းရေးအောင်မြင်သည်ဟု ဆိုနိုင်ပါသည်။

အတည်ပြုထားသည့် အခြေခံဥပဒေအသစ်သည် ယခင်စနစ်ဟောင်းတွင် နိုင်ငံရေး၌ပါဝင်ခွင့်မရှိသူများအား လွှတ်တော်သုံးရပ်မှ တစ်ဆင့်ပါဝင်ဆောင်ရွက်ခွင့်ပြုထားသည်ကို တွေ့နိုင်ပါသည်။ များစွာသေချာသည်မှာ ထိုဝင်ပေါက်ကြီး သုံးပေါက်မှ နိုင်ငံရေးလူသစ်အများအပြားစုဝင်ရောက်လာတော့မည်ဆိုသော အချက်ဖြစ်ပါသည်။

တိုတိုကျကျပြောရလျှင် Political Process ဟု ခေါ်သောနိုင်ငံရေးစနစ် မည်မျှ အသွင်ပြောင်းလဲသွားသည်ဆိုသောအချက်သည် အဆိုပါလွှတ်တော်သုံးရပ်တွင် ပါဝင်လာကြသော Player သစ်များအပေါ် များစွာမူတည်နေပါသည်။ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် Political Process ခေါ် နိုင်ငံရေးစနစ်တို့၏ သဘောသဘာဝကို မည်မျှနားလည်သဘောပေါက်သနည်းဆိုသောအချက်က အသွင်ကူးပြောင်းရေးပုံသဏ္ဌာန်ကို အဓိကပြဋ္ဌာန်းခြင်းဖြစ်ရာ ဤကိစ္စသည် ယနေ့ပင် ဆည်းပူးပြင်ဆင်ကြရမည့်အကြောင်းအရာဖြစ်ပေသည်။

အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အသွင်ကူးပြောင်းရေးကို ဖော်ဆောင်ကြမည့် Enlightened Law Makers ခေါ် ထက်မြက်သည့်လွှတ်တော်ကိုယ်စားလှယ်အရေအတွက် မည်မျှပါဝင်လာမည်ဆိုသောအချက်ကို မခန့်မှန်းနိုင်သည့် တိုင်တစ်ဦးတာဆလရှိလျှင်ပင် သာမန်အားဖြင့် ကြားရလေ့မရှိသော အကြောင်းအရာ များကို ကြားကြရပါလိမ့်မည်။ သာမန်အားဖြင့် ကြားရလေ့မရှိသောအကြောင်း အရာများဆိုသည်မှာ ထူးထူးခြားခြားအကြောင်းအရာများကို ဆိုလိုခြင်းမဟုတ်ပါ။ ဥပမာအားဖြင့်ပြောရလျှင် ယနေ့ကမ္ဘာ့စီးပွားရေးပျက်ကပ်နှင့်ပတ်သက်၍ ပုဂ္ဂလိက တဏ္ဍကလုပ်နိုင်သော အကြောင်းအရာများနှင့် အစိုးရကလုပ်ရမည့်အကြောင်းအရာများဟူ၍ နှစ်ခုရှိသည့်အနက် အစိုးရကလုပ်ရမည့် အကြောင်းအရာများကို မဆွေးနွေးထိုက်၊ ဤကိစ္စသည် နိုင်ငံရေးဖြစ်သည်ဟု ခံယူထားကြသည့် အစဉ်အလာ အယူအဆလွဲမှားမှုများကို ဆိုလိုပါသည်။ နိုင်ငံရေးနှင့် နိုင်ငံတည်ဆောက်ရေးကို မခွဲနိုင်သူများကြောင့် ဤအယူအဆမျိုးပေါ်ပေါက်ခဲ့ရခြင်းဖြစ်ပြီး ပြောကောင်းသောအရာဖြစ်သည်ဟု လွှတ်တော်များပေါ်မှ သက်ဆိုင်သူအားလုံးကို အလေ့အကျင့်လုပ်ပေးရန်လိုအပ်ပါသည်။ ထိုသို့ပြောကြားသည့် အလေ့အကျင့်ပြုလုပ်ပေးရန် လွှတ်တော်ပေါ်တွင် ထက်မြက်၍ ကိုယ်ကျိုးကင်းသူလွှတ်တော်ကိုယ်စားလှယ် တစ်ဦးသာရှိရန်လိုပါသည်။

ပြည်သူ့လွှတ်တော်ပေါ်တွင် ဆွေးနွေးသောအကြောင်းအရာ ဖြစ်သွားသော

ကြောင့် နိုင်ငံပိုင်မီဒီယာများက ဤကိစ္စကို သတင်းထုတ်ပြန်ပေးရန် တာဝန်ရှိသွား သည်။ အခြေခံဥပဒေအရလည်း ခွင့်ပြုထားသော ယခုကိစ္စကို ပုဂ္ဂလိကမီဒီယာများက ကာယကံရှင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကို ကိုးကား၍ သတင်းထုတ်ပြန်ရန် ကြိုးစားကြတော့မည်ဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသာ သဘောပေါက်သောကိစ္စဖြစ်၍ ထိုကိစ္စ အဆုံးအဖြတ်အဖြစ် ပေါ်ပေါက်မလာနိုင်သည့်တိုင် ထိုကိစ္စမျိုးကို ဖော်ပြစဖူး မီဒီယာများက ဖော်ပြကြရပါလိမ့်မည်။ ပြည်သူများလည်း ဖတ်ရှုခွင့်ရပါလိမ့်မည်။ သတင်းစာဆရာ ကျွမ်းကျင်လိမ္မာနံ့စပ်လျှင် အဆိုပါကိစ္စကို ပြည်သူလူထုထောက်ခံမှုရအောင် Opinion Shaping လုပ်နိုင်ပါလိမ့်ဦးမည်။ ပြည်သူလူထုဘက်မှ အပြစ်တင်မဲဆောလျှင် သတင်းစာများက နှစ်ဖက် လက်ခံနိုင်မည့် ကိစ္စများစွာကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြောဆိုလာမည်သာဖြစ်ပါသည်။ အစဉ်အလာသမားရိုးကျ စဉ်းစားခဲ့ကြသည့် Self Censorship ဟု ခေါ်သည့် အထူးသတိထားကြရသည့် ကိစ္စရပ်များစွာတို့သည် နိုင်ငံရေးစနစ်သစ်က ခွင့်ပြုသည့်တိုင် ချက်ချင်းပေါ်ပေါက်လာနိုင်သည် မဟုတ်ပါ။ အထူးသဖြင့် ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားနှင့် တစ်နည်းမဟုတ် တစ်နည်းပါဝင်ပတ်သက်ခဲ့သူများသည် လွှတ်တော်များပေါ်တွင် ဖြစ်ပေါ်လာနိုင်သည့် Debate ခေါ် ဆွေးနွေးငြင်းခုံမှုများကို သိစိတ်၊ မသိစိတ်နှစ်မျိုးလုံးမှ လက်ခံရန် အသင့်မရှိရာ အချိန်ယူ၍ တဖြည်းဖြည်းအသားကျအောင် ဆောင့်ဆိုင်းရန်လိုအပ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အကြောင်းအရာတစ်ခုတည်းကိုပင် အားလုံး အသားကျအောင် မည်မျှဆောင့်ဆိုင်းစိတ်ရှည်ရန် လိုအပ်သည်ကို စဉ်းစားကြည့်နိုင်ပါသည်။

၂၀၁၀ မှ ၂၀၁၅ ထိ ကြာမြင့်မည့် ပထမအကြိမ် ပါတီစုံပြည် သူ့လွှတ်တော်ပေါ်တွင် အသွင်ကူးပြောင်းရေးနှင့် တစ်ပါတည်းလုပ်ဆောင်ရမည့် တွေးခေါ်ပြုမူကျင့်ကြံပုံ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များစွာရှိနေပါသည်။ Debate တစ်ခုကို ယဉ်ဝါးအောင်လုပ်နိုင်လျှင်ပင် မြန်မာနိုင်ငံတွင် Debate များစွာ လူ့အဖွဲ့အစည်းတွင် ပေါ်ပေါက်ရေးလမ်းပွင့်သွားလိမ့်မည်ဖြစ်ပေသည်။ Debate များသည် တစ်နည်းအားဖြင့် Brain Storming ခေါ် ဦးနှောက်မုန်တိုင်းဆင်ရေးပင်ဖြစ်ရာ Public Policy ကောင်းများ ပေါ်ပေါက်ရေးအတွက် များစွာအထောက်အကူဖြစ်စေပါလိမ့်မည်။ မီဒီယာများတွင် Public Policy အဖြစ် ကောက်ယူသုံးစွဲသင့်သည့် Debate များအဖြစ် အနှိမ့်ဆုံးမြင်ရလိမ့်မည်ဖြစ်ပေသည်။ ဤသည်ပင်လျှင် စနစ်တစ်ခုမှတစ်ခုသို့ အသွင်ကူးပြောင်းခြင်းဖြစ်ပေသည်။

■ The Voice Weekly Vol 5-No.7

# စာပတ်သူများသို့



ပြီးခဲ့သောရက်ပိုင်းများဆီက တိုက်တိုက်ဆိုင်ဆိုင် သဘောသဘာဝ ဆင်တူသော မေးစာနှစ်စောင်ကို စာရေးသူလက်ခံရရှိခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင် မေးစာရေးသူနှစ်ဦးလုံးက သူတို့သည် အဖြူအမည်းနှစ်မျိုးသာ သိသူများဖြစ်ပါသည်ဟုရေးခဲ့ကြသည်။ ယင်းမေးစာနှစ်စောင်စလုံးက မေးမြန်းထားသောမေးခွန်းမှာ ရွေးကောက်ပွဲဝင်သည်ဆိုခြင်းမှာ အနိုင်ရရှိလို၍ ဝင်ကြခြင်းဖြစ်ရာ စာရေးသူတိုက်တွန်းနေသော အရှုံးပေးရေးကိစ္စသည် မည်သို့သော အဓိပ္ပာယ်နှင့်ပြောသနည်းဆိုသောအမေးဖြစ်သည်။ နောက်မေးခွန်းတစ်ခုမှာ မောင်စူးစမ်း၊ ကျော်ဝင်း၊ အောင်ထွန်း၊ ဒေါက်တာသန့်မြင့်ဦး အားလုံးက အခြေခံဥပဒေနှင့် ရွေးကောက်ပွဲသည် အပြောင်းအလဲတစ်ခုဖြစ်သည်။ တခြားရွေးချယ်စရာမရှိဟု ပြောနေကြကြောင်း၊ ဆရာတို့က ပညာရှင်များဖြစ်ကြပြီး ကျွန်တော်တို့က အဖြူအမည်းများဖြစ်ကြ၍ ထိုသို့ကွဲပြားခြင်းဖြစ်ပါသလား၊

ပညာရှင်ဖြစ်သွားလျှင် ဤသို့မြင်ကြသလားဆိုသော အမေးဖြစ်သည်။ **E-mail** နှင့်ရောက်လာသောစာထဲတွင် စာရေးသူ အခါအားလျော်စွာ ကိုးကားသော **Marxist** သီအိုရီနှင့်ပတ်သက်၍ စာရေးသူ၏သဘောထားကိုလည်း မေးထားသည်ကိုတွေ့ရသည်။ အဆိုပါ **E-mail** ထဲတွင် အောင်ထွန်းမှာ ဒေါက်တာနေဝင်းမောင်၏ ကလောင်တစ်ခုဟုတ်ပါသလားဟုလည်း မေးထားသည်။ ပေးစာရှင်များက စာရေးသူ၏အဖြေကိုသိလိုကြောင်း ရေးသားထားကြသည်။ ယခုဆောင်းပါးသည် အဆိုပါပေးစာရှင်များသို့ပြန်ကြားစာဖြစ်ပြီး စာဖတ်သူအားလုံးကိုလည်း ရည်ညွှန်းပါသည်။ (ပေးစာတစ်စောင်ကိုမူ အကြောင်းကြောင်းကြောင့် ချန်လှပ်ထားခဲ့ပါသည်။)

၁။ စာရေးသူ၏အမည်မှာ နေဝင်းမောင်ဖြစ်ပြီး ဒေါက်တာ နေဝင်းမောင် မဟုတ်ပါ။ အောင်ထွန်းမှာ စာရေးသူ၏ ကလောင်အမည်တစ်ခုဖြစ်ပါသည်။ စာရေးသူ၏ပထမဘွဲ့သည် ဆေးပညာဘွဲ့ဖြစ်သောကြောင့် လုပ်ဖော်ကိုင်ဖက်အချို့က ဒေါက်တာနေဝင်းမောင်ဟု သုံးနှုန်းကြခြင်းဖြစ်သော်လည်း၊ ဆေးပညာနှင့်မသက်ဆိုင်သော နယ်ပယ်တွင် ပြောဆိုနေကြခြင်းဖြစ်၍ ဒေါက်တာဟု မသုံးနှုန်းသင့်ဟု ယူဆပါသည်။ **The Voice Weekly** တွင် ကလောင်ပုန်းများမရှိပါဟု ပြောထားသည့်အတိုင်း၊ အောင်ထွန်းမှာ မည်သူမည်ဝါဖြစ်ကြောင်း ဖုံးဖိထားရန်အကြောင်းမရှိပါ။ သို့သော် ပီတောက်မြေအမည်ရှိ **Website** ပေါ်တွင်ရေးနေသောအောင်ထွန်းနှင့် စပ်ဆင်ဆင်ကလောင်အမည်တစ်ခုမှာ ဘယ်သူဘယ်ဝါမှန်းစာရေးသူမသိပါ။ **Living Color** မဂ္ဂဇင်းကို စတင်တည်ထောင်စဉ်ကပင် အယ်ဒီတာများအကြား ကလောင်အမည်ကို မတည်ဆောက်ကြဘဲ မီဒီယာ၏ဩဇာကိုသာတည်ဆောက်ကြမည်ဟု သဘောတူညီခဲ့ကြသည့်အတိုင်း စာရေးသူသည် ကလောင်အမည်တစ်ခု သတ်သတ်မှတ်မှတ်မထားဘဲ ကလောင်အမည်အမျိုးမျိုးနှင့် ရေးခဲ့ခြင်းဖြစ်ပါသည်။

၂။ ပေးစာပါအဓိကလိုရင်းဖြစ်သည့် ရွေးကောက်ပွဲကိစ္စကို အနည်းငယ်ရှင်းပြလိုပါသည်။ ရွေးကောက်ပွဲကို မဲဆန္ဒနယ်ရေ [illegible] ၏ [illegible] ကျင်းပြီး အရှုံးပေးလိုက်ပါဟု ပြောခဲ့စဉ်က စာရေးသူ ညွှန်းခဲ့သည်မှာ [illegible] အတိုက်အခံပါတီကြီးသို့ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် [illegible] မဲဆန္ဒနယ် အားလုံးကို ဝင်ရောက်ယှဉ်ပြိုင်နိုင်သော ပါတီ [illegible] ရှိနိုင်ပါလိမ့်မည်ဟု စာရေးသူထင်ပါသည်။ မည်သို့ပင်ဖြစ်စေ ထိုသို့ [illegible] နီးပါးဝင်ပြိုင်နိုင်သော ပါတီကြီးများကို ရွေးကောက်ပွဲတွင် အနိုင်ရရှိစေ [illegible] ဟု ပြောကြား

ရခြင်းမှာ အသွင်ကူးပြောင်းမှုချောချောမွေ့မွေ့ဖြစ်စေရန်အလို့ငှာဖြစ်ပါသည်။

၁၉၈၈ အရေးအခင်းကာလအတွင်း ထိုစဉ်က နိုင်ငံတော်သမ္မတဖြစ်သူ ဒေါက်တာမောင်မောင်က ရွေးကောက်ပွဲများ သုံးလအတွင်းပြုလုပ်ပေးမည်ဟု ကမ်းလှမ်းခဲ့ချိန်တွင် ဝန်ကြီးချုပ်ဟောင်းဦးနုက ပြောခဲ့သောမှတ်ချက်တစ်ခုကို ဤနေရာတွင် ကိုးကားလိုပါသည်။ ရွေးကောက်ပွဲကို သုံးလအတွင်းပြုလုပ်လျှင် အာဏာရပါတီသာ ရွေးကောက်ပွဲနိုင်ပါလိမ့်မည်၊ ဤကိစ္စမတရားပါဟု ဝန်ကြီးချုပ်ဟောင်း ဦးနုကို လူငယ်တစ်ဦးကမေးရာ ဝန်ကြီးချုပ်ဟောင်းဦးနုက "ဒီလိုဆိုရင်လည်း အတိုက်အခံအဖြစ်ပါဝင်ကြရုံပေါ့။ နိုင်ငံရေးစနစ်ပြောင်း သွားတာအမြတ်ပဲ"ဆိုသည့်သဘောအဖြေပေးခဲ့ပါသည်။ နိုင်ငံသားများ ကံမကောင်းအကြောင်းမလှသောကြောင့် ၁၉၉၀ ရွေးကောက်ပွဲသည် ဝန်ကြီးချုပ်ဟောင်း ဦးနုပေးခဲ့သော မှတ်ချက်မျိုးမဖြစ်ခဲ့ဘဲ ပြောင်းပြန် ဖြစ်သွားခဲ့ပါသည်။ ဝန်ကြီးချုပ်ဟောင်းဦးနုသည် အာဃာတထားလျှင် ထားနိုင်လောက်သောအခြေအနေရှိပြီး လက်နက်ကိုင်တော်လှန်ရေးကိုလည်း စမ်းသပ်ခဲ့ပြီးသူဖြစ်ပါသည်။ ထိုအခြေအနေမျိုးကို စာရေးသူတို့ ဒုတိယအကြိမ်ဆိုက်ရောက်နေခြင်းဖြစ်ပါသည်။ ပညာရှင်တစ်ဦးအနေဖြင့် စာရေးသူ၏အမြင်ကိုပြောရ လျှင် ယနေ့မြန်မာနိုင်ငံတွင် အဓိကလိုအပ်ချက်မှာ နိုင်ငံရေးစနစ်ပြောင်းလဲရေးပင် ဖြစ်ရာ 'စနစ်ပြောင်းအုပ်ချုပ်သူမပြောင်း' ဖြစ်ခဲ့လျှင်လည်း လက်ခံပါသည်ဟု ပြောခဲ့ခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြောရလျှင် ရွေးကောက်ပွဲနှင့်ပတ်သက်လျှင် ဆန္ဒမစောသင့် လောဘမကြီးသင့်ဆိုသောသင်ခန်းစာကိုပြောနေခြင်းဖြစ်ပါသည်။

၃။ E-mail နှင့်ရောက်ရှိလာသောမေးစာတွင် မေးထားသော စာရေးသူ အပေါ် အားလျော်စွာကိုးကားသည့် Marxist သီအိုရီပါ အယူအဆအချို့နှင့် ပတ်သက်၍ အနည်းငယ်ရှင်းပြလိုပါသည်။ စာရေးသူ နိုင်ငံရေးသိပ္ပံဘာသာဘွဲ့လွန် သင်တန်းတက်ရောက်စဉ်က သင်ယူရသော အခြေခံနိုင်ငံရေးဘောဂဗေဒဘာသာ 'Comparative Political Economy' တွင် Marxist သီအိုရီကို သင်ရိုး၏အစိတ် အပိုင်းတစ်ခုအနေနှင့် သင်ယူခဲ့ရပါသည်။ တစ်နည်းအားဖြင့်ပြောရလျှင် Marxist သီအိုရီသည် စာရေးသူတို့ သင်ယူခဲ့ရသောသီအိုရီများအနက် တစ်ခုသာဖြစ်ပါသည်။ သို့သော် စာရေးသူ၏ ပါမောက္ခဖြစ်သူ စာသင်ကောင်းခြင်းကြောင့် စီးပွားရေးကြောင့် နိုင်ငံရေးစနစ်အမျိုးမျိုး ဖြစ်ရသည်ဆိုသော Marxist သီအိုရီအစိတ်အပိုင်းတစ်ခုကို သဘောကျခဲ့ပါသည်။ သို့သော် အဆိုပါသီအိုရီက ညွှန်ပြသောစိတ်ကူးယဉ်ဆန်သော လူတန်းစားမဲ့ပန်းတိုင် ဆိုသည်များကို နိုင်ငံရေးသိပ္ပံပညာရှင် အများစုကြီးက လက်မခံကြပါ။

Mode of Production ခေါ် စီးပွားရေးစနစ်အမျိုးမျိုးကိုမူတည်၍ အုပ်ချုပ်သူနှင့်အုပ်ချုပ်ခံတို့၏ကုန်လုပ်ဆက်ဆံရေးအမျိုးမျိုး ဖြစ်ပေါ်ခြင်းဖြစ်ပြီး ထိုကုန်လုပ်ဆက်ဆံရေးအမျိုးမျိုးကိုမူတည်၍ နိုင်ငံရေးစနစ်အမျိုးမျိုးဖြစ်ရသည် ဆိုသော အပိုင်းကို လက်ခံခြင်းဖြစ်ပါသည်။ Marxist သီအိုရီသည် နိုင်ငံရေးစနစ်နှင့် စီးပွား ရေးစနစ်၏ အဆက်အစပ်ကို အလွယ်ဆုံးနားလည်နိုင်သော သီအိုရီဖြစ်ပါသည်။ (အထက်ပါ အကြောင်းအရာကို August လ Living Color မဂ္ဂဇင်းတွင် မျက်နှာဖုံး ဆောင်းပါး အဖြစ်ဖော်ပြထားပါသည်။) မှန်ပါသည်။ စီးပွားရေးကြောင့် နိုင်ငံရေး ဖြစ်ရသည်ဆိုသော အယူအဆကို လက်ခံသူများက ယနေ့ နိုင်ငံရေးအခြေအနေကို ပို၍ အကောင်းမြင်သည် ဆိုသောအဆိုသည် ဖြစ်နိုင်ခြေများပါသည်။

ပြောရလျှင် ယနေ့ဖြစ်ပေါ်နေသော နိုင်ငံရေးအပြောင်းအလဲသည် စီးပွားရေး စနစ်က ဆွဲခေါ်သောကြောင့် ပြောင်းလဲနေခြင်းမဟုတ်ပေ။ ထို့ကြောင့် နိုင်ငံရေးပြောင်း သွား၍ စီးပွားရေးလိုက်ပြောင်းခဲ့လျှင် ထိုသို့စီးပွားရေးပြောင်းလဲသွားခြင်းကြောင့် နိုင်ငံရေးနောက်တစ်ဆင့် ထပ်ပြောင်းရန် ရှိသေးသည်ဟု စာရေးသူယူဆပါသည်။ ထို့ကြောင့် စနစ်ပြောင်းရေးကိစ္စကို ရင်ခုန်ခြင်းဖြစ်ပါသည်။

၄။ ဆရာတို့က ပညာရှင်မို့လို့ ကျွန်တော်တို့က အဖြူ အမည်းမို့ အမြင်မတူ တာလား၊ ပညာရှင်ဖြစ်သွားရင် ဒီလိုပဲမြင်ကြသလားဆို သောမေးခွန်းနှင့် ပတ်သက်၍ အနည်းငယ်ရှင်းလင်းတင်ပြလိုပါသည်။ ထိုမေးခွန်းကို 'ဟုတ်' 'မဟုတ်'ဖြေခြင်းသည် အဖြူ အမည်းခွဲခြားသည့်သဘော သက်ရောက်၍ စာရေးသူမဖြေလိုပါ။ နိုင်ငံရေး ကိစ္စရပ်များသည် ဤမျှမရိုးစင်းပါ။ အဓိကကျသည်မှာ ရှုထောင့်စုံရေးပင်ဖြစ်ပါသည်။

များစွာသေချာသည်မှာ မြင့်မြင့်တက်လျှင် ဝေးဝေးမြင်၍ ဝေးဝေးမြင်လျှင် ရှုထောင့်လည်းစုံသွားလေ့ရှိသည်ဟုသာ ပြောနိုင်ပါလိမ့်မည်။ ပညာရှင်များထဲတွင် လည်း စာရေးသူတို့နှင့် အမြင်မတူသော ပညာရှင်များရှိနေပါသည်။ ပညာရှင်များနှင့် ပတ်သက်၍ တစ်ခုပြောနိုင်သည်မှာ ပညာရှင်ဖြစ်သွားလျှင် ဘူမှထောင့် ထိုသို့မှထောင့် မတူသည်ကို သဘောပေါက်ကြ၍ သောလုံးတိုသာ အမြဲဘက်ပြီး ဘူကို တစ်ကောင့်ရှိမှိ သော အချက်သာ ဖြစ်ပေသည်။

ဤနေရာတွင် စာရေးသူ၏ပါမောက္ခတင်ဦးပြောခဲ့သော စကားအချို့ကို ဘိုက်ဘိုက် ပြောစကားပုံစံဖြင့် ပိုမိုရှင်းလင်းစေရန် ရေးပြလိုပါသည်။

"နိုင်ငံရေးသိပ္ပံမှာ အဖြေမှန်ဆိုတာမရှိဘူး၊ ဒါကြောင့် ပါမောက္ခဖြစ်သူ ကျွန်တော့် ထံမှာလည်း အဖြေမှန်ဆိုတာမရှိပါဘူး။ ခင်ဗျားတို့ ကျောင်းသားများရဲ့ အဖြေ

ကျွန်တော့်ထက် ပိုကောင်းခဲ့ရင် ကျွန်တော်ကိုယ်တိုင် လက်ခံဖို့အသင့်ပါပဲ။ ဒါကြောင့် ကျောင်းသားများ ကျွန်တော်နဲ့လွတ်လပ်စွာ အငြင်းအခုံလုပ်နိုင်ပါတယ်။ ဒါပေမဲ့ အဲဒီလို အငြင်းအခုံမလုပ်ခင်မှာ သိထားသင့်တာတချို့ကို ပြောထားချင်ပါတယ်။ ရှထောင့်တစ်ခုထဲကကြည့်ပြီး အဲဒီရှုထောင့်ကနေ ကျွန်တော့်ကိုလာပြီး ခြေစုံကန်ငြင်းတာမျိုးမလုပ်ဖို့ပါ။ ကျွန်တော့်ကိုလာမငြင်းခင်မှာ ရှုထောင့်အားလုံးကကြည့်ပြီး ကြောင်းကိုယ့်ဟာကိုယ်သေချာပါစေ။ မဟုတ်ရင် ကျွန်တော့်အချိန်ကိုလာဖြုန်းတာ ဖြစ်လို့ တစ်ကြိမ်သာအခွင့် အရေးရပါမယ်။ ရှုထောင့်အားလုံးကြည့်ပြီးလို့ အယူအဆ တစ်ခုကိုရပြီဆိုရင် ကျွန်တော်နဲ့ငြင်းဖို့ နှစ်ခုအသင့်လုပ်ခဲ့ပါ။ ပထမတစ်ခုကတော့ ဘာကြောင့်ဆိုတဲ့ Why သေချာအောင်လုပ်ခဲ့ဖို့ပါ။ ဒုတိယတစ်ခုကတော့ ခင်ဗျား အယူအဆကို So What အဲဒီတော့ဘာထူးသွားမှာမို့လဲ ဆိုတဲ့မေးခွန်း/ မှတ်ချက် အပြောမခံရအောင်ပြင်ဆင်ခဲ့ပါ။ ကျွန်တော့်ဘက်က So What ဘာထူးသွားမှာမို့လဲလို့ မေးနိုင်သေးရင် ခင်ဗျားအယူအဆဟာ Big Idea ခေါ် မှတ်သားလောက်စရာ မဖြစ်သေးပါ။ ဒီအချက်တွေနဲ့ပြည့်စုံရင် ကျွန်တော်နဲ့စာသင်ခန်းထဲမှာငြင်းလို့ရပါပြီ။ အချိန်မလောက်ရင် သီးခြား Appointment ယူပြီးငြင်းနိုင်ပါတယ်။"

ပါမောက္ခ၏ပြောစကားတွင် အပိုင်း ၃ပိုင်းပါသည်ကို သတိထားမိပါလိမ့်မည်။ ရှုထောင့်၊ Why နှင့် So What တို့ဖြစ်သည်။ စာဖတ်သူများကို စာရေးသူအနေဖြင့် ရှုထောင့်စုံအောင်ကြည့်ခဲ့ပြီလားဟု မေးခွင့်မရှိသည့်တိုင် အနည်းဆုံးတစ်ဖက်လူ၏ ရှုထောင့်ကိုတော့ ဝင်ကြည့်၊ ကိုယ်ချင်းစာကြည့်ခဲ့ဖို့တော့ တိုက်တွန်းချင်ပါသည်။ Why နှင့် ပတ်သက်၍ သီးခြားရှင်းစရာလိုမည်မထင်၍ ချန်ခဲ့ပါမည်။ So What ကိစ္စမှာ စာရေးသူကိုယ်တိုင် ယနေ့ထိတိုင်စိန်ခေါ်မှုသဘောပေါက်ဆဲ ဖြစ်ပါသည်။ မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ လိုလားချက်အချို့မှာ So What ဟု မေးလျှင် ဘာဆက်ဖြစ်မည်ကို မဖြေရာမရှိသည့်သဘောက များပါသည်။ "ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆွေးနွေးမည်" ဟုပြော၍ 'So What' ဟုမေးခဲ့လျှင် ဘာဆက်ဖြစ်မည်ဟု ဖြေမည်နည်း ဆိုသည့်သဘောဖြစ်သည်။

၅။ နိဂုံးချုပ်အနေဖြင့် စာဖတ်သူများအား မြန်မာနိုင်ငံ၏အနာဂတ်ကို ၂၀၁၅၊ ၂၀၂၀ နှစ်များတိုင် မျှော်ကြည့်နိုင်မည်ဆိုလျှင် သဘာဝကျနသော ရှုထောင့်အမြင်များ ရရှိနိုင်ကြောင်း အကြံပြုလိုပါသည်။ ဝေးဝေးမြင်လျှင် ရှုထောင့်ပိုစုံသွားသည့်သဘောပင်ဖြစ်ပါသည်။ ထိုသို့ ၂၀၁၅၊ ၂၀၂၀ နှစ်များတိုင် မျှော်ကြည့်နိုင်လျှင် စာရေးသူအား ပိုမို၍ နားလည်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံ၏နိုင်ငံရေးနှင့်ပတ်သက်၍ များစွာသေချာနေသော အချက်များမှာ –

၅(၁) မြန်မာနိုင်ငံ၏နိုင်ငံရေးအပြောင်းအလဲသည် အဓိကအားဖြင့် ပြည်တွင်းမှ သာလျှင်လာရမည်ဖြစ်သည် (ပြဿနာကို ပြည်တွင်း၌သာ အဖြေရှာရမည်ဖြစ်၍ စာရေးသူတို့အားလုံး နိုင်ငံတကာကို မမှော်လင့်ထား၍အဖြေရှာကြရမည်။)

၅(၂) မြန်မာနိုင်ငံရေးတွင် ပါဝင်ပတ်သက်နေသော Stakeholder များ၏ အင်အားအမျိုးမျိုးကြောင့် သမားရိုးကျချဉ်းကပ်နည်းများ၊ သမားရိုးကျစဉ်းစားနည်း များသည် လုံးဝအလုပ်မဖြစ်နိုင်။ Unique Solution လိုအပ်သည်။ (ထို့ကြောင့် ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်တစ်ဝက်သာ ဝင်ပြိုင်ရန်တိုက်တွန်းရခြင်းဖြစ်ပါသည်။)

၅(၃) မြန်မာနိုင်ငံ၏ လူလတ်တန်းစား၊ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် Civilization တို့၏အခြေအနေအရပ်ရပ်အသင့်မဖြစ်သေးသောကြောင့် ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ တပ်မတော်၏ ကြည်ဖြူလိုလားသောပူးပေါင်းဆောင် ရွက်မှုမရှိဘဲ မြန်မာနိုင်ငံတွင် မည်သည့်အပြောင်းအလဲမှမဖြစ်နိုင်သကဲ့သို့ ဖြစ်ခဲ့လျှင် လည်း ရေရှည်ထိန်းသိမ်းထားရန်မဖြစ်နိုင်။ (ထို့ကြောင့် Zero Sum Game စဉ်းစား သော နည်းလမ်းအားလုံးအဖြေမဖြစ်နိုင်)

၅(၄) အရပ်ဘက်လူ့အဖွဲ့အစည်းသည် ယခုလောလောဆယ်တွင် Rule of the Game ကို ပြဋ္ဌာန်းနိုင်သောအခြေအနေမရှိ၍ ပေးထားချက်အတိုင်းကစားရမည်။ (ထို့ကြောင့် ပေးထားချက်ကို စုံအောင်ဖတ်ရမည်)

၆။ စာရေးသူသည် ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်မည့်သူ မဟုတ်ဘဲ နိုင်ငံသား အားလုံး မည်သူမဆို မြင့်မြင့်တက်၍ ဝေးဝေးမြင်နိုင်သူများဖြစ်စေရန် ကူညီဆောင်ရွက် သည့်အလုပ်ကိုသာ လုပ်ဆောင်သူဖြစ်ကြောင်း ပေးစာရှင်နှစ်ဦးနှင့် စာဖတ်သူများအား လေးစားစွာ အသိပေးအပ်ပါသည်။

အယူအဆအချို့ကို အသေးအနုအထိသဘောပေါက်ပါလျှင် အများပြည် သူ အထင်လွဲမည်ကို စိုးရိမ်သောကြောင့် ထိမ်ချန်ထားခြင်းသည် Professional Conduct မဟုတ်သောကြောင့် အထက်အပိုဒ် ၅ တွင် အချက် ၄ ချက်ကိုရှင်းလင်း ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ■

The Voice Weekly Vol 5-No.38

# စည်းမျဉ်းဥပဒေဆိုင်ရာ အခြေခံအဆောက်အဦ

မြန်မာနိုင်ငံ၏ဈေးကွက်၌ ဖြစ်ပေါ်နေသောအခြေအနေအရပ်ရပ်ကို ကြည့်လျှင် ဈေးကွက်စီးပွားရေးတွင် STATE ဟုခေါ်သော 'နိုင်ငံတော်' က ဝင်ရောက်လုပ်ဆောင်ပေးရမည့် စည်းမျဉ်းစည်းကမ်းများဆိုင်ရာ အခြေခံအဆောက်အဦ (Institutional Infrastructure) များ၏ အခန်းကဏ္ဍကို များစွာ သိသာထင်ရှားစေလျက်ရှိပါသည်။

ဤနေရာတွင် စီးပွားရေးသမားများ သို့မဟုတ် စီးပွားရေးလုပ်ငန်းများအပေါ် အဓိပ္ပာယ်ကောက်ယူပုံမှစ၍ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ အဓိပ္ပာယ်ကောက်ယူနိုင်ရေးသည် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးဖြစ်ကြောင်း ဦးစွာဖော်ပြလိုပါသည်။

ဆိုရှယ်လစ်စီးပွားရေးစနစ်သည် စီးပွားရေးသမားများ သို့မဟုတ် စီးပွားရေးလုပ်ငန်းများကို မလိုလားအပ်သော အမြတ်ကြီးများဟု ယူဆသောကြောင့် ၎င်းတို့ကို ရပ်တည်ခွင့် မပေးဘဲ ၎င်းတို့၏ အလုပ်ကို နိုင်ငံတော်ဟုခေါ်သော STATE က ဝင်ရောက်လုပ်ကိုင်ပေးသော စနစ်ဖြစ်သည်။ ဤစနစ်သည် မည်သို့မျှလက်တွေ့မကျသောကြောင့် ယခုအခါ နိုင်ငံအသီးသီးသည် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးလာကြသော်လည်း ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားက ယခင်ရှုထောင့်မှ မပြောင်းလဲဘဲ မလိုလားအပ်သော အမြတ်ကြီးစားများဟု ယူဆမြဲ ယူဆထားသော

ပုံသဏ္ဌာန်ကိုလည်း မကြာခဏတွေ့မြင်နေရဆဲဖြစ်ပါသည်။

ဈေးကွက်စီးပွားရေးစနစ်မှာ အရင်းအနှီးကို အခြေပြုသော အရင်းရှင်စီးပွားရေးစနစ်ဖြစ်သောကြောင့် အရင်းအနှီးပြုသူ စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းများကို 'မောင်းနှင်အား'အဖြစ် လက်ခံထားသောစနစ်ဖြစ်သည်။ တစ်ဖက်တွင်လည်း စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အခြေခံ သဘောထားမှာ Profit Maximization ဖြစ်၍ ထိုသဘောထားကို လက်ခံကာ မည်သည့်နည်းဖြင့် ၎င်းတို့၏ အမြတ်အစွန်းကိုအလွန်အကျွံ အကောင်အထည်ဖော်မှု မဖြစ်အောင် ထိန်းသိမ်းမည်နည်းဆိုသော တာဝန်သည် 'STATE' ခေါ် နိုင်ငံတော်၏ တာဝန်ဖြစ်လာသည်ကို တွေ့ရသည်။ ဤသည်ပင်လျှင် 'Institutional Infrastructure' ခေါ် စည်းမျဉ်းစည်းကမ်းများဆိုင်ရာ အခြေခံအဆောက်အဦ၏ အခန်းကဏ္ဍပင် ဖြစ်ပါတော့သည်။

**Institutional Infrastructure** ဆိုသည်မှာ ဥပဒေပြုအဖွဲ့အစည်း (နောင်မြန်မာနိုင်ငံတွင် ပေါ် ပေါက်မည့် ပြည်ထောင်စုလွှတ်တော်)တွင် အကြောင်းအကျိုးနှင့် ဆွေးနွေးတင်ပြမဲခွဲဆုံးဖြတ် အတည်ပြုသော စည်းမျဉ်းစည်းကမ်းများကို ဆိုလိုပြီး လူတစ်ဦးတစ်ယောက်၊ ဒေသတစ်ခုမှ စိတ်ကူးပေါ်သလိုထုတ်ဆင့်သော စည်းမျဉ်းများကို ဆိုလိုခြင်းမဟုတ်ပါ။ မြန်မာနိုင်ငံတွင် အသစ်ပြဋ္ဌာန်းထားသော အခြေခံဥပဒေ၏ပုဒ်မ–၃၆(ခ)တွင် ဤသို့အလွန်အကျွံကိစ္စများကို ဥပဒေဖြင့် ကန့်သတ်ရန် ခွင့်ပြုထားသည်ကို တွေ့ရပါသည်။ အဓိက လိုအပ်ချက်မှာ Anti Trust Law, Anti Dumping Law စသည့် ဥပဒေများဖြစ်သည်။

ပဲဈေးကွက်တွင် ဖြစ်ခဲ့သောအခြေအနေအရပ်ရပ်သည် ကမ္ဘာပေါ်ရှိ Unregulated Market များတွင် စီးပွားရေးလုပ်ငန်းအားလုံးလိုလို၏ ပြုမူဆောင်ရွက်ပုံနှင့် အတူတူပင်ဖြစ်ပြီး ဆယ်တန်းမအောင်သော 'ပညာရေးချို့တဲ့မှု'ကြောင့်လည်း မဟုတ်ပေ။ စီးပွားရေးလုပ်ငန်းများဘက်မှ Profit Maximization သည် သူ့အလုပ်သူလုပ်ခြင်းသာဖြစ်ပြီး နိုင်ငံတော်ခေါ် 'STATE' ဘက်မှ Anti Dumping Law၊ Anti Trust Law များဖြင့် အရေးယူခြင်းသည် နိုင်ငံတော်ခေါ် STATE က သူ့အလုပ်သူလုပ်ခြင်းဖြစ်သည်။

ပြောရလျှင် ယနေ့ကမ္ဘာကြီး၏ စီးပွားရေးနှင့်ငွေကြေးပြဿနာ အရပ်ရပ်သည် သူ့အလုပ်သူလုပ်နေသူများကြောင့် ဖြစ်ပါသည်။ Anti Trust Law၊ Anti Dumping Law များလည်းမရှိ၊ SEC ခေါ် Security Exchange Commission တို့သို့

အေကျင့်စိမျိုးလည်းမရှိလျှင် 'လေဆယ်ဖဲယား'ဟု ခေါ်သော Unregulated သဘော ဆောင်သွားမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများကို အကန့်အသတ်မဲ့ အမြတ်အစွန်း ထုတ်ယူခွင့်ပြုသည့်သဘောကို ရောက်ရှိသွားစေနိုင်ပါသည်။ ထိုသို့သော ဈေးကွက် သည် မမျှော်လင့်သော Crisis မျိုးနှင့် ကြုံသောအခါ တုံ့ပြန်နိုင်ရန်အသင့်မရှိရကား ယနေ့ ပဲကုန်သည်အချင်းချင်းအကြား ဖြစ်ပေါ်ရသော ပြဿနာမျိုးများနှင့် ကြုံတွေ့ ရခြင်းဖြစ်သည်။

ပီပြင်သောဈေးကွက် စီးပွားရေးစနစ်ကို ကျင့်သုံးနေသည့်နိုင်ငံများတွင် စည်း မျဉ်းဥပဒေဆိုင်ရာ အခြေခံအဆောက်အဦများ အလုံအလောက်ရှိနေသောကြောင့် ယနေ့ပဲဈေးကွက်ကြုံတွေ့ရသော ပြဿနာမျိုးများကို ရှင်းလင်းရန်လည်း နည်းလမ်း များ အသင့်ရှိနေသည်ကို တွေ့ရပေသည်။ Bankruptcy Law ခေါ် ဒေဝါလီဥပဒေ လိုအပ်ချက်၊ Limited Company ခေါ် ပေးရန်တာဝန် ကန့်သတ်ထားသောကုမ္ပဏီ များ စသော အသုံးအနှုန်းနှင့် ပြဋ္ဌာန်းချက်များသည် ယနေ့ဖြစ်ပေါ်သော ပဲပြဿနာမျိုး များကို ရှင်းလင်းရန်အတွက် လုပ်ငန်းလမ်းပြများ ဖြစ်ပေသည်။

ပေးချေစရာများများ အခြေအကြေပေးချေနိုင်ခြင်း မရှိတော့သည့် အခြေအနေ သည် လူနှစ်ဦးအကြား မဟုတ်တော့ဘဲ အဆင့်ဆင့် ဖြစ်ပေါ်လာကာ Systemic သဘော ဆောင်လာသောအခါ Bankruptcy Law သည် ရှင်းလင်းနိုင်သော တစ်ခုတည်း သော အခြေဖြစ်ပါသည်။

အဓိကအားဖြင့် ဖော်ပြလိုသည်မှာ Institutional Infrastructure ခေါ် Institutions များ အသင့်ရှိမှသာလျှင် ပီပြင်သော ဈေးကွက်စီးပွားရေးစနစ်ဆီသို့ ခလုတ်မထိဘူးမည့်ဘဲ လျှောက်လှမ်းနိုင်မည်ဆိုသောအချက်ဖြစ်ပေသည်။ ■

**The Voice Weekly Vol 5-No.11**

# Adaptor အရေးကြီးသည်

မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ပတ်သက်သော အစိုးရက လက်ကိုင်ပြုထားသည့် ဦးတည်ချက်မှာ 'ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး' ဖြစ်ပါသည်။ အလားတူပင် နိုင်ငံသားများ၊ နိုင်ငံသားပညာရှင်များအားလုံး လိုလိုကလည်း မြန်မာနိုင်ငံ၏ စီးပွားရေးကို စနစ်တကျတည်ဆောက်ယူရန် လိုအပ်နေသေးသည်ဟု သဘောတူညီထားကြပါသည်။

ယေဘုယျအားဖြင့် နိုင်ငံတစ်ခု၏ စီးပွားရေးကို ပြုပြင်တည် ဆောက်ရေးတွင် အရေးကြီးသူများမှာ စီးပွားရေးပညာရှင်များဖြစ်သည်ဟု ယူဆမှုများရှိသကဲ့သို့ Policy Decision Maker များမှာ နိုင်ငံရေးအရ ရွေးကောက်တင်မြှောက်ခံရသူ များသာဖြစ်၍ နိုင်ငံရေးသမားများ အရေးကြီးသည်ဟူသော ယူဆမှုများလည်းရှိပါ သည်။ နောက်ပိုင်း ပေါ်လာသော အယူအဆမှာ နိုင်ငံတစ်ခု၏ စီးပွားရေးကို ပြန်လည် တည်ဆောက်ရာတွင် စီးပွားရေးပညာရပ်သက်သက်ထက် နိုင်ငံရေးနှင့်ဆက်နွှယ်သည့် စီးပွားရေး ပညာရပ်က ပိုအရေးကြီးသည်ဟူသော အယူအဆဖြစ်သည်။ မြန်မာနိုင်ငံတွင် ထိုအယူ အဆကို အများဆုံးပြောကြားလေ့ရှိသူမှာ ပါမောက္ခဒေါက်တာ အောင်ထွန်းသက် ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးကို ဈေးကွက်စီးပွားရေးစနစ် ဖြစ်အောင် ကြိုးပမ်းနေသည်ဟု အစိုးရက ကြိုးစားလျက်ရှိပြီး ပြည်သူလူထုကလည်း အသားကျပြောင်းလဲရန် လိုအပ်သည်ဟုသဘောတူညီကြသည့်အပြင် ပညာရှင်များကလည်း ထောက်ခံအားပေးလျက်ရှိပါ လျက်နှင့် ပီပြင်သော ဈေးကွက်စီးပွားရေးစနစ်သို့ နှောင့်နှေးနေခြင်းဖြစ်သည်မှာ အကြောင်းရင်းများရှိပါလိမ့်မည်။ ယခုဆောင်းပါးတွင် မြန်မာနိုင်ငံ၏ အခက်အခဲ

ချက်ဟု စာရေးသူထင်မြင်မိသော အစိတ်အပိုင်းတစ်ခုကို ဖော်ပြရန် ရည်ရွယ်ပါသည်။ ထိုအစိတ်အပိုင်းဆိုသည်မှာ ပညာရှင်များ နားလည်ထားသော ပညာရပ်ဆိုင်များကို Policy Decision Maker များ နားလည်နိုင်သော ဘာသာစကားဖြင့် ရှင်းလင်းတင်ပြသည့်အဆင့်ကို ဆိုလိုပါသည်။

တစ်နည်းအားဖြင့်ပြောရလျှင် ပညာရပ် Idea ရှိတဲ့ခြင်း မဟုတ်ဘဲ ပညာရပ် Idea များ လက်တွေ့နယ်ပယ်သို့ရောက်ရှိအောင် မပို့ဆောင်နိုင်ခြင်း (Selling Ideas) ဖြစ်ပါသည်။ ဤကိစ္စကို ဖောင်းပေး၍ ဖော်ပြရခြင်းမှာ အောက်ပါအကြောင်းရင်းသုံးခုကြောင့် ဖြစ်ပါသည်။

(၁) မြန်မာနိုင်ငံတွင် လိုအပ်သောစီးပွားရေးဖြုပြင်တည် ဆောက်မှုများ ထင်ရှားစွာဖြစ်ပေါ်နိုင်စေရေးအတွက် ပညာရှင်များ တတ်ကျွမ်းနားလည်ထားသော ပညာရပ်ဆိုင်ရာကိစ္စများကို လက်တွေ့နယ်ပယ်သို့ရောက်ရှိပို့ဆောင်ပေးနိုင်ရန် အထူးအရေးကြီးခြင်း၊

(၂) အနာဂတ်တွင် လမ်းပြမြေပုံအရ အခြေခံဥပဒေသစ်နှင့် အညီပေါ်ပေါက်လာမည့် အစိုးရလက်ထက်တွင် စီးပွားရေးဖြုပြင်တည်ဆောက်မှုများပြုလုပ်သည့် အခါ လိုအပ်မည့်အစိတ်အပိုင်းအားလုံးကို ယနေ့ကပင် ပြင်ဆင်ဖြည့်ဆည်းထားရန် လိုအပ်ခြင်း၊

(၃) ကမ္ဘာလုံးချီ၍ ဖြစ်ပေါ်နေသော ဘဏ္ဍာရေးပြဿနာကြောင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍရှိ Primary Producer ခေါ် အခြေခံလူတန်းစားများ မခံစားရစေရေး အလို့ငှာ စနစ်တကျပြင်ဆင်ရင် ဆိုင်ရန်လိုအပ်ခြင်း၊

ထိုသို့ပညာရပ်ဆိုင်ရာကိစ္စများကို နားလည်လွယ်မည့်ဘာသာစကားနှင့် လက်တွေ့နယ်ပယ်သို့ ပို့ဆောင်ရေးကို မပြောမီ နိုင်ငံတစ်ခု၏ စီးပွားရေးတည်ဆောက်မှုနှင့်ပတ်သက်၍ အယူအဆအမျိုးမျိုးကိုလည်း ထင်ရှားစေလို၍ ဖော်ပြလိုပါသေးသည်။

### *Professor Robert Gilpin ပရော်ဖက်ဆာဂျစ်ပင်*

ပါမောက္ခ *Robert Gilpin* သည် ကမ္ဘာပေါ်တွင် ပြောင်းလဲလာနေသော နိုင်ငံရေးဆက်နွယ်သောဂလောဘယ်စီးပွားရေးကြောင်းသစ်နှင့်ပတ်သက်၍ ၎င်း၏နာမည်ကျော် *"Global Political Economy"* စာအုပ်တွင် အသေးစိတ်ရေးသားဖော်ပြခဲ့ရာ *The Voice Weekly* အတွဲ(၁)အမှတ် (၃၁)တွင် အောက်ပါအတိုင်း ဘာသာပြန်ဆိုဖော်ပြခဲ့ပါသည်။ အဆိုပါရေးသားဖော်ပြချက်မှာ ယနေ့ကမ္ဘာကြီးတွင် ပြောင်းလဲလက်ခံလာ

နေသောအပေါ့အဆဖြစ်သည့် နိုင်ငံရေးဆက်နွယ်ဘောဂဗေဒ၏ အခန်းကဏ္ဍကို ထင်ဟပ်ထားခြင်းဖြစ်ပါသည်။

စီးပွားရေးသီအိုရီများသည် မရှိမဖြစ်သည့်နည်းနာများကိုပေးပြီး စီးပွားရေးဖြစ်ပေါ်ပြောင်းလဲမှုများကို လွယ်ကူချောမွေ့စွာ နားလည်စေရန်ရှင်းပြသည်။ နိုင်ငံတကာကုန်သွယ်ရေးနှင့် ပတ်သက်သည့် အများလက်ခံသုံးစွဲနေသော သီအိုရီ၊ လုပ်ငန်းအဖွဲ့အစည်းကြား သီအိုရီ Theory of Industrial Organization မှ အသစ်ရရှိသည့် အတွေးအမြင်များနှင့် စီးပွားရေးသိပ္ပံပညာရှိ သီအိုရီပိုင်းဖွံ့ဖြိုးပြောင်းလဲမှုများသည် အရေးကြီးသော အပိုဆောင်းအတွေးအခေါ်များကို ဆောက်ပံ့သည်။ သို့ရာတွင် စီးပွားရေးသီအိုရီများ ချည်းသက်သက်သည် ဖွံ့ဖြိုးတိုးတက်မှုများနှင့် စီးပွားရေးနှင့် နိုင်ငံရေးကိစ္စရပ်များအပေါ် ယင်းတို့၏သက်ရောက်မှုများကို နားလည်အောင်ရှင်းပြနိုင်မည်မဟုတ်ပါ။ ထိုသို့နားလည်နိုင်ရန် သမိုင်း၊ နိုင်ငံရေးသိပ္ပံနှင့် အခြားလူမှုသိပ္ပံဘာသာရပ်များမှ အတွေးအခေါ်များ၊ ထိုးထွင်းအမြင်များကိုပါ ထုတ်ယူသုံးစွဲရမည်ဖြစ်သည်။ အတိုချုပ်ဆိုလျှင် စစ်မှန်သော 'နိုင်ငံရေးဆက်နွယ်စီးပွားရေး' သည် နိုင်ငံတကာနှင့် ပြည်တွင်းစီးပွားရေးရာကိစ္စရပ်များတွင် အသစ်ဖြစ်ပေါ်ပြောင်းလဲမှုများ၊ ဂယက်ရိုက်ခတ်မှုများကို နားလည်မှုတိုးတက်လာစေရန် ကနဦးလိုအပ်ချက်ဖြစ်သည်။ ပြောင်းလဲနေသည့်ကမ္ဘာ စီးပွားရေး၏သဘာဝနှင့်ပတ်သက်သည့် ငြင်းခုံမှုအားကောင်းခြင်းနှင့် အရေးပါလာခြင်းတို့ကြောင့် ဝိရောဓိအသွင်တစ်ခုသည် သိသာထင်ရှားလာသည်။ စီးပွားရေးဆိုင်ရာများသည် အမျိုးသားရေးရာ ဦးစားပေးကိစ္စရပ် များ၏ ရှေ့တန်းနေရာသို့ရောက်ရှိလာချိန်တွင် ဘောဂဗေဒပညာရှင်ကိုယ်တိုင်မှာမူ ပြည်သူ့ရေးရာလက်တွေ့ဘဝဖြစ်ပျက်နေသည်မှာ ပိုမိုဝေးကွာလာသည်။ ကျန်ခဲ့သော ဆယ်စုနှစ်များအတွင်းတွင် ဘောဂဗေဒပညာရပ်သည် နားလည်ရခက်ခဲသောမော်ဒယ်လ်ပုံစံငယ်များနှင့် သင်္ချာသီအိုရီများအပေါ်တွင်သာ အလေးထားဦးစားပေးလာခဲ့ရာ ဘောဂဗေဒပညာရပ်သည် အများပြည်သူသုံးဘာသာစကားနှင့် ဆီလျော်မှုနည်းသထက်နည်းလာပြီး ပြည်သူအများစုသာမက ပညာရှင်အသိုင်းအဝိုင်းနှင့်ပါ အကွာအဝေးဝေးလာသည်။ ဤသည်မှာ လွန်စွာကံဆိုးမိုးမှောင်ကျခြင်းပင် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တစ်ခါတစ်ရံနားလည်ရခက်သည့်နက်နဲသည့်သဘာဝရှိသော်လည်း ဘောဂဗေဒဘာသာရပ်သည် အများပြည်သူသုံးဘာသာစကား၏ နယ်ပယ်အတွင်း၌ မရှိလျှင်တောင်မှရှိသင့်နေသည့်နေရာဖြစ်သည်။ ထိုပြဿနာသည် အများအားဖြင့်ပိုဆိုးလာတတ်သည်။ အကြောင်းမှာ စီးပွားရေးပညာရှင်များနေရာတွင် ကျွမ်းကျင်ခဲ့သော 'အသိပညာဟင်းလင်းပြင်' အားဘောဂဗေဒပညာရပ်တို့ ... သည့်

(သို့) ဘောဂဗေဒ၏ တွေ့ရှိချက်များကို အလွယ်တကူအလွဲသုံးလေ့ရှိသည့်သူများက ဝင်ရောက်နေရာယူလေ့ရှိကြခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် သူတို့သည် ပြည်တွင်းနှင့် နိုင်ငံတကာစီးပွားရေးများ၏ ပြဿနာများကို ဖြေရှင်းသည့် သူတို့၏ 'ဗျာက်ဆေး' တစ်လက်နှစ်လက်ကို ထုတ်ဖော်ကြော်ငြာတတ်၍ ဖြစ်ပါသည်။

**နိဂုံးချုပ်ဆိုရသော်**

စာရေးသူ၏ အယူအဆမှာ အထက်တွင်ဖော်ပြခဲ့သကဲ့သို့ ပညာရှင်များထုတ်လုပ်လိုက်သည့် ပညာရပ် Idea များကို လက်တွေ့အကောင်အထည်ဖော်သည့် နယ်ပယ်သို့ ပို့ဆောင်ရန်လိုအပ်သည့် Adopter ကိစ္စဖြစ်သည်။ တစ်နည်းအားဖြင့်ပြောရလျှင် Idea Broker များဟုခေါ်သည့် Think-Tank များ၏ အခန်းကဏ္ဍဖြစ်သည်။ မြန်မာနိုင်ငံတွင် အဓိကလိုအပ်ချက်မှာ Adopter များဖြစ်ပြီး ပညာရှင်ချို့တဲ့ခြင်း၊ Idea ချို့တဲ့ခြင်းမဟုတ်ပါ။ စီးပွားရေးပညာရှင်နှင့် နိုင်ငံရေးဆက်နွယ်ဘောဂဗေဒပညာရှင် မည်သူအသုံးတည့်သနည်းဆိုသောကိစ္စမှာ အခြေခံတည်ဆောက်မှုများအဆင့်တွင် ပြဿနာမရှိသေးပါ။ မြန်မာနိုင်ငံတွင် လိုအပ်သောတည်ဆောက်မှုများသည် စီးပွားရေးပညာရှင်များထက် ရှုထောင့်ပိုစုံသည့် နိုင်ငံရေးဆက်နွယ်ဘောဂဗေဒပညာရှင်များ အဆင့်ထိ လိုအပ်ခြင်းမရှိသေးပါ။ အဆင့်တစ်ခုအရောက်တွင်မှ လိုအပ်ကောင်း လိုအပ်ပါလိမ့်မည်။ ယခုချိန်တွင်မူ Idea များကို အများနားလည်လွယ်မည့်ဘာသာစကားဖြင့် ပို့ဆောင်ပေးနိုင်သော Idea ပွဲစားများက ပို၍အရေးကြီးသည့် အနေအထားဖြစ်နေသောကြောင့် ဤအချက်ကို မီးမောင်းထိုးပြလိုက်ရခြင်းဖြစ်ပါသည်။ ■

The Voice Weekly Vol 5-No.15

# အရပ်ဘက်လူ့အဖွဲ့အစည်းနှင့်နိုင်ငံရေး



တစ်နေ့က စာရေးသူ၏ရုံးခန်းတွင် နိုင်ငံရေးနှင့်ထိတွေ့ဆက်ဆံသော အန်ကယ်ကြီးနှစ်ယောက် ဆုံကြသည်။ အမှန်အားဖြင့် သူတို့နှစ်ဦး တစ်ယောက်နှင့်တစ်ယောက် မသိကြပါ။ သို့သော်သူတို့နှစ်ဦးစလုံးက စာရေးသူသင်ကြားထားသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပညာရပ်နှင့်ပတ်သက်၍ တစ်ပြိုင်နက်လိုလို မေးမြန်းလာခဲ့သောကြောင့် နှစ်ကြိမ်နှစ်ခါ ရှင်းလင်းရခြင်းမျိုးမဖြစ်စေရန် နောက်တစ်ဦးရှိနေလျှင် ဖြစ်သလားဟု စာရေးသူက မေးမြန်းခဲ့ရာ နှစ်ဦးစလုံးက လက်ခံသောကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား အဓိပ္ပာယ်ကောက်ယူနည်း ရှင်းလင်းခြင်းကို နားထောင်ရန်ဆုံကြခြင်းဖြစ်သည်။

အန်ကယ်ကြီးနှစ်ဦးစလုံးမှာ လက်တွေ့ကျသူများဖြစ်ရာ ယခုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ကို လက်ခံရန်အသင့်ဖြစ်ပါပြီဟုပြောကြပါသည်။ သူတို့နှစ်ဦးနှင့် စာရေးသူဆုံကြသောအခါ လာရင်းကိစ္စ [illegible] သူ့သဘောထား၊ ကိုယ့်သဘောထား ပြောကြရင်း [illegible] အန်ကယ်ကြီးနှစ်ဦး၏ ကွာဟမှုကိုလည်း [illegible] အနက် တစ်ဦးမှာ ရေဒီယိုသမားဖြစ်သည်။ [illegible] အသေးလေးတစ်ခု အမြဲပါသည်။ နောက် အန်ကယ်ကြီးတစ်ဦးမှာ [illegible] မြင့်သည်။ အသက်ပင်ကြီးသော်လည်း Online ပေါ်တွင် [illegible]

ပြောလိုသည်မှာ တခြားမဟုတ်ပါ။ မြန်မာနိုင်ငံတော်သစ်တည်ဆောက်ရေးနှင့် ပတ်သက်၍ လောလောဆယ် အမှန်တကယ်ဖြစ်ပျက်တည်ရှိနေသော အခြေအနေ အရပ်ရပ်ကို ရေဒီယိုပေါ်တွင်နေထိုင်သော အန်ကယ်ကြီးနှင့် Online နေထိုင်သူ အန်ကယ်ကြီးနှစ်ဦးတို့ သိရှိအစိပ္ပာယ်ကောက်ယူပုံ လုံးလုံးလျားလျား ကွဲပြားခြားနား နေသည်ဆိုသော အချက်ဖြစ်သည်။

အန်ကယ်ကြီးနှစ်ဦးနှင့် စကားပြောရင်း လက်ရှိအခြေခံဥပဒေသစ်အရ အရပ်ဘက်လူ့အဖွဲ့အစည်းက နိုင်ငံတည်ဆောက်ရေးတွင် အရေးကြီးသောနိုင်ငံရေး ကဏ္ဍသို့ တက်ရောက်ပါဝင်ဆောင်ရွက်ရတော့မည့် အနေအထားတွင် ဥပဒေဘောင်အတွင်းရှိနေပြီး ဥပဒေကြောင်းအရ ဘောင်ဝင်သည့်မျိုးဆက်သစ်နိုင်ငံရေးသမားများ မရှိသလောက် ဖြစ်နေသည်ဆိုသောအယူအဆကို စကားလမ်းကြောင်း ရောက်သွားသည်။ ဤတွင် အန်ကယ်ကြီးနှစ်ဦးက သူတို့၏သဘောထားများကိုပြောကြရင်း နာမည်အချို့ကိုလည်းပြောကြသည်။ ဆိုက်ဘာစပေ့ပေါ်တွင် နေထိုင်သောအန်ကယ်ကြီးပြောသည့်နာမည်များကို ရေဒီယိုပေါ်တွင်နေသည့် အန်ကယ်ကြီး မသိသလောက် ဖြစ်ရာ ကမ္ဘာတစ်ခုတည်းရှိသည်ဟုထင်ထားသော စာရေးသူအတွက် ကမ္ဘာနှစ်ခု ရှိနေသည်ကို အံ့ဩဖွယ်သိရှိလိုက်ရပါသည်။

အန်ကယ်ကြီးနှစ်ဦးစလုံး လက်ခံကြသည့် မျိုးဆက်သစ်နိုင်ငံရေးသမား ရှားပါးသည်ဆိုသောအချက်မှာလည်း ယနေ့အချိန်တွင် အရေးကြီးသောကိစ္စဖြစ်နေသောကြောင့် ဤနေရာတွင် ဖော်ပြလိုပါသေးသည်။ အမှန်အားဖြင့် မြန်မာနိုင်ငံ၏ အရပ်ဘက်လူ့အဖွဲ့အစည်းသည် နိုင်ငံရေးမျိုးဆက်ပြတ်သွားသည်မှာ ၁၉၆၂ ခုနှစ်ကတည်းက ဖြစ်ပါသည်။ ၁၉၈၈–၉၀ ကာလများတွင် နိုင်ငံရေးမျိုးဆက်တစ်ခုပေါ်ထွန်းရန် အခြေအနေတစ်ခုဖြစ်ပေါ်ခဲ့သော်လည်း တော်လှန်ရေးသဘောထားရှိသော နိုင်ငံရေးမျိုးဆက်တစ်ခုသာ ပေါ်ထွန်းသွားခဲ့ပြီး အရပ်ဘက်လူ့ အဖွဲ့အစည်း၏ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခွင့် ကြန့်ကြာသွားခဲ့ရာ ယနေ့အချိန်ကျမှပင် စတင်နိုင်တော့သည်ဟု ဆိုရမည်ဖြစ်ပေသည်။

မြန်မာလူ့အဖွဲ့အစည်းသည် မတူညီသောနည်းလမ်းများ၊ မတူ ညီသောအယူအဆများကို လက်ခံနိုင်စေရန် သင်ကြားလေ့လာသော စနစ်ကောင်းများမရှိခဲ့သောကြောင့် ယခင်ကာလများက နိုင်ငံရေးအရတက်ကြွသူများကိုပင် အာဏာကိုဖြတ်လမ်းနည်းဖြင့် ရယူလိုသူများအဖြစ်သတ်မှတ်ခြင်းများရှိခဲ့ပြီး ထိုသို့သတ်မှတ်ခံရသူများကလည်း ၎င်းတို့နှင့် မတူသူအားလုံးကို အခွင့်အရေးသမားများအဖြစ် စွပ်စွဲခြင်းများ ရှိခဲ့ပါ

သည်။ ထိုအလေ့အထများ ယနေ့အခြေအနေသစ်တွင် ပျောက်ကွယ်သွားမည်၊ မသွားမည်မှာပင် မသေချာသေးပါ။

များစွာသေချာနေသောအချက်များမှာ မည်သို့ပင်ဖြစ်စေကာမူ အခြေခံဥပဒေသစ်အရ အရပ်ဘက်လူ့အဖွဲ့အစည်းက နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခွင့် လပိုင်းအတွင်း ပေါ်ထွန်းမည်၊ နိုင်ငံရေးပါတီများပေါ်ပေါက်မည်၊ ရွေးကောက်ပွဲများ ကျင်းပမည်၊ ပြည်သူလူထုကလည်း ဦးနှောက်ထက် နှလုံးသားဖြင့်မဲပေးမည်၊ ရွေးကောက်ပွဲရလဒ်တစ်ခု မည်သည့်နည်းနှင့်မဆို ပေါ်ပေါက်မည်၊ အခြေခံဥပဒေသစ်ကိုထင်ဟပ်သော အရပ်ဝတ်အစိုးရတစ်ရပ် ပေါ်ပေါက်မည်ဆိုသော အချက်များ ဖြစ်ပေသည်။

အဓိကအားဖြင့် ပြည်ထောင်စုအဆင့်တွင် လွှတ်တော်နှစ်ရပ်ရှိသည့်အနက် ၂၅ ရာနိုင်နှုန်းသော တပ်မတော်သားများမှအပဖြစ်သော ကိုယ်စားလှယ်နေရာများကို အရပ်ဘက်လူ့အဖွဲ့အစည်းမှ ပါဝင်ဆောင်ရွက်ကြရမည်ဆိုသောအချက် ဖြစ်ပါသည်။ လူဦးရေအားဖြင့် ၄၉၈ ဦးရှိပါသည်။ ထိုအရေအတွက်မှာ အရည်အသွေးစံရှုထောင့်မှ ပြောရလျှင် များသည်ဟုဆိုနိုင်ပါသည်။ တစ်နည်းအားဖြင့် ပြောရလျှင် အဆိုပါအလုပ်မှာ ဂုဏ်သရေကြီးသောအလုပ်တစ်ခုအဖြစ် ယခင်သတ်မှတ်ခဲ့ခြင်းမရှိသောကြောင့် အလားအလာရှိသူအတော်များများမှာ ထိုအလုပ်နှင့် ဝေးဝေးနေကြခြင်းဖြင့် ယနေ့အချိန်တွင် မျိုးဆက်သစ် နိုင်ငံရေးသမားများ ရှားပါးသွားခဲ့ခြင်းဖြစ်ပါသည်။ လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်က စာရေးဆရာမောင်ဝံသက နိုင်ငံရေးသမားများ၏ ဂုဏ်သရေနှင့်ပတ်သက်၍ နိုင်ငံတကာစံနှုန်းများကို ရေးသားဖော်ပြခဲ့ရာ မြန်မာနိုင်ငံ၏ အရပ်ဘက်လူ့အဖွဲ့အစည်းသို့ အပြုသဘော တွန်းအားပေးသည့် ဆောင်းပါးတစ်ခုအဖြစ် ကြိုဆိုလိုက်ပါသည်။

မျိုးဆက်သစ်များအား ပြုစုပျိုးထောင်မှုနှင့် ပတ်သက်၍ ယနေ့တပ်မတော်၏ Institutional Capacity Building လုပ်ငန်းစဉ်များမှာ စိတ်ဝင်စားဖွယ်ကောင်းပါသည်။ အမျိုးသားနိုင်ငံရေးတွင် တပ်မတော်၏ဦးဆောင်မှု အခန်းကဏ္ဍကို ဖြည့်ဆည်းရန် တပ်မတော်သည် စဉ်ဆက်မပြတ်သင်ကြားပေးလျက်ရှိပါသည်။ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်ကဲ့သို့သော တက္ကသိုလ်ကြီးများသည် တပ်မတော်မှ တာဝန်ယူမည့် ၂၅ရာနိုင်နှုန်းသော ကိုယ်စားလှယ်များကို မွေးထုတ်ပေးနိုင်ပါလိမ့်မည်။

သို့သော် တပ်မတော်၏ ၂၅ရာနိုင်နှုန်းမှအပဖြစ်သော ကျန် ၇၅ရာနိုင်နှုန်းကိုဖြည့်ဆည်းရန် အရပ်ဘက်လူ့အဖွဲ့အစည်းအတွက် နိုင်ငံတော်အဆင့်ဆောင်ရွက်ရေးတက္ကသိုလ်များမရှိသေးရာ မြန်မာနိုင်ငံရေးသမားများ အရေးသဖြင့် မျိုးဆက်သစ်နိုင်ငံရေးသမား

များသည် အရှင်မွေး နေ့ချင်းကြီးကြရမည့်အနေအထားသို့ ရောက်ရှိနေပေသည်။

အရှင်မွေးနေ့ချင်းကြီးသည်ဖြစ်စေ၊ နေ့ဆလေးလနေ့ကြီးသည်ဖြစ်စေ ထမ်းဆောင်ကြရမည့် တာဝန်မှာ အတူတူပင်ဖြစ်ပါသည်။ အထူးသဖြင့် အရပ်ဘက်လူ့အဖွဲ့အစည်းမှ ပါဝင်ဆောင်ရွက်ခွင့်ရမည့် ဥပဒေပြုရေးအာဏာနှင့်ပတ်သက်၍ အဓိကတာဝန်ကြီးသုံးရပ်ရှိပါသည်။

(၁) ဥပဒေများပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊

(၂) ရသုံးမှန်းခြေငွေစာရင်းဥပဒေကို ဆွေးနွေးအတည်ပြုပြဋ္ဌာန်းခြင်း၊

(၃) ရွေးရာကော်မတီများဖွဲ့စည်း၍ အုပ်ချုပ်ရေးအာဏာ ကျင့်သုံးသည့် အစိုးရအဖွဲ့ကို Check and Balance ပြုလုပ်ခြင်း စသည့်တာဝန်သုံးရပ် ဖြစ်ပေသည်။

အဆိုပါတာဝန်များကို စနစ်တကျအဆင့်မြင့်မြင့် ထမ်းဆောင်မည်ဟုဆိုလျှင် နိုင်ငံကိုချစ်၍ နိုင်ငံရေးကို စိတ်ပါဝင်စားရုံသက်သက်ဖြင့် မရနိုင်ပါ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတည်ဆောက်ရေးနယ်ပယ်ကြီးများတွင် Statemanship ဟုခေါ်သော ပဏ္ဍာဏ်ရှင်နယ်ဆန်ဆန် တတ်ကျွမ်းရမည့်အခြေခံအချက်အလက်များ သိရှိနားလည်ထားရန် လိုအပ်ပါသည်။ ပြည်သူလူထုကလည်း ထိုသို့သော အရည်အသွေးရှိသော လူပုဂ္ဂိုလ်များကို ရွေးချယ်တင်မြှောက်နိုင်ရန် နှလုံးသားထက် ဦးနှောက်ဖြင့် ဆုံးဖြတ်သူများဖြစ်ရပါမည်။ လောလောဆယ် ရွေးကောက်ပွဲများကို ကြီးကြပ်ကျင်းပပေးမည့် အချုပ်အခြာ အာဏာသုံးရပ်ကို တစ်ပေါင်းတည်း ကျင့်သုံးနေသူ အစိုးရကလည်း ထိုအခြေအနေများကို ဖြည့်ဆည်းခွင့်ပြုပေးလိမ့်မည်ဟု ယုံကြည်ပါသည်။ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ကြမည့် နိုင်ငံရေးသမားများကလည်း ထိုလိုအပ်ချက်များကို သဘောပေါက်၍ မိမိတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းကြလိမ့်မည်ဟု ယုံကြည်ပါသည်။ နိုင်ငံရေး စီးပွားရေး လူမှုရေး နိုင်ငံတည်ဆောက်ရေး ဘာသာရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် Resource Person ခေါ် ပညာရှင် အနည်းငယ်သာရှိသော်လည်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။ စာရေးသူတို့ မြန်မာအားလုံး တစ်ဦးကိုတစ်ဦး ယခင်ကထက် ပို၍ ယုံကြည်မှုထားကြပါရန်ကိုလည်း မေတ္တာရပ်ခံလိုပါသည်။ မြန်မာနိုင်ငံပြင်ပရှိ အတိုက်အခံအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံတွင်းရှိ ၎င်းတို့နှင့် အဆက်အသွယ်မရှိသူ ပြည်သူလူထုကြီး၏ လက်တွေ့ဘဝအခြေအနေနှင့် ခံစားချက်များကို မသိရှိနိုင်သည်မှာ သဘာဝကျပါသည်။ ၎င်းတို့အား တစ်ခုသာ မေတ္တာရပ်ခံလိုပါသည်။ 'Doing no harm' ။ ■

The Voice Weekly Vol 5-No.22

# စနစ်ဟောင်း၊ စနစ်သစ်

နှစ်ပေါင်း ၂၀ ကျော် သောင်မတင်ရေမကျဖြစ်ခဲ့သော မြန်မာနိုင်ငံ၏ရေ့ ခရီးသည် ယခုအခါပုံသဏ္ဌာန်အသစ်တစ်ခုဆီသို့ အသွင်ကူးပြောင်းရန် ပြင်ဆင် လျက်ရှိသည်ကိုတွေ့မြင်နိုင်ပါသည်။ နိုင်ငံတစ်ခု၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုသည်မှာ အခြေခံကျကျပြောရလျှင် **STATE** ဟုခေါ်သော နိုင်ငံတော်က **Means of Production** ဟုခေါ်သော ကုန်လုပ်စွမ်းအားစုများကို မည်ရွေ့မည်မျှ ချုပ်ကိုင်ထားပြီး ပြည်သူလူထုကို မည်သို့မည်ပုံရယူသုံးစွဲခွင့်ပြုမည်ဆိုသော စနစ်ကို ရေးသားပြဋ္ဌာန်းခြင်းဖြစ်ပေသည်။ အချုပ်အခြာအာဏာ (၃)ရပ်ကို ပိုင်းခြား၍ **Check and Balance** ပြုလုပ်ခြင်းဆိုသည်မှာလည်း အဆိုပါ **Means of Production** များကို အချုပ်အခြာအာဏာ (၃)ရပ်ဖြင့် မည်သို့ထိန်းချုပ် ၍ မည်ရွေ့မည်မျှ **Check and Balance** ပြုလုပ်ခွင့်ပြုမည်ဆိုသောအချက်ကို ပြဋ္ဌာန်းခြင်းဖြစ်ပါသည်။

၁၉၇၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော အခြေခံဥပဒေသစ်နှင့် ပေါ်ထွန်းလာသော နိုင်ငံရေးစနစ်သည် အသွင်ကူးပြောင်းရေးအမှန်တကယ်ဖြစ်ပေါ်ခဲ့ခြင်းမဟုတ်သော ကြောင့် အဆိုပါဥပမာကို နိုင်ငံသားအချို့က မကြားဖူးသော ထောက်ပြကြသည်ကို တွေ့ရသည်။ ၁၉၇၄ အခြေခံဥပဒေသည် တစ်ပါတီစနစ်ကို အခြေခံထားသောကြောင့် အထက်တွင်ဖော်ပြခဲ့သော ကုန်လုပ်စွမ်းအားစုများကို ထိန်းချုပ်သည့်စနစ်သည် ယခင် ပါတီအဖွဲ့အစည်း ယခင်လူတန်းစားအဖွဲ့အစည်း အကြီးအကဲများချုပ်ကိုင်ထားရာ ထူးခြားမှုမမြင်တွေ့ခဲ့ရခြင်းဖြစ်ပေသည်။ တစ်ပါတီစနစ်ဖြစ်သောကြောင့် ကုန်လုပ် စွမ်းအားစုများအား ထိန်းချုပ်ပုံနှင့်ပတ်သက်၍ Check and Balance ပြုလုပ်မည့်

အတိုက်အခံမရှိသကဲ့သို့ ဗဟုလိကကဏ္ဍ၏ ရပ်တည်မှုကို အသိအမှတ်ပြုမထားသော ကြောင့် ကုန်လုပ်စွမ်းအားစုများကို ရယူသုံးစွဲခွင့်ဆိုသည်မှာ ပြောစရာပင်မလိုဘဲ ရှိခဲ့ပါသည်။ ထို့ကြောင့် ၁၉၇၄ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် များစွာလျှင်း စရာကောင်းသော စာရွက်တစ်ထပ်သာဖြစ်ခဲ့ခြင်းဖြစ်ပေသည်။

တစ်ပါတီစနစ်မဟုတ်တော့သော ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ပြိုင်ဘက်ပါတီ များ ပေါ်ပေါက်လာပြီဖြစ်ရာ ကုန်လုပ်စွမ်းအားစုများကို ထိန်းချုပ်ခွင့်အလို့ငှာ ဖြစ်ပေါ် လာဖွယ်ရှိသည့် Check and Balance များကို မည်ရွေ့မည်မျှအထိ ခွင့်ပြု၍ မည်သို့ မည်ပုံကန့်သတ်ထားမည်ဆိုသောအချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အဓိကရှာဖွေကြည့်ရသောအချက်များဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် အသစ်ပေါ်ထွန်းလာသော အခြေခံဥပဒေသစ်ကို လက်တွေ့ ကျင့်သုံးရာတွင် ကုန်လုပ်စွမ်းအားစုများကို STATE ခေါ် နိုင်ငံတော်နှင့် နိုင်ငံတော်ကို ကိုယ်စားပြု၍ ချုပ်ကိုင်ခွင့်ရသူ အဖွဲ့အစည်းက မည်ရွေ့မည်မျှရယူသုံးစွဲခွင့်ပြု၍ မည်သို့မည်ပုံ Check and Balance ပြုလုပ်ခွင့်ပြုသည်ဆိုသောအချက်များမှာ အခြေခံဥပဒေသက်သက်ကို လေ့လာရုံမျှဖြင့် အသေအချာမသိရှိနိုင်ဘဲ ရွေးကောက်ပွဲ ရလဒ်များပေါ်တွင်လည်း များစွာမူတည်မည်ဖြစ်ပေသည်။ သို့သော် များစွာသေချာ သည်မှာ ၁၉၆၂ ခုနှစ်မှစ၍ ဖြစ်ပေါ်ခဲ့သော ပုံသဏ္ဌာန်ပေါင်းဖြစ်သည့် ကုန်လုပ်စွမ်း အားစုများကို အကန့်အသတ်မရှိ Check and Balance မရှိ ထိန်းချုပ်ခွင့်ရှိခဲ့သော အခြေအနေကို ကျော်လွန်သွားလိမ့်မည်ဆိုသောအချက်မှာ ယခုအသစ်ပေါ်ထွန်းမည့် နိုင်ငံရေးစနစ်နှင့်ပတ်သက်၍ မျှော်လင့်ချက်ဖြစ်ပါသည်။

၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံ၌ မည်သို့သောနိုင်ငံရေးပုံသဏ္ဌာန် ဖြစ်ပေါ်လာ မည်ဆိုသောအချက်သည် တည်ဆဲအစိုးရအပေါ်တွင် မူတည်သည်ဟုပြောဆိုသော မှတ်ချက်များရှိခဲ့ပါသည်။ အသွင်ကူးပြောင်းရေးဆိုရာတွင် STATE ခေါ် နိုင်ငံတော်၊ Market ခေါ် ဈေးကွက်နှင့် Civil Society ခေါ် လူ့အဖွဲ့အစည်း စသည့်အင်အားစု သုံးရပ် အသွင်ကူးပြောင်းခြင်းဖြစ်ရာ ယခုနေ့ယခု Market နှင့် Civil Society တို့က ယနေ့မည်သို့ရင်းနှီးမြှုပ်နှံသည်ဆိုသော အချက်သည်လည်း ၂၀၁၀ ၏ နိုင်ငံရေး ရုပ်ပုံလွှာကို ထင်ဟပ်လိမ့်မည်ဖြစ်ပါသည်။ ■

**The Voice Weekly Vol 5-No.25**

# ပုဂ္ဂလိကပိုင်ဆိုင်မှုဆိုင်ရာဖွင့်ဆိုချက်




ကုန်လုပ်စွမ်းအားစုများအား ထိန်းချုပ်ခွင့် အကြောင်း ဆောင်းပါးနှစ်ပုဒ်ရေးအပြီး အသစ်ပြဋ္ဌာန်းထားသည့် အခြေခံဥပဒေတွင် ပုဂ္ဂလိက ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ မည်ရွေ့မည်မျှ မည်သို့အာမခံထားသနည်းဆိုသော မေးခွန်းကို မိတ်ဆွေအချို့က မေးခဲ့ကြသည်။

ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ဆိုသည်မှာ နိုင်ငံသားအသီးသီးကို [illegible] ဉာဏ်ဝိရိယရှိသလောက် အကျိုးခံစားခွင့်ပြုသည့် [illegible] နိုင်ငံသားဆိုင်ခွင့်တစ်ခုဖြစ်ပါသည်။ ဤရပိုင်ခွင့်တွင် [illegible]

ပေါ်စေမည့် နိုင်ငံသားတစ်ဦးချင်းစီ၏ အားထုတ်မှုကို အကာန့်အသတ်ဖြစ်ပေါ်စေပြီး နိုင်ငံ၏ ကြွယ်ဝချမ်းသာမှုကိုလည်း အကာန့်အသတ်ဖြစ်စေလိမ့်မည်ဖြစ်ပါသည်။

စီးပွားရေးဆိုင်ရာမူဝါဒများ၊ ပြည်သူ့ရေးရာမူဝါဒများ စသည့် မူဝါဒအရပ်ရပ် သည် သက်ဆိုင်ရာနိုင်ငံတော်က ထားရှိသည့် တန်ဖိုးများ၊ နှုန်းစံများအပေါ်တွင် တည်ဆောက်ရခြင်းဖြစ်ပါသည်။ အထူးသဖြင့် စီးပွားရေးနှင့်သက်ဆိုင်သောမူဝါဒများသည် ပုဂ္ဂလိကပိုင်ဆိုင်မှု (Property Rights) နှင့်သက်ဆိုင်သော တန်ဖိုးနှုန်းစံများအပေါ် မူတည်၍ ဖြစ်ပေါ်ရခြင်းဖြစ်ပါသည်။ ကုန်လုပ်စွမ်းအားစုများကို မည်ရွေ့မည်မျှ မည်သို့မည်ပုံထိန်းချုပ်၍ မည်ရွေ့မည်မျှ မည်သို့မည်ပုံလွှတ်ပေးမည်ဆိုသော အချက် မှာ Property Rights ကို ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း ယခင်အပတ်ဆောင်းပါးများတွင် ရေးခဲ့ပါသည်။ အဆိုပါတန်ဖိုးနှုန်းစံများသည် စီးပွားရေးမူဝါဒများနှင့်ပတ်သက်၍ အခြေခံမှုများဖြစ်သွားပြီး ထိုအခြေခံမှုများအပေါ်တွင် ကိစ္စရပ်အသီးသီးနှင့်ပတ်သက်၍ မူဝါဒများ ရေးဆွဲရခြင်းဖြစ်ပါသည်။

အသစ်ပေါ်ပေါက်မည့်အခြေခံဥပဒေတွင် သမိုင်းကြောင်းအရ ခါးသီးသော ဒဏ်ရာများရှိခဲ့သည့်ကိစ္စရပ်နှစ်ရပ်နှင့်ပတ်သက်၍ ရေးသား အာမခံချက်ပေးထား သည်ကို တွေ့နိုင်ပါသည်။ အဆိုပါအခြေခံဥပဒေသစ်၏ပုဒ်မ ၃၆၊ ပုဒ်မခွဲ(ဃ)တွင် စီးပွားရေးလုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြုဟုလည်းကောင်း၊ ပုဒ်မခွဲ(င)တွင် တရားဝင်ထုတ်ဝေထားသောငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်း မပြုဟု လည်းကောင်း ဖော်ပြထားခြင်းများမှာ ပုဂ္ဂလိကပိုင်ဆိုင်မှုများကို အာမခံခြင်း ဖြစ်ပါသည်။

သို့ရာတွင် အခြေခံဥပဒေက အာမခံသော အဆိုပါကိစ္စရပ်များကို လက်တွေ့ကျင့်သုံးသည့်နေရာတွင် မည်သို့အဓိပ္ပာယ်ကောက်ယူသနည်းဆိုသောအချက်များက ပုဂ္ဂလိကပိုင်ဆိုင်မှုဆိုင်ရာကိစ္စရပ်များအတွက် အရေးကြီးသည်ဟု ဆိုချင်ပါသည်။ အခြေခံဥပဒေအရ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံးက အခြေခံဥပဒေဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဆုံးဖြတ်မည်ဖြစ်သော်လည်း ပြဿနာကို ပြဿနာဟု တောက်မပြောသရွေ့၊ အငြင်းမပွားသရွေ့ ပုဒ်မတစ်ခုချင်းကို ရှင်းလင်းအဓိပ္ပာယ်ဖွင့်ဆိုပေးရန် မဖြစ်နိုင်ပါ။

ဥပမာအဖြစ် အခြေခံဥပဒေပုဒ်မ ၃၆ ပုဒ်မခွဲ(ဃ)ပါ ပြည်သူပိုင်သိမ်းခြင်းနှင့်ပတ်သက်၍ ဖော်ပြထားချက်သည် သွယ်ဝိုက်၍ကောက်ယူနိုင်သည်များအတွက် အာမခံထားခြင်းရှိ၊ မရှိဆိုသောအချက်များမှာ သက်ဆိုင်ရာအုပ်ချုပ်ရေးအာဏာ ကျင့်သုံးသော

အဖွဲ့အစည်းများပေါ်တွင် များစွာမူတည်ပါသည်။ ဥပမာအဖြစ် စာရေးသူ၏အတွေ့အကြုံတစ်ခုကို ဖော်ပြလိုပါသည်။ ၁၉၉၃ ခုနှစ်ကုန်ပိုင်းတွင် သစ်တောရေးရာဝန်ကြီးဌာနက ၎င်းတို့ခွင့်ပြုထားသည့် ပုဂ္ဂလိကသစ်ထုတ်ခွင့်လိုင်စင်များကို မည်မျှသက်တမ်းကျန်ရှိနေပါစေ ရုတ်တရက်ပြန်လည် ရုပ်သိမ်းကြောင်း ကြေညာခဲ့ဖူးသည်။ ထိုကာလက ပိုတောက်သစ်လုံး တန် ၁၀၀ သစ်ထုတ်ခွင့်လိုင်စင်တစ်စောင်၏ တန်ကြေးမှာ ဒေါ်လာ တစ်သိန်းရှိရာ ဤသို့သောကိစ္စရပ်များကို ပြည်သူပိုင်သိမ်းသောဖြစ်ရပ်ဟုတ်၊ မဟုတ် အခြေခံဥပဒေတရားရုံးက ဖွင့်ဆိုမပေးလျှင် အလားတူကိစ္စရပ်များစွာဖြစ်နိုင်ခြေရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

ပုဂ္ဂလိကပဲကုန်သည်များ၏လက်ဝယ်တွင်ရှိနေသော ကုန်စည်တစ်မျိုးကို သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းတစ်ခုက အရှုံးခံ၍ ရောင်းချစေရန် သို့မဟုတ် သဘောမတူသောဈေးနှုန်းဖြင့်ရောင်းချစေရန် ဖိအားပေးသောကြောင့် ဆုံးရှုံးရသမျှကို ပြည်သူပိုင်သိမ်းခြင်းအဖြစ် ကောက်ယူမည်၊ မကောက်ယူမည့် အခြေခံဥပဒေဆိုင်ရာ ခုံရုံးကမဆုံးဖြတ်သရွေ့ အလားတူဖြစ်ရပ်များ ပေါ်ပေါက်နိုင်ခြေများစွာရှိနေသည်ကို တွေ့ရမည်ဖြစ်ပေသည်။

အမှန်အားဖြင့် အခြေခံဥပဒေပါဖွင့်ဆိုချက်များသည် မည်ရွေ့မည်မျှအထိ အဓိပ္ပာယ်သက်ရောက်သည်ဆိုသောအချက်မှာ ရှင်းပါသည်။ သို့သော် ထိုသို့တိုးတွင်စဉ်းစား၍ အဓိပ္ပာယ်ကောက်ယူရန်အတွက် အဆိုပါတန်ဖိုးများ (ဥပမာ−Property Rights) ကို လူ့အဖွဲ့အစည်းက အလေးမထားသေးသည်ဖြစ်ရာ မည်သို့ဆက်သော်ဖြစ်ပေါ်နိုင်သည်ဆိုသည်ကိုလည်း ခန့်မှန်း၍ရနေပါသည်။

ဆိုလိုသည်မှာ အခြေခံဥပဒေက ပေးအပ်သည့်အခွင့်အရေးများ ရရှိခံစားရေး သည်နိုင်ငံသားအသီးသီး၊ တာဝန်ရှိသူအသီးသီးက Proactive ဟူသော တက်ကြွသည့်သဘောထားဖြင့် ဆောင်ရွက်ကြမှသာ အမြဲ[illegible] ဟူသော အချက်ဖြစ်ပါသည်။ သို့မဟုတ်ပါက ပြဿနာများဖြစ်၍ [illegible] အခြေခံဥပဒေက ကြားဝင်ဆုံးဖြတ်ချိန်မှသာ [illegible] ဖြစ်လိမ့်မည်ဖြစ်ပေသည်။

အဓိကအရေးအကြီးဆုံးအချက်မှာ [illegible] ဖြစ်သည့်အတွက် စဉ်းစားသုံးသပ်၍ နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ [illegible] အကာအကွယ်ပေးနိုင်ရေး ဖြစ်ပါသည်။ ■

The Voice Weekly Vol.5-No.27



# ပတောင်းသိက ပေးနိုင်သူ

ယခင်အပတ် The Voice Weekly တွင် ပါဝင်သော စာရေးသူ၏ ကုန်လုပ်စွမ်းအားစုများ ထိန်းချုပ်မှု၊ ရယူသုံးစွဲမှုတို့နှင့် ပတ်သက်၍ Check and Balance ပြုလုပ်နိုင်ခြေအလားအလာများ သုံးသပ်ချက်ဆောင်းပါးနှင့် ပတ်သက်၍ မိတ်ဆွေတစ်ဦးက မေးခွန်းထုတ်လာခဲ့သည်။ ၎င်း၏မေးခွန်းမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကုန်လုပ်စွမ်းအားစုများ ထိန်းချုပ်မှုကို မည်သို့သုံးသပ်လိုပါသနည်း ဆိုသောမေးခွန်း ဖြစ်သည်။

မိတ်ဆွေဖြစ်သူ၏မေးခွန်းမှာ ရှင်းပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် State ဆိုသော နိုင်ငံတော်မှာ ကွန်မြူနစ်ပါတီဖြစ်ပြီး ထိုပါတီကို လူတန်းစား အလွှာကသာ

ကုန်လုပ်စွမ်းအားစုများကို ထိန်းချုပ်ခွင့်ရှိလိမ့်မည်။ အတိုက်အခံ ပါတီဆိုသည်များနှင့် ပါတီစုံစနစ်ကိုခွင့်ပြုနိုင်ခြင်းမရှိ၍ Check and Balance ဆိုသည်မှာ အချုပ်အခြာ အာဏာတစ်ခုနှင့် တစ်ခုအကြား အချင်းချင်း Check and Balance ပြုလုပ်ခြင်းသက်သက် မဟုတ်ဘဲ ယူဆဖေးမြန်းခြင်း ဖြစ်ပါသည်။

မှန်ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ကုန်လုပ်စွမ်းအားစုများ ရယူသုံးစွဲခွင့်နှင့်ပတ်သက်၍ (တစ်နည်းအားဖြင့် Property Right) ခင်းကျင်းထားသော အခင်းအကျင်းမှာ အလွန်ပညာသားပါသောကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရသည် ကမ္ဘာပေါ်တွင် အပေါ်းနပ်ဆုံးအစိုးရများတွင် တစ်ခုအပါအဝင်ဖြစ်သည်ဟု ဆိုချင်ပါသည်။ သို့သော်တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရသည် ဤနည်းလမ်းမျိုးကို ကမ္ဘာပေါ်တွင် ပထမဆုံးကျင့်သုံးခဲ့သူမဟုတ်ပါ။ စင်ကာပူနိုင်ငံသည် အလားတူနည်းမျိုးဖြင့် ယနေ့ ၎င်းတို့ရောက်ရှိနေသောအနေအထားကို ဆောင်ကြဉ်းလာခဲ့ခြင်းဖြစ်ပါသည်။

ကုန်လုပ်စွမ်းအားစုများကိုလိုအပ်လျှင် အကြမ်းနည်းအာဏာစက်ကို သုံးစွဲ၍ တရားဝင်ထိန်းချုပ်ခွင့်ရရှိထားသူ နိုင်ငံတော်ခေါ် State များနှင့်ပတ်သက်၍ ကွဲပြားသောသီအိုရီနှစ်ရပ်ရှိပါသည်။ ပထမတစ်ခုမှာ Contract Theory of State ဖြစ်သည်။ Contract သီအိုရီအရ State ခေါ် နိုင်ငံတော်များသည် သက်မဲ့ဖြစ်သော ကုန်လုပ်စွမ်းအားစုများကို ကန်ထရိုက်စနစ်ဖြင့် စည်းမျဉ်းစည်းကမ်းသတ်မှတ်၍ မျှတစွာ ယှဉ်ပြိုင်ရယူသုံးစွဲခွင့်ပြုထားရာ မျှတ၍ ထိရောက်သောပိုင်ဆိုင်ခွင့်၊ ပိုင်ဆိုင်မှုကိုလွှဲပြောင်းခွင့်၊ အမြတ်အစွန်းထုတ်ယူခွင့်များ ဖော်ဆောင်ပေးရာရောက်သွားပြီး နိုင်ငံတော်ခေါ် State သည် လူ့အဖွဲ့အစည်း၏ ကြွယ်ဝချမ်းသာမှုကို ဆောင်ကြဉ်းသူဖြစ်သွားခဲ့ခြင်းဖြစ်သည်။ အနောက် ဥရောပစီးပွားရေးအင်အားကြီးနိုင်ငံများ၏ State များသည် အဆိုပါတာဝန်ကိုထမ်းဆောင်ကြပြီး တစ်ခေတ်တွင်လည်း နိုင်ငံတော်အနေဖြင့် မြင့်မားသော အခွန်အကောက်များ ကောက်ယူသည်ကိုတွေ့ရသည်။

Predatory ခေါ် Exploitation Theory အရ State ဆိုသည်မှာ ကုန်လုပ်စွမ်းအားစုများကို ထိန်းချုပ်သည့်ပါတီတစ်ခု၊ အုပ်စုတစ်ခုမှ ချုပ်ကိုင်ထားခြင်းဖြစ်ပြီး ကုန်လုပ်စွမ်းအားစုများကို ထိန်းချုပ်ထား၍ လူ့အဖွဲ့အစည်းအတွင်း ၎င်းတို့၏ အကျိုးစီးပွားကို လက်တစ်ဆုံးရယူခြင်းသာဖြစ်သည်ဟုဆိုသည်။ လူ့အဖွဲ့အစည်း၏ ကြွယ်ဝချမ်းသာမှုကို ၎င်းတို့လူတန်းစား၏ အကျိုးစီးပွားအတွက် ဆောင်ရွက်နေခြင်းဖြစ်သည်ဟု ဆိုသည်။ ဤအယူအဆမှာ Marxist သီအိုရီများအရ အရင်းရှင်စနစ်ကို ဆန့်ကျင်သောအယူအဆ

ဖြစ်သည်။

တရုတ်တို့သည် Marxist သီအိုရီများကို ကျွမ်းကျင်နှံ့စပ်သူများ ဖြစ်သည့်အားလျော်စွာ ကုန်လုပ်စွမ်းအားစုများကို အလွန်အကျွံထိန်းချုပ်မိလျှင် လူတန်းစားတိုက်ပွဲတော်လှန်ရေးများဖြစ်တတ်သည်ကို သဘောပေါက်နိုင်သူများဖြစ်ပေသည်။ ထို့အပြင် တရုတ်ခေါင်းဆောင်များနှင့် Ruling Class သည် ပြည်သူလူထုကို ရန်သူအဖြစ်သဘောမထားကြောင်း မကြာခဏပြသလေ့ရှိသူများဖြစ်ပေသည်။ တစ်ဖက်တွင်လည်း လူဦးရေများလွန်းသောနိုင်ငံကြီးတွင် ကုန်လုပ်စွမ်းအားစုများထိန်းချုပ်ခွင့်ကို ဈေးသစ်မည့် Check and Balance ပြုလုပ်ခွင့်ကို ပေးအပ်ရန် အခက်အခဲရှိနိုင်သည်ဟု ယူဆထား ကြရာ ပါးနပ်စွာပင် 'မတောင်းဗီကာပေးနှင့်သည်' ဟု ဆိုရမည်ဖြစ်သည်။ စင်ကာပူနိုင်ငံ သည် ဤ 'မတောင်းဗီကာပေးနှင့်သည်' ဆိုသော သဘောတရားကို အဓောဆုံး ကျင့်သုံးအောင်မြင်ခဲ့သူဖြစ်သည်။ ကုန်လုပ်စွမ်းအားစုများအား စနစ်တကျရယူသုံးစွဲခွင့်ပြုထားသောကြောင့် ကုန်လုပ်စွမ်းအားစုများ ရယူသုံးစွဲခွင့်အလို့ငှာ တိုက်ပွဲဝင်ရမည့် အတိုက်အခံပါတီ နိုင်ငံရေးလိုအပ်ချက်မရှိသလောက်ဖြစ်သွားပြီး နိုင်ငံရေးအပေါ် စိတ်ဝင်စားမှုလည်း နည်းသွားသည်ကိုတွေ့နိုင်ပါသည်။

တစ်နည်းအားဖြင့် ပြောရလျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း Exploitation သီအိုရီနှင့် ကိုက်ညီသောနိုင်ငံတစ်ခု အဖြစ်မှ Contract သီအိုရီနှင့် ကိုက်ညီသော State တစ်ခုအဖြစ် စာရေးသူတို့၏ မျက်စိရှေ့တွင် တရွေ့ရွေ့ကူးပြောင်းသွားခဲ့ခြင်းဖြစ်ပါသည်။ မည်မျှအောင်မြင်သည်ဆို စေကာမူ Check and Balance မရှိသည့် နိုင်ငံတော်သက်သက်ဖြစ်နေခြင်းကြောင့် လွန်ခဲ့သောနှစ်က ဖြစ်ပေါ်ခဲ့သော နို့မှုန့်ပြဿနာမျိုးဖြစ်ပေါ်ရန် အလားအလာများလည်း အမြဲတစေရှိနေသည်ကို တွေ့မြင်နေရပေသည်။ ■

**The Voice Weekly Vol 5-No.26**

# ရှိရင်းစွဲတိုးတက်မှုများနှင့် ရထိုက်သည့်ရလဒ်

မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ကိုပြဋ္ဌာန်းပြီးဖြစ်ရာ ထိုအခြေခံဥပဒေသစ်က ရည်ညွှန်းသည့်နိုင်ငံရေးစနစ်တစ်ရပ်ကို မကြာမီအကောင်အထည်ဖော်ကြရတော့မည်ဖြစ်ပေသည်။ ရေးသားပြဋ္ဌာန်းထားသောဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များ မည်မျှအသက်ဝင်သည်ဆိုသောအချက်သည် လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီစနစ်၏ ရေခံမြေခံများနှင့် အထူးသက်ဆိုင်သည်ဟု ပညာရှင်များကဖွင့်ဆိုပါသည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံတွင် လူ့အဖွဲ့အစည်း၏နိုင်ငံရေးတွင်ပါဝင်ဆောင်ရွက်ခွင့် တစ်နည်းအားဖြင့် Political Process အစပြုဖြစ်ထွန်းတော့မည် ဆိုသောအချက်မှာ များစွာသေချာပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ဖော်ပြထားသည့် အသေးစိတ်အချက်အလက်များ မည်သို့ပေါ်ပေါက်လာမည်ဆိုသည်ကို မခန့်မှန်းနိုင်သည့်တိုင် အောက်ပါ Political Process ၏ ထင်ရှားသောလက္ခဏာများ မြင်တွေ့ရတော့မည်မှာ သေချာပါသည်။

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်က အာမခံထားသည့်နည်းအတိုင်း ပါတီစုံပါဝင်သောနိုင်ငံရေးစနစ်အတွက် နိုင်ငံရေးပါတီများဖွဲ့စည်းဆောင်ရွက်ခြင်း [illegible]

၂။ ပြည်ထောင်စုအဆင့်လွှတ်တော်နှင့်ရုံး [illegible] ရွေးကောက်ခံ [illegible] ၄၉၈ ဦးက ဖော်ဆောင်ရမည့်အဓိက Check and Balance [illegible] သို့မှ၊

(က) ဥပဒေများပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း

(ခ) ရသုံးမှန်းခြေငွေစာရင်းကို စိစစ်အတည်ပြုခြင်း

(ဂ) ရေးရာကော်မတီများဖွဲ့စည်း၍ [illegible]

စောင့်ကြည့်ခြင်း

၃။ ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်နယ်များသို့ပေးအပ်သော အချုပ်အခြာအာဏာသုံးရပ်ကို ကျင့်သုံး၍ တိုင်းရင်းသားလူမျိုးအသီးသီး၏ ဒေသနှင့် လူမျိုးအကျိုးစီးပွား ဆောင်ကြဉ်းဖော်ဆောင်ခွင့်။

အထက်ဖော်ပြပါ Political Process မည့်မျှပီပြင်စွာ ဖြစ်ထွန်းအကောင်အထည် ပေါ်လာသနည်းဆိုသောအချက်မှာ အထက်ပါ Political Process သုံးခုတွင် မည်သို့ မည်ပုံတာဝန်ထမ်းဆောင်ရမည်ကို အသေအချာသိရှိပြီး မလိုအပ်သည့်အကြောက်တရား ကင်းသူ လွှတ်တော်အမတ်များလိုအပ်ပါသည်။ ရွေးချယ်တင်မြှောက်ခံရမည့်အမတ် အရေအတွက်မှာ ပြည်ထောင်စုအဆင့်အတွက် ၄၉၈ဦးဖြစ်ပြီး ပြည်နယ်/ တိုင်း လွှတ်တော်အားလုံးအတွက် အနည်းဆုံး ၆၆၀လိုအပ်ပါလိမ့်မည်။ မြန်မာနိုင်ငံရှိ လက်ရှိလူ့ အဖွဲ့အစည်းအတွင်းမှ အရည်အချင်းပြည့်ဝသော နိုင်ငံရေးသမား ၁၀၀၀ကျော်ရှိရေးမှာ များစွာခက်ခဲမည်ဆိုသောအချက်ကို မြင်သာမည်ထင်ပါသည်။ အထူးသဖြင့် Political System သီအိုရီများအရထွက်ပေါ်ရမည့် Output မှာ ပြည်သူ့ရေးရာမူဝါဒဆိုင်ရာ အဆုံးအဖြတ်၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြစ်ပါသည်။ စနစ်ဟောင်း၏ ပြည်သူ့ရေးရာမူဝါဒဆိုင်ရာအဆုံးအဖြတ်၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ ကောင်းဟုဆိုခဲ့ပါလျှင် စနစ်သစ်တွင် ပါဝင်လာမည့်နိုင်ငံရေးသမား များက ပိုကောင်းသောအဆုံးအဖြတ်များ ထုတ်လုပ်နိုင်ရပါလိမ့်မည်။ စဉ်းစား ထုတ်လုပ်နိုင်သမျှကို Policy Decision အဖြစ် ထွက်ပေါ်အောင် စည်းရုံးဆောင်ကြဉ်းနိုင်စွမ်းရှိသူများ ဖြစ်ရပါမည်။

တစ်ဖက်တွင်လည်း အဆိုပါပြည်သူ့ရေးရာမူဝါဒများကို လက်တွေ့၊ လက်ရောက် ပြည်သူလူထုသို့ လက်ဆင့်ကမ်းမည့်သူများမှာ မည်သည့်အစိုးရတက်သည်ဖြစ်စေ တည်ရှိနေမည့် ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရား၏ ဝန်ထမ်းများဖြစ်ကြပါသည်။ ၎င်းတို့ သည် Check and Balance မရှိသော၊ Political Process မရှိသော ဗဟိုဦးစီးစနစ်နှင့် နှစ်ပေါင်း ၄၇နှစ်ခန့် အသားကျနေသူများဖြစ်နေပြန်ပါသည်။

အထက်တွင်ဖော်ပြခဲ့သောအခြေအနေအရပ်ရပ်ကိုကြည့်လျှင် မြန်မာနိုင်ငံအတွက် နိုင်ငံတည်ဆောက်ရေးဆိုသည်မှာ နှစ်ပေါင်းများစွာလုပ်ဆောင်ရမည့်အရေးကိစ္စ ဖြစ်ကြောင်းသိသာပါလိမ့်မည်။ အဓိကလုပ်ဆောင်ရမည့်တာဝန်မှာ လူ့အဖွဲ့အစည်း၏ Capacity Building သာလျှင်ဖြစ်ပေသည်။ ပွင့်ပွင့်လင်းလင်းပြောရလျှင် မြန်မာနိုင်ငံ၏ နိုင်ငံတည်ဆောက်ရေးသည် ၂၀၁၀ တွင် စတင်ရမည်ဖြစ်ရာ ၂၀၁၀ သည် 'ပန်းတိုင်' မဟုတ်ဘဲ 'တံခါးဖွင့်' ဖြစ်ပါသည်။ Capacity ရှိသောလူ့အဖွဲ့အစည်းနှင့် ထိတွေ့ဖူးပါ

လျှင် မြန်မာလူ့အဖွဲ့အစည်းအတွက် Capacity Building မှာ မည်ရွေ့မည်မျှကြာအောင် တည်ဆောက်ရမည်ဆိုသည်ကိုပင် မသိပါဟု ပြောရပါလိမ့်မည်။ အကောင်းဆုံးပုံစံများကို မသိသူများကြောင့် ရောင့်ရဲစွာရှိနေသော လူ့အဖွဲ့အစည်းကိုလှုပ်နှိုးရန်ကိုပင် များစွာ ဝါယမစိုက်ကြရဦးမည်ဖြစ်ပါသည်။

အထက်တွင်ပြောခဲ့သော Political Process လွန်ခဲ့သောနှစ်ဆယ်ကျော်ကာလမှ စတင်ပြီး ပေါ်ပေါက်လာခဲ့သော မြန်မာလူ့အဖွဲ့အစည်းအတွင်းမှ အစိုးရမဟုတ်သောလူမှုရေးအဖွဲ့ အစည်းငယ် (NGOs) များစွာတို့ကိုကြည့်လျှင် မြန်မာလူ့အဖွဲ့အစည်း၏ နိုင်ငံတည် ဆောက်ရေးတွင်ပါဝင်ခွင့်ကို မြင်သာမည်ဟုထင်ပါသည်။ ပြောရလျှင် အမေရိကန်ပြည် ထောင်စုကဲ့သို့ နိုင်ငံများက အရေးတယူဆက်ဆံနေကြသည့် အာရှနိုင်ငံများဖြစ်သော တရုတ်၊ ဗီယက်နမ်စသည့်နိုင်ငံများတွင် နိုင်ငံရေးပါတီများ၊ နိုင်ငံသား အစိုးရမဟုတ် သည့်အဖွဲ့အစည်းများ (NGOs) မရှိကြပါ။ ယခု The Voice Weekly ကဲ့သို့ ရာနှုန်းပြည့် လွတ်လပ်သည့် ပုဂ္ဂလိကမီဒီယာများလည်းမရှိပါ။


မြန်မာနိုင်ငံနှင့် နိုင်ငံကြီးအချို့အကြားဖြစ်ပေါ်ခဲ့သည့်ဆက်ဆံရေးအဖုအထစ်များ စွာသည် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို ထုပ်ပိုးရောင်းချသည့် (Packing) တစ်နည်းအားဖြင့် Public Relation (PR) အပေါ်မူတည်နေခြင်းဖြစ်ပါ သည်။ မည်သို့ပင်ဖြစ်စေ အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ ပုံပေါ်လာသော အခင်း အကျင်းများစွာလည်းရှိနေခဲ့သည့်အတွက် မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုကဲ့သို့ နိုင်ငံကြီးအကြား စာမျက်နှာသစ်ဖွင့်လှစ် နိုင်မည့်အခြေအနေများလည်းပေါ်ပေါက်လာခဲ့ သည်ကိုတွေ့နိုင်ပါသည်။ ဤဆက်ဆံရေးသည် မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက် မှုကို အဟန့်အတားသဖွယ်ဖြစ်ပေါ်နေခဲ့သည့် ပိတ်ဆို့အရေးယူမှုများ ဖယ်ရှားရေး အတွက် အရေးကြီးသောခြေလှမ်းတစ်ရပ်ဖြစ်ပေသည်။

အထက်တွင်ဖော်ပြခဲ့သည့် Packaging ခေါ် ထုပ်ပိုးရောင်းမှုပုံစံသည် နိုင်ငံ၏ ပုံရိပ်အတွက် များစွာအရေးကြီးသည်ကို အားလုံးနားလည်ကြပါသည်။ ဂျာမနီလုပ် ပစ္စည်း၊ ဂျပန်လုပ်ပစ္စည်းများအပေါ် ရှေးကတည်းက ယုံကြည်မှုရှိခြင်းမှာ နိုင်ငံ၏ပုံရိပ်ကို နှစ်ပေါင်းများစွာ တည်ဆောက်ထားသောကြောင့်ဖြစ်ပါသည်။

ယခုဆောင်းပါးတွင် အဓိကဖော်ပြလိုသောအချက်မှာ သမိုင်း ပေါ်ပေါက်လာခဲ့ပြီ ဖြစ်သည့် Political Process အလားအလာများ ပေါ်ပေါက်လာနေသော စာမျက်နှာ သစ်ဖွင့်ရန်အခြေအနေကောင်းများကို မှတ်မိသင့်ကြောင်းဖြစ်ပါသည်။ အရေးကြီး သည်မှာ အဓိကနှင့် သာမညခွဲခြားနိုင်ရေးပင်ဖြစ်ပါသည်။ ■

The Voice Weekly Vol 5-No.28

## အသွင်ကူးပြောင်းရေးနှင့် တိုင်းရင်းသားလူမျိုးများအရေး



တိုင်းရင်းသားလူမျိုးများအရေးနှင့်ပတ်သက်၍ The Voice Weekly တွင် ရေးသားဖော်ပြမှုအနည်းငယ်သာ တွေ့ရသောကြောင့် မိမိတို့တိုင်းရင်းသားလူမျိုးများ၏ အရေးကိစ္စအပေါ် The Voice Weekly နှင့် စာရေးသူတို့က မည်သို့သဘောထားသည်ကိုသိလိုကြောင်း တိုင်းရင်းသားခေါင်းဆောင်တစ်ဦးက စာရေးသူကို မကြာသေးခင်က မေးခဲ့ပါသည်။

တိုင်းရင်းသားလူမျိုးများအရေးနှင့်ပတ်သက်၍ ပြောရလျှင် ယနေ့တပ်မတော်အစိုးရနှင့် ဆက်ဆံရေးအဆင်ပြေရင်နီးသော တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ထိုအဖွဲ့အစည်းများ၏ ခေါင်းဆောင်များ၊ မြန်မာနိုင်ငံအစိုးရကို လေလှိုင်းသို့မဟုတ် အင်တာနက်စာမျက်နှာများပေါ်မှ ဝေဖန်လျက်ရှိသော တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ထိုအဖွဲ့အစည်းများကို ကိုယ်စားပြုနေသူများ စသူအားလုံးတို့၏ တိုင်းရင်းသားအရေးဆိုင်ရာ လိုလားချက်များကိုကြည့်လျှင် Collective Rights ခေါ် ထိုလူ့အဖွဲ့အစည်းအတွက် ကြမ္မာပြဋ္ဌာန်းခွင့်ကို ရည်ညွှန်းကြောင်း သိသာပါသည်။

အထက်တွင် ပြောခဲ့သော Collective Rights ခေါ် ထိုလူ့အဖွဲ့အစည်းအတွက် ကြမ္မာပြဋ္ဌာန်းခွင့်၏ အနှစ်မပန်းတိုင်ကိုကြည့်လျှင် ထိုလူ့အဖွဲ့အစည်းဝင်များ၏ တစ်ဦးချင်းရပိုင်ခွင့်များ (Individual Rights)ရေရာသေချာစွာရရှိရေးကို စိမ်းသေးနိုင်ဖြစ် သည်ဟု ဆိုရပေလိမ့်မည်။ တစ်နည်းအားဖြင့် 'လာရင်းကိစ္စ' သည် Individual Rights သာဖြစ်သည်ဟု ဆိုရပါလိမ့်မည်။

စာရေးသူတို့အနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့်ပတ်သက်၍ စိတ်ကူးဖြင့်ပုံဖော်ထားသော အနာဂတ်ရုပ်ပုံလွှာသည် မြန်မာနိုင်ငံသား အားလုံး လုံးလုံးလျားလျား တန်းတူရည်တူရှိကြသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဝန်းကျင်တစ်ရပ်ဖြစ်ရာ တိုင်းရင်းသားခေါင်းဆောင်များ၏ 'လာရင်းကိစ္စ' နှင့်မိမိတို့ The Voice Weekly ၏ လာရင်းကိစ္စ အတူတူပင်ဖြစ်သည်ဟု ဆိုရပါလိမ့်မည်။ တစ်နည်းအားဖြင့် ပြောရ လျှင် လူ့အဖွဲ့အစည်းရှုထောင့်နှင့် တစ်ဦးချင်းရှုထောင့် ကွာခြားမှုသာ ဖြစ်သည်ဟု ဆိုချင်ပါသည်။ ပြောရလျှင် စာရေးသူကိုယ်တိုင်မှာ တိုင်းရင်းသားမျိုးနွယ်ဝင်တစ်ဦး ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ Collective Rights များသည် မြင်သာထင်သာရှိသော ကြောင့် နိုင်ငံရေးအရလည်းများစွာ တင့်တယ်သည်ဖြစ်ရာ Collective Rights များကို ပြောကြသည်ကို နားလည်နိုင်ပါသည်။ Individual Rights ဆိုသည့်ကိစ္စရပ်နှင့် ပတ်သက်၍ စုံအမျိုးမျိုးရှိသည်ကို သဘောပေါက်ပါသည်။ အဓိကကျသည်မှာ State ဟုခေါ်သည့် နိုင်ငံတော်နှင့် မြန်မာနိုင်ငံသား Stakeholder အားလုံး (အားလုံး) နှစ်ဖက်ကျေနပ်လက်ခံနိုင်မည့် Individual Rights များကို မြန်မာနိုင်ငံသားအားလုံး နေရာဒေသမရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး ခံစားရရှိရေးကို ဆောင်ကြဉ်းနိုင်ခဲ့ ပါလျှင် တိုင်းရင်းသားလူမျိုးတစ်ဦးချင်းစီအတွက် Collective Rights ဆိုသည်မှာ သီးခြားဆောင်ကြဉ်းပေးစရာမလိုတော့ဟုသောအချက်ဖြစ်သည်။ အသွင်ကူးပြောင်း ရေးကာလတစ်လျှောက်တွင် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် [illegible] အခွင့်အရေးများရရှိရေးကို စနစ်တကျယုံကြည်မှုတည်ဆောက်၍ [illegible] ကျန်ရှိနေသေးသော်လည်း ဤကိစ္စများသည် တစ်[illegible] တညီတညွတ်တည်း ကြိုးစားအားထုတ်ကြရမည့်ကိစ္စရပ်များဖြစ်သည်။ တိုင်းရင်း သားလူမျိုးစုတစ်စုချင်းက ကြိုးစားခြင်းထက် [illegible] တညီတညွတ်တည်း ကြိုးစားကြရမည့်ကိစ္စရပ်များဖြစ်သည်ဟု ဆိုချင်ပါသည်။

မည်သို့ပင်ဖြစ်စေ Collective Rights များသည် Individual Rights များကို ရရှိစေနိုင်မည့် မြင်သာထင်သာသော အားခံချက်များဖြစ်နေရာ ၂၀၁၅ ပြည်ထောင်စု

သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် တိုင်းရင်းသားပြည်နယ်များ၏ Collective Rights အလို့ငှာ အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုအာဏာ၊ တရားစီရင်ရေးအာဏာများ လက်ရှိတပ်မတော်အစိုးရက လက်ခံနိုင်သည့် အတိုင်းအတာအထိ ခွဲဝေပေးအပ်ထားသည်ကိုတွေ့နိုင်ပါသည်။ တစ်မြို့နယ်လျှင် နှစ်ဦးကျစီတင်မြှောက်သည့် ကိုယ်စားလှယ်များပါဝင်သည့် သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်များက သက်ဆိုင်ရာ တိုင်းရင်းသားမျိုးနွယ်များ၏ Collective Rights ကို ဆောင်ကြဉ်းအာမခံနိုင်ခြင်းရှိမရှိဆိုသည် ၎င်းတို့မည်မျှ စည်းလုံးညီညွတ်စွာအလုပ်လုပ်နိုင်သနည်းဆိုသော အချက်ပေါ်တွင် များစွာမူတည်ပါလိမ့်မည်။ ၂၀၁၀ ရွေးကောက်ပွဲအပြီးတွင် မည်သည့်ပြည်နယ်များက တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကို ဆောင်ကြဉ်းနိုင်ပြီး မည်သည့်ပြည်နယ်များက ဆောင်ကြဉ်းနိုင်ခြင်း မရှိ ဆိုသည့်အချက်များသည်လည်း သိသိသာသာပေါ်လွင်လာပါလိမ့်မည်။ အခြေခံဥပဒေက ပေးအပ်သမျှ အခွင့်အရေးများ၊ ဖြစ်လာနိုင်ချေရှိသော အခြေအနေသစ်များ၊ တွန်းခြင်း ဆွဲခြင်းအမျိုးမျိုးတို့ကို ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိလျှင် နောက်တစ်ကြိမ် ၂၀၁၅ ရွေးကောက်ပွဲအထိ ဆောင့်အည်းသည်းခံနေသော အခြေအနေမျိုးနှင့် ကြုံကြိုက်ရပါလိမ့်မည်။

ထိုအခြေအနေများကြောင့် The Voice Weekly အတွဲ ၅၊ အမှတ် ၂၄ Street-smart Book-smart ဆွေးနွေးခန်းတွင် ပြည်ထောင်စုအဆင့်၌ လက်ရှိအာဏာရ အစိုးရကို ယှဉ်ပြိုင်ခြင်းထက် တစ်မြို့နယ်လျှင် နှစ်ယောက်ရွေးချယ် တင်မြှောက်ရ မည့် ပြည်/တိုင်းလွှတ်တော်များတွင် မိမိတို့ဒေသ၊ မိမိတို့မျိုးနွယ်၏ အကျိုးစီးပွားကို ရာနှုန်းပြည့်ဆောင်ကြဉ်းသူများ ရာနှုန်းပြည့်နေရာယူနိုင်ရေးကို ပိုမိုလုံ့လစိုက်ထုတ်ကြရန် တိုက်တွန်းခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံရေးအလုပ်သည် ဖွန့်ဖားရသော၊ အန္တရာယ်များသောအလုပ်ဖြစ်သည်ဆိုသည့်အချက်မှာ ယခင်နှစ်များအထိ မှန်ခဲ့သော်လည်း အခုအခါ တဖြည်းဖြည်းမမှန်တော့ပါ။ တစ်ဖက်တွင်လည်း လုံခြုံရေးနှင့်ဆိုင်သောအဖွဲ့အစည်းများသည် လည်းတဖြည်းဖြည်း အသွင်ကူးပြောင်းရေးကာလကို ဖြတ်သန်းနေရသည်ဖြစ်ရာ ၎င်းတို့၏အသွင် ကူးပြောင်းရေးကို ပိုင်းဝန်းကူညီရင်း မိမိတို့၏ဆန္ဒများကို စနစ် တကျအကောင်အထည်ဖော်နိုင်သော နည်းလမ်းများ ရှိနေပါသည်။ အကောင်းဆုံးမှာ မိမိတို့၏စည်းရုံးလှုပ်ရှားမှုအားလုံးကို သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများသို့ တရားဝင်အကြောင်းကြား အသိပေး၍ လုပ်ဆောင်ခြင်းဖြင့် နှစ်ဖက်စလုံး လုပ်သာကိုင်သာသည့် အခြေအနေများကို ဖန်တီးယူကြရန်တိုက်တွန်းလိုခြင်းဖြစ်ပေသည်။ ■

The Voice Weekly Vol 5-No.28

# ရန်ကုန်မြို့နေ နိုင်ငံရေးဝါသနာရှင် ကျော်စွာမှ ဝေးတစ်မြေရောက် သူငယ်ချင်း သူရသို့ ပေးစာ

သူငယ်ချင်းရေ

၁။ တို့မြန်မာနိုင်ငံရဲ့နိုင်ငံရေးစနစ်ဟာ နှစ်ပေါင်း ၄၇ နှစ်လောက်ကျောက်ချ ထားရာက အခြေခံဥပဒေသစ်နဲ့အညီ အရပ်ဘက်လူအဖွဲ့အစည်းကို နိုင်ငံရေးမှာ ပါဝင်ဆောင်ရွက်ခွင့်ပြုဖို့ ကျောက်ဆူးကြိုးဆွဲနုတ်လိုက်ပြီဆိုတာကို သူငယ်ချင်းကို အသိပေးချင်တဲ့အတွက် ဒီစာကိုရေးလိုက်ပါတယ်။

၂။ ကြီးကြီးကျယ်ကျယ်ပြောရမယ်ဆိုရင် တို့မြန်မာနိုင်ငံမှာ Political Process တစ်ခုစတင်တော့မယ်လို့ပြောရပါမယ်။ ဒီစာကို The Voice Weekly လို့ခေါ်တဲ့ ပုဂ္ဂလိက သတင်းစာစောင်တစ်စောင်ကနေ ရေးသားဖော်ပြမှာဖြစ်တဲ့အတွက် စာပေ စိစစ်ရေးက လက်ခံအောင် Political Process စတင်တော့မယ်လို့ ရေးတာမဟုတ်ပါ။ ဘယ်လောက်ပီပြင်တဲ့ Political Process ဖြစ်မယ်ဆိုတာမသိသေးပေမယ့် Political Process စတင်တော့မယ်ဆိုတဲ့အချက်ကို [illegible] သူငယ်ချင်းဆီကို ရေးလိုက်တာပါ။ သူငယ်ချင်းဒီစာကို သတင်းစာစောင်ပေါ်မှာ ဖတ်ရတယ်ဆိုရင် အဲဒါဟာလည်း အကောင်းအလားတစ်ခုပဲပေါ့။

၃။ အဲဒီ Political Process [illegible] နိုင်ငံရေးမှာ တိုက်ရိုက်ပါဝင်ပတ်သက်ကြမယ့် နိုင်ငံရေးသမားများ [illegible] ပတ်သက်ခွင့်မရှိတဲ့ ကိုယ်တို့လိုနိုင်ငံရေးသမားများ [illegible] ပြီး ဘယ်လောက်အရည်အချင်းရှိကြသလဲ ဆိုတဲ့အချက်ပေါ်မှာ [illegible]

တယ်။ တည်ဆဲအစိုးရတစ်ဦးတည်းအပေါ်မှာ မူတည်တာမဟုတ်ပါဘူး။ တကယ်ကတော့ အဲဒီလို စိတ်ရှည်သည်းခံဖို့လိုတယ်လို့ ကိုယ့်ကို သင်ခန်းစာပေးခဲ့သူဟာ သူငယ်ချင်းကိုယ်တိုင် ဖြစ်ပါတယ်။

၄။ အသစ်ဖြစ်ပေါ်လာမယ့် နိုင်ငံရေးစနစ်သစ်ရဲ့လွှတ်တော် သုံးမျိုးမှာ နိုင်ငံရေးသမားဆောင်ရွှ်ပြီး လိုအပ်နေပါတယ်။ အထက်လွှတ်တော်နဲ့ အောက်လွှတ်တော်မှာ ၄၉၈ ဦးနဲ့ ပြည်နယ်တိုင်းလွှတ်တော်တွေမှာ အနည်းဆုံး ၆၆၀ ဦးလိုအပ်ပါတယ်။ ဒီနေရာမှာ ဝင်ရောက်တာပန်ထမ်းဆောင်မယ့်လူတွေကို စိတ်ရှည်သည်းခံဖို့ အထူးသဖြင့် တပ်မတော်နဲ့ယုံကြည်မှုတည်ဆောက်ဖို့ ဆော်ဩသူတွေလည်း လိုအပ်ပါ တယ်။

၅။ သူငယ်ချင်းရေ ကိုယ့်အနေနဲ့ကတော့ ၂၀၁၀ ကနေ ၂၀၁၅ အထိ ငါးနှစ်သက်တမ်းကို အရပ်ဘက်လူ့အဖွဲ့အစည်းနဲ့တပ်မတော်အကြား ယုံကြည်မှုတည်ဆောက်တဲ့ကာလအဖြစ် လက်ခံထားတယ်။ အလုပ်တွေဟာ ရွေးကောက်ပွဲပြီးသွားတာနဲ့ပြီး သွားမှာမဟုတ်ပါဘူး။ ဒီလိုယုံကြည်ထားတဲ့အတွက် ၂၀၁၀ ရွေးကောက်ပွဲမှာ တပ်မတော်က လက်ခံနိုင်တဲ့အစိုးရအဖွဲ့တစ်ဖွဲ့ ပေါ်ပေါက်လာစေပြီး အရပ်ဘက်လူ့အဖွဲ့အစည်းနဲ့ တပ်မတော်တို့အကြား ယုံကြည်မှုတည်ဆောက်ခြင်းကို ကိုယ်တို့လိုလူတွေ၊ သူငယ်ချင်းလို အပြောကောင်းသူတွေက ငါးနှစ်လောက် စိတ်ရှည်ရှည် ဆော်ဩကြရပါလိမ့်မယ်။

၆။ ဆိုလိုရင်းက တခြားမဟုတ်ပါ။ သူငယ်ချင်းတို့လို အသိဉာဏ်လည်းကြီး၊ မျှတစွာလည်းမြင်နိုင်တဲ့ အပြောအဟောလည်းကောင်းတဲ့ ပါရမီရှင်များ တပ်မတော်နဲ့အရပ်ဘက်လူ့အဖွဲ့အစည်းအကြား ယုံကြည်မှုတည်ဆောက်ခြင်းမှာ ပါဝင်ဆောင်ရွက်ဖို့ တိုင်းပြည်မှာလိုအပ်ချက်ရှိနေတယ်ဆိုတာကိုပြောချင်တာပါ။ နိုင်ငံတည်ဆောက်တယ်ဆိုတာ နိုင်ငံရေးသိပ္ပံသီအိုရီများအရပြောရရင်လည်း Trust အရင်ဆောက်ရတာပါ။ လူ့အဖွဲ့အစည်းမှာ Trust မရှိဘဲ ဒီမိုကရေစီလိုချင်တယ်ဆိုခဲ့ရင် ဒါဟာ နိုင်ငံရေးကြွေးကြော်သံတစ်ခုထက်မပိုနိုင်ပါဘူး။

၇။ သူငယ်ချင်းကို အကြံတစ်ခုပေးချင်ပါတယ်။သူငယ်ချင်းအနေနဲ့ တို့မြန်မာနိုင်ငံမှာ **Political Process** ဖြစ်ပေါ်လာတော့မယ်ဆိုတာကို ယုံကြည်ခဲ့ရင် ရွေးကောက်ပွဲမဝင်ပါဘူး၊ တပ်မတော်နဲ့ အရပ်ဘက် လူ့အဖွဲ့အစည်းအကြား ယုံကြည်မှုတည်ဆောက်တဲ့ပွဲမှာ ဆော်ဩသူသာ ဖြစ်ချင်ပါတယ်လို့ သက်ဆိုင်ရာအစိုးရ တာဝန်ရှိအဖွဲ့အစည်းများဆီကို စာရေးခွင့်တောင်းပြီး မြန်မာနိုင်ငံကို ပြန်လာခဲ့ဖို့ အကြံပေးချင်တာပါ။

၈။ ကိုယ့်အနေနဲ့တော့ နိုင်ငံရေးသမားများကို အနုလာမယ့်ရွေးကောက်ပွဲမှာ တပ်မတော်နဲ့ယှဉ်ပြိုင်မှုတည်ဆောက်တဲ့အနေနဲ့ ပြည်ထောင်စုအဆင့်လွှတ်တော် နှစ်ရပ်မှာ အများစုအနိုင်ရဖို့ မကြိုးစားဘဲ တစ်မြို့နယ်ကို နှစ်ယောက်ရွေးချယ်တင် မြှောက်မယ့်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းမယ့်ပြည်နယ်လွှတ်တော်တွေကို အာရုံစိုက် စေလိုပါတယ်။ ပြည်ထောင်စုအဆင့်လွှတ်တော်မှာ ရွေးကောက်ပွဲဝင်တယ်၊ အမတ် နေရာအများစုရဖို့ကြိုးစားတယ်ဆိုတာဟာ ယှဉ်ပြိုင်မှုတည်ဆောက်တာမဟုတ်ဘဲ Challenge လုပ်တဲ့သဘောရှိတဲ့အတွက် ပြည်ထောင်စုအဆင့်မှာ အတိုက်အခံအဖြစ် ရောင့်ရဲပြီး ပြည်နယ်/ တိုင်းလွှတ်တော်တွေကို ရာနှုန်းပြည့်တာဝန်ယူနိုင်ဖို့ ကြိုးစားကြ ရန် ဆော်ဩသူများလည်းလိုအပ်တာပဲ။ ဒီလိုအခြေအနေမျိုးကို သားရွှေအိုးထမ်းလာ တဲ့ကိန်းလို့ ဆိုရမှာပေါ့။ တပ်မတော်လည်း အသွင်ကူးပြောင်းရေးကို စိတ်ချလက်ချ လုပ်နိုင်မယ်၊ တိုင်းဒေသအသီးသီး၏ အကျိုးစီးပွားကိုလည်း အရပ်ဘက်လူ့အဖွဲ့ အစည်းက ဆောင်ကြဉ်းနိုင်သွားမယ်။ ဒီလိုကိစ္စများကို ဆော်ဩသူများအဖြစ် ပါတီ နိုင်ငံရေးဝင်မလုပ်တဲ့ သူငယ်ချင်းတို့လိုလူတွေ တိုင်းပြည်က လိုအပ်ပါတယ်။ တစ်ဖက် ဖက်က ဝင်ပါလိုက်ရင် နောက်တစ်ဖက်က နားမထောင်တော့တဲ့အခြေအနေမျိုး ဖြစ် တတ်တဲ့ ကိုယ့်တို့နိုင်ငံမှာ ဘယ်ဘက်ကမှ ဝင်မပါဘဲ ဖြစ်သင့်ရာကိုပြောတဲ့ သူငယ် ချင်းလို လူတွေလိုပါတယ်။

၉။ ဒီတာဝန်တွေထမ်းဆောင်ဖို့ သူငယ်ချင်းတာဝန်ရှိသူများဆီကို စာတစ်စောင် ရေးလိုက်ပါ။ ပြီးရင် သူငယ်ချင်းမြန်မာပြည်ကို ပြန်လာခဲ့ပါ။ **See you in Yangon.**

သူငယ်ချင်းရဲ့
ကျော်စွာ

■

**The Voice Weekly Vol 5-No.28**

# စာဖတ်သူများသို့

လွန်ခဲ့သောအပတ်က The Voice Weekly တွင်ဖော်ပြပါရှိသော ကျော်စွာမှသူရသို့ပေးစာကိုအကြောင်းပြု၍ အယ်ဒီတာအဖွဲ့ထံ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားမှုအများအပြားကို သတင်းစာစောင်ဖြန့်ချိသည့် စနေနေ့တစ်နေ့လုံး လက်ခံခဲ့ကြားခဲ့ရပါသည်။ အားလုံးလိုလိုမှာ အဆိုပါပေးစာတွင်ဖော်ပြထားသောအယူအဆကို လက်မခံကြောင်းနှင့် ထုံးစံဖြစ်သည့် ဟိုဘက် ဒီဘက် us them ခွဲခြားစွပ်စွဲမှုများဖြစ်ပါသည်။ စာရေးသူတို့သည် စကားတွင်မကျွမ်းကျင်သောဖြစ်ပြီး ဘယ်ဘက်ကမှမဟုတ်ကြောင်း အကြိမ်ကြိမ်ပြောကြားခဲ့ဖူးသည့်တိုင် us them တိစ္ဆာများရှိနေဆဲဖြစ်သည်ကို တွေ့ရသည်။

စာရေးသူတို့၏ မီဒီယာကိုထူထောင်ထားခြင်း၏ အဓိကရည်ရွယ်ချက်များတွင် စာဖတ်သူများအား နိုင်ငံတည်ဆောက်ရေးနှင့်ပတ်သက်၍ အသိဉာဏ်အလင်းရောင်ပေးရန် ဆိုသောအချက် အဓိကပါဝင်ပါသည်။ စာဖတ်သူများသိရှိထားပြီးဖြစ်သောအကြောင်းအရာများ၊ အယူအဆများကို echo သဖွယ်ဖော်ပြရန်ရည်ရွယ်ချက်မရှိပါ။ ထို့ကြောင့် The Voice Weekly တွင်ပါဝင်သောအကြောင်းအရာများ နှင့်အယူအဆများသည် စေ့စေ့တွေးမှ ရေးရေးပေါ်ဆိုသောအကြောင်း အရာအယူအဆများဖြစ်ဖို့များပါသည်။ အထူးသဖြင့် နိုင်ငံရေးကိစ္စများကိုအခြေအနေမပေးသောကြောင့် အပေါ်ယံရုပ် အဓိပ္ပာယ်ကျော်ကာသူသူ စာဖတ်သူများ အဓိပ္ပာယ်ကောက်လွဲနိုင်သည်ကို မျှော်လင့်ထားပြီး ဖြစ်ပါသည်။

တစ်ဖက်တွင်လည်း စာရေးသူတို့မီဒီယာက ထမ်းဆောင်ရန် သန္နိဋ္ဌာန်ချမှတ်

ထားသော အစိုးရသည် ရှယ်ရျက်မှာ အထက်တွင်ဖော် ပြခဲ့သကဲ့သို့ ပြည်သူလူထုအား အသိဉာဏ်အလင်းရောင်ပေးရန်ဖြစ်သောကြောင့် လိုရင်းမရောက်ခဲ့သည့်ဖော်ပြချက်များအတွက် တတ်နိုင်သမျှ ရှင်းလင်းပေးရန် တာဝန်ရှိသည်ဟု ယူဆသောကြောင့် ယခုဆောင်းပါးကို ထပ်မံရေးသားရခြင်းဖြစ်ပါသည်။ မိမိတို့ဖော်ပြခဲ့သည့် ဆောင်းပါးများဘက်မှ ခုခံချေပခြင်းမဟုတ်ပါ။ ဤဆောင်းပါးကို အယ်ဒီတာ့အာဘော်အဖြစ် ရေးသားဖော်ပြရန် စိတ်ကူးမိသေးသော်လည်း အယ်ဒီတာ့အာဘော်တို့တွင်ရှိအပ်သော ရေးဟန်အကန့်အသတ်ကို ကျော်လွန်၍ လွတ်လပ်စွာရေးသားဖော်ပြလိုသောကြောင့် ဆောင်းပါးအဖြစ်ရေးလိုက်ပါသည်။ သို့သော် ဤဆောင်းပါးကို အယ်ဒီတာအဖွဲ့၏ အာဘော်အဖြစ် ယူဆပါရန် ပန်ကြားပါသည်။

မြန်မာနိုင်ငံတွင် ၁၉၆၂ ခုနှစ်မှစတင်၍ နှစ်ပေါင်း ၄၀ ကျော် အသုံးပြုခဲ့သော နိုင်ငံရေးစနစ်သည် အရပ်ဘက်လူ့အဖွဲ့အစည်းကို နိုင်ငံရေးသို့မဟုတ် နိုင်ငံတည်ဆောက်ရေးတွင်ပါဝင်ခွင့်မပြုသည့်စနစ်ဖြစ်ကြောင်း အားလုံးအသိဖြစ်သည်ဟု ထင်ပါသည်။ ထိုသို့ အားလုံးအသိဖြစ်သည်ဟုယူဆသောကြောင့် ယခုဖြစ်ပေါ်လာသော အခြေခံဥပဒေက ခွင့်ပြုမည့်စနစ်တွင် အရပ်ဘက်လူ့အဖွဲ့အစည်း၏နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည့်အခြေအနေကို ပြောင်းလဲတိုးတက်မှုအဖြစ် အသေးစိတ် မရှင်းလင်းတော့ဘဲ ရေးသားဖော်ပြခဲ့ခြင်းဖြစ်ပါသည်။

ယခင်စနစ်ဟောင်းများတွင် အရပ်ဘက်လူ့အဖွဲ့အစည်းကို နိုင်ငံရေးတွင်ပါဝင်ဆောင်ရွက်ခွင့်ပြုသည့်သဘော ရေးသားဖော်ပြလေ့ရှိသော်လည်း နိုင်ငံသားများ ကိုယ်စီးပွားကိုယ်လုပ်ပြီး ဆိတ်ဆိတ်နေခြင်းဖြင့် ပါဝင်ကူညီရန် ဆော်ဩခြင်းသာဖြစ်ပါသည်။ အရပ်ဘက် လူ့အဖွဲ့အစည်းကို နိုင်ငံရေးတွင် ဝင်ရောက်ပြောဆိုခွင့်ပြုသည့် Political Process မှာ ယခုနှစ် ၂၀၀၉ ထဲရောက်မှသာ စတင်ဖြစ်နိုင်ခြေရှိလာခြင်း ဖြစ်ပေသည်။

အထက်ဖော်ပြပါ အခြေအနေများကြောင့် [illegible] Political Process ဟုတ်သည် မဟုတ်သည်ကို [illegible] ခြင်းဖြစ်ပါသည်။ စာရေးသူတို့မျှော်လင့်ထားသည်မှာ Political Process ၏ အတိုင်းအဆနှင့်ပတ်သက်၍ အငြင်းပွားမှုများသာဖြစ်ပါသည်။ သို့သော် [illegible] လူ့အဖွဲ့အစည်းဘက်မှ Political Process [illegible] သည် ကို မှန်မှန်လင်းလင်းပြောရလျှင် စာရေးသူတို့လည်း [illegible] သည်

တည်ဆဲအစိုးရပေါ်တွင်သာမူတည်နေသည် မဟုတ်ဘဲ အရပ်ဘက်လူ့အဖွဲ့ အစည်း၏ Capacity ပေါ်တွင်လည်း မူတည်ကြောင်း အကြိမ်ကြိမ်ပြောခဲ့ဖူးပါသည်။

ဤနေရာတွင် **Political Process** ၏ သဘောသဘာဝကို အုပ်ချုပ်ရေးအာဏာ အဆင့်အထိ နိုးရိုးတာကြီးထည့်သွင်းမစဉ်းစားစေလိုပါ။ နိုင်ငံရေးဆိုင်ရာကိစ္စရပ် များကို ဝင်ရောက် ပြောဆို ရေးသားဆွေးနွေးခွင့် ရရှိလာသောအခြေအနေတစ်ရပ် ပေါ်ထွန်းလာခြင်းကိုသာ ဆိုလိုခြင်းဖြစ်ပါသည်။

အမှန်အတိုင်းပြောရလျှင် မြန်မာနိုင်ငံ၏အနာဂတ်နိုင်ငံရေး စနစ်နှင့်ပတ် သက်၍ ပေးထားချက်များကို စာဖတ်သူများသိရှိနိုင်ရန် ရှင်းရှင်းလင်းလင်းဖော်ပြသင့် သည်ဟု စာရေးသူတို့ အမြဲတွေးမိခဲ့ပါသည်။ လိုအပ်သည်ဟုထင်သောကြောင့် ဤနေ ရာတွင် အဆိုပါပေးထားချက်ဟုထင်ရသောအချက်နှစ်ချက်ကို လက်ခံနိုင်မည့် စကားပြေဖြင့် ရေးသားကြည့်ပါမည်။ အဆိုပါပေးထားချက်များမှာ–

(၁) မြန်မာနိုင်ငံ၏နိုင်ငံရေးစနစ်ကိုပြောင်းပေးမည်။ အရပ်ဘက် လူ့အဖွဲ့ အစည်းကို နိုင်ငံရေးတွင်ပါဝင်ဆောင်ရွက်ခွင့်ပြုမည်။ သို့သော် တပ်မတော်က အမျိုး သားနိုင်ငံရေးတွင် ဦးဆောင်မှုအခန်းကဏ္ဍရရှိရေးအလို့ငှာ ၂၅ ရာခိုင်နှုန်းသော သဘော ထား အနေဖော်ပြခွင့်ကို ရယူထားမည်။

(၂) အသွင်ကူးပြောင်းရေးစတင်ချိန်တွင် အကြောင်းကြောင်းကြောင့် အခြေခံဥပဒေ ၏ ဖော်ပြချက်များ ရာနှုန်းပြည့်ပေါ်ပေါက်ရေးကို အချိန်စောင့် စိတ်ရှည်ရမည်။ အထူး သဖြင့် အုပ်ချုပ်ရေးအာဏာကို ရယူရန်ကြိုးစားလျှင် လုံးဝအကန့်အသတ်ရှိလိမ့်မည်။

အဆိုပါပေးထားချက်များမှာ ပေးထားချက်ဖြစ်သည့်အားလျော်စွာ ကြိုက် သည်ဖြစ်စေ၊ ကြိုက်သည်ဖြစ်စေ စာရေးသူတို့အားလုံး လက်ခံကြရမည်သာ ဖြစ်ပေ သည်။ အထူးသဖြင့် နိုင်ငံရေးတွင် တိုက်ရိုက်ပါဝင်ပတ်သက်သူများ အထက်ပါအခြေ အနေနှစ်ရပ်ကို သဘောမတူလျှင် နိုင်ငံရေးသည် အန္တရာယ်မကင်းဟု သတိပေးလိုပါ သည်။ ယနေ့အန္တရာယ်မကင်းသော အခြေအနေတွင် ရှိနေသူများသည် ထိုပေးထား ချက်ကို မခန့်မှန်းနိုင်သောကြောင့် သို့မဟုတ် လက်မခံနိုင်သောကြောင့်ဖြစ်ပါသည်။ အထက်ပါအခြေအနေများကို လက်ခံသူများ၊ နိုင်ငံရေးပါတီများ ဖွဲ့စည်းထူထောင် ရေးဆိုင်ရာ ဥပဒေမထွက်ပေါ်မီကပင် စည်းရုံးရေးလုပ်ငန်းများစတင်နေကြသည်ကို မြင်တွေ့နိုင်ပါသည်။ **Political Space** နှင့် **Process** တော့ ဟုတ်ပါလိမ့်မည်။

အမှန်အားဖြင့် အခြေအနေအရပ်ရပ်ကို အရှင်းလင်းဆုံးဖော်ပြနိုင်သည့် နည်း

လမ်းတစ်ခုရှိနေသောကြောင့် အဆိုပါနည်းလမ်းကိုသုံး၍ စာဖတ်သူများအခြေအနေ မှန်ကို သဘောပေါက်နိုင်စေရန် ကြိုးစား၍ ရေးကြည့်ပါသည်။ အဆိုပါနည်းလမ်းမှာ မဟာဗျူဟာစီမံခန့်ခွဲမှုများအတွက် အသုံးပြုသော Strategic Scenario Building ခေါ်သည့်နည်းဖြစ်ပါသည်။

ရိုးစင်းစွာပြောရမည်ဆိုလျှင် Scenario များကို အောက်ပါအတိုင်း ခွဲခြားလိုက်ခြင်းသာဖြစ်ပါသည်။

(၁) ဖြစ်နေတာ

(၂) ဖြစ်ချင်တာ

(၃) ဖြစ်သင့်တာ

(၄) ဖြစ်နိုင်တာ

(၁) ဖြစ်နေတာ'ဆိုသည်မှာ လက်ရှိသို့မဟုတ် လွန်ခဲ့သော ၄၇ နှစ်အတွင်းရှိခဲ့သောအခြေအနေကို ဆိုလိုပါသည်။ တပ်မတော်က နိုင်ငံရေးတွင် အပြည့်အဝ ဦးဆောင်ပါဝင်ခဲ့ပြီး နိုင်ငံကိုတည်ဆောက်ခြင်းကို ဆိုလိုပါသည်။

(၂) 'ဖြစ်ချင်တာ' ဆိုသည်မှာ အလွယ်ပြောရလျှင် အားလုံးပြောနေကြသည့် ဒီမိုကရေစီဖြစ်ပါသည်။ တပ်မတော်ကို စစ်တန်းလျားသို့ ပြန်ပို့ရေးပြောဆိုနေသူများသည် ဤသဘောတရားကို ပြောဆိုနေခြင်းဖြစ်ပါသည်။ လက်တွေ့ကျသောကြောင့် ယခုအခါ ဤသဘောတရားကို ပြောသူမရှိသလောက်ဖြစ်သွားပြီဟုထင်ပါသည်။

(၃) 'ဖြစ်သင့်တာ' ဆိုသည်မှာ မြန်မာနိုင်ငံတွင်ရှိနေသည့် ဒီမိုကရေစီအင်အားစုများက ပြောကြားနေသည့် သဘောတရားဖြစ်ပါသည်။ ဒီမိုကရေစီအင်အားစုများနှင့် တပ်မတော်တို့ တန်းတူရည်တူပူးပေါင်း၍ နိုင်ငံကိုတည်ဆောက်သည့်အခြေအနေမျိုးကို ဆိုလိုပါသည်။ အရပ်ဘက်လူ့အဖွဲ့အစည်း ဒီမိုကရေစီအင်အားစုများပြောနေသည့် Dialogue၊ Inclusive ဆိုသည်များမှာ ဤသဘောတရားကို [illegible] ဖြစ်ပေသည်။

(၄) 'ဖြစ်နိုင်တာ' ဆိုသည်မှာ တပ်မတော်က [illegible] ပါဝင်ဆောင်ရွက်ခွင့်ကို အသိအမှတ်ပြုပြီး [illegible] နေရာယူထားခြင်းကို ဆိုလိုပါသည်။ [illegible] ဒီမိုကရေစီအင်အားစုများက တပ်မတော်ကို [illegible] မစဉ်းစားဘဲ ပူးပေါင်း၍ နိုင်ငံကို ဝိုင်းဝန်းတည်ဆောက် [illegible] ပါသည်။

အမှန်အားဖြင့် နိုင်ငံတည်ဆောက်ရေးဆိုရာတွင် မည်သူ သာသည်၊ မည်သူ နာသည် ဆိုသည့် သဘောတရားများ စာရေးသူတွင်မရှိပါ။ ရှိလည်း မရှိသင့်ပါ။ လိုအပ်၍ ရှင်းရှင်းလင်းလင်း ရေးသင့်သည်ဟုထင်သောကြောင့် ရေးလိုက်ခြင်းသာဖြစ်ပါသည်။ နိုင်ငံတည်ဆောက်ရေး အောင်မြင်သွားရန်သာလျှင် အဓိကဖြစ်သင့်ပြီး ထိုသို့ Good Governance ကို တည်ဆောက်နိုင်ခဲ့လျှင် မည်သူ သာသည်၊ မည်သူ နာသည် ဆိုသောကိစ္စမှာ အရေးမကြီးလှပါ။ လာရင်းကိစ္စဖြစ်သည့် နိုင်ငံတည်ဆောက်ရေး ဖြစ်မြောက်သွားမှုသည်သာ အဓိကဖြစ်သည်ဟုဆိုချင်ပါသည်။

အထက်တွင်ဖော်ပြခဲ့သည့် ဖြစ်နေတာ၊ ဖြစ်ချင်တာ၊ ဖြစ်သင့်တာ၊ ဖြစ်နိုင်တာ ၄ မျိုးအနက် မည်သည့်နည်းလမ်းက အဆုံးအရှုံးအနည်းဆုံးဖြင့် နိုင်ငံကိုတည်ဆောက်ပေးနိုင်မည်ကို စာဖတ်သူများကိုယ်တိုင် အသိဉာဏ်ဖြင့် ဆုံးဖြတ်ကြည့်စေလိုပါသည်။

ပွင့်ပွင့်လင်းလင်းမေးခွန်းတစ်ခုကို စာဖတ်သူများအား မရဲတရဲ မေးကြည့်ချင်ပါသည်။ နိုင်ငံ၏အနာဂတ်နိုင်ငံရေးနှင့်ပတ်သက်၍ ပေးထားချက်မှာ အထက်တွင်ဖော်ပြခဲ့သည့် အမှတ်စဉ်(၄) အရပ်ဘက်လူ့အဖွဲ့အစည်းက တပ်မတော်ကို မည်သူ သာသည် မည်သူ နာသည် မခွဲခြားဘဲ ပူးပေါင်း၍ နိုင်ငံကို ဝိုင်းဝန်းပါဝင်တည်ဆောက်ပေးကြရေးဖြစ်သည်။ တစ်နည်းအားဖြင့်ပြောရလျှင် နိုင်ငံရေးနှင့် နိုင်ငံတည်ဆောက်ရေးတွင် ပါဝင်ခွင့်ရမည်၊ ပါဝင်တည်ဆောက်ပေးမည်လား၊ တည်ဆောက်ပေးနိုင်ဘူးလား ဆိုသောမေးခွန်းပင်ဖြစ်သည်။

စာရေးသူတို့အတွက်ကား နိုင်ငံတည်ဆောက်ရေးဆိုသည်မှာ နိုင်ငံကိုတည်ဆောက်ခြင်းပင်ဖြစ်ရာ အခြေအနေပေးသည့်နေရာမှ ဤနိုင်ငံကို ထောင်မတ်ပေးလိုက်ကြမည်ဟုသော သဘောထားသာရှိပါသည်။ စာဖတ်သူတို့အနေဖြင့် လွတ်လပ်စွာ သဘောထားကွဲလွဲနိုင်ပြီး ဝိုင်းဝန်းတည်ဆောက်မပေးလိုသူများ ရှိနေသည့်တိုင် ပါဝင်နိုင်သမျှနှင့် နိုင်ငံကို တည်ဆောက်သွားရမည်သာဖြစ်ပေသည်။

စာရေးသူတို့အနေဖြင့်ကား နိုင်ငံကိုတကယ်ချစ်မြတ်နိုးပြီး အပြောမဟုတ် အလုပ်ဖြင့် သက်သေထူကြမည်ဟု ဆုံးဖြတ်ထားပါသည်။ စာရေးသူသည် နိုင်ငံ ပေါင်း ၂၀ ကျော်ကို ရောက်ရှိခဲ့ဖူးပြီး ထိုသို့ရောက်ရှိတိုင်း တစ်နေ့ ငါ့နိုင်ငံ ဤသို့ ဖြစ်ရမည်ဟု အကြိမ်ကြိမ် ဝမ်းနည်းစွာ တွေးမိခဲ့ဖူးပါသည်။ ■

The Voice Weekly Vol 5-No.29

# Feel good နှင့် အကျိုးဆက်



မြန်မာနိုင်ငံ၏ နိုင်ငံတည်ဆောက်ရေးနှင့်ပတ်သက်၍ အကြောင်းအကျိုးဖြင့် ပြောခွင့်ရသည့်အခါတိုင်း စာရေးသူပြောလေ့ရှိသော စကားလုံးတစ်လုံးကို The Voice Weekly တွင် တစ်ကြိမ်ဖော်ပြခဲ့ဖူးပါသည်။ Feel good နှင့် Make good နှစ်သက်ရာ ရွေးပါဆိုသောအကြောင်းဖြစ်သည်။

မကြာသေးခင်က ပညာရှင်များ [illegible] စာရေးသူ ဤစကားကို ထပ်၍ ပြောမိသည်။ Feel good နှင့် Make good [illegible] စာရေးသူ အမြဲစဉ်းစားသည်မှာ Make good ဖြစ်ပါသည်။ [illegible] Make good ရှုထောင့်မှ ဖြစ်နေသောကြောင့် Feel good [illegible] ဖြစ်နေ၍ နားမထောင်လိုပါလျှင် အချိန်မရွေးထွက်သွားနိုင်ပါ၏။ စာရေးသူအနေဖြင့် သင်တို့၏ အချိန်ကို မဖြုန်းလိုပါဟု ပြောလိုက်မိသည်။

Feel good သမားများသည် Politically Correct သို့မဟုတ် Politically incorrect ကို စဉ်းစားနေကြခြင်းဖြစ်ကြောင်း စာရေးသူသိသောကြောင့် ဤစကားကို ပြောလိုက်ခြင်း ဖြစ်ပါသည်။ Feel good သမားများ ပြောနေသောစကားများသည် အိပ်မက်များဖြစ်သောကြောင့် နားထောင်ကောင်းသော်လည်း စာရေးသူစိတ်မဝင်စားပါ။ သို့သော် ထိုစကားများကို လူကြိုက်များလှသည်။ ၎င်းတို့ကိုယ်၎င်းတို့ နေ့ခင်းအိပ်မက် မက်နေခြင်းခံနေရကြောင်း သိ ထားသိရှိခြင်းမရှိသူက အများစုဖြစ်သည်ဟု စာရေးသူ အမြဲ ခံစားရသည်။


ကံအားလျော်စွာပင် မည်သူကမျှ ရယ်ဖို့မပြော၍ စာရေးသူစကားဆုံးအောင် ပြောခွင့် ရလိုက်ပါသည်။ အားနာသောကြောင့် မရယ်နိုင်ခြင်းဖြစ်မည်ဟု စာရေးသူထင်ပါသည်။ အပိတ်တွင် စာရေးသူက မေးခွန်းတစ်ခုကိုမေး၍ နိဂုံးချုပ်လိုက်ပါသည်။ Too good to be true များ အကြောင်းအဘယ်ကြောင့် ထပ်ခါထပ်ခါပြောနေကြသည်ကို တကယ်ပင် သိလိုကြောင်း မေးလိုက်ခြင်းဖြစ်ပါသည်။

စာရေးသူအပြီးတွင် ဘာကလေတက္ကသိုလ်မှ မြန်မာပညာရှင်တစ်ဦးက စာရေးသူ၏စကားကို ဖြည့်စွက်၍တစ်ခုထပ်ပြောပါရစေဟု ခွင့်တောင်းကာ စကားတစ်ခွန်းပြောသည်။ သူ့စကား မဟုတ်ပါ၊ သူ့ဆရာစကား ဖြစ်ပါသည်ဟု စကားပလ္လင်ခံ၍ ပြောခြင်းဖြစ်သည်။

Morally Correct ဆိုသောကိစ္စ တစ်နည်းအားဖြင့် Feel good ဖြစ်ရန် အရေးကြီးသည်ဟုဆိုလျှင် ဆက်စဉ်းစားသင့်သည်မှာ Consequences of being morally correct ပေါ် Feel good ပြောဆိုဆောင်ရွက်ခြင်းကြောင့် ဆက်လက်ဖြစ်ပေါ်သော အကျိုးဆက်များကိုလည်း တာဝန်ယူလိုခြင်းရှိမရှိ မေးလိုကြောင်း ပြောလိုက်ခြင်းဖြစ်သည်။

စာရေးသူကိုယ်တိုင်ပင် အတော်လေးဦးနှောက်စားသွားပါသည်။ ဤရှုထောင့်ကို စာရေးသူတစ်ခါဖူးမျှ မကြည့်ဖူးသောကြောင့် ဤမျှ လေးနက်သောကိစ္စကို မတွေးမိ။ ယခု လောလောဆယ် Morally Correct ဖြစ်သည့်အရာကို ပြောဆိုပြုလုပ်ခြင်းကြောင့် နောင်တွင် ဆက်လက်ဖြစ်ပေါ်မည့် အကျိုးဆက်များကို တာဝန်ယူလိုပါသည်ဟုဆိုလျှင် (တစ်နည်းအားဖြင့် စေတနာမှန်လျှင်) Feel good ဆက်လက်ပြုမူရန် ခက်ခဲသွားလိမ့်မည်ဟု စာရေးသူ ထင်မိသည်။ ■

# ၂၀၁၁၊ နိုင်ငံတော်၊ ဈေးကွက်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်း



နိုင်ငံတစ်ခု၏ ဖွဲ့စည်းတည်ဆောက်မှုတွင် နိုင်ငံတော် (State)၊ ဈေးကွက် (Market)နှင့် အရပ်ဘက်လူ့အဖွဲ့အစည်း (Civil Society) ဟူ၍ အဓိကအပိုင်းကြီးသုံးခု ပါရှိရစမြဲ ဖြစ်သော်လည်း ၁၉၆၂ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့သော နိုင်ငံရေးစနစ်သည် နိုင်ငံတော်ပဓာနစနစ်ဖြစ်ခဲ့သောကြောင့် ဈေးကွက်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းနှစ်ခုစလုံး ပျောက်ဆုံးသွားခဲ့ရပါသည်။ ၁၉၆၂ ခုနှစ် တွင် ပြိုကွဲသွားခဲ့သောဈေးကွက်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းသည် ၁၉၈၈ ခုနှစ်တွင် စတင်၍ သိသိသာသာပေါ်ထွန်းလာခဲ့ပြီး အနာဂတ် အသစ်ပေါ်ထွန်းမည့် အခြေခံဥပဒေသစ်ဖြင့် နောက်ထပ်အဆင့်သစ်တစ်ခုဆီသို့ ကူးပြောင်းရတော့မည်ဖြစ်သည်။

၁၉၆၂ ခုနှစ်တွင် နိုင်ငံတော်အာဏာကို ရယူထားခဲ့သော တော်လှန်ရေးကောင်စီသည် နိုင်ငံကို ဆိုရှယ်လစ်စနစ်ဖြင့် ပြင်ဆင်တည်ဆောက်မည်ဟု ဆုံးဖြတ်ခဲ့ရာ

အဆိုပါစီးပွားရေးစနစ်ကို Marxian သီအိုရီ များအရ Socialist Mode of Production ဟု ခေါ်ပါသည်။ အဆိုပါစနစ်သည် နိုင်ငံတော်ဗဟိုပြုစနစ်ဖြစ်၍ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ တည်ရှိခွင့်မပြုဘဲ State က အစစအရာရာ ထောက်ပံ့သည့်စနစ် ဖြစ်သည်။ စီးပွားရေးလုပ်ငန်းအားလုံး နိုင်ငံပိုင်ဖြစ်သည်၊ ကုန်ထုတ်စွမ်းအားစု အားလုံး နိုင်ငံပိုင်ဖြစ်သည်၊ ကုန်လုပ်စွမ်းအားစုများ အားလုံးကိုလည်း State က ထိန်းချုပ်သည် ဟူသောစနစ်ဖြစ်သည်။ Mode of Production မှာ State ကသာ အားလုံးပိုင်သည့် Socialist Mode of Production ဖြစ်သောကြောင့် ၎င်းက ပြဋ္ဌာန်းသော အပေါ်ထပ် အဆောက်အဦသည်လည်း State က အစစအရာရာ ညွှန်ကြားသည့် ဗဟိုဦးစီး စနစ်ဖြစ်ခဲ့ပါသည်။ ထိုတာဝန်များကို ထမ်းဆောင်ရန် လိုအပ်ချက်အရ နိုင်ငံတော်ဟု ခေါ်သည့် State ၏ ဖွဲ့စည်းပုံကြီးကိုလည်း ၂၆ နှစ်တာကာလအတွင်း တဖြည်းဖြည်းတိုးချဲ့လာခဲ့ရာ အရေအတွက်အားဖြင့် အသုံးစရိတ်အားဖြင့် အဆပေါင်းများစွာ တိုးတက်လာခဲ့သည်ကို တွေ့ရသည်။ ၁၉၆၂ နှင့် ၁၉၇၅ ကာလအတွင်း ဝန်ထမ်း အရေအတွက် အဆ ၇၀ တိုးပွားလာခဲ့သည်ကို တွေ့ရသည်။

သဘာဝမကျသော စီးပွားရေးစနစ်ကို ကျင့်သုံးမိခဲ့ခြင်း၏ ရလဒ်အဖြစ် ၁၉၈၇ တွင် State က တာဝန်ယူထားသည့် ပြည်သူ့ရေးရာထောက်ပံ့ခြင်းအမျိုးမျိုးကို မထောက်ပံ့နိုင်ရုံမျှမက အစိုးရအဖွဲ့၏ ရပ်တည်ရေးပင် ခက်ခဲလာသောကြောင့် စီးပွားရေးစနစ်ပြုပြင်ရေးလုပ်ငန်းစဉ်များ စတင်ခဲ့ပါသော်လည်း များစွာနောက်ကျသွားခဲ့ရပါသည်။ နှစ်ပေါင်း ၂၆ နှစ်တာကာလအတွင်း နိုင်ငံရေးပြိုင်ဘက်များ မပေါ်ပေါက်စေရန် အလို့ငှာ ထောက်ပံ့ရေးလမ်းကြောင်း ဖြတ်တောက်သည့်အနေဖြင့် မည်သည့်ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းမျှ လုပ်ကိုင်ခွင့်မပြုခဲ့ရာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းအားလုံး ချုပ်ငြိမ်းကျသွားပြီး အရပ်ဘက်လူ့အဖွဲ့အစည်းရှင်သန်လှုပ်ရှားရန် လိုအပ်သည့်အထောက်အပံ့များလည်း မရရှိနိုင်ဘဲရှိနေခဲ့သည့်တိုင် နောင့်နှေးစွာပြုလုပ်နေ သည့် State ခေါ် နိုင်ငံတော်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို တစ်နိုင်ငံလုံးက ကန့်ကွက်ခဲ့သောကြောင့် ၁၉၈၈ တွင် အဆိုပါဆိုရှယ်လစ်စီးပွားရေးစနစ် ရပ်ဆိုင်းသွားခဲ့ပါသည်။

သို့သော် ၁၉၈၇ ခုနှစ်တွင်ရှိနေသည့် ငွေဖောင်းပွမှု (CPI) မှာ ၂၃ ရာခိုင်နှုန်း သာရှိပြီး နိုင်ငံ၏ အဓိကသယံဇာတများဖြစ်သည့် သစ်တောသယံဇာတများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ကျောက်မျက်၊ ကျောက်စိမ်း စသည်များကို ထိန်းသိမ်းထားနိုင်ခဲ့သည်ကို တွေ့ရပါသည်။ ၁၉၈၈ နောက်ပိုင်းတွင် ပြုလုပ်ခဲ့သော စီးပွားရေးပြုပြင်

ပြောင်းလဲမှုအရပ်ရပ်သည် ၁၉၈၈ ပြည်သူ့လွှတ်တော်အရေးပေါ် အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သော စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့် အလားတူဖြစ်သည်ကို တွေ့နိုင်ပါသည်။ အဓိကအချက်မှာ အလွန်အမင်းကြီးထွားနေသည့် State Structure ကို ပြင်ဆင်ရေးကိစ္စ၊ ဈေးကွက်ကိုဖွင့်ပေးရန်ကိစ္စများကို ထိုခေတ်ထိုကာလကရှိနေသည့် အုပ်ချုပ်သူလူတန်းစားအလွှာက ပြင်ဆင်ရန် အချိန်ဆွဲနေခဲ့ခြင်းတို့ကြောင့် အဆုံးတွင် တပ်မတော်အစိုးရသစ် တစ်ရပ်ဖွဲ့စည်းကာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကြီး တစ်ခုလုံး၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်တို့ကို ဖျက်သိမ်းခဲ့ရသည်ကို တွေ့ရသည်။ အဆိုပါဆေးခါးကိုသောက်ရန် ခက်ခဲခဲ့ခြင်းကြောင့် တိုင်းပြည်တွင် ဆုံးရှုံးနစ်နာမှုများစွာရှိခဲ့သည်ကို သင်ခန်းစာယူဖွယ်ဖြစ်ပါသည်။

၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်အာဏာကို ထိန်းချုပ်ထားသည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ယခင်နိုင်ငံတော် ဗဟိုပြုစနစ်အရ State က အစစအရာရာထောက်ပံ့သည့်စနစ်ကိုဖျက်သိမ်း၍ ပုဂ္ဂလိကကဏ္ဍအား တည်ရှိခွင့်ကို ခွင့်ပြုလိုက်ရာ နှစ်ပေါင်း ၂၆ နှစ်ပျောက်ကွယ်ပြီး မှောင်ခိုဖြစ်နေခဲ့သည့် 'ဈေးကွက်' သည် ပြန်လည်မွေးဖွားလာခဲ့သည်ကို တွေ့ရပါသည်။ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမည်ဟု ကြေညာခဲ့၍ Socialist Mode of Production မှ Capitalist Mode of Production သို့ ကူးပြောင်းရန်ပြင်ဆင်ခဲ့သည်ဟု ဆိုရမည်ဖြစ်ပေသည်။ ထူးခြားချက်မှာ Mode of Production ပြောင်းလဲရန် ကြိုးစားခဲ့သော်လည်း အပေါ်ထပ်အဆောက်အဦမှာ မပြောင်းမလဲရှိနေခဲ့ရာ ပုဂ္ဂလိကကဏ္ဍတည်ရှိခွင့်ပြုခဲ့သော်လည်း Means of Production ဟုခေါ်သည့် ကုန်လုပ်စွမ်းအားစုများကို State က အလုံးစုံ ပိုင်ဆိုင်ချုပ်ကိုင်ထားသည်ကို တွေ့နိုင်ပါသည်။

အပေါ်ထပ်အဆောက်အဦဗဟိုဦးစီးစနစ်ဖြစ်သည့် တရုတ်၊ ဗီယက်နမ်နိုင်ငံများတွင် ကုန်လုပ်စွမ်းအားစုများကို State က ပိုင်ဆိုင်ထားသော်လည်း ဈေးကွက်စီးပွားရေးစနစ်ပီပြင်ရေးအတွက် ပီပီပြင်ပြင်ဆောင်ရွက်ခဲ့သည့် [illegible] ကို မြန်မာနိုင်ငံတွင်လည်း ၁၉၉၀ ပြည့်လွန်နှစ်များတွင် တွေ့နိုင်ပါသည်။ [illegible] တစ်ခုအတွက် ကြာမြင့်ချိန် ရေ့တင် [illegible] မှ ဒုတိယညွှန်ကြားရေးမှူးအဆင့်ကို လွှဲအပ်၍ [illegible] သည်ကို တွေ့နိုင်ပါသည်။ ကုမ္ပဏီတစ်ခုထူထောင်ရန် အချိန် [illegible] သည်ကို တွေ့ရပါသည်။

၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံ၏ နိုင်ငံ [illegible]

ညွှတ်ရေး မရရှိနိုင်ခဲ့ခြင်း၊ အနောက်နိုင်ငံကြီးအချို့မှ စီးပွားရေးအရ ပိတ်ဆို့မှုများ စတင်ရန် ကြိုးစားလာခဲ့ခြင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ဖျက်သိမ်းခဲ့ရခြင်း စသောအခြေအနေများဖြစ်ပေါ်ခဲ့ပြီး State မှ ကုန်လုပ်စွမ်းအားစုများ ဆောက်ပုံသည့် ပုံသဏ္ဍာန်မှာလည်း လုံးဝပြောင်းလဲသွားခဲ့ပါသည်။ ကုန်လုပ်စွမ်းအားစုများကို State က ပိုင်ဆိုင်ခွင့်သာမက ချုပ်ကိုင်ခွင့်ကိုပါ ထိထိရောက်ရောက် ကျင့်သုံးခဲ့ရာ ပုဂ္ဂလိကလုပ်ငန်းများ ကုန်လုပ်စွမ်းအားစုများ ရယူသုံးစွဲရေး တဖြည်းဖြည်း ခက်ခဲလာသည်ကို တွေ့ရပါသည်။

Marxian သီအိုရီများအရ ခေါ်ဝေါ်သုံးစွဲသော ကုန်လုပ်စွမ်းအားစုများဆိုရာ တွင် အဓိကကျသောအချက်များမှာ Property Rights ခေါ် ပုဂ္ဂလိကဏ္ဍ၏ ပိုင်ခွင့် အမျိုးမျိုး၊ Economic Rent ခေါ် စီးပွားရေးလုပ်ငန်းများ လုပ်ပိုင်ခွင့် စသည်တို့သည် အရေးကြီးဆုံးဖြစ်ပါသည်။ တယ်လီဖုန်းများ ငှားရမ်းသုံးစွဲခွင့်ကိုသာ ခွင့်ပြုသည်ဆိုခြင်းမှာ ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းရောင်းချခွင့်၊ အမြတ်အစွန်းထုတ်ယူခွင့် စသည့် ပိုင်ခွင့်များကို ကန့်သတ်ရသည့်သဘော ဖြစ်ပေသည်။ ရန်ကုန်မြို့တော်အတွင်း ဘားသောက်ဆိုင်လိုင်စင်အသစ်၊ လက်ဖက်ရည်ဆိုင်လိုင်စင် အသစ်များ ခွင့်မပြုခြင်းသည် Economic Rent ကို ကန့်သတ်ခြင်းဖြစ်ပါသည်။ Social Transformation State ခေါ် အရင်းရှင်ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းဆဲနိုင်ငံများတွင် Economic Rent နှင့် Property Rights တို့ကို စွက်ဖက်ရလေ့ရှိသော်လည်း မည်သို့ စွက်ဖက်မည်ဆိုသော နည်းနာသည် State က အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ဈေးကွက်တို့အပေါ် ထားသော သဘောထားပေါ်ဖြစ်သည်။ အထူးသဖြင့် စနစ်ကျနသောစနစ်များတွင် အများပြည်သူ လူသားပီသစွာ အသက်ရှင်ရပ်တည်ရေးနှင့်ဆိုင်သော လက်လှမ်းမီသော စီးပွားရေးလုပ်ငန်းများ၏ Rent နှင့် Right များကို လွယ်ကူအောင် စီစဉ်ထားလေ့ရှိကြပါသည်။

မည်သို့ပင်ဖြစ်စေ ၁၉၈၈ တွင် State အရွယ်အစားသေးငယ်သွားပြီး State ၏ ဝန်ထုပ်ဝန်ပိုးအတော်များများကိုလည်း ပုဂ္ဂလိကကဏ္ဍသို့ လွှဲပေးခဲ့ရာ စီးပွားရေး ဖွံ့ဖြိုးမှုများ မြင်တွေ့ခဲ့ရပါသည်။ သို့သော်လည်း အပေါ်ထပ်အဆောက်အဦမှာ ဗဟိုဦးစီးဖြစ်နေသေးသည့်အတွက်လည်းကောင်း၊ နိုင်ငံရေးတည်ငြိမ်မှု အလို့ငှာလည်းကောင်း ကုန်လုပ်စွမ်းအားစုများကို State ကသာ ပိုင်ဆိုင်ချုပ်ကိုင်ထားခဲ့ရာ ပုဂ္ဂလိကကဏ္ဍ၏ ကြီးထွားခွင့်အကန့်အသတ်ရှိလာချိန်တွင် ယနေ့စနစ်သစ်တစ်ခုကို ကူးပြောင်းရန်အခြေအနေကောင်းအချို့ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

အပေါ်ထပ်အဆောက်အဦ ဗဟိုဦးစီးဖြစ်နေခဲ့ခြင်းကြောင့် ကုန်လုပ်စွမ်းအားစု များ ထိန်းချုပ်ခွင့်အပေါ်တွင် Check and Balance လုံးဝမရှိရာ ၁၉၉၇ နောက်ပိုင်း တွင် Mode of Production သည် နိုင်ငံတော်ဗဟိုပြုဈေးကွက်စီးပွားရေး[illegible] State Capitalism ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ ယခုအခါ နိုင်ငံတော် ခေါ် Stateသည် ဈေးကွက်၏ အကြီးဆုံးတစ်ဦးတည်းသော Buyer ဖြစ်နေရာ ယခုအခါ စီးပွားရေး လုပ်ငန်းကြီးအားလုံး ဈေးကွက် (Conventional Market) ကို စိတ်မဝင်စားတော့ဘဲ State ကို တစ်စုံတစ်ခုရောင်းရန် ကြိုးစားနေကြသည်ကို တွေ့နိုင်ပါသည်။

၂၀၁၀ မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်သစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ Political Process တစ်ခု ပေါ်ပေါက်လာမည်ဖြစ်ရာ ကုန်လုပ်စွမ်းအားစုများ ထိန်းချုပ်ခွင့်သည် ယခင်အလုံးစုံထိန်းချုပ်ခွင့်မှ Check and Balance ရှိသည့် ပုံ သဏ္ဌာန်သို့ ကူးပြောင်းမည်ဖြစ်သည်။ အများပြည်သူလက်လှမ်းမီသော စီးပွားရေး လုပ်ငန်းများနှင့် သက်ဆိုင်သော Property Rights နှင့် Economic Rent တို့နှင့်ပတ် သက်၍ အခက်အခဲများပြေလည်သွားလိမ့်မည်ဟု မျှော်လင့်ပါသည်။ မြန်မာနိုင်ငံ ဈေးကွက်တွင် နိုင်ငံတကာဈေးကွက်၏ စံနှုန်းများအပြည့်အဝတည်ရှိရေးနှင့် နိုင်ငံ တကာဈေးကွက်နှင့် ချိတ်ဆက်နိုင်ရေးကို ယခုအကြိမ်တွင် ဝိုင်းစပ်သွားပြီဟုထင်ပါ သည်။

စီးပွားရေးစနစ်ပြောင်းလဲရေးတွင် အဓိကကျသော စီးပွားရေးမူဝါဒများသည် ပြည်သူ့ရေးရာမူဝါဒဆိုင်ရာ သီအိုရီသဘောတရားများအရလည်း Incremental သာလျှင် ဖြစ်နိုင်ပါသည်။ ဆိုလိုသည်မှာ တစ်ခုပေါ်တစ်ခုဆင့်၍သာလျှင် ပြောင်းလဲ နိုင်သည်ဟူသောသဘောဖြစ်ပါသည်။ ယခုရှိရင်းစွဲစီးပွားရေးစနစ်သည် နောက်တစ် ဆင့်တက်လျှင် ကုန်လုပ်စွမ်းအားစုများ အလွယ်တကူရယူသုံးစွဲခွင့်ဆီသို့ ပြောင်းလဲဖို့ သာရှိပါသည်။ Check and Balance ရှိနေခဲ့သောကြောင့် နောက်ပြန်သွားခြင်းမျိုး မဖြစ်နိုင်တော့ဟု ဆိုနိုင်ပါသည်။

ယခုဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ အသွင်ကူးပြောင်းခြင်းတွင် State၊ ဈေး ကွက်၊ အရပ်ဘက်လူ့အဖွဲ့အစည်းအားလုံး အသွင်ကူး[illegible] ပြောင်းလဲ တိုးတက်မှုအတိုင်းအဆသည် ဈေးကွက်နှင့် [illegible] အစည်း အချင်းပေါ်တွင်လည်း မူတည်နေပြီဖြစ်ပါသည်။ [illegible] State သည် အသွင်ကူးပြောင်းရေးစတင်နေပြီဖြစ်ရာ [illegible] ပါ သည်။ ယခုအခါ State အပိုင်းမှ ဝယ်ယူခြင်း[illegible] တွင် ထည့်သွင်းဖော်ပြ၍ ဝယ်ယူခြင်းကို [illegible] သည် STATE

| | Superstructure | Mode of Production | Means of production | Private sector/Market |
|---|---|---|---|---|
| 1962-1988 | Centralized | Socialist | State own ++++<br>State control ++++ | Market -Nil<br>State ++++ |
| 1990-1997 | Centralized | Market economy+ | State own +++<br>State control ++ | Market = Private +++<br>State ++ |
| 1998-2009 | Centralized | State capitalism | State own +++<br>State control +++ | Market = Private ++<br>State +++ |
| 2011 Projection | Political process<br>Check n balance | Market economy+++ | State own +++<br>State control + | Market = Private ++++<br>State ++ |

SECTOR ၏ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များဖြစ်ပါသည်။

ပြည်သူ့ရေးရာဝန်ဆောင်မှုများထောက်ပံ့မည့် ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားတွင်လည်း အသွင်ကူးပြောင်းမှုများပြုလုပ်ရဆဲဖြစ်ရာ လူ့အဖွဲ့အစည်းနှင့် ဈေးကွက်တို့က စိတ်ရှည်စွာ ပူးပေါင်းကူညီကြရန်လည်း လိုအပ်ပါသည်။ ဗျူရိုကရေစီ အုပ်ချုပ်ရေးယန္တရားအတွင်းရှိ လူများစုတွင် ယခင်စနစ်ဟောင်း၏ ဗဟိုဦးစီးပုံသဏ္ဌာန်အရ မူဝါဒဆိုင်ရာကိစ္စရပ်များသည် ပြည်သူလူထု၊ အရပ်ဘက်လူ့အဖွဲ့ အစည်းနှင့်မဆိုင်ဟု သတ်မှတ်ထားခဲ့ကြပါသည်။ ပညာရပ်ဆိုင်ရာ ရှုထောင့်မှပြောရလျှင် Policy Decision Making နှင့် Policy Implementation တို့သည် STATE နှင့်သက်ဆိုင်ပြီး ကျန်သောမူဝါဒဆိုင်ရာ အကြံပြုချက်အမျိုးမျိုး၊ လုပ်ငန်းစဉ်အဆင့်ဆင့်သည် STATE နည်းတူ ဈေးကွက်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းတို့၏ ရပိုင်ခွင့်လည်းဖြစ် ပေသည်။ ဈေးကွက်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းတို့သည်ပင်လျှင် ဤအယူအဆ မှန်ကို အားလုံးသဘောပေါက်ကြသည်မဟုတ်သေးပါ။ Stakeholder အားလုံး၏ စွမ်းဆောင်ရည်မြှင့်တင်ရေးကို အချိန်မီလုပ်နိုင်ခဲ့လျှင် ၂၀၁၁ တွင် စီးပွားရေးနှင့် ပတ်သက်သည့် ရလဒ်ကောင်းများ မြင်တွေ့ရမည်ဖြစ်ပါသည်။ ■

**The Voice Weekly Vol 5-No.30**

# Agree to Disagree




စာရေးသူ ၁၀ တန်းကျောင်းသားဘဝက စာသင်အလွန်ကောင်းသော ဆရာမတစ်ဦးကို ကြုံခဲ့ဖူးသည်။ သူမသင်ပြသော ဘာသာရပ်နှင့်ပတ်သက်၍ စာသင်ပြီးပြန်ဖတ်စရာမလိုအောင် သင်နိုင်စွမ်းရှိသူဖြစ်သည်။ ဘယ်တန်းစာမေးပွဲတွင်လည်း ထိုဘာသာကို နောက်ထပ်ပြန်လည်ကျက်မှတ်ရန်မလိုဘဲ အလွယ်တကူဂုဏ်ထူးရခဲ့ပါသည်။ ထိုစဉ်က စာရေးသူတွင် ငါ့ဘဝမှာ ဒီဆရာမ လိုတော်ချင်လိုက်တာဆိုသော စိတ်ကူးအကြိမ်ကြိမ်ဖြစ်ခဲ့ဖူးပါသည်။

လွန်ခဲ့သောရက်ပိုင်းက စာရေးသူ၏ [illegible] ဆရာမကြီးက တယ်လီဖုန်းဆက်၍ The Voice Weekly တွင် ရေးသားခဲ့သော စာရေးသူ၏ ဆောင်းပါးတစ်ပုဒ်နှင့်ပတ်သက်၍မေးမြန်းသည်။ ဆရာမကြီးက ထိုစာရေးသူမှာ စာရေးသူမှန်းမသိဘဲ The Voice Weekly ၏ တာဝန်ရှိသူတစ်ယောက်အဖြစ် [illegible]ပါသည်။ စာရေးသူက အသေးစိတ်ဘက်ပေါင်းစုံမှ ရှင်းပြပြီးသောအခါ ဆရာမကြီးက "သင်ဘတ်လိုက်တာ၊ တော်လိုက်တာကွယ်၊ ဆရာမ မင်းကို ဒီလောက်[illegible]

လိမ့်မယ်ကိုမထင်ခဲ့ဘူး။ ဆရာမတောင် အသက်ပြန်ငယ်ပြီး မင်းတို့လိုဖြစ်ချင်လိုက်တာ" ဟု မုဒိတာစကားဆိုရှာသည်။ စာရေးသူမှာ မျက်ရည်လည်လောက်အောင် ဝမ်းသာမိသည်။

အထက်ပါအဖြစ်အပျက်ကိုကြည့်လျှင် စာရေးသူ ၁၀ တန်း ကျောင်းသားဘဝက အကောင်းဆုံးစံနှင့် ယနေ့အကောင်းဆုံးစံလုံးဝ ကွာခြားသွားခဲ့ပြီဖြစ်သည်ကို ထင်ရှားစွာတွေ့မြင်နိုင်ပါ၊ည်။ အဓိကမှာ ဘယ်နေရာက ရပ်ကြည့်နေသလဲဆိုသော ရှုထောင့်သာဖြစ်ပေသည။ ကောင်းသည်၊ ဆိုးသည်၊ နည်းသည်၊ များသည်ဆိုသည် များမှာလည်း မည်သို့သောစံဖြင့် ပြောနေသနည်းဆိုသော အချက်ပေါ်တွင် မူတည်ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့်ပတ်သက်၍ နိုင်ငံသားများအား နိုင်ငံရေးနှင့်ပတ်သက်သည့် အသိပညာရေချိန် (Civic Education) ဆိုသည်ကို စာရေးသူတို့ ပြောခဲ့ပါသည်။ ပြည်သူလူထုကို အသိဉာဏ် အလင်းရောင်ပေးရေးဆိုသောစကားမျိုးကို ပြောမည်ဟု ကြံတိုင်း ပြည်သူလူထု၏ အထက်ကနေလိုသည့်သဘောကို သက်ရောက်သွားတတ်သည်ကို စာရေးသူအမြဲသတိပြုမိပါသည်။ သို့တိုင်အောင် ပြည်သူလူထုအပေါ်တွင် ထားရှိသော မိမိတို့၏စေတနာနှင့် သဘောထားကို ရာနှုန်းပြည့် သေချာသောကြောင့် ဤစကားလုံးများကို ရဲရဲတင်းတင်း သုံးစွဲခဲ့ခြင်းဖြစ်ပါသည်။

မြန်မာပြည်သူလူထုအား နိုင်ငံရေးအရ ပိုမိုရင့်ကျက်စေရန် နိုင်ငံရေးနှင့်ဆိုင်သော အသိပညာရေချိန်ကို မြှင့်တင်ပေးရန်မလိုကြောင်း ပြောဆိုမှုအချို့ရှိပါသည်။ စာရေးသူတို့မှာ ပြည်သူလူထု၏ ရင့်ကျက်သော နိုင်ငံရေးကို လိုလားသူများဖြစ်၍ ထိုသို့ အသိရေချိန်မြင့်မားပြီး ဖြစ်နေလျှင် အထူးဝမ်းသာရမည်ဖြစ်ပေသည်။ စာရေးသူတို့၏ လိုလားချက်မှာ နိုင်ငံသားများကို အမြဲအမည်း နှစ်မျိုးသာသိသည့် နိုင်ငံရေးမျိုးတွင် ပိတ်မိမနေစေရေးပင်ဖြစ်ပါသည်။ သို့သော် နိုင်ငံရေးနှင့်ဆိုင်သော အသိပညာရေချိန်ဆိုသည်မှာ အသက်ကြီးလာသည်နှင့်အမျှ အလိုလိုရင့်ကျက်လာသော သဘောမရှိပါ။ ဖြည့်ဆည်းတည်ဆောက်ခြင်းမရှိဘဲ အလိုလိုပြည့်စုံသွားနိုင်သော သဘောမရှိသောကြောင့်သာလျှင် ယနေ့ Capacity Building ဆိုသည့်ကိစ္စကို လူပြောများနေရခြင်း ဖြစ်ပေသည်။

နိုင်ငံတည်ဆောက်ရေးဆိုရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်ပေါင်းစုံ တည်ဆောက်ရခြင်းဖြစ်သော်လည်း နိုင်ငံရေးမှာ ဇဟိုချက်ဖြစ်နေသောကြောင့် ပြည်သူလူထု၏ နိုင်ငံရေးနှင့်ပတ်သက်သော အသိရေချိန်မြှင့်တင်ပေးရေး တစ်နည်းအားဖြင့်

Civic Education ကို အချိန်ယူ၍ တည်ဆောက်ကြရခြင်းဖြစ်သည်။ Emotion သက်သက်ဖြင့် နိုင်ငံတည်ဆောက်ရေးဆိုသည်မှာ ဖြစ်နိုင်ခြေမရှိချေ။ နိုင်ငံတည်ဆောက်ရေးဆိုသည်မှာ နိုင်ငံရေးကြွေးကြော်သံများဖြင့် တည်ဆောက်ရခြင်း မဟုတ်ပေ။

Civic Education ခေါ် နိုင်ငံရေးနှင့်ပတ်သက်သည့် အသိပညာရေရှိန်သည် နေ့စဉ်တကျတည်ဆောက်ယူရသောအရာသာလျှင်ဖြစ်ပြီး အဆင့်မြင့်သွားသည့် အခါတွင် မတူညီသောသဘောထားများရပ်တည်ချက်များကို အလေးထားသည်၊ လူနည်းစု၏ရပ်တည်ချက်ကို အသိအမှတ်ပြုသည့် ရင့်ကျက်သော Political Tolerance သို့ အောင်သွားဖို့လိုပါသည်။ Political Tolerance ဆိုသည်မှာ ရင့်ကျက် သွားခဲ့လျှင် အမျိုးသားစည်းလုံးညီညွတ်မှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတို့ အလို့ငှာ လိုအပ် လျှင် ရွေးကောက်ပွဲများကို အရှုံးပေးသည့်အဆင့်ထိအောင် ပါဝင်ကြောင်း USAID ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုကို အောက်တွင် ကိုးကားလိုပါသည်။

willingness to allow basic political rights to minority groups or groups with unpopular views, their willingness to give up elections in exchange for stability and economic prosperity, and their level of trust in political and social institutions. APPROACHES TO CIVIC EDUCATION : LESSONS LEARNED (http://www.usaid.gov/our_work/democracy_and_governance/publications/pdfs/pnacp331.pdf)

ဆိုလိုသည်မှာ နိုင်ငံရေးတွင် နိုင်ငံသားများ၏ ရင့်ကျက်မှုဆိုသည်မှာ အထက်တွင်ဖော်ပြခဲ့သည့် Political Tolerance ထိအောင် အဆင့်မြင့်နိုင်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ဤရင့်ကျက်မှုများသည် နိုင်ငံရေးကြွေးကြော်သံများကို များစွာလွန်မြောက်သွားပြီဖြစ်သည်ကို တွေ့နိုင်ပါသည်။


ယခုအချိန်တွင် ပြည်သူလူထု အထူးသဖြင့် အရပ်ဘက် လူ့အဖွဲ့အစည်းအနေဖြင့် မတူညီသောသဘောထားများ၊ နည်းလမ်းများကို မတူညီသည့်အတိုင်း လက်ခံလျက် တူညီသောရည်မှန်းချက်ပန်းတိုင်ဆီသို့ ချီတက်ကြရမည့်အချိန်ဖြစ်ပါသည်။ မတူညီမှုများအပေါ် သေးသိမ်အောင်ပြုလုပ်ခြင်းများစွာကိုသာ ကြုံတွေ့ခဲ့ရသူ ပြည်သူလူထုအနေဖြင့် အတွေးသစ်၊ အမြင်သစ်များ၊ ရှုထောင့်သစ်များ ရှိရေး ဝိုင်းဝန်းတည်ဆောက်ပေးရမည့် အချိန်အခါဖြစ်ကြောင်း ဆော်ဩလိုပါသည်။ ■

The Voice Weekly Vol 5-No.33

# SYSTEM နှင့် PROCESS

ပူးတွဲဖော်ပြထားသောပုံမှာ ၁၉၅၃ ခုနှစ်က David Easton ထုတ်ဖော်ခဲ့သော Systems Theory in Political Science ဖြစ်ပါသည်။ အဓိကအချက်မှာ နိုင်ငံရေးစနစ်က လူ့အဖွဲ့အစည်းအတွင်းနှင့် လူ့အဖွဲ့အစည်းအပြင်မှ သက်ရောက်မှုများကို မည်သို့တုံ့ပြန်သနည်းဆိုသောအချက်ကို ရှင်းပြခြင်းဖြစ်သည်။


အဆိုပါ Political Systems သီအိုရီအရ လူ့အဖွဲ့အစည်း၏ လိုလားချက်၊ ထောက်ခံချက်များသည် နိုင်ငံရေးစနစ်အပေါ်တွင် သွင်းအားစုများအဖြစ် သက်ရောက်မှုများရှိနေသည်ဟုဆိုသည်။ အဆိုပါလိုလားချက်၊ ထောက်ခံချက်များကို နိုင်ငံရေး စနစ်က



ရယူစုစည်း ပြည်သူ့ရေးရာမူဝါဒများအဖြစ် အဆုံးအဖြတ်ထွက်ပေါ်စေခြင်းကို Conversion Process ဟု ခေါ်ပါသည်။ တစ်နည်းအားဖြင့် Political Process ဖြစ်ပါသည်။ ထွက်ပေါ်လာသော ရလဒ်များမှာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ် နည်း၊ ညွှန်ကြားချက်စသည်များဖြစ်နိုင်ပါသည်။ အဆိုပါ Output ခေါ် ရလဒ်များ သည် လူ့အဖွဲ့အစည်းအတွင်း သို့မဟုတ် လူ့အဖွဲ့အစည်းအပြင်တွင် သက်ရောက်မှု များ ရှိသွားသောအခါ ပြန်လည်ဖြစ်ပေါ်လာသော Feedback များသည် နိုင်ငံရေး စနစ်နှင့် Political Process အတွင်းသို့ သွင်းအားစုများအဖြစ် ထပ်မံရောက်ရှိသွားပြီး နောက်ထပ် ပြည်သူ့ရေးရာမူဝါဒအသစ်များအဖြစ် ထွက်ပေါ်လာစေပြန်ပါသည်။

အထက်ပါ Political Systems သီအိုရီသည် ပုံမှန်အလုပ်လုပ်နေသော နိုင်ငံရေးစနစ်များကိုရည်ညွှန်းခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အသစ်ပေါ်ထွန်းလာမည့် နိုင်ငံရေးစနစ်တွင် သဘောထားမတူသော နိုင်ငံရေးအင်အားစုများ၊ နိုင်ငံရေးပါတီများ တည်ရှိဖွင့်ရှိလာသောကြောင့် အထက်တွင်ဖော်ပြခဲ့သော သွင်းအားစုများ၊ Feedback များကိုစူဖြစ်နိုင်ခြေရှိသွားပြီဖြစ်သည်ကို တွေ့ရမည်။

အတိုက်အခံပါတီဟု မသုံးနှုန်းဘဲ သဘောထားမတူသောနိုင်ငံရေးအင်အားစု




များဟု ခေါ်ဆိုသုံးစွဲသည်မှာ အကြောင်းရှိပါသည်။ မြန်မာနိုင်ငံတွင် အသစ်ပေါ်ပေါက်မည့် နိုင်ငံရေးစနစ်သစ်သည် ပါလီမန်စနစ်မဟုတ်သောကြောင့် နိုင်ငံတော်သမ္မတနှင့် ၎င်း၏အစိုးရအဖွဲ့သည် ဥပဒေပြုလွှတ်တော်နှစ်ရပ်ထံမှ လာခြင်းမဟုတ်ဘဲ သီးခြားရပ်တည်နေသောကြောင့်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတကို လွှတ်တော်နှစ်ရပ် ပေါင်းက သမ္မတရွေးချယ်ရေးအဖွဲ့အဖြစ် မဲပေးသောလုပ်ငန်းစဉ်မှလွဲ၍ ပါလီမန်စနစ်၏အငွေ့အသက်မပါဝင်ပေ။ အမေရိကန်ပြည်ထောင်စုတွင်လည်း အလားတူစနစ် မျိုးကို ကျင့်သုံးထားရာ လွှတ်တော်နှစ်ရပ်ပေါ်တွင် အာဏာရပါတီဟု ခေါ်ဆိုသုံးစွဲ လေ့မရှိဘဲ Majority (အများစု)နှင့် Minority (အနည်းစု)ဟူ၍သာ ခွဲခြားသုံးစွဲလေ့ ရှိပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် အသစ်ပေါ်ပေါက်မည့် နိုင်ငံရေးစနစ်တွင် အတိုက်အခံပါတီရှိလာမည်ဟု မသုံးဘဲ သဘောထားမတူသော နိုင်ငံရေးအင်အားစုများဟု သုံးနှုန်းခြင်းဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ယခုလောလောဆယ်အခြေအနေအရပ်ရပ်ကိုကြည့်လျှင် သွင်းအားစု သို့မဟုတ် Feedback များ ပေးသွင်းရန်လမ်းကြောင်း သို့မဟုတ် အခြေအနေမရှိရာ လိုလားအပ်သော Output များ ထွက်ပေါ်မလာခြင်းမှာ ရှင်းပါသည်။ ဤအခြေအနေကို နှိုင်းယှဉ်၍ အသစ်ပေါ်ထွန်းလာဖွယ်ရှိသည့်နိုင်ငံရေးစနစ်ကို တိုးတက်ပြောင်းလဲမှုအဖြစ် ရည်ညွှန်းရေးသားခဲ့ခြင်းဖြစ်ပါသည်။

သွင်းအားစုများ၊ Feedback များ မည်သည့်အတိုင်းအတာအထိ ဖြစ်နိုင်ခြေရှိမည်၊ မည်သို့သော Output များ မည်မျှထွက်ပေါ်လာမည်ကိုမူ မခန့်မှန်းနိုင်သေးပါဟူ၍ ပြောရမည်ဖြစ်သည်။ ဤသည်မှာ နိုင်ငံရေးစနစ်ပေါ်တွင်သာမက လူ့အဖွဲ့အစည်း၏ အရည်အသွေးပေါ်တွင်လည်း မူတည်မည်ဖြစ်ကြောင်း အကြိမ်ကြိမ်ပြောခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ သွင်းအားစုများ ဖြစ်နိုင်ခြေမရှိသည့် အခြေအနေနှင့် သွင်းအားစုများ ဖြစ်နိုင်ခြေရှိသွားသည့် အခြေအနေနှစ်ရပ်ကို အကျိုးဆက်များနှင့်တကွ စဉ်းစားကြည့်ပါလျှင် Political Process ရှိသွားသော အခြေအနေသည် ရလဒ် အချို့ကို ဆောင်ကြဉ်းနိုင်လိမ့်မည်ဆိုသောအချက်ကို အထင်အရှားတွေ့နိုင်ပါသည်။ (ပုံနှစ်ပုံ နှိုင်းယှဉ်ကြည့်နိုင်ပါသည်။) ■

# နိုင်ငံရေးနှင့် ပညာရေး



အခါတစ်ပါးက စီးပွားရေးပညာရှင်တစ်ဦး၊ နိုင်ငံရေးသိပ္ပံပညာရှင်တစ်ဦး၊ ဖွံ့ဖြိုးရေးပညာရှင်တစ်ဦးတို့သည် စီးပွားရေးမူဝါဒတစ်ခုနှင့်ပတ်သက်၍ အငြင်းအခုံဖြစ်ကြသည်။ ရှုထောင့်သုံးမျိုး၊ အမြင်သုံးမျိုးဖြစ်နေသောကြောင့် မည်သို့အဖြေထွက်မည်နည်းဟု ဘေးမှ စောင့်ကြည့်နေသူနှစ်ဦးက စိတ်ဝင်စားလျက်ရှိနေစဉ် လူတစ်ဦးဝင်လာပြီး ဆွေးနွေးချက်များကို နားထောင်ကာ အဆုံးအဖြတ်များအဖြေထုတ်ပေးလိုက်သည်။ ထိုအခါ ဘေးက စောင့်ကြည့်နေသူနှစ်ဦးအနက် တစ်ဦးက "လူကြီးမင်းက ဘာပညာရှင်လဲ" ဟု မေးလိုက်သည်။ ထိုပုဂ္ဂိုလ်က "ကျွန်တော်က ဘာပညာရှင်မှ မဟုတ်ဘူး၊ သို့သော် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားခြင်းခံရသူဖြစ်ပါတယ်" ဟု ဖြေလေသည်။

အထက်ပါပုံပြင်ကလေးမှာ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ကြမည့် နိုင်ငံရေးသမားများ၏ အခန်းကဏ္ဍကို ဖော်ပြနေခြင်းဖြစ်ပါသည်။ နိုင်ငံရေးသမားများတွင်

ပြည်သူလူထုက ယုံကြည်အပ်နှံ မဲပေးရွေးချယ်တင်မြှောက်ခံရခြင်းဆိုသောအချက်ကို အဆိုပါပုံပြင်လေးက မီးမောင်းထိုးဖော်ပြနေခြင်းဖြစ်ပါသည်။ ပြည်သူလူထု၏ ယုံကြည်အပ်နှံမှုအရေးကြီးသောကြောင့် ပညာရှင်ဖြစ်စရာမလိုဟူသော သဘော မျိုးကို ပုံပြင်ထဲတွင် ရေးသားထားသော်လည်း မည်သည့် Capacity Building မျှ မလိုဟူသောသဘောကို ရည်ညွှန်းသည်ဟု မထင်မိပေ။ အနည်းဆုံး အထက်ပါပုံပြင် ပါ ပညာရှင်များပြောကြားသည့် အကြံဉာဏ်များကို ခွဲခြမ်းစိတ်ဖြာနားလည်နိုင်စွမ်း ရှိသော Generalist တော့ ဖြစ်ကိုဖြစ်ရမည်မှာ များစွာသေချာပါသည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် အဖြူ အမည်းနှစ်မျိုးသာ သိသည့်နိုင်ငံသားအများစု တည်ရှိနေခဲ့လျှင် အဆိုပါနယ်ပယ်အသီးသီးတွင် ရှိနေ သည့် မတူညီသောတန်ဖိုးများ၊ ရှုမှန်းချက်များကို ညှိနိုင်း၍ လက်တွေ့ကျသောအဖြေမျိုး ရရှိရန် မဖြစ်နိုင်ပါ။ အမှန်အားဖြင့် နိုင်ငံသားအများစု၏ ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းအား သည် ပညာရေးစနစ်၏ အရည်အသွေးပင်ဖြစ်ပါသည်။ စံမီသော အရည်အသွေးရှိ သည့် ပညာရေးစနစ်ရှိနေသော နိုင်ငံများတွင် ဤကိစ္စသည် သီးခြားတည်ဆောက်ရန် မလိုသော်လည်း ပညာရေးစနစ် စံချိန်မမီသောနိုင်ငံများတွင် ဤကိစ္စသည် များစွာ သော ပြဿနာတို့၏ ရေခံမြေခံဖြစ်ပေသည်။


မြန်မာနိုင်ငံ၏ ပညာရေးအကြောင်းကိုပြောရလျှင် ထူးခြားချက်များ ရှိနေသော ကြောင့် နားလည်ရန် ခက်ခဲသည့်အပိုင်းများရှိနေပေသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံသည် စာတတ်မြောက်သူဦးရေ မြင့်မားသောနိုင်ငံများထဲတွင် ပါဝင်နေ သောကြောင့်ဖြစ်သည်။ သို့သော် တက္ကသိုလ်ပညာရေးနှင့်ပတ်သက်၍ ပြောရလျှင် မြန်မာတွေ့ရပညာတတ်များသည် စံမီသောပညာရေးစနစ်ရှိနေသောနိုင်ငံများမှ သာမန် ဘွဲ့ရများ နားလည်ပြီးဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံများကို နားလည် ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းမရှိကြသည်ကို တွေ့ရသည်။ ထို့ကြောင့် Capacity Building ကိစ္စကို မြန်မာတို့ပို၍ အားထုတ်ရမည်ဟုဆိုလိုခြင်းဖြစ်ပါသည်။ ပြည်သူလူထုကြီး ခင်ဗျား 'ပြည်သူလူထုကြီးကို စံမီတဲ့ အသိပညာမရှိဘူးပြောနေပါတယ်' ဟု ပြည် သူလူထုနှင့်လှည့်၍ တိုက်ပေးသော အရေးအသားအချို့ကို မီဒီယာများပေါ်တွင် မကြာ ခဏတွေ့ခဲ့ရသည်။ စာရေးသူ များစွာစိတ်မကောင်းဖြစ်မိသည်။ အဖြူအမည်း ထက်ပိုသော ပညာရေးမျိုးတည် ဆောက်ထားနိုင်သောအခြေအနေရှိသည့် လူ့အဖွဲ့ အစည်းမျိုးတွင် ဤအပြောအဆိုမျိုးမတိုးနိုင်သော်လည်း အဖြူအမည်းနှစ်မျိုးသာ

သိသူများသည် အလွယ်တကူနားယောင်သွားနိုင်သောကြောင့် ယခုကဲ့သို့ ရှင်းလင်းရေးသားရခြင်းဖြစ်ပါသည်။

ပညာရှင်များပြောနေသော ဘာသာရပ်ဆိုင်ရာကိစ္စရပ်များကို ခွဲခြမ်းစိတ်ဖြာနားလည်နိုင်စွမ်းမရှိသော နိုင်ငံရေးသမားများက မူဝါဒဆိုင်ရာ အဆုံးအဖြတ်ပေး ခဲ့လျှင် မည်သို့သော အကျိုးဆက်များ ဖြစ်သွားနိုင်သည်ဆိုသောအချက်မှာ ရှင်းပါ သည်။ မြန်မာလူ့အဖွဲ့အစည်းသည် အဆိုပါအဖြူအမည်းတောင်ရောက်ထဲမှ မထွက် နိုင်လျှင် Zero Sum Game နှင့် အချိန်ကုန်ပြီး မည်သည့်အခြေမျှ ထွက်လိမ့်မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် Zero sum ဆိုသည်မှာ အဖြူအမည်းနှစ်မျိုး ထဲတွင် ပါဝင်သောကြောင့်ဖြစ်သည်။

ချစ်ခြင်းမုန်းခြင်းများကို အလွန်အမင်းဖြစ်ပေါ်စေသည့်အခြေ အနေများရှိနေသောကြောင့် ထိုသို့သော Us Them, Black White ကိစ္စရပ်များရှိနေရပါသည်ဟု ဆိုလျှင်လည်း ထိုကိစ္စရပ်များကို နိုင်ငံတည်ဆောက်ရေးအတွက် အခြေထုတ်သည့် ကိစ္စနှင့် ခွဲခြားစဉ်းစားနိုင်သော ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းရှိရပါမည်ဟုဆိုချင်ပါသည်။ စာရေးသူတို့ ပြောနေသောနိုင်ငံရေးသည် နိုင်ငံတည်ဆောက်ရေးသာဖြစ်ပြီး ဓိဓိအယူအဆားအမှန်၊ ရပ်တည်ချက်အမှန်၊ ထို့ကြောင့် ငါတို့နိုင်ရမည်ဆိုသော နိုင်ခြင်း ရှုံးခြင်းကိစ္စကိုပြောနေခြင်းမဟုတ်ပေ။ ■

**The Voice Weekly Vol 5-No.35**



# ဘာသာပြန်ဆရာနှင့် ဝေဖန်ရေးဆရာ

လွန်ခဲ့သောစနေနေ့က နံနက်စောစော ဝင်လာသောတယ်လီဖုန်းကြောင့် စာရေးသူ အိပ်ရာမှစောစောထခဲ့ရသည်။ ဖုန်းဆက်သူမှာ စာရေးသူ၏အစ်ကိုတစ်ဦး သဖွယ် ရှိသောလေးစားရသော အစ်ကိုကြီးတစ်ယောက်ဖြစ်သည်။ စာရေးသူဆယ်တန်း အောင်၍ ရန်ကုန်ရောက်စက သူတို့၏မျက်စိအောက်တွင်ကြီးပြင်းခဲ့ရခြင်းဖြစ်၍ အစ်ကိုကြီးသဖွယ် စာရေးသူကဆက်ဆံရသူဖြစ်သည်။ သူ့ခေတ်သူ့အခါက သူတို့တက္ကသိုလ်တွင် လူရည်ချွန်ကျောင်းသားတစ်ဦးလည်းဖြစ်ပေသည်။ တယ်လီဖုန်း ဆက်ရသောအကြောင်းရင်းမှာ ထိုနေ့နံနက်ခင်းက ထွက်သော The Voice Weekly ပါ စာရေးဆရာမောင်စူးစမ်း၏အင်တာဗျူးနှင့်ပတ်သက်၍ စာရေးသူတို့၏ မီဒီယာကို ချီးကျူးဂုဏ်ပြု Congratulation ပြုလုပ်လို၍ဖြစ်သည်။ ပြီးခဲ့သော စနေထုတ် The Voice Weekly ပါ စာရေးသူ၏ဆောင်းပါးကိုလည်း ထိုအစ်ကိုကြီး က ချီးကျူးပြောဆိုရင်း "မောင်ရင်တို့မီဒီယာကို တဖြည်းဖြည်းလူကြိုက်များ လာရမယ်"ဟု ဟောကိန်းထုတ်ခဲ့ပါသည်။

စာရေးသူမှာ ညစဉ်ညည့်နက်(၂)နာရီခန့်ထိ အလုပ်လုပ်လေ့ရှိသူဖြစ်၍ နံနက် စောစောထရခြင်းသည်ပြဿနာရှိသော်လည်း ထိုနေ့ကအစ်ကိုကြီးထံမှ တယ်လီဖုန်း လာအပြီးတွင် ပီတိများဖွာခံစားရရှိသည်ဖြစ်၍ ပြန်မအိပ်နိုင်တော့ဘဲ အတွေးများဖွာ ဆက်လက်ဖြစ်ပေါ်နေပါတော့သည်။

စာရေးသူလည်း သူရည်ညွှန်းသော ဆရာမောင်စူးစမ်း၏ တွေ့ဆုံမေးမြန်းခန်းကို သတိပြုမိလိုက်ပါသည်။ အဆိုပါတွေ့ဆုံမေးမြန်းခန်းမှာ ဆရာမောင်စူးစမ်း၏နိုင်ငံရေး ဆိုင်ရာ ပြောဆိုရေးသားဆွေးနွေးမှုများတွင် Masterpiece ဖြစ်သည်ဟု အဆိုပါဆောင်းပါးကို ဖတ်မိလျှင် ဖတ်မိခြင်း ခံစားရသည်။ စာရေးလျှင် စကားလုံး အလုအပသုံးတတ်သော မောင်စူးစမ်းသည် Live အင်တာဗျူးတွင် ရိုးရိုးဘွင်းဘွင်း ရှင်းရှင်း တစ်ဆုံးပြောခဲ့ပြီး အားလုံးတည့်သွင်းဖော်ပြခွင့်ရခဲ့ရာ စာဖတ်သူများ Live

အင်တာဗျူးတစ်ခုကို နားထောင်ခဲ့ရခြင်းဖြစ်ပေသည်။ မောင်စူးစမ်းအနေဖြင့် အဆိုပါ အင်တာဗျူးကိုရေး၍ဖြေခဲ့လျှင် ဤမျှကောင်းသော အင်တာဗျူးကို ရလိမ့်မည်ဟု မထင်မိပေ။

မောင်စူးစမ်း၏ အင်တာဗျူးအကြောင်း တစ်မနက်လုံး စာရေးသူ တွေးနေမိရာမှ အချက်တစ်ချက်ကို စာရေးသူသတိပြုမိသည်။ တစ်မနက်လုံး စာရေးသူစဉ်းစားနေမိသည်မှာ မောင်စူးစမ်းအင်တာဗျူး အဘယ်ကြောင့် ဒီလောက်ကောင်းရသနည်းဆိုသောအချက်ဖြစ်သည်။

စာဖတ်သူများ စိတ်ပညာသဘောနားလည်နိုင်လျှင် ယခု စာရေးသူပြောချင်သော အဖြေကို ရိပ်စားမိလိမ့်မည်ဟုထင်ပါသည်။ အင်တာဗျူးတစ်နေရာတွင် မောင်စူးစမ်းပြောခဲ့သကဲ့သို့ သူသည် Player မဟုတ်။ တစ်နည်းအားဖြင့်ပြောရလျှင် မောင်စူးစမ်းသည် ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးသမားမဟုတ်။ ထို့ကြောင့် လူကြိုက်များအောင် လုပ်ယူရန်မလိုသူဖြစ်နေသည်။ သမုဒယသည် ဒုက္ခဖြစ်သည်ဟု မြတ်စွာဘုရား ဟောကြားခဲ့သလို ရွေးကောက်ပွဲဝင်မည့်သူ၊ လူကြိုက်များသော လူထုခေါင်းဆောင် ဖြစ်လိုသူဖြစ်ခဲ့လျှင် ထိုသမုဒယကြောင့် အကြင်သူသော မောင်စူးစမ်းပြောခဲ့သော စကားများကိုယုံကြည်သည့်တိုင် ပြောရန်ခက်လိမ့်မည်။ သမုဒယကြောင့် မလွတ်လပ်တော့ခြင်းဖြစ်သည်။ သမုဒယတစ်ခုခုရှိနေသူများ တစ်နည်းအားဖြင့်ပြောရလျှင် လူကြိုက်မများတော့မည်ကို စိုးရိမ်သူများ၊ လူထုထောက်ခံမှုကို ရလိုသူများ၊ ပရိသတ်မှန်းမှာကြောက်သူများ၏ နိုင်ငံရေးအင်တာဗျူးများကို ဖတ်ကြည့်လျှင် ထိုသမုဒယကြောင့် မလွတ်လပ်တော့ဘဲ ဟိုမရောက် ဒီမရောက် အင်တာဗျူးများ ဖြစ်သွားတတ်သည်ကို ဂကွ့ရပါသည်။

စာရေးသူသည်လည်း မောင်စူးစမ်းနှင့်အလားတူအခြေအနေမျိုးတွင်ရှိနေခြင်းကြောင့် ထိုကိစ္စကို အလေးအနက်တွေးမိနေခြင်းဖြစ်သည်။ စာရေးသူသည် နိုင်ငံရေးသမားတစ်ဦးဖြစ်သည်ဟု အမည်တပ်မည်ဆိုပါက ဟုတ်သည်ဟုဆိုနိုင်ပါသည်။ သို့သော် စာရေးသူသည် ရွေးကောက်ပွဲဝင်မည့်သူမဟုတ်သောကြောင့် လူကြိုက်များရေးအတွက် အထူးတလည်စဉ်းစားရန်မလိုသည့် လွတ်လပ်ခြင်းကို ရရှိထားသူဖြစ်သည်။ စာရေးသူတို့၏ မီဒီယာသည် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်ဟုဆိုလျှင် ဟုတ်ပါသည်ဟုဆိုနိုင်သော်လည်း စီးပွားဖြစ်လုပ်ကိုင်နေခြင်းမဟုတ်ဘဲ Mission တစ်ခုကို အကောင်အထည်ဖော်နေခြင်းဖြစ်၍ လူကြိုက်များ အောင်ရေတိုးရန်လည်း လိုအပ်ချက်မရှိချေ။ ထိုအခြေအနေများရှိနေသောကြောင့် စာရေးသူသည် လူကြိုက်မများနိုင်သော်လည်း လူထုအနေဖြင့် သိကိုသိသင့်သော အကြောင်းအရာများကို ပြောခွင့်သာနေခြင်း ဖြစ်ပါသည်။

The Voice Weekly တွင် ဖော်ပြခဲ့သော နိုင်ငံရေးဆောင်းပါးများနှင့် ပတ်သက်

၍ စုပ်စွဲချက်ပေါင်းများစွာကို စာရေးသူတို့ ရရှိခဲ့ပါသည်။ "နိုင်ငံရေးဆိုတာ ပြည်သူလူထုမပါလို့မရဘူး။ ပြည်သူလူထုမကြိုက်တဲ့အယူအဆကို ပြောနေတဲ့ နိုင်ငံရေးဟာ ဘယ်မှမရောက်ဘူး" ဟု ပြောဆိုမှုများရှိပါသည်။

အမှန်အားဖြင့် The Voice Weekly တွင် ဖော်ပြနေသော နိုင်ငံရေးဆောင်းပါးအားလုံး၏ ပဓာနဦးစားပေးရည်ရွယ်ချက်မှာ Rule of the game ကို ရှင်းပြရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးရေစီးကြောင်းပေးထားချက်ကိုကြည့်လျှင် Rule of the game ကို ပြည်သူလူထု ၁ ပြဋ္ဌာန်းခြင်းမဟုတ်ဘဲ Guardian ဖြစ်သူ တပ်မတော်က ပြဋ္ဌာန်းနေခြင်းဖြစ်ပါသည်။ နိုင်ငံရေးတို့၏ထုံးစံအတိုင်း Game Plan ကို ရှင်းရှင်းလင်းလင်းမမြင်သာသည်ဖြစ်ရာ စာရေးသူတို့က မည်သို့သော Rule of the game ဖြစ်သည်၊ မည်သို့သော Game Plan ဖြစ်လိမ့်မည်ဟု ရှင်းလင်း တင်ပြနေခြင်းဖြစ်ပေသည်။ လက်ရှိ Game Plan သည် 'စနစ်ပြောင်း၊ အုပ်ချုပ်သူ မပြောင်း' ဖြစ်ကြောင်း 'စာဖတ်သူများသို့' ဟု အမည်ပေးထားသောဆောင်းပါး တစ်ပုဒ်ရေးခဲ့ဖူးပါသည်။ (ရှင်းလင်းတင်ပြခွင့်ရနေသေးသည်ကိုပင် ကျေးဇူးတင်ပါသည်။)

ပို၍ရှင်းအောင်ပြောရလျှင် စာရေးသူတို့၏ရည်ရွယ်ချက်မှာ လက်ရှိဖြစ်ပေါ်လာသော အခြေအနေကို ပေးထားချက်အဖြစ် ကောက်ယူ၍ ပြည်သူများ ဤ Rule of the game အတိုင်း ကစားရလိမ့်မည်၊ မည်သို့သော Game Plan ရှိနေသည်ဆိုသည်များကို အခြေအနေပေးသရွေ့ ရှင်းလင်းတင်ပြနေခြင်းဖြစ်ပါသည်။ ဤ Rule of the game ကောင်း၏၊ ဆိုး၏၊ တရားဝင်၏၊ မဝင်၏၊ ပြန်လည်၍ Review လုပ်သင့်၊ မလုပ်သင့် Justify (အဆုံးအဖြတ်ပေးနေခြင်း) လုပ်နေခြင်းမဟုတ်ပါ။ စာရေးသူတို့တွင် Justify လုပ်ရန်အခြေအနေမရှိသကဲ့သို့ လက်တွေ့ကျသည်ဟုလည်း မထင်မိပေ။ တစ်နည်းအားဖြင့်ပြောရလျှင် စာရေးသူတို့သည် ဘာသာပြန်ဆရာများသာဖြစ်ပြီး ဟောန်းဆေးဆရာနေရာကို ယူနေခြင်းမဟုတ်ပေ။ ဝေဖန်ရေးဆရာအချို့က စာရေးသူ တို့ကို ဝေဖန်ရေးဆရာအမှတ်ဖြင့် တိုက်ခိုက်နေခြင်းဖြစ်ပါသည်။

ပြည်သူလူထုမပါသောနိုင်ငံရေးဖြစ်သွားလျှင် ပဋိပက္ခများ နောက်ထပ်ဆယ်စုနှစ်တစ်ခုစာရှည်ကြာသွားနိုင်သောကြောင့် Rule of the game အကြောင်း ပြည်သူလူထုကို ရှင်းလင်းတင်ပြရန် ကြိုးစားနေခြင်းဖြစ်ပါသည်။ အမျိုးသားညီလာခံကိစ္စကို ဥပမာအဖြစ်စဉ်းစားလျှင် စာရေးသူတို့ နောက်ထပ်ဆယ်စုနှစ်တစ်ခုစာ နိုင်ငံရေးတည်ဆောက်ရေးအချိန်များကို ဖြုန်းပစ်လိုက်ရန် မသင့်တော်ကြောင်း သင်ခန်းစာယူသင့်ပါသည်။ ယခုအခြေခံဥပဒေကို စာရေးသူတို့ ၁၉၉၅ ခုနှစ်က ရရှိခဲ့လျှင် ယနေ့ Rule of the game သည် ယခုထက် ပို၍ စိတ်ဝင်စားစရာကောင်းပါလိမ့်မည်။ ■

The Voice Weekly Vol 5-No.36



## ၂၀၁၁ ဒေသန္တရ အုပ်ချုပ်ရေး

၂၀၁၁ ခုနှစ်တွင် ပေါ်ပေါက်ဖွယ်ရှိသည့် ပြည်ထောင်စုအစိုးရနှင့် လွှတ်တော်နှစ်ရပ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရနှင့် လွှတ်တော် ၁၄ ခုတို့အတွက် ၂၀၁၀ တွင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် ပြည်သူလူထုအနေဖြင့် အနည်းဆုံး မဲပုံးသုံးပုံးတွင် မဲထည့်ပေးကြရပါလိမ့်မည်။ အမျိုးသားလွှတ်တော်ဟုခေါ်သည့် အထက်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ ပြည်သူ့လွှတ်တော်ဟုခေါ်သည့် အောက်လွှတ်တော်အတွက် ကိုယ်စားလှယ်တစ်ဦး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်အတွက် ကိုယ်စားလှယ်တစ်ဦး စုစုပေါင်းသုံးဦး ရွေးချယ်ပေးရခြင်းဖြစ်ပါသည်။ လူဦးရေ ၅၇,၀၀၀ ရှိနေသော တိုင်းရင်းသားများရှိနေသည့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးများတွင် နေထိုင်သူ အဆိုပါတိုင်းရင်းသားများအနေဖြင့် ၎င်းတို့၏ တိုင်းရင်းသားကိုယ်စားလှယ်တစ်ဦး ထပ်မံရွေးချယ်ပေးကြရမည်ဖြစ်ရာ ထိုတိုင်းရင်းသားများအတွက်မူ မဲပုံးလေးပုံးဟု ဆိုရပါလိမ့်မည်။

မြန်မာနိုင်ငံတွင် အခြေခံဥပဒေသစ်အရ ကျင့်သုံးမည့်စနစ်သည် ပြည်ထောင်စုစနစ်၊ သမ္မတစနစ်ဖြစ်ပါသည်။ သမ္မတစနစ်ကို ကျင့် သုံးထားသည်ဟုဆိုသော်လည်း သမ္မတလောင်းနှစ်ဦးကို လွှတ်တော်နှစ်ရပ်မှ အဆိုပြုရခြင်းဖြစ်ပြီး စုစုပေါင်း သမ္မတလောင်းသုံးဦးအနက်မှ တစ်ဦးကို သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည့်လုပ်ငန်းစဉ်ကို လွှတ်တော်နှစ်ရပ်ပေါင်းက ထမ်းဆောင်မည်ဖြစ်၍ ပါလီမန် ၏ အငွေ့အသက်များ ပါဝင်နေသည်ဟု ဆိုနိုင်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် လွှတ်

တော်နှစ်ရပ်နှင့် သမ္မတတို့အကြား အဆက်အစပ်သည့် သမ္မတစနစ်ကို ကျင့်သုံးသော နိုင်ငံအများစုထက် ပိုရှိသည်ဟူသောသဘောဖြစ်ပေသည်။ ဆိုလိုသည်မှာ လွှတ်တော်နှစ်ရပ်ပေါ်တွင် မဲအများစုရခြင်း၊ မရခြင်းသည် သမ္မတစနစ်ကျင့်သုံးသောနိုင်ငံအများစုတွင် သမ္မတရွေးချယ်ရေးလုပ်ငန်းစဉ်နှင့် ချိတ်ဆက်မထားသော်လည်း ယခုအခြေခံဥပဒေသစ်အရ ချိတ်ဆက်ထားသည်ဆိုသောသဘောဖြစ်သည်။

နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုအဆင့် လွှတ်တော်နှစ်ရပ်တွင် Check and Balance ပြုလုပ်နိုင်ရန်မျှသာ ကြိုးစားပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်လွှတ်တော်များတွင် အများစု အနိုင်ရရှိရေးကို ကြိုးစားသင့်သည်ဆိုသောသဘောတရားကို ပြောခဲ့ခြင်းဖြစ်ပါသည်။

တိုင်းရင်းသားခေါင်းဆောင်တစ်ဦးကမူ ပြည်နယ်ဝန်ကြီးချုပ်ကို လွှတ်တော်က ရွေးချယ်ခြင်းမဟုတ်ဘဲ နိုင်ငံတော်သမ္မတက ခန့်အပ်သည့်သဘောဖြစ်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များ၌ အများစုအနိုင်ရရှိခြင်းသည် ထူးခြားနိုင်ပါသလားဟု မေးမြန်းခဲ့ဖူးပါသည်။

အခြေခံဥပဒေသစ်အရ ပြည်ထောင်စု၏ အုပ်ချုပ်ရေးပုံသဏ္ဍာန်သည် သမ္မတစနစ်ဖြစ်သော်လည်း ပြည်ထောင်စုသဘောအရ အချုပ်အခြာအာဏာအချို့ လွှဲပြောင်းပေးအပ်ခြင်းခံရသော ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် ကျင့်သုံးမည့် အုပ်ချုပ်ရေးစနစ်သည် ပါလီမန်စနစ်သဲ့သဘောဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ဆိုလိုသည်မှာ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များသည် လွှတ်တော်အတွင်းမှ လာကြသည်ဟူသောသဘောဖြစ်သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ပုဒ်မ ၂၆၁ ပုဒ်မခွဲ (ခ)တွင် ပြည်နယ်ဝန်ကြီးချုပ်ခန့်အပ်ခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းဖော်ပြပါရှိသည်ကို တွေ့ရသည်။

*"၂၆၁.(ခ) နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန်–*

*(၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲက သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသော သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်ရမည်၊*

*(၂) ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်၏အမည်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ပေးပို့လျက်*

*သဘောတူညီချက်ရယူရမည်။"*

သို့သော် အခြေခံဥပဒေသစ်၏ ပုဒ်မ ၂၄၉ အရ ပြည်နယ်အစိုးရ၏ အုပ်ချုပ်ရေးအာဏာသည် ပြည်နယ်လွှတ်တော်များက ဥပဒေပြုနိုင်သောကိစ္စရပ်များနှင့် ထပ်တူဖြစ်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များအနေဖြင့် ပြည်နယ်ဝန်ကြီးချုပ်များ၏ လုပ်ပိုင်ခွင့်ကို ဥပဒေပြု၍ 'လူ' (ပြည်နယ်ဝန်ကြီးချုပ်) က ဆုံးဖြတ်နေသောစနစ်မှ 'မူ' (ပြည်နယ်လွှတ်တော်ကပြုသည့်ဥပဒေများ) အရ အုပ်ချုပ်သော ပုံသဏ္ဍာန်ကို ပြောင်းရွှေ့ပေးနိုင်သောအခြေအနေရှိနေသည်ကို သိစေလိုခြင်းဖြစ်သည်။ ဤအချက်များသည် အခြေခံဥပဒေသစ်ကခွင့်ပြုသော Check and Balance Political Process ဖြစ်ပေသည်။

အခြေခံဥပဒေသစ်၏ ပုဒ်မ ၂၄၉ တွင် ပြည်နယ်အစိုးရ၏ အုပ်ချုပ်ရေးအာဏာနှင့်ပတ်သက်၍ ဤသို့ဖော်ပြထားသည်။

*"၂၄၉. ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏အုပ်ချုပ်မှုအာဏာသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သောကိစ္စရပ်များသို့ သက်ရောက်မှုရှိသည်။ ထို့ပြင် ပြည်ထောင်စုဥပဒေတစ်ရပ်ရပ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်များသို့လည်း သက်ရောက်မှုရှိသည်။"*

ဆိုလိုသည်မှာ တစ်မြို့နယ်လျှင် နှစ်ယောက် ရွေးကောက်တင်မြှောက်မည့် ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များတွင် Majority ဖြစ်ခဲ့လျှင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရတို့ကို ဥပဒေပြု၍ Check and Balance ပြုလုပ်နိုင်ပါသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ Composition ကို အခြေခံဥပဒေပုဒ်မ ၁၆၁ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

*"၁၆၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-*

*(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် မြို့နယ်တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊*

*(ခ) တိုင်းဒေသကြီးများတွင် ယင်းတိုင်းဒေသကြီးရှိပြီးသော သို့မဟုတ်*


ထိုတိုင်းဒေသကြီးအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုညဒသမတစ်ရာခိုင်နှုန်းနှင့်အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊

(ဂ) ပြည်နယ်များတွင် ထိုပြည်နယ်ရရှိပြီးသော သို့မဟုတ် ထိုပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုညဒသမတစ်ရာခိုင်နှုန်းနှင့်အထက်ရှိကြောင်း သက်ဆိုင်ရာကသတ်မှတ်သော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊

(ဃ) ပုဒ်မခွဲ (က)နှင့် (ခ) သို့မဟုတ် ပုဒ်မခွဲ (က)နှင့် (ဂ)တို့အရ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ သုံးပုံတစ်ပုံနှင့်ညီမျှသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ။"

ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဥပဒေပြုစာရင်းကို ပုဒ်မ ၁၈၈ တွင်ဖော်ပြထားရာ ပြည်နယ်များ၏ အုပ်ချုပ်ရေးအာဏာသည်လည်း အလားတူပင်ဖြစ်၍ ရဲလုပ်ငန်း၊ လုပင်မှုကြီးကြပ်ရေး၊ နယ်စပ်ကုန်သွယ်ရေး၊ ပညာရေး စသည်တို့နှင့်ပတ်သက်၍ မပါရှိပေ။ တစ်နည်းအားဖြင့် ပြည်ထောင်စုအစိုးရက ဥပဒေဖြင့် မလွှဲအပ်လျှင် လုပ်ပိုင်ခွင့် မရှိဆိုသောသဘောဖြစ်သည်။ ဆိုလိုသည်မှာ အထက်တွင် ဥပမာ အဖြစ်ဖော်ပြခဲ့သောဌာနများ၏ ပြည်နယ်အဆင့်တာဝန်ရှိသူများကို သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရက စီမံခန့်ခွဲခြင်းမရှိ ဆိုသောအချက်ဖြစ်ပေသည်။

ပြည်ထောင်စု၏ အုပ်ချုပ်ရေးနယ်ပယ်အတွင်း ထည့်သွင်းထားသော လုပ်ငန်းတာဝန်များရှိနေသောကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အတွင်းရေးမှူးတာဝန်ကို ပြည်ထောင်စုအစိုးရက ခန့်ထား



သူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးကို အခြေခံဥပဒေက တာဝန်ပေးထားသည်ကို တွေ့နိုင်ပေသည်။ အလားတူပင် ခရိုင်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးတာဝန်ရှိသူများသည် ပြည်ထောင်စုအစိုးရ၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများကို တာဝန်ပေးထားသည်ကို တွေ့နိုင်ပေသည်။

သို့သော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၅၇ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်။

*"၂၅၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြည်ထောင်စုဥပဒေနှင့်အညီလည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် ကြိုတင်ညှိနှိုင်း၍လည်းကောင်း မိမိတာဝန်ယူ အကောင်အထည်ဖော်ရသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်-*

*(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာ နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်၊*

*(ခ) လိုအပ်သော နယ်ဘက်ဝန်ထမ်းများကို ခန့်အပ်နိုင်သည်။"*

အဆိုပါပုဒ်မ ၂၅၇ အရ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများသည် ၎င်းတို့ကို လုပ်ပိုင်ခွင့်ပေးထားသော အုပ်ချုပ်ရေးအာဏာများကို ကျင့်သုံးနိုင်သည့် နယ်ပယ်များကို ကြီးကြပ်ကွပ်ကဲရန် သက်ဆိုင်ရာခရိုင်၊ မြို့နယ်များတွင်ရှိနေသည့် ပြည်ထောင်စုအစိုးရ၏ ဝန်ထမ်းများကို တာဝန်ပေးဘဲ သီးခြားအဖွဲ့အစည်း၊ သီးခြားပြည်နယ်အစိုးရ၏ ဝန်ထမ်းများခန့်အပ်သည့် ပုံသဏ္ဌာန်ကိုလည်း မြင်တွေ့ရနိုင်သည်ဟူသောသဘောလည်းရှိပေသည်။ ပြည်ထောင်စုအစိုးရ၏ ဝန်ထမ်းများအတွက် ရာထူးတိုးတက်ရေး၊ အပြောင်းအရွှေ့ စသည်များသည် ပြည်ထောင်စုအစိုးရအပေါ်တွင်သာ မူတည်နေသည်ဖြစ်ရာ ပြည်နယ်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားတွင် သီးခြားဖြစ်ပေါ်နေလိမ့်မည်ဟု ယူဆဖွယ်ရှိပါသည်။

မည်သို့ပင်ဖြစ်စေ အခြေခံဥပဒေသစ်အရ ပေါ်ပေါက်လာသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ အုပ်ချုပ်ရေးစနစ်သည် လုံလုံလောက်လောက် အသင့်ဖြစ်ရာ လူသားအရင်းအမြစ်များ၊ Capacity Building အစီအစဉ်များ များစွာ လိုအပ်လိမ့်မည်ဆိုသောအချက်မှာ မြင်သာပါသည်။ ■

The Voice Weekly Vol 5-No.37



# တရုတ်နိုင်ငံ သင်ခန်းစာ

**The Voice Weekly ၏ ပေးစာကဏ္ဍတွင် စာဖတ်သူတစ်ဦးက မြန်မာနိုင်ငံကို ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ အုပ်ချုပ်ခဲ့သူ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ၎င်း၏ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတို့နှင့်ပတ်သက်၍ သုံးသပ်ချက်များ ရေးသားကြရန် တိုက်တွန်းခဲ့သည်ကို ဖတ်ရသည်။ မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်၌ တစ်ပါတီစနစ် နိဂုံးချုပ်သွားခဲ့ပြီးဖြစ်သော်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ စသည့်နိုင်ငံများတွင် တစ်ပါတီစနစ်ကို ဆက်လက်ကျင့်သုံးဆဲဖြစ်ပြီး နိုင်ငံစီးပွားရေးတည်ဆောက်မှုတွင်လည်း အောင်မြင်မှုရနေသည်ကို တွေ့ရပေသည်။**

ယခုဆောင်းပါးတွင် တစ်ပါတီစနစ်ကို ယနေ့တိုင်ကျင့်သုံးဆဲဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စနစ်ကျသော ပြုပြင်ပြောင်းလဲမှုများကို သင်ခန်းစာအဖြစ် ဖော်ပြလိုပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ယနေ့တိုင် တစ်ပါတီစနစ်ဖြင့်

အုပ်ချုပ်နေဆဲနိုင်ငံတစ်ခုဖြစ်ပြီး အဆိုပါနိုင်ငံတွင် ပြည်သူများ၊ တစ်နည်းအားဖြင့် ပြည်သူ့ကိုယ်စားလှယ်များပါဝင်သည့် ဥပဒေပြုစနစ် သို့မဟုတ် Political Process၊ နိုင်ငံရေးပါတီများ စသည်တို့ကို မြန်မာနိုင်ငံမှာကဲ့သို့ ခွင့်ပြုနိုင်ခြင်းမရှိသေး ပါ။ ယေဘုယျအားဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် စီးပွားရေးတံခါးကို ဖွင့်ပေးခဲ့ခြင်းကြောင့် ယနေ့ရရှိနေသော ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိနေခြင်းဖြစ်ကြောင်း သုံးသပ်ကြလေ့ရှိသော်လည်း ပညာရပ်ဆိုင်ရာရှုထောင့်မှ ပြောရလျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံခေါင်းဆောင်များ၏ အားထုတ်မှုသည် ထို့ထက်ပိုသည်ဟု ပြောရမည်ဖြစ်ပါသည်။

အဓိကအားဖြင့် ပြောရလျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အထက်တွင် ဥပမာပေးခဲ့သည့် Ownership နှင့် Management မကွဲပြားသော အုပ်ချုပ်ရေးစနစ်မှ စနစ်ကျနသော Organization Structure ဖြင့် Departmentalization (ဌာနများ ခွဲခြားခြင်း)၊ Decentralization (ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း)၊ Deligation (လုပ်ပိုင်ခွင့် ခွဲဝေပေးခြင်း) စသည်များပါဝင်သော များစွာခေတ်မီစနစ်ကျနသည့် အုပ်ချုပ်ရေး စနစ်ကို ကျင့်သုံးခဲ့ခြင်းကြောင့် ယနေ့ရရှိနေသော အောင်မြင်မှုများကို ရရှိခဲ့ခြင်းဖြစ် ပေသည်။ စီးပွားရေးတံခါးဖွင့်ပေးခဲ့ခြင်းကြောင့် သက်သက်မဟုတ်ပေ။

သို့တိုင်အောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် စီးပွားရေးနယ်ပယ်တွင် အသုံးပြုသော ခေတ်အမီဆုံးအုပ်ချုပ်ရေးစနစ်နည်းနာကို လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး အတွက် အသုံးပြုခဲ့ခြင်းသာဖြစ်ပြီး ခေတ်မီနိုင်ငံရေးစနစ်၏ အင်္ဂါရပ်များဖြစ်သော Check and Balance Political Process ကို ခွင့်ပြုနိုင်ခြင်းမရှိသေးရာ နိုင်ငံပြင်ပမှ လာသော မတည်ငြိမ်မှုများ (ဥပမာ–ကမ္ဘာလုံးဆိုင်ရာစီးပွားပျက်ကပ်)နှင့် နောက်တစ်ကြိမ်တွေ့ ရလျှင် Superstructure ခေါ် အပေါ်ထပ်အဆောက်အဦတွင် ပြဿနာရှိနိုင်ကြောင်း စာရေးသူ၏ပါမောက္ခတစ်ဦးက ထောက်ပြထားခဲ့ပါသည်။

ပို၍ပြည့်စုံအောင်ပြောရလျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု များနှင့်ပတ်သက်၍ နောက်ထပ်ထူးခြားချက်တစ်ခုမှာ Information Gathering နှင့် Information Dessimination ဆိုင်ရာနည်းနာများဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသည် ယနေ့တိုင် တစ်ပါတီစနစ်ကို ဆက်လက်ကျင့်သုံးနေနိုင်ခြင်းမှာ ပြည်သူ လူထု၏ ရင်တွင်းခံစားချက်များကို သိရှိနိုင်သော [illegible] နည်းနာ၊ ပြည်သူ လူထု၏အသည်းနှလုံးကို သိမ်းကျုံးယူနိုင်သော Public Relation နည်းနာများ

ကျင့်သုံးနိုင်ခဲ့ခြင်းကြောင့်ဖြစ်ပေသည်။

Check and Balance မရှိသော၊ တစ်ပါတီစနစ်ကျင့်သုံးသော နိုင်ငံများ၏ အုပ်ချုပ်ရေးစနစ်တွင် အဓိကအားနည်းချက်မှာ Feedback Loop ခေါ် ပြည်သူလူထု၏အခြေအနေကို သိရှိနိုင်သည့်လမ်းကြောင်းမရှိခြင်းဖြစ်သည်။ ကောင်းသတင်း သက်သက်သာ တင်ပြသည့် တစ်ပါတီစနစ်၏သတင်းပို့စနစ်သည် အုပ်ချုပ်ရေးယန္တရားကို ပြည်သူလူထု နှင့် ကင်းကွာသွားစေသည့် အဓိက အကြောင်းရင်းဖြစ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံခေါင်းဆောင်များသည် ဤအချက်ကို ပြုပြင်ထားနိုင်သည်ကိုတွေ့ရသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းမီဒီယာများသည် စီးပွားရေးနှင့်ပတ်သက်၍ ရာနှုန်းပြည့်နီးပါး လွတ်လပ်စွာ သတင်းဖော်ပြခွင့်ရကြသည်ကိုတွေ့နိုင်ပါသည်။ စီးပွားရေးနယ်ပယ်တွင် အထူးအခွင့်အရေးဆိုင်ရာ အပေးအယူများ(တစ်နည်း) Rent Seeking အတော်များများကို လျှော့ပါးအောင် ပြုလုပ်ထားနိုင်ခဲ့ခြင်းမှာ စီးပွားရေးနှင့်ပတ်သက်၍ မီဒီယာလွတ်လပ်ခွင့်ပေးထားခဲ့ခြင်းကြောင့် ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အောင်မြင်မှုများနှင့်ပတ်သက်၍ နောက်ထပ်အရေးကြီးသောအကြောင်းရင်းတစ်ရပ်ရှိပါသေးသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် တစ်ပါတီစနစ်ကို ကျင့်သုံးသောနိုင်ငံများ၊ ဒုတိယကမ္ဘာနိုင်ငံများက ကျင့်သုံးသော စတာလင်ပုံစံဝါဒ ဖြန့်ချိရေးနည်းစနစ်များကို လမ်းခွဲ၍ စိတ်ပညာကိုအခြေခံသည့် အနောက်ပုံစံလူထုဆက်သွယ်ရေးနည်းနာကို ကျင့်သုံးနိုင်ခဲ့ခြင်းသည် ယနေ့ရရှိထားသည့် လူထုထောက်ခံမှုများအတွက် အရင်းအနှီးပင်ဖြစ်ပေသည်။

ရှင်းရှင်းလင်းလင်းဖြစ်စေရန် ဥပမာတစ်ခုကို ဤနေရာတွင် ဖော်ပြလိုပါသည်။ လွန်ခဲ့သောနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်များ ကိုင်တွယ်ဖြေရှင်းခဲ့ရသည့် တိဘက်ပြည်နယ်နှင့် စီချွမ်ပြည်နယ်အရေးနှစ်ခုအနက် နောက်ပိုင်းကျသည့် စီချွမ်ငလျင် ကိစ္စကို ဥပမာအဖြစ် ဖော်ပြလိုပါသည်။ စီချွမ်ပြည်နယ်ငလျင်ကိစ္စနှင့်ပတ်သက်၍ တရုတ်အစိုးရ၏ PR ခေါ် လူထုဆက်သွယ်ရေးနည်းနာသည် ဝန်ကြီးချုပ်ဝမ်ကျားပေါင်၊ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တို့၏ ဂုဏ်သရေကို ထုံမွှမ်းပေးနိုင်ခဲ့ကြောင်း အနောက်နိုင်ငံများမှ မီဒီယာကျွမ်းကျင်သူများကပင် ဝန်ခံခဲ့ကြရပါသည်။ တစ်ကြိမ်တွင် တောင်ကုန်းတစ်ခုပေါ်ရှိ အဆောက်အအုံပျက်ကြီးထံ ချီတက်နေသော လွတ်မြောက်ရေးတပ်မတော်တပ်သားတစ်ဦးကို CNN က မိုက်ခရို

ဖုန်းတိုး၍မေးခဲ့သည်။ ဒီကုန်းပေါ်ကို တက်သွားရင် အသက်အန္တရာယ်ရှိနိုင်တယ် ဆိုတာသိပါသလားဟု CNN က မေးရာ ထိုတပ်မတော်သားက တရုတ်လွတ်မြောက်ရေးတပ်မတော်ဟာ ပြည်သူကိုအသက်ပေးဖို့ ဖွဲ့စည်းထူထောင်ထားတာပါဟုဖြေ၍ ကုန်းပေါ်သို့ ပြေးတက်သွားခဲ့သည်။ ရိုက်ချက်မှာ မျက်ရည်ကျလောက်ပါသည်။ အမှန်အားဖြင့် ဤကိစ္စများသည် စနစ်တကျတီထွင်ကြံဆထားသော PR ခေါ် လူထုဆက်သွယ်ရေးနည်းလမ်းများဖြစ်ပေသည်။ စတာလင်စတိုင်နိုင်ငံရေးကြွေးကြော်သံများ တရုတ်နိုင်ငံတွင် ပျောက်ကွယ်သွားသည်မှာကြာပါပြီဟု စာရေးသူနှင့် ကျောင်းနေဖက် တရုတ်ကျောင်းသားတစ်ဦးက ပြောဖူးသည်။ အမေရိကန်တက္ကသိုလ်တစ်ခုတွင် ကျောင်းတက်နေသော ထိုတရုတ်ကျောင်းသားသည် တရုတ်ပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို ဂုဏ်ယူသူ၊ သူ၏အစိုးရကို ထောက်ခံသူတစ်ဦးဖြစ်ပြီး သူတို့ တရုတ်အစိုးရ မကောင်းကြောင်း တစ်ခွန်းတလေပင် မထွက်သူဖြစ်သည်။

စာရေးသူတို့နိုင်ငံတွင် **Check and Balance Political Process** ၊ နိုင်ငံရေးပါတီများ ပေါ်ပေါက်မည့်အခြေအနေကို ပြင်ဆင်ထားပြီးဖြစ်ရာ စနစ်အား ဖြင့် အထက်တွင်ပြောခဲ့သော တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏စနစ်ထက် ပိုမိုခေတ်မီတော့မည်ဟုဆိုရန် ရှိပါသည်။ တက်လာသည့် နိုင်ငံရေးခေါင်းဆောင်များ ပါးနပ်၍ အမြော်အမြင်ကြီးလျှင် တရုတ်တို့ထက် ပိုကောင်းသော အနာဂတ်ကို ဖန်တီးနိုင်ပါလိမ့်မည်။ ■

**The Voice Weekly Vol 5-No.37**



# အမျိုးသားအကျိုးစီးပွား

လွန်ခဲ့သောအပတ် The Voice Weekly တွင် မြန်မာနိုင်ငံ၏နိုင်ငံရေးအပြောင်းအလဲသည် အမေရိကအားဖြင့် မြန်မာနိုင်ငံတွင်းမှ လာရမည်ဟုရေးသားဖော်ပြခဲ့သည်။ ထိုသို့ရေးသားဖော်ပြရခြင်းတွင် နိုင်လုံသောအကြောင်းများရှိပါသည်။

မြန်မာနိုင်ငံအရေးကိစ္စနှင့်ပတ်သက်၍ အဓိက Stakeholder များအဖြစ် အများက ရှုမြင်ထားသောနိုင်ငံ အနည်းငယ်ရှိပါသည်။ မည်သည့်နိုင်ငံများဖြစ်သည်ဆိုသည်ကို စာဖတ်သူများသိရှိပြီးဖြစ်ပါလိမ့်မည်။ ၎င်းတို့ထဲတွင် ဒီမိုကရေစီရေးကို ရှေ့တန်းတင်သော နိုင်ငံများ၊ စီးပွားရေးကို ရှေ့တန်းတင်သောနိုင်ငံများ၊ တည်ငြိမ်အေးချမ်းရေးကို ရှေ့တန်းတင်သောနိုင်ငံများဟူ၍ အမျိုးအစားအမျိုးမျိုးကွဲပြားခြားနားသော်လည်း အဓိကအားဖြင့် တူညီကြသည်မှာ ၎င်းတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို အခြေခံထား၍ စဉ်းစားကြသည်ဆိုသောအချက်ဖြစ်ပေသည်။

အကြောင်းအရာအားဖြင့်ကြည့်လျှင် မြန်မာနိုင်ငံနှင့်ပတ်သက်သော အရေးကိစ္စကိုပြောဆိုနေကြသည်ဟုဆိုသော်လည်း အနှစ်သာရအားဖြင့်ကြည့်လျှင် ၎င်းတို့ရည်ရွယ်ပြောဆိုနေကြသည်မှာ

(၁) ပြိုင်ဘက်နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးသမားများ

(၂) မဲဆန္ဒရှင်ပြည်သူလူထု

(၃) ၎င်းတို့နိုင်ငံနှင့်လူမျိုး၏အမျိုးသားအကျိုးစီးပွားစသည်များသာ ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်ကိုကျင့်သုံးသောနိုင်ငံများတွင် အထက်တွင်ဖော်ပြထားသော အချက်သုံးချက်လုံးကို ထည့်သွင်းစဉ်းစားလေ့ရှိပြီး ဒီမိုကရေစီမဟုတ်သည့်နိုင်ငံများသည် အမှတ်စဉ်(၃)ကို ရည်ရွယ်စဉ်းစားပြောဆိုနေခြင်းဖြစ်သည်ကို တွေ့နိုင်ပါသည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံ၏အရေးကိစ္စသည် အဆိုပါအချက်ကြီးသုံးချက်နှင့်ပတ်သက်၍ ကြားခံ Vehicle သာ ဖြစ်သည်ဆိုသော အချက်ဖြစ်ပေသည်။

နိုင်ငံအသီးသီး၏အစိုးရအသီးသီးသည် ၎င်းတို့၏နိုင်ငံနှင့်လူမျိုး၏အမျိုးသားအကျိုးစီးပွားကိုလုပ်ဆောင်ရန် တာဝန်ရှိကြသည်ဖြစ်ရာ အစိုးရများက အထက်ဖော်ပြပါအချက်များကို အကောင်အထည်ဖော်ကြခြင်းသည် သူ့အလုပ်သူလုပ်ခြင်းသာဖြစ်၍ အပြစ်တင်ရန်မရှိသကဲ့သို့ တစ်စုံတစ်ရာမျှော်လင့်ချက်ထားရန်လည်း မသင့်ပေ။ ယခုဆောင်းပါးကို ရေးသားဖော်ပြရခြင်း၏ရည်ရွယ်ချက်မှာ ထိုအချက်များကို သဘောပေါက်၍ လိုအပ်သည်ထက်ပို၍ ၎င်းတို့ထံမှ မမျှော်လင့်ရေးပင်ဖြစ်ပါသည်။

လွန်ခဲ့သောနှစ်က မြန်မာနိုင်ငံတွင် တိုက်ခတ်သွားခဲ့သော နာဂစ်မုန်တိုင်းသင့်ဒေသများသို့နိုင်ငံတကာအစိုးရများက အကူအညီများပေးခဲ့ကြပါသည်။ ထိုအကူအညီများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအဖြစ်ခေါင်းစဉ်တပ်ခဲ့ကြသည်ကိုတွေ့နိုင်ပါသည်။ သို့သော်ထိုသို့သောအကူအညီ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို အသေအချာလေ့လာခဲ့ပါလျှင် ၎င်းတို့၏အစိုးရလူကြိုက်များရေး၊ ၎င်းတို့နိုင်ငံ၏ပြိုင်ဘက်ဖြစ်သော နိုင်ငံများထက် ပိုမိုကောင်းမွန်သော Image ရရှိရေး၊ နိုင်ငံတကာအသိုင်းအဝိုင်းတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာနှန်းစံများကို အလေးထားသော နိုင်ငံအဖြစ် ပုံဖော်ရေး၊ သက်ဆိုင်ရာနိုင်ငံနှင့် ရှိနှင့်ပြီးဖြစ်သည့် စီးပွားရေးရာ၊ သံတမန်ရေးရာ အကျိုးကျေးဇူးများ ဆက်လက်ထိန်းသိမ်းရေး စသည်တို့ဖြစ်သည်ကိုတွေ့နိုင်ပါသည်။ ပို၍ရှင်းအောင်ပြောရလျှင် 'နာဂစ် မုန်တိုင်းသင့်ပြည်သူများကို<u>ကူညီရေး</u>'ထက် 'နာဂစ်မုန်တိုင်းသင့်ပြည်သူများကို<u>ကူညီသူဖြစ်ရေး</u>'ကို အဓိက လုပ်ဆောင်ကြခြင်းဖြစ်ပေသည်။ ဒီမိုကရေစီရေးနှင့်ပတ်သက်၍လည်း ထိုအတိုင်းပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိပြည်သူ သန်း ၅၀၏<u>ဒီမိုကရေစီရေးထက်</u> မြန်မာနိုင်ငံ၏ ပြည်သူ သန်း ၅၀ အတွက် <u>ဒီမိုကရေစီဆောင်</u>

ကြည့်သူဖြစ်ရေးက အဓိကဖြစ်သည်ကို တွေ့နိုင်ပါသည်။

သက်ဆိုင်ရာနိုင်ငံအသီးသီးက ၎င်းတို့၏ အစိုးရလူကြိုက်များရေး၊ ပြည်သူလူထုထောက်ခံမှုရရှိရေး၊ သတင်းစာများက ၎င်းတို့ အစိုးရ၏လုပ်ရပ်ကိုထောက် ခံရေး၊ နိုင်ငံတကာအရေးကိစ္စများတွင် ဩဇာညောင်း တွင်ကျယ်သူဖြစ်ရေး စသည် များကို အဓိကရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်၍ ထိုသဘောတရားကိုနားလည်လျှင် ၎င်းတို့ထံမှ လက်တွေ့ကျသော်လည်း လူကြိုက်မများနိုင်သည့်အယူအဆများ၊ မူဝါဒ များ ထွက်ပေါ်လာရန် မဖြစ်နိုင်ကြောင်း သဘောပေါက်နိုင်ပါသည်။ အထူးသဖြင့် ဒီမိုကရေစီနိုင်ငံကြီးများတွင် လူကြိုက်များရေးကို ထိခိုက်နိုင်သောအလုပ်ကို လုံးဝ (လုံးဝ)ထည့်သွင်းစဉ်းစားနိုင်ခြေမရှိသည်ကိုတွေ့ရသည်။

ဥပမာအနေဖြင့် သက်ဆိုင်ရာနိုင်ငံအတွက် ကောင်းကျိုး၊ ဆိုးကျိုးအချိုး နှစ်မျိုးရှိသည့်နည်းလမ်းနှစ်သွယ်ကို အောက်ပါအတိုင်းတွေ့ရသည်ဆိုပါစို့။

နည်းလမ်း (က) – ကောင်းကျိုး (၉၀) း ဆိုးကျိုး (၂၀)

နည်းလမ်း (ခ) – ကောင်းကျိုး (၁) း ဆိုးကျိုး (၀) (သုည)

ဆိုးကျိုးမှန်သမျှသည် သက်ဆိုင်ရာအစိုးရ၏လူကြိုက်များမှုကို ထိခိုက်နိုင်သည်ဖြစ်၍ ကောင်းကျိုးမည်မျှပင် နည်းစေကာမူ ဆိုးကျိုး လုံးဝမရှိသော နည်းလမ်း (ခ)ကိုသာ ရွေးချယ်ကြရပါလိမ့်မည်။ Sanction ခေါ် ပိတ်ဆို့မှုများနှင့်ပတ်သက်၍ စဉ်းစားသောနည်းလမ်းသည် အထက်ဥပမာတွင် ဖော်ပြခဲ့သောနည်းလမ်း(ခ)သာ ဖြစ်ပေသည်။ ၎င်းတို့ဘက်မှကြည့်လျှင် Sanction သည် မည်သည့်ကုန်ကျ စရိတ်မျှ မရှိသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံဘက်မှထောင့်မှကြည့်လျှင် ဈေးကြီးသော အလောင်းအစားဖြစ်သည်ကို တွေ့ရပေလိမ့်မည်။ Engagement ကို စဉ်းစားသော လမ်းကြောင်းသည် နည်းလမ်း(က)ဖြစ်သည်ကို တွေ့ရပါလိမ့်မည်။ လွန်ခဲ့သော ငါးနှစ်ခန့်ကဆိုလျှင် ဤနည်းလမ်းသည် စဉ်းစားရန်ပင် မသင့်သော နည်းလမ်းဖြစ်ခဲ့ပါ သည်။ ယခုအခါ အဆိုပါကိစ္စကိုစဉ်းစားကြောင်း တရားဝင်ပြောဆိုရသည့်အဆင့်တိုင် မြင့်တက်လာခဲ့သည်မှာပင် ထူးခြားမှုဖြစ်ပါသည်။ လွန်ခဲ့သောလေးနှစ်ခန့်က ဤကိစ္စကို စာရေးသူက သံတမန်တစ်ဦးအား အကြောင်းအကျိုးနှင့် တစ်ဆင့်ချင်းရှင်းပြရာ သူနားလည်ပါသည်။ သို့သော် ထိုကိစ္စလုပ်လိုက်လျှင် မနက်ဖြန် သတင်းစာများက ရေးကြပါလိမ့်မည်၊ သန်ဘက်ခါ ကျွန်တော်တို့အစိုးရ ပြုတ်သွားပါလိမ့်မည်ဟု ပြန်ပြောဖူးပါသည်။

မြန်မာနိုင်ငံနှင့်ပတ်သက်သော ၎င်းတို့နိုင်ငံဘက်မှ မှတ်ချက်တစ်ခုနှင့်ပတ် သက်၍ သက်ဆိုင်ရာနိုင်ငံမှ အရာရှိကြီးတစ်ဦးက အဲဒီစကားက မင်းတို့ဆီကို လှမ်းပြောတာမဟုတ်ဘူး။ တို့ဆီက အမတ်မင်းတွေကို ပြောနေတာဟု စာရေးသူကို ပြောဖူးပါသည်။ ဒီမိုကရေစီနိုင်ငံများရှိ အစိုးရများတွင် ပြိုင်ဘက်နိုင်ငံရေးပါတီ၊ လွှတ်တော်အမတ်များ၊ သတင်းစာများ၊ မဲဆန္ဒရှင်ပြည်သူလူထု စသူများ၏ သဘောထားနှင့်ပတ်သက်၍ အနည်းငယ်မျှ အတိမ်းအစောင်းမခံသော/သဘောရှိရာ အမျိုးသားအကျိုးစီးပွားကိုပင် ဒီမိုကရေစီမဟုတ်သော နိုင်ငံကြီးအချို့ကဲ့သို့ ရှေ့တန်းတင်နိုင်ခြင်းမရှိပေ။ တစ်ဖန် ၎င်းတို့၏ပြိုင်ဘက်နိုင်ငံရေးပါတီများ၊ လွှတ်တော်အမတ်များ၊ သတင်းစာများနှင့် မဲဆန္ဒရှင် ပြည်သူလူထုတို့မှာ မြန်မာနိုင်ငံဆိုသည်ကို မကြားဖူးသူ အများစု ဖြစ်ပေသည်။ ကြားဖူးသူများမှာလည်း အမိကအင်အားစုနှစ်ခုနှင့် လူတစ်ဦးကိုသာ သိကြခြင်းဖြစ်ပေသည်။

ဤအခြေအနေမျိုးတွင် နိုင်ငံတကာအသိုင်းအဝိုင်းထံမှ နားလည်ရန်ခက်ခဲသော မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်၍ လက်တွေ့ကျနသော အကူအညီများ၊ မူဝါဒများရရှိရေးဆိုသည်မှာ မည်သို့မျှဖြစ်နိုင်ခြေမရှိချေ။ နားလည်သဘောပေါက်သူများ အရေးပါသောနေရာတွင်ရှိနေသည့်တိုင် နိုင်ငံရေးစနစ်က မှင့်ပြခြင်းမရှိသည်ကို တွေ့ရသည်။ မည်သို့ပင်ဖြစ်စေ ထိုနိုင်ငံ၊ ထိုအစိုးရအသီးသီးသည် ၎င်းတို့၏ အကျိုးစီးပွား၊ အမျိုးသားအကျိုးစီးပွားများကို ရှေ့တန်းတင် စဉ်းစားကြသည့်နည်းတူ စာရေးသူတို့ မြန်မာနိုင်ငံသား Stakeholder အားလုံးသည်လည်း မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို မည်သည့်နိုင်ငံကိုမျှ မမျှော်လင့်ဘဲ အလေးအနက်စဉ်းစားကြပါမည့်အကြောင်း ရိုးသားစွာ တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ■

The Voice Weekly Vol 5-No.39



# စိတ်တိုင်းကျ၊ ငွေဇင်ယော်၊ မန္တလေးမြီးရှည်မှ နိုင်ငံတည်ဆောက်ရေးသို့

စာရေးသူမှာ မန္တလေးသားတစ်ဦးဖြစ်၍ မန္တလေးမြီးရှည်ကို များစွာနှစ်သက်စွဲလမ်းသူဖြစ်သည်။ စီးပွားရေးကောင်းခဲ့စဉ်က မန္တလေးသို့ နှစ်စဉ်ပြန်လေ့ရှိပြီး မန္တလေးသို့ရောက်တိုင်း မြီးရှည်၊ မုန့်တီ၊ တို့ဟူးနွေး၊ ကီးမားပလာတာဆိုင်များနှင့် နာမည်ကျော်လက်ဖက်ရည်ဆိုင်များသို့ တကူးတကသွားလေ့ရှိပါသည်။ ဤနေရာတွင် ပြောပြချင်သည်မှာ မန္တလေးမြို့တော်ရှိ နာမည်ကျော် လက်ဖက်ရည်ဆိုင်ကြီးများတွင် တွေ့ရလေ့ရှိသော ဓလေ့တစ်ခုဖြစ်ပါသည်။ မန္တလေးရှိ နာမည်ကျော်လက်ဖက်ရည်ဆိုင်ကြီးများကိုသွားလျှင် ထိုဆိုင်ကြီးများတွင် လာရောက်ရောင်းချသော အထမ်းနှင့် မြီးရှည်သည်များကို တွေ့နိုင်ပြီး လက်ဖက်ရည်ဆိုင်မှ မှာယူစားသောက်နိုင်ပါသည်။ ဤမြင်ကွင်းမှာ မန္တလေးလက်ဖက်ရည်ဆိုင်ကြီးများတွင် မထူးဆန်းသောမြင်ကွင်းဖြစ်ပြီး ရန်ကုန်တွင် ထိုသို့သောထုံးစံမရှိပါ။ လွန်ခဲ့သောနှစ်အနည်းငယ်က ရန်ကုန်တွင် မန္တလေးမြို့ရှိ အထမ်းမြီးရှည်များနှင့် အရည်အသွေးကွက်တိတူညီသော ငွေဇင်ယော်ဆိုသော မြီးရှည်ဆိုင်တစ်ဆိုင်ပေါ်လာ၍ စာရေးသူတို့ မန္တလေးသားများအတွက် တော်တော်လေးအဆင်ပြေသွားသည်။ ထိုဆိုင်သည် ရှရှားသံရုံးအနီး

တွင်တည်ရှိပြီး မလှမ်းမကမ်းတွင် စိတ်တိုင်းကျလက်ဖက်ရည်ဆိုင်ရှိလေသည်။ တလောဆီက ထိုငွေဇင်ယော်မြီးရှည်ဆိုင်သို့သွားရင်း စိတ်တိုင်းကျလက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်မှာသောက်နေသော စားသုံးသူအချို့ကို စာရေးသူ သတိပြုမိသွားသည်။ စိတ်တိုင်းကျသို့ မြီးရှည်သွားပို့သည့် စားပွဲထိုးများကိုလည်း တွေ့ခဲ့ရသည်။ သာမန်အားဖြင့် ဤကိစ္စမထူးဆန်းသော်လည်း ရန်ကုန်တွင် ထိုဓလေ့မျိုး များများစားစားမတွေ့နိုင်ဟု ထင်မိပါသည်။ မန္တလေးမြို့နှင့် မန္တလေးသားများအတွက်ဆိုလျှင် လက်ဖက်ရည်ဆိုင်နှင့် မြီးရှည်ဆိုင် အကြားရှိနေသော ဤဓလေ့သည် မထူးဆန်းသောဓလေ့သာဖြစ်ပေလိမ့်မည်။

စာဖတ်သူများ စဉ်းစားကြည့်ပါ၊ လက်ဖက်ရည်ဆိုင်ရှုထောင့်မှကြည့်လျှင် ဆိုင်တွင်လက်ဖက်ရည်လာသောက်သူများသည် Us များဖြစ်ကြ၍ မြီးရှည်ရောင်းသူနှင့် မြီးရှည်ဆိုင်မှာ Them ဖြစ်သည်။ Us Them ရှုထောင့်မှကြည့်လျှင် မြီးရှည်ဆိုင် ကျပ် ၁၀,၀၀၀ ဖိုးရောင်းရခြင်းသည် လက်ဖက်ရည်ဆိုင်တွင် ရောင်းချသောစားဖွယ် အမျိုးမျိုး ကျပ် ၁၀,၀၀၀ ဖိုး မရောင်းရတော့ခြင်းပင်ဖြစ်ရာ ဤကိစ္စသည် (+၁၀၀၀၀) နှင့် (–၁၀၀၀၀) ဖြင့်၍ Zero-Sum game ဖြစ်လေသည်။ တစ်နည်းအားဖြင့် Win-Lose ဖြစ်သည်။ ထို့ကြောင့် Us Them ရှုထောင့်မှကြည့်လျှင် လက်ဖက်ရည် ဆိုင်သည် မိမိထံလာရောက်သူအားလုံးကို with Us ဟု ယူဆလျက် အခြားရွေး ချယ်ခွင့်မပေးဘဲ ထားမည်ဆိုက ထားနိုင်ပါသည်။ တစ်နည်းအားဖြင့်ပြောရလျှင် မြီးရှည်ရောင်းသူနှင့် မြီးရှည်ဆိုင်ကို ရောင်းချခွင့်မပြုရန်ဖြစ်သည်။

ဤနေရာတွင်လိုအပ်သောကြောင့် ပဋိပက္ခများကို ဖြေရှင်းခြင်းဆိုင်ရာ Negotiation သီအိုရီတွင်ပါဝင်သည့် ပဋိပက္ခအမျိုးအစားသုံးမျိုးအနက်မှ အဓိကကျ သောနှစ်မျိုးကို အနည်းငယ်ရှင်းပြလိုပါသည်။

Distributive ဟုခေါ်သော အမျိုးအစားသည် Zero-Sum အမျိုးအစားဖြစ်သည်။ တစ်ဖက်မှ ဆုံးရှုံးသမျှသည် အခြားတစ်ဖက်တွင် ရရှိသမျှပင်ဖြစ်၍ Win-Lose အမျိုးအစားဖြစ်သည်။ ထိုအမျိုးအစားတွင် တွေ့ရလေ့ရှိသော လက္ခဏာ များမှာ—

(၁) Win -Lose ဖြစ်သည်။ ကိုယ့်လိုတာပြည့်စေရေးကိုသာ အဓိကထားသည်။
(၂) သတင်းအချက်အလက်အားလုံး လျှို့ဝှက်ထားသည်။ တစ်ဖက်လူအပေါ်တွင် အနိုင်ရရန် စနစ်တကျမဟာဗျူဟာချ၍ အသုံးပြုရန်ဖြစ်သည်။

(၃) Single Issue ခေါ် လိုလားချက်တစ်ခုတည်းသာ ဖြစ်မနေရ လိုသည်။
(၄) တစ်နပ်စားဆက်ဆံရေးဖြစ်သည်။ (ကြိုပြဿနာကို ထွက်အောင်ရှောင်းခြင်းမျိုး)

ဒုတိယအမျိုးအစားမှာ Integrative ဖြစ်သည်။ ၎င်း၏ လက္ခဏာများမှာ–
(၁) Win-Win ဖြစ်သည်။ နှစ်ဖက်အကျိုးစီးပွားများကို ရှေးရှုသည်။
(၂) သတင်းအချက်အလက်၊ လိုလားချက်၊ အကြောင်းအကျိုးများကို အခြားဘက်သို့ အသေပေးသည်။
(၃) Multiple Issues ခေါ် တစ်ခုထက်ပိုသော အကြောင်းအရာများ၊ လိုလားချက်များကို ဖြန့်ကြက်၍ ဦးစားပေးသည်။
(၄) ရေရှည်ဆက်ဆံရေးဖြစ်သည်။ (လုပ်ဖော်ကိုင်ဖက်ဆက်ဆံရေး)

Negotiation သီအိုရီများက ပဋိပက္ခများကို ဖြေရှင်းရန် Distributive ပက်ကင်ပေပါထုပ်ထားသော ပဋိပက္ခကို Integrative ပက်ကင်ပေပါပြောင်းထုပ်ပေးရန် အကြံပြုလေ့ရှိသည်။ Distributive ဖြစ်နေလျှင် သို့မဟုတ် Distributive ကို ထင်မှတ်မှားနေလျှင် Deadlock ခေါ် နှစ်ဖက်ပိတ်မိသွားတတ်သောကြောင့်ဖြစ်သည်။ အဓိကအားဖြင့် ဦးစားပေးရမည့်အကြောင်းအရာ၊ လိုလားချက်တစ်ခုအစား အခြားလိုလားချက်အခန်း၊ အကြောင်းအရာစုံရှိကြောင်း မီးမောင်းထိုးပြရခြင်းမျိုးကို လုပ်ပေးရသည်။ ထိုအခါ အပြန်အလှန်အပေးအယူများ ရှိလာပြီး လိုလားချက်များအနက် တစ်ဖက်က အချို့ကိုရကာ အခြားတစ်ဖက်ကလည်း အချို့ဆန္ဒပြည့်သွားသောကြောင့် ပြေလည်ရန် လွယ်ကူသွားခြင်းမျိုးဖြစ်သည်။ (**a gain for one party is a loss for other party, but not the equal loss** ဟု ဆိုလိုခြင်းဖြစ်သည်။)

အထက်တွင်ဖော်ပြခဲ့သည့် လက်ဖက်ရည်ဆိုင်နှင့် မြီးရှည်ဆိုင် ဆက်ဆံရေးတွင် Distributive ရှုထောင့်မှကြည့်ပါက အထက်တွင် ပြောခဲ့သကဲ့သို့ တစ်ဖက်က ကျပ် ၁၀,၀၀၀ ဖိုး ရောင်းရခြင်းသည် တခြားတစ်ဖက်တွင် ကျပ် ၁၀,၀၀၀ ဖိုး မရောင်းရခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

သို့သော် Integrative ရှုထောင့်မှကြည့်လျှင် Multiple Issue ကို စဉ်းစားခြင်းဖြစ်သွား၍ မြီးရှည်လာစားသူများက သောက်သွားသောလက်ဖက်ရည်၊ ဆေးလိပ်၊ ရေသန့်ဘူးများ ရောင်းရခြင်း၊၊ လက်ဖက်ရည်လာသောက်သူများက မရည်ရွယ်ဘဲ မြီးရှည်စားဖြစ်သွားခြင်းများရှိနေသည်ကို တွေ့ရပါလိမ့်မည်။ ထိုအချက်ကို သဘော

ပေါက်ကြသောကြောင့် မန္တလေးမြို့တော်တွင် ထိုခလေးကို ယနေ့တိုင်တွေ့မြင်နေရခြင်းဖြစ်ပါသည်။ ငွေဇင်ယော်နှင့် စိတ်တိုင်းကျလက်ဖက်ရည်ဆိုင်အကြား ဆက်ဆံရေးသည်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်ပေသည်။

စာရေးသူတို့၏လူ့အဖွဲ့အစည်းတွင် နိုင်ငံတည်ဆောက်ရေးအလို့ငှာ ငွေဇင်ယော်မြီးရှည်ဆိုင်နှင့် စိတ်တိုင်းကျလက်ဖက်ရည်ဆိုင်တို့အကြားရှိနေသော သဘောတူညီချက်မျိုး လိုအပ်ပါသည်။ စာရေးသူသည် ယခုကဲ့သို့ နိုင်ငံရေးဆောင်းပါးများကို အစဉ်တစိုက်ရေးသားခဲ့ခြင်းကြောင့် Us Them ရှုထောင့်မှ တိုက်ခိုက်မှုများကို အကြီးအကျယ်ခံခဲ့ရပါသည်။ စာရေးသူသာမက စာရေးသူကို အပေါင်းအသင်းလုပ်မိသော အစ်ကိုသဖွယ်မိတ်ဆွေများ၊ စာရေးသူပတ်သက်နေသောအဖွဲ့အစည်းများပါ ဤဒဏ်ကို ခံနေကြရပါသည်။ မြန်မာနိုင်ငံသည် ဤအမုန်းတရားများမှ ကင်းလွတ်၍ မေတ္တာတရားလွှမ်းခြုံသော၊ သဘောထားကြီးသော၊ အသိဉာဏ်ကြီးသော၊ ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းရှိသော နိုင်ငံသားများဖြင့် တည်ဆောက်ထားသည့် နိုင်ငံတစ်ခုအဖြစ်သို့ အမြန်ဆုံး တည်ဆောက်ရောက်ရှိပါစေကြောင်း သစ္စာပြု၍ ဆုတောင်းလိုက်ပါသည်။ ■

The Voice Weekly Vol 5-No.40

## သန်း ၅၀ ကို အနိုင်ပေးပါ




၂၀၀၉ ဩဂုတ်လ ၁၁ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်အား ပြစ်ဒဏ်လျှော့ပေါ့ပေးခဲ့သည့်အမိန့်စာ အပိုဒ် (၆) တွင် ထူးခြားသော စာကြောင်းတစ်ကြောင်းပါဝင်သည့်ကို တွေ့ရသည်။ အဆိုပါစာကြောင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ 'အပိုဒ် ၆။ ဒေါ်အောင်ဆန်းစုကြည်သည် လျှော့ပေါ့ပြောင်းလဲလိုက်သော ပြစ်ဒဏ်ကျခံရမည့်အချိန်ကာလထက် မကျော်လွန်သော အချိန်ကာလအတွင်း မှုးတွဲပါသတ်မှတ်ပေးထားသော စည်းကမ်းချက်များနှင့်အညီ ကောင်းမွန်စွာနေထိုင်ပါက ဆိုင်းငံ့ထားသော ပြစ်ဒဏ်အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပြုမည်ဖြစ်ကြောင်း အကြောင်းကြားလိုက်သည်။'

ဒေါ်အောင်ဆန်းစုကြည်အား အရေးယူခဲ့သည့်ဖြစ်စဉ်သည် ယခုအခါ ပြီးစီးသွားပြီဖြစ်သော အတိတ်ကိစ္စရပ်တစ်ခုဖြစ်နေသောကြောင့်လည်းကောင်း၊ အခြားသောအကြောင်းကြောင်းကြောင့်လည်းကောင်း အဆိုပါကိစ္စရပ်ကို မဆွေးနွေးတော့ဘဲ အနာဂတ်တွင် အဆိုပါကိစ္စရပ်၏နောက်ဆက်တွဲဖြစ်ရပ်များက မြန်မာနိုင်ငံသား သန်း ၅၀ ၏ဘဝကို မည်သို့မည်ပုံသက်ရောက်မှုရှိနိုင်ကြောင်းကို ယခုဆောင်းပါးတွင် သုံးသပ်ဖော်ပြလိုပါသည်။ ပို၍တိတိကျကျပြောရလျှင် အစိုးရ၏ အမိန့်ကြော်ငြာစာ

တွင်ပါရှိသော စာပိုဒ်အမှတ် (၆) သည် ဒေါ်အောင်ဆန်းစုကြည်ကိုမှတည်၍ ဖြစ်နိုင်ခြေရှိသော နိုင်ငံရေး Status quo ၌ ထွက်ပေါက်အခြေဖြတ်စရာမရှိနေကြောင်း ညွှန်ပြနေခြင်းဖြစ်သည်ဟု ယူဆသောကြောင့် ယခုဆောင်းပါးကို ရေးသားဖော်ပြရခြင်းဖြစ်ပါသည်။

ပြစ်ဒဏ်ကျခံရမည့်အချိန်ကာလထက် မကျော်လွန်သောအချိန်ကာလအတွင်း၌ပင် လွတ်ငြိမ်းချမ်းသာခွင့်ပြုနိုင်ခြေရှိကြော ... အမိန့်စာတွင် ထည့်သွင်းဖော်ပြထားခြင်းသည် ထူးခြားပါသည်။ သာမန်အားဖြင့် ဤစာပိုဒ်အမှတ် (၆) သည် မပါလျှင်လည်းဖြစ်နေသည့်သဘောရှိသောကြောင့် ကျယ်ပြန့်သောအဓိပ္ပာယ်ကိုဆောင်သည် ဟု ကောက်ယူရမည်ဖြစ်ပေသည်။

အမှန်အားဖြင့် အဆိုပါစာပိုဒ်အမှတ်(၆)ပါ စည်းကမ်းချက်များနှင့်အညီ ကောင်းမွန်စွာနေထိုင်ခြင်းဆိုသည့်စကားရပ်မှာများစွာ ကျယ်ပြန့်သောအဓိပ္ပာယ်များ ပါဝင်နေသည်ဖြစ်ရာ တပ်မတော်ခေါင်းဆောင်များ၏လိုလားချက်များကို အဓိပ္ပာယ်ကောက်ယူနိုင်ရန်လိုအပ်လာပါသည်။ ဆိုလိုသည်မှာ မည်သည့်အခြေအနေမျိုးဖြစ်ခဲ့လျှင် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးနိုင်သည်ဟု သိရှိရန်လိုအပ်လာပါသည်။ အမှန်အားဖြင့် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးကို အစိုးရ၏ထုတ်ပြန်ကြေညာချက် စာပိုဒ်အမှတ် (၆) နှင့် ယှက်စပ်ပြောကြားရခြင်းမှာ အကြောင်းရှိပါသည်။

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် သူမ၏လွတ်မြောက်ရေးမှာ ပုဂ္ဂိုလ်ရေးကိစ္စဖြစ်၍ ရှေ့တန်းမတင်သင့်ဟု ယူဆကောင်းယူဆနိုင်သော်လည်း အမှန်အားဖြင့် ဤကိစ္စသည် မြန်မာနိုင်ငံသား သန်း ၅၀ နိုင်ငံရေး Status quo မှ လွတ်မြောက်ရေးနှင့် ဆက်စပ်နေသောကြောင့် လူတစ်ဦးတစ်ယောက်၏ အရေးထက် ပိုပါသည်။ မြန်မာနိုင်ငံ၏ မိတ်ဆွေ၊ အိမ်နီးချင်းအာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာကလည်းကောင်း၊ မြန်မာပြည်သူအများစုကလည်းကောင်း နိုင်ငံရေးရေချိန်ကို အဆိုပါပေတံနှင့် တိုင်းမိလျက်သားဖြစ်နေသည်မှာ နှစ်ပေါင်း ၂၀ ခန့်ရှိနေပြီဖြစ်ရာ ထိုပေတံကို လက်တွေ့ကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ လက်ခံရတော့မည်ဖြစ်ပေသည်။ အထူးသဖြင့် မြန်မာနိုင်ငံသား သန်း ၅၀၊ အထူးသဖြင့် လူလတ်တန်းစားနှင့် အခြေခံလူတန်းစားများ၏ စီးပွားရေးဘဝကို မြှောင်မတ်ပေးရန်အလို့ငှာ နိုင် ... ကာအကူအညီများရရှိရေး၊ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများနှင့် ပုံမှန်ဆက်ဆံရေးများ

ပြန်လည်ထူထောင်ရေး၊ ပိတ်ဆို့အရေးယူမှုများရပ်ဆိုင်းရေးသည် နိုင်ငံရေး Status quo ရပ်ဆိုင်းရေးပင်ဖြစ်ပြီး အထက်တွင်ပြောခဲ့သည့်ပေတံသည် စံနှုန်းသဖွယ်ဖြစ်နေသောကြောင့် အမိန့်ကြော်ငြာစာပါ စာပိုဒ်အမှတ် (၆) သည် အရေးကြီးသောစာပိုဒ်တစ်ခုဖြစ်နေပါသည်။ တစ်နည်းအားဖြင့် အဆိုပါစာပိုဒ်အမှတ် (၆) ၏ အနက်အဓိပ္ပာယ်၊ တစ်နည်းအားဖြင့် တပ်မတော်၏ လိုလားချက်များကို အဓိပ္ပာယ်ဖော်နိုင်ရေးသည် များစွာအရေးကြီးပါသည်။

တပ်မတော်၏လိုလားချက်များကို စာရေးသူနားလည်သလို ဘာသာပြန်ကြည့်ရပါလျှင် Guardian အဖြစ်ခံယူထားသူ တပ်မတော်၏ Rule of the game အတိုင်း လိုက်ပါကစားရန်သဘောတူ မတူကိစ္စမှာ ကနဦးဆုံးဖြတ်ရမည့်အချက်တစ်ချက်ဖြစ်ပေသည်။ နောက်ထပ်စာရေးသူ ဘာသာပြန်ဆိုရရှိသည့်အချက်မှာ တပ်မတော်၏ Rule of the game အတိုင်း လိုက်ပါကစားရန် သဘောတူရုံသက်သက်ဖြင့် နိုင်ငံရေး Status quo မှာ ရပ်ဆိုင်းသွားလိမ့်မည်မဟုတ်ဟူသောအချက်ဖြစ်သည်။ တစ်နည်းအားဖြင့်ပြောရလျှင် ရွေးကောက်ပွဲတွင် သူနိုင်ကိုယ်နိုင်ကြိုးကြလျှင် ဖြစ်နိုင်ခြေရှိသောပွတ်တိုက်မှုများရှိနေသောကြောင့်ဖြစ်သည်။ တပ်မတော်အနေနှင့် ဒေါ်အောင်ဆန်းစုကြည်သည် လမ်းညွှန်မြေပုံဇာတ်ကြောင်းအတွက် အနှောင့်အယှက်မဟုတ်ရုံမျှမက နိုင်ငံတည်ဆောက်ရေးအတွက် အပြန်အလှန်လိုအပ်ချက်ရှိသည့် မဟာဗျူဟာမိတ်ဖက်ဖြစ်သည်၊ အသားကို ဖြတ်လမ်းကရယူလိုသူမဟုတ်ဟု တုံးတုံးချ ယုံကြည်သွားနိုင်စေရန် တစ်ခုတည်းသောနည်းလမ်းဟု စာရေးသူထင်မိသည်မှာ 'စနစ်ပြောင်း–အုပ်ချုပ်သူပြောင်း' ကိစ္စကို သဘောထားကြီးကြီးဖြင့် သဘောတူနိုင်ရေးပင်ဖြစ်ပါသည်။ ထိုသို့ သဘောတူခြင်းသည် အစိုးရ၏ ကြော်ငြာချက်ဖြစ်သည့် စာပိုဒ်အမှတ် (၆) ပါ ဖြစ်နိုင်ခြေများကို မှုချအသက်ဝင်စေလိမ့်မည်ဟု ယုံကြည်ပါသည်။

Negotiation သီအိုရီများတွင်ဖွင့်ဆိုသကဲ့သို့ Issue တစ်ခုကိုသာ ဇယ်ပြုစည်းစားလျှင် တစ်ဦး၏ Gain ခေါ် အကျိုးကျေးဇူးရရှိမှုသည် အခြားတစ်ဦး၏ဆုံးရှုံးမှုဖြစ်သော်လည်း Multiple Issues ခေါ် အကြောင်းမျိုးစုံကို စဉ်းစားလျှင် ဆုံးရှုံးမှုအချို့ရှိသည့်တိုင် အချို့ဆနွှပြည့်နိုင်သည်ကို တွေ့ရပါလိမ့်မည်။ အထူးသဖြင့် နိုင်ငံရေးပြေလည်မှုကြောင့် နိုင်ငံသား သန်းငါးဆယ်နှင့် ထိုသူများ၏နောက်မျိုးဆက်များတိုင် ဆက်လက်ခံစားရရှိမည့် Gain ကောင်းကျိုးမှာ များစွာမြင့်သာပါသည်။

အမှန်အားဖြင့် စာရေးသူသည် မြန်မာနိုင်ငံ၏နိုင်ငံရေး Status quo တွင်

အခြေရှိသည်ဟု အစဉ်တစိုက်ယုံကြည်ခဲ့သူဖြစ်ပါသည်။ ထိုသို့ယုံကြည်သည့်အား လျော်စွာလည်း ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ရွေးကောက်ပွဲတွင် မဲဆန္ဒနယ် စုစုပေါင်း၏ ၅၀ အောက်သာဝင်ပြိုင် ပါမည်ဟုအဆိုပြုခြင်းဖြင့် အားလုံး Win-Win ဖြစ်နိုင်သည့် Happy Ending ရနိုင်ကြောင်း အစဉ်တစိုက်ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။ ထိုအယူအဆကို မြန်မာနိုင်ငံအတွင်း တရားဝင်ထုတ်ဝေခွင့်ရသည့် မီဒီယာပေါ်တွင် မကြာသေးမီကာလများမှစ၍ ရေးသားပြောဆိုခွင့် ရလာခဲ့သည်ကို စာဖတ်သူများလည်း သတိထားမိလိမ့်မည်ဟု ထင်ပါသည်။ ၂၀၀၉ ခုနှစ် ဧပြီလထုတ် The Voice Weekly အတွဲ ၅–အမှတ် ၂၄ တွင် Street-smart Book-smart ဆွေးနွေး ခန်းအသွင်ဖြင့် ဖော်ပြခဲ့သည့်ဆောင်းပါးတွင် စာရေးသူအောက်ပါအတိုင်း ရေးသား ခဲ့ဖူးပါသည်။

"***SS:*** ***ဒီတော့ရွေးကောက်ပွဲကို အရှုံးပေးလိုက်ပါလို့ ခင်ဗျားဆိုလို ချင်တာလား။***

***BS:*** *ဒီကိစ္စကို ရှုံးတယ်နိုင်တယ် စဉ်းစားရမယ့်ပွဲအဖြစ် မစဉ်းစားဘဲ တပ်မတော်နဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းအကြား Trust တည်ဆောက်တဲ့ပွဲလို့ စဉ်းစားရင် အဓိပ္ပာယ် တစ်မျိုးထွက်ပါတယ်။ အနည်းဆုံးတော့ဗျာ Artificial Trust တစ်ခုတော့ ဆောက် နိုင်ဖို့လိုပါတယ်။*

***SS:*** ***ခင်ဗျားပြောသလိုတစ်ဝက်အောက်သာဝင်ပြိုင် အရှုံးပေးပြီး Artificial Trust ဆောက်လိုက်ရင် ဘာကောင်းကျိုးရမှာမို့လို့လဲဗျ။***

***BS:*** *အနည်းဆုံးတော့ဗျာ တပ်မတော်အနေနဲ့ အဲဒီလိုသဘောထားကြီးသူကို သဘော ထားကြီးကြီးနဲ့ တုံ့ပြန်မှာပေါ့ဗျာ။ ကျွန်တော်တို့ အနေနဲ့အားကောင်းတဲ့ Opposition ရမယ်။ စနစ်ကျနတဲ့ Check and Balance Political Process ကို စတင်နိုင်မယ်။ နိုင်ငံရေးအကျဉ်းသားအားလုံးလည်း လွတ်မြောက်လာပြီး သားရွှေအိုးထမ်းလာ တဲ့ကိန်း ဆိုက်နိုင်ပါတယ်ဗျာ။*

***SS:*** ***အဲဒီလိုဖြစ်လိမ့်မယ်လို့ ခင်ဗျားအာမခံနိုင်လို့လားဗျာ။***

***BS:*** *ခင်ဗျားကလည်းဗျာ သေချာမှလုပ်မယ်ဆိုရင် ဒီနေ့လေယာဉ်ပျံဆိုတာ မိုးပေါ်ပျံ နေမှာမဟုတ်ဘူးဗျ။*"

အဆိုပါဆောင်းပါးပါအပြီးတွင် မိတ်ဆွေတော်တော်များများက စာရေးသူကို မေးခဲ့ကြသည့်မေးခွန်းမှာ အဲဒီလိုအလျှော့ပေးလိုက်လျှင် ခင်ဗျားရေးထားသလို လွှတ်ပေးလိမ့်မယ်လို့ထင်သလားဟူသော မေးခွန်းဖြစ်ပါသည်။ အချို့ကလည်း ရွေး ကောက်ပွဲဝင်သည်ဆိုခြင်းမှာ အနိုင်ရလို၍ဝင်ခြင်းဖြစ်ရာ အရှုံးပေးရလျှင် ဘာထူး

သနည်းဟု မေးခဲ့ကြသည်။ ရွေးကောက်ပွဲ၌ တစ်ဝက်အောက်ဝင်ပြိုင်မည်ဟု ထုတ်ပြန်ကြေညာခဲ့လျှင် စာရေးသူမျှော်မှန်းသလိုလွှတ်ပေးလိမ့်မည်ထင် သလားဆိုသော မေးခွန်းကို စာရေးသူမဖြေနိုင်ခဲ့ပါ။ စာရေးသူသည် အခြေအနေကို သုံးသပ်ဘာသာ ပြန်ကြည့်ခြင်းသာဖြစ်ကြောင်း၊ အာဏာပိုင်မဟုတ်သည့်အားလျော်စွာ ကံသေကံမ မပြောတတ်ကြောင်းသာ ဖြေဆိုခဲ့ရပါသည်။ ယခုအစိုးရ၏ ထုတ်ပြန်ကြော်ငြာချက် စာပိုဒ်အမှတ် (၆) သည် ထိုစဉ်က စာရေးသူမဖြေနိုင်ခဲ့သောမေးခွန်း၏ အဖြေကို ပေးနေခြင်းဖြစ်၍ စာရေးသူများစွာ ရင်ခုန်မိပါသည်။

လာမည့်ရွေးကောက်ပွဲတွင် ဖြစ်နိုင်ခြေအားလုံးကို တစ်ခုမကျန်ရေးချလျှင် အောက်ပါ Scenario များရရှိပါလိမ့်မည်။ Scenario တစ်ခုချင်းကို အဆိုပါ Scenario ဖြစ်ခဲ့လျှင် ဘာဆက်ဖြစ်မည်ဟု စဉ်းစားကြည့်နိုင်လျှင် Scenario တစ်ခုချင်း၏ အကျိုးဆက်များ မြင်တွေ့ရပါလိမ့်မည်။ ယေဘုယျအားဖြင့် ဖြစ်နိုင်ခြေအရပ်ရပ် (၄) မျိုးရှိသည်ဟု ဆိုရန်ရှိပြီး မဟာဗျူဟာမြောက်စဉ်းစားလျှင် (၅)မျိုး ရှိသည်ကို တွေ့နိုင်ပါသည်။ ပေါ်အောင်ဆန်းစုကြည်အနေဖြင့် နည်းလမ်းအမှတ် (၅) ကို ရွေးချယ်ခဲ့လျှင် ကြော်ငြာချက်ပါစာပိုဒ် အမှတ် (၆) ဖြစ်နိုင်ခြေရှိသွားပြီဟု ဆိုရပါမည်။ ကျန်နည်းလမ်း အမှတ် (၁)၊ (၂)၊ (၃)၊ (၄) အားလုံးမှာ Status quo ဆီ ပြန်သွားသော နည်းလမ်းများဖြစ်ပါသည်။

(ဇယားကို နောက်ဘက်တွင်ကြည့်ပါ)

စာဖတ်သူတစ်ဦးက မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာ၏ စကားတစ်ခွန်းကိုကိုးကား၍ အာဏာရမှသာလျှင် တိုင်းပြည်အတွက် လုပ်နိုင်မည်၊ အရှုံးပေးလိုက်လျှင်လုပ်နိုင်မည်မဟုတ်ဟု ပေးစာတစ်စောင်ရေးပို့ပါသည်။ တစ်ပါတီအာဏာရှင်စနစ်တွင် အဆိုပါစာဖတ်သူ၏ဆွေးနွေးချက်မှန်သော်လည်း Check and Balance သို့မဟုတ် Political Process ရှိသွားသောနိုင်ငံများတွင် အတိုက်အခံအဖြစ် လုပ်နိုင်သော နိုင်ငံရေးတစ်မျိုးရှိပါသည်။ အမှန်အားဖြင့် အတိုက်အခံ ဆိုသောစကားလုံးသည် ရင့်သီးသောကြောင့် စာရေးသူမသုံးလိုပါ။ အများယဉ်ပါးပြီးဖြစ်သော အဆိုပါ အတိုက်အခံ နိုင်ငံရေးကို နိုင်ငံကြီးအချို့တွင် Shadow Government ဟု ခေါ်ပါသည်။ အရေအတွက်ရော၊ အရည်အချင်းပါ Strong ဖြစ်သည့် အတိုက်အခံပါတီ ရှိခဲ့လျှင် အမှန်တကယ်ပင် Shadow Government ဖြစ်နိုင်ပါသည်။ မြန်မာနိုင်ငံတွင် ပထမငါးနှစ် သက်တမ်းအတွက် အကောင်းဆုံး ဖြစ်နိုင်ခြေမှာ အဆိုပါအခြေ

အနေမျိုးဖြစ်သည်ဟု ယူဆမိသောကြောင့် Stakeholder အားလုံး ကျေနပ်သင့်သည့် အခြေအဖြစ် အသွင်ကူးပြောင်းရေး တစ်နည်းအားဖြင့် စနစ်ပြောင်းလဲရေး ချောမွေ့ရေးကို ဦးတည်ပြောခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေး Status quo ကို ရပ်ဆိုင်းနိုင်ခြင်းသည် မြန်မာနိုင်ငံ သားမျိုးဆက်များစွာတို့အတွက် Generational Gain ဖြစ်ပါသည်။ နှစ်ဖက် ပြေလည်ခြင်းကို ရရှိသည့်အခိုက်အတန့်တွင် ဤမျှကြည်နူးစရာကောင်းသော အခြေအနေကို အဘယ်ကြောင့် အရင်က မတွေးမိခဲ့ရပါသနည်းဟု စဉ်းစားမျက်ရည်ကျကြရပါလိမ့်မည်။

■

**The Voice Weekly Vol 5-No.41**

| စဉ် | Scenario | အကျိုးဆက် |
|---|---|---|
| ၁ | [illegible] | ([illegible]) |
| ၂ | [illegible] | ([illegible]) |
| ၃ | [illegible] | ([illegible]) |
| ၄ | [illegible] | ([illegible]) |
| ၅ | [illegible] | [illegible] |



# အပြုသဘောဆောင်ခြင်းဖြင့်သာ အပေါင်းလက္ခဏာရလဒ်ကို ရနိုင်သည်

လွန်ခဲ့သော ဩဂုတ်လ လလယ်ပိုင်းက မြန်မာနိုင်ငံသို့လာရောက်ခဲ့သော အမေရိကန်အထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဆပ်ကော်မတီဥက္ကဋ္ဌ အထက်လွှတ်တော်အမတ် Jim Webb ၏ ခရီးစဉ်တွင် နှစ်နိုင်ငံဆက်ဆံရေး ရလဒ်ကောင်းများပေါ်ထွက်လာခဲ့သည်ကို တွေ့ရပါသည်။ ထိုခရီးစဉ်အတွင်း ဆီးနိတ်လွှတ်တော်အမတ် Jim Webb အနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တွေ့ဆုံခွင့်ရခဲ့ရုံမှမက ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံခွင့်ရရှိခဲ့ပြီး ၎င်းတို့၏နိုင်ငံသား အမေရိကန်ရေကူးသမားကိုလည်း လွှတ်ငြိမ်းချမ်းသာခွင့်ဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။ ပို၍ထူးခြားသည်မှာ အဆိုပါ အမေရိကန်ရေကူးသမားကို ၎င်း၏လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်သွားခွင့်ပါရရှိခဲ့ခြင်းဖြစ်သည်။ ဤခရီးစဉ်၏ရလဒ်များသည် အနာဂတ်နှစ်နိုင်ငံဆက်ဆံရေး တိုးတက်မှုကို များစွာအထောက်အကူဖြစ်စေလိမ့်မည်ဟု အဆိုပါ ဆီးနိတ်တာက ပြောကြားခဲ့ပါသည်။

ယခုခရီးစဉ်တွင် နှစ်ဖက်ရလဒ်ကောင်းများ ရရှိခဲ့ခြင်းနှင့် ပတ်သက်၍ အကြောင်းပေါင်းစုံရှိနေခဲ့သော်လည်း အဓိကကျသည်ဟု စာရေးသူထင်မြင်မိသော

အချက်တစ်ချက်ကို ယခုဆောင်းပါးတွင် [illegible]ဖော်ပြလိုခြင်းဖြစ်ပါသည်။ အဆိုပါ အချက်မှာ ဆီနိတ်တာ Webb ၏ အပြုသဘောဆောင်သော စိတ်ဓာတ်နှင့် သဘောထားဖြစ်ပါသည်။

အမှန်အားဖြင့် ဆီနိတ်တာ Webb ၏ ခရီးစဉ်သည် အမေရိကန် ရေကူးသမားကို လာရောက်ကယ်တင်ရန်လာခြင်းမဟုတ်ပါ။ ဆီနိတ်တာသည် မြန်မာနိုင်ငံသို့လာရောက်ရန် ယခုနှစ် မေလဆန်းပိုင်းကပင် စတင်စီစဉ်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါဆီနိတ်တာသည် ပွင့်ပွင့်လင်းလင်းပြောဆိုတတ်သူတစ်ဦးဖြစ်သောကြောင့် မြန်မာနိုင်ငံနှင့် တက်ကြွသော သံတမန်ဆက်ဆံရေးထူထောင်ရေး၊ ပိတ်ဆို့အရေးယူမှုများကို တဖြည်းဖြည်းရုပ်သိမ်းသွားရေးများကို မြန်မာနိုင်ငံသို့ မလာရောက်မီကပင် ပြောဆိုနေခဲ့သူတစ်ဦးဖြစ်ပါသည်။

၂၀၀၉ ဧပြီလ ၃ ရက်နေ့က Council on Foreign Relations တွင် ၎င်း၏ သုံးသပ်ချက်များကို အောက်ပါအတိုင်း ပွင့်ပွင့်လင်းလင်း ပြောကြားခဲ့ရာ မီဒီယာများက အထူးအဆန်းသဖွယ် သတင်းဖော်ပြခဲ့သည်ကို တွေ့ခဲ့ရပါသည်။

"ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံနဲ့ တက်ကြွတဲ့ သံတမန်ဆက်ဆံ ရေးထူထောင်ခြင်းဖြင့်သာ နိုင်ငံတကာစံနှုန်းများကို လေးစားလိုက်နာလာမယ်လို့ ယုံတာပါ။ အမေရိကန်တို့အနေဖြင့် ၁၉၇၁ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရင်းနှီးသော ဆက်ဆံရေးများ ထူထောင်စဉ်က လူ့အခွင့်အရေးအကြောင်း မပြောခဲ့ကြပါ။ ၁၉၉၁ ခုနှစ်တွင် ဗီယက်နမ်နှင့်ရင်းနှီးသော ဆက်ဆံရေးထူထောင်ရန် ၎င်း ကိုယ်တိုင်သွားရောက်ခဲ့စဉ်က ဗီယက်နမ်နိုင်ငံအခြေအနေထက် မြန်မာနိုင်ငံ၏ လက်ရှိအခြေ အနေကများစွာ သာလွန်ကောင်းမွန်နေပါတယ်။ အဓိကအချက်မှာ မည်သို့အပြုသဘောဆောင်မည်နည်းဆိုသော အချက်ဖြစ်ပါတယ်။ ဒါပေမဲ့ လက်ရှိနည်းလမ်းက ကျွန်တော်တို့ လိုလားတဲ့ ရလဒ်မရနိုင်ဘူးဆိုတာ သေချာပါတယ်" ဟု ပြောကြားခဲ့ပါသည်။ အဆိုပါဆီးနိုက်လွှတ်တော်အမတ် Jim Webb ကို The Council on Foreign Relations မှ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများကို [illegible] သော မေးခွန်းကို မေးမြန်းခဲ့ရာတွင် မြန်မာနိုင်ငံ[illegible]ဆက်သွယ်၍ အဆင့်ဆင့်ယုံကြည်မှု[illegible] ပိတ်ဆို့မှုများကို ရုပ်ဆိုင်းသင့်ကြောင်း ပြောဆိုခဲ့ပါသည်။

ဤနေရာတွင် အဓိကဖော်ပြလိုသည်မှာ ဆီနိတ်တာ [illegible] ၏ ခရီးစဉ် ထင်မှတ်

ထားသည်ထက် အောင်မြင်ခဲ့ခြင်းမှာ ၎င်း၏ အပြုသဘောဆောင်သည့် သဘောထားကြောင့်ဖြစ်သည်ဆိုသော အချက်ဖြစ်ပါသည်။ ကံ၊ကံ၏ အကျိုးကိုယုံကြည်သော ဗုဒ္ဓဘာသာ ရှုထောင့်မှကြည့်လျှင် ဤကိစ္စသည်များစွာရိုးစင်းရှင်းလင်းပါသည်။ စေတနာမှန်လျှင် ကံဖြစ်သည်ဆိုသောစကားကို သက်သေပြနေခြင်းလည်းဖြစ် ပါသည်။

အထူးသဖြင့် စာရေးသူတို့သည် ဗုဒ္ဓဘာသာကို အမှန်တကယ် ယုံကြည်သက်ဝင်သော Practising Buddhist ဖြစ်ခဲ့လျှင် တစ်ဖက်မှ အပေါင်းလက္ခဏာဆောင်သော တုံ့ပြန်မှုရရှိရန်အတွက် မိမိဘက်က ပေးသွင်းရမည့်အရာမှာ အပြုသဘောဆောင်သော၊ အပေါင်းလက္ခဏာဆောင်သော သဘောထား၊ ရုပ်တည်ချက်၊ မူဝါဒသာလျှင် ဖြစ်ရပါလိမ့်မည်။ အနုတ်လက္ခဏာပေးသွင်းခြင်းသည် အနုတ်လက္ခဏာဆောင်သော တုံ့ပြန်မှုကိုရရှိစေမည်မှာ ယုံမှားသံသယရှိစရာမလိုပေ။ အခြားအခြားသော အကြောင်းအကျိုးများ တိုက်ဆိုင်သည့်အခိုက်အတန့်တွင် အနုတ်လက္ခဏာပေးသွင်းပြီး အပေါင်းလက္ခဏာရလဒ်များရကောင်းရတတ်နိုင်သော်လည်း ရေရှည်သဘောဆောင်လိမ့်မည်မဟုတ်ပေ။

မည်သို့ပင်ဖြစ်စေ အနုတ်လက္ခဏာပေးသွင်းမှုသည် တစ်ဖက်လူတွင် မည်သို့ရှိမည် မသိရသော်လည်း ပေးသွင်းသူ ကာယကံရှင်ကိုယ်တိုင် မအေးချမ်းနိုင်သည်မှာ များစွာသေချာပါသည်။ ထို့ကြောင့် အနုတ်လက္ခဏာဆောင်သော သဘောထားသည် တစ်ဖက်သားကိုသာမက မိမိကိုယ်တိုင်ကိုပါ မှုလောင်စေကြောင်း စိတ် Quality ကို ထိကိုင်ကြည့်တတ်လျှင် အထင်အရှားတွေ့ရပေလိမ့်မည်။

ဤသို့သော ကုသိုလ်စိတ်၊ အကုသိုလ်စိတ်များ၏ အာနိသင်၊ ကံကံ၏အကျိုးတို့ကို ယဉ်ပါးသော မြန်မာလူမျိုးတို့တွင် ဤအလေ့အထကို လက်တွေ့ကျင့်သုံးမှု အားနည်းရခြင်းသည် ပညတ်ခေါ်စကားလုံးများ၊ အကြောင်းအရာများတွင် ပိတ်မိနေကြပြီး ပရမတ်သဘောကို အာရုံမပြုနိုင်ခြင်းကြောင့်ဖြစ်သည်ဟု ဆရာတော်ကြီးတစ်ပါးက စာရေးသူကိုမြွက်ဖူးပါသည်။

"ကျောင်းမှာနေတဲ့ခွေးကလေးကို ရေနဲ့ပက်ပြီး 'စ'မယ်လို့တွေးမိလိုက်တာ၊ အဲဒီစိတ်ကို တည့်တည့်ကြည့်လိုက်တော့မှ 'ပူ'နေတာကို သွားတွေ့လိုက်တာကြောင့် မလုပ်ဖြစ်တော့ဘူး" ဟု ဆရာတော်ကြီးတစ်ပါးက စာရေးသူကို စိတ္တာနုပဿနာ သင်ပေးရင်း ပြောပြဖူးပါသည်။ ကုသိုလ်စိတ်ဖြစ်စေ၊ အကုသိုလ်စိတ်ဖြစ်စေ ထိုစိတ်ဖြစ်နေချိန်တွင် စိတ်၏ Quality ကို အာရုံစိုက်နိုင်လျှင် ပူခြင်း၊ အေးခြင်းများစွာ ထင်ရှား

ပါသည်။ အဓိကအချက်မှာ ပညာတ်များ[illegible]သည့် ရုပ်ပုံလွှာများ၊ လူများ၊ အကြောင်းအရာများကို ဖွင်းဖောက်၍ စိတ် Quality သက်သက်ကို ထိကိုင်ကြည့်နိုင်ရေး ဝင်ဖြစ်ပေသည်။


အမှန်အားဖြင့် အရှို့သောအနုတ်လက္ခဏာဆောင်သည့် စိတ်ထား၊ သဘောထားသည် စိတ်သဏ္ဍာန်တွင် (မိမိကိုယ်မိမိ Admit မလုပ်မချင်း) ကာလရှည်ကြာစွာ တည်ရှိနေကတ်သည်ဖြစ်ရာ တကူးတကရှာဖွေရန်လိုအပ်လှသည်မဟုတ်ပါ။ ပညာတ်ခေါ် အကြောင်းအရာများကို ကျော်လွှန်၍ ပရမတ်ခေါ် စိတ် Quality တိုင်သွားနိုင်ခဲ့လျှင် မိမိကိုယ်တိုင်ကို မည်မျှထိခိုက်နစ်နာစေကြောင်း အမှုဒဏ်ခံစားရခြင်းဖြင့် သိသာစေပါသည်။

ဆီနီတ်တာ Webb သည် မြန်မာနိုင်ငံနှင့်ပတ်သက်၍ အပြုသဘောဆောင်ကြောင်းပြသသည့်အနေဖြင့် Burma ဟု မခေါ်ဘဲ Myanmar ဟုခေါ်ဝေါ်သုံးနှုန်းခဲ့ပါသည်။ စာရေးသူတို့အားလုံး အမျိုးသားစည်းလုံး ညီညွတ်ရေးကို အမှန်တကယ်လိုလားပါလျှင် Burma အစား မြန်မာဟုလည်းကောင်း၊ စစ်တပ်အစား တပ်မတော်ဟုလည်းကောင်း ခေါ်ဝေါ်သုံးနှုန်းခြင်းဖြင့် အနုတ်လက္ခဏာဆောင်သော စိတ်ထားမရှိကြောင်း ပြသရန်လိုအပ်ပါသည်။

အနုတ်လက္ခဏာပေးခြင်းသည် အနုတ်လက္ခဏာသာပြန်ရပြီး မေတ္တာပေးခြင်းသည် မေတ္တာကိုသာပြန်ရစေသည်ကို ယုံကြည်ခဲ့ပါလျှင် စာရေးသူတို့အနေဖြင့် 'သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ' ဟု သဘောထားရေးမလိုတော့ပေ။ သင်ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ကျွန်ုပ်ဘက်က အမြဲကောင်းမည်ဟု သဘောထားနိုင်ရန်စက်ခဲသည့်တိုင် သိသူများဖော်စားနိုင်ပါရန် တိုက်တွန်းလိုခြင်းဖြစ်ပါ သည်။

■

The Voice Weekly Vol 5-No.42



## နိုင်ငံတကာဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများလေ့လာချက်

ကမ္ဘာပေါ်တွင် ၁၉၅၀ ပြည့်နှစ်မှစ၍ ဒီမိုကရေစီနိုင်ငံအဖြစ် မယိုင်မလဲ ရပ်တည်နေခဲ့သောနိုင်ငံပေါင်း ၂၂ နိုင်ငံရှိသည်ဟု ပညာရှင်များ၏ သုတေသနပြုထားချက်အရသိရသည်။ ထိုနိုင်ငံများ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများကိုကြည့်လျှင်လည်း ကွာခြားချက်အမျိုးမျိုးကိုတွေ့နိုင်ပါသည်။ ထိုနိုင်ငံများ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများကြား ကွာခြားချက်များသည် ထိုနိုင်ငံများ၏ သက်တမ်းရှည်ဒီမိုကရေစီစနစ်အတွက် အရေးပါသလားဆိုသောမေးခွန်းကို စာရေးသူကျောင်းတက်စဉ် ပါမောက္ခတစ်ဦးက ဤသို့အဖြေပေးခဲ့ပါသည်။ "Yes, No and Maybe"

အဆိုပါနိုင်ငံပေါင်း ၂၂ နိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေများ၏ Constitutional arrangements ကို လေ့လာကြည့်သောအခါ အောက်ပါအတိုင်းတွေ့ရသည်။ တစ်နည်းအားဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများ၏ အနှစ်သာရကို အချက် ၁၀ ချက်ဖြင့် လေ့လာခြင်းဖြစ်သည်။

(၁) **Written or unwritten**

နိုင်ငံအသီးသီးတွင် စနစ်တကျရေးသားပြဋ္ဌာန်းစုစည်းထားသော အခြေခံဥပဒေများရှိနေသည်ဟု ယေဘုယျအားဖြင့် ပြောကြားနိုင်သော်လည်း ဗြိတိန်၊ နယူးဇီလန်နှင့် အစ္စရေးနိုင်ငံများတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအဖြစ် တစ်စုတစ်စည်းတည်း ရေးသားပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်ရပ်ရှိမနေသည်ကိုတွေ့ရသည်။ သို့သော် ထိုနိုင်ငံများတွင် ခိုင်မာသောဥပဒေများနှင့် အဖွဲ့အစည်းများ (Institutions) ရှိနေရာ အခြေခံဥပဒေတစ်ရပ်အဖြစ် သီးခြားရှိမနေသည့်တိုင် အလုပ်ဖြစ်နေသည်ကို တွေ့ရသည်။

(၂) Bill of Rights

နိုင်ငံသားတို့၏ အခွင့်အရေး၊ တာဝန်များနှင့် စပ်လျဉ်း၍ အသေးစိတ်ဖေါ်ထွန်းလာသော အခြေခံဥပဒေတိုင်းတွင် အင်္ဂါရပ်တစ်ခုအနေဖြင့် မဖြစ်မနေပါရှိနေလေ့ရှိပါ သည်။ သို့သော် အခြေခံဥပဒေအဖြစ် ရေးသားပြဋ္ဌာန်းထားခြင်းမရှိသော နိုင်ငံများတွင် ဤအချက်ကိုလည်း တွေ့ရမည်မဟုတ်ပါ။ ဥပမာအားဖြင့် ဗြိတိန်နိုင်ငံတွင် Bill of Rights ခေါ် နိုင်ငံသားတို့၏တာဝန်နှင့် အခွင့်အရေးကို ရေးသားထားခြင်းမရှိ သည်ကို တွေ့ရမည်ဖြစ်သည်။ သို့သော် ဤသဘောတရားကို အခြားနည်းလမ်း များဖြင့် ထွန်းအားပေးထားသည်ကို တွေ့ရသည်။

(၃) Social and Economic Rights

၁၇၈၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအပါအဝင် အစောပိုင်းပြဋ္ဌာန်းခဲ့သော အခြေခံဥပဒေများတွင် လူမှုရေး၊ စီးပွားရေးဆိုင်ရာ အခွင့်အရေးများ မပါဝင်သလောက်ဖြစ်သည်ကိုတွေ့ရသည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပြဋ္ဌာန်းသော အခြေခံဥပဒေများတွင် ဤအခွင့်အရေးပါဝင်လာသည်ကို တွေ့ရသည့်တိုင် အင်္ဂါရပ်တစ်ခုထက်မပိုသည်ကို တွေ့ရသည်။

(၄) Federal or Unitary

ဖက်ဒရယ်စနစ်တွင် ဗဟိုအစိုးရက ပြည်နယ်အစိုးရများကို ပေးအပ်သော အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုအာဏာများ သတ်မှတ်ပြဋ္ဌာန်းထားရှိသော်လည်း Unitary စနစ်တွင်မူ မည်မျှလွှဲအပ်သည်ဆိုသောအချက်ကို အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိ၍ သက်ဆိုင်ရာ ဗဟိုအစိုးရ၏ သဘောမျှသာဖြစ်သည်။ ၁၉၅၀ နောက်ပိုင်း ဒီမိုကရေစီနိုင်ငံ ၂၂ နိုင်ငံတွင် ခြောက်နိုင်ငံသည် ဖက်ဒရယ်သဘောဆောင်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတည်ရှိသည်ကိုတွေ့ရသည်။ ဩစတြေးလျ၊ ဩတြီးယား၊ ကနေဒါ၊ ဂျာမနီ၊ ဆွစ်ဇာလန်နှင့် အမေရိကန်ပြည်ထောင်စုတို့မှာ ဖက်ဒရယ်ပြည်ထောင်စုများဖြစ်ပြီး အဓိကအားဖြင့် သမိုင်းကြောင်းအရ ဤသို့ခွဲဝေပြဋ္ဌာန်းထားရခြင်းဖြစ်သည်ကို တွေ့နိုင်သည်။

(၅) Unicameral or Bicameral

လွှတ်တော်နှစ်ရပ်ထားရှိသည့် သဘောတရားမှာ နိုင်ငံအသီးသီးတွင်ခေတ်စားသော်လည်း အစ္စရေးနိုင်ငံတွင် မည်သည့်အခါကမျှ အထက်လွှတ်တော်မရှိခဲ့သည်ကို တွေ့ရသည်။ ဖင်လန်နှင့်နယူးဇီလန်နိုင်ငံများတွင် အထက်လွှတ်တော်များရှိခဲ့ဖူးသော်

လည်း နောက်ပိုင်းတွင် ဖျက်သိမ်းခဲ့ကြသည်ကို တွေ့ရသည်။ ဖက်ဒရယ်စနစ်ကျင့်သုံးသော နိုင်ငံအားလုံးတွင် အထက်လွှတ်တော်အမြဲတည်ရှိသည်ကို တွေ့ရသည်။

**(၆) Judicial Review**

ဥပဒေများသည် အခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ၊ မရှိ တရားရုံးချုပ် သို့မဟုတ် တရားလွှတ်တော်ချုပ် သို့မဟုတ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံတရားရုံးဖြင့် စောင့်ကြည့်သည့်စနစ်ကို ဖက်ဒရယ်၊ နစ်ကျင့်သုံးသည့် နိုင်ငံအားလုံးတွင် လိုအပ်သည်ကိုတွေ့ရသည်။ အထူးသဖြင့် ပြည်နယ်များ၏ဥပဒေပြုခွင့်ကို စောင့်ကြည့်သည့်သဘောဖြစ်သည်။ ရွေးကောက်တင်မြှောက်ခံရသူများ၏ ဥပဒေပြုခြင်းကို တရားရုံးမှ စစ်ဆေးနိုင်ခွင့်ရှိ၊ မရှိ အငြင်းပွားနေဆဲဖြစ်ပါသည်။ ဆွစ်ဇာလန်နိုင်ငံတွင်မူ ပြည်ထောင်စုဥပဒေပြုမှုကို တရားရုံးက စောင့်ကြည့်စစ်ဆေးခွင့်မပေးဘဲထားသည်ကို တွေ့ရသည်။

**(၇) Tenure of Judges For Life or Limited Term**

အမေရိကန်ပြည်ထောင်စုတွင် တရားသူကြီးများကို တစ်သက်တာအတွက်ခန့်ထားသည်ကိုတွေ့ရသည်။ အထူးသဖြင့် အုပ်ချုပ်ရေးအာဏာနှင့် ဥပဒေပြုအာဏာတို့၏ Political Pressure ကို ခံနိုင်စေရန် တစ်သက်တာခန့်ထားခြင်းဖြစ်သည်။ တစ်ဖက်တွင်လည်း ထိုသို့တစ်သက်တာ လုပ်ပိုင်ခွင့်ကြောင့် ခေတ်မမီတော့သော အယူအဆများဖြင့် ကန့်ကွက်ခြင်းကိုလည်း ၁၉၃၃-၃၇ နှစ်များက အမေရိကန် ပြည်ထောင်စုတွင် တွေ့မြင်ခဲ့ရပေရာ ဒုတိယကမ္ဘာစစ်အပြီး အခြေခံဥပဒေများတွင် တစ်သက်တာလုပ်ပိုင်ခွင့်ကို ကန့်သတ်လာကြသည်ကို တွေ့ရသည်။ သို့တိုင်အောင် လွှတ်တော် သို့မဟုတ် သမ္မတများ၏ သက်တမ်းနှင့်တွဲဖက်မထားဘဲ ကာလရှည်တစ်ခုသတ်မှတ်ကြသည်ကို တွေ့ရသည်။ ဥပမာ- ဂျာမနီ၊ အီတလီ၊ ဂျပန်

**(၈) Referenda**

ဆွစ်ဇာလန်နိုင်ငံသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ပြည်သူ့ဆန္ဒခံယူပွဲများ မကြာခဏပြုလုပ်ခဲ့ရသော နိုင်ငံဖြစ်ပြီး အမေရိကန်ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ဤကိစ္စမပါရှိပေ။ လုပ်ခဲ့ဖူးသော အစဉ်အလာလည်း မရှိပေ။ အမေရိကန်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ၂၇ ကြိမ်ပြင်ဆင်ခဲ့ဖူးပြီး လူထုဆန္ဒခံယူပွဲများဖြင့် ပြင်ဆင်ခဲ့ခြင်းမဟုတ်ပေ။ သို့သော် ၁၉၅၀ နောက်ပိုင်း ဒီမိုကရေစီနိုင်ငံကြီး ၂၂ ခုအနက် တစ်ဝက်ခန့်တွင် အနည်းဆုံးတစ်ကြိမ် ဆန္ဒခံယူပွဲပြုလုပ်ခဲ့ကြဖူးသည်ကို တွေ့ရသည်။ (Referendum များ= Referenda)

(၉) **Presidential or Parliamentary**

သမ္မတစနစ်ကို ၁၇၈၇ အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးသားစဉ် တီထွင်ခဲ့ခြင်းဖြစ်သည်။ သမ္မတစနစ်ကျင့်သုံးသောနိုင်ငံများတွင် Chief Executive ကို ပါလီမန်များက ရွေးချယ်တင်မြှောက်သည့်စနစ်ကို ကျင့်သုံးလေ့ မရှိပေ။ ပါလီမန်စနစ်တွင်မူ Chief Executive ကို ပါလီမန်များက တင်မြှောက်ခြင်း ဖြစ်ပြီး အယုံအကြည်မရှိ၊ အဆိုတင်သွင်းခွင့်နှင့် တွဲလျက်တွေ့ရသည်။

သမ္မတစနစ်အတွက် Classical နမူနာမှာ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး ပါလီမန်စနစ်၏ Classical နမူနာမှာ ဗြိတိန်ဖြစ်သည်။

(၁၀) **Electoral System**

ယေဘုယျအားဖြင့် ရွေးချယ်တင်မြှောက်ပွဲစနစ်ကို နှစ်မျိုးခွဲခြားနိုင်ပြီး အခြေခံဥပဒေများတွင် ထည့်သွင်းထားလေ့မရှိသည်ကို တွေ့ရသည်။

**First-Pass-the-Post** စနစ်သည် မဲဆန္ဒနယ်တစ်နယ်လျှင် လူတစ်ဦးရွေးပေးရသောစနစ်ဖြစ်ပြီး လူကိုမဲပေးသောစနစ်ဖြစ်သည်။ ပါတီကြီး နှစ်ခုနှင့် ပါတီငယ်လေး အချို့ဖြစ်ပေါ်စေသည်ကိုတွေ့ရ သည်။ ဒုတိယအမျိုးအစားမှာ PR Propotional Representative အချိုးကျကိုယ်စားလှယ်စနစ်ဖြစ်ပြီး ပါတီကို မဲပေးရခြင်းဖြစ်သည်။ ရွေးကောက်ပွဲတွင် မဲရရှိသောအချိုးအစားအတိုင်း ပါလီမန်ကို ဖွဲ့စည်းသည့်စနစ်ဖြစ်သည်။ ဥရောပတိုက်တွင် PR စနစ်ကို အသုံးများသည်ကို တွေ့ရသည်။ ညွန့်ပေါင်းအစိုးရများဖြစ်ပေါ်စေသော စနစ်ဖြစ်သည်။ ■

**Ref: Constitional arrangements**
**by Professor Robert A.Doahl**
**Prosessor of political Science**
**Yale University.**

**The Voice Weekly Vol 4-No.26**



# Civic Education ခေါ် နိုင်ငံကြီးသားများအတွက် ပညာရေး

Civic Education ဆိုသည်မှာ အမျိုးသားနိုင်ငံရေးနှင့် ပတ်သက်၍ နိုင်ငံကြီးသားများ သိရှိထားသင့်သော အသိဉာဏ်ကို ဖြစ်ပေါ်စေရန် ဆောင်ကြဉ်းပေးသောအစီအစဉ်များဟု ခေါ်ရမည်ထင်ပါသည်။ တစ်နည်းအားဖြင့် ပြောရလျှင် လူ့အဖွဲ့အစည်းက နိုင်ငံတည်ဆောက်ရေးတွင် စနစ်တကျပါဝင်ထမ်းဆောင်နိုင်ရန်အလို့ငှာ လိုအပ်သောပညာရေးနှင့် ပညာပေးအစီအစဉ်များဟု ခေါ်ရမည်ထင်ပါသည်။

Civic Education အစီအစဉ်များကို သွင်းအားစုများအဖြစ် ပေးသွင်းရာတွင် ရလဒ်များအဖြစ် ဦးတည်လေ့ရှိသော အကြောင်းအရာများမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

၁။ Democratic and Political Knowledge

၂။ နိုင်ငံသားများက နိုင်ငံတည်ဆောက်ရေးတွင် ဖြစ်နိုင်ခြေရှိသည့်နေရာမှ ပူးပေါင်းပါဝင်ဆောင်ရွက်လိုခြင်း၊

၃။ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အုပ်ချုပ်သည့်စနစ်ကို သဘောပေါက်ခြင်း၊ လိုက်နာခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း (ဥပမာ−အခွန်ပေးဆောင်ခြင်း)

၄။ ဒီမိုကရေစီစနစ်၏ လုပ်ထုံးလုပ်နည်းများ၊ အကျင့်အကြံများကို နိုင်ငံသားများက သဘောပေါက်လိုက်နာကျင့်သုံးခြင်း၊ အထူးသဖြင့် Political Tolerance ပေါ် နိုင်ငံရေးအရ မတူညီသော သဘောထားများနှင့် အတူတကွ နေထိုင်နိုင်ရန် သဘောတူညီခြင်း တစ်နည်းအားဖြင့် Democratic Beliefs and Political Culture ကို လူ့အဖွဲ့အစည်းတွင်း ယဉ်ပါးအောင် ဆောင်ကြဉ်းပေးခြင်းလည်းဖြစ်သည်။

Democratic and Political Knowledge ဆိုသည်မှာ နိုင်ငံတွင် လက်ရှိကျင့်သုံးနေသော နိုင်ငံရေးစနစ်(သို့)ကျင့်သုံးရန်ရှိသည့်စနစ်တို့ကို ခွဲခြမ်းစိတ်ဖြာနားလည်သဘောပေါက်ခြင်း၊ အချုပ်အခြာအာဏာများ ခွဲဝေကျင့်သုံးပုံစနစ်ကို သဘောပေါက်ခြင်း၊ နိုင်ငံရေးအာဏာတည်ရှိရာနေရာ၊ ဆင်းသက်ရာလမ်းကြောင်း များ၊ ဖြစ်နိုင်ခြေရှိသည့် ပါဝင်ဆောင်ရွက်နိုင်သောနည်းလမ်းများ စသည်တို့ကို သိရှိသဘောပေါက်နားလည်ခြင်းကို ဆိုလိုပေသည်။ နိုင်ငံရေးကို အာရုံကျသည်ဆိုရုံသက်သက်ဖြင့် Democratic and Political Knowledge ရှိသည်ဟုပြော၍ မရသည်ကို ဆိုလိုရင်းဖြစ်ပါသည်။ ချစ်ခြင်း၊ မုန်းခြင်းကင်းရှင်းစွာဖြင့် အခြေအနေကို စနစ်တကျခွဲခြမ်းစိတ်ဖြာနိုင်ခြင်းမရှိသေးပါက နိုင်ငံကြီးသားများတွင်ရှိအပ်သော Civic Education မရှိသေးဟု ဆိုရမည်ဖြစ်ပေသည်။

နိုင်ငံသားတို့အနေဖြင့် ချစ်ခြင်း၊ မုန်းခြင်းကင်းစွာဖြင့် အခြေအနေကို ခွဲခြမ်းစိတ်ဖြာနားလည်သွားနိုင်ခဲ့ပါလျှင် နိုင်ငံတည်ဆောက်ရေးတွင် နိုင်ငံသားများ အနေဖြင့်၊ လူ့အဖွဲ့အစည်းအနေဖြင့် ပါဝင်ဆောင်ရွက်နိုင်သည့်နည်းလမ်းပေါင်း များစွာရှိနေသည်ကို သဘောပေါက်လာကြမည်ဖြစ်သည်။

အထူးသဖြင့် Democratic Beliefs နှင့် Political Culture ဆိုသည်မှာ ဒီမိုကရေစီစနစ် (မြန်မာနိုင်ငံအတွက်ဆိုလျှင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်) နှင့် လိုက်လျောညီထွေရှိမည့်အပြုအမူ၊ အကျင့်အကြံ၊ တာဝန်ယူမှုများကို လူ့အဖွဲ့အစည်းက အလေ့အကျင့်ကောင်းသဖွယ်ပြုမူဆောင်ရွက်ခြင်းကို ဆိုလိုပေသည်။ ဆိုလိုသည်မှာ Civic Education ဆိုသည်မှာ သွင်းအားစုအနေဖြင့် ပေးသွင်းလိုက်သောအခါ ပြည်သူလူထုထဲတွင် ဖြစ်ပေါ်လာသောအသိဉာဏ်သည် ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေရှိမည့်အပြုအမူ၊ အလေ့အကျင့်၊ တာဝန်ယူမှုများ ဖြစ်ပေါ်လာစေသည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။ အခုနိအားဖြင့် အဆိုပါအသိဉာဏ်များသည် Disciplinary Study ပေါ် စနစ်တကျသင်ကြားလေ့ကျင့်ပေးထားသော Political

Theorist များတွင်ရှိရမည့် အသိဉာဏ်မျိုး[illegible] မဆိုလိုပေ။

နိုင်ငံကြီးသားများအနေဖြင့် နိုင်ငံတည်ဆောက်ရေးတွင် လိုအပ်သလို ပါဝင်တုံ့ ပြန်ဆောင်ရွက်နိုင်ရန် လိုအပ်သောအသိဉာဏ်မျိုးကိုသာ Civic Education က ရည်ညွှန်းခြင်းဖြစ်ပါသည်။ Political Theorist များအဆင့်အထိ မဟုတ်သည့်တိုင် သာမန် Education ဖြင့်၊ သာမန် Common Sense ဖြင့် ပါဝင်ဆောင်ရွက်ခြင်းထက် ပိုနိုသည်ကိုလည်း ဤနေရာတွင် အထူးပြုရှုဖော်ပြလိုပါသည်။

အခွန်အကောက်များကို အစိုးရက မည်သည့်အကြောင်းကြောင့် ကောက်ခံရသည်၊ ပြည်သူတို့တွင် မည်သည့်အကြောင်းကြောင့်ပေးရန် တာဝန်ရှိသည်။ အခွန်ထမ်းဆောင်ကြခြင်း၏ ကောင်းကျိုးများ၊ ပြည်သူလူထုက အခွန်ထမ်းဆောင်ရန် ပျက်ကွက်ခြင်း၏ဆိုးကျိုးများ၊ အခွန်ငွေများကို အစိုးရက မည်သို့မည်ပုံအသုံးချ သည်၊ မည်သို့ထုတ်ပြန်သည်၊ အဘယ်ကြောင့် ပြည်သူလူထုက လေ့လာစောင့်ကြည့် ရန် လိုအပ်သည် သေည်များကို စနစ်တကျနားလည်၍ လိုအပ်သလို ပါဝင်ဆောင်ရွက်ခြင်းကို Civic Education ဟု ခေါ်ဆိုခြင်းဖြစ်ပေသည်။

Civic Education ဆိုသည်မှာ အထက်တွင်ဖော်ပြခဲ့သည့် အခွန်အရပ်ရပ်နှင့် ပတ်သက်သောကိစ္စရပ်မှသည် ပြည်သူလူထုတစ်ရပ်လုံးတွင်ရှိနေသည့် ဒီမိုကရေစီစနစ်၏ကျင့်စဉ်နှင့် အလေ့အကျင့်များကို အလေးထားလိုက်နာကျင့်သုံးခြင်းထိအောင် ကျယ်ပြန့်သည်ကို တွေ့ရသည်။ တစ်နည်းအားဖြင့်ပြောရလျှင် Democratic Beliefs and Political Culture ဟု သုံးနှုန်းသည့် ယဉ်ကျေးမှုသည် အစိုးရက ခွင့်ပြုမှ ကျင့်သုံးခွင့်ရှိသည့် ယဉ်ကျေးမှုများမဟုတ်ပါ။ လူ့အဖွဲ့အစည်းအတွင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား၊ လူတစ်ဦးချင်းအကြား ကျင့်သုံးနိုင်သော ယဉ်ကျေးမှုများသာ ဖြစ်ပေသည်။ ထိုယဉ်ကျေးမှုသည် မတူညီသော အယူအဆများကို လက်ခံရန် သဘောတူညီခြင်း (Agree to disagree)၊ သဘောထားရပ်တည်ချက် မတူညီ၍ဖြင့် Us (or) Them ခွဲခြားခြင်း၊ သဘောထားမတူညီသူများကို တံဆိပ်အမျိုးမျိုးကပ်ရန် မကြိုးစားခြင်း စသော အခြေခံများမှသည် အမျိုးသားညီညွတ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အလို့ငှာ ရွေးကောက်ပွဲများတွင် အလျှော့ပေးခြင်းအထိ ပါဝင်သည်ကို တွေ့ရသည်။ ထိုသို့နိုင်ငံ့အကျိုးအတွက်၊ အမျိုးသားစီးပွားရေးအတွက် အလျှော့ပေးခြင်းများကို Civic Education တွင် Political Tolerance ဟုခေါ်သည်။

ဤနေရာတွင် Political Tolerance နှင့် ပတ်သက်၍ စာရေးသူ၏ တစ်ဖက်

သတ်အယူအဆမဖြစ်စေရန် နိုင်ငံတကာမှ Civic Education နှင့် [illegible]
နာမည်ကျော်အဖွဲ့အစည်းတစ်ခု၏ အင်္ဂလိပ် ဘာသာနှင့် [illegible]
ဖော်ပြလိုပါသည်။

"Willingness to allow basic political rights to minority groups or groups with unpopular views, their willingness to give up elections in exchange for stability and Economic prosperty, and level of trust in political and social institution"

"လူနည်းစု သို့မဟုတ် လူကြိုက်မများသော သဘောထားရှိသူ အဖွဲ့အစည်းများ အုပ်စုများကိုလည်း နိုင်ငံရေးအရ အသိအမှတ်ပြုရန် လက်ခံခြင်း၊ လိုအပ်ပါက တည်ငြိမ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရွေးကောက်ပွဲများကို အလဲအလှယ်ပြုလုပ်၍ အလျှော့ပေးခြင်း နိုင်ငံရေး၊ လူမှုရေးဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် လူပုဂ္ဂိုလ်များအပေါ် ယုံကြည်မှုရှိခြင်း" စသည်များကို Civic Education က ဆောင်ကြဉ်းပေးနိုင်သည်ဟု ဖွင့်ဆိုကြသည်။

အမှန်အားဖြင့် Civic Education ပေးထားသော နိုင်ငံသားများကို ထိန်းကျောင်းအုပ်ချုပ်ရသည်မှာ Civic Education မရှိသည့်နိုင်ငံသားများကို ဥပဒေဖြင့်ဖိနှိပ်ထား စားလိုက်နာသော နိုင်ငံသားများအဖြစ် ထိန်းကျောင်းအုပ်ချုပ်ရခြင်းထက် ပိုလွယ်သည်ကို တွေ့ရသည်။ ယေဘုယျအားဖြင့် ပညာမဲ့နိုင်ငံသားများကို ထိန်းကျောင်းရသည်မှာ ပိုလွယ်သည်ဟု လူပြိန်းအယူအဆများရှိသော်လည်း ပညာမဲ့နိုင်ငံသားများကြောင့် Polarization နှင့် Radical Attitude များ ပိုမိုဖြစ်ပေါ်စေနိုင်သည်ကို အလေးအနက်စဉ်းစားလျှင် သဘောပေါက်နိုင်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံသားများကို Civic Education အတွက် လမ်းဖွင့်ပေးခြင်းသာလျှင် ဆန့်ကျင်ဘက်ပြုမှုသည့်နိုင်ငံရေးမျိုးကို အဆုံးသတ်နိုင်ရန် အကောင်းဆုံးနည်းလမ်း[illegible] ရင်းဖြစ်ပေသည်။ Civic Education ဆိုသည်မှာ [illegible] နှင့် Solution မည်သည်က လက်တွေ့မကျဖြစ်ကြောင်း [illegible] ခွဲခြားနိုင်သောအသိတရားမျိုးကို ဆိုလိုပါသည်။ ■

- The Voice Weekly Vol 4-No.38

# တစ်ယောက်တည်း ဂေါက်သီးကစားခြင်း



ဂေါက်သီးကစားခြင်းသည် ထူးဆန်းသော အားကစားတစ်မျိုးဖြစ်ပါသည်။ အားကစားနည်းအတော်များများမှာ နှစ်ဦးနှစ်ဖက်ရှိမှသာ ကစားနိုင်သော ကစားနည်းဖြစ်သော်လည်း ဂေါက်သီးကစားနည်းမှာမူ တစ်ယောက်တည်းရှိလည်း ကစား၍ရသော ကစားနည်းဖြစ်သည်။

ဖဲကြက်သီးကစားနည်းမှာ အလွန်ရိုးရှင်းပါသည်။ တီးခုံပေါ်မှ ဘောလုံးကို ရိုက်ထုတ်သွားပြီး Green ဟု သတ်မှတ်ထားသော ကျင်းထဲသို့ ဘောလုံးကို ဝင်အောင်သွင်းထည့်ခြင်းသာဖြစ်သည်။ ကွင်းအရှည်အမျိုးမျိုးတားရှိပြီး သုံးချက်နှင့်ဝင်ရမည်ဟုသတ်မှတ်ထားသော ကျင်း၊ လေးချက်နှင့် ဝင်ရမည်ဟု သတ်မှတ်ထားသောကျင်း၊ ငါးချက် နှင့်ဝင်ရမည်ဟုသတ်မှတ်သောကျင်းဟူ၍ သုံးမျိုးရှိသည်။ သုံးချက်၊ လေးချက်၊ ငါးချက် ဆိုသည်များမှာ သတ်မှတ်ရိုက်ချက်ဖြစ်ပြီး ဝင်အောင်ရိုက်နိုင်လျှင် 'ပါ' (Per) ရသည်ဟု ခေါ်သည်။ ထိုသတ်မှတ်ချက်ရှိနေသောကြောင့် တစ်ယောက်တည်းကို သတ်မှတ်ချက်အတွင်း သတ်မှတ်ရိုက်ချက်အတိုင်း ဝင်အောင်ရိုက်ကစားနိုင်သောကြောင့် တစ်ယောက်တည်း ကစား၍ရသော ထူးခြားသောကစားနည်းဖြစ်နေခြင်းပင်။ စုစုပေါင်း ကိုးကျင်း သို့မဟုတ် ၁၈ကျင်း ရိုက်ပြီး သတ်မှတ်ရိုက်ချက်ထက် မည်မျှ မည်မျှ လျော့၍ရိုက်နိုင်သည် သို့မဟုတ် သတ်မှတ်ရိုက်ချက်နှင့် ကွက်တိဖြစ်သည် သို့မဟုတ် မည်မျှပိုသည်ဟု နှိုင်းယှဉ်ကြည့်ရ ခြင်းဖြစ်ပေသည်။

တစ်ယောက်တည်းကစား၍ တစ်နေ့ထက်တစ်နေ့ ရိုက်ချက်လျော့အောင် လက်သွေးနိုင်သောကစားနည်းဖြစ်သော်လည်း တစ်ဖက်တွင်လည်း တစ်ယောက်တည်း ကစားရသည်မှာ ပျင်းစရာကောင်းသောကြောင့် နှစ်ဦး၊ သုံးဦး၊ လေးဦး ကစားခြင်းက ပို၍ခေတ်စားသည်ကို တွေ့ရသည်။ ထိုအခါမျိုးတွင် တစ်ဦးနှင့်တစ်ဦး ရိုက်ချက်များယှဉ်၍ အနည်းဆုံးသူဖြစ်အောင်ကြိုးစားကြရသည်။ ထိုအခါ ကစားပွဲ၏ရည်ရွယ်ချက်သည်လည်း တစ်ယောက်တည်းကစားခြင်းနှင့် မတူတော့ဘဲ တစ်မျိုးပြောင်းသွားသည်ကို တွေ့ရသည်။

ဖဲကြက်သီးကို တစ်ယောက်တည်းကစားရာတွင် ယှဉ်ပြိုင်မှုသဘောတရားသည် မနေ့ကမိမိနှင့် ဒီကနေ့မိမိ ယှဉ်ပြိုင်ရခြင်းဖြစ်သော်လည်း အဖွဲ့လိုက်ကစားရာတွင် မိမိနှင့် အခြားသူများ ယှဉ်ပြိုင်သည့် သဘောတရားသို့ ပြောင်းသွားသည်ကို တွေ့ရသည်။ ထိုသို့ အခြားသူများနှင့် ယှဉ်ပြိုင်ကစားရာတွင် အနိုင်ရရေးကိစ္စပါလာသောကြောင့် ဤကိစ္စကိုမှတည်၍ ပြက်လုံးတစ်ခုပေါ်လာခဲ့သည်ကို တွေ့ရသည်။ ပြက်လုံးဟု ဆိုသော်လည်း အဖွဲ့လိုက် ဖဲကြက်သီးကစားရာတွင် ဤသဘောတရားကို မကြာခဏ တွေ့ရတတ်သည်။ အထူးသဖြင့် လောက[illegible]ွင် အနိုင်ရရှိရေး အရေးကြီးသည်ဟု ခံယူသူတစ်ဦးဦးပါလာလျှင် ဤကိစ္စ များစွာ[illegible]ဟာသည်ကို တွေ့ရသည်။

အဆိုပါပြက်လုံးမှာ 'ကိုယ်ကောင်းဖို့လို၊ သူပျက်ဖို့သာလိုသည်' ဆိုသော ပြက်လုံး ဖြစ်သည်။ ဆိုလိုသည်မှာ မိမိအချက်ရေ များသွားသည့်တိုင် သူတစ်ပါးက မိမိထက်ပို၍ အချက်ရေများခဲ့လျှင် အနိုင်ရနိုင်သေးသောကြောင့်ဖြစ်သည်။

စာရေးသူတို့၏ လူ့ဘဝဇာတ်ခုံပေါ်တွင်လည်းအလားတူပင်ဖြစ်ပါသည်။ ဘဝဆိုသည်မှာ ခရီးရှည်ပြိုင်ပွဲကြီးတစ်ခုဖြစ်ရာ ထိုပြိုင်ပွဲကြီးတွင် တစ်ယောက်တည်းဝေါက်သီးရိုက်တတ်သူများရှိသကဲ့သို့ သူတစ်ပါးနှင့် ယှဉ်ပြိုင်ကစားနေသူများလည်းရှိပါသည်။ သူတစ်ပါးနှင့် ယှဉ်ပြိုင်နေသူများတွင်လည်း မိမိကိုယ်ကိုယ်ကောင်းအောင်ကြိုးစားနေသူများနှင့် ကိုယ်ကောင်းဖို့မလို သူပျက်ဖို့သာလိုသည်ဟု သဘောထားနေသူများလည်း ရှိပါသည်။ နိုင်ငံရေးနှင့်ပတ်သက်သော နယ်ပယ်တွင် အာဏာ သို့မဟုတ်ဩဇာစသည်များမှာ အမြင့်မားဆုံး သဘောတရားရှိသောကြောင့် ထိုနယ်ပယ်တွင် 'သူပျက်ဖို့' အလို့ငှာ အသက်ကိုပင် လုပ်ကြသည်အထိ တွေ့ရခြင်းဖြစ်ပေသည်။

ပညာရှင်တစ်ဦးကမူ ထိုသဘောတရားသည် လူမျိုးတစ်မျိုးနှင့်တစ်မျိုး မတူညီနိုင်၊ အမျိုးသားစရိုက်လက္ခဏာများဆိုရာတွင် ပုံးပေါင်းဆောင်ရွက်မှု အနိမ့်အမြင့်သည် လူ့အဖွဲ့အစည်းအတွင်း 'ကိုယ်ကောင်းဖို့မလို သူပျက်ဖို့သာလိုသည်' ဟု သဘောထားသူ မည်မျှများပြားသနည်းဆိုသောအချက်ပေါ်တွင် မူတည်သည်ဟု မှတ်ချက်ပေးဖူးပါသည်။ စာရေးသူ၏မိတ်ဆွေရင်း အယ်ဒီတာတစ်ဦးက မြန်မာတို့သည် အာဏာနည်းနေ့ကိုနှစ်ပေါင်းများစွာ ကျော်ဖြတ်လာခဲ့ကြသည့်တိုင် အချင်းချင်းပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်းကို ယနေ့တိုင် သင်ခန်းစာ မယူနိုင်ကြသေးပါဟု သုံးသပ်ခဲ့ပါသည်။ စာရေးသူ၏ဆန္ဒမှာ ဖြစ်နိုင်လျှင် မြန်မာနိုင်ငံသားအားလုံးကို တစ်ယောက်တည်းဝေါက်သီးရိုက်သူများအဖြစ်သာ မြင်တွေ့လိုခြင်းဖြစ်ပါသည်။

■

**The Voice Weekly Vol 5-No.43**

> “ စာရေးသူ၏ဆန္ဒမှာ
> ဖြစ်နိုင်လျှင်
> မြန်မာနိုင်ငံသားအားလုံးကို
> တစ်ယောက်တည်း ဝေါက်သီးရိုက်သူများအဖြစ်သာ
> မြင်တွေ့လိုခြင်းဖြစ်ပါသည်။ ”

အသွင်ကူးပြောင်းရေး



Ironically, such modern pacts move the polity toward democracy by undemocratic means. They are typically negotiated among a small number of participants representing established (often highly oligar-chical) groups or institutions; they tend to reduce compe:::iveness as well as conflict; they seek to limit the accountability to wider publics; they tend to control the agenda of policy concerns; and they deliberately distort the principle of citizen equality. Nonetheless, they can alter power

relations, set loose new political processes, and lead to different (if often unintended) outcomes. အထက်ပါစာပိုဒ်မှာ Transactions from Authoritarian Rule အမည်ရှိ စာအုပ်မှကောက်နုတ်ချက်ဖြစ်ပါသည်။ အဆိုပါ စာအုပ်မှာ ၁၉၈၆ခုနှစ်က Woodrow Wilson International Center က လက်တင်အမေရိကနှင့် ဥရောပတောင်ပိုင်းတို့တွင်ဖြစ်ပေါ်ခဲ့သော အသွင်ကူးပြောင်းရေးဖြစ်စဉ်များကို သုတေသနပြု၍ စုစည်းထားသောမှတ်တမ်းဖြစ်ပါသည်။ အဆိုပါစာပိုဒ်၏ဆိုလိုရင်းမှာ အသွင်ကူးပြောင်းရေးစနစ်နှင့် လုပ်ငန်းစဉ်များသည် ဒီမိုကရေစီစနစ်ဆီသို့ ဒီမိုကရေစီမဟုတ်သော နည်းလမ်းဖြင့် ကူးပြောင်းခြင်းဖြစ်သည်၊ ထို့ကြောင့် စနစ်ပြောင်း အုပ်ချုပ်သူမပြောင်း ပုံသဏ္ဌာန်များရှိနေတတ်သော်လည်း အာဏာရှိန်ခွင်လျှာပြောင်းလဲမှုများ၊ Political Process ခေါ် နိုင်ငံရေးနည်းလမ်းဖြင့် ဆုံးဖြတ်သည့်စနစ်သစ်များ ဖြစ်ပေါ်ပြီး အဆုံးတွင် မထင်မှတ်သောရလဒ်(ကောင်း)များရှိတတ်သည်ဟူ၍ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်အတွင်းသို့ ဝင်ရောက်ခါစ အခြေအနေတွင် အတိအကျရှိနေသောနိုင်ငံဖြစ်ပါသည်။ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်သည် ဒီမိုကရေစီစနစ်ဆီသို့ ဒီမိုကရေစီမဟုတ်သောနည်းလမ်းဖြင့် ကူးပြောင်းခြင်းဖြစ်သည်ဟု နားလည်လက်ခံနိုင်ပါလျှင် ယနေ့အခြေအနေတွင် ဒီမိုကရေစီစံနှုန်းများ ရှိမနေခြင်းသည် ထုံးတမ်းစဉ်လာသာဖြစ်သည်ဟုဆိုရပေလိမ့်မည်။ မြန်မာနိုင်ငံတွင် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များစတင်နေပြီ ဆိုသောအချက်ကို သံသယရှိသူများ ရှိနေသော်လည်း စာရေးသူတို့အတွက်မူ ယခုကဲ့သို့သောဆောင်းပါးမျိုးကို ရေးသားခော်ပြခွင့်ရရှိခြင်းသည် အသွင်ကူးပြောင်းရေး၏ ထင်ရှားသောလက္ခဏာတစ်ရပ်ဖြစ်ပေသည်။

တပ်မတော်၏ ရှုထောင့်ဘက်မှကြည့်လျှင် ယခင်စနစ်ဟောင်း ပုံသဏ္ဌာန်သည် အချုပ်အခြာအာဏာသုံးရပ်ကို တစ်ပေါင်းတည်းကျင့်သုံးခွင့်ရှိသောစနစ်ဖြစ်ရာ အာဏာပေတံသက်သက်ဖြင့်တိုင်းလျှင် အကောင်းဆုံးအနေအထားဖြစ်ပေသည်။ အချုပ်အခြာအာဏာသုံးရပ်ကို တစ်ပေါင်းတည်းကျင့်သုံးခွင့်ရှိသော အနေအထားမျိုးကိုရေးတသက်ဦးဆံပိုင်ဟုပင်ခေါ်ခေါ်ခဲ့သည်ကိုတွေ့နိုင်ပါသည်။ ထိုအနေအထားမှ အရပ်ဘက်လူ့အဖွဲ့အစည်းကို နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခွင့်ပေးခြင်းသည် မည်သည့်အကြောင်းကြောင့်ဖြစ်စေပြောင်းလဲမှုဖြစ်ပေသည်။ တစ်နည်းအားဖြင့်ပြောရလျှင် အရပ်ဘက်လူ့အဖွဲ့အစည်းမှ ပေါ်ထွက်လာမည့် နိုင်ငံရေးပါတီများကို Policy Dialogue Platform

ပေါ်သို့ တက်လာခွင့်ပေးခြင်းဖြစ်ရာ ဈေးကွက် (Market) နှင့် အရပ်ဘက်လူ့အဖွဲ့အစည်း (Civil Society)တို့ သန်စွမ်းသည့်နှင့်အမျှ ဥပဒေများ ပြဋ္ဌာန်းအုပ်ချုပ်သည့်စနစ် ပီပြင်လာနိုင်သောအခြေအနေရှိပါသည်။ တစ်နည်းအားဖြင့်ပြောရလျှင် ယခုအခြေအနေသည် Game အသစ်ဖြစ်ရာ Game အဟောင်းထဲမှ နိုင်ငံရေး Status quo ကို ဆက်လက်သယ်ဆောင်လာခြင်းသည် လက်တွေ့မကျနိုင်ပေ။ Game အသစ်ကို ကစားရင်း Status quo အသစ်ထပ်ဖြစ်လျှင်မူကား တစ်နည်းတစ်ဖုံ စဉ်းစားရန် လိုပါလိမ့်မည်။

(ဇယားကို တစ်ဖက်တွင်ကြည့်ပါ)

ပူးတွဲပါဇယားသည် မြန်မာနိုင်ငံ၏နိုင်ငံရေးအခြေအနေဖြစ်နိုင်ခြေအမျိုးမျိုး Game သီအိုရီထဲမှ Prisoner's Dilemma ခေါ် ပူးပေါင်းဆောင်ရွက်မှုဖြစ်နိုင်ခြေ အမျိုးမျိုး အတွင်းသို့ ထည့်သွင်းထားခြင်းဖြစ်ပါသည်။ ထိုဇယားကိုကြည့်လျှင် တပ်မတော်သည် ရှေ့တစ်လှမ်းတိုးထားသည်ကို တွေ့နိုင်ပါသည်။ တစ်နည်းအားဖြင့် ပြောရလျှင် တပ်မတော်သည် အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် စမ်းသပ်၍ပူးတွဲလုပ်ကိုင်ရန် ဆုံးဖြတ်လိုက်သည့်သဘောဖြစ်ပါသည်။ ဒီမိုကရေစီစနစ်၏ အဓိကရေခံမြေခံဟုပြောရမည့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးအင်အားစုများအကြား အပြန်အလှန် ယုံကြည်မှုဆိုသည်မှာ အတူတကွအလုပ်လုပ်ကြည့်မှသာ ဖြစ်နိုင်ခြေရှိရာ ယခုအခါ ထိုလိုရှုဖြစ်နိုင်ခြေရှိသွားခြင်းဖြစ်ပေသည်။

ဇယားကိုကြည့်လျှင် မြန်မာနိုင်ငံ၏အနာဂတ်နိုင်ငံရေးရုပ်ပုံလွှာသည် တစ်လှမ်းတိုးထားသောတပ်မတော်ကို အဓိကနိုင်ငံရေးအင်အားစုများက မည်သို့ပူးပေါင်းဆောင်ရွက်သည်ဆိုသော အချက်များ အပေါ်မူတည်ကြောင်း တွေ့မြင်ရပါလိမ့်မည်။ ဇယား၏ တတိယကော်လံတွင် ဖြစ်နိုင်ခြေသုံးမျိုးမြင်တွေ့ရမည်ဖြစ်ပြီး မည်သို့ဖြစ်နိုင်သည် ဆိုသော အချက်မှာ နိုင်ငံရေးအင်အားစုများပေါ်တွင် အဓိကမူတည်နေသည်ကိုတွေ့ရပေသည်။ တစ်နည်းအားဖြင့် ပြောရလျှင် နိုင်ငံရေးအင်အားစုများက အသွင်ကူးပြောင်းရေး ပုံသဏ္ဌာန်အပေါ် မည်သို့ရှုမြင်၍ မည်မျှအထိမျှော်လင့်ထားသနည်းဆိုသော အချက်ဖြစ်သည်။ အသွင်ကူးပြောင်းရေးကို မည်သို့အဓိပ္ပာယ်ကောက်ယူသနည်း ဆိုသော အချက်လည်းဖြစ်ပေသည်။

တစ်ဖက်တွင်လည်း နိုင်ငံရေးအင်အားစုများဆိုသည်မှာ တပ်မတော်နှင့်မတူဘဲ ပြည်သူလူထု ထောက်ခံမှုရှိမှသာ ရပ်တည်နိုင်သော အဖွဲ့အစည်းများဖြစ်ရာ ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်၏ ၄၉ ဒသမ ၉ ရာခိုင်နှုန်းသာဝင်ပြိုင်ရေး အမျိုးသားစည်းလုံးညီညွတ်ရေးအလို့ငှာ တစ်ဖက်သတ်အလျှော့ပေးပူးပေါင်းဆောင်ရွက်ရေးများ

## တပ်မတော်


| Myanmar Situation applied to game theory | အပြည့်အဝ ယုံကြည်မှုတာဖြင့် ပူးပေါင်းဆောင်ရွက် Cooperation | ကိုယ်တိုင် ဆုံးဖြတ်ချက် သက်သတ်ဖြင့် အကန့်အသတ်ဖြင့် ပူးပေါင်းဆောင်ရွက်သည် Self defined limited cooperation | ပူးပေါင်းဆောင်ရွက်မှုမရှိ No cooperation |
|---|---|---|---|
| အပြည့်အဝ ယုံကြည်မှုတာဖြင့် အလျှော့ပေး ပူးပေါင်းဆောင်ရွက် Cooperation with high political tolerance: Contest only 50% of the seats | ပြည်သူဗဟိုပြု အမျိုးသား ပြန်လည်သင့်မြတ်ရေး People Centered National Reconciliation, High legitimacy, Happy ending | အကောင်းဆုံးဖြစ်နိုင်ချေ ၊ ဝန်ဆောင်ဖြင့် ၊ အစိုးရအဖွဲ့ သင့်တင့်သောတရားဝင်မှု Best case scenario, Satisfactory legitimacy, Political process ++ with strong checks and balances +++ | နိုင်ငံရေး အခြေအနေ Status quo? |
| ကိုယ်တိုင် ဆုံးဖြတ်ချက် သက်သတ်ဖြင့် အကန့်အသတ်ဖြင့် ပူးပေါင်းဆောင်ရွက်သည် Self defined limited cooperation | မဖြစ်နိုင် Unlikely | အစိုးရအဖွဲ့ သင့်တင့်သောတရား စိတ်တိုင်းကျမဖြစ် ဝန်ဆောင်ဖြင့် ထိန်းချုပ်မှုများ Structural shift, Politica Limited checks and bala Limited legitimacy | နိုင်ငံရေး အခြေအနေ Status quo |
| ပူးပေါင်းဆောင်ရွက်မှုမရှိ No cooperation | လုံးဝ မဖြစ်နိုင် Totally unlikely | အဆိုးဆုံးဖြစ်နိုင်ချေ၊ ဝန်ဆောင်ဖြင့် ထိန်းချုပ်မှုမရှိ Worst case scenario, no check and balance | နိုင်ငံရေး အခြေအနေ Complete status quo, |

သည့် ပါတီ၏ရေရှည်ရပ်တည်ရေးကို ထိခိုက်သွားနိုင်ခြင်းများလည်း ရှိနေသည်ကို တွေ့ရပါသည်။ သို့သော် တခြားတစ်ဖက်တွင် ထိုသို့အလျှော့ပေးမှုအတွက် အပြန်အလှန်အားဖြင့် ရလိုမှုများသည် လက်တွေ့ဖြစ်နိုင်ခြေရှိရန်လည်းလိုအပ်ပေသည်။ တရားဥပဒေကို စံပြလေးစားလိုက်နာပြရမည့် ဒီမိုကရက်တစ်အဖွဲ့အစည်းများအနေဖြင့် တပ်မတော်အား အခြေခံဥပဒေကိုပြင်ဆင်ပေးရန် တိုက်တွန်းခြင်းသည် မိမိ၏လုပ်ဖော်ကိုင်ဖက်ကို ဥပဒေချိုးဖောက်စေရန် တွန်းအားပေးသကဲ့သို့ဖြစ်စေပါသည်။ တပ်မတော်သည် ဥပဒေကို လေးစားလိုက်နာမည်ဟုဆိုလျှင် ၎င်းတို့၏အခြေခံဥပဒေကို ယခုအခါ ၎င်းတို့ကိုယ်တိုင်ပြုပြင်နိုင်သော အခြေအနေမရှိတော့ပေ။ ထို့ကြောင့် နိုင်ငံရေးအင်အားစုများအနေဖြင့် ပါတီ၏ဂုဏ်သရေနှင့်လူထုထောက်ခံမှု ဆက်လက်ရရှိရေးတို့အလို့ငှာ အလျှော့ပေးမှုအတွက် တစ်စုံတစ်ရာရရှိကြောင်း အထောက်အထားပြရန်လိုအပ်သည်မှန်သော်လည်း ပြုပြင်ပြောင်းလဲရန် လောလောဆယ်အခြေအနေ မရှိသည့် အခြေခံဥပဒေကိစ္စကို တောင်းဆိုခြင်းထက် အကောင်အထည်ပေါ်မလာသေးသည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ဥပဒေ၊ ရွေးကောက်ပွဲဥပဒေ၊ ပြည်သူ့လွှတ်တော်ဥပဒေစသည်များနှင့်ပတ်သက်၍ တစ်စုံတစ်ရာ အကြံပြုခွင့်ကို ပြောလျှင် တပ်မတော်ကနားလည်ပေးနိုင်ပါလိမ့်မည်။

အဆိုပါဥပဒေသုံးရပ်အနက် ပထမနှစ်ခုကို လူသိများစိတ်ဝင်စားကြသော်လည်း လက်တွေ့နိုင်ငံတည်ဆောက်ရေးနှင့်ပတ်သက်သည့် တက်ကြွ၍ နေ့စဉ်အလုပ်လုပ်သောလွှတ်တော်နစ်ရပ်ပေါ်ပေါက်ရေးတွင် ပြည်သူ့လွှတ်တော်ဥပဒေ၏ Operationalization ကိစ္စသည် အသက်တမျှအရေးကြီးပါသည်။ ဤခရီးသည် သွားကိုသွားရမည့်ခရီးဖြစ်သည်ဟု ယုံကြည်ပါလျှင် ဇယားပါမည်သည့်ပုံသဏ္ဌာန်ဖြင့် ပူးပေါင်းဆောင်ရွက်မည်၊ မည်မျှသာ ပူးပေါင်းဆောင်ရွက်မည်ဆိုသောကိစ္စရှင်းရှိန်ခြင်းသည် ပါတီ၏အကျိုးစီးပွားကိစ္စဖြစ်ပြီး လွှတ်တော်နစ်ရပ် Proactive ဖြစ်ရေးသည် အမျိုးသားအကျိုးစီးပွားဖြစ်ပေသည်။

ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ၊ အသွင်ကူးပြောင်းရေးဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ စာရေးသူတို့အားလုံး လက်တွေ့နိုင်ငံရေးထဲသို့ မကြာမီ နှုတ်တွေ့ဒူးတွေ့ ရောက်ကြရပါတော့မည်။ အနည်းဆုံးပေးသူ မဲဆန္ဒရှင် တာဝန်ကို ယူကြရတော့မည်။ မည်သူမည်သည့်တာဝန်ကို မည်မျှမည်သို့ထမ်းဆောင်ခဲ့ကြောင်း သမိုင်းက မှတ်တမ်းတင်လိမ့်မည်ဖြစ်သည်။ ■

**The Voice Weekly Vol 5-No.43**



# ငြိမ်းချမ်းရေး

မြန်မာနိုင်ငံအကြောင်း စဉ်းစားရင်၊ သတင်းဖော်ပြကြ ရေးကြသားကြရင် မြင်ကွင်းထဲက အမြဲလိုလိုပျောက်နေတဲ့ အဓိကအကြောင်းအရာ အနည်းဆုံး ၂၇ ရှိတယ်လို့ ကျွန်တော်ထင်တယ်။ ပထမက ပြည်တွင်းစစ်။ နှစ်ပေါင်း ၆၀ ဆက်တိုက် လက်နက်ကိုင်ပဋိပက္ခဖြစ်နေရာက မြန်မာနိုင်ငံဟာ ခုမှလွတ်လာစရှိနေသေးတယ်။ ၁၉၈၀ နှောင်းပိုင်း၊ ၁၉၉၀ အစောပိုင်းနှစ်တွေမှာ မြန်မာအစိုးရဟာ လူမျိုးရေးအခြေခံတဲ့ နှစ်ဒါဇင်နီးနီး တိုင်းရင်းသားလက်နက်ကိုင်တပ်တွေနဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုတွေရယူခဲ့ပြီး ကမ္ဘာ့အရှည်ကြာဆုံး လက်နက်ကိုင်ပဋိပက္ခကို အဆုံးသတ်လုနီးနီးဖြစ်စေခဲ့တယ်။ ဒါပေမဲ့ အခွန့်ရှည်တည်တံ့မယ့် ငြိမ်းချမ်းရေးတော့ ရသေးဘူး။ ဆက်ပြီးဆောင်ရွက်စရာတွေ အများကြီးကျန်နေသေးတယ်။ ဒါပေမဲ့ ဒီကိစ္စကို ဆောင်ရွက်ဖို့ နိုင်ငံတကာမှာ အာရုံလုံးဝမရှိဘူး။ နှုတ်အားဖြင့်သော ယင်းအားဖြင့်သော ထောက်ခံမှု ဘာဆိုဘာမှမရှိဘူး။ ဒါမျိုးအခြေအနေတစ်ခုခု တခြားနေရာမှာ ဖြစ်ကြည့်ပါလား။ အိန္ဒိယနဲ့ တရုတ်ကြားက တောင်တွေပေါ်မှာဖြစ်နေတဲ့ စစ်ပွဲတစ်ပွဲလိုမျိုး။ မြန်မာနိုင်ငံက လက်နက်ကိုင်ပဋိပက္ခကို ဘယ်သူမှ ဂရုမထားတာကတော့ အံ့သြလောက်စရာပါ”။ အထက်ပါကောက်နုတ်ချက်မှာ ဇူလိုင်လ ၂၀ ရက်နေ့ထုတ် The Voice Weekly တွင် ဘာသာပြန်ဆိုဖော်ပြခဲ့သည့် ဒေါက်တာသန့်မြင့်ဦး အင်တာဗျူးမှ ကောက်နုတ်ချက်ဖြစ်ပါသည်။

မှန်ပါသည်။ တပ်မတော်အတွက် ၎င်း၏ ထူးခြားသောစွမ်းဆောင်မှုဖြစ်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ရရှိခဲ့သည့် ငြိမ်းချမ်းရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေးသည် တပ်မတော်၏ အဓိကဆန္ဒတစ်ခု ဖြစ်ပါလိမ့်မည်။ တစ်ဖက်

တွင်လည်း အတည်ပြုထားသော အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အသွင်ကူးပြောင်းရေးသည်လည်း ယနေ့အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် အရေးကြီးသောအဆင့်တစ်ရပ် ဖြစ်ပေသည်။ ယေဘုယျသဘောကို ပြောရလျှင် နိုင်ငံတစ်ခုတွင် ဤမျှများပြားသော လက်နက်ကိုင်အဖွဲ့အစည်းများရှိနေခြင်းသည် မသင့်တော်လှပေ။ ထိုသို့လက်နက်ကိုင် အဖွဲ့အစည်းများစွာ ရှိနေရန်မသင့်ကြောင်းကိုလည်း အဆိုပါတိုင်းရင်းသား လက်နက် ကိုင်အဖွဲ့အစည်းများကိုယ်တိုင် မူအားဖြင့် လက်ခံနိုင်ကြလိမ့်မည်ဟုထင်ပါသည်။ အတည်ပြုထားသော အခြေခံဥပဒေသစ်သည် မည်သို့ပင်ဆိုစေကာမူ အတည်ပြု ထားသော အခြေခံဥပဒေပင်ဖြစ်ရာ ထိုအခြေခံဥပဒေကို တပ်မတော်ကိုယ်တိုင်ပြင်ဆင်ရန် လောလောဆယ်မဖြစ်နိုင်တော့ပေ။ ဆိုလိုသည်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများကိစ္စသည် အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီသာ ဖြစ်ရတော့မည်ဟု ပြောလိုခြင်းဖြစ်ပေသည်။

ဒီမိုကရေစီစံနှုန်းများကို စံနမူနာအဖြစ် လိုက်နာကျင့်သုံးပြကြရမည့် ဒီမိုကရေစီ အဖွဲ့အစည်းများ နိုင်ငံရေးအင်အားစုများအနေဖြင့် အခြေခံဥပဒေကို ပြန်လည်ပြင်ဆင် ပေးရန် တောင်းဆိုခြင်းသည် မိမိ၏လုပ်ဖော်ကိုင်ဖက် တပ်မတော်ကို ဥပဒေချိုးဖောက် စေရန် တွန်းအားပေးသကဲ့သို့ဖြစ်စေသောကြောင့် အခြေခံဥပဒေကို ပြင်ဆင်ရေးထက် မပြဋ္ဌာန်းရသေးသော နိုင်ငံရေးပါတီမှတ်ပုံတင်ဥပဒေ၊ ရွေးကောက်ပွဲဥပဒေ၊ လွှတ်တော် ဥပဒေများကို အကြံပြုခွင့်ကိုသာ အာရုံစိုက်သင့်ကြောင်း ယခင်အပတ်က ဆောင်းပါး တွင် ရေးသားဖော်ပြခဲ့ပါသည်။

အလားတူပင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် အခြေခံ ဥပဒေပါပြဋ္ဌာန်းချက်နှင့်မကိုက်ညီသောအချက်များ လိုက်လျောပေးရန် တပ်မတော်အား တောင်းဆိုခြင်းသည် လုပ်ဖော်ကိုင်ဖက်တပ်မတော်အား ဥပဒေချိုးဖောက်သည့် အလေ့အထကို ပြုလုပ်ရန် တွန်းအားပေးသကဲ့သို့ဖြစ်နေပါလိမ့်မည်။ ယခုဆောင်းပါး၏ အဓိကရည်ရွယ်ချက်မှာ တိုင်းရင်းသားများအနေဖြင့် ၎င်းတို့၏ Collective Rights ခေါ် ကြမ္မာပြဋ္ဌာန်းခွင့်အတွက် အခြေခံဥပဒေနှင့် မညီညွတ်သောတောင်းဆိုမှုများအစား အခြေခံဥပဒေနှင့်ညီညွတ်သော နည်းလမ်းများကို ရှာဖွေရန် တိုက်တွန်းလိုခြင်း ဖြစ်ပါ သည်။ တိုင်းရင်းသားလူမျိုးများ၏ ဆန္ဒသဘောထားများကို ကိုယ်ချင်းစာကြည့်ပါလျှင် အဓိကအချက်အဖြစ် ၎င်းတို့၏ကြမ္မာပြဋ္ဌာန်းခွင့် ရေရှည်အာမခံ ဖြစ်လိမ့်မည်ဟု ထင်ပါသည်။ ထိုသို့ ကြမ္မာပြဋ္ဌာန်းခွင့်နှင့်ပတ်သက်၍ ရေရှည်အာမခံရှိပါသည်ဟု တစ်နည်းနည်းနှင့် ၎င်းတို့ယုံကြည်အောင် ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါလျှင် လက်နက်

ကိုင်အဖွဲ့အစည်းများစွာရှိမနေသင့်ကြောင်းနှင့်အားဖြင့် သဘောတူနိုင်သူများဖြစ်သည် အားလျော်စွာ အသွင်ကူးပြောင်းရေးသည် ချောမွေ့သွားလိမ့်မည်ဟု ထင်ပါသည်။

အသစ်ပြဋ္ဌာန်းထားသော အခြေခံဥပဒေအရ တိုင်းရင်းသားများ၏ ကြမ္မာပြဋ္ဌာန်းခွင့်နှင့်ပတ်သက်၍ အဓိကကျသည်ဟု အများစုကခံယူထားသည်မှာ ပြည်နယ်ဝန်ကြီးချုပ်ဖြစ်ပါသည်။ အဆိုပါပြည်နယ်ဝန်ကြီးချုပ်ကို နိုင်ငံတော်သမ္မတက ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အားလုံး(အားလုံး)ထဲမှ တစ်ဦးကို ရွေးချယ်ခန့်ထားခြင်းဖြစ်ပါသည်။ တစ်နည်း အားဖြင့်ပြောရလျှင် ပြည်နယ်ဝန်ကြီးချုပ်လောင်းသည် လွှတ်တော်ထဲသို့ တစ်နည်းနည်းနှင့်ရောက်ရှိနေရန်သာလိုအပ်ပြီး လွှတ်တော်တွင်း အမတ်အများစု၏ ထောက်ခံမှုကို ရရှိရန်မလို ဆိုသောသဘော နားလည်ထားကြပါသည်။

အမှန်အားဖြင့် ပြည်နယ်ဝန်ကြီးချုပ်ခေါင်းဆောင်သော အစိုးရအဖွဲ့၏ အုပ်ချုပ်ရေးအာဏာသည် ပြည်နယ်ဥပဒေပြုလွှတ်တော်၏ ဥပဒေပြုအာဏာနှင့် တစ်ထပ်တည်းဖြစ်ရာ ပြည်နယ်ဝန်ကြီးချုပ်ဖြစ်သူ၏ တုံးတာမ်းစဉ်လာ 'လှ' ဆုံးဖြတ်သောစနစ်ကို ဥပဒေပြု၍ 'မှ' ဆုံးဖြတ်သောစနစ်သို့ ကူးပြောင်းနိုင်ခဲ့လျှင် ပြည်နယ်ဝန်ကြီးချုပ်သည် များစွာအရေး ကျသောသဘော မရှိနိုင်တော့ပေ။

တိုင်းရင်းသားများ၏ ကြမ္မာပြဋ္ဌာန်းခွင့်သည် ပြည်နယ်ဝန်ကြီးချုပ်ပေါ်တွင်သာမူတည်သည်ဟုယူဆလျှင်ကား တိုင်းရင်းသားများ၏ ကြမ္မာပြဋ္ဌာန်းခွင့်သည် နိုင်ငံတော်သမ္မတအပေါ်တွင်သာ မူတည်တော့သည်ဟု ဆိုရန်ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် ပြည်နယ်ဝန်ကြီးချုပ်ကို အထက်တွင်ဖော်ပြထားသကဲ့သို့ နိုင်ငံတော်သမ္မတက ရွေးချယ်ခန့်ထားသောကြောင့်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ယခုဆောင်းပါး၏ ဆိုလိုရင်းမှာ တိုင်းရင်းသားများအနေဖြင့် ၎င်းတို့လိုလားသော ပြည်နယ်ဝန်ကြီးချုပ်ရရှိရေးကို နောင်ဖြစ်လာမည့်သမ္မတ သို့မဟုတ် သမ္မတလောင်းအမည်စာရင်း တင်သွင်းမည့်အစုအဖွဲ့ထံတွင် မေတ္တာရပ်ခံခြင်းမျိုးကို လုပ်ဆောင်နိုင်သေးသည်ဟု ထောက်ပြလိုခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့်ပြောရလျှင် တပ်မတော်ခေါင်းဆောင်များကို "အကယ်၍တပ်မတော်သားကိုယ်စားလှယ်အစုအဖွဲ့မှ အမည်စာရင်းတင်သွင်းသူ သမ္မတဖြစ်ခဲ့ပါလျှင် အဆိုပါတပ်မတော်ကိုယ်စားပြုသမ္မတကြီးအနေဖြင့် ပြည်နယ်လွှတ်တော်က အလွှတ်သဘော မေတ္တာရပ်ခံသူနှစ်ဦးထဲမှ တစ်ဦးကို ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ပေးပါရန်" မေတ္တာရပ်ခံခြင်းသည် အခြေခံဥပဒေအရ ဆောင်ဝင်သောကြောင့် ဤနည်းလမ်းမျိုးကို စဉ်းစားရန် အကြံပြုလိုခြင်း ဖြစ်ပေသည်။

ပြောလိုသည်မှာ တပ်မတော်အား အခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့် မညီညွတ်

သောကိစ္စရပ်များ ဖွင့်ပြုပါရန် ညှိနှိုင်းခြင်း[illegible] လောင်းအမည်စာရင်းတင်သွင်းခွင့်ရှိသူ တပ်မတော်တို့အား သမ္မတအဖြစ် [illegible] တင်မြှောက်ခံရရေးကို ဝိုင်းဝန်းကူညီပါမည်၊ ဤကတိစကားရလိုပါသည်ဟု မျှော်လင့် ခြင်းသည် ယနေ့အခြေအနေတွင် ရရှိထားသော ငြိမ်းချမ်းရေးကို ထိပါးခြင်းလည်းမရှိ တပ်မတော်အား အခြေခံဥပဒေနှင့်မညီညွတ်သည့်ကိစ္စ လုပ်ဆောင်ပေးရန် တွန်းအားပေး ရာလည်း မရောက်သည့်တစ်ခုတည်းသော နည်းလမ်းဖြစ်ပေသည်။

တိုင်းရင်းသားခေါင်းဆောင်များအားလုံး တညီတညွတ်တည်း သဘောတူညီ နိုင်သူတစ်ဦးဦးရှိနေခဲ့ပါက ထိုသူ 'ဦး × ×'ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ပြီး တပ်မတော်က အမည်စာရင်းတင်သွင်းသူလည်း သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပါလျှင် 'ဦး × ×'ကို ပြည်နယ်ဝန်ကြီးချုပ် အဖြစ် ခန့်အပ်ပေးရန် လွှတ်တော်ပြင်ပတွင် ကတိစကားရရှိအောင် ဆောင်ရွက်ခြင်း မျိုးသည် ယနေ့အချိန်တွင် အခြေခံဥပဒေနှင့်အညီညွတ်ဆုံးအပြေဖြစ်သည်ဟု ထောက်ပြ လိုခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ ဖြစ်ပေါ်ခဲ့ဖူးသော ပြည်တွင်းစစ်ကို ယနေ့ ငြိမ်းချမ်းရေးကာလတွင် ကြီးပြင်းသောမျိုးဆက်သစ် လူငယ်များစွာတို့ ခံစားသိရှိကြ သည်မဟုတ်ပါ။ ယနေ့ရရှိထားသော ငြိမ်းချမ်းသည့် ပြည်ထောင်စုထာဝရတည်တံ့နိုင်ခြ ရေးသည် အသိဉာဏ်ကြီးသော နိုင်ငံသားတိုင်း၏ တာဝန်လည်းဖြစ်ပေသည်။ ■

**The Voice Weekly Vol 5-No.44**

**"အသွင်ကူးပြောင်းရေးသည်လည်း**
**ယနေ့အသွင်ကူးပြောင်းရေး**
**လုပ်ငန်းစဉ်များတွင် အရေးကြီးသောအဆင့်**
**တစ်ရပ်ဖြစ်ပေသည်။ ယေဘုယျသဘောကိုပြောရလျှင်**
**နိုင်ငံတစ်ခုတွင် ဤမျှများပြားသော**
**လက်နက်ကိုင်အဖွဲ့အစည်းများ ရှိနေခြင်းသည်**
**မသင့်တော်လှပေ။"**

# လွှတ်တော်များပေါ်မှ နိုင်ငံရေး

အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုအာဏာနှင့် တရားစီရင်ရေးအာဏာဟူ၍ အချုပ်အခြာအာဏာသုံးရပ်ရှိသည့်အနက် လာမည့် ၂၀၁၁ နိုင်ငံရေးမြင်ကွင်း၌ အရပ်ဘက်လူ့အဖွဲ့အစည်းမှ ပေါ်ထွက်လာသော နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးသမားများပါဝင်ဆောင်ရွက်ခွင့်ရရှိမည့်နေရာမှာ ဥပဒေပြုအာဏာကျင့်သုံးသည့် လွှတ်တော်နှစ်ရပ်ဖြစ်ပါသည်။ သို့သော်လည်း ယခုလောလောဆယ် လူအများစု၏ စိတ်ဝင်စားမှုသည် ရွေးကောက်ပွဲဝင်သင့်၊ မဝင်သင့်ကိစ္စသာလျှင်ဖြစ်နေသောကြောင့် လွှတ်တော်များပေါ်တွင်ဖြစ်နိုင်သည့် နိုင်ငံရေးကို စိတ်ဝင်စားမှုနည်းနေသည်ကို တွေ့ရပေသည်။ သို့သော် မကြာမီ နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေ ပေါ်ထွက်လာသောအခါ ရွေးကောက်ပွဲမဝင်ရေးကိစ္စသူ့အလိုလိုချုပ်ငြိမ်းသွားတော့မည်ဖြစ်ပေသည်။

နိုင်ငံရေးပါတီအသစ်၊ အဟောင်းအားလုံးမှတ်ပုံတင်ကြရမည်ဖြစ်ပြီး ထိုသို့မှတ်ပုံတင်ခြင်းသည် ရွေးကောက်ပွဲဝင်ရန်ဖြစ်သည်ဟူသော သဘောတရား (၄/၈၈ ဥပဒေနည်းတူ) ပါဝင်နိုင်သည်ဖြစ်ရာ ရွေးကောက်ပွဲဝင်၊ မဝင်ကိစ္စသည် တရားဝင်မှတ်ပုံတင်ကြရမည့် ပါတီများအတွက် စဉ်းစားစရာမလိုသောကိစ္စဖြစ်လာပေလိမ့်မည်။ ထိုအခါတွင် ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံရရေးကိစ္စနှင့် ထမ်းဆောင်ပေးရမည့်တာဝန်များက ပို၍အရေးကြီးလာတော့မည်ဖြစ်သည်။

ယေဘုယျအားဖြင့် ဥပဒေပြုအာဏာကျင့်သုံးသည့် လွှတ်တော်များသည် (လွှတ်တော်တစ်ရပ်တည်းရှိသည်ဖြစ်စေ၊ နှစ်ရပ်ရှိသည်ဖြစ်စေ) ထမ်းဆောင်ပေးရမည့် အဓိကတာဝန်ကြီးသုံးရပ်ရှိပါသည်။ ၎င်းတို့မှာ (၁) ဥပဒေများပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊

(၂) ကော်မတီများဖွဲ့စည်း၍ အုပ်ချုပ်ရေးအာဏာဆိုင်ရာ အဖွဲ့အစည်းများကို Check and Balance ပြုလုပ်ခြင်း၊

(၃) ရသုံးမှန်းခြေငွေစာရင်းဥပဒေကို ပြဋ္ဌာန်းပေးခြင်းစသည်တို့ဖြစ်ပေသည်။

အဆိုပါတာဝန်သုံးရပ်အနက် ဒုတိယတာဝန်ဖြစ်သည့် ကော်မတီများဖွဲ့စည်း၍ အုပ်ချုပ်ရေးအာဏာကျင့်သုံးသည့် အဖွဲ့အစည်းများကို Check and Balance ပြုလုပ်ခြင်းသည် များစွာအရေးပါသော တာဝန်တစ်ရပ်ဖြစ်ပြီး ယခုဆောင်းပါးတွင် ဖော်ပြလိုသော လွှတ်တော်ပေါ်မှ နိုင်ငံရေးသည် ဤအချက်ကိုထောက်ပြလိုခြင်းဖြစ်ပါသည်။

အဆိုပါလွှတ်တော်ပေါ်မှ ရေးရာကော်မတီများသည် လွှတ်တော်များက လွှမ်းခြုံ

ထမ်းဆောင်သောတာဝန်များထက် ပို၍အနုစိတ်သော တာဝန်များကို သီးခြားစုံစမ်းစိစစ်မှု အလို့ငှာ ဖွဲ့စည်းထူထောင်ထားသော ဥပဒေပြုအာဏာ၏ လက်အောက်ခံအဖွဲ့အစည်းငယ်များ ဖြစ်ပေသည်။ ဤလွှတ်တော်အငယ်စားလေးများ၏ အခန်းကဏ္ဍကို Woodrow Wilson က အောက်ပါအတိုင်းပြောကြားခဲ့ဖူးပါသည်။ 'It is not far from the truth to say that congress in session is congress on public exhibition, whilst congress in its committee rooms is congress at work.'

ဆိုလိုရင်းမှာ လွှတ်တော်များသည် ပြည်သူလူထုအတွက်ပြယုဂ်သဖွယ်ဖြစ်ပြီး ကော်မတီများသည် အမှန်တကယ်အလုပ်လုပ်သော လွှတ်တော်ကလေးများ ဖြစ်သည် ဆိုသည့်သဘောဖြစ်ပေသည်။ ယေဘုယျအားဖြင့် ကော်မတီများက ထမ်းဆောင်သော တာဝန်မှာ အစိုးရ၏ တာဝန်ထမ်းဆောင်မှုအလုပ်ရုံကိုစောင့်ကြည့်ခြင်း၊ ဥပဒေပြုရန်၊ ပြင်ဆင်ရန်လိုအပ်ချက်ရှိပါက ထောက်ခံတင်ပြခြင်း၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက် သတင်းအချက်အလက်ရယူခြင်း၊ မည်သို့အရေးယူဆောင်ရွက်သင့်သည်များကို ထောက်ခံတင်ပြခြင်းစသည့် တာဝန်များဖြစ်ပေသည်။ 'ဆီးနိတ်လွှတ်တော် ထောက်လှမ်းရေးကော်မတီက ဂွမ်တာနာမိုအကျဉ်းစခန်းကိစ္စနှင့်ပတ်သက်၍ CIA ဒါရိုက်တာကို ခေါ်ယူမေးမြန်းသည်' ဆိုခြင်းမှာ အထက်တွင်ဖော်ပြခဲ့သောတာဝန်ကို ထမ်းဆောင်ခြင်းဖြစ်ပေသည်။

အမေရိကန်ပြည်ထောင်စုတွင် လွှတ်တော်နှစ်ရပ်ရှိပြီး ထိုလွှတ်တော်နှစ်ရပ်တွင် ကော်မတီနှင့် ဆပ်ကော်မတီ ၂၀၀ကျော်ရှိပါသည်။ အဆိုပါကော်မတီများနှင့် ဆပ်ကော်မတီများသည်

(၁) ၎င်းတို့နှင့် သက်ဆိုင်သည့် ဝန်ကြီးဌာန၏ သတင်းအချက် အလက်များ စုဆောင်းခြင်း၊
(၂) ဥပဒေပြုရန်အနေအထားများရှိ၊ မရှိ နှိုင်းယှဉ်ချင့်ချိန်ခြင်း၊
(၃) မူဝါဒရေးရာပြဿနာများကို စုံစမ်း၍ ဖြစ်နိုင်ခြေရှိသည့် မူဝါဒဆိုင်ရာ အကြံပြုချက်များတင်ပြခြင်း၊
(၄) လွှတ်တော်ကြီးတစ်ခုလုံးအနေဖြင့် စဉ်းစားရမည့်အချက်များ သက်ဆိုင်ရာ နယ်ပယ်တွင် ရှာဖွေဖော်ထုတ်တင်ပြခြင်း၊
(၅) အစိုးရအဖွဲ့၏ လုပ်ရည်ကိုင်ရည်ကိုစောင့်ကြည့်အကဲဖြတ်ခြင်း (Oversight)
(၆) အမှားအယွင်းတစ်စုံတစ်ရာရှိပါက စုံစမ်းစစ်ဆေးခြင်း

စသည့်တာဝန်များကို ထမ်းဆောင်ကြပါသည်။ မကြာသေးခင်က မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော အထက်လွှတ်တော်အမတ်သည် ၎င်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ဆပ်ကော်မတီနှင့်ပတ်သက်သောအချက်အမှတ် (၃)ကို လာရောက်ရေးကြောင်းသိရှိရပါသည်။

အမေရိကန်ပြည်ထောင်စု၏ လွှတ်တော်စနစ်သည် မြန်မာနိုင်ငံတွင် အသစ်ဖြစ်ပေါ်

မည့်စနစ်နှင့် များစွာဆင်တူသည်ဖြစ်ရာ အမေရိကန်စနစ်၏ လွှတ်တော်နှစ်ရပ်နှင့် ကော်မတီများ၏ သမိုင်းကြောင်းကို လေ့လာနိုင်လျှင် များစွာအကျိုးရှိမည့်သင်ခန်းစာများ ရနိုင်ပါသည်။ အမေရိကန်လွှတ်တော်နှစ်ရပ်တွင် (ဆပ်ကော်မတီများထည့်မတွက်လျှင်) ကော်မတီအမျိုးအစားသုံးမျိုးရှိပါသည်။ ၎င်းတို့မှာ Standing Committees ခေါ် အမြဲတမ်းကော်မတီများ၊ Select or Special Committees ခေါ် အချိန်ကာလ သတ်မှတ်ဖွဲ့စည်းသော ကော်မတီများနှင့် Joint Committees ခေါ် ပူးတွဲကော်မတီများ ဟူ၍ သုံးမျိုးဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စု၏ ဆီးနိတ်လွှတ်တော်တွင် Standing Committees ခေါ် အမြဲတမ်းရေးရာကော်မတီ ၂၀ ရှိပြီး အောက်လွှတ်တော်တွင် ၂၂ ခုရှိပါသည်။ (ဇယားကြည့်)။ ပူးတွဲကော်မတီလေးခုရှိသည်ကိုတွေ့ရမည်ဖြစ်သည်။

အမြဲတမ်းကော်မတီခေါ် Standing Committees များသည် အမေရိကန်ပြည်ထောင်စုလွှတ်တော်များ၏ ဥပဒေကြမ်းအများစု အစပျိုးရာနေရာဖြစ်ပေသည်။ ၎င်းတို့ စောင့်ကြည့်သော ဝန်ကြီးဌာနများ၏ ဘတ်ဂျက်ကိုခန့်မှန်းပေးသူများလည်း ဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် အဆိုပါအမြဲတမ်းရေးရာကော်မတီများကို ကော်မတီများဟု ခေါ်ဆို၍ အခြေခံဥပဒေသစ်အရ စုစုပေါင်းအမြဲတမ်းကော်မတီလေးခု ပေါ်ပေါက်ရန် ရှိပေသည်။ အဆိုပါရေးရာကော်မတီများနှင့်ပတ်သက်၍ အခြေခံဥပဒေပုဒ်မ ၁၁၅၊ ၁၄၇ တို့တွင် အောက်ပါအတိုင်းဖော်ပြသည်။

***၁၁၅၊ ၁၄၇ လွှတ်တော်ကော်မတီများဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး (၁) လွှတ်တော်သည် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့ကိုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။***

အဆိုပါကော်မတီအမည်များနှင့် အရေအတွက်ကို အခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြထားသောကြောင့် ယေဘုယျအားဖြင့် နောက်ထပ် Standing ကော်မတီအသစ်ပေါ်ရန်မရှိပါ။ Select ကော်မတီများသာ ပေါ်ပေါက်ရန်ရှိသည်ဟု ဆိုရမည်ဖြစ်သည်။

အခြေခံဥပဒေသစ်တွင် အချိန်ကာလသတ်မှတ်ချက်ဖြင့် ဖွဲ့စည်းရမည့် လွှတ်တော်ကော်မတီများ (Select Committee)ကို လွှတ်လပ်စွာဖွဲ့စည်းနိုင်ရန် အောက်ပါအတိုင်း ခွင့်ပေးထားသည်ကို တွေ့ရသည်။

***၁၁၅၊ ၁၄၇ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသား လူမျိုးများ အရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာတင်ပြစေရန်လိုအပ်ပါက လွှတ်တော်ကော်မတီများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်။***

| House of Representatives | Senate | Joint |
|---|---|---|
| 1. Agriculture | 1. Aging (Special) | 1. (Conference) |
| 2. Appropriations | 2. Agriculture, Nutrition and Forestry | 2. Economic |
| 3. Armed Services | 3. Appropriations | 3. Library (established 1806) |
| 4. Budget | 4. Armed Services | 4. Printing |
| 5. Education and Labor | 5. Banking, Housing, and Urban Affairs | 5. Taxation |
| 6. Energy and Commerce | 6. Budget | |
| 7. Financial Services | 7. Commerce, Science and Transportation | |
| 8. Foreign Affairs | 8. Energy and Natural Resources | |
| 9. Homeland Security | 9. Ethics (Select) | |
| 10. House Administration | 10. Environment and Public Works | |
| 11. Intelligence (Permanent Select) | 11. Finance | |
| 12. Judiciary | 12. Foreign Relations | |
| 13. Natural Resources | 13. Health, Education, Labor, and Pensions | |
| 14. Oversight and Government Reform | 14. Homeland Security and Governmental Affairs | |
| 15. Rules | 15. Indian Affairs | |
| 16. Science and Technology | 16. Intelligence (Select) | |
| 17. Small Business | 17. Judiciary | |
| 18. Standards of Official Conduct | 18. Rules and Administration | |
| 19. Transportation and Infrastructure | 19. Small Business and Entrepreneurship | |
| 20. Veterans' Affairs | 20. Veterans' Affairs | |
| 21. Ways and Means | | |
| 22. (Whole) | | |

အမေရိကန်ပြည်ထောင်စုတွင် အဆိုပါကော်မတီများကို အမြဲတမ်းကော်မတီများက အထူးမပြုသောကိစ္စရပ်များကို စုံစမ်းလေ့လာနိုင်ရန် ဖွဲ့စည်းခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ အခြေခံဥပဒေသစ်တွင် တစ်ထပ်တည်းညီရှယ်ဖော်ပြထားသည်ကို ပုဒ်မ ၁၁၅၊ ၁၄၇ တို့တွင် တွေ့နိုင်ပေသည်။

Joint Committees ခေါ် ပူးတွဲကော်မတီများနှင့် ပတ်သက်၍လည်း အခြေခံဥပဒေသစ်ပုဒ်မ ၁၁၆၊ ၁၁၇၊ ၁၄၈၊ ၁၄၉ တို့တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

၁၁၆။ ၁၄၈ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ ညှိနှိုင်းမှုမရှိမှု ပေါ်ပေါက်လျှင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ အရေအတွက်တူညီစွာပါဝင်သော ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်ရေး

အတွက် ယင်းကော်မတီတွင်ပါဝင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်တာဝန်ပေးအပ်နိုင်သည်။ ပူးပေါင်းကော်မတီ၏ သက်တမ်းသည် သက်ဆိုင်ရာလွှတ်တော်သို့အစီရင်ခံစာတင်သွင်းပြီးသည့်အချိန်အထိဖြစ်သည်။

၁၁၇။ ၁၄၉ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သည် အထက် အပိုဒ်ခွဲ(၁)နှင့် (၂)ပါ ကော်မတီများက ဆောင်ရွက်ရမည့်ကိစ္စများမှအပ အကြောင်းကိစ္စတစ်ရပ်ရပ်ကို လွှတ်တော်နှစ်ရပ်စလုံးက လေ့လာရန်ရှိပါက ယင်းလွှတ်တော်များ၏ ဥက္ကဋ္ဌများသည် အချင်းချင်းညှိနှိုင်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သော ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။ ပြည်သူ့လွှတ်တော်သည် ထိုကော်မတီတွင်ပါဝင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်တာဝန်ပေးအပ်နိုင်သည်။ ယင်းပူးပေါင်းကော်မတီ၏သက်တမ်းသည် သက်ဆိုင်ရာလွှတ်တော်သို့ အစီရင်ခံစာတင်သွင်းပြီးသည့် အချိန်အထိဖြစ်သည်။

ဆိုလိုရင်းမှာ အဆိုပါကော်မတီများ ထက်မြက်ခဲ့လျှင် အမှန်တကယ်ပင်အုပ်ချုပ်ရေး အာဏာကိုကျင့်သုံးသောအစိုးရများ၏ မူဝါဒများကို ပုံဖော်ပေးသည့် Shadow Government ဖြစ်နိုင်သည်ဆိုသောအချက်ဖြစ်ပေသည်။ အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားရေး မူဝါဒကို 'State Department' ခေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက ချမှတ်ခြင်းမဟုတ်ဘဲ အမြဲတမ်းကော်မတီတစ်ခုဖြစ်သည့် 'Foreign Affairs' ကော်မတီနှစ်ရပ်က ပုံဖော်နေခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အခြေခံဥပဒေသစ်တွင် ရေးသားဖော်ပြထားသော ကော်မတီများနှင့်ပတ်သက်သည့်အချက်များကိုကြည့်လျှင် လွှတ်တော်ပေါ်၌ တပ်မတော်သား ၂၅ ရာခိုင်နှုန်း ပါဝင်ခြင်းကလွဲ၍ ဒီမိုကရေစီပုံစံကျပြီး အမေရိကန်ပြည်ထောင်စု လွှတ်တော်များ၏ ကော်မတီများသယ်ဆောင်သည့်တာဝန်နှင့် မကွာခြားလှသည်ကို တွေ့ရမည်ဖြစ်သည်။ အသေးစိတ်ကိုမူကား လုပ်ထုံးလုပ်နည်းများဆိုင်ရာ ဥပဒေထွက်လာမှ ပို၍ ရှင်းလင်းပါလိမ့်မည်။

၂၀၁၁ မြန်မာနိုင်ငံ အထူးသဖြင့် ၂၀၁၆ မြန်မာနိုင်ငံ၏ 'Good Governance' ဟု ပြောကြလျှင် လွှတ်တော်များပေါ်မှ နိုင်ငံရေးကို ပီပြင်အောင်အကောင်အထည်ဖော်ရန် တာဝန်ရှိကြသည့် 'နိုင်ငံရေးသမား' များပေါ်တွင်လည်း များစွာမူတည်မည်ဖြစ်ပေသည်။ သာမန်လေ့လာကြိုးစားအားထုတ်မှုဖြင့် အသစ်တည်ဆောက်ရမည့် နိုင်ငံတည်ဆောက်ရေးတာဝန်များကို ထမ်းဆောင်နိုင်လိမ့်မည်မဟုတ်ပါ။ အမှန်အားဖြင့် လူကောင်းခဲ့လျှင် စနစ်၏ အားနည်းချက်များကိုပင် ပြုပြင်ဖာထေး၍ ပန်းတိုင်သို့ အသေအချာရောက်နိုင်ပါသေးသည်။ ■

The Voice Weekly Vol 5-No.45

# Game Theory က ပေးသော သင်ခန်းစာ

## (၁) နေသန်မောင်၏ Game Theory

နိုင်ငံရေးသိပ္ပံပညာရှင် ရောဘတ်တက်ကာက Prisoner's Dilemma ဟုခေါ်သော နိုင်ငံရေးသဘောတရားတစ်ခုကို ၁၉၅၀ ခန်းကျင်တွင် စတင်ဖော်ထုတ်ခဲ့သည်။ ယင်းသီအိုရီသည် ရိုရယ်လစ်ဇင်သဘောတရားများနှင့် လစ်ဘရယ်အတွေးအခေါ်တို့ ရောနှောထားပြီး လူသား၏အရက်စက်ဆုံးသော အမှန်တရားအပေါ် လက်တွေ့အကျဆုံး တွက်ချက်မှုများဖြင့် အခြေခံထားသည်။

တက်ကာ၏ Prisoner's Dilemma ဆိုင်ရာ ရှင်းလင်းချက်မှာ လူနှစ်ဦးအား ရဲက ပြစ်မှုတစ်ခုအတွက်ဖမ်းဆီးပြီး ပြစ်မှုကို တစ်ယောက်ယောက်က ကျူးလွန်ကြောင်း ဝန်ခံစေလိုသည့်အခါ Prisoner's Dilemma ဂိမ်းကိုသုံးခြင်းဖြစ်သည်။ ဖမ်းဆီးခံရသူ နှစ်ဦးကို သီးခြားစီ ချုပ်နှောင်ထားပြီး ရဲက တစ်ယောက်ချင်းစီကို ကမ်းလှမ်းမှုတစ်ခုလုပ်သည်။ ကျူးလွန်သောပြစ်မှုအတွက် ဝန်ခံပါက ထောင်အနှစ် ၂၀ ကျခံရမည်ဖြစ်သည်။ ကမ်းလှမ်းမှု

(၁) မှာ မိမိအတွက် ဝန်မခံဘဲ အခြားတစ်ယောက် ကျူးလွန်သည်ဟု ဆွဲချပါက တစ်ဖက်မှ အစွပ်စွဲခံရသူက ထောင်ဒဏ် ၁၀ နှစ် ကျခံရမည်ဖြစ်ပြီး ကိုယ်လွတ်ရုန်းသူက အမှုမှ ကွင်းလုံးကျွတ်လွတ်မည်ဖြစ်သည်။

(၂)အရ နှစ်ဦးကိုယ်လွတ်ရုန်းပါက ထောင်ဒဏ်ငါးနှစ်စီကျခံရမည်။

(၃)အရ နှစ်ဖက်စလုံးမှ ဘာတစ်ခုမပြောဘဲရှေ့နေတိတ်နေပါက ထောင်ဒဏ်နှစ်ကြိမ်သာ ကျခံရမည်ဖြစ်သည်။ ရောဘတ်တက်ကာ၏ အဆိုပါသီအိုရီအပေါ် အဖမ်းခံရသူနှစ်ဦးက မည်သို့မည်ပုံ တုံ့ပြန်မည်နည်းဆိုသည်မှာ စိတ်ဝင်စားဖွယ်ကောင်းပါသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းဂိမ်းအား တစ်ကြိမ်တည်းသာ ကစားခွင့်ရှိသောကြောင့် ဖြစ်သည်။

ယင်း Prisoner's Dilemma ဂိမ်းအရ အကျဉ်းသားနှစ်ဦးစလုံး တစ်ဦးကိုတစ်ဦး ချောက်တွန်းခြင်းသည်သာ ပြစ်ဒဏ်ခံရမှု အနည်းဆုံးဖြစ်သည်။ တစ်ဖက်က ရှေ့နေတိတ်နေပါက ကျန်တစ်ဖက်က ကွင်းလုံးကျွတ်သွားနိုင်ပြီး မိမိမှာ ထောင် ၁၀ နှစ်ကျမည်

ကိန်းဖြစ်သည်။ ရည်ရွယ်ချက်မှာ နှစ်ဖက်စလုံးက ဖြစ်နိုင်သည့်လမ်းကိုလိုက်ပြီး သက်သာမှုရှိသည့်နည်းကို ရွေးချယ်သည့် လူတို့၏ သဘောတရားကို စစ်ဆေးခြင်းဖြစ်သည်။

(ပုံ - ၁)

ယင်း Prisoner's Dilemma ဂိမ်းအား တရုတ်-အမေရိကန် နှစ်နိုင်ငံအကြားကုန်သွယ်ရေးပြဿနာ ဖြေရှင်းမည့်အကြောင်းအရာပေါ် ဥပမာထား၍ ကြည့်သင့်ပါသည်။ အမေရိကန်ဘက်မှ ကုန်သွယ်ရေးတွင် အထက်စီးရမှုကိုသာ လိုလားမည်ဖြစ်ပြီး တရုတ်တို့ဘက်မှ ငွေနှိမ့်မှုကိုသာ မြင်စေချင်သည်။ ယင်းမှာ ပထမဦးဆုံးသောရွေးချယ်မှုဖြစ်သည်။ လက်တွေ့တွင် ယင်းသို့ မဖြစ်နိုင်သည့်အခါ နောက်ထပ်ရွေးချယ်စရာ နှစ်နည်းရှိနေသေးသည်။ လွတ်လပ်စွာကုန်သွယ်ရေးနှင့်ကုန်သွယ်ရေးလုပ်ချင်လုပ်၊ မလုပ်ချင်နေ ဆိုသည့် နည်းတို့ဖြစ်သည်။

ထိုနှစ်နည်းမှာ ရေငုံနှုတ်ပိတ်နေပါက ခြောက်လသာကျခံရမည့်နည်းနှင့် ကိုယ်လွတ်ရုန်းပါက ငါးနှစ်စီကျခံရသောနည်းတို့ဖြစ်သည်။

(ပုံ -၂)

ပဋိပက္ခဖြစ်သည့် ဘက်နှစ်ဖက်သည် နံပါတ်(၁)ကိုရွေးချယ်စရာအဖြစ် ပထမဦးဆုံး ရွေးချယ်ကြသည်။ ယင်းမှာတစ်ဖက်သတ် အပြတ်အနိုင်ရရေးဖြစ်သည်။ ယင်းနည်းလမ်း မအောင်မြင်သည့်အခါ ကျန်နှစ်နည်းကို စဉ်းစားလာရခြင်းဖြစ်သည်။ မြန်မာ့နိုင်ငံရေးတွင်လည်း Prisoner's Dilemma ဂိမ်းကို ထည့်သွင်းစဉ်းစားသင့်သည်။

တပ်မတော်အစိုးရနှင့် အတိုက်အခံအင်အားစုတို့၏ နံပါတ်(၁)ရွေးချယ်မှုတို့သည် တစ်ဖက်မှအပြတ်အနိုင်ရရေးကိုသာ ဆုပ်ကိုင်ထားသည်။ အဆိုပါမပြေလည်နိုင်ခဲ့သော ပဋိပက္ခသည် ဆယ်စုနှစ်နှစ်စုတိုင် ကြာမြင့်ခဲ့ပြီး အချိန်များကုန်ခဲ့သည်။ လမ်းကြောင်းမှန်သို့ ပိတ်နေခဲ့သည်။

ဒုတိယနည်းမှာ နှစ်ဖက်စလုံးမှ တွေ့ဆုံဆွေးနွေးရေးနည်းဖြင့် ဖြေရှင်းကြရန်ဖြစ်သည်။ ယင်းမှာ တရုတ်-အမေရိကန်ကစားနည်းမှ လွတ်လပ်စွာကုန်သွယ်ရေး (Free Trade) ဖြစ်သည်။ ယင်းနည်းသည် နှစ်ဖက်စလုံးက တစ်ဖက်ကိုတစ်ဖက် ယုံကြည်မှုနည်းပါးသည့်အခါ ပေါ်ပေါက်ရန်ခဲယဉ်းသည်။ တစ်ဖက်ဖက်မှ အချိန်မရွေးဖောက်လာနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် နှစ်ဖက်စလုံး ရေငုံနှုတ်ပိတ်နေမည်၊ မနေမည်အပေါ် တစ်ဖက်ကို တစ်ဖက် မယုံကြည်သောကြောင့် ဖြစ်သည်။ နောက်ထပ်စည်းမျဉ်းတစ်ခုမှာ ယင်းဂိမ်းကို တစ်ကြိမ်သာကစားရမည်ဆိုသည်ကို မေ့မထားရန်လိုသည်။

နောက်ဆုံးနည်းမှာ နှစ်ဖက်စလုံးက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်စရာမလိုတဲ့ ရွေးမည့်နည်းဖြစ်ပါသည်။ လမ်းညွှန်မြေပုံကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။ ရွေးကောက်ပွဲအရ မဲအများဆုံးဖြင့်ရွေးကောက်ခံရသူသည် လွှတ်တော်နှင့်

အုပ်ချုပ်ရေးအာဏာကို ၇၅ ရာခိုင်နှုန်း ချုပ်ကိုင်နိုင်စွမ်းရှိလာမည်ဖြစ်သည်။ ထိုနည်းသည် နှစ်ဖက်စလုံးမှ ရှုံးရန်မရှိပေ။ ၂၀၁၀ ရွေးကောက်ပွဲနှင့် လာမည့်အသွင်ကူးပြောင်းရေးအား ဆန့်ကျင်ခြင်းသည်သာ အတိုက်အခံများဘက်မှ လုံးဝရှုံးမည့် ကစားနည်းဖြစ်သည်။

(ပုံ-၁)

| | ဖမ်းခံရသူ(၂) ရေငုံနှုတ်ပိတ် | ဖမ်းခံရသူ (၂) ကိုယ်လွတ်ရုန်း |
|---|---|---|
| ဖမ်းခံရသူ (၁) ရေငုံနှုတ်ပိတ် | တစ်ဦးစီ ထောင် ခြောက်လ ကျခံ | ဖမ်းခံရသူ (၁) ၁၀ နှစ်ကျ ဖမ်းခံရသူ (၂) ကျင်းလုံးကျွတ် |
| ဖမ်းခံရသူ (၁) ကိုယ်လွတ်ရုန်း | ဖမ်းခံရသူ (၁) ကျင်းလုံးကျွတ် ဖမ်းခံရသူ (၂) ၁၀ နှစ်ကျ | တစ်ဦးစီ ငါးနှစ်စီကျခံ |

(ပုံ-၂)

| | လွတ်လပ်စွာကုန်သွယ်ရေး | အမေရိကန်အသာစီး |
|---|---|---|
| လွတ်လပ်စွာ ကုန်သွယ်ရေး | လွတ်လပ်စွာကုန်သွယ်ရေး | အမေရိကန်အသာစီး တရုတ်ရှုံးနိမ့် |
| တရုတ်အသာစီး ကုန်သွယ်ရေး | အမေရိကန်ရှုံးနိမ့် တရုတ် အသာစီး | နှစ်ဖက်စလုံး ကုန်သွယ်မှု ပြိုကျပျက်စီးမှု - စစ်ပွဲဖြစ်နိုင်ခြေ |

(ပုံ-၃)

| | အစိုးရ၏ တွေ့ဆုံဆွေးနွေးခြင်း | အစိုးရ၏ အာဏာရယူလိုမှု |
|---|---|---|
| အတိုက်အခံ၏ တွေ့ဆုံဆွေးနွေးခြင်း | နှစ်ဖက်သဘောတူညီမှုတွေ့ဆုံဆွေးနွေးရေး | အစိုးရအသာစီး အတိုက်အခံ ရှုံးနိမ့် |
| အတိုက်အခံ၏ အာဏာရယူလိုမှု | အစိုးရရှုံးနိမ့် အတိုက်အခံ အသာစီး | လမ်းညွှန်မြေပုံကို အကောင်အထည်ဖော်သည့် ရွေးကောက်ပွဲ |

## (၂) Game Theory ပေးသောသင်ခန်းစာ

အထက်တွင်ဖော်ပြထားသောအပိုင်း (၁) မှာ လွန်ခဲ့သော အပတ် The Voice Weekly 5-46 တွင် ဖော်ပြခဲ့သော နေသန်မောင်၏ Game Theory ဆောင်းပါးမှ ကောက်နုတ်ချက်ဖြစ်ပါသည်။ The Voice Weekly 5-43 တွင် စာရေးသူ Game Theory ဆောင်းပါးတစ်ပုဒ်ရေးခဲ့ပါသည်။ ယခုဆောင်းပါးကို အဆိုပါဆောင်းပါးနှင့် တွဲဖက်ရှု ဖတ်ရှုပြည့်စုံပါလိမ့်မည်။ စာရေးသူ၏ဆောင်းပါးတွင် Game Theory ၏ အခြေခံသဘော တရားကို မရှင်းလင်းဘဲရေးလိုက်သောအချက်များကို နေသန်မောင်၏ ဆောင်းပါးတွင်

အသေးစိတ်ရှင်းလင်းထားသောကြောင့် အဆိုပါဆောင်းပါးနှစ်ပုဒ်ကို တွဲဖတ်ရန် စာဖတ်သူများအတွက် ပြန်လည်ဖော်ပြရန်သင့်လေမည်လားဟုပင် စာရေးသူတွေးမိပါသည်။ Game Theory ၏ Lesson Learnt ခေါ် သင်ခန်းစာများကို ထပ်မံဖြည့်စွက်၍ရေးသားလျှင် ကောင်းမည်ဟု စိတ်ကူးရမိ၍ ယခုအပိုင်း (၃) ကို ထပ်မံဖြည့်စွက်လိုက်ပါသည်။

နေသန်းလှောင်၏ Game သီအိုရီဆောင်းပါးတွင် အဆိုပါ Game ကို ကစားရန် ထည့်သွင်းထားသော ကန့်သတ်ချက်များဖော်ပြထားသည်ကို စာဖတ်သူများဖတ်ရှုမိပါလိမ့်မည်။ ၎င်းတို့မှာ –

(၁) တစ်ကြိမ်သာကစားခွင့်ရှိသည်။

(၂) အပြန်အလှန်တွေ့ဆုံညှိနှိုင်းခွင့်ကို ဖြတ်တောက်ထားသည်။

**(No Dialogue - No Conversation)**

(၃) တစ်ဦးနှင့်တစ်ဦး တစ်နေရာစီခွဲ၍ချုပ်ထားသည်။

**(No Transparency)**

တစ်နည်းအားဖြင့် Game သီအိုရီအရ နှစ်ဖက်အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု (ဇယားတွင် အရောင်ရင့်ဖြင့်ပြထားသောအပိုင်း) ရရှိရန်အတွက် အောက်ပါတို့လိုအပ်သည်ဟု Game Theory က သုံးသပ်ထားပါသည်။

(၁) တစ်ကြိမ်မက အကြိမ်ကြိမ်စမ်းသပ်ကစားခဲ့လျှင်

(၂) အပြန်အလှန်ဆက်သွယ်မှု၊ ဆက်ဆံမှု၊ ညှိနှိုင်းမှု

(၃) သတင်းအချက်အလက်များမြင်သာထင်သာရှိမှု၊ တစ်ဖက်၏ခြေလှမ်းကို အမြဲတစေစောင့်ကြည့်နိုင်သောထင်သာရှိမှု

(၄) Trust ခေါ် အပြန်အလှန်ထားရှိသော ယုံကြည်မှု

အခုန်အလျှိုင်း ဆောင်းပါးနှစ်ပုဒ်က Game Theory ဖြင့် နိုင်းယှဉ်ဖော်ပြသော မြန်မာနိုင်ငံ၏ နိုင်ငံရေး Status quo သည် တစ်ကြိမ်သာမက နှစ်ပေါင်း ၂၀ ကျော် အကြိမ်ပေါင်းများစွာကစားထားသော Game ဖြစ်၍ သင်ခန်းစာယူမည်ဆိုလျှင် ရယူနိုင်သော သင်ခန်းစာများ ရှိပါသည်။ ထို့ထက်ပို၍ပြောရလျှင် ဆောင်းပါးများတွင် စမ်းသပ်ထည့်သွင်းထားသော ကန့်သတ်ချက်များဖြစ်သည့် Conversation Dialogue, Transparency နှင့် Trust စသည်များသည် နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း တည်ဆောက်ခဲ့ပြီး ဖြစ်ရမည့်အရာများလည်းဖြစ်ပေသည်။ အထက်ပါကိစ္စရပ်များကို 'ကြက်ဥနှင့်ကြက်မ' သဖွယ် သဘောထားခဲ့လျှင် ကြက်ဥအရင် သို့မဟုတ် ကြက်မအရင် စဉ်းစားစရာများရှိလာမည်ဖြစ်ပြီး 'သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ' ဟုသာအဖြေထွက်လိမ့်မည်ဖြစ်ပါသည်။

ဒီမိုကရေစီအင်အားစုများက အမြဲလိုပြောလေ့ရှိသော "တွေ့ဆုံ ဆွေးနွေးရေးတံခါး

အမြဲတမ်းဖွင့်ထားပါတယ်" ဆိုသောစကားသည် သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါဟု ပြောနေခြင်းဖြစ်ပါသည်။ အထက်တွင်ဖော်ပြထားသော အချက်လေးချက်ကို တည်ဆောက်ရန် ကြိုးစားမှု တစ်စုံတစ်ရာရှိသည်ဟု စာရေးသူမထင်မိပေ။

အမျိုးသားစည်းလုံးညီညွတ်ရေးအလို့ငှာ မည်သို့သောပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လိုပါသည်ဟု တစ်ဖက်သတ်ကမ်းလှမ်းခဲ့လျှင် ဒီမိုကရေစီအင်အားစုများအနေဖြင့် ဆုံးရှုံးနစ်နာစရာမရှိ ဟုထင်ပါသည်။ ထိုသို့သောကမ်းလှမ်းမှုအတွက် အကြောင်းပြန်ကြားမှု တစ်စုံတစ်ရာရရှိခဲ့လျှင် ဤကိစ္စကို Conversation ဟုခေါ်ရမည်သာ ဖြစ်ပေသည်။ ဤကိစ္စမျိုးသည် ဆိုင်းဘုတ်တင်ပွဲ လိုအပ်လှသည်မဟုတ်ပေ။ Trust ခေါ် ယုံကြည်မှုကို ပြနိုင်သူက စတင်ပြသခြင်း၊ Transparency ကိုပြနိုင်သူက စတင်ပြသခြင်း၊ Conversation ကို စနိုင်သူက စတင်ခြင်းများသည် နှစ်ပေါင်း ၂၀ ကျော် အကြိမ်ကြိမ် ကစားပြီးဖြစ်သည့် Game Theory ၏ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ရေခံမြေခံများကို တည်ဆောက်ခြင်းဖြစ်ရာ နှစ်ဖက်ပူးပေါင်း ဆောင်ရွက်မှု မလွဲမသွေရရှိစေလိမ့်မည်သာ ဖြစ်ပေသည်။ (Negotiation Theory များတွင် Reciprocal ဖြစ်စေမည့် နည်းလမ်းများ ဖော်ပြလေ့ရှိပါသည်။)

နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိပါသည်၊ ပူးတွဲကြေညာချက်တစ်ခု ထုတ်လိုပါသည်ဟု စဉ်းစားခြင်းသည် Trust ခေါ် ယုံကြည်မှုကို မိမိဘက်က စတင်ပြသရန် အသင့်မဖြစ်ခြင်းကို ပြသခြင်းပင်ဖြစ်ပေသည်။

အထက်တွင်ဖော်ပြခဲ့သော နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို မလွဲမသွေရရှိစေမည့် အချက်လေးချက်သည် စာရေးသူ၏ ထင်မြင်ယူဆချက်မဟုတ်ဘဲ Game Theory မှ ထုတ်နုတ်ထားသော သင်ခန်းစာများဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တပ်မတော်နှင့် အရပ်ဘက်လူ့ အဖွဲ့အစည်းအကြား အထက်ဖော်ပြပါအချက်လေးချက်ကို ရရှိနိုင်ရန် အရပ်ဘက် လူ့အဖွဲ့အစည်း၊ နိုင်ငံရေးအင်အားစုများဘက်မှ တည်ဆောက်ပေးရန် ဖြစ်နိုင်ခြေရှိ၊ မရှိစာဖတ်သူများကိုယ်တိုင် စဉ်းစားကြည့်စေလိုပါသည်။ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုရလိုပါသည်ဟု ပြောကြားနေသော်လည်း အထက်ပါအချက်လေးချက်ကို အလေးမထားခြင်း သို့မဟုတ် ပြောင်းပြန်သဘောထားခြင်းများသည် မည်သည့် သဘောဆောင်သနည်းဆိုသော အချက်ကိုလည်း စာဖတ်သူများ စဉ်းစားကြည့်စေလိုပါသည်။ ■

The Voice Weekly Vol 5-No.47

# ပန်းတိုင်ကိုလှမ်းမြင်နေရပြီဖြစ်သောခရီးကြမ်း

**စာရေးသူနှင့် စာရေးသူတို့၏မီဒီယာသည် လွန်ခဲ့သောငါးနှစ်ခန့်မှစ၍ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူခြင်းများကို ရပ်ဆိုင်းရေး၊ မြန်မာနိုင်ငံအစိုးရနှင့် ထိတွေ့ဆက်ဆံရေးများ အစဉ်တစိုက်တွန်းအားပေးခဲ့သူဖြစ်ရာ ယခုအခါ ထိုအရေးကိစ္စများကို အဓိကသက်ဆိုင်သူ Key Stakeholder များကသဘောတူသည့် အရိပ်လက္ခဏာများ စတင်တွေ့မြင်လာရသောကြောင့် များစွာကျေနပ်အားရမိခြင်းဖြစ်ရပါသည်။ ထိုကိစ္စများကို အစောပိုင်းကာလသဘောပေါက်ခဲ့ကြလျှင် ယနေ့ထက်ကောင်းမွန်သော ရလဒ်များ မြင်တွေ့ပြီးဖြစ်ရလိမ့်မည်ဟု တွေးမိသောအခါမှုတော့ များစွာ နှမြောတသမိခြင်းဖြစ်ရပါသည်။**

လွန်ခဲ့သောငါးနှစ်ခန့်ကဆိုလျှင် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူခြင်းများကို ရပ်ဆိုင်းရေး၊ မြန်မာနိုင်ငံအစိုးရနှင့်ထိတွေ့ဆက်ဆံရေးများကို အများရှေ့မှောက်တွင် ထုတ်ဖော်ပြောကြားရခြင်းသည် များစွာသတ္တိမွေးရသောသဘောရှိခဲ့ပါသည်။ လွန်ခဲ့သော ငါးနှစ်အတွင်း ထိုအယူအဆကို ထုတ်ဖော်ပြောကြားသူ တဖြည်းဖြည်း များပြားလာသည့်အခါတွင်မှ တိုက်ခိုက်မှုများ အနည်းငယ်ခံသာသွားခဲ့ခြင်းဖြစ်ပါသည်။ သို့တိုင်အောင် အဆိုပါ Antisanction ၊ Proengagement ပြောဆိုသူများကို အုပ်စုတစ်စုအဖြစ် သတ်မှတ်ကာ တတိယအုပ်စုဟု အမည်တပ်၍ တိုက်ခိုက်မှုများစွာ

ရှိခဲ့ပါသည်။ အများစုမှာ ဘောလုံးကို မကန်ဘဲ လူကိုကန်သော ကန်ချက်များ ဖြစ်သည်ကို တွေ့နိုင်ပါသည်။ စာရေးသူမှာ ပြည်တွင်းမှနေ၍ ဤအယူအဆကို ပြောသူ ဖြစ်၍ ပုဂ္ဂိုလ်ရေးပြောဆိုစွပ်စွဲမှု များစွာခံခဲ့ရပါသည်။

မည်သို့ပင်ဖြစ်စေ ယခုအခါ အမေရိကန်ပြည်ထောင်စုအစိုးရက မြန်မာနိုင်ငံအစိုးရ၊ တပ်မတော်တို့နှင့် ထိတွေ့ဆက်ဆံရေးကို တရားဝင်ထုတ်ဖော်ပြောဆိုလာခဲ့ပြီး ထိုအပြု သဘောဆောင်သော ဂံတရားများ၏ အကျိုးဆက်ကို မြန်မာပြည်သူများ မြင်တွေ့ခံစား ကြရတော့မည်ဖြစ်ပေသည်။ အပေါင်းလက္ခဏာဆောင်သောရလဒ်များအတွက် အပေါင်း လက္ခဏာဆောင်သော ပေးသွင်းမှုများ လိုအပ်သည်ကို အသေအချာယုံကြည်သော Practising Buddhist တစ်ဦးအနေနှင့် (အတိုင်းအဆကို မခန့်မှန်းနိုင်သော်လည်း) ရလဒ်ကောင်းများရှိလာမည်ကို အသေအချာယုံကြည်ရင်စုန်မိပါသည်။

အမှန်အားဖြင့် အနောက်နိုင်ငံကြီးများတွင် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှု များကို ရပ်ဆိုင်းရေး၊ မြန်မာနိုင်ငံအစိုးရ၊ တပ်မတော်တို့နှင့် ထိတွေ့ဆက်ဆံရေးများကို ပြောကြားသည့်အခါတိုင်း သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများက အဟန့်အတား အဖြစ် ရည်ညွှန်းပြောကြားလေ့ရှိသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများမှာ နိုင်ငံခြားသား များ ဖြစ်နေသည်ကို တွေ့ရပေသည်။ မြန်မာနိုင်ငံသားမပါရှိသလောက်ဖြစ်သော နိုင်ငံခြားသားများက ဦးစီးလုပ်ဆောင်နေသည့် Burma Campaign UK ကဲ့သို့အဖွဲ့ အစည်းမျိုး၏ သဘောထားကို မြန်မာနိုင်ငံတွင်းမှ ကာယကံရှင်မြန်မာများထက်ပို၍ အနောက်နိုင်ငံရှိ အစိုးရများစွာတို့က ဂရုစိုက်နေရသည်ကိုကြည့်လျှင် ထိုနိုင်ငံခြား သားများ မည်မျှအစွမ်းထက်သည်ကို တွေ့နိုင်ပါသည်။ စာရေးသူအနေဖြင့် ထိုသို့သော နိုင်ငံခြားသားများက အဘယ်ကြောင့် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများကို ကိုယ်စားပြု ခွင့် ရရှိနေကြသည်ကို နားမလည်နိုင်ပါ။ များစွာသေချာသည်မှာ Burma Campaign UK ကဲ့သို့ အဖွဲ့အစည်းများသည် မြန်မာနိုင်ငံကို ကိုယ်စားပြုခွင့်ရထားပါသည်ဟု အမည်အလွဲသုံးစားပြုနေခြင်းသာ ဖြစ်ပေသည်။ ၎င်းတို့အနေဖြင့် စာရေးသူတို့၏ မြန်မာနိုင်ငံတွင်း ဘဝအခြေအနေများကို ကိုယ်ချင်းစာနာနိုင်သူများဖြစ်လိမ့်မည်ဟု စာရေးသူ မည်သည့်အခါကမျှ မယူဆပါ။ ထိုနိုင်ငံခြားသားများက မည်သို့ဆက်လက် ကိုယ်စားပြုမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အဆိုပါအဖွဲ့မှ နိုင်ငံခြားသားအမျိုးသားတစ်ဦးနှင့် Institute of Democracy for Asia အဖွဲ့အစည်းမှ အမျိုးသမီးတစ်ဦး စုစုပေါင်းနှစ်ဦးခန့်က အနောက်နိုင်ငံများရှိ မြန်မာနိုင်ငံ Lobby ပေါ် ပိတ်ဆို့ရေးကို စီးနင်းထားရာ ၎င်းတို့ကိုကျော်လွှားနိုင်ရန် နှစ်ပေါင်းများစွာကြာခဲ့သည်မှာ

လက်တွေ့ဖြစ်ပေသည်။ အဆိုပါအမျိုးသမီးသည် မကြာသေးခင်ကာလများအတွင်း အမေရိကန်သတင်းစာများတွင် မြန်မာအမည်သုံးစွဲ၍ ဆောင်းပါးရေးကာ နောက်ဆုံးခံစစ်ဖြင့် အမေရိကန်အစိုးရ၏ ထိတွေ့ဆက်ဆံရေးမူကို ပိတ်ဆို့ရန် ကြိုးစားခဲ့သေးသည်ကို တွေ့မြင်ခဲ့ရပေသည်။

အမှန်အားဖြင့် မြန်မာနိုင်ငံကို စနစ်တကျ Isolate လုပ်ထားသူများမှာ အနောက်နိုင်ငံအစိုးရများမဟုတ်ဘဲ ၎င်းနိုင်ငံများအား မြန်မာနိုင်ငံသားများကို ကိုယ်စားပြုပါသည်ဆိုကာ အလိုရှိရာပုံဖော်နေသူ အဆိုပါနိုင်ငံခြားသားများဖြစ်ပေသည်။ မြန်မာနိုင်ငံနှင့်ပတ်သက်၍ နားလည်မှုအလွဲ အတော်များများမှာ ၎င်းထံတွင် မြစ်ဖျားခံသည်ကို တွေ့ရသည်။ တစ်နည်းအားဖြင့်ပြောရလျှင် အဆိုပါနိုင်ငံခြားသားများ၏ 'Feel good' အတွက် မြန်မာနိုင်ငံနှင့်ပတ်သက်၍ 'Make good' များ ပေးဆပ်ခဲ့ရခြင်းဖြစ်ပါသည်။ စာရေးသူအနေဖြင့် ယခုကဲ့သို့ ပုဂ္ဂလိကသဘောပါသည့် ဝေဖန်ချက်မျိုးကို ရေးသားရန် စိတ်ကူးမရှိသော်လည်း မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့နိုင်ငံသား သန်းပေါင်းများစွာ၏ ကံကြမ္မာကို လူတစ်ဦးစ နှစ်ဦးစက ခြယ်လှယ်ခဲ့ကြောင်း သိသာစေလိုသည့်အတွက် ရေးသားဖော်ပြရခြင်းဖြစ်ပါသည်။

အခြားတစ်ဖက်တွင်လည်း ယခုကဲ့သို့ ပြောင်းလဲလာနေသည့် အပြုသဘောဆောင်သည့် သဘောထားများ စိတ်မရှည်ဖြစ်ကာ Key Stakeholder များ မူလသဘောထားထံသို့ နောက်ကြောင်းပြန်သွားကြမည်ကိုလည်း များစွာစိတ်ပူရပြန်ပါသည်။ နှစ်ပေါင်းများစွာ အသားကျနေသောစနစ်တစ်ခုနှင့် ထိုစနစ်နှင့် ယဉ်ပါးနေခဲ့သူများ စနစ်အသစ်ထံကို ပြောင်းရွှေ့ကြရမည်ဖြစ်၍ အပြောင်းအလဲများနှင့်ပတ်သက်၍ စိတ်ရှည်သည်းခံကြပါမှသည့်အကြောင်း ကြားဝင်၍ မေတ္တာရပ်ခံလိုပါသည်။ Democratic believes and Political Culture ခေါ် ဒီမိုကရေစီရေခံမြေခံနှင့် တပ်မတော်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းအကြား Trust ခေါ်သည့် ဒီမိုကရေစီရေခံမြေခံများသည် စိတ်ရှည်လက်ရှည် တည်ဆောက်ယူရမည်ဖြစ်ပေသည်။

■

The Voice Weekly Vol 5-No.48

# အနာဂတ် Check and Balance

**ရွေးကောက်ပွဲဝင်ရန်ဆုံးဖြတ်ခြင်းသည် တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာဖောက်ရာကျသည့်အလား ပြည်တွင်းပြည်ပမှ လှုံ့ဆော်သူများကပုံဖော်ခဲ့ကြသောကြောင့် လက်တွေ့ကျသူတိုင်းရင်းသားများမှအပ ကျန်နိုင်ငံရေးအင်အားစုအများစုမှာ ရွေးကောက်ပွဲဝင်ရန်ဆုံးဖြတ်ထားသည့်တိုင် ပွင့်ပွင့်လင်းလင်း မပြောဆိုရဲဘဲရှိကြသည်ကို တွေ့ရပေသည်။**

ရွေးကောက်ပွဲလမ်းကြောင်းသည် ယနေ့အခြေအနေတွင် တစ်ခုတည်းသောရွေးချယ်စရာဖြစ်ပြီး အားလုံး၏ Face Saving ကို ဖော်ဆောင်ပေးနိုင်သော နည်းလမ်းဖြစ်သည်ကို သမိုင်းက မှတ်တမ်းတင်လိမ့်မည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အသေအချာပေါ်ပေါက်လာမည့် ရွေးကောက်ပွဲနှင့် လွှတ်တော်နှစ်ရပ်တို့ထံမှ မဖြစ်မနေရသင့်သည်မှာ Check and Balance ဖြစ်ပေသည်။ ယနေ့နိုင်ငံရေးအင်အားစုများ၏ အနေအထားအရပ်ရပ်ကို ကြည့်ရသည်မှာ Check and Balance အတွက် အားမရှိစရာကောင်းလှပေသည်။

မူလကပင် လူလတ်တန်းစားနှင့် အရပ်ဘက်လူ့အဖွဲ့အစည်း အင်အားချို့နဲ့နေရသည့်အထဲတွင် ရွေးကောက်ပွဲမဝင်ရေးကို ပြောဆိုသူများ၏အသံကြောင့် အနာဂတ် Check and Balance သည် အားရှိစရာမကောင်းလှပေ။

ယနေ့အချိန်တိုင်အောင် အခြေအနေအရပ်ရပ်ကို မည်သို့တုံ့ပြန်မည်ဆိုသောကိစ္စ

တွေ့ဆုံနေကြသူများကြောင့် ပြင်ဆင်ချိန်ပေးသောကာလတွင် မည်သို့သောပုံစံပေါ်လာမည်ကို ခန့်မှန်း၍ရသောသဘောရှိနေပေသည်။ တိုင်းရင်းသားအများစုမှာမူ ဘဝပေးအသိကြောင့် လက်တွေ့ကျကြသည်ဖြစ်ရာ ပြင်ဆင်မှုများကို အပြည့်အဝမြင်တွေ့နေရပေသည်။ ထိုအခြေအနေအရပ်ရပ်ကြောင့် အနာဂတ်လွှတ်တော်ပေါ်များ၌ Check and Balance အရပ်ရပ်သည် တိုင်းရင်းသားလူမျိုးစုများ၏ ပါတီများအပေါ်တွင် မူတည်ရတော့မည်ကို တွေ့ရပေသည်။

တိုင်းရင်းသားများက Check and Balance လုပ်မည့် အဓိကအင်အားစုဖြစ်ခဲ့လျှင် တိုင်းရင်းသားလူမျိုးများ၏ အရေးမဟုတ်သော ကိစ္စများကို မည်သူက Check and Balance လုပ်မည်ဆိုသောကိစ္စသည် မေးစရာမေးခွန်းဖြစ်လာသည်ကို တွေ့ရသည်။

အမှန်အားဖြင့် Check and Balance ဆိုသည်မှာ လွှတ်တော်များပေါ်သို့ အတိုက်အခံ(သဖွယ်)အမတ်များ လုံလောက်သောအရေအတွက်ရောက်ရှိလာရုံဖြင့် ဖြစ်နိုင်ခြေရှိပြီဟု ပြော၍မရသေးပါ။ Check and Balance လုပ်ခြင်းသည် အတိုက်အခံပြုလုပ်ခြင်းလည်း မဟုတ်ပေ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များအတွက် မည်သို့သော ပြည်သူ့ရေးရာမူဝါဒများဖြစ်ရမည်ဟု ဝိုင်းဝန်းစဉ်းစားပေးနိုင်သူများ ဖြစ်ရန် အဓိကလိုအပ်ခြင်း ဖြစ်ပေသည်။ တစ်နည်းအားဖြင့် အရေအတွက်ရော အရည်အချင်းပါ လိုအပ်ချက်ရှိနေခြင်း ဖြစ်ပေသည်။ ယခုလောလောဆယ်မြင်ကွင်းမှာ အရေအတွက်ကိစ္စပင် ပြေလည်မည့်သဘော မရှိရာ အရည်အချင်းကိစ္စသည် စဉ်းစားစရာပင်မလိုသော အခြေအနေတွင်ရှိနေပေသေးသည်။

လွှတ်တော်များတွင် လုပ်ဆောင်ဖွယ်ရာများစွာရှိနေသောကြောင့် လွှတ်တော်အစည်းအဝေးများ တစ်နှစ်ပတ်လုံးကျင်းပရန် လိုအပ်ချက်လည်း ရှိနေပါသည်။ လွှတ်တော်ကိုယ်စားလှယ် ၁၆၆ ဦး လက်မှတ်မထိုးလျှင် လွှတ်တော်များသည် တစ်နှစ် နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ်ခန့်သာ ကျင်းပသည့်သဘော ရောက်ရှိသွားနိုင်ပေသေးသည်။

များစွာသေချာသည်မှာ အရပ်ဘက်လူ့အဖွဲ့အစည်း အားမကောင်းလျှင် တွေဝေလျှင် Check and Balance မဖြစ်နိုင်သကဲ့သို့ Check and Balance မရှိလျှင်လည်း Good Governance ဖြစ်နိုင်ခြေမရှိပေ။ ■

The Voice Weekly Vol 5-No.49

## Street Smart နှင့် အယ်ဒီတာဆွေးနွေးခန်း



**SS** : အယ်ဒီတာမင်းရဲ့ ခင်ဗျားတို့က တစ်ခါတစ်ရံမှာ အစိုးရဘက်က ပြတ်ပြတ်သားသားရပ်တည်တယ်နော်။ တချို့က ခင်ဗျားတို့ကို အယ်ဒီတာချုပ်လို့ အစိုးရရဲ့ အာဘော်တစ်ပိုင်း သတင်းစာအဖြစ် မြင်ကြပြီဗျ။

**FD** : ၂၀၀၀ တန်းကိစ္စကို ပြောတာရှိသလား ဒီကိစ္စကမှန်ပါတယ်ဗျာ။ အဲဒီကိစ္စက မှန်လို့မှန်တယ်လို့ ထောက်ခံလိုက်တာလေ။ တကယ်ကတော့ဗျာ ဟိုဘက်ခြမ်းက ဆိုတာတွေက လက်ခံလောက်ပါပြီ ကိုယ့်စိတ်ထဲမှာတော့ ပိုပြီးတွေ့ရှိနေတာပါ။

Analytical (ပိုင်းခြားစိတ်ဖြာနိုင်စွမ်း) ဖြစ်ဖို့သာလိုတာပါဗျာ။

**SS : မှန်တော့မှန်ပါတယ်။ ဒါပေမဲ့မှန်သော်လည်း မပြောထိုက်တဲ့ စကားဆိုတာက ရှိသေးတယ်လေ။ စာဖတ်သူက လက်မခံတော့ရင် ခင်ဗျားတို့မီဒီယာ ဘယ်မှမရောက်တော့ဘူးလေဗျာ။**

ED : ဘုရားဟောတာက မှန်သော်လည်း အကျိုးမများနိုင်တဲ့စကားကို မပြောအပ်ဘူးလို့ဆိုလိုတာပါဗျ။ အခု ၂၀၀၀တန်ကိစ္စက မှန်လည်း မှန်တယ်၊ ပြည်သူလူထုကိုလည်း အကျိုးများနိုင်တဲ့ကိစ္စလည်းဖြစ်လို့ ပြည်သူသိအောင် မီဒီယာတစ်ခုကထမ်းဆောင်သင့်တဲ့တာဝန်ကို ထမ်းဆောင်လိုက်တာပဲလေဗျာ။

**SS : ဒါပေမဲ့ ခေါင်းစဉ်ပေးထားပုံက မပြင်းလွန်းဘူးလားဗျာ။**

ED : အဲဒီခေါင်းကြီးပိုင်းမှာ ရေးထားတာကိုခြုံပြီး ပြောရရင် ၅၀၀၀ ထုတ်လိုက်တာကောင်းပါတယ်၊ ရေရှည်မှာကောင်းကျိုး ဖြစ်ပါလိမ့်မယ်ဆိုပြီး ရေးထားတာလေဗျာ။ အဲဒါကြီးဆိုတာဖြစ်လို့ ကြီးဆိုတယ်လို့ ရေးလိုက်တာလေ။ တစ်ခုတော့ရှိတယ်ဗျ။ အဲဒီအချိန်တုန်းက မြန်မာပညာရှင်ဆရာတစ်ယောက်ရဲ့ မယုတ်မလွန် Comment တစ်ခုကို ဖတ်ထားမိတာလည်းပါတာပေါ့။ သူ့ Comment ဟာ ကျွန်တော့်ဆီက အယ်ဒီတာငယ်တစ်ဦးပေးတဲ့ မှတ်ချက်နဲ့အတူတူပဲ။ မရှုဘူးပေါ့ဗျာ။ ဒါနဲ့အဲဒီလိုပြတ်သားတဲ့ခေါင်းစဉ်ကို ပေးမယ်လို့ ယတိပြတ် ဆုံးဖြတ်မိသွားတာ။

**SS : ခေါင်းစဉ်ကြည့်ပြီး စာဖတ်သူက မဖတ်တော့ရင် ခင်ဗျားတို့ နာတာပေါ့ဗျာ။**

ED : ဒီတစ်ခုတော့ သဘောတူပါတယ်။ နောင်မှာ ဆင်ခြင်ရမှာပေါ့ဗျာ။

**SS : အဲဒီလိုစာဖတ်သူက အစိုးရဘက်လိုက်တယ်လို့ ထင်သွားမှာတွေကို ခင်ဗျားတို့ ကြည့်ရတာ စိတ်ပူပုံမရဘူးနော်။**

ED : ဒီနေရာမှာ မီဒီယာတွေက ထမ်းဆောင်ရမယ့် တာဝန်နဲ့ပတ်သက်ပြီး နည်းနည်းရှင်းဖို့လိုမယ်ထင်တယ်ဗျ။ အားလုံးသိထားတဲ့ တာဝန်ကတော့ Watch dog လို့ခေါ်တဲ့ တာဝန်ပေါ့ဗျာ။ ပြည်ဖောင့်ခွေးပေါ့။ မမှန်တာတွေ့ရင်ဟောင်တယ်။ ဒါ့အပြင် လုပ်သင့်တယ်လို့ထင်လို့ ကျွန်တော်တို့ လုပ်နေတဲ့တာဝန်တစ်ခုရှိသေးတယ်ဗျ။ အဲဒါကတော့ Policy Advocacy လို့ခေါ်တဲ့ မူဝါဒဆိုင်ရာ အကြံပြုလျှောက်လဲခြင်းပေါ့။ အဲဒီအလုပ်မျိုးကို လုပ်ဖို့ဆိုရင် ခင်ဗျား ခြစ်စည်းရိုးပေါ် ခွတိုင်လို့မရဘူး။

**SS : မရှင်းဘူးဗျ။ ခင်ဗျားပြောတာ။**

ED : ပြည်သူ့ရေးရာမူဝါဒဆိုင်ရာ ပညာရပ်နယ်ပယ်မှာ မူဝါဒဆိုင်ရာ Final အဆုံးအဖြတ်ပေးသူဟာ အစိုးရဖြစ်တယ်လို့ အားလုံးက နားလည်ထားကြပါတယ်။ အဲဒီလို အဆုံးအဖြတ်ပေးသူဟာ အစိုးရဖြစ်နေတာကြောင့် ကျွန်တော်တို့လုပ်တဲ့ Policy Advocacy ဆိုတာဟာ အစိုးရက ထည့်သွင်းမစဉ်းစားရင် ဘယ်မှမရောက်ဘူး။ အဲဒီလို ထည့်သွင်း စဉ်းစားဖို့ဆိုရင် ကျွန်တော်တို့ရဲ့ Track Record ကောင်းဖို့လိုတယ်။ သမိုင်းကြောင်း ပေါ့။ ဘယ်ကိစ္စကို လက်ခံပါတယ်၊ ဘယ်ကိစ္စကို ဘာကြောင့် လက်မခံပါဘူးဆိုတာမျိုးတွေကို မှန်မှန်ကန်ကန်ရပ်တည်နဲ့မှသာ ကိုယ့်စကားကို ထည့်သွင်းစဉ်းစားမှာပေါ့ဗျာ။ အခေါ်အခေါ်ကိစ္စတွေပြောရတာ ဒီအကြောင်းပါပဲ။ စစ်အစိုးရအနေနဲ့ ဒီဟာလေးလုပ်သင့်ပါတယ်လို့ပြောတာနဲ့ တပ်မတော်အစိုးရအနေနဲ့ ဟိုဟာလေးလုပ်သင့်ပါတယ်လို့ပြောတာ ဘယ်သင်းကို Policy Decision Maker နားထောင်ချင် မလဲ စဉ်းစားကြည့်ပေါ့ဗျာ။

**SS : ဟုတ်ပြီ ဟုတ်ပြီ ကောင်းတာတွေ အသိအမှတ်မပြုခဲ့ရင် မကောင်းတာ ထောက်ပြတော့ ဘယ်လက်ခံမလဲဆိုတဲ့ သဘောပေါ့ဗျာ။**

ED : ဒီသဘောတရားတွေကို ကျွန်တော်တို့ စာဖတ်သူအများစုက နားလည်ကြလို့ သာလျှင် ကျွန်တော်တို့မီဒီယာ ဒီကနေ့အထိ ရပ်တည်နေနိုင်တာပါဗျာ။ ကျွန်တော် ထင်ပါတယ် စာဖတ်ပရိသတ်အမျိုးမျိုးရှိပါတယ်။ ကျွန်တော်တို့ပစ်မှတ်ပရိသတ်က ကျွန်တော်တို့ကို နားလည်တယ်လို့ယုံပါတယ်။ သတိပေးတာတွေကိုလည်း ကျေးဇူးတင်ပါတယ်။ သတိလည်းထားပါမယ်။

**SS : ကျွန်တော်သိပါတယ်ဗျ။ ခင်ဗျားတို့ဟာ ဘယ်ဘက်ကမှမဟုတ် လွတ်လပ်တဲ့မီဒီယာတစ်ခုဖြစ်တယ်ဆိုတာကို။ ဒါပေမဲ့ အဲဒီလိုသိတဲ့လူတွေ များလာစေချင်တဲ့ စေတနာနဲ့ ပြောတာပါ။**

■

The Voice Weekly Vol 5-No.50

# ရေစီးကြောင်းနှစ်ကြောင်း



၂၀၀၉ အောက်တိုဘာ ၉ ရက်နေ့က ကျင်းပသော စစ်မှုထမ်းဟောင်း ညီလာခံတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လွတ်လပ်စွာ သဘောထားကွဲလွဲမှုများကို အမျိုးသားအကျိုးစီးပွားကို မထိခိုက်လျှင် လက်ခံသည့်သဘော ထုတ်ဖော်ပြောကြားခဲ့ရာ ယနေ့မီဒီယာများပေါ်တွင် ခေတ်ပြိုင်နိုင်ငံရေးကို ရေးသားဖော်ပြမှုများ ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းကို မြင်တွေ့ခဲ့ရခြင်းဖြစ်ပေသည်။

စာရေးသူကိုယ်တိုင် The Voice Weekly ပေါ်တွင် ယနေ့ထိ ခေတ်ပြိုင်နိုင်ငံရေးနှင့်ပတ်သက်သော ရေးသားဖော်ပြခဲ့သမျှသည် ထိုသို့ဖော်ပြခွင့်ရရန် မည်သည့်အခါကမျှ ဒိပ်မက်မက်ရှားသော အကြောင်းအရာများဖြစ်ပါသည်။ စာရေးသူ၏ မိတ်ဆွေတစ်ဦးကဆိုလျှင် ခင်ဗျားရေးတာတွေဖတ်ပြီး ကျွန်တော်ကြက်သီးတောင်ထ

တယ်ဟု မှတ်ချက်ပေးခဲ့ပါသည်။ ထိုသို့သောအကြောင်းအရာများကိုရေးသား ထုတ်ဝေခွင့်ပြုခဲ့သည့်အတွက် ထိုလုပ်ငန်းအဆင့်ဆင့်တွင်ပါဝင်ပတ်သက်ခဲ့သူအားလုံး မိမိတို့ထည့်ဝင်မှုအလိုက် ဘဝသံသရာတွင် ညဏ်အလင်း ကုသိုလ်များရရှိခံစားကြရ လိမ့်မည်ဖြစ်ပါသည်။ ထိုသူအားလုံးကို အထူးပင် အသိအမှတ်ပြုကျေးဇူးတင်ပါ ကြောင်း ဤနေရာမှနေ၍ ထပ်မံ၍ ကျေးဇူးစကား ဆိုလိုပါသည်။

သတင်းစကားတစ်ခုကို ကာယကံရှင်က တိုက်ရိုက်ပြောသော စကားထက်လွှတ် လပ်သော တတိယလူကပြောသော စကားကပို၍ ထိရောက်သည်ဆိုသောအယူအဆ သည် လူထုဆက်သွယ်ရေးဆိုင်ရာ PR သီအိုရီများကို လိုက်နာကျင့်သုံးခြင်းလည်း ဖြစ်ပေသည်။ ယခုအခါ အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းစေမည့်အကြောင်းအရာများကို လွတ်လပ်သောမီဒီယာများကို ရေးခွင့်ပြုခဲ့ခြင်းသည် အနာဂတ်အတွက် ကောင်းကျိုးများ ဆောင်ကြဉ်းခြင်းပင်ဖြစ်ပါသည်။

ပုဂ္ဂလိကသတင်းစာစောင်များတွင် ယခုကဲ့သို့ ခေတ်ပြိုင်နိုင်ငံရေးများ ရေးသား ဖော်ပြခွင့်ပြုခြင်းကို မျက်မှန်စိမ်း မတပ်ထားသော စာဖတ်သူများစွာတို့က ကြိုဆို ခဲ့ကြကြောင်း စာရေးသူတို့ထံရောက်ရှိလာသော ပေးစာများစွာတို့က သက်သေခံ လျက်ရှိပါသည်။ ခေတ်ပြိုင်နိုင်ငံရေးကို မရေးဘဲ ထိုသို့ရေးသားနေသူများအပေါ် တိုက်ခိုက်နေသူများကိုကြည့်လျှင် ယခုလာမည့်ရွေးကောက်ပွဲကို အသွင်ကူးပြောင်းရေး အဆင့်တစ်ခုအဖြစ် လက်မခံသူများ ဖြစ်နေသည်ကို တွေ့ရပေသည်။ ထိုအယူအဆ များကို ရေးသားဖော်ပြရန် အခြေအနေမရှိသောကြောင့် ထိုသို့ရေးသားသူများကို ဆန့်ကျင်သောခေတ်ပြိုင်နိုင်ငံရေးကို လုပ်ကြရခြင်းဖြစ်သည်ကိုတွေ့ရသည်။ ခေတ်ပြိုင် နိုင်ငံရေးကို မည်သည့်မှုဖြင့် ရေးခွင့်ပြုထားကြောင်း စာဖတ်သူများ အလွယ်တကူ ခံစားသိရှိနိုင်ပါလျက် အထူးအခွင့်အရေးအဖြစ် ပုံဖျက်၍ ရေးသားဝေဖန်မှုများလည်း ရှိခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ မြန်မာမီဒီယာများပေါ်တွင် နိုင်ငံရေးရေစီးကြောင်းကြီးတစ်ခု ဖြစ်ထွန်းလာနေသည်မှာတော့ အသေအချာပင်ဖြစ်ပေသည်။ မျှမျှတတသည့်ခေတ်ပြိုင် နိုင်ငံရေး ရေးသူအကန့်အသတ်ရှိနေသောကြောင့် ခေတ်ပြိုင်မဟုတ်သောနိုင်ငံရေးကို မီဒီယာအများစုက ဖော်ပြလာကြရာ နိုင်ငံရေးအရ နိုးကြားမှုကိုတော့ အသေအချာဖြစ် စေလိမ့်မည်ဟု ယုံကြည်ပါသည်။

မီဒီယာများပေါ်တွင် ခေတ်ပြိုင်နိုင်ငံရေးများ အုံနှိုက်ဝယ်ဝတ်၍လာရသော်လည်း စီးပွားရေးနှင့်ပတ်သက်၍ ရေးသားဖော်ပြမှုများကိုကြည့်လျှင် အကန့်အသတ်များစွာ

ရှိနေသည်ကို တွေ့ရပေသည်။ မီဒီယာများပေါ်တွင် ဖော်ပြနေသော နိုင်ငံရေးနှင့် နိုင်ငံ့ယှဉ်လျှင် စီးပွားရေးဆိုင်ရာရေးသားဖော်ပြမှုများသည် ဆယ်စုနှစ်တစ်ခုစာ နောက်ကျနေသည်ကို တွေ့ရပါသည်။ သို့သော် ထိုအကန့်အသတ်များကို သက်ဆိုင်ရာ တာဝန်ရှိသူများမှ ပြုလုပ်ထားခြင်းမဟုတ်ဘဲ ထိုစီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်သော ဝန်ကြီးဌာနအသီးသီးမှ ကန့်သတ်ထားခြင်းဖြစ်သည်ကို တွေ့ရပေသည်။

ထိုအကန့်အသတ်များသည် မည်သည့်ရည်ရွယ်ချက်ဖြင့် ထည့်သွင်းထားရ သနည်းဆိုသည်ကို ယခုအခါ စဉ်းစားကြည့်ရန်လိုအပ်လာခဲ့ပြီဖြစ်ပေသည်။ အမျိုးသား အကျိုးစီးပွားကို မထိခိုက်သော သဘောထားကွဲလွဲခွင့်ကို နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သဘောတူကြောင်း ပြောကြားခဲ့ပြီဖြစ်ရာ စီးပွားရေးအရ ဝေဖန်ရေးသားမှုများသည် အမျိုးသားအကျိုးစီးပွားကို ထိခိုက်ခြင်း မဟုတ်လျှင် နိုင်ငံရေးထက်ပင် ပို၍ဖြစ်နိုင်ခြေရှိရမည်ဖြစ်သောကြောင့် ထိုသို့ မဖြစ်လာခဲ့လျှင် မည်သည့်အကျိုးစီးပွားများ ရှိနေသနည်းဆိုသော မေးခွန်းပေါ်လာ သည်ကို တွေ့ရသည်။

ဒေတ်ပြိုင်နိုင်ငံရေးကိုပင် ရေးသားဖော်ပြခွင့်ရရှိနေချိန်တွင် ဒေတ်ပြိုင်စီးပွားရေးကို ရေးသားဖော်ပြခွင့်ကို ပိတ်ပင်သော သက်ဆိုင်ရာဌာနဆိုင်ရာအသီးသီး၏ အားထုတ်မှု သည် အမျိုးသားအကျိုးစီးပွားရည်ရွယ်ချက်ပါရှိသည်ဟု မယူဆနိုင်ပါ။ စီးပွားရေး အခွင့်အလမ်းအမျိုးမျိုးဖြစ်ပေါ်နေပုံကို ရေးသားဖော်ပြခွင့် မပေးရခြင်း၏ ရည်ရွယ် ချက်သည် အစိုးရအကြီးအကဲများထံ မိမိတို့၏လုပ်ဆောင်ချက် သတင်းစကားများ မရောက်ရှိစေရန်ဆိုသည့်သဘောပါရှိခဲ့လျှင် ၎င်းလုပ်ဆောင်ချက်များသည် တပ်မတော် က ယနေ့လုပ်ဆောင်နေသော အသွင်ကူးပြောင်းရေးကို အဟန့်အတားပြုသည့်သဘော ဖြစ်နေပေသည်။

မည်သို့ပင်ဆိုစေကာမူ လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ လာမည့်နှစ် အနည်းငယ်အတွင်း မြန်မာနိုင်ငံတွင် အပြောင်းအလဲများစွာ ကြုံကြိုက်ရတော့မည် ဖြစ်ပေ သည်။ ကိုယ်ကျိုးစီးပွားအလို့ငှာ ပြောင်းလဲနေသည့်ခေတ်ထဲတွင် ကြံ့ကြံ့ခံနေမှုများသည် လည်း မကြာမီ လက်တွေ့အခြေအနေကို သဘောပေါက်သွားကြရတော့မည်ဖြစ်ပေသည်။

■

The Voice Weekly Vol 5-No.50

# ကွင်းထဲက ၂၅ ယောက်အရေးကြီးသည်

၁။ လန်ဒန်မြို့တော်ရှိ ကမ္ဘာကျော်တက္ကသိုလ်ကြီးတစ်ခုတွင် သုတေသန Fellow အဖြစ် တာဝန်ထမ်းနေသော စာရေးသူ၏မိတ်ဆွေတစ်ဦးက စာရေးသူကို e-mail တစ်စောင် ပေးပို့၍ မိတ်ဆွေကောင်းပီသ စွာ သတိပေးခဲ့ပါသည်။ အထူးသဖြင့် The Voice Weekly တွင် ဖော်ပြနေသောခေါင်းကြီးများနှင့် ဆောင်းပါးများသည် အစိုးရ ဘက်သို့လိုက်သည့်သဘောဆောင်နေသောကြောင့် စာရေးသူ၏ နာမည်ဂုဏ်သတင်း မှာ နှံ့နှစ်တော့မည်ဟု သူယူဆကာ မလိုအပ်သည့်ထောက်ခံရေးသားမှုများကို သတိထားရန်သတိပေးခြင်းဖြစ်သည်။

အဆိုပါမိတ်ဆွေက The Voice Weekly ခေါင်းကြီးနှင့် ဆောင်းပါးများ၏ အရေး အသားများနှင့်ပတ်သက်၍လည်း သတိပေးခဲ့ပါသည်။ အရေးအသားများသည် ပညာတတ် 'လေ'အသုံးပြုလွန်း၍ ELITIST ဆန်လွန်းသွားသည် သတိထားပါဟု ဆိုပါသည်။ ထို့အပြင် အချို့သော စာကြောင်းများသည် ပညာတတ်'လေ'ဖြင့် အထက်စီးပြောသည့်သဘောရောက်ရှိသွား၍ စာဖတ်သူများက လက်ခံမည်မဟုတ် ကြောင်းကိုလည်း အကြံပြုထားသည်။ အထူးသဖြင့် မှန်သော်လည်း ပြည်သူလူထု လက်မခံနိုင်သောစကားများကို ပြည်သူလူထုအား ဆက်သွယ်ပြောကြားခြင်းမပြုရန် သတိပေးခြင်းဖြစ်ပေသည်။ (သူ့စာကို အင်္ဂလိပ်ဘာသာ မူရင်းအတိုင်း ထည့်မပေး လိုက်ပါသည်။)

you might consider taking a break from writing editorials and educating the public until after the election - and focusing on advising the Generals instead. that seems like a more strategic use of your brain and energies than trying to engage the Burmese masses and public.

you have shot yourself in the foot repeatedly, writing UNNECESSARILY PRO-GORVERNMENT sounding editorials and articles.

i consider you a very close colleague and i have deep understanding of where you are coming from. even I feel outraged by the editorial lines you have adopted. so, imagine others who don't know you at all.

plus your writings are VERY ELITIST and ARROGANT - treating the public as if it were stupid and uneducated.

i thought i would clear the air here. friends are supposed to be honest and frank with each other, especially if they think the others are committing unnecessary political SINS.

i know you would not be happy to read what i have to write you.
friendship requires making friends unhappy when the occasion called for.
but your writings are reflecting badly on others who want to work with you.

i think a little self-reflection would do you a lot of good,
especially if you want to influence the public intellectually.
your name is being dragged through the mud.

trust me i have made similar mistakes in the past - and i have never even been as understanding or supportive of the government as much as your editorial lines are.
being despised as pro-government elitist is not a comfortable space mentally or socially. i have been there.

i am sharing this as a friend. take it or junk it.

yours ever,
friend

၂။ ဒုတိယမိတ်ဆွေတစ်ဦးကမူ လူကိုယ်တိုင်လာပြောခြင်းဖြစ်သည်။ ထိုမိတ်ဆွေမှာ မြန်မာနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ ကူးချည်သန်းချည်သွားနေသောကြောင့် သူကြားခဲ့သောအမြင်မျိုးစုံကို စာရေးသူအား လက်ဆင့်ကမ်းလေ့ရှိသူဖြစ်ပါ

သည်။ ယခုတစ်ကြိမ်တွင် ထိုမိတ်ဆွေက သူ၏မိတ်ဆွေဆရာဝန်ကြီးတစ်ဦး၏ စကားကို တစ်ဆင့်ပြန်လာပြောခြင်းဖြစ်သည်။

ထိုဆရာဝန်ကြီးမှာ ဘောလုံးဝါသနာထိုးဖြစ်ဟန်တူပါသည်။ သူ့ဥပမာလေးက ဘောလုံးပွဲဥပမာဖြစ်၍ စိတ်ဝင်စားဖွယ်ကောင်းပါသည်။ ယနေ့ကမ္ဘာပေါ်တွင် ခေတ်စားနေသော Pro-league ဘောလုံးပွဲတွင် ပါဝင်ပတ်သက်နေကြသူများကို ကြည့်လျှင် အမျိုးအစားနှစ်မျိုးနှစ်စားရှိကြောင်း၊ ကွင်းထဲက ၂၅ ယောက်နှင့် သန်းချီသော ကွင်းပြင်က ပရိသတ်၊ ရုပ်သံပရိသတ်တို့ဟူ၍ တွေ့ရမည်ဖြစ်ကြောင်း၊ သို့သော် ကစားပွဲ၏အဆုံးအဖြတ်ကို ပေးသူများမှာ ကွင်းထဲက တစ်ဖက် ၁၁ ယောက်၊ နှစ်ဖက် ၂၂ ယောက်နှင့် ဒိုင်လူကြီးသုံးဦး၊ ပေါင်း ၂၅ ဦးတို့သာဖြစ်ပြီး သန်းနှင့်ချီသော ပရိသတ်များက အဆုံးအဖြတ်ပေးခြင်းမဟုတ်ကြောင်း မိတ်ဆွေက ရှင်းပြခြင်းဖြစ်ပါသည်။

သန်းနှင့်ချီသော ပရိသတ်ထဲတွင် ဟိုလိုကန်လိုက်ပါလား၊ ဒီလိုကန်လိုက်ပါလား များရှိသော်လည်း ကွင်းထဲက ၂၅ ယောက်ကသာ ပွဲကို အဆုံးအဖြတ်ပေးခြင်းဖြစ်၍ ကွင်းထဲက ၂၅ ယောက်ထဲတွင် ပါနိုင်မှသာလျှင် ကစားပွဲရလဒ်ကို ပြောင်းလဲနိုင်မည်ဖြစ်ကြောင်း မိတ်ဆွေဖြစ်သူက ထောက်ပြပါသည်။

မြန်မာနိုင်ငံ၏နိုင်ငံရေးနှင့်ပတ်သက်လျှင် အများစုမှာ ဘောလုံးပွဲကြည့်ပရိသတ်ကဲ့သို့ user တွေသာဖြစ်သည်ဟု မိတ်ဆွေကဆိုသည်။ user များသည် user များဖြစ်၍ user လိုပင် စဉ်းစားသည်ဖြစ်ရာ ၎င်းတို့၏ အဆင်မပြေမှုများကိုသာပြောကြလိမ့်မည်။ ထို့ကြောင့် မီးပျက်၊ ရေပျက်၊ လမ်းပျက်ကိစ္စများကို အပြစ်တင်ကြလိမ့်မည်။ သို့သော် မည်သို့ပြင်ကြမည်ဟူသော ရှုထောင့်ကို သူတို့သွားလိမ့်မည်မဟုတ်ကြောင်း၊ ထိုသို့ မသွားသည့်အတွက်လည်း သူတို့ကိုအပြစ်တင်ရန် မသင့်ကြောင်း၊ နားလည်ပေးရန် သာဖြစ်ပြီး ကိုယ့်အလုပ်ကိုယ် ဆက်လုပ်သွားရန်သာဖြစ်ကြောင်း ထိုမိတ်ဆွေက အကြံပေးပါသည်။

"ခင်ဗျားစဉ်းစားရမှာက သူတို့ကိုဖျော်ဖြေချင်တာလား၊ သူတို့အတွက် တစ်ခုခု ကောင်း အောင်လုပ်ပေးချင်တာလား ဆုံးဖြတ်ဖို့ရာပဲ။ သူတို့ကိုဖျော်ဖြေချင်တာဆိုရင် သူတို့ ကြိုက်တာပြော၊ ခင်ဗျားသူ့ရဲ့ကောင်းလို့ နာမည်ကြီးလိမ့်မယ်။ သူတို့အတွက် တစ်ခုခုကောင်းအောင်လုပ်ပေးချင်တာဖြစ်ခဲ့ရင် အဲဒါဖြစ်အောင်လုပ် သမိုင်းက မှတ်တမ်း တင်လိမ့်မယ်။ ကိုယ့်ကိုယ်ကိုယ် ကွင်းထဲက လူဖြစ်တယ်ဆိုတာကို မမေ့ပါနဲ့" ဟု ထိုမိတ်ဆွေက အကြံပြုပါသည်။

၃။ တတိယမိတ်ဆွေတစ်ဦးမှာမူ တကူးတက စာရေးပေးပို့ခြင်း ဖြစ်ပါသည်။ သူသည် ပြည်သူချစ်သောအနုပညာရှင်တစ်ဦးဖြစ်ပြီး စာရေးသူ၏ အရင်းနှီးဆုံးမိတ်ဆွေ အနည်းငယ်တွင် ပါဝင်သူဖြစ်သည်။ သူ့စာကိုဖတ်ကြည့်ပါ။

*စာအုပ်နောက်ကျလို့ ဒီနေ့မှဖတ်ရပါတယ်။ ဝမ်းသာကျေးဇူးတင်ပါတယ်။ အရင်ဆုံး ပြောချင်တာက "စိတ်ရှည်ပါဗျာ"။ ဒီမိုကရေစီ လူမှုအဆောက်အဦကို ဆောက်ဖို့ 'စီသုကာ ကောင်း၊ ပန်းရန်ကောင်း၊ လက်သမားကောင်း' လောက်လောက် လားလားမရှိခဲ့ကြလို့ ဒီလိုသ ခြေအနေတွေ ဆိုက်ခဲ့ကြတာပါ။ ဒီကွက်လပ်ကို ဖြည့်ဆည်းပေးဖို့ Myanmar Egress က ကြိုးပမ်းနေတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒါကြောင့် စိတ်ရှည်ပါ။ နောင်ဆယ်နှစ် ၂၀၂၀ ဆိုရင် ခင်ဗျားတို့ ကျွန်တော်တို့ အသက် ၆၀ မပြည့်သေးပါဘူး။ အများကြီး လုပ်နိုင်ပါသေးတယ်။ ကျွန်တော်တို့ သားတွေ၊ သမီးတွေ (အဲဒီအချိန်လောက်မှာ) လွှတ်တော်ထဲမှာ ငြင်းခုံနေကြလိမ့်မယ်။ မြေးတွေက မူလတန်းကျောင်းမှ ဒီမိုကရေစီနိတိတွေ ရွတ်ဖတ်နေကြလိမ့်မယ်။ အဲဒီမြင်ကွင်းကို လှမ်းကြည့်ပြီး စိတ်ရှည်ရှည်ဆက်လုပ်ပါဗျာ။ တစ်ခုတော့ရှိပါတယ်။ (ခင်ဗျားက ဂေါ်ဘသား ဂေါက်စကားပြောသလို ကျွန်တော်က စစ်တုရင်စကားပြောရမယ်။ ဒိုဘားမားကတော့ ပိုကာစကားပြောလိမ့်မယ်) ပုံသေချထားတဲ့ ၆၄ ကွက်ထဲမှာ ၃၂ ကောင်ကို နှစ်ယောက်ရွှေ့ခဲ့တဲ့ပွဲပေါင်း တစ်သန်းကျော်ထဲမှာ ဘယ်ပွဲမှ ထပ်တူထပ်မျှ တူတဲ့ကစားကွက် မရှိခဲ့ဖူးပါဘူး။ စိတ်ကူးနဲ့ ပရိယာယ်က စကားပြောသွားတာပါပဲ။ ရယ်စရာတစ်ခုပြောပါရစေ။ မြန်မာပြည်မှာ Performance Politics နဲ့ Installation Politics (PP နဲ့ IP) သိပ်ခေတ်စားနေတယ်ဗျ။ ကိုယ့်ဘာသာကိုယ်စဉ်းစားသတော့ကျွဲ၊ ပန်းသေးရင်တော့ စိတ်တိုင်းကျွန်ဲ့ ရွေးစင်ယော်'ပဲ။*


အားလုံးအောင်မြင်ပါစေ။

၄။ ယခုလောက်ဆိုလျှင် စာရေးသူ၏ ဆိုလိုရင်းကို စာဖတ်သူများ သတိပြုမိလောက်ပြီဟု ထင်ပါသည်။ စာရေးသူတို့အနေဖြင့် user ရှုထောင့်မှကြည့်နေသော ပရိသတ်များကို ရှုထောင့်ပြောင်းကြည့်ဖို့ တိုက်တွန်းရန်မှတစ်ပါး မလွှမ်းမိုးသင့်ကြောင်း သဘောပေါက်ပါသည်။ ရှုထောင့်အမျိုးမျိုးရှိနေကြောင်း နားလည်ပေးနိုင်လျှင်မူကား စာရေးသူတို့အတွက် အတိုင်းအဆက်အလွန်ပင် ဖြစ်ပါလိမ့်မည်။

■

The Voice Weekly Vol 5-No.52

# Anti Pro ကိစ္စ



Anti နှင့် Pro ဟု ဆိုလိုက်လျှင် မည်သည့်ကိစ္စကိုဆိုလိုကြောင်း စာဖတ်သူများ အလွယ်တကူ သဘောပေါက်ကြလိမ့်မည်ဟု ထင်ပါသည်။ သို့သော် ဒီမိုကရေစီတိုးအေနိုင်ငံကြီးများတွင် ယခုကဲ့သို့သော စကားလုံးနှစ်လုံးကို သုံးနှုန်းလျှင် မည်သည့်ကိစ္စရပ်ကို Anti ဖြစ်သည်ဟု ဆိုလိုပါသလဲဟု ထပ်မေးခံရပါလိမ့်မည်။ ဆိုလိုသည်မှာ ရင့်ကျက်သော ဒီမိုကရေစီနိုင်ငံကြီးများတွင် ယခုကဲ့သို့ လူ့အဖွဲ့အစည်းကို အကန့် နှစ်ကန့်ခွဲခြားသည့် အခြေအနေများမရှိသောကြောင့် ဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စုတွင် မကြာမီသမ္မတရွေးကောက်ပွဲများ ပြုလုပ်တော့မည်ဖြစ်ရာ ယခုစာရေးသူပြောလိုသော အကြောင်းအရာကိုလည်း ကွက်ကွက်ကွင်းကွင်း မြင်တွေ့ရတော့မည်ဖြစ်ပါသည်။ ၂၀၀၄ ခုနှစ် အမေရိကန်ပြည်ထောင်စု သမ္မတရွေးကောက်ပွဲကာလက စာရေးသူသည် အမေရိကန်ပြည်ထောင်စုတွင် ကျောင်းတက်ရင်းရှိနေခဲ့ပါသည်။ စာရေးသူတို့၏ ကျောင်းသင်ခန်းစာများ၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သောကြောင့် သမ္မတလောင်းနှစ်ဦး၊ ဒုတိယသမ္မတလောင်းနှစ်ဦးတို့၏ စကားရည်လုပွဲများကိုလည်း မပြတ်မနေကြည့်ခဲ့ရပါသည်။ ထူးခြားချက်မှာ အမေရိကန်ပြည်ထောင်စုကဲ့သို့ ကမ္ဘာကြီး၏အရေးအရာများစွာကို ပါဝင်ပတ်သက်နေသောနိုင်ငံ၏ သမ္မတလောင်းနှစ်ဦး၏ စကားရည်လုပွဲ၏အချိန် ၄၀ ရာခိုင်နှုန်းခန့်ကို Guy Issue, Outsourcing Issue များက နေရာယူထားခြင်းကိုစွဖြစ်သည်။ သမ္မတလောင်းနှစ်ဦး စင်မြင့်ပေါ်တွင် အချိန်ယူစကားအချေအတင်ပြောခဲ့သော ကိစ္စရပ်အနည်းငယ်အနက် Guy Issue မှာလည်း အဓိကအကြောင်းအရာဖြစ်နေသည်ဟုဆိုလျှင် ယုံနိုင်ဖွယ်မရှိချေ။

ထိုသို့ ဖြစ်ရခြင်းမှာ အမေရိကန်ပြည်ထောင်စု၏ နိုင်ငံရေးပါတီကြီးနှစ်ခုဖြစ်သည့် ရီပတ်ဘလီကန်ပါတီနှင့် ဒီမိုကရက်တစ်ပါတီနှစ်ခုအကြား အဓိကအရေးကိစ္စများနှင့် ပတ်သက်၍ ကွဲလွဲမှုများစွာမရှိခြင်းကြောင့်ဖြစ်သည်။ ဤအချက်မှာ ယခုဆောင်းပါးတွင် စာရေးသူ မီးမောင်းထိုးပြလိုသောအချက်ဖြစ်သည်။ စာရေးသူတို့ကဲ့သို့ ဒီမိုကရေစီစနစ်ကို ဦးတည်သွားနေသောနိုင်ငံများအတွက် သင်ခန်းစာယူစရာလည်း ဖြစ်ပါသည်။ ထူးခြားချက်မှာ အမေရိကန်ပြည်ထောင်စုတွင် ဒီမိုကရက်တစ်ပါတီနှင့် ရီပတ်ဘလီကန်ပါတီကြီးနှစ်ခုအနက် မည်သည့်ပါတီက အတိုက်အခံပါတီဖြစ်သည်ဟု ခေါ်ဝေါ်သုံးနှုန်းမှုမရှိသလောက် ရှားပါးသည်ဆိုသောအချက်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ လွှတ်တော်နှစ်ရပ်ပေါ်တွင် အကြောင်းအရာများစွာနှင့်ပတ်သက်၍ ငြင်းခုံမှုများရှိသော်လည်း ဒီမိုကရက်နှင့် ရီပတ်ဘလီကန် သို့မဟုတ် အစိုးရနှင့် အတိုက်အခံသဘောဆောင်၍ ငြင်းခုံမှုများကို မတွေ့ရသလောက်ပင်ဖြစ်ပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ စာရေးသူ၏ ပါမောက္ခတစ်ဦးက "They are on the same boat"ဟု၍ မှတ်ချက်ပေးခဲ့ဖူးပါသည်။

အမေရိကန်ပြည်ထောင်စု၏လွှတ်တော်နှစ်ရပ်ပေါ်သို့ ကိုယ်စားလှယ်များရွေးချယ်တင်မြှောက်သည့်စနစ်မှာ မြန်မာနိုင်ငံတွင် အစဉ်အဆက်ကျင့်သုံးခဲ့သော First Past the Post(FPTP)ခေါ် မဲဆန္ဒနယ်တစ်နယ်လျှင် တစ်ဦးရွေးကောက်တင်မြှောက်သည့်

စနစ်ဖြစ်သည်။ အုပ်ချုပ်ရေးအာဏာကျင့်သုံးသည့် အစိုးရအဖွဲ့တစ်ဖွဲ့လုံး လွှတ်တော်ထဲတွင် ရှိမနေခြင်းသည် ထူးခြားမှုဖြစ်ပြီး မြန်မာနိုင်ငံ၏ အခြေခံဥပဒေသစ်တွင်လည်း အလားတူသဘောတရားကို တွေ့မြင်နိုင်ပေသည်။ သုတေသနပြုမှုများအရ ဤ FPTP ရွေးကောက်ပွဲစနစ်သည် ပါတီကြီးနှစ်ခုနှင့် ပါတီငယ်တစ်ခုတို့ကို ပေါ်ပေါက်စေသည်ဟု ဆိုသည်။ ဤရွေးကောက်ပွဲစနစ်ကြောင့် အမေရိကန်ပြည်ထောင်စုတွင် နှစ်ပါတီစနစ် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပေသည်။ သို့သော် ဤနှစ်ပါတီသည် တစ်ဦးကိုတစ်ဦး Anti နှင့် Pro သဘော မဆောင်ရုံမျှမက မည်သူကမျှ Opposition သဖွယ် သဲဘော မထားကြသည်ကို တွေ့ရသည်။ ကိစ္စရပ်များစွာကို ငြင်းခုံနေကြသော်လည်း Issue to Issue ငြင်းခုံခြင်းသက်သက်သာဖြစ်ပြီး Opposition သဘောကိုဆောင်သည့် သူ့ဘက်ကိုယ့်ဘက် ခွဲခြားရပ်တည်သည့်ကိစ္စရပ်များ မမြင်တွေ့ရခြင်းမှာ များစွာထူးခြားသောကြောင့် သင်ခန်းစာယူတိုက်ပါသည်။


စာရေးသူဆိုလိုရင်းမှာ အမေရိကန်နိုင်ငံရေးစနစ်တွင် Opposition သဘောကို မဆောင်သည့် လွှတ်တော်တည်ရှိနေသည့်သဘောကို ထင်ဟပ်လိုခြင်းဖြစ်ပါသည်။ အမေရိကန်ဖြစ်၍ သူတို့ထံမှ သင်ယူသင့်သော အလေ့အထများကို မကူးယူသင့်ဟူ၍ သဘောမထားသင့်ပါ။ စံနမူနာဖြစ်ခဲ့လျှင်၊ ကောင်းသော နမူနာဖြစ်ခဲ့လျှင် အတုယူကြသင့်သည်သာဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း မကြာမီ အနာဂတ်တွင် အခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကြီးနှစ်ရပ်နှင့် ပြည်နယ်၊ တိုင်းဒေသကြီး လွှတ်တော်များပေါ်ထွန်းလာဦးမည်ဖြစ်ပါသည်။ ထိုလွှတ်တော်များပေါ်တွင် နိုင်ငံအလို့ငှာ ဆွေးနွေးငြင်းခုံရမည့် အကြောင်းအရာများစွာ အသင့်စောင့်နေပါသည်။ ထိုကိစ္စရပ်များကို Anti Pro သဘောမဆောင်ဘဲ၊ Opposition သဘောကို မဆောင်ဘဲဖြစ်သင့်ရာကို အကြောင်းအရာအလိုက် ဆွေးနွေးငြင်းခုံနိုင်ကြလျှင် ရလဒ်ကောင်းများရနိုင်ပြီး Anti/ Pro အခြမ်းနှစ်ခြမ်းဖြစ်သွားခဲ့လျှင်မူကား ခုရင်းအတိုင်းသာ ဖြစ်လိမ့်ဦးမည်ဟု သတိပေးလိုရင်းဖြစ်ပါသည်။

■

The Voice Weekly Vol 4-No.50

## အုတ်မြစ်များတည်ဆောက်ရန် သွင်းအားစုများလိုအပ်ချက်



နိုင်ငံတည်ဆောက်ရေးအုတ်မြစ်များနှင့်ပတ်သက်၍ **The Voice Weekly** တွင် ဖော်ပြခဲ့သော အယ်ဒီတာ့အာဘော်ကို ဖတ်ရှုအပြီး မိတ်ဆွေအငြိမ်းစားအန်ကယ်ကြီး တစ်ဦးက တို့မြန်မာတွေကမညံ့ပါဘူးကွ၊ အခြေအနေပေးတာနဲ့အမျှ အစွမ်းပြကြမှာပါဟု ၎င်း၏ အတွေ့အကြုံကို ပြောပြပါသည်။ အန်ကယ်ကြီး၏ ပြောစကားမှာ အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း အန်ကယ်ကြီးအား အန်ကယ်ကြီး၏မှတ်ချက်ကို သဘောတူကြောင်း၊ သို့သော် ယခုကိစ္စမှာ အန်ကယ်ကြီး ထင်သလောက်မလွယ်ကြောင်း ရှင်းပြရသည်။

နိုင်ငံတည်ဆောက်ရေးအတွက် အရည်အချင်းပြည့်မီသော လူသားအရင်း

အမြစ်များ ဆိုသောကိစ္စကို ဥပမာအဖြစ်စဉ်းစားလျှင်ပင် လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံအတွက် မြန်နှုန်း A ဖြစ်လျှင် ယနေ့ခေတ်တွင် မြန်နှုန်း 2A လိုအပ်မည်ဖြစ်ကြောင်း၊ မြန်နှုန်းနှစ်ဆဖြင့်ကြိုးစားလျှင်ပင် ကမ္ဘာကြီးနှင့် အမီလိုက်ရန် ခက်ခဲဦးမည်ဟု ထင်မိကြောင်းအန်ကာယ်ကြီးကို ရှင်းပြရသည်။

ဒုတိယအချက်မှာ အရည်အချင်းပြည့်မီသော လူသားအရင်းအမြစ်များ မွေးထုတ်ရေးနှင့်ပတ်သက်ပါသည်။ ဤကိစ္စသည် တို့မြန်မာတွေမညံ့ပါဘူးဆိုသော အချက်တစ်ချက်တည်းနှင့် ပြည့်စုံသွားသည် မဟုတ်ပေ။ သွင်းအားစုများကိုခံယူမည့် ခေသူမဟုတ်သော မြန်မာမျိုးဆက်သစ်များနှင့်အတူ ၎င်းတို့အားအရည်အချင်းပြည့်မီအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးရမည့် သွင်းအားစုများလည်း လိုအပ်ပါသည်။ မျိုးဆက်များ ကွာဟလာသည်နှင့်အမျှ သွင်းအားစုများ၌လည်း Shortage ခေါ် လိုအပ်ချက်များ ရှိလာရာ စောစောသတောပေါက်သည်နှင့်အမျှ ပန်းတိုင်နှင့် ပို၍နီးစပ်မည့်အချက်ကို မီးမောင်းထိုးပြလိုခြင်းဖြစ်ပါသည်။

လွန်ခဲ့သောနှစ်က မြန်မာပညာရှင်တစ်ဦး သုတေသနပြုထားသောစာတမ်းတစ်ခုတွင် အရှေ့တောင်အာရှနိုင်ငံနိုင်ငံအချို့နှင့် မြန်မာနိုင်ငံတို့၏ ဖွံ့ဖြိုးတိုးတက်မှုများအား နှိုင်းယှဉ်ဖော်ပြချက်တစ်ခုကို ဖတ်လိုက်ရဖူးပါသည်။ ထိုင်းနိုင်ငံ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုကို ရပ်ထားလျှင် နှစ်ပေါင်းမည်မျှကြာအောင်အမီလိုက်ရန် လိုအပ်မည်၊ မလေးရှားနိုင်ငံ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုကို ရပ်ထားလျှင် နှစ်ပေါင်းမည်မျှကြာအောင် လိုက်ရမည် စသဖြင့် တွက်ချက်ဖော်ပြထားခြင်းဖြစ်သည်။ အခြားတစ်ဖက်တွင်လည်း အိမ်နီးချင်းနိုင်ငံများသည် ယနေ့ကမ္ဘာကြီး၏ အားသာချက်အားလုံးကို အသုံးပြုလျက်ရှိက်စုံလျှင် တက်ကုန်ဖွင့်လျက်ရှိကြရာ စိတ်ပူတတ်လျှင် ကျွန်ုပ်တို့အတွက်များစွာ စိတ်ပူစရာဖြစ်ပါသည်။

ထိုသို့သောအကြောင်းများကြောင့် မြန်မာနိုင်ငံပြင်ပတွင် သွားရောက်ပညာသင်ကြားသော လူငယ်အများ၌စိတ်ဓာတ်တစ်မျိုး ကပ်ငြိလာခဲ့သည်ကို တွေ့ရပါသည်။ ထိုစိတ်ဓာတ်မှာ မိခင်နိုင်ငံသို့ပြန်လာရန် စိတ်ဝင်စားခြင်းမရှိတော့သည့် စိတ်ဓာတ်ဖြစ်ပါသည်။တစ်နည်းအားဖြင့်ပြောရလျှင် မိခင်နိုင်ငံ၏မြန်နှုန်းမြှင့်တင်ရေးကိုစိတ်မဝင်စားတော့ဘဲ မြန်နှုန်းရှိပြီးသားနိုင်ငံများတွင် နေထိုင်ရန် စဉ်းစားလာသည့်သဘောဖြစ်သည်။ မိမိနိုင်ငံမမြန်လျှင် မြန်ပြီးသားတိုင်းပြည်တွင်နေမည်ဆိုသောသဘောဖြစ်သည်။ နောက်တစ်ဆင့် ထပ်ပြောရလျှင် မြန်ပြီးသားတိုင်းပြည်ကို အလုပ်အကျွေးပြုမည့်သဘော ဖြစ်နေပါသည်။

ဤအကြောင်းကိစ္စများကို ထပ်ကာတလဲလဲ ပြောနေရခြင်းမှာ ရလဒ်များ အမြန်ဆုံးမြင်တွေ့လိုသောကြောင့်သာဖြစ်ပြီး အခြားရည်ရွယ်ချက်မရှိပါ။ အချိန်ကြာလာသည်နှင့်အမျှ မျိုးဆက်တစ်ခုမှ တစ်ခုသို့ကူးပြောင်းလာသည်နှင့်အမျှ သွင်းအားစုများရရှိရေး ပိုမိုခက်ခဲလာမည်ကိုစိုးရိမ်သောကြောင့်ဖြစ်ပါသည်။ အထူးသဖြင့် လူသားအရင်းအမြစ်များကို လေ့ကျင့်ပေးရသောကိစ္စသည် များစွာအချိန်ယူရသောကိစ္စဖြစ်နေပါသည်။ အနည်းဆုံး ဆယ်စုနှစ်တစ်ခုစာခန့် အသုံးမပြုဘဲ ရလဒ်များမြင်တွေ့ရဖွယ်မရှိပါ။ ဆိုလိုသည်မှာ ယနေ့ပင် စတင်လျှင် နောက်ဆယ်နှစ်ခန့်တွင်မှ အသုံးတည့်မည့်သဘောဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ်ပြုစုပျိုးထောင်ပေးရေးအစီအစဉ်တွင် ကနဦးအရေးကြီးသောအချက်မှာ Train the Trainers ခေါ် သွင်းအားစုများပေးသွင်းမည့် Resource Person များ အရေအတွက်တစ်ခု အမြန်ဆုံးပြုစုပျိုးထောင်ပေးရေးဖြစ်ပါသည်။ တိတိကျကျပြောရလျှင် ရှိရင်းစွဲအရင်းအမြစ်များ၏ အနေအထားကို Resource Mapping ခေါ် ခွဲခြမ်းစိတ်ဖြာမှုပြု၍ လိုအပ်ချက်များ ဖော်ထုတ်ပြီးနောက် စီမံချက်ဖြင့် လိုအပ်ချက်များကို စနစ်တကျ ဖြည့်ဆည်းလိုက်ရန်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ၏ အင်အားကိုလည်း ဤနေရာတွင် အလေးအနက်ထားသင့်ပါကြောင်း ထပ်လောင်း၍ ဖော်ပြလိုပါသည်။

နိုင်ငံတည်ဆောက်ရေးတွင် အထက်၌ ဥပမာအဖြစ်ဖော်ပြခဲ့သော လူသားအရင်းအမြစ်တစ်ခု Human Capital တစ်ခုသာ လိုအပ်သည်မဟုတ်ဘဲ အခြားလူမှုအရင်းအမြစ် (Social Capital) ကဲ့သို့သော အရင်းအမြစ်များလည်းလိုအပ်ပါသည်။ Capital ဆိုသည့်သဘောမှာ စုဆောင်းထားရသည်ဆိုသော သဘောရှိပါသည်။ ရှာဖွေစုဆောင်းထားမှသာ အသင့်သုံးနိုင်သောသဘောရှိနေသောကြောင့် ဖြစ်ပါသည်။

သယံဇာတများပင် အသင့်ရှိသောသဘောမရှိဘဲ ထုတ်ယူရန်နည်းပညာ လိုအပ်ပါသေးသည်။ ရိုးရှင်းစွာပြောရလျှင် အုတ်မြစ်ချရန် ပန်းရန်၊ မြေတူးသမား၊ အပေါ်ထပ်အဆောက်အအုံကိုမှန်းဆ၍ Structure တွက်ချက်တတ်သူ စသူများ လိုအပ်သကဲ့သို့ ထိုသူများကို လေ့ကျင့်ပေးမည့်အရင်းအမြစ်များလည်း လိုအပ်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။ အရင်းအမြစ်များကို လေ့ကျင့်ပေးနိုင်မည့်သူများကို လေ့ကျင့်ပေးရေးသည်လည်း ကျွန်ုပ်တို့အတွက် အရေးကြီးနေပါကြောင်း ဖော်ပြလိုခြင်း ဖြစ်ပါသည်။

■

# Feel good or make good



သို့သော် ထိုမိတ်ဆွေမသိသည်မှာ သူတို့ပြောသောနိုင်ငံရေးနှင့် စာရေးသူတို့စဉ်းစားသောနိုင်ငံရေး မတူညီဆိုသောအချက်ဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် 'My politics is small p' ဟု သုံးနှုန်းကြသည်ကို ကြားဖူးကြမည်ထင်ပါသည်။ ကျွန်တော်၏ နိုင်ငံရေးမှာ အမျိုးသားနိုင်ငံရေးခေါ် နိုင်ငံတည်ဆောက်ရေးဖြစ်သည် ဆိုသော သဘောဖြစ်သည်။

ပွင့်လင်းစွာပြောရလျှင် အမျိုးသားနိုင်ငံရေးသည် Game သဘောမဆောင်၊ ကစားကွက်မရှိ၊ လှည့်စားမှုမရှိ၊ ဂါထွလုပ်ရန်မလိုသောသဘောကိုဆောင်ပြီး အာဏာနိုင်ငံရေးသည် Game သဘောဆောင်သောကြောင့် ကစားကွက်ရှိပြီး လူကြိုက်များအောင်လည်း နည်းအမျိုးမျိုးနှင့် လုပ်ဆောင်ရန်လိုအပ်သည်ကို တွေ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်း လွတ်လပ်ရေးကြိုးပမ်းမှုတာဝန်ဆောင်ရွက်ခဲ့သော နိုင်ငံရေးမှာ

အမျိုးသားနိုင်ငံရေးဖြစ်ပါသည်။

စင်ကာပူနိုင်ငံတွင် ကျင်းပသော အာဆီယံ–အမေရိကန် Symposium တစ်ခုတွင် အမေရိကန်ဘက်မှ တက်ရောက်လာသော ဒီမိုကရက်များကို စာရေးသူပြောခဲ့သော စကားတစ်ခွန်းကို ဤနေရာတွင် ပြန်၍ပြောပြချင်ပါသည်။ ဤစကားလုံးသည် စာရေးသူ ဝါရင့်သံတမန်ကြီးတစ်ဦးထံမှ ကြားခဲ့ရခြင်းဖြစ်ပြီး အလျဉ်းသင့်သောကြောင့် ယူငင်သုံးစွဲခြင်း ဖြစ်ပါသည်။ ထိုစဉ်က စာရေးသူ၏ နံဘေးတွင်ထိုင်နေသော ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီကလင်တန်၏ နိုင်ငံခြားရေးဝန်ကြီးလောင်းဆိုသူ ပရင်စတန်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံပါမောက္ခ အမျိုးသမီးက မေးသောကြောင့် စာရေးသူကပြောခဲ့ခြင်းဖြစ်သည်။ စကားလုံးအတိအကျကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရလျှင် 'it is up to you to decide whether you want to feel good or make good' မြန်မာဘာသာသို့ ဆီလျော်အောင်ပြန်ရလျှင် သင်စိတ်ကျေနပ်မှုရရှိရေးကို အလေးထားမလား၊ တစ်ခုခုကောင်းသွားအောင်လုပ်မလား ဆုံးဖြတ်ပါဟု ဆိုလိုပါသည်။ နိုင်ငံရေးကစားသူများအတွက် politically correct ဆိုသည်မှာ များစွာ အရေးကြီးကြောင်း စာရေးသူနားလည်ထားသောကြောင့်ဖြစ်ပါသည်။

နိုင်ငံရေးကစားသူများအတွက် feel good အရေးကြီးပါသည်။ အလှအပများ၊ အကောင်းဆုံးများ၊ လူကြိုက်များနိုင်သည်များ ရွေးပြော၊ ရွေးလုပ်ရမည်ဖြစ်ပြီး ကျွန်တော် အဲဒါတွေလုပ်ထားတယ်ဟု လူလုံးပြရန်လည်းလိုပါသည်။ အမျိုးသားနိုင်ငံရေး ရှုထောင့်မှကြည့်လျှင် ကစားကွက်ပါစရာမလိုသောကြောင့် အပြုသဘောဆောင်ခြင်း၊ ပိုမိုကောင်းမွန်စေခြင်း make good များအား လွတ်လပ်စွာရွေးချယ်ခွင့်ရှိသည်ဟု စာရေးသူ ခံစားရသည်။ ထို့ကြောင့် စာရေးသူအနေဖြင့် politically correct ဆိုသော သဘောတရားကို မည်သည့်အခါကမျှစဉ်းစားစရာမလိုခဲ့ပါ။

နိုင်ငံပိုင်သတင်းစာများက ဒေါ်အောင်ဆန်းစုကြည်ကို ဒေါ်စုကြည်ဟု မခေါ်ဘဲ အန်တီစုဟုခေါ်ဝေါ်သုံးနှုန်းခဲ့ခြင်းသည် များစွာ သိသာထင်ရှားသော အပြုသဘောဆောင်ခြင်းဖြစ်၍ 'make good' ပြုလုပ်လိုသူ စာရေးသူတို့အနေဖြင့် အသိအမှတ်ပြု (encourage) ပြုလုပ်ရန် တာဝန်ရှိသည်ဟု ခံစားရသောကြောင့် ခေါင်းကြီးရေး၍ ကြိုဆိုခဲ့ပါသည်။ ဤကိစ္စအတွက် နိုင်ငံရေးကစားဖူးသူများ ဝေဖန်မည်ဆိုပါက အဝေဖန်ခံရန် ထိုခေါင်းကြီးကိုရေးသားရန် စိတ်ကူးစဉ်ကပင် အသင့်ပြင်ထားပြီးဖြစ်ကြောင်း တစ်ပါးတည်းဖော်ပြလိုက်ပါသည်။ ■

The Voice Weekly Vol 4 - No.5

# ကွင်းထဲက ၂၅ ယောက်နှင့်ပတ်သက်၍

လွန်ခဲ့သောတစ်ပတ် The Voice Weekly တွင်ဖော်ပြခဲ့သည့် ကွင်းထဲက ၂၅ ယောက်အရေးကြီးသည်ဆိုသောဆောင်းပါးနှင့်ပတ်သက်၍ မိတ်ဆွေတော်တော်များများက မေးခွန်းထုတ်ဝေဖန်ခဲ့ကြသောကြောင့် ရှင်းလင်းချက်အဖြစ် ယခုဆောင်းပါးကိုရေးလိုက်ပါသည်။

အဆိုပါဆောင်းပါးသည် မိတ်ဆွေသုံးဦးထံမှ အကြံပေးချက်သုံးခုကိုစုစည်းထားခြင်းဖြစ်သော်လည်း စာရေးသူအနေဖြင့်ပေးလိုသော Message တစ်ခုရှိနေသောကြောင့် ခေါင်းစဉ်အဖြစ် ကွင်းထဲက ၂၅ ယောက်အရေးကြီးသည်ဆိုသော စကားစုကိုရွေးလိုက်မိသည်။

ဘောလုံးပွဲတစ်ခုတွင် ကွင်းထဲတွင်ရှိနေသော နှစ်ဖက် နှစ်သင်း၊ ၂၂ ယောက်နှင့် ဒိုင်လူကြီးသုံးဦး ပေါင်း ၂၅ ဦးက ကစားပွဲ၏အဆုံးအဖြတ်ကိုပေးခြင်းဖြစ်ပြီး ကွင်းပြင်တွင် ရှိနေသည့်(ရုပ်သံကြည့် ပရိသတ်အပါအဝင်) သန်းချီသောပရိသတ်က ဆုံးဖြတ်ခြင်းမဟုတ်ကြောင်း မိတ်ဆွေဖြစ်သူ၏မှတ်ချက်ကို ပြန်ရေးထားသောအပိုင်းကို ခေါင်းစဉ်အဖြစ် ရွေးလိုက်မိခြင်းဖြစ်ပါသည်။

စာရေးသူပေးချင်သော Message မှာ ရွေးကောက်ပွဲဝင်ရေး၊ မဝင်ရေး တစ်နည်းအားဖြင့် Road Map နှင့်အတူလိုက်ရေး၊ မလိုက်ရေးစဉ်းစားနေသူများကို ကွင်းထဲသို့ဝင်ကစားရန် တိုက်တွန်းလိုခြင်း ဖြစ်ပါသည်။ စာရေးသူ၏ဆောင်းပါးများကိုလည်း ကွင်းထဲသို့ ဝင်ကစားနေခြင်းပင်ဖြစ်သည်ဟု ခံယူပါသည်။ ဘောလုံးပွဲတွင် ပရိသတ်၏အားပေးမှုအရေးကြီးသကဲ့သို့ နိုင်ငံရေးတွင် ပြည်သူလူထု၏ ထောက်ခံအားပေးမှုအရေးကြီးသည်မှာ ရှင်းနေသောကြောင့် အထူးအထွေရှင်းပြစရာလိုမည်မထင်၍ အသေးစိတ်မရေးတော့ဘဲ တိုက်ရိုက်ပြောလိုက်ခြင်းဖြစ်ပါသည်။ ပြည်သူလူထုအရေးမကြီးကြောင်းပြောလိုသည်မဟုတ်ဘဲ ကွင်းထဲကိုဝင်ကန်မှသာ ကစားပွဲ၏ရလဒ်ကို ပြောင်းလဲနိုင်မည်ဖြစ်ကြောင်း ပြောခဲ့ခြင်းဖြစ်ပါသည်။ ကွင်းပြင်က ပရိသတ်သည် ကစားပွဲ၏ရလဒ်ကို ဆုံးဖြတ်နေခြင်းမဟုတ်ခြင်းကြောင့် ကွင်းထဲသို့ဝင်ကစားရန် တိုက်တွန်းမိခြင်းသည် ကွင်းပြင်ကပရိသတ်ကို ထိပါးခြင်းမဟုတ်ပေ။

မြန်မာ့သမိုင်းတွင် ကွင်းပြင်ထွက်ထိုင်သောကြောင့် တစ်သက်လုံးဘေးရောက်သွားသော Player အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ အထင်အရှားရှိခဲ့ပါသည်။ (ဥပမာ-ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)နှင့် ကောအင်ယူ) အရေးကြီးသောအဆုံးအဖြတ်ပြုလုပ်ရမည့်အချိန်အခါဖြစ်၍ လမ်းကြောင်းမလွဲစေရန်၊ ကွင်းထဲဝင်ကစားရန် အကြံပြုခြင်းဖြစ်ပါသည်။ စာရေးသူတို့သည်လည်း Stakeholder များကို ကွင်းထဲသို့ဝင်ကစားရန် တိုက်တွန်းနေသူများအဖြစ် ကွင်းထဲဝင်ကစားနေခြင်းဖြစ်ပါသည်။ ■

The Voice Weekly Vol 6-No.1

# ကိုယ်လုပ်တာ ကိုယ်ယူသွားကြေး

စာရေးသူအနေနှင့် မိမိအပေါ် မကြုံစဖူး ရန်လိုခြင်းများကို ယခုနှစ်ပိုင်းအတွင်း အကြီးအကျယ်ကြုံခဲ့ရသည်။ အဓိကမှာ မြန်မာနိုင်ငံ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ စာရေးသူ၏ အယူအဆများကြောင့်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ ပြောရလျှင် နှစ်ကာလရှည်ကြာလာသည်နှင့်အမျှ စာရေးသူတွေးမိလာသည်မှာ သမားရိုးကျ ချဉ်းကပ်နည်းများသည် အလုပ်မဖြစ်နိုင်ဆိုသော သဘောတရားဖြစ်သည်။

ဤသို့တွေးမိလာသောကြောင့် စဉ်းစားမိလာသောအားလုံး အဆင်ပြေနိုင်မည့်နည်းလမ်းများသည် တစ်ဖက်၏ ‘Win’ ကို မကြည်ဖြူနိုင်သူ၊ အနိုင်ရလိုသူများအတွက် အဆင်မပြေဖြစ်သွားပြီး စာရေးသူသည် တံဆိပ်မျိုးစုံကပ်ခံရသူ ဖြစ်သွားခဲ့ပါသည်။ စာရေးသူနှင့် အမြင်မတူသူများပြောဆိုနေခဲ့သော သုံးသပ်ချက်များနှင့် သဘောတရားများသည် စာရေးသူထံတွင်လည်း ၁၉၉၀ ပြည့်လွန်နှစ်များက ရှိခဲ့သောသဘောထားများနှင့် ခပ်ဆင်ဆင်ပင်ဖြစ်ပါသည်။ မဟာဗျူဟာတစ်ရပ်သည် နှစ်ကာလရှည်ကြာလာခဲ့သည့်တိုင် လိုရင်းမရောက်ခဲ့လျှင် ပြန်လည်သုံးသပ်ပြင်ဆင်ရစမြဲဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံနှင့်ပတ်သက်သော ချဉ်းကပ်ပုံကို ပြောင်းလဲလာခဲ့ခြင်းမှာ ဤသဘောသင်ဖြစ်ပါသည်။ သို့တိုင်အောင် အမေရိကန်ပြည်ထောင်စု၏ ချဉ်းကပ်ပုံအသစ်သည် အလုပ်ဖြစ်နိုင်၊ မဖြစ်နိုင် စာရေးသူတို့ မသိနိုင်သေးပါ။ အမေရိကန်ပြည်ထောင်စုအနေဖြင့် Stakeholder များ (အဓိကအားဖြင့် တပ်မတော်) အပေါ် ၎င်းတို့၏ သဘောထားပြောင်းလဲခြင်းရှိ၊ မရှိမသိနိုင်သောကြောင့်ဖြစ်သည်။

စင်စစ် စာရေးသူတို့အားလုံး Democratic beliefs and Political Culture တစ်နည်းအားဖြင့် Agree to disagree ဆိုသည်ကို ကျင့်သုံးနိုင်သူများက၊ ကျင့်သုံးပါမည်ဟု ပြောနေသူများက လက်တွေ့ကျင့်သုံးပြကြပါလျှင် မြန်မာလူ့အဖွဲ့အစည်းသည် ဤမျှအငြင်းပွားဖွယ်ရာများ ရှိနေလိမ့်မည်ဟု မထင်မိပေ။

ဤနေရာတွင် အဓိကကျသည်မှာ အပြင်ပိုင်းမြင်သာသည့် Gesture များထက်

အတွင်းပိုင်းအချုပ်အချာများဖြစ်ပါသည်။ ဗုဒ္ဓဘာသာကို စနစ်တကျလိုက်နာကျင့်သုံးသူ တစ်ဦး အနေဖြင့် ဘာသာရေးကိစ္စကို လောကီကိစ္စတွင် Apply လုပ်၍ပြောရပါလျှင် စေတနာမှန်မှ သာလျှင် ကံဖြစ်မည်ဆိုသော သဘောပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အတွင်းပိုင်း သဘောတရားက ရလဒ်များကို ပြဋ္ဌာန်းသည်ဆိုသောအချက်ဖြစ်သည်။

စာရေးသူ၏ နိုင်ငံရေးအယူအဆအမျိုးမျိုးနှင့်ပတ်သက်၍ မည်သည့်မူမျိုးကို အခြေခံသနည်းဟု မိတ်ဆွေများက မကြာခဏမေးခဲ့ဖူးသည်။ စာရေးသူသည် ဗုဒ္ဓဘာသာကို အမှန်တကယ်ကျင့်သုံးသူ (Practising Buddhist)တစ်ဦးဖြစ်ပါသည်။ ထိုသို့လိုက်နာကျင့်သုံးသူ တစ်ဦးအနေဖြင့် အတွေးသက်သက်မဟုတ်ဘဲ အသေအချာ ယုံကြည်သည်မှာ စေတနာမှန်လျှင် ကံဖြစ်သည်ဟူသော အခြေခံသဘောတရားဖြစ်သည်။ စာရေးသူတို့အားလုံးသည် မိမိတို့ ပြုမူခဲ့သမျှကိစ္စရပ်အားလုံးနှင့်ပတ်သက်၍ ထိုအပြုအမူကို ပြုမူကျင့်ကြံပြောဆိုချိန်တွင်ရှိနေသော စိတ်အာနိသင်အတိုင်း ကွက်တိ ပြန်လည်ရရှိကြမည်သာဖြစ်ပေသည်။ တစ်နည်းအားဖြင့်ပြောရလျှင် 'ကိုယ်လုပ်တာ ကိုယ်ယူသွားကြေး' သာလျှင်ဖြစ်ပါသည်။ ထိုသို့ယုံကြည်သည့်အားလျော်စွာ စာရေးသူသည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ပတ်သက်သော ပြောဆိုမှု အားလုံးတွင် တစ်လျှောက်လုံးကိုင်စွဲထားသည့်အချက်မှာ 'စေတနာမှန်ရေး' ပင်ဖြစ်ပါသည်။ ကိုယ်လုပ်တာ ကိုယ်ယူသွားကြေးဖြစ်၍ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ပြန်လည်ရရှိမည့်အရာမှာ ထိုစေတနာ၏ အာနိသင်ပင်ဖြစ်လိမ့်မည်ဟု အသေအချာသိရှိသောကြောင့် ဖြစ်ပါသည်။

ဤနေရာတွင် ဘာသာခြားဖြစ်ကြသည့် စာဖတ်သူများကို သည်းခံရန် မေတ္တာရပ်ခံ၍ ဗုဒ္ဓဘာသာ၏အခြေခံသဘောတရားကို အနည်းငယ်ပြောလိုပါသည်။ 'စေတနာမှန်လျှင် ကံဖြစ်သည်' ဆိုသောစကားမှာ ထိုအပြုအမူကို ပြုမူစဉ်တွင်ရှိနေသော စေတနာ သို့မဟုတ် စိတ် Quality အတိုင်း ရလဒ်များကို ရရှိခြင်းဖြစ်သည်ဟု ဆိုလိုပါသည်။ ထိုအပြုအမူကို ပြုမူချိန်တွင် ရှိနေသောစိတ် Quality ဆိုသည်မှာ လူအများတို့က ယုံကြည်ခြင်း၊ မယုံကြည်ခြင်း၊ ထောက်ခံခြင်း၊ မထောက်ခံခြင်းများနှင့် လုံးဝမသက်ဆိုင်ဘဲ အမှန်တကယ် တည်ရှိနေသည့်စိတ် Quality သာလျှင်ဖြစ်၍ ထိုစိတ် Quality စစ်မှန်ဖြူစင်ခြင်းရှိ၊ မရှိကသာ Outcome ဟုခေါ်သောရလဒ်၊ တစ်နည်းအားဖြင့်ပြောရလျှင် ကံတရားအသီးအပွင့်များကို ဖြစ်ပေါ်စေခြင်းဖြစ်သည်။ (သို့သော် ကံ ကံ၏အကျိုးများ အကျိုးဆက်ဖြစ်ပုံကို အတွေးသက်သက်ဖြင့်မဟုတ်ဘဲ အမှန်တကယ်သဘောပေါက်ဖို့ ဆိုသည်မှာ Mindfulness ခေါ် 'ဘာဝနာ' အလေ့အကျင့်လိုအပ်ပါသည်။)

ပွင့်ပွင့်လင်းလင်းပြောရလျှင် စာရေးသူသည် ထိုကံ၊ ကံ၏ အကျိုးတို့အဆက်ဆက် [illegible] ဖြစ်ပေါ်ပုံကို အမှန်တကယ်အသေအချာ [illegible] စေတနာဟုတ်မှန်ကြောင်း [illegible]

အယူအဆများကို ရေးရျေလေ့ရှိပါသည်။ ဤကိစ္စသည်ကံ ကံ၏အကျိုးကို အယေါ်ယံ ယုံကြည်သူများအတွက် ကံယုံပြီး ဆုံးပုံနှင်းသည့်သဘော ဖြစ်မေသည်။ 'အမိုက်ခံပြီး ရေးနေတယ်' ဟု ဝေဖန်သူမိတ်ဆွေများ နားမလည်နိုင်သည်မှာ 'ထိုစေတနာများ ကံဖြစ်လိမ့်မည်' ဟု မယုံကြည်နိုင်သောကြောင့် ဖြစ်မေလိမ့်မည်။ စာရေးသူအား ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်သူများကာမူ ထိုသို့စေတနာမှန်လိမ့်မည်ဟု လုံးဝမယုံကြည်နိုင်ကြခြင်း ဖြစ်ပါလိမ့်မည်။

ကျွန်ုပ်တို့အားလုံးသည် ကိုယ်လုပ်တာ ကိုယ်ယူသွားကြေး၊ (You get what you deserve) စေတနာအလျောက် ကံဖြစ်သည်ဟု အမှန်တကယ်ယုံကြည်ကြလျှင် အပြုအမူများ များစွာပြောင်းလဲသွားနိုင်ပါသည်။ ကိုယ်လုပ်တာ ကိုယ်ပြန်ရသည်ဟု အမှန်တကယ်ယုံကြည်ပါလျှင် စေတနာမမှန်ခြင်းသည် မိမိကိုယ်ကိုယ် စေတနာမမှန်သည့် သဘောသက်ရောက်သွား၍ ထိုကံများကို ထုတ်လုပ်သယ်ဆောင်ခြင်းမပြုဘဲ နေကြရပါလိမ့်မည်။

စာရေးသူသည် သူတော်ကောင်းတစ်ဦးဖြစ်၍ သူတစ်ပါးတို့ အပေါ်တွင် စိတ်မှန်ဖြူစင်သောသဘောထားကို ထားရှိပါသည်ဟု ပြောနေခြင်းမဟုတ်ပါ။ ကိုယ်လုပ်တာ ကိုယ်ယူသွားကြေးဟု အသေအချာ ယုံကြည်သောကြောင့် မိမိအတွက် အပေါင်းလက္ခဏာကံများကိုသာ ရရှိလိုသောကြောင့် 'စေတနာမှန်ရေး' ကို အထူးဂရုပြုရခြင်းဖြစ်ပါသည်။ စိတ်ထားအတိုင်း အကျိုးဆက်ဖြစ်ခြင်းဖြစ်၍ မှန်လျှင်မှန်သလို၊ မမှန်လျှင်မမှန်သလို အကျိုးပေးမည်သာဖြစ်ရာ မည်သို့ဖြစ်သင့်သည်ဆိုသောကိစ္စကို စာဖတ်သူများ ဆက်လက်စဉ်းစားနိုင်ပါလိမ့်မည်။ စာရေးသူမှာ ပုထုဇဉ်လူသားဖြစ်သည့်အားလျော်စွာ ထင်ပေါ်ကျော်ကြားမှုများကို မက်မောလိုလားမှုရှိသော်လည်း မည်သည့်အခါကမျှ ထိုသို့ရှိအောင် တမင်မပြုလုပ်ခဲ့ကြောင်းကိုလည်း သစ္စာပြုနိုင်ပါသည်။ မည်သည့်ကိစ္စမဆို သီးချိန်မှ၍ရှိန်တန်မှဖြစ်သည်မှာ အကောင်းဆုံးဖြစ်သည်ဟု အမြဲခံယူပါသည်။

ဘာသာရေးဆိုသည်မှာ လောကီဘဝတွင်ပါ လိုက်နာကျင့်သုံးရန် တည်ရှိနေခြင်းဖြစ်ပြီး လောကီရေးတွင် အသာစီးရရေးကို မည်သည့်နည်းနှင့်မဆို လုပ်မည်၊ ညမိုင်းဘာသာရေးပြုလုပ်ချိန်တွင်သာ စိတ်ထားကောင်းကောင်းထားမည်ဟု ပိုင်းခြားကန့်သတ်၍ ကျင့်သုံးရသော အရာဟု မထင်မိပေ။

စာဖတ်သူမိတ်ဆွေများကိုလည်း စားမိသည့်အစားကောင်းတစ်ခွက် ညွှန်းဆိုသကဲ့သို့ စေတနာဖြင့်သတိပေးလိုသည်မှာ 'ကိုယ်လုပ်သမျှ ကိုယ့်စိတ်ထားအတိုင်း အနာဂတ်တွင် အကျိုးပေးရန် Booking ပြုလုပ်နေကြခြင်းဖြစ်သည်' ဆိုသော အချက်ပင်ဖြစ်ပါသည်။ ■

The Voice Weekly Vol 6-No.2